
ပန်းရွှေပြည်စာအုပ်တိုက်
WHISPER OF WORDS
THE
JUDAS
TREE
A.J.Cronin
အဆိပ်
ထင်လင်း
တတိယအကြိမ်

About Author

ထင်လင်း(စာရေးဆရာ)

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် ညောင်လယ်ရွာတွင် အဖ အခွန်တော်မြေတိုင်းစာရေးကြီး ဦးဘိုးပေါ်၊ အမိ ဒေါ်လှ တို့က ၁၉၁၆ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းမောင်ဖြစ်ပြီး ငယ်စဉ်က ရွာရှိဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သည်။

အသက် (၆) နှစ်အရွယ် ၁၉၂၂ ခုနှစ်၌ စစ်ကိုင်းတိုင်း၊ ထန်းတပင် - ဇီးကုန်းသို့ ပြောင်းရွှေ့နေထိုင်ပြီး ဦးသာဂျမ်း အလယ်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားသည်။ ၁၉၂၉ ခုနှစ်တွင် စတုတ္ထတန်းအောင်မြင်ပြီး၍ ဘရစ်ချ်စကောလားရှစ် ပညာသင်ဆုရရှိပြီး ရေဦးမြို့ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ၁၉၃၁ ခုနှစ်တွင် ရွှေဘိုမြို့ အက်စ်ပီဂျီသာသနာပြုကျောင်းတွင် ပဥ္စမတန်းမှစ၍ ပညာသင်ကြားသည်။

၁၉၃၈ ခုနှစ်တွင် ထိုကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့ပြီး ထိုနှစ်၌ပင် ရွှေဘိုအရေးပိုင်ရုံး၌ စာရေးအဖြစ် အမှုထမ်းသည်။ ၁၉၄၅ နှင့် ၄၆ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးတွင် ကန့်ဘလူမြို့ပိုင်ရုံးတွင် ဒု-စာရေး၊ ထို့နောက် မြို့ပိုင်ရုံးစာရေးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၇ ခုနှစ်မှစ၍ စာနယ်ဇင်းများတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာများကို စတင်ရေးခဲ့သည်။ ပထမဆုံးဝတ္ထုမှာ "နယ်ပိုင်ဦးထုပ်" ဖြစ်ပြီး တာရာမဂ္ဂဇင်း၌ ဖော်ပြခံရပြီး ကလောင်အမည်မှာ "သိန်း (အညာ)" ဖြစ်၏။ "ထင်လင်း" အမည်ဖြင့် ၁၉၄၈ ခုနှစ် ပဒေသာမဂ္ဂဇင်း၌ စတင်ရေးသားသည်။ ထိုနှစ်၌ပင် ရန်ကုန်မြို့ စာပေဗိမာန်၌ စာပြုအဖြစ်ခန့်ထားခြင်းခံရပြီး ရန်ကုန်တက္ကသိုလ် ပြန်တက်သည်။

၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အလက်ဇန္ဒားဒူးမား ဘာသာပြန်စာအုပ်ထွက်သည်။ စာပေဗိမာန်မှ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် ၁၉၅၄ ခုနှစ်၌ အမှုထမ်းသည်။ ၁၉၅၅ ခုနှစ်တွင် ၎င်းဌာနမှ ထွက်၍ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်းကာ မဟာဝိဇ္ဇာ ဆက်တက်သည်။

၁၉၅၉ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်၍ ဆရာမင်းယုဝေနှင့် တွဲဖက်ကာ

ငွေတာရီမဂ္ဂဇင်းနှင့် ငွေတာရီစာစဉ်များကို တည်ထောင်သည်။ ငွေတာရီမဂ္ဂဇင်းအယ်ဒီတာချုပ်၊ ငွေတာရီစာစဉ်တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ လေ့လာရေးခရီး (၄)လ သွားရောက်ခဲ့ပြီး အပြန်တွင် ဂျပန်နိုင်ငံ ယူနက်စကို အကူအညီဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို လေ့လာခဲ့သည်။

၁၉၆၃ ခုနှစ်တွင် အလီဘာဘာ၏ဂူနှင့် အခြားစုံထောက်ဝတ္ထုများ (တက္ကသိုလ်ဥပစာတန်းတွင် ပြဋ္ဌာန်းစာအုပ်) ဘာသာပြန်ထွက်သည်။

၁၉၇၄ - မောဂ္ဂလိ(ရု(ဒ်)ယတ်ကစ်ပလင်း ဝတ္ထု-ဘာသာပြန်)စာအုပ်ထွက်။ (ယင်းနှစ်အတွက် အမျိုးသားစာပေ ဆု ဘာသာပြန်ရသဆုရရှိ)။ စည်းအပြင်ကလူ(အဲလ်ဘတ်ကမူး)ဘာသာပြန်။ ပေါ်လီယာနာ(အယ်လီနာပေါ်တာ)ဘာသာပြန် စာအုပ်များထွက်။

၁၉၇၅ - မြစိမ်းရောင် ရင်ခွင်သို့အပြန်ဝတ္ထုထွက်။

၁၉၇၆ - ဘယ်ဆီဘယ်ဝယ် ဝတ္ထုထွက်။ တစ်ကျွန်းစံ၏အပြန်လမ်း(အေ-ဂျေ ကရိုနင်) ဘာသာပြန်ထွက်။

၁၉၇၇ - စောင်းကြိုးတင်းသည့် သီချင်းသံ ဝတ္ထုတိုများ ထွက်။ ပလိပ်(အယ်လ်ဘတ်ကမူး)ဘာသာပြန်ထွက်။

၁၉၇၉ - စာပေဗိမာန် ဝတ္ထုတိုစာတမ်းဖတ်ပွဲ(မောင်ထင်နှင့်အခြား) စာအုပ်ထွက်။

၁၉၈၁ - အဆိပ်(အေ-ဂျေ ကရိုနင်) ဘာသာပြန်ဝတ္ထုထွက်။ ဝတ္ထုရှည်စာတမ်း (ပါရဂူနှင့်အခြား)ထွက်။

၁၉၈၈ - ပုလဲတေးသံ(ဂျွန်စတိန်းဘတ်) ဘာသာပြန်ဝတ္ထုထွက်။

၁၉၉၀ - အိန္ဒိယနိုင်ငံ ဘုံဘေမြို့အနီး အီဂတ်ပူရီရှိ ဓမ္မဂီရိကုန်းမြေတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာဝိပဿ နာ နှီးနှောဖလှယ်ပွဲတွင် ဝိပဿနာဘာဝနာ-စာတမ်း ကို တင်သွင်းဖတ်ကြားခဲ့သည်။

၁၉၉၁ - လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုများ စာအုပ်ထွက်။ (ယင်းနှစ်အတွက် အမျိုးသားစာပေဝတ္ထု တိုပေါင်းချုပ်ဆုရ။)

၁၉၉၄-ချစ်သူရင်ခွင်ထက်၌အိပ်စက်ခြင်း။မြင်းနီကလေး(ဂျွန်စတိန်းဗက်)၊

မီးလျှံပန်း(ဂျွန်စတိန်းဗက်)၊ပင်လယ်ပျော်ဇင်ယော်(ရစ်ချက်ဘတ်ချ်)-စာအုပ်များထွက်။

၁၉၉၆-ဇွန်လ(၃၀)ရက်နေ့တွင် ကွယ်လွန်၊ ကွန်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နှင့် သားသမီး(၅)ယောက် ကျန်ရစ်ခဲ့။

၁၉၉၉ - ထင်လင်းပုံပြင်စာအုပ်ထွက်ခဲ့။

ထင်ရှားသောစာအုပ်အချို့

1. မောဂ္ဂလိ(ရု(ဒ်)ယတ်ကစ်ပလင်း)ဘာသာပြန်
2. စည်းအပြင်ကလူ (အဲလ်ဘတ်ကမူး)ဘာသာပြန်
3. ပလိပ်(အယ်လ်ဘတ်ကမူး)ဘာသာပြန်
4. ပေါလီယာနာ(အယ်လီနာပေါ်တာ)ဘာသာပြန်
5. တစ်ကျွန်းစံ၏အပြန်လမ်း(အဲ-ဂျေ ကရိုနင်) ဘာသာပြန်
6. အဆိပ်(အဲ-ဂျေ ကရိုနင်) ဘာသာပြန်
7. စောင်းကြိုးတင်းသည့် သီချင်းသံဝတ္ထုတိုများ
8. လယ်တောကအပြန် လက်ရွေးစင်ဝတ္ထုတိုများ
9. ပင်လယ်ပျော်စင်ယော်(ရစ်ချက်ဘာ့ခ်)ဘာသာပြန်
10. မြစိမ်းရောင်ရင်ခွင်သို့အပြန်

1.

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အခမဲ့ ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

သော်တာဆွေ၏ အမှာစာ

(၁)

ထင်လင်းသည် စာရေးခြင်းဖြင့် အသက်မွေးသူမဟုတ်ချေ။အင်္ဂလိပ်စာပြ (အလွတ်ပညာသင်) ကျောင်းဆရာတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်မဂ္ဂဇင်းများတွင်လည်းကောင်း၊ လုံးချင်းစာအုပ်အဖြစ်နှင့်လည်းကောင်းသူ့ဝတ္ထုတွေအစဉ်တစိုက်တွေ့နေရသည် မဟုတ်ချေ။

သူသည် စာပေဝါသနာပြင်းပြသူဖြစ်သော်လည်း ဝမ်းရေးအတွက် စာရေးသူမဟုတ်မူ၍ သူ့စိတ် မအောင့်အည်းနိုင်သော အခါမှသာ ဝတ္ထုတိုရှည်များ ပေါ်ထွက်လာတတ်သည်။ စင်စစ် သူသည် စာရေးခြင်းထက် စာဖတ်သည့်ဘက်မှာ အားများနေသည်။ စာဖတ်ရာမှာလည်း သူ့အခြေခံပညာနှင့် သူ့အသက်အရွယ်အလျောက် တော်ရုံတန်ရုံစာမျိုး မတိုးတော့ဘဲ ကမ္ဘာ့အဆင့်အတန်းမြင့်မြင့် စာများမှသာ သူမွေ့တော့သည်။

ယင်းသို့ သူ့စာပေအာဟာရကို သူသုံးဆောင်နေရာမှ အကြင်ဝတ္ထုတစ်ပုဒ်ကို သူကြိုက်နှက်လှသည် ဖြစ်လာသောအခါ သူမနေနိုင်တော့။

ထိုဝတ္ထုကို မြန်မာစာဖတ် ပရိသတ်အတွက် အပင်ပန်းခံကာ ဘာသာပြန်ပါတော့သည်။

ယင်းသို့ သူဘာသာပြန်ခဲ့သည်များမှာ ‘ပေါ်လီယာနာ’ သည် သုံးကြိမ် ရိုက်နှိပ်ခဲ့ရသည်။ ‘မောဂ္ဂလိ’ သည် ဘာသာပြန် စာပေဆုရခဲ့သည်။

ယခု A. J. Cronin's THE JUDAS TREE ဝတ္ထုသည် မြန်မာဘာသာဖြင့် သင့်လက်ထဲ ရောက်လာပြန်လေပြီ။

အေဂျေကရိုနင်သည် အင်္ဂလိပ်လူမျိုးဖြစ်သည်။ အပေါစားဝတ္ထုမျိုးတွေဖြင့် ရောင်းပန်းလှနေသူမဟုတ်။

အထက်တန်းကျကျ စာပေများဖြင့် အင်္ဂလိပ်စာပေနယ်တွင် နာမည်ကြီးနေသူ ဖြစ်သည်။

ယခု သင် ဤစာအုပ်ကို ဖတ်ဖြစ်ပေတော့မည်။

စာအုပ်ကောင်းတွင် အသက်ဝိညာဉ်ရှိ၏။

အကြင်စာအုပ်ထဲရှိအကြောင်းအရာတို့သည်အကြင်စာရေးဆရာ၏တွေ့ကြုံကြားသိ သူ၏စာရေးခြင်းအတတ်ပညာဖြင့် အသက်သွင်းထားခြင်းဖြစ်ပေရာ ယင်းစာအုပ်ကို ဖတ်သောအခါ ထိုစာရေးဆရာ ဖန်တီးထားသော ဝိညာဉ်များက သင့်အား ကိုယ်ထင်ပြခြင်း၊ စကားပြောခြင်းများ ပြုပေလိမ့်မည်။

သင်သူတို့ကို သုံးသပ်ပေရော့၊ သူတို့၏ အကောင်းအဆိုး အကြောင်းအကျိုးကို ဆင်ခြင်ပေရော့။

စာအုပ်ကောင်းတို့မည်သည်၊တိုင်းပြည်တစ်ပြည်၊လူမျိုးတစ်မျိုး၊ ဘာသာတစ်ရပ်အတွက်မဟုတ်ပေ။လူတိုင်းအတွက်ဖြစ်၏။

သင်စာဖတ်ရာ၌ သတိထားစရာ အချက်တစ်ခုကို ကျွန်ုပ် အကြံပေးလိုသည်။ ကမ္ဘာ့ စာပေပညာရှင်များ ပြောကြသည့် အင်္ဂလိပ်ဘာသာဖြင့် Poetic Justice ဆိုသောစကားရှိသည်။

မြန်မာလိုဘာသာပြန်ရလျှင် ‘စာဆို၏ တရားစီရင်ချက်’ ဟုဆိုမည်။

အဘယ်အရာနည်းဆိုသော်၊စာရေးဆရာကောင်းတို့မည်သည်၊ မိမိဝတ္ထုထဲမှဇာတ်ကောင်များကို၊ကိုယ်ဖန်တီးထားသည့်အတိုင်း သူတို့စရိုက်အလျောက် ပြုမူ လှုပ်ရှားစေပြီးနောက် ဝတ္ထုဆုံးသောအခါ၌ အကြင်ဇာတ်ကောင်၏ ကောင်းမှု မကောင်းမှုလိုက်၍ ထိုဇာတ်ကောင်နှင့် ထိုက်တန်သော ပြစ်ဒဏ်ကို ချတတ်ရသည်။

ဘာသာပြန်သူ၏စကား

ကုသိုလ်ကံ အခိုက်အလှည့်မသင့်သည့်တစ်ချိန်က ကျွန်တော်တွေ့ကြုံခဲ့ရသော အဖြစ်ကို မမေ့နိုင်အောင်ရှိပါသည်။

ကျွန်တော်သည် အစိုးရအမှုထမ်းအဖြစ်ဖြင့် အလုပ်အလွန်များသော ရုံးတစ်ရုံးတွင်ရှိစဉ် အထက်အရာရှိ လုပ်သူကလည်း တကယ့်ဗျူရိုကရက်ဆိုး အထက်ဖား အောက်ဖိလူမျိုး၊ စိတ်ဓာတ်ကည့်ဖျင်း အချင်းချင်း ညှာတာမှု မရှိသူ ဖြစ်သဖြင့် စိတ်ရောလူရော ပင်ပန်းကာ မကျန်းမမာ ဖြစ်ရပါတော့သည်။ ကျွန်တော်၏ မိတ်ဆွေများက တိုက်တွန်းသဖြင့် ကျွန်တော်လည်း အလုပ်မှခွင့်ယူရန် လျှောက်လွှာတင်ကာ ရွှေဘိုဆေးရုံသို့ သွားပါသည်။ လူကလည်း တကယ်မကျန်းမာသဖြင့် ဆေးရုံပေါ်သို့ လူတွဲ၍တင်ရသည်။ သို့သော် ကျွန်တော် ဆေးရုံတက်ခွင့်မရ။

ဆရာဝန်ကြီးက ကုလားလူမျိုး၊ အနည်းဆုံး မုန့်သေတ္တာ တစ်ပုံးလောက်ဖြစ်ဖြစ် သူ့အိမ်သို့ ပို့မှ ဆေးကောင်းကောင်းကုသည်။ ဆေးရုံတက်ခွင့်ပေးသည်ဟု ပြောကြသည်။ ထိုအခါက ဆေးရုံများမှာ ယခုဆေးရုံများမှာကဲ့သို့ ခုတင်နှင့်သူနာ မမျှသည့်ပြဿနာမျိုး မရှိ။ ကျွန်တော့်မှာ လူကလည်းမမာ၊ စိတ်ညစ်စရာတွေကလည်း များသဖြင့် “နေမကောင်းလို့ ဆေးရုံတက်တာ သူ့ကိုဘာဖြစ်လို့ ပေးရမှာလဲ” ဟုဆို၍ ဘာမှမပို့ခဲ့။ ညနေဘက်တွင် ကျွန်တော် ဆေးရုံပေါ်က လူတွဲ၍ဆင်းခဲ့ရသည်။ “ဘာရောဂါမှ မရှိဘူး၊ အားနည်းတာပဲ၊ ကြက်ဥများများစား” ဟု ဆိုလျက် နှင်လိုက်၍ဖြစ်သည်။

နောက်တစ်ရက်တွင် မိတ်ဆွေတစ်ယောက်က ကျွန်တော့်အတွက် လက်ဆောင်ကလေးများနှင့် သူ့အိမ်သွားပြောသောအခါ ဆေးရုံတက်လိုက ပြန်တက်ဖို့ လက်မှတ်ကလေးနှင့် ခွင့်တစ်လထောက်ခံစာပါ ရေးပေးလိုက်သည်။ ထိုအချိန်မှစ၍ တိုင်းပြည်က လခရိက္ခာ လုံလောက်အောင် ပေးထားပါလျက် လောဘတက်ကာ လူမမာများထံမှ တံစိုးလက်ဆောင်စားသော သူ့လိုလူမျိုး၏ အကျင့်စာရိတ္တကို ရွံရှာခဲ့သည်။

ကံအားလျော်စွာ ကျွန်တော်၏သမီး ဆေးတက္ကသိုလ်မှ ဘွဲ့ရပြီးလျှင် ဆရာဝန်ဖြစ်လာသည်။
သူနှင့်တစ်နှစ်တည်းဆရာဝန်ဖြစ်လာသူတစ်ယောက်နှင့်လက်ထပ်သည်။
နှစ်ယောက်စလုံးလက်ထောက်ဆရာဝန်များအဖြစ် နယ်ဆေးရုံတစ်ရုံသို့

သွားကြရသည်။ သွားခါနီးတွင်သူတို့နှစ်ယောက်စလုံးအား-

"ဆရာဝန်ဆိုတာ ဆေးကုဖို့ လူအများအကျိုး ဆောင်ရွက်ဖို့ ဒါပဲ အာရုံပြု၊ စီးပွားဥစ္စာဆိုတာ သူ့ဘာသာသူ ဖြစ်ချင်ဖြစ်လာလိမ့်မယ်၊ ဖြစ်ချင်မှလဲ ဖြစ်မယ်၊ မဖြစ်ချင်နေ၊ ကိုယ်ကတော့ အာရုံမပြုနဲ့၊ မဖြစ်လို့လဲ ဝမ်းမနည်းနဲ့၊ အရေးအကြီးဆုံးကတော့ ကိုယ်ရောက်တဲ့နေရာမှာ လူအများ အားကိုးအားထား ပြုစရာဖြစ်အောင်လုပ်၊ လူအများ ချမ်းသာအောင် ကိုယ်တတ်နိုင်သမျှ အစွမ်းကုန် ကူညီပါ" ဟု မှာလိုက်ရပါသည်။

သူတို့ကလည်း နားထောင်ကြပါသည်။ ခေတ်လူများကလည်း ဤသဘောတွေကို သိမြင်ကြပြီး ဖြစ်ပါသည်။ ကျွန်တော့်ဆုံးမစကားများမှာ ရှေးအဘိုးကြီး၏ စကားပမာ ကောင်းကားကောင်းပါ၏။ အထပ်ထပ် ကြားရလွန်း၍ နားအီနေသည့် ဆုံးမစကားမျိုး ဖြစ်နေပြီလော မသိတတ်။ သူတို့က မသွားမီ "ကျွန်တော်တို့ ဂျီပီမလုပ်ဘူး (ဆေးကု မစားဘူး) ဆေးရုံကပဲနေကုမယ်၊ ပြီးတော့ပညာဆက်ရှာမယ်၊ အခု ကျွန်တော်တို့ တတ်ထားတာဟာ ဘာမှမဖြစ်လောက်ဘူး" ဟုကား ပြောသွားကြသည်။

သို့သော် နယ်ရောက်သွားသောအခါ သူတို့က အိမ်မှာ ဆေးမကုချင်ကြောင်း ပြော၍မရ၊ ဆေးရုံကြောက်သူများ ငွေကြေးတတ်နိုင်သူများက တောင်းဆိုလာကြသောအခါ အိမ်မှာ ဆေးခန်းဖွင့်ပေးရသည်ဟု ဆိုကြသည်။ သူတို့ဆီ ကျွန်တော်တို့ အလည်ရောက်သွားသည်။

"ဆေးခန်းဖွင့်တာတော့ ဖွင့်ပေါ့ကွာ၊ ကောင်းပါတယ်၊ ဒါပေမယ့် လူတွေကို ဆေးကုတဲ့အခါ ငွေကြေးကို ပဓာနမထားကြနဲ့၊ အထူးသဖြင့် ဆင်းရဲတဲ့လူတွေကို ကူညီပါ" ဟု ပြောရပါသည်။

ဤတွင်လည်း ကျွန်တော်၏ ဆုံးမစကားသည် ဘိုးတော်ဘုရားလက်ထက်က ဆုံးမစကား ဖြစ်နေပြန်သည်။ သူတို့က ရယ်ရယ်မောမောပင် "တစ်နေ့က အဘွားကြီးတစ်ယောက် အိမ်လာလို့ ဆေးထိုးပေးလိုက်တယ်၊ ဆေးဆိုင်သွားမေးတော့ အဲဒီဆေးက ရှစ်ကျပ်တဲ့၊ သူ့မှာက လေးကျပ်ပဲရှိတယ်၊ ဒီထက်ဈေးပေါတဲ့ဆေး ပြင်ရေးပေးပါတဲ့၊ ဘယ်ရှိမလဲ၊ ဒါနဲ့ သူ့မှာပါတဲ့ လေးကျပ်နဲ့ပဲ အိမ်က ရှစ်ကျပ်တန်ဆေး ထုတ်ပေးလိုက်ရတယ်၊ ဆေးထိုးခလဲ တစ်ပြားမှ မယူလိုက်တော့ဘူး၊ ကျွန်တော်တို့ဟာက 'အောက်ဆိုက်' ပရိုက်တစ် မဟုတ်ဘူး၊ 'အပ်စိုက်' ပရိုက်တစ်..." ဟု ပြောပြကြပါသည်။ ကျွန်တော် အားရဝမ်းသာ ဖြစ်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ သူတို့သည် ငယ်ရွယ်သူများ ဖြစ်ကြသည်။ မြင့်မားသော ရည်ရွယ်ချက်များ ရှိကြသည်။ သို့ရာတွင် ပတ်ဝန်းကျင် သွေးဆောင်မှုက ရှိသည်။

ရန်ကုန်သို့ ပြန်ရောက်လာကြသောအခါ သူတို့မှာ နယ်တွင်နေရစဉ်ကနှင့်မတူ မလွယ်ကူတော့၊ နေစရာအိမ် အလွယ်တကူ မရ၊ သွားရလာရသည်ကလည်း မလွယ်၊ ကားဝယ်လောက်အောင်လည်း စုမိဆောင်းမိသည်မရှိ၊ မိဘများကလည်း ငွေကြေးမတောင့်တင်းကြ၊ အတော် ကသီကရီ ကြုံရသည်ကို တွေ့ရပါသည်။ နယ်တွင်နေစဉ်က ကုန်စရာ သိပ်မရှိလှ၍ အသင့်အတင့် စုမိခဲ့သော ရွှေတိုငွေစကလေးများကို ချရောင်းစားနေကြရသည်ကို တွေ့ရသည်။ သူတို့မှာ ပျော်ပျော်ပဲ ဖြစ်သည်။ နယ်တွင်နေစဉ်က လူချစ်လူခင်များခဲ့၍ ရန်ကုန်တွင်ကား Eည့်သည်ကလည်း 'ထောင်း' သည်။ သူတို့ ရန်ကုန်ပြန်ရောက်ကြပြီး၍ များမကြာမီပင် ရှိစုမဲ့စုကုန်သည်ဟု သိရသည်။

ဤတွင် သူတို့လည်း မတတ်သာလှသည့်အဆုံး မူလကချမှတ်သည့် 'ဂျီပီမလုပ်ဘူး' ဆိုသည့် အဓိဋ္ဌာန်ကို မလွှဲသာမရှောင်သာ ဖျက်ကာ အခြေအနေအရ ဆေးခန်းဖွင့်ကြရပြန်တော့သည်။ ကျွန်တော်လည်း ဘာမှမပြောသာ၊ ဆင်းရဲသူများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ဖို့သာ မှာရပါသည်။

သူတို့မှာ စားရေးသောက်ရေး ချောင်ချောင်လည်လည် ဖြစ်လာသည်။ သို့ရာတွင် သူတို့နှင့်အတူ အခြားဆေးခန်း ဖွင့်သူများမှာ သူနာလာလျှင်လာသလို ကြီးပွားချမ်းသာ လာကြသည်ကို တွေ့မြင်ရသော်လည်း သူတို့မှာကား အိပ်စိုက်တွေ အတော်များသလော မသိ၊

အခြားဆေးခန်းများထက် သိသိသာသာ သူနာအဝင်များပါလျက် သူတို့မှာ ဘယ်အခါမှ ငွေကြေး ချောင်လည်သည်ဟူ၍ မရှိ၊ သွားရေးလာရေး ခက်ခဲလွန်း၍ ကာစုတ်ကလေးတစ်စီးဝယ်ထားသည်ကိုပင် အလျဉ်မီအောင် မပြုပြင်နိုင်၊ ဘက်ထရီဝယ်ချိန်၊ တာယာဝယ်ချိန် ဆိုလျှင် သူတို့မှာ ချေးရငှားရပြီ။ ကမာရွတ်က သူတို့ ဘကြီး ဒေါ်ကြီးများက သူတို့အတွက် ခဏခဏ ငွေချေးပေးနေရ၍ "ဘယ်လို ဆရာဝန်တွေလဲ မသိပါဘူးဟယ်၊ သူများတကာ ဆရာဝန်တွေဆို တိုက်နဲ့ ကားသစ်နဲ့" ဟု ပြောသည်ကို ကြားခဲ့ရသည်။

"မကောင်းတဲ့ အခြေအနေကို သည်းခံကြကွာ၊ ဒါကို သည်းမခံနိုင်လို့ မဟုတ်တာ တစ်ခုခု ထလုပ်ရင် မင်းတို့ရည်မှန်းချက် လမ်းလွဲသွားနိုင်တယ်၊ ဆင်းရဲပေစေ၊ ဒေါသမဖြစ်နဲ့၊ မင်းတို့ အလုပ်က ဆေးကုဖို့"

ကျွန်တော်လည်း ထိုထက်ပို၍ မပြောတတ်တော့။ အာရုံတွေများသော ရန်ကုန်မြို့ကြီးတွင် ဆင်းဆင်းရဲရဲ နေလျက် သည်းခံနိုင်ဖို့ဆိုလျှင် Eရာမသတ္တိ လိုပေသည်။ ရန်ကုန်မြို့၏ လူနေမှုစနစ် တိုက်သစ်၊ ကားသစ်၊ အကြွားအဝါ၊ နိုင်ငံခြားပြန် အတုအပ၊ အပြိုင်အဆိုင်များ အကြားတွင် အနေဆင်းရဲလာသောအခါ သူတို့၏ စိတ်ကောင်း သဘောကောင်းကလေးများနှင့် မြင့်မားသော

ရည်မှန်းချက်များ ပျောက်ဆုံးသွားကြမည်ကို များစွာစိုးရိမ်မိသည်။

ဆင်းရဲသော အခြေအနေကို သည်းမခံနိုင်ကြ၍ သို့မဟုတ် ဒေါသဖြစ်ကြ၍ တစ်ခုခု ထလုပ်ကြလျှင် ဆရာဝန်ပညာ တတ်ထားသူတို့မှာ အခြားလူများထက် ခရီးရောက်သည်။ လမ်းမှားဖြင့် ခရီးရောက်သည်ကို အလိုမရှိအပ်။ "ဆေးခန်းဖွင့်လို့ လူနာမလာရင် ဆေးထုတ်ပြီးရောင်းစားတာနဲ့ပဲ တစ်ထောင်ကိုးရာတော့ အသာကလေး" ဟု ပြောသံများ နေရာတကာတွင် ကြားနေရသည်။ ကြာသော် ဤအလုပ်မျိုးကိုပင် တရားဝင် ပုံမှန်ထင်လာကြတော့မည်။

'ဒါ လူတိုင်းလုပ်နေကြတဲ့အလုပ်' ဟူသော အကြောင်းပြချက်ဖြင့် ပွင့်ပွင့်လင်းလင်း လုပ်လာကြတော့မည်။ လူတိုင်းလုပ်နေကြသော အလုပ်ဆိုရုံမျှဖြင့် မကောင်းသောအလုပ် မကောင်းသောအလုပ်က ကောင်းသောအလုပ် ဖြစ်မလာနိုင်၊ မကောင်းမှုကို မကောင်းမှုမှန်းသိလျက် မကောင်းသောအလုပ် အာရတီ ဝိရတီ မင်္ဂလာတရားအတိုင်း ဝေးစွာလည်းရှောင်မှ၊ အထူးသဖြင့်လည်း ရှောင်ပါမှ။ ။

ဤအကြောင်းများကို စဉ်းစားတွေးတော နေစဉ်မှာပင် ကျွန်တော် အေဂျေကရိုနင် ရေးသော "ယုဒသစ်ပင်" အမည်ရှိ ဝတ္ထုကို ဖတ်လိုက်မိသည်။ ထိုဝတ္ထုတွင် ငယ်စဉ်က မိဘသေဆုံးခဲ့၍ ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲ ပညာသင်ခဲ့ရသော စိတ်ကောင်း သဘောကောင်းနှင့် ဆရာဝန် လူတော်ကလေး တစ်ယောက်၊ ရည်မှန်းချက် ကောင်းကောင်းဖြင့် ရိုးရိုးသားသား အလုပ်လုပ်ရန် အစီအစဉ် ရှိခဲ့ပါသော်လည်း စည်းစိမ်ချမ်းသာ ဥစ္စာကြေးငွေနှင့်တကွ လောကီအာရုံ ကာမဂုဏ်တို့၏ ဖြားယောင်းခြင်းကို ခံရသောအခါ သစ္စာတရားပျက်ယွင်းလျက် ကြေကွဲဖွယ် အပျက်အစီးဖြင့် အဆုံးသတ်သွားရသည့် အကြောင်းကို ကရိုနင်က သူ့ကလောင်စွမ်းဖြင့် လက်ကချမရအောင် စွဲမက်စရာ ခြယ်မှုန်းထားသည်။ ကျွန်တော်သည် ဤဝတ္ထုကို လူ့သဘော လူ့စရိုက် ဖွဲ့ဆိုပုံ၊ တင်ပြပုံမှအစ သဘောကျလွန်း၍ နှစ်ခေါက်သုံးခေါက် ပြန်ဖတ်ကာ သမီးတို့ကိုလည်း ဖတ်စေပါသည်။ ငွေကြေး ရာဖွေ အားကောင်းသော ဆရာဝန်တွေဖြစ်ကြ၍ သူတို့က ပို၍နားလည်ကြပါလိမ့်မည်။

ထိုဝတ္ထုအတွက် အမှာစာရေးသူက- ဒေးဗစ်မိုရေး၏ ဘဝသည် အခြားကြီး ခြားခဲ့လေပြီ။ ဆေးတက္ကသိုလ် ကျောင်းသားအဖြစ် ကလိုက်ဒဆိုက် ဆင်းရဲသားရပ်ကွက်၌ ဆေးစာအုပ်ကြီးများနှင့် နပန်းလုံးခဲ့ရသော သူ့ဘဝသည် အတော်အတန် ပျိုရွယ်စဉ်မှာပင် သူအနားယူပြီးနောက် နေသော ဆွစ်ဇာလန်ပြည် အဲ့လပတောင်တန်းပေါ်မှ ပန်းချီကားများ၊ ပြင်သစ် ရှေးဟောင်းပရိဘောဂ အလှအပများဖြင့် တခမ်းတနား တန်ဆာဆင်သည့် အိမ်ကြီးပေါ်က စည်းစိမ်ကျကျ သူ့ဘဝနှင့်ဆိုလျှင် အလွန်ပင်အလှမ်းကွာလေသည်။ မိန်းမများစွာက သူ့အားချစ်ကြိုက်ခဲ့ကြသည်။

သို့ရာတွင် စိတ်အေးချမ်းသာ နေနိုင်ဖို့ရာ သူ့ဘဝတွင် တစ်စုံတစ်ခုသော အရာသည် လစ်ဟင်းလျက် ရှိခဲ့လေသည်။

သူသည် ဆင်းရဲမွဲတေသော အထီးကျန် လူပျိုလူရွယ်ဘဝမှနေ၍ ထိပ်ဆုံးသို့ အမြန်ဆုံးနည်းဖြင့် တက်လာခဲ့သည်။ သို့ရာတွင် သူ့အား အတိတ်ဆီမှ အသံတစ်သံက "သင့်ကိုယ်ပိုင် အစွမ်းအစများကို သင်အဘယ်သို့ အသုံးပြုခဲ့သနည်း၊ ဤအစွမ်းအစများကို လူ့ဘောင် အကျိုးအတွက် အသုံးမပြုသည့်အတွက် သင့်ထံမှ တန်ရာတန်ကြေးကို ခန့်ခွဲတောင်းဆိုရမည်၊ ပြုပြင်ရန် နောက်ကျပြီဟူ၍ ရှိသလော" ဟု မေးလျက်ရှိသည်။

ဒေါက်တာ ကရိုနင်သည် သူ၏အသိအမြင်နှင့် ပင်ကိုထိုးထွင်းဉာဏ်၊ စာရေးကျွမ်းကျင်မှုတို့ကို အသုံးပြုကာ လူတစ်ယောက်၏ သဘောသဘာဝ စရိုက် တစ်စတစ်စ ရင့်ကျက် ဖွံ့တည်လာပုံကို လည်းကောင်း၊ အမှတ်မထင် ဆုံးဖြတ်မှုကလေးများ၊ အသေးအဖွဲကိစ္စကလေးများ၌မိမိကိုယ်မိမိလှည့်စားမှုအလေ့အကျင့်ကလေးများကသူ့အားမ တွေ့ရမည့် ကံကြမ္မာလမ်းကြောင်းပေါ်သို့ ရောက်အောင် တင်ပေးလိုက်ပုံကိုလည်းကောင်း ဖတ်မိလျှင် လက်မှချ၍ မရနိုင်အောင် ဆွဲငင်စွမ်းသော ဝတ္ထုရှည်တစ်ပုဒ် ရေးဖွဲ့ထားသည်... ဟု ဖော်ပြထားလေသည်။

ဤဝတ္ထုမျိုးကို ဖတ်ရှုကြရလျှင် ရည်ရွယ်ချက် မြင့်မား၍ လူအများအတွက် အကျိုးပြုလုပ်ငန်းများ၌ လုပ်ဆောင်နိုင်စွမ်း ရှိကြသူ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ ဆရာဝန် စသော ပြည်သူ့ဝန်ထမ်း လူငယ်လူရွယ်တို့သည် လောကီအာရုံ ကာမဂုဏ်တို့၏ သွေးဆောင်ခြင်းကို တင်းတင်းမာမာ လူငယ်လူရွယ်တို့သည် လောကီအာရုံ ကာမဂုဏ်တို့၏ သွေးဆောင်ခြင်းကို တင်းတင်းမာမာ ပြတ်ပြတ်သားသား ဖယ်ရှားလျက် လမ်းမှားကို ရှောင်ကွင်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မိသဖြင့် ဤစာအုပ်ကို ဘာသာပြန်ဆိုလိုက်ပါသည်။ ဤစာအုပ်ကို ဘာသာပြန်ဆိုလိုက်ပါသည်။ အုပ်ကို ဘာသာပြန်ဆိုလိုက်ပါသည်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ထင်လင်း ၁၉၉၇ ဇန်နဝါရီ ၂၅ရက်

ချစ်သမီးသို့

• ဆရာဝန်ဆိုတာ လူတွေကို ဆေးကုဖို့ အများအကျိုး ဆောင်ရွက်ဖို့၊

• ဆရာဝန် အတတ်သင်ပြီးမှ လူအများရဲ့အကျိုး မဆောင်ရွက်ဘဲ စီးပွားရှာနေရင် ဘယ်လိုဖြစ်တတ်သလဲ၊

• ငွေဟာအဆိပ် ဂုဏ်ဟာအဆိပ် လူ့စည်းစိမ်ချမ်းသာဆိုတာ အဆိပ်၊ အဆိပ်သင့်တဲ့အခါမှာ ဖြေဆေးဟာ သစ္စာတရား၊ သစ္စာပျက်ယွင်းသူတို့မှာ ကုရာနတ္ထိ ဆေးမရှိ။

JuDaS TRee (Bot. Cercis Siliquastrum) a eurasian, purple flowered, leguminous tree, supposed to be kind upon which Judas hanged himself.

ခရစ်တော်၏အပေါ် သစ္စာဖောက်၍ ခရစ်တော်အား သူသတ်တို့၏ လက်သို့ ပေးအပ်ခဲ့သူ၊ခရစ်တော်၏ တပည့်လူယုံ ယုဒ သည် နောင်တကြီးစွာရလျက် ဤသစ်ပင်ထက်၌ ကြိုးဆွဲချ၍ သေသည်ဟု ခရစ်ဝင်၌ လာသည်။

ဤသည်ကို အစွဲပြု၍ ဤသစ်ပင်မျိုးကို ''ဝိညာဉ် ပျောက်ဆုံးသူတို့၏ သစ်ပင်' သို့မဟုတ် '''ယုဒသစ်ပင်'ဟု ခေါ်စမှတ်ပြုကြသည်။

(၁)

ဆောင်းကြိုရာသီ နံနက်ခင်းသည် နေသာလှသဖြင့် မိုရေးသည် သူ၏ပြတင်းအပြင်ဘက်ရှိ ပြဒါးတိုင်ကိုကြည့်ကာ သူ၏ အိပ်ခန်းနှင့် ဆက်လျက်ရှိသော လေသာဆောင်၌ နံနက်စာစားမည်ဟု ဆုံးဖြတ်လိုက်၏။

ညဥ့်က သူနှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သည်။ အိပ်မပျော်သည့်ရောဂါ စွဲကပ်ဖူးသူအဖို့ ခြောက်နာရီမျှ အိပ်ပျော်ခဲ့သည်ဆိုလျှင် အားတက်စရာပင်ဖြစ်၏။ သူ၏ ပိုးသား ညဥ့်ဝတ်အင်္ကျီရှည်ကို ဖောက်ထွင်း ဝင်လျက်ရှိသော နေရောင်ခြည်ကြောင့် သူသည် နွေးနွေးထွေးထွေး ရှိနေ၏။

တပည့်ကျော် အာထူရိုကလည်း သူ၏နံနက်စာကို လိုလေးသေး မရှိအောင် ပြင်ထားသည်။ သူသည် ငွေခွက်ဖုံး၌ ထည့်ထားသော ကော်ဖီပူပူကို ငှဲ့ထည့်လိုက်ပြီးလျှင် မုန့်အခွေကလေးတစ်ခုကို တောင်ပေါ် ပျားရည်ဖြင့် သုတ်လိုက်ယင်းမှ နယ်သစ် မြေသစ်ရှာဖွေသူသည် နယ်သစ် မြေသစ်ကို တွေ့လိုက်ရာ၌ ကျေနပ်မှု အပြည့်ဖြင့် ဝမ်းမြောက်ဝမ်းသာ လှည့်ပတ်ကာ ရှုစားလိုက်သကဲ့သို့ သူ၏ပတ်ဝန်းကျင်ကို မျက်စိ ကစားလိုက်သည်။

တယ်လှပါလား၊ တစ်ဘက်မှာ အမိုးနီ တောင်ပေါ်အိမ်ကလေးတွေ ဟိုနားတစ်လုံး သည်နားတစ်လုံး ပြန့်ကျဲနေကြတဲ့ မြက်ခင်းပြင် စိမ်းတွေ။ အထက်မိုးပြာထဲ ထိုးဝင်နေတဲ့ ရိုက်ဇင်ဘတ် တောင်ထွတ်။ ကျန်တစ်ဘက်မှာတော့ အက်ရှင်ဇရှခ် ချိုင့်ဝှမ်းရဲ့ ပြေပြေလျောလျော ကုန်းစောင်းတွေပေါ်က သစ်သော့၊ မက်မန်း၊ ချယ်ရီခြံတွေ။ တောင်ဘက်ကို ကြည့်လိုက်ယင် ဟိုဝေးဝေးမှာ နှင်းဆောင်းတောင်ထွတ်တွေနဲ့ အဲ့လပတောင်တန်း။ နောက် သူ့ပိုင်နက်ဖြစ်တဲ့ တောင်ကလပ်ကလေးရဲ့ အောက်ဘက်မှာ ရာသီဥတု အခြေအနေအလိုက် ခုပင် လှိုင်းလေထန်ချင် ထန်လိုက်၊ တော်ကြာ ပြန့်ပြူးငြိမ်သက်နေလိုက်နဲ့ အသွင်အမျိုးမျိုး ပြောင်းတတ်တဲ့ ချစ်စရာ့ ရွှေဆီးရေအိုင်။

ယခုမူ ဓာချည်ပါးပါး လွှမ်းထားသကဲ့သို့သော နှင်းမြူလွှာကို ဖြတ်လျက် ရွက်ဖွေးဖွေးနှင့် လှေကလေးတစ်စင်းသည် ကဗျာဆန်ဆန်ပြောရလျှင် ငွေငန်းဖြူကလေး တစ်ကောင်ပမာ တရွေ့ရွေ့ ငြိမ်သက်စွာ တိုးသွားနေသည်။

နှစ်ရှည်လများ ရှာဖွေခဲ့ရာမှ ခေတ်မီသူတို့၏ အသုံးအဆောင် အားလုံးရနိုင်ရာ မဲလစဗတ်မြို့နှင့် နီးနီးနားနား ဤမျှ ငြိမ်းချမ်းသာယာ၍ လှပသော နေရာကလေးမျိုးကို တွေ့ခဲ့ရခြင်းမှာလည်း ကံကောင်းလှပေစွ။

ဆွစ်ဇာလန်ပြည်သား နာမည်ကျော် ဗိသုကာဆရာတစ်ယောက် နေရန် ဆောက်လုပ်ခဲ့သည့် ဤအိမ်မှာလည်း ဘာမှ လိုလေသေးမရှိအောင် သူ့အဖို့ ပြည့်စုံလှသည်။

တောင့်တင်းခိုင်မာသည်။ အတွင်း၌လည်း စည်းစိမ်ကျကျ နွေးနွေးထွေးထွေး ရှိနေအောင် စီမံထားသည်။ သူ၏ ပန်းချီကားများ ချိတ်ဆွဲပြသထားရန် အတွက်လည်း ကျယ်ဝန်းသော ဧည့်ခန်းရှည်ရှိသည်။ အမေရိကန်ပြည်တွင် ကြာမြင့်စွာ နေထိုင်ခဲ့ဖူးသူတစ်ဦး အလိုကျ အုတ်ကြွပ်ကြမ်းခင်း မီးဖိုခန်း၊ ရေချိုးခန်းကအစ ခေတ်မီအောင် စီမံထားသည်။

သူသည် ကျရောက်လာလတ္တံ့သော ကြမ္မာဆိုးကြီးကို မသိမမြင်နိုင်ရကား သူ့ဘဝသူ အကျေနပ်ကြီး ကျေနပ်လျက် သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်လေ၏။

သူ့အဖို့ ဤတစ်နေ့တာအတွက် မည်သို့ အချိန်ဖြုန်းပစ်ရပါအံ့နည်း။ အဝတ်အစားလဲယင်းက နည်းလမ်း အမျိုးမျိုးကို သူ သုံးသပ်ကြည့်နေမိ၏။ မဒမ်အော်လတီရှိုဖာကို တယ်လီဖုန်းနဲ့ချိန်းပြီး အမျိုးသမီးကြီးရဲ့ ခွေးတစ်အုပ်နဲ့ တူဖိန်သော်ဘက်ကို လမ်းလျှောက်ထွက်ရ ကောင်းမလား။ ဒါလဲ မဖြစ်သေးဘူး။ ဒီအမျိုးသမီးကို သူက ညနေ ၅ နာရီမှာ ဂီတပွဲတော် ဧည့်ခံပွဲ ခေါ်သွားရဦးမယ်။

အင်း...အတင်းခေါ်လို့တော့ ကောင်းမယ်မထင်ဘူး။ ကိုယ့်လှေ ကိုယ်ထုတ်ပြီးတော့ အိုင်ထဲမှာ ငါးပတ်ဖမ်း ထွက်နေကြတဲ့ တံငါတွေနဲ့ လိုက်သွားရကောင်းမလား။ နောက်ဆုံးတွင် သူသည် နှင်းနှောင်းပက်သဖြင့် ပျက်စီးမတတ်ဖြစ်နေသော သူ့နှင်းဆီခင်းကို အလျင်သွားကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

သူသည် အောက်ထပ်သို့ ဆင်း၍ အမိုးမိုးထားသော ဝရန်တာရှိရာသို့ လျှောက်လာခဲ့၏။

ဆိုဖာရှည်ကြီး၏ ဘေးတွင် စီ၍တင်ထားသော စာများကို တွေ့ရသည်။ သူ၏ စာများတွင် သူ့အား စိတ်အနှောင့်အယှက် ဖြစ်စေမည့် အကြောင်းအရာ တစ်စုံတစ်ရာ မပါသော်လည်း သူသည် စာများကိုဖွင့်ရာတွင် ထူးထူးဆန်းဆန်း ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၏။

သူ့မှာ အဓိပ္ပာယ်မရှိ ကြောက်လန့်သည့်စိတ်က ကပ်နေသည်မှာ ဆန်းလှ၏။

မီးဖိုထဲတွင် သူ့ဘဏ္ဍာစိုး အာထူရိုသည် သီချင်းဆို၍ နေလေသည်။ မိုရေးက

ပြုံးမိ၏။ သူ၏ ဘဏ္ဍာစိုးကြီးမှာ ဇာတ်သဘင် ဝါသနာကြီးသူ ဖြစ်သော်လည်း ခိုင်းရစေရ ကောင်းပါသည်။ သစ္စာရှိသည်။

သူ့မိန်းမ အယ်လီနာမှာ စိတ်ကောက်တတ်သော်လည်း အချက်အပြုတ်မှာကားအံ့စရာ ကောင်းလောက်အောင် တော်သူဖြစ်သည်။ မိုရေးမှာ ဤသို့သော တပည့်တပန်းမျိုး ရသည့်တိုင်ပင် ကံကောင်းသည် ဆိုရမည်။ 'ကံကောင်းတာ သက်သက်ပဲလား' ဟု သူ့ဘာသာတွေးယင်း ဝင့်ကြွားစွာပင် သူသည် မြက်ခင်းဘက်သို့ ထွက်လာခဲ့သည်။

သည်မြက်ခင်းကို တိုတိုကလေး ကတ္တီပါမွေးထည့်ခင်းထားသကဲ့သို့ ဖြတ်ထားသည်။ အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ်တွင် နေခဲ့စဉ်ကဆိုလျှင် ကျောက်စရစ်မြေ ဖြစ်ရသည့်အထဲတွင် ပေါက်မြက်ရိုင်းတွေက မနိုင်နိုင်အောင် ပေါက်သဖြင့် မြက်ခင်းဟူ၍ မည်မည်ရရမရှိခဲ့။

မြက်ခင်းဘေးတွင်ကား လမ်းလျှောက် ပန်းပင် လန်းလန်းလှလှကလေးများ အနားသတ်ထားသည့် သမံတလင်းလမ်း၊ သည်လမ်းအတိုင်း လျှောက်သွားလျှင် ရေကန်၊ ရေကန်ထဲက ကြာဖက်ကြီးများအောက်တွင် ရွှေရောင်ငါးကြင်းများ ငြိမ်သက်စွာ ခိုနားနေကြသည်။ ထိုမှလွန်သော် ကျောက်ဆောင်မြင့် အထက်တွင် ပန်းလိမ္မော်ပင်ကလေးများ၊ သကြားပင် ပုကလေးများအပြင် အခြားအပင်ကလေးများစွာဖြင့် လှပစွာ တန်ဆာဆင်ထားသော ဂျပန်ဥယျာဉ် ရှိသည်။

၎င်းနောက်တွင် ခွံမာသီးများအပါအဝင် အသီးမှည့်များဖြင့် ပြွတ်နေသော သစ်သီးပင် ဆယ့်ခုနစ်မျိုး စိုက်ထားသည့် သစ်သီးခြံ။

စင်စစ် သူတကယ်အမြတ်တနိုး စိုက်ထားသည့် အပင်မှာကား နောက်ခံရှုခင်းဖြစ်သော ရေအိုင်၊ တောင်နှင့် တိမ်တိုက်များ၏ အထက်သို့ပင် ထိုးတက်လျက်ရှိသော 'ယုဒပင်' ဟု ခရစ်ဝင်၌လာသော စိန်ပန်းနီလာပင်ကြီးတည်း။

ထိုအပင်ကြီးသည် နွေကြိုရာသီ၌ဆိုလျှင် ခရမ်းရောင်နုနု အပွင့်များဖြင့် လှပစွာဝေနေတတ်သည်။ သူ့ဧည့်သည်များ အားလုံးက ထိုအပင်ကြီးကိုကြည့်၍ ချီးမွမ်းစကား ဆိုတတ်ကြသည်။

ဥယျာဉ်ဧည့်ခံပွဲများ လုပ်သောအခါမျိုးတွင် အင်ဆိုင်ကလိုပီးဒီးယား ဗြိတိန်နိကား စွယ်စုံကျမ်းထဲမှ ဖတ်ထားကြောင်း ထိမ်ဝှက်လျက် ဤသစ်ပင်ကြီး၏အကြောင်း သူဗဟုသုတကြွယ်ဝပုံ အမျိုးသမီးဧည့်သည်များအား ထုတ်ကြွားရသည်ကို သူနှလုံးတွေ့သည်။

"ဟုတ်ကဲ့၊ ဒီအပင်ရဲ့ ရုက္ခဗေဒ အမည်ကတော့ 'ဆာဆီဆီလီကွာစထြမ်' လို့ ခေါ်ပါတယ်၊ အရှေ့တိုင်းမှာတော့ကာ အရွက်ကို သုပ်စားကြပါတယ်၊ ဒါပေမယ့်၊ အင်း... ဒါကတော့ အဓိပ္ပာယ်တော့ သိပ်မရှိပါဘူး၊ လူအများ သိကြတဲ့ ရှေးအယူအဆအတိုင်းပေါ့ဗျာ၊ ကျွန်တော့်တပည့်ကျော် အီတာလျံ အာထူရိုကတော့ အင်မတန် အယူသည်းတာကလား၊ ဒီသစ်ပင်ကို 'ဝိညာဉ်ပျောက်ဆုံးသူတို့ရဲ့ သစ်ပင်' လို့ ဆိုသဗျ"

လောလောဆယ်တွင် သူသည် သခွားခင်းနားတွင် သူ၏ ဥယျာဉ်မှူးအိုကြီး ဝီလဟမ်ကို တွေ့လိုက်ရ၏။ ဝီလဟမ်သည် အလုပ်ကျွမ်းကျင်ပေသည်။ သို့သော် သူသည် မြင်းတပ်မှ တပ်ကြပ်တစ်ယောက်ကဲ့သို့ ခေါင်းမာသည်။ သူသည် ခါးစည်းရှေ့ဖုံး အဝတ်စိမ်းကို ဆွဲဖြန့်ယင်း ဦးထုပ်ကိုချွတ်ကာ မိုရေးကို ဝတ်ကျေတမ်းကျေ နှုတ်ဆက်သည်။

မိုရေးက ပါးနပ်ယဉ်ကျေးစွာပင် "ကျွန်တော်တို့ နှင်းဆီပင်တွေကို သွားကြည့်ကြဦးစို့လား" ဟု ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သား နှင်းဆီခြံဘက်သို့ လာခဲ့ကြ၏။ အဘိုးအိုသည် ဤနေရာတွင် ကြည့်လိုက်တိုင်း နှင်းဆီပင်ပျက်များကို တွေ့ရ၍ မကျေမချမ်း ဆဲဆိုရေရွတ်ခဲ့ရသည်။

အပင်သစ်များ မည်ရွေ့မည်မျှ ပြန်စိုက်ရမည်ကို ယခုသူတို့ ရေတွက်ကြသည်။ ဝီလဟမ်ကြီး ထွက်သွားလျှင် ဆိပ်ကမ်းအုပ်ကြီး၏ ကလေးငယ်နှစ်ယောက်သည် မတ်စောက်သော ကုန်းတက်လမ်းအတိုင်း တက်လာကြသည်။

သူတို့၏ လက်ထဲတွင် မိုရေးအတွက် ပစ္စည်းပို့သော အကြောင်းကြားစာတစ်စောင် လက်မှတ်ထိုးယူရန် စာအုပ်နှင့်အတူပါလာ၍ ထုံးစံအတိုင်းပင် ကလေးနှစ်ယောက်စလုံး အမောတကောဖြစ်အောင် ပျော်ရွှင်လာကြသည်။ ဆူဇီက စာအိတ်ဝါကြီးကို ဆုပ်ကိုင်ထား၍ ဟန်းက လက်မှတ်ထိုးရန် စာအုပ်ကို ကိုင်ဆောင်လာသည်။

ကလေးများမှာ တောက်ပသော မျက်လုံးများဖြင့် ချစ်စရာ ကောင်းကြပေသည်။ မိုရေး၏အကျင့်ကို သိထားကြသဖြင့် သူတို့ရနေကျ ဆုလာဘ်များကို မျှော်လင့်ကာ သူတို့၏ မျက်နှာကလေးများမှာ ဝင်းလက်၍ နေကြသည်။ ထို့ကြောင့်ပင် မိုရေးသည် ဝိုင်အရက်သေတ္တာ နှစ်လုံးပို့လိုက်သည်ကို အကြောင်းကြားသည့်စာကို သေချာအောင် တစ်ချက်ကြည့်လိုက်ပြီးလျှင် မျက်နှာထားတင်းတင်းဖြင့် ခေါင်းယမ်းပြလိုက်ရင်း

"မင်းတို့က တယ်လိမ္မာတဲ့ ကလေးတွေကိုးကွ၊ မင်းတို့ကိုတော့ ဒဏ်ပေးရလိမ့်မယ်" ဟု ဆိုလိုက်၏။

ထို့နောက် မိုရေးက သူတို့အား သူ့တို့အလွန်နှစ်သက်သော ဆီးတော်ပင်ဆီသို့ ခေါ်သွားလေရာ ကလေးများလည်း ပျော်ရွှင်စွာ တခစ်ခစ်ရယ်မောယင်း လိုက်သွားကြလေသည်။ ဆီးတော်ပင်မှာ အသီးမှည့်များဖြင့် ဝင်းနေ၏။ မိုရေးက အကိုင်းတစ်ကိုင်းကို ဆွဲလှုပ်လိုက်ရာတွင် အသီးများ တဖုတ်ဖုတ် မြေကြီးပေါ်သို့ ကြွေကျပြီးနောက် လိမ့်သွားသည့် ဆီးတော်သီးများကို လိုက်ကောက်ကြယင်း ကလေးများ အော်ဟစ် ရယ်မြူးနေကြလေသည်။

သူတို့အိတ်များ ပြည့်မှပင် ပြန်လွှတ်လိုက်၏။ ထို့နောက်တွင် သူသည် နာရီကို ကြည့်လိုက်သည်။ နှင်းဆီပင်ပေါက်များကို သွားဝယ်ဖို့ အချိန်ကျပြီ။

သူသည် ကားဂိုဒေါင်ထဲမှ ဂျက်ဂွါအမျိုးအစား ပြိုင်ကားကို ရွေး၍ထုတ်ခဲ့၏။ အသက် ငါးဆယ့်ငါးနှစ်အရွယ် အေးအေးလူလူ အနားယူနေသော လူတစ်ယောက်အဖို့ အရှိန်ဖြင့် မောင်းနှင်ရသော ဤကားမျိုးသည် အရွယ်နှင့် မလိုက်လှဟု ထင်စရာဖြစ်သည်။

သူ၏ ဣန္ဒြေရသော အခြားသောကားများ ဖြစ်ကြသည့် ဟမ်းဘားအမျိုးအစား စတေးရှင်ဝက်ဂွန်နှင့် ဆစ်လဗားကလောက်ပုံစံ ရိုးလစရွိုက်တို့နှင့် စာသော် သူ၏ ပြိုင်ကားသည် သူနှင့် ပိုပြီး မသင့်တော်သယောင် ဖြစ်နေသည်။ သို့သော် သူသည် စိတ်ပျိုကိုယ်နု ဆိုသကဲ့သို့ အရွယ်တင်သူ ဖြစ်၏။

သူ၏ခန္ဓာကိုယ်မှာ သွယ်သွယ်လျလျ အချိုးအစားကျ၍ သူ၏အပြုံးမှာ တဘက်သားကို ဆွဲဆောင်စွမ်းသော ထူးခြားနှစ်လိုဖွယ်ရှိသော သဘာဝအပြုံး၊ လူငယ့်အပြုံး။

အစတွင် ကားလမ်းသည် စားကျက်တောကိုဖြတ်၍ သွားသည်။ လည်ပင်းမှ ခလောက်ကြီးတွေ တဒေါင်ဒေါင်နှင့် နွားညိုမတို့သည် တအိအိ တလှုပ်လှုပ် ရွေ့လျားမြက်စားနေကြသည်။

အနိမ့်ဘက်က လယ်ကွင်းများတွင် ယောက်ျား မိန်းမတို့သည် ကောက်ရိတ်လျက် ရှိကြသည်။ သူသည် ကလေးသူငယ်များကို ခင်မင်ကြင်နာတတ်သူ ဖြစ်သောကြောင့် ဤနေရာမှလူများက သူ့ကို ကောင်းစွာ သိကျွမ်းခင်မင်ကြသည်ဖြစ်ရာ အချို့က သူတို့၏လုပ်ငန်းကို ရပ်ဆိုင်း၍ မိုရေးအား လှမ်း၍ လက်ပြနှုတ်ဆက်ကြ၏။

သူကလည်း ဤဒေသရှိ တံပိုးခရာများ ဆွဲဆွဲငင်ငင်မှုတ်၍

ကျင်းပလေ့ရှိသော တောမင်္ဂလာဆောင်များ၊ ရှေးရိုးမပျက် စီတန်းလှည့်လည်ပွဲများ၊ သူ၏မွေးနေ့တွင် လာရောက်၍ တီးခတ်ဖျော်ဖြေကြသည့် ကျေးရွာ တီးဝိုင်းအဖွဲ့များ အစရှိသည့် တောရွာဓလေ့ ပွဲလမ်းသဘင်တို့တွင် သူ့ကိုယ်သူ လူချစ်လူခင်များအောင် အပင်ပန်းခံ၍ လုပ်ထားသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့်ပင် သူသည် မြို့အစွန်သို့ ရောက်လာသည်။ လမ်းများသည် တိုက်ချွတ် ဆေးကြောထားသကဲ့သို့ ပြောင်စင်နေကြသည်။ တရုတ်ကတ်စိမ်းနှင့် အိမ်ဖြူကလေးများ၏ ပြတင်းဝရှိ ပန်းစိုက်သေတ္တာကလေးများတွင် ကြွေပန်းပင်၊ ဖယောင်းပန်းပင်ကလေးများဖြင့် အားလုံး တိတ်ဆိတ်ငြိမ်သက် သပ်ရပ်၍ ကြည်လင်ရှင်လန်းနေသော ဤအရပ်တွင် ဘယ်အခါမှ အခြေမပျက်တော့မည့်ဟန်၊ ထိုအရပ်ရှိ လူများသည်လည်း ရိုးသားဖြောင့်မတ်သော စိတ်၊ ယဉ်ကျေးသိမ်မွေ့သော စိတ်ထားတို့ကို ထာဝရ လက်ကိုင်ထားကြမည့်ဟန် ထင်ရ၏။

မျက်မှောက်ခေတ်အခါတွင် တလောကလုံး၊ ရှုးသွပ်နေဘိသကဲ့သို့ အနှစ်သာရ အလျှင်းမရှိသော ရိုင်းစိုင်းသော လူတို့မှဝေးရာ ဤနေရာမျိုးသို့ လာရောက်အခြေချမိသည်မှာ ကောင်းလေစွ၊ မှန်လေစွဟုလည်း အောက်မေ့မိပြန်သည်။

အမေရိကန်ကုမ္ပဏီမှ သူ၏ စီးပွားဖက်ဖြစ်ခဲ့သူ ဟိုးလဘရုကမူ ဤအဆုံးအဖြတ်ကို ကန့်ကွက်ခဲ့သေးသည်။ သို့ရာတွင် သူ့မှာ ဤနေရာမျိုးတွင် နေရသဖြင့် ဇာတ်မြုပ်နေရသည်ကား မဟုတ်။ ဂီတပညာရှင် အကျော်အမော် ဝဂ္ဂနာသည် ဤဒေသသို့လာ၍ ဧနစ်နှစ်တိုင်တိုင် ပျော်ပျော်ရွှင်ရွှင် နေထိုင်ကာ ကမ္ဘာကျော်ရစ်မည့် တေးသီချင်းများကို ရေးစပ်ခဲ့ဖူးသည်မဟုတ်လော။

ဝဂ္ဂနာသည် ရပ်ရွာမီးသတ်တပ်ဖွဲ့အတွက် တပ်ချီတေးတစ်ပုဒ်ကိုပင်ရေးစပ်ပေးခဲ့သေးသည် မဟုတ်လော။ ဤအတွေးကို တွေးမိရာတွင်ကား မိုရေးသည် ပြုံးလိုက်မိသေး၏။ ကဗျာဆရာကြီးများ ဖြစ်ကြသော ရှယ်လီနှင့် ဘိုင်ရွန်တို့လည်း ဤအနီးအနားဝန်းကျင်တွင် အကြာကြီး လာနေသွားကြဖူးသေးသည် မဟုတ်လော။ ထိုမှတစ်ပါးလည်း ယခုပင် မဲလစဗတ်မြို့တွင် ခင်မင်နှစ်သက်ဖွယ်ရာ စာပေအနုပညာရှင် လူကောင်းသူကောင်းတစ်စုလည်း ရှိနေပေသည်။ သူတို့အထဲတွင် မဒမ်အော်လတီရှိုဖာသည်လည်း အပါအဝင် ဖြစ်ပေသည်။

ယခု သူသည် နှင်းဆီပျိုးခင်းသို့ ရောက်လာပြီဖြစ်၏။ သူသည် သူ့စိတ်ကြိုက် နှင်းဆီမျိုးများကို သူကိုယ်တိုင် ရွေးချယ်ကာ ဝီလဟမ်ကြီးအကြိုက် ရွေးချယ်သည့် စာရင်းတွင် ဖွတ် ထည့်သွင်းလေသည်။ နောင်အခါတွင် သူ့အပင်တွေ သေကုန်ကြပြီးလျှင် အခြားအပင်တွေ ရှင်သန် ကြီးထွားလာကြမည်ကို

သိလျက်ဖြင့်ပင် အတင်းစာရင်းထည့်၍ ဝယ်ခိုင်းခဲ့၏။

ပြီးနောက် အချိန်အနည်းငယ် စောသေးသည်နှင့် သူသည် မဲလစဗတ်မြို့ထဲသို့ ဝင်လျက် အခြားဝယ်စရာ ရှိသည်တို့ကို ဝယ်ရန် ဆုံးဖြတ်လိုက်၏။

မြို့မှာ လူရှင်းနေသဖြင့် သာယာနေ၏။ ပါးစပ်ဟောင်းလောင်းဖြင့် ဟိုငေးသည်ငေး လျှောက်ကြည့်နေကြသော တစ်မြို့သားများလည်း မရှိကြတော့။ ရေအိုင်နံဘေး လမ်းများမှာလည်း လမ်းလျှောက်သူ မရှိသလောက် ရှင်းနေ၏။ ဤရာသီကို မိုရေးကြိုက်သည်။

ဘုရားရှိခိုးကျောင်းက နှစ်ညွှန့်ပြိုင် စုလစ် မွမ်းချွန်တို့သည် ရေးကထက်ပို၍ မိုးကောင်းကင်ထဲသို့ စူးဝင်နေဟန်ရှိကာ မီးမောင်းများ ထိုးထားလေ့ မရှိတော့သော ရှေးခံတပ်ဟောင်းများ တဝိုက်မှာလည်း ဟောင်းအို မှောင်မှိုင်းသည့် ပကတိအသွင်အတိုင်း ပြန်ဖြစ်နေကြသည်။

မိုရေးသည် ကားကို သော့ပင်မခတ်ဘဲ သူ့အကြိုက် ဆိုဗရာနီစီးကရက်များ ဝယ်ရန် ဆေးလိပ်ဆိုင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့၏။

ထို့နောက် နာမည်ကျော် မေယာ ကိတ်မုန့်တိုက်သို့ ကူးခဲ့ပြီးလျှင် အမေရိကန် ပြည်ထောင်စုနိုင်ငံ ကွန်နက်နီကတ်ပြည်နယ် စတန်ဖို့မြို့ရှိ ဟိုးလဘရ၏ ကလေးများထံသို့ ချော့ကလက်ထုပ်ကြီး တစ်ထုပ် ဝယ်ပို့လိုက်၏။ ဤမြို့တွင် ဈေးဝယ်ရသည်မှာ ပျော်ဖွယ်ကောင်းသည်။

ဘယ်ဆိုင်ဝင်လိုက် ဝင်လိုက် ဖော်ဖော်ရွေရွေ ဆက်ဆံသူများနှင့် အပြုံးချည့်တွေ့ရသည်။ သူ၏ မသိစိတ်က နှိုးဆော်သဖြင့် သူ၏ ခြေလှမ်းများသည် လျူရှနာ ပန်းချီဆိုင်ခန်းဆီသို့ ဦးလှည့်ခဲ့၏။ စိတ်အလိုသို့ လိုက်ခဲ့မိပြန်ပြီကောဟု တွေးမိကာ စိတ်တွင်းမှ သူ့ကိုယ်သူ ရယ်သွမ်းသွေးမိလျက် ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်း လုပ်လိုက်မိသေးသော်လည်း ဗီလား၏ ပတ်စတယ်ခေါ် မြေဖြူခဲရောင်စုံ ပန်းချီကားကလေးကို သတိရလိုက်မိသည်တွင် သူသည် ဆိုင်ခန်းထဲသို့ ရောက်လာခဲ့လေသည်။

ပုပုဝဝနှင့် သပ်ရပ်ပြုံးရွှင်စွာ နေတတ်သော လူပါးလူနပ် လျူရှနာသည် ဘောင်းဘီရှည်အစင်း နံနက်ခင်းဝတ် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်လျက် သူ၏ရုံးခန်းတွင် ရှိနေသည်။ သူက မိုရေးအား ရိုသေလေးစားစွာပင် တရင်းတနှီး ဖော်ရွေစွာ နှုတ်ဆက်လိုက်ပြီးနောက် ရာသီဥတုအကြောင်း စကားစပ်မိကြသည်။

ရုတ်တရက် လျူရှနာက ပုံဆွဲစက္ကူပေါ်တွင် ဆွဲထားသည့်

အရုပ်ကားချပ်များကို ညွှန်ပြရင်း "ဒါတွေလဲ အတော်ကောင်းတယ်ဗျ၊ ဈေးလဲ သက်သာတယ်၊ ကန်ဒင်စကီဟာ တော်သလောက် မကျော်ရှာတဲ့ လူ" ဟု ပြောလိုက်၏။

မိုရေးက ကန်ဒင်စကီကို စိတ်မဝင်စား။ သို့သော် သူသည် ထိုကားများကို ဆယ့်ငါးမိနစ်ခန့် စေ့စပ်စွာ ကြည့်နေလိုက်မိ၏။ ထို့နောက် သူ့ဦးထုပ်ကို ကောက်ယူလိုက်ပြီးတွင်မှ "ဒါနဲ့ ကျုပ်တို့ အရင်တစ်ပတ်က ကြည့်ခဲ့တဲ့ ဗီလားရဲ့ ကားကလေး ရှိဦးမယ် ထင်ပါ့နော်" ဟု အမှတ်တမဲ့ မေးလိုက်သည်။ "ရှိသေးတယ်လို့ ဆိုပါတော့ဗျာ" ဟု လျူရှုနာက ဣန္ဒြေကြီးဖြင့် ပြော၏။

"အမေရိကန် တစ်ယောက်က အဲဒီကားကို သိပ်ကြိုက်နေတယ်၊ ဗီလာဒဲလဖီးယားက အနုပညာ ပြတိုက်မှူးပေါ့" ဟု ဆက်ပြောသည်။

မိုရေးစိတ်ထဲက ထိတ်လန့်သွားသော်လည်း "ဖြီးမနေစမ်းပါနဲ့ဗျာ" ဟု လှောင်ပြောင်လိုသည့် သဘောဖြင့် ခေါင်းကို ယမ်းပြလိုက်ယင်း "ခင်ဗျားက မတန်တဆ ဈေးဆိုတုန်းပဲလားဗျ၊ တကယ်တော့ ဒီကားဟာ ပတ်စတယ်လေးပဲဗျာ" ဟု ပြောလိုက်၏။

"ပတ်စတယ်က ဗီလားနိုင်တဲ့နည်းကိုဗျ၊ ပြီးတော့ ကျွန်တော်ပြောရင် ယုံပါဗျာ၊ ဒီကား ဒီဈေးနဲ့ရတာ တန်ပါတယ်၊ ခင်ဗျာ့နှယ် တစ်နေ့က လန်ဒန်မှာ အလကား စထရော်ဗယ်ရီသီးကလေး လေးငါးခြောက်လုံးလောက်ကို စုတ်ချက် ခပ်ကြမ်းကြမ်းကလေး သုံးလေးချက်နဲ့ ဆွဲထားတဲ့ ရီနွားရဲ့ ကားတောင်မှ ပေါင်နှစ်သောင်းနဲ့ အရောင်းအဝယ် ဖြစ်သေးတာ၊ ဒီကားကလေးက တကယ့်အဖိုးတန် အင်မတန်ရှားတဲ့ ကားကလေး၊ ရတနာကလေးပဲ၊

အခု ခင်ဗျား ဝယ်စုထားတဲ့ ကားတွေထဲမှာ ထိုက်ထိုက်တန်တန် ဝင်မယ့်ဟာမျိုး ဖြစ်နေတာတောင် ကျွန်တော်က ဒေါ်လာ တစ်သောင်းကိုးထောင်တည်းပဲ တောင်းပါတယ်၊ ခင်ဗျားဝယ်လိုက်ရင်။ အတင်းတော့ မတိုက်တွန်းပါဘူးနော်၊ တကယ်က ဒီကားက ရောင်းပြီးသားလို ဖြစ်နေတာပါ၊ ခင်ဗျား ဝယ်လိုက်ရင် မမှားဘူးဗျ"

ဆေးရောင် မသဲကွဲသည့်နံရံတွင် ချိတ်ဆွဲထားသော ထိုပတ်စတယ် ပန်းချီကားကလေးကို ပထမအကြိမ် သူတို့နှစ်ယောက် အတူ ကြည့်ကြသည်။

ပန်းချီကားကလေးမှာ တကယ်ပင် ချစ်စရာကောင်းလှ၍ သူ့အကြိုက် အကြောင်းအရာမျိုး ဖြစ်၏။ ဇာတ်မင်းသမီးကြီး မဒမ်မီလိုနှင့် သူ၏သမီးကလေးတို့ စကားစမြည် ပြောနေကြသည့်ပုံ။

သူ၏လည်ပင်း၌ တင်းကျပ်လာ၏။ ဤကားကလေးကို သူ့အိမ်မှာ ရှိပြီးသား စစ္စလီ၏ပန်းချီကားနှင့် မျက်နှာချင်းဆိုင်တွင် ချိတ်ရန် သူအရဝယ်မှ ဖြစ်တော့မည်။ ရောင်းဈေးကား ထိတ်လန့်စရာဖြစ်သော်လည်း သူတတ်နိုင်ပါသည်။

သူ့မှာ ငွေကြေးပြည့်စုံပါသည်။ ထို့ပြင်လည်း နှစ်ရှည်လများ ဘာမှ အနှစ်သာရမရှိသော အလုပ်မျိုးနှင့် အဆင်မပြေသော အိမ်ထောင်ရေး ပြဿနာများဖြင့် ကျင်လည်နပန်းလုံးခဲ့ရသော သူ့အဖို့ သူလိုချင်သမျှအားလုံး မရယူသင့်ပေဘူးလော။

သူသည် ချက်လက်မှတ်ကို ရေးပေးလိုက်ပြီးနောက် ပန်းချီကားကို ချိုင်းတွင်ညှပ်လျက် ကျေနပ်နှစ်သိမ့်စွာဖြင့် ထွက်ခွာလာခဲ့သည်။

ဤပန်းချီကားကလေးကို ဖရီဒါဗွန်အော်လတီရှိုဖာသာ မြင်ရလျှင် တအံ့တသြ ချီးမွမ်းတော့မည်ဟု သူထင်သည်။ဖရီဒါကို သူ ၅ နာရီတွင် ဖိတ်ထားသည်။ ထိုအချိန်အတိမှာပင် ဖရီဒါရောက်လာ၏။ ဤတစ်ခေါက်တွင် သူစီးနေကျ ဒေါ်ဖင်း ကားစုတ်ကလေးနှင့် မဟုတ်၊ ခြေကျင်လျှောက်လာသည်။

သူနေသည့် ဆီးဗတ်ရဲတိုက်ခေါ် တန်းလျားရှည်ကြီးပမာ အိမ်အိုကြီးသည် ရေအိုင်၏ တစ်ဘက်ကမ်းတွင် ရှိသည်။ Eည့်ခန်းထဲသို့ ဖရီဒါ ဝင်လာလျှင်ပင် မိုရေးက ဖရီဒါ၏ လက်နှစ်ဘက်စလုံးကို ဆုပ်ကိုင်ကာ ကုတ္တို့ဖြင့် ရေအိုင်ကိုဖြတ်၍ သူ့အိမ်ကုန်းတက်လမ်း မတ်စောက်စောက်ကြီးကို ခြေကျင်တက်လာ ကောင်းလေ့လောဟု အပြစ်တင်သည်။

တကယ်ဆို အာထူရိုကို လွှတ်မခေါ်ခိုင်းရပါလော။ ဖရီဒါက ပြုံးလျက် “ပါတီကို သွားတော့လဲ ရှင့်ကားနဲ့ပဲ သွားရမှာမို့ ကျွန်မကားကို ယူမလာတာပါ” ဟု ပြောသည်။ သူသည် အင်္ဂလိပ်စကားကို ရေရေလည်လည် ပြောတတ်သည်။ အချို့ စကားလုံးများကို ခပ်ခွဲခွဲ ခပ်ဝဲဝဲဖော့၍ ပြောသည်။

“ကဲ၊ အခု ခင်ဗျား လက်ဖက်ရည်သောက်လိုက်ဦး၊ တော်ကြာ ရေသာသာဝိုင်ကျဲကျဲကလွဲလို့ ဘာမှရမှာ မဟုတ်ဘူး”

“ရှင်က တယ်ကြိုမြင်တတ်တာကိုး”

ဖရီဒါက သူ၏ လက်အိတ်များကို ချွတ်ယင်း သိမ်မွေ့စွာ ထိုင်လိုက်သည်။ သူ၏ လက်ချောင်းများသည် ပျော့ပျောင်းသော်လည်း သန်မာသည်။ လက်သည်းများကို ပြောင်စင်နေအောင် ပွတ်တိုက်ထားသော်လည်း အရောင်တင်မထားချေ။

အာထူရိုက လက်ဖက်ရည်ပွဲပြင်၍ ဘီးတပ်စားပွဲဖြင့် တွန်း၍ယူလာစဉ်တွင်

မိုရေးသည် ဖရီဒါအား စူးစိုက်ကြည့်ရင်း အကဲခတ်နေမိသည်။ ပျို့ရွယ်စဉ်ကမူကား မိန်းမလှတစ်ယောက် ဖြစ်ပေမည်။

အရိုးအဆစ် ပြေပြစ်သည်။ ယခု အသက်လေးဆယ့်ငါးနှစ် ဝန်းကျင်၌ပင် လေကောင်းလေသန့် မှန်မှန်ရှူခြင်း၊ လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းတို့ဖြင့် သူ၏ကိုယ်လုံး ကိုယ်ပေါက်တောင့်တင်းလှပလျက်ပင် ရှိသည်ဖြစ်ရာ သူသည် မိန်းမချော မိန်းမလှတစ်ယောက်ပင် ဖြစ်သည်။

အထူးခြားဆုံး လက္ခဏာမှာ ညိုဝါရောင်တွင် အစိမ်းနှောသည့် သူ၏မျက်ဝန်းတွင် အနက်ပြောက်ကလေးများ ရှိခြင်းဖြစ်၏။ မိုရေးကအရဲစွန့်၍ ချီးမွမ်းစကားပြောခဲ့ဖူးစဉ် ဖရီဒါက ပြုံးလျက် “ကြောင်မျက်လုံးတွေပေါ့ရှင့်၊ ဒါပေမယ့် ကျွန်မက မကုတ်တတ်ပါဘူး၊ ကုတ်ခဲသားပဲ ဆိုပါတော့ရှင်” ဟု ပြန်ပြောခဲ့လေသည်။

ဖရီဒါသည် လောကဓံကို အတော်ကလေး ကြုံခဲ့ရဟန်တူသည်ဟု မိုရေးသည် ကရုဏာဖြင့် တွေးနေမိသည်။ သို့သော် ဖရီဒါက သူ့အကြောင်းကို မည်သို့သောအခါကမှ ထုတ်ဖော်ပြောမပြ။

သူ့မှာ ငွေကြေး အလွန်ကျပ်တည်းလျက် အဝတ်အစားလည်း များများစားစား မရှိတော့။ သို့သော် ရှိသမျှကလေးမှာကား ပုံပန်းကျနသော အထည်များ၊ လက်ချုပ်ဖိနပ်များမှအစ အကောင်းစား ကလေးများ ဖြစ်ကြ၍ သူသည် ဟန်ကျပန်ကျ ဝတ်ဆင်တတ်သည်။ သူ့မျက်နှာပေးနှင့် အမူအရာအားလုံးတွင် အထက်တန်းစားလက္ခဏာက ပေါ်လွင်လျက်ရှိ၏။

“ရှင့် လက်ဖက်ရည်ကတော့ အမြဲတမ်းပဲ၊ သိပ်ကောင်းတာပဲရှင်”

“ရွှမ်းဆီးအိုင်က ရေက နည်းနည်းလေးတော့ လက်ဖက်ခြောက်ကိုလဲ အဲဒီရေနဲ့လိုက်အောင် ပြုပြင်ပြီး အစပ်ခိုင်းရတယ်”

"ဘာမဆို ကိုယ့်စိတ်ကြိုက်ဖြစ်အောင် လုပ်နိုင်တာ သိပ်ကောင်းတာပေါ့နော်” ဟု ပြောလျက် အပေါ်သို့မော့ကြည့်ယင်း တန်းလန်း တစ်စုံတစ်ခုကို မြင်၍ “အို၊ ရှင် ဒါကို ဝယ်လိုက်ပြီကိုး” ဟု အံ့အားတသင့် ဆိုလိုက်၏။

ဗီးလားပန်ချီကားကလေးကို နံရံပေါ်တွင် ချိတ်ထားပြီးဖြစ်၏။ ဖရီဒါသည် စိတ်လှုပ်ရှားစွာပင် ထိုင်ရာမှထပြီးလျှင် ပန်းချီကားကလေးရှိရာသို့ သွားကြည့်သည်။

“ပန်းချီဆိုင်က ပြခန်းမှာထက် ဒီမှာက ပိုကြည့်ကောင်းလိုက်တာနော်၊ ခွေးခြေကလေးပေါ်က ကလေးကလဲ သိပ်ချစ်စရာ ကောင်းတာပဲနော်” ဟု

ပြောပြီးလျှင် သူ့ပတ်ပတ်လည်ရှိ ရှေး ဆယ့်ရှစ်ရာစုခေတ်က အိမ်ထောင်ပရိဘောဂများ၊ ဂေါ်ဂန်၏ပန်းချီကား၊ ဒေးဂါး၏ ကိုယ်လုံးတီး ပန်းချီကား၊ ဥထြီလို၏ ပျိုရွယ်စဉ်က လက်ရာများကို လှည့်ပတ်ကြည့်လျက် နေ၏။

"ရှင့်အခန်းကလေးကို ကျွန်မသိပ်ချစ်တာပဲရှင်၊ အလှအပတွေကြားထဲမှာ ကိုယ့်ဘဝကိုယ် မြုပ်နှံပြီး နေလို့ရတာပေါ့၊ ပြီးတော့ ကိုယ့်အစွမ်းအစနဲ့ ကိုယ်ရထားတာတွေဆိုတော့ ပိုကောင်းတာပေါ့" ဟုလည်း ပြောသည်။

မိုရေးက "ကျွန်တော်နဲ့ အဲဒါတွေနဲ့ ထိုက်တန်ပါရဲ့လို့ အောက်မေ့တယ်၊ ကာလသားဘဝ ကျွန်တော် စကေ့ဒတလန်မှာ နေတုန်းက ကျွန်တော်ဟာ အင်မတန်ကို ဆင်းရဲခဲ့ပါတယ်" ဟု ပြောနေယင်းမှ အနည်းငယ် စကားထစ်ငေါ့သွားသည်။

ဆရာဝန်က သူ့ကို အတိတ်ကအကြောင်းများကို ဘယ်တော့မှ ပြန်မတွေးပါလေနှင့်ဟု မှာထားသည် မဟုတ်ပါလော။ "ဒါပေမယ့် ခင်ဗျားကတော့ စစ်ဖြစ်တဲ့အထိ အတော်...၊ အတော်ကလေး ခမ်းခမ်းနားနား နေခဲ့ရတယ် မဟုတ်လား" ဟု မိုရေးက ဆက်ပြောလိုက်သည်။

ဖရီဒါက ခပ်ပေါ့ပေါ့ပင် "ဟုတ်ကဲ့၊ ဟိုတုန်းကတော့ ပြည့်စုံခဲ့ပါရဲ့" ဟု ပြန်ပြောသည်။ ဤစကားများကို သူ၏ပြုံးယောင်ယောင် နှုတ်ခမ်းဖျားမှ ထုတ်ပြောလိုက်ပုံမှာ ခန့်ထည်လှသည်။

သူသည် အစဉ်အဆက် ကြွယ်ဝခဲ့သော ဂျူးနွယ် မှူးမတ်ငယ် အဆင့်ရှိသူ အော်လတီရှိုဖာ၏ ကြင်ယာမုဆိုးမ ဖြစ်သည်။ ယောကျ်ားဖြစ်သူသည် စစ်ဖြစ်စအခါတွင်ပင် သေနတ်ထိ၍ သေဆုံးသည်။ ဖရီဒါသည် သူ့ယောကျ်ားနှင့် အယူဝါဒချင်း မတူသော်လည်း နောက်သုံးနှစ်ကြာ စစ်အချုပ်စခန်းတွင် နေခဲ့ရလေသည်။

လွတ်လာသောအခါ သူ့မှာ ဆီးဗတ်ရဲတိုက်မှ လွဲ၍ ဘာတစ်ခုမှမကျန်တော့။ ဖရီဒါသည် ထိုရဲတိုက်မှာပင် သူ့ဘဝကိုသူ သတ္တိရှိစွာဖြင့် ပြန်လည်ထူထောင်ခဲ့ရလေသည်။ မိတ်ဆွေသင်္ဂဟများက သူ၏ကျယ်ဝန်းသောရဲတိုက်ကြီးနှင့် ပေါင်းပင်များထလျက်ရှိသော ဥယျာဉ်သို့ ပျော်ပွဲစားသဘော အခကြေးငွေပေး လာနေလေ့ရှိကြသည်။

ဆီးဗတ်ကို အကြောင်းပြု၍ အလွန်စည်းလုံးသော မိတ်သင်္ဂဟအသိုင်းအဝိုင်းကလေး ဖြစ်ပေါ်လာသည်။

"ဒီရဲတိုက်ကြီးကို ဟိုရှေးခေတ်က အိမ်ထောင် ပရိဘောဂတွေ

ပြန်ထည့်ထား၊ ဥယျာဉ်ကြီးကို ပြန်စိုက်ပြီးတော့ နဂိုအတိုင်း ဖြစ်အောင် လုပ်ထားရယင် သိပ်ပျော်စရာ ကောင်းမှာပဲ” ဟု ဖရီဒါ တစ်ခါက ပြောဖူးသည်။

သူ့ကိုများ စကားဆွယ်နေသလောဟု မိုရေးက တွေးဖူးသည်။ နောက် သူ့ဘာသာ အတွေးခေါင်ခြင်း ဖြစ်ပါလိမ့်မည်ဟု မိုရေးဆက်တွေးခဲ့မိသည်။

ရုတ်တရက်ပင် မိုရေးက သူ၏နာရီကို ကြည့်လိုက်သည်။

“ကဲ... အဆင်သင့်ပဲဆိုယင် သွားကြမှ ထင်တယ်“

သူတို့သည် ကားကြီးဖြင့် သွားကြသည်။ သူ့တွင်ရှိသမျှအနက်က အကောင်းဆုံး အပြာရောင်ဝတ်စုံ ဆင်ထားသော အာထူရိုက မောင်းသည်။ ကားနောက်ခုံတွင် ဘေးချင်းယှဉ်၍ ထိုင်လျက် အလယ်က ကူရှင်လက်တင်ပေါ်တွင် လက်မောင်းချင်းထိလျက် မိုရေးမှာ စိတ်ကူးယဉ်ရွှင်လန်းလျက်ရှိ၏။

သူ၏ အိမ်ထောင်ရေးမှာ အဖတ်ဆယ်မရအောင် ပျက်ပြားခဲ့ရသော်လည်း အလုပ်မှ အနားယူလိုက်ကတည်းက သူ၏ စိတ်ရောဂါကု ဆရာဝန် ဒေါက်တာဝီလင်းစကီး၏ ခပ်နောက်နောက် စကားအတိုင်း ‘နောက်တစ်ချီတစ်မောင်း ထပ်စမ်းကြည့်’ ဖို့ အလေးအနက် စဉ်းစားခဲ့ဖူးသည်။

ယခုအထိမူ သူ၏စိတ်ကူးများသည် ငယ်ငယ်နုနုကလေးများ၌သာ ကျက်စားခဲ့သည်။ ဖရီဒါမှာ မနုပျိုတော့။ သို့သော် ဖရီဒါသည် သန်မာဖျတ်လတ်သော မိန်းမတစ်ယောက်ဖြစ်၍ သူ့မှာ မထင်မိသော ငယ်မူငယ်သွေး မကုန်သေးသူမျိုး ဖြစ်နိုင်သည်။

အခြားသော လူမှုကိစ္စအဝဝတွင်လည်း သူသည် မယားကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။ မြို့ထဲသို့ ရောက်ကြသော် သူတို့သည် အများပြည်သူ့ ပန်းဥယျာဉ်မှ ရေပန်း ရေကန် အုတ်ဘောင်ဝိုင်းကို ပတ်မောင်းကာ ပွဲတော်ကျင်းပရာ အနုပညာခန်းမဆောင်ရှေ့တွင် အာထူရိုက ကားကို ထိုးရပ်လိုက်၏။

“ဒီပွဲကို သံတမန်အဖွဲ့ထဲက ကျွန်မမိတ်ဆွေတချို့လဲ ဘန်းက တက်လာကြလိမ့်မယ် ထင်တယ်၊ ရှင် သူတို့နဲ့ တွေ့ချင်မှာပဲ မဟုတ်လား” ဟု ဖရီဒါက ပြောသည်။

မိုရေးလည်း အတော်ပင် သဘောကျသွားသည်။ သူက ဂုဏ်မက်တတ် မဟုတ်၊ တကယ်ပင် ဂုဏ်မမက်တတ်။ သို့သော်လည်း လောကတွင် တွေ့သင့် သိသင့်သူများနှင့် တွေ့ဆုံ သိကျွမ်းရမည်ကိုကား သူနှစ်ခြိုက်ပါသည်။

“ဖရီဒါက တယ်ချစ်စရာ ကောင်းတာပဲ” ဟု

ရင်းနှီးစွာစောင်းငဲ့ကြည့်လိုက်ယင်း ပြောသည်။

ခန်းမရှည်ကြီးမှာ လူများဖြင့် ပြည့်လျက် ဆူဆူညံညံ ရှိလှသည်။ ဤနယ်ရှိ ထင်ရှားသူ အများစုနှင့် ပွဲတော်တွင် ဖျော်ဖြေမည့် ပညာသည်များ ရောက်ရှိနေကြ၏။ သူတို့အား အမျိုးအမည် မထင်ရှားသည့် ခပ်နွေးနွေးသောက်စရာတစ်မျိုး လာပေးသောအခါ ဖရီဒါက မိုရေးအား စပ်ဖြဲဖြဲ အကြည့်ဖြင့် စွေကြည့်လိုက်ရာ မျက်လုံးချင်း ဆုံမိကြသည်။

"ရှင် ပြောတာ သိပ်ဟုတ်တာပဲ၊ ရှင်တိုက်တဲ့ လက်ဖက်ရည်ကလေးကို သောက်ခဲ့မိပေလို့သာပဲ၊ ရှင်နဲ့ လာခဲ့ရတာကိုလဲ ဝမ်းသာမိပါ့ရှင်" ဟု ပြောချင်သည်မှာ ထင်ရှားပါသည်။ နောက် ဖရီဒါက မိုရေးကို သူ့လက်တံတောင်ဖြင့် အသာအယာ ဖိတွန်းလျက် လူအုပ်ထဲမှ တိုးသွားကာ ဂျာမန်နှင့် ဩစတြီးယား သံအမတ်များနှင့် မိတ်ဆက်ပေးသည်။ သံအမတ်များက ဖရီဒါအား ချစ်ခင်လေးစားစွာ နှုတ်ဆက်ကြသည်ကို မိုရေးသတိပြုမိ၏။

သူတို့ ထိုနေရာမှ ထွက်ခဲ့ကြသည်တွင် ခပ်လှမ်းလှမ်းဆီမှ ကြေးကြယ်သီးတပ် ဘလေဇာကုတ် အပြာ သမင်ရောင် ပွရောင်းရောင်း ဘောင်းဘီရှည်နှင့် သားရေဖိနပ် ခပ်ပွန်းပွန်းတို့ဖြင့် တန်ဆာဆင်ထားသော ဗြိတိသျှသားဖြစ်ငြား ဟေးလားဝါးလားနေတတ်သူ ကြည့်ပျော်ရှုပျော် သွားတုတပ်လျက် အရက်ခိုးလျှံသော မျက်လုံးရှိသူတစ်ယောက်က ဝမ်းသာအားရ အော်ဟစ် နှုတ်ဆက်သည်။

မိုရေးက ဝတ်ကျေတန်းကျေ ပြန်၍ လက်ပြလိုက်သည်။ ဤဒေသမှ သတင်းစာတစ်စောင်တွင် အာဝဇ္ဇန်း ရွှင်ရွှင်ဖြင့် ခပ်စပ်စပ်ကလေး အဖျားခတ်တုပ်တတ်သည့်လူမှုရေး ဆောင်းပါးခန်းရေးလျက် လန်ဒန်နေ့စဉ် သတင်းစာတစ်စောင်၏ သတင်းထောက်ဖြစ်သူ အာချီစတင့်ချ်ကို သူမတွေ့လိုပေ။ မိုရေးသည် ခဏခဏ အတုပ်ခံရဖူးသည်။

ကံအားလျော်စွာပင် သူနှင့် ဖရီဒါတို့သည် သူတို့မိတ်ဆွေရင်းများ ဖြစ်ကြသော ထိုဒေသမှ တည်းခိုအိမ်ပိုင်ရှင် မဒမ်လူဒင်နှင့် သူ၏ခင်ပွန်းသည် ချူနာသည်ကလေးတို့နှင့်အတူတောင်တက်သမား သီချင်းအဟစ်ကောင်းသည့် ဒေါက်တာအယ်လပင်စတုခ်တို့ စုဝေးရာ ပြတင်းကျယ်ကြီးနားသို့ ရောက်နေကြသည်။

သားမွေးတဘက်ကို ပခုံးပေါ်၌ ကပိုကရိုတင်လျက် ရိုက်ျိုးချို့ရွှင်စွာ ပြုံးပြတတ်သည့် 'ဂါလီ' ဟု အများသိသော ရုရှမင်းသမီး ဂါလီယာတင် ပါရှိနေသည်။ ဂါလီသည် နားပင်းနေ၍ စကားပြောခဲသည်။ စားဖို့အရေးဆိုလျှင် နေရာတကာ ရောက်သည်။ သူအမြဲဆောင်သည့် အက်ကွဲနေပြီ ဖြစ်သော သားရေလက်ပွေ့အိတ်

ဖောင်းဖောင်းကြီးထဲသို့လည်း စားစရာများ ထည့်ယူသွားတတ်သေးသည်။

ထိုညှော့ပရိတ်သတ် အာရုံစူးစိုက်လျက်ရှိသူမှာ လီယိုနိုရာစပင်ဂလာ ဆိုသူအမျိုးသမီးဖြစ်၍ ထိုနေရာသို့သူတို့ချဉ်းကပ်လာသည်တွင် ဖရီဒါက "ကဲ... ကျွန်မတို့ လီယိုနိုရာ တောပစ်သွားတဲ့ ဇာတ်လမ်းစုံကို ကြားကြရတော့မယ်" ဟု လေသံအုပ်အုပ်ဖြင့် ပြောဆိုလိုက်သည်။

လီယိုနိုရာကား ဆွစ်ဇာလန်ပြည်တွင် အချမ်းသာဆုံး နိုင်ငံခြား ဒိန်ခဲ ကုန်ကူးသဌေး ဟာမန်စခွတ်နှင့် တဖြည်းဖြည်းချင်း နီးစပ်အောင်လုပ်၍ အကြောင်းပါခဲ့သူ၊ ဆံပင် မျက်လုံးညိုရှင် မိန်းမချော၊ သွက်လက်ဖျတ်လတ်သော အမျိုးသမီးငယ် ဖြစ်၏။ သူသည် ရှင်မြူးဖွယ်ရာ ညှော့ခံပွဲများ မကြာခဏ လုပ်လေ့ရှိသော်လည်း မိုရေးကမူ သူ၏ တောင်စဉ်ရေမရ လျှောက်ပြောသွားသည်တို့ကို နားထောင်ခဲလှသည်။

ယခုလည်း သူနှင့် သူ့ခင်ပွန်းတို့ မကြာခင်ကမှ ပြန်ခဲ့ကြသည့် ခရီးအကြောင်းကို လီယိုနိုရာက ဖွဲ့နွဲ့ပြောပြနေစဉ် မိုရေး၏ စိတ်အာရုံသည် တခြားသို့ လွင့်ပါးနေသည်။ သို့စဉ် အချို့သော စကားလုံးများသည် သူ၏နားထဲသို့ တိုးဝင်လာကြသဖြင့် သူ့မှာ ရုတ်တရက် အာရုံကြောများ တင်းလာအောင် ဂရုစိုက်၍ နားစွင့်နေမိလေသည်။

လီယိုနိုရာက သူ့ခင်ပွန်း တောပစ်ရန်အတွက် စခန်းငှားရမ်းနေခဲ့သော စကော့တလန်ပြည် တောင်ကုန်းဒေသ တောပိုင်းအကြောင်းကို ပြောပြနေသည်။ ပင်လယ်ဝ မြစ်ဝပေါက်ကျယ်ဆီမှ တောင်ပေါ်တက် လမ်းအကြောင်းကို ပြောသည်။ တောင်နံရံ မြင့်ကြီးများအကြားမှ ပင်လယ်စပ် ရေအိုင်ကြီးထဲသို့ တဝေါဝေါစီးဝင်သော မြစ်အကြောင်းကို ပြောသည်။ ဘေးပတ်ပတ်လည်တွင် တောင်မြင့်ကြီးများ ပိတ်ဖုံးကာရံထားဟန်ကို ပြောသည်။

မိုရေးသည် တစ်ကိုယ်လုံး တုန်လာသည်။ သူ၏ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ လီယိုနိုရာ ပြောပြသွားသည့် အမည်များကို ကြားရသောအခါ သူ့မှာ တုန်လှုပ်ချောက်ချားရက်ရွံ့စိတ်မွန်ရသည်။

"ကျွန်မတို့ သွားရတာက တကယ်စိတ်ကူးယဉ်ဆန်တဲ့ မီးရထားနဲ့ရှင့်၊ လမ်းက တစ်လမ်းတည်း၊ တစ်နေ့မှ ရထားကလဲ သုံးစင်းပဲရှိတယ်၊ ဘူတာရုံကလေးကလဲ ချစ်စရာ"

မိုရေးသည် ဤဘူတာရုံ၏ အမည်ကို မကြားဝံ့။ သို့သော် သူကြားဖြစ်အောင် ကြားရ၏။ သည်ဘူတာ၏ အမည်ကား မလွှဲသာမရှောင်သာ နောက်ဆုံး သူကြားလိုက်ရသော နာမည်တစ်ခု ဖြစ်သည်။ သူသည် နှုတ်မှ တစ်စုံတရာ

ရေရွတ်လျက် ခွင့်ပန်ကာ လူရှင်းရာလေသာဆောင်ဘက်သို့ ထွက်ခဲ့မှ အေးမြသော လေကောင်းလေသန့်ရှူကာ ရှုပ်ထွေးနေသော သူ့စိတ်ကို အသင့်အတင့် ငြိမ်အောင် ထိန်း၍ရသည်။

တစ်ခဏကြာလျှင် ဖရီဒါ သူ့ဘေးသို့ ရောက်လာသည်။

"ရှင် နေလို့မကောင်းဘူး၊ ရှင့်မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတာ ကျွန်မ တွေ့လိုက်တယ်"

"အေးဗျာ နည်းနည်းတော့ မူးနောက်နောက် ဖြစ်သွားတယ်" ဟု အားထုတ်ပြုံးယင်း ပြောလိုက်သည်။

"ကိုင်း... ဒီလိုဆို ပြန်ကြမယ်" ဟု ဖရီဒါက ပြတ်ပြတ်သားသား ဆိုလိုက်၏။

ဖရီဒါက သူ့ကို အိမ်အရောက် တောက်လျှောက် လိုက်ပို့ချင်သည်။ သို့ရာတွင် သူက အားနာသည်ထက် တစ်ယောက်တည်း နေလိုလှခြင်းကြောင့် ဆီးဗတ်ရဲတိုက်မှာပင် ဖရီဒါ နေရစ်ခဲ့ဖို့ အတန်တန် ပြောရလေသည်။ ဖရီဒါက စိုးရိမ်တကြီးပင် "ရှင် နေကောင်းအောင် ဂရုတော့ စိုက်နော်၊ ကျွန်မ မနက်ကျတော့ တယ်လီဖုန်း ဆက်လိုက်ဦးမယ်" ဟု မှာလိုက်သည်။

သူ့အိမ်သို့ ပြန်ရောက်သောအခါ ကျောဆန့်လျက် သူ့ကိုယ်သူ တရားချနေမိသည်။ သူနှစ်ပေါင်းများစွာ တည်ဆောက် ထူထောင်လာခဲ့သဖြင့် တည်ငြိမ် အသားကျနေသော ဘဝကို အမှတ်မထင် တိုက်တိုက်ဆိုင်ဆိုင် ကြားခဲ့ရသော စကားကလေး တစ်လုံးတလေကြောင့် မပျက်ပြားစေသင့်။ သူ့စိတ်ကို နှောင့်ယှက်နေသော အတွေးကို သူ၏မသိစိတ် အမှောင်ထုထဲသို့ တစ်ဖန်ပြန်မြှုပ်ထည့်လိုက်ရသည်။

သို့သော် သူမတတ်နိုင်။ညနေစာ စားပြီးသောအခါ သူသည် ဝရန်တာဘက်သို့ ဖွင့်သည့် ပြတင်းအနီး၌ ရပ်မိ၏။

မုန်တိုင်းကျတော့မည်။ ခါတိုင်းဆိုလျှင် သူသည် ဤအခြေအနေမျိုး၌ ဘာလီယိုခေတ်ပြားကိုဖွင့်၍ ပကတိ မြူးရွှင်တက်ကြွသောစိတ်ဖြင့် သီချင်းကို နားထောင်ယင်း မုန်တိုင်းထန်စဉ် တပြောင်ပြောင် တလင်းလင်း ပြပွဲခင်းနေကြသော လျှပ်ကြိုးလျှပ်နွယ်တို့ကို ကြည့်နေမိတတ်သည်။

ယခုမူ သူသည် ရိုက်ဇင်ဘတ် တောင်ထွတ်အထက်တွင် တရွေ့ရွေ့မျောနေကသော တိမ်စိုင်ကြီးများကို မှုန်တေငြိမ်သက်စွာသာ ကြည့်နေမိသည်။ လေသည် ငြိမ်လှ၏။ မုန်တိုင်းဆင်ဆဲ၊အလင်းရောင်မှာလည်း သဘာဝမကျ။ နောက် သက်ပြင်းချသကဲ့သို့ လေကလေးတစ်ချက် ဝှေ့လိုက်၍

ပြန့်ပြူးသော ကန်ရေပြင်တွင် လှိုင်းရိပ်ကလေး ထသွားသည်။ တဖြည်းဖြည်း ကောင်းကင်တစ်ပြင်လုံး ခဲသားကျအောင် မှောင်လာကာ ရုတ်တရက် ပြာလဲ့လဲ့ လျှပ်နွယ်တစ်ခုသည် နှစ်ဖြာခွဲ၍ လက်ကနဲ လင်းလာပြီးနောက် ပထမဆုံးအကြိမ် မိုးကြိုးထစ်သည့်အသံကို ကြားလိုက်ရ၏။

ထို့နောက်တွင် ကြာပွတ် ရိုက်လိုက်ဘိသကဲ့သို့ ဝေ့ဝိုက်တိုက်ခတ်လိုက်သော လေတွင် သစ်ပင်များ ယိမ်းနွဲ့ညွတ်ပျောင်းကား သစ်ရွက်များတဖွဲဖွဲ ကြွေကျသွားကြသည်။ ကမ်းဦးကုတို့ဆိပ်ကလေးသို့ လှိုင်းများပုတ်ခတ်ကာ လျှပ်စီးမပြတ် လက်သည်နှင့်အတူ မမြင်ရသော တောင်ထွတ်များအကြား ပွဲတင်မြည်သော မိုးခြိမ်းသံကို ကြားနေရလေသည်။

သည့်နောက်တွင် ဧရာမ မိုးပေါက်ကြီးများက ရှေ့ပြေးအဖြစ် တစ်ပေါက်ချင်း ကျလာကြပြီးလျှင် တဖြည်းဖြည်း သည်းထန်လာကာ တစ်မိုးလုံးစောင်း၍ သွန်ချလိုက်သကဲ့သို့ တဖြောင်းဖြောင်း ရွာချလိုက်လေတော့သည်။

မိုရေးသည် အပေါ်ထပ်သို့တက်ကာ ဖီနိုဘာဘီတုန် ဆေးပုလင်းကို ရှာသည်။ ဤဆေးပုလင်းအသုံးမလိုတော့ပြီဟုပင် သူ အထင်ရောက်ခဲ့သည်။ သူသည် ဆေးပြား လေးပြားကို သောက်လိုက်၏။ အဝတ်အစားများကို ချွတ်လဲပြီးသောအခါ သူ့ကိုယ်သူ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။

မိုးသည် ဝရန်တာပေါ်သို့ တဖြင်းဖြင်း ကျတုန်းပင် ဖြစ်သည်။ သို့ရာတွင် သူ၏နားထဲ၌ ကြားနေရသည်မှာမူ “မေရီ...၊ မေရီဒေါက်ဂလပ်...၊ မေရီဒေါက်ဂလပ်” ဆိုသည့် အမည်သာဖြစ်လျက် ထိုအမည်က သူ့အား နှစ်ပေါင်းများစွာကို ဖြတ်ကျော်ကာ သူပျိုရွယ်စဉ်က ဘဝနှင့် ကရိဂ္ဂဒိုရန်တောင်ပေါ်က မီးရထားဘူတာကလေးဆီသို့ ခေါ်ဆောင်၍ သွားခဲ့လေသည်။

(၂)

မော်တော်ဆိုင်ကယ် အဟောင်းကလေးသာ မပျက်ခဲ့ပါက သူတို့ တွေ့ဆုံနိုင်စရာ အကြောင်းမရှိ။

သို့ရာတွင် ဖုန်ထူသော ဧပြီလတွင်း တစ်ခုသော စနေနေ့ မွန်းလွဲပိုင်းတွင်ကား မိုရေးသည် ဒိုရန်တောင်ပေါ်လမ်းများသို့ တစ်ပတ်လှည့်ရာမှအပြန် မော်တော်ဆိုင်ကယ် ချိန်းကြိုးပြတ်ပြီးလျှင် သူ၏လက်ယာဘက်ဒူးကို ရိုက်ခတ်မိသွားသည်။

မော်တော်ဆိုင်ကယ်သည် ဘီးချော်ကာ ဟိုသည်ယိမ်း၍ ဆက်သွားနေရာမှ သူသည် အရှိန်သတ်လိုက်ပြီးနောက် အောက်သို့ဆင်းကာ သူ၏ခြေထောက်ကို လှန်လှောကြည့်သည်။ သူစိုးရိမ်သလောက် မဆိုးလှ။

ထို့နောက် ဍရင်ကောက်ပင်များ ဖုံးလွှမ်းထားသည့် ပတ်ဝန်းကျင် တောင်စောင်းများကို လှည့်ပတ် ကြည့်လိုက်ရာ တဝေါဝေါ စီးဆင်းနေသော ဒိုရန်မြစ်ကို လည်းကောင်း၊ လွင်တီးခေါင်တွင် ရေးရေးမျှသာ မြင်နေရသော သူလာခဲ့သည့် လမ်းနှင့် တစ်ကြောင်းတည်းသော မီးရထား လမ်းကလေးကို လည်းကောင်း မြင်ရသည်။

ယခုတွင်ပင် သူဖြတ်ကျော်လာခဲ့သော ကရိဂ္ဂဒိုရန် ကြားဘူတာဟု တွင်သည့် မီးရထားဘူတာငယ်၌ ပင်လျှင် လူရိပ်သူရိပ် မမြင်ရတော့။

အနီးဆုံးမြို့ဖြစ်သော အာ့ဒဖီလန်မြို့သည် ခုနစ်မိုင်ထက်မနည်း ဝေးလိမ့်မည်။ ကြားဘူတာကိုပင် သွားကြည့်ရတော့မည်။

သူသည် ခြေထော့နင်းဖြင့် မော်တော်ဆိုင်ကယ်ကို တွန်းကာ တောင်တက်လမ်းအတိုင်း လာခဲ့သည်။ ဘူတာရုံကလေးမှာ ထုံးဖြူသုတ် ကျောက်တုံးကလေးများဖြင့် အနားသတ်သ တန်ဆာဆင်ကာ 'အနောက်ဘက် ကုန်းမြင့်ဒေသသို့' ဟု ဝင့်ကြွားစွာ ရေးထားသည့် ဆိုင်းဘုတ်ပေါ်တွင် ခွါဝါနွယ်များ ဖွားရရားကျလျက် ဝင်းခြံချုံတန်းမှ တောနှင်းဆီပန်း ပွင့်ဖတ်ကလေးတို့သည်လည်း ရထားလမ်းပေါ်သို့ ကြွေကျလျက်ရှိကြ၏။

ဘူတာရုံတွင် လူရိပ်လူရောင် အလျှင်းမတွေ့မမြင်ရ။ ရထားစောင့်သူတို့ နားနေသည့် အခန်းကိုလည်း သော့ခတ်ထားပြီ။ မိုရေးလည်း လက်လျှော့၍ ပြန်လှည့်တော့မည် အပြုတွင် 'စားသောက်ခန်း' ဟု စာတန်းထိုးထားသည့်

ပြုပ်ထနေသော မှန်ပြတင်းနောက်မှ လူရိပ်လိုလို မြင်လိုက်သဖြင့် တံခါးကိုဖွင့်၍ ဝင်ခဲ့၏။

ပြောင်စင်အောင် တိုက်ချွတ်ဆေးကြောထားသည့် ကြမ်းခင်းပျဉ်များပေါ်တွင် ကျောက်စားပွဲဝိုင်း လေးလုံး ခင်းထားသည်။ ကြမ်းပြင်ပေါ်၌ ကြောင်တစ်ကောင် ဝပ်နေသည်။ နံရံများပေါ်တွင် ဆေးရောင်စုံ စကောတလန် တောင်ကုန်းဒေသ ရှုမျှော်ခင်းကားများ ချိတ်ဆွဲထား၍ အခန်းတစ်ဘက်စွန်တွင် 'ကောင်တာ' တစ်ခုရှိသည်။

ကောင်တာ၏နောက်တွင် ဘရောင်းနှင့် ပိုလဆန် ဂျုံမှုန့်ကြော်ငြာ စာရေးထားသည့် ကြည့်မှန်တစ်ချပ် ရှိသည်။ ထိုမှန်ရှေ့တွင် အမျိုးသမီးငယ် တစ်ယောက်သည် မိုရေးအား ကျောပေးလျက် မှန်ကြည့်ယင်း ဦးထုပ်ဆောင်းနေ၏။ မှန်ထဲတွင် ပြိုင်တူမြင်ကြ၍ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေမိကြသည်။

"ဝင်တန်ကိုသွားမယ့် နောက်ရထားတစ်စင်းက ဘယ်အချိန်လဲဗျ" ဟု မှန်ထဲက မိန်းကလေး၏ အရိပ်ကိုကြည့်ယင်း မေးလိုက်သည်။ သူ၏အသံက သူ စိတ်အနှောက်အယှက် ဖြစ်နေသည်ကို ဖော်ပြလျက် ရှိသည်။

"နောက်ဆုံးရထားက ထွက်သွားပြီရှင့်၊ နက်ဖြန် တနင်္လာနေ့အထိကတော့ ဘာရထားမှ မရှိတော့ဘူး" ဟု ပြောကာ မိန်းမပျိုက သူ့ဘက်လှည့်၍ မျက်နှာမှုလိုက်သည်။

"ဘူတာရုံက အလုပ်သမားကော"

"အို... ဒူဂယ်အိမ်ပြန်သွားတာ နာရီဝက်လုံးလုံးတောင် ကျော်ပြီကောရှင်"

မိုရေးသည် ရုတ်တရက် မိုက်ကနဲ ဖြစ်သွားကာ စားပွဲတစ်ခုကို လှမ်း၍မှီလိုက်ရသည်။ ဤသို့ လှုပ်ရှားလိုက်သည်တွင် သူ၏ ဒဏ်ရာဖြင့် ခြေထောက်ကို မြင်လိုက်ရသော မိန်းကလေးက "အို... ရှင် ခိုက်မိလာသကိုး၊ ကဲ ကဲ ထိုင်စမ်း၊ ကြည့်ရအောင်" ဟု ဆိုလိုက်သည်။

မိုရေးက ကုလားထိုင် တစ်လုံးတွင် ထိုင်လိုက်ပြီးလျှင် "ကိစ္စ မရှိပါဘူးလေ၊ မော်တော် ဆိုင်ကယ်က..." ဟု ပြောစဉ် မိန်းကလေးက "ကျွန်မလဲ ဒိုင်းကနဲတော့ ကြားလိုက်တယ် အောက်မေ့မိသား၊ အို... အတော်ပြဲသွားပါလား" ဟု ဆိုကာ ရေနွေးနှင့် အဝတ်စများ ပြေးယူ၍ မဆိုင်းမတွပင် ဒူးတုပ်လျက်၊ ဒဏ်ရာကို ရေနွေးဖြင့် စင်ကြယ်အောင် ဆေးကြောပြီးလျှင် လက်သုတ်ပဝါ သန့်သန့်ကို အမြှောမြှောဆုတ်၍ သပ်ရပ်စွာ စည်းပေးလိုက်သည်။ ပြီးနောက်

မတ်ရပ်ထလိုက်သည်။

"ကဲ...ပြီးပြီ၊ ကျွန်မမှာ အပ်နဲ့ အပ်ချည်သာ ရှိယင်တော့ ရှင့်ဘောင်းဘီ စုတ်သွားတာကို ဖာပေးနိုင်မှာပဲ၊ အခုတော့ လက်ဖက်ရည်ပူပူ တစ်ခွက်လောက်နဲ့ပဲ ကျေနပ်ပေတော့"

"ဟာ... နေပါစေဗျာ၊ အခုလောက်နဲ့ပဲ ခင်ဗျာ့ကျေးဇူးက ကြီးလှပါပြီ"

သို့ရာတွင် မိန်းမပျိုသည် ကောင်တာပေါ်မှ လက်ဖက်ရည်ကရားဖြင့် အလုပ်များလျက် ရှိနေပြီ။ လက်ဖက်ရည် ပူပူခါးခါးတစ်ခွက်ကို သောက်လိုက်ရလျှင် သူ့မှာ အတော်လန်းဆန်းလာသည်။

မိန်းကလေးက ထိုင်လိုက်သည်တွင် ကြောင်ကလေးသည် မိန်းကလေး၏ ပေါင်ပေါ်သို့ ခုန်တက်ဝပ်ကာ မကြာမီ တဂူးဂူးနှင့် ရှိတော့သည်။ မိန်းမပျိုသည် ကြောင်ကလေးကို ညင်သာစွာ ပွတ်သပ်ပေးနေ၏။

"နက်ကျော်နဲ့ ကျွန်မတို့ မပြန်ကြသေးလို့ တော်သေးတာပေါ့ရှင်၊ နှစ်ဦးပိုင်း ဒီလောက် စောစောကြီးမှာတော့ ဒီ ကရိဂ္ဂဒိုရန်က လူအတော်နည်းတာကလား"

"တခြားအချိန်တွေမှာရော အတူတူပဲ မဟုတ်လားဗျ" ဟု မိုရေးက ပြုံးစစဖြင့် ပြောလိုက်သည်။

မိန်းမပျိုက ဣန္ဒြေရရဖြင့် "ဟင်အင်း ဘယ်ဟုတ်မလဲ၊ ငါးမျှားတဲ့ရာသီတို့ တောပစ်တဲ့ရာသီတို့ ဆိုယင် ကျွန်မတို့ရွာကို Eည့်သည်တွေ အတော်လာကြတာပေါ့၊ ဒါကြောင့် ကျွန်မအဖေက ဒီဆိုင်ကို ဖွင့်ထားတာပေါ့၊ ကျွန်မတို့မုန့်ဖိုက အာ့ဒဖီလန်မှာလေ၊ ရှင်လိုက်ချင်ယင်တော့ လမ်းကြုံတယ်၊ ကျွန်မကို အဖေလာခေါ်လိမ့်မယ်၊ ေ0ာ်... ဒါနဲ့ ရှင့် မော်တော်ဆိုင်ကယ်ကရော သိပ်များ ပျက်နေသလား" "သိပ်ပျက်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီကောင်ကို ကျွန်တော် ဒီမှာထားခဲ့ရလိမ့်မယ်၊ ဒီကနေ ဝင်တန် သွားတဲ့ ရထားပေါ်သာ တင်ပေးလိုက်နိုင်ယင်တော့ သိပ်ကောင်းမှာပဲ၊ ဒီမော်တော်ဆိုင်ကယ်ကကျွန်တော့်ဟာမဟုတ်ဘူးဗျ၊သိလား၊ဆေးရုံက မိတ်ဆွေတစ်ယောက်ရဲ့ဟာ"

"တနင်္လာနေ့ကျယင်တော့ ဒူဂယ်က ဂါတ်တွဲပေါ် အသာထိုးတင်ပေးလိုက်လို့ ရပါတယ်၊ ဒါပေမယ့် ရှင့်မိတ်ဆွေက ဆေးရုံမှာဆိုတော့ မော်တော်ဆိုင်ကယ်စီးဖို့ လိုဦးမှာ မဟုတ်ပါဘူး"

"လူနာ မဟုတ်ဘူးဗျ၊ ကျွန်တော့်လိုပဲ ဆေးကျောင်းသား"

“ဩော် ဒီလိုကိုး၊ စောစောကသာ ကျွန်မ သိထားယင် ရှင့်အနာကို ဒီလောက်တောင် ဖိုးဖိုးဇတ်ဇတ် ပတ်တီးစည်းပေးမိမှာ မဟုတ်ဘူး” ဟု မိန်းကလေးက ရယ်မောလျက် ပြောသည်။

သူရယ်လိုက်ပုံမှာ ရွှင်မြူးလှသဖြင့် မိုရေးထံသို့ ခုတ်ကူးသွားသည်။ မိန်းကလေးမှာ နီညိုရောင် ဆံပင်တွင် ရွှေရောင်ကလေးများ လက်နေသည်။ ညိုမှောင်သော မျက်လုံးရှိသည်။ ဤရုပ်ရည် လက္ခဏာတို့သာမက သူ၏ စာနာ လိုက်လျောတတ်သော စိတ်သဘောကလေးတို့ကြောင့် သူ့ကိုကြည့်ရသည်မှာ ခင်မင်ဖွယ်ရာ ဖြစ်သည်။

မိုရေးက မိန်းကလေးသည် သူ့ထက် လေးနှစ်လောက် ငယ်မည်။ ဆယ့်ကိုးနှစ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းသည်။ မိန်းမပျိုတွင် အချိုးအဆစ် ကျနပြေပြစ်၍ တောင့်တင်းသန်မာသော ကိုယ်လုံးကိုယ်ထည်ကလေး ရှိသည်။

မိန်းကလေး၏ မေတ္တာကရုဏာစိတ်တို့ဖြင့် ရုတ်တရက် မိုရေးသည် စိမ့်ထုံသွားသည်။ မိုရေးအဖို့ ကြုံခဲသော ဝေဒနာမျိုး ဖြစ်၏။ သူ့ဒူးကအနာ နာသည်ကို လည်းကောင်း၊ ထို့ထက်သူ့၌ တစ်စုံတည်းသော ဝတ်စုံ စုတ်ပြဲသွား၍ နှမြောရသည်ကို လည်းကောင်း မေ့လျော့သွားကာ မိန်းကလေးအား ပြုံးပြလိုက်သည်။ သူ၏အပြုံးမှာ ပွင့်လင်း ညှို့ခုတ်ပါသော အပြုံးမျိုးဖြစ်၍ သူ့မှာ ရှားပါးကျပ်တည်းခဲ့သည့် နှစ်များအတွင်းက ဤအပြုံးကိုပင် မကြာခဏ သုံးခဲ့ရသည် မဟုတ်လော။

သူ၏ မျက်နှာ အသွင်အပြင်မှာ ပြေပြစ်သော်လည်း မျက်နှာအောက်ပိုင်းက စိတ်ပျော့ဟန် ရှိသည်ကို ဤအပြုံးက မဲတင်းပေးထားသည်။ သည်အပြုံးက တစ်ဘက်သားတွင် ရဲဘော်ရဲဘက်စိတ်ကို နိုးကြားစေ၍ သည်အပြုံးသည်ပင် စိတ်ဖြူစင် ရိုးသားဟန်ကို ထင်လင်းစေသည်။ သူက “ခင်ဗျား အခုလို ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်တာကို ကျွန်တော် ဘယ်လောက် ကျေးဇူးတင်တယ်ဆိုတာ ခင်ဗျားလဲ သိမှာပါ၊ ကျွန်တော်တို့ မိတ်ဆွေ ဖြစ်ကြပြီပေါ့နော်၊ ကျွန်တော့်နာမည် ဒေးဗစ် မိုရေးပါ” ဟု ဆိုကာ လက်ကမ်းပေးသည်။ မိန်းကလေးက သူ့လက်ကို မြဲမြံစွာ ဖမ်းဆုပ်လိုက်၍ “ကျွန်မကတော့ မေရီ ဒေါက်ဂလပ်ပါ” ဟု ဆိုယင်း သူ့ပါးပေါ်တွင် ပန်းနုရောင်ကလေးများ သမ်းလာသည်။

ထို့နောက် “ရှင့် မော်တော်ဆိုင်ကယ်ကို ဒီအထဲ တွန်းသွင်းထားခဲ့လေ၊ ကျွန်မ နက်ကျော်ကိုခေါ်ပြီး သော့ခတ်လိုက်တော့မယ်၊ အဖေ ရောက်လာချိန်ကျပြီ” ဟု ဆက်ပြောလိုက်၏။

သူတို့နှစ်ယောက်သား အပြင်ဘက်ထွက်လာကြ၍

လမ်းပေါ်ကိုမှမရောက်တတ်သေးမီ တောင်ကုန်းကလေးထိပ်တွင် မြင်းလှည်းကလေးတစ်စီး ပေါ်လာသည်။ မေရီ၏အဖေမှာ ခပ်ပိန်သေးသေးဖြစ်၍ အသားဖြူဖြူနှင့် ရွှင်ပျသော မျက်နှာရှိသူ ဖြစ်သည်။

သူ၏လက်များမှာ ဂျုံမှုန့်များ ထာဝစဥ် ကပ်နေသည်။ သူ့နဖူးပေါ်တွင် ဆံပင်ဖုတ်ကလေး ထောင်နေကာ သူ၏ မျက်လုံးညိုကလေးအစုံက ရွှန်းဝင့်တောက်ပလျက်ရှိရာ သူ့ကို ကြည့်ရသည်မှာ ငှက်ကလေးတစ်ကောင်နှင့်ပင် တူနေပေသည်။

သူသည် ကျင့်သားရနေသည့် စုတ်သပ်သံတို့ဖြင့် မြင်းကို လှည့်ကာ မေရီက ပြောပြနေသည့် အဖြစ်အပျက်ကို နားထောင်လျက်က မိုရေးအား အကဲခတ်သလို ကြည့်နေလေသည်။ ပြီးမှ-

"ကျုပ်အဖို့တော့ အဲသလို စက်ကရိယာမျိုးတွေ အပိုပဲ၊ တောက်တိုမည်ရ ကိစ္စကလေးတွေအတွက် ဟောဒီမြင်းကလေး ဆမ်မီပဲ၊ ပေါင့်မုန့်ပို့ဖို့ လှည်းအတွက်တော့ ကလိုက်ဒေးမြင်းကြီးတစ်ကောင်း တောင့်တောင့်ရှိတယ်၊ မောင့်ကို ကျုပ်တို့ အဲ့ဒဖီလန်က ညဥ့်ရှစ်နာရီထွက်တဲ့ ရထားပေါ် တင်ပေးလိုက်ပါ့မယ်လေ၊ အခုတော့ ကျုပ်တို့နဲ့ လိုက်ပြီး စားဦးသောက်ဦးပေါ့" ဟု ပြောလေသည်။

"ဟာဗျာ၊ ကျွန်တော် ခင်ဗျားတို့ကို ဆက်ပြီး ဒုက္ခမပေးပါရစေနဲ့တော့"

မေရီက ကြားဖြတ်၍ "မဟုတ်တာရှင်၊ ကျန်တဲ့ကျွန်မတို့အိမ်သားတွေနဲ့ရော၊ ကျွန်မနဲ့စေ့စပ်ထားတဲ့ ဝေါလတာနဲ့ရော တွေ့ရအောင်တော့ လိုက်ခဲ့ဦးမှပေါ့၊ ရှင့်အိမ်သားတွေက စိတ်မပူကြဘူး ဆိုယင်ပေါ့လေ" ဟု ပြောလိုက်သည်။

မိုရေးက ခေါင်းယမ်းပြယင်း "ကျွန်တော် တစ်ယောက်တည်း နေပါတယ်၊ ကျွန်တော် ငယ်ငယ်ကလေးကတည်းက မိဘနှစ်ပါးစလုံး ဆုံးသွားပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘာသာ ဖြစ်သလိုပဲ ကောလိပ်ပညာ ဆုံးအောင် သင်ခဲ့ပါတယ်၊ ကံကောင်းထောက်မလို့ ပညာသင်ဆုကလေး တစ်ခုနှစ်ခုလဲ ရခဲ့ပါတယ်" ဟု ပြောပြလိုက်သည်။

ဤတွင် မေရီ၏အဖေက ချီးမွမ်းသည့်လေသံဖြင့် "အံမယ် တယ်တော်တဲ့လူပါလားကွယ့်" ဟု ဆိုလေသည်။

မြင်းလှည်းကလေးဖြင့် တဂျောက်ဂျောက် သူတို့ထွက်လာခဲ့ကြသောအခါ မေရီ၏အဖေက ပိုမိုရင်းနှီး ဖော်ရွေလာပြီးလျှင် လမ်း၌ ဖြတ်လာခဲ့သော

နေရာများအကြောင်းကို ညွှန်ကာပြကာဖြင့် ပြောလာသည်။ အများအားဖြင့်ကား ၁၃၁၄ ခုနှစ်ဆီက ဖြစ်ပွားခဲ့သော ဘန်နောက်ဘန်းတိုက်ပွဲနှင့် ပတ်သက်သော နေရာတွေ ဖြစ်ကြလေသည်။

"အဖေက စကော့တလန်သမိုင်း သိပ်ဖတ်တာ၊ ဘရုရဲ့အကြောင်းနဲ့ ဝေါလေ့စ်ရဲ့ အကြောင်းဆိုရင် သူ မပြောနိုင်တာ မရှိသလောက်ပဲ" ဟု မေရီက ဖော်ကောင်လုပ်သည်။

သူတို့ အာ့ဒဖီလန်ဆီသို့ ကုန်းအဆင်းတွင် မြင်းကလေး သက်သာစေရန် ဒေါက်ဂလပ်က ဘရိတ်များကို အုပ်၍မောင်းခဲ့သည်။ ထို့နောက် သူတို့သည် တိတ်ဆိတ်ငြိမ်သက်သော ချောင်ကျသော လမ်းအသွယ်သွယ် ကြားမှ ဖြတ်ဝင်ခဲ့ကြ၍ ရွှေရောင် မှိန်နေပြီဖြစ်သော ဆိုင်းဘုတ်တပ် ဆိုင်တစ်ခု၏ရှေ့တွင် ရပ်လိုက်ကြသည်။

ထိုဆိုင်းဘုတ်တွင် 'ဂျိမ်းဒေါက်ဂလပ် ပေါင်မုန့်ဖိုနှင့် မုန့်မျိုးစုံတိုက်' ဟု ရေးထား၏။ အောက်တစ်ကြောင်းတွင် စာလုံးခပ်ငယ်ငယ်ဖြင့် 'မင်္ဂလာပွဲထိုင်များအတွက် လက်ခံ ဆောင်ရွက်သည်' ဟူ၍လည်းကောင်း၊ နောက်ထပ် တစ်ကြောင်းတွင် ပို၍ သေးငယ်သော စာလုံးများဖြင့် '၁၈၀၀ ပြည့်နှစ်တွင် တည်ထောင်သည်' ဟူ၍လည်းကောင်း ရေးထားသည်။

ဆိုင်ကလေးမှာ ကြီးပွား ထွန်းကားသည့်အသွင် သိပ်မရှိလှ။ မှန်ပြတင်းတွင် အဆင့်ဆင့် မြင့်တက်သော လက်ထပ်ပွဲ ကိတ်မုန့် ပုံစံတစ်ခုနှင့် ဘေးတစ်ဘက်တစ်ချက်တွင် ဖန်အုပ်ဖြင့် ထည့်ထားသော သကြား ဘီစကွတ်မုန့်များကိုသာ ခင်းကျင်းပြသ၍ ထားလေသည်။

မုန့်ဖုတ်သမားကြီးက "ဝီလီရေ" ဟု အော်ဟစ်၍ ခေါ်လိုက်သည်တွင် လည်ပင်းမှ ခြေဖျားအထိ ရှေ့ဖုံး အဝတ်စည်းနှင့် သွက်လက်သော သူငယ်ကလေး တစ်ယောက် ဆိုင်ထဲမှ ပြေးထွက်လာသဖြင့် "ဟေ့သား၊ အဖေ့ကို မြင်းကူဖြုတ်ကွာ၊ မေရီ၊ သမီးရဲ့ လူနာကို အိမ်ပေါ်ခေါ်သွား၊ အဖေ အခုပဲ လာခဲ့မယ်" ဟု ဆက်ပြောလိုက်သည်။

သူတို့သည် ဆိုင်၏အထက်ရှိ အိမ်ခန်းသို့ ဆိုင်ပြင်ဘက်က အုတ်လှေကားမှ တက်သွားကြပြီးလျှင် အမွေးတုံးနေပြီဖြစ်သော အနီရောင်သက္ကလတ်ကြမ်းခင်း အုပ်သည့် အိမ်ထောင် ပရိဘောဂများနှင့် အရောင်တူ ဇာနားတပ်ခန်းဆီးများဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်းဆောင်ထဲသို့ ရောက်ကြသည်။

အခန်း၏အလယ်တွင်ကား ညနေစာအတွက် လက်ဖက်ရည်ပွဲ ပြင်ဆင်ထားသော မဟော်ဂနီစားပွဲ၊ မီးရောင်တလက်လက် တောက်လျှက်ရှိသော

မီးလင်းဖို၏ရှေ့တွင် အမွေးရှည် သိုးရေကော်ဇောတစ်ချပ် ဖြန့်ခင်းထားသည်။ နက်ကျော်သည် မေရီ၏လက်ထဲမှ လွတ်လျှင်လွတ်ချင်း ထိုသိုးမွေးရေပေါ်သို့ တက်၍ဝပ်လိုက်လေ၏။

မေရီက "ထိုင်ပြီး ရှင့်ခြေထောက် သက်သာအောင် ထားလိုက်ဦး၊ ကျွန်မ အောက်မှာ လုပ်စရာရှိတာကလေးတွေ ပြေးလုပ်လိုက်ဦးမယ်၊ ဒီနေ့ ဆိုင်ကို ခြောက်နာရီ ပိတ်မယ်" ဟု ပြောသွားသည်။

မေရီ ဆင်းသွားလျှင် မိုရေးသည် နွေးနွေးထွေးထွေးနှင့် မလင်းတလင်းရှိသော အခန်းကို သတိထားမိယင်း ကုလားထိုင်တစ်လုံးတွင် သက်သောင့်သက်သာ ဝင်ထိုင်လိုက်၏။

'သူ ကျဉ်းကျဉ်းကျပ်ကျပ် အထပ်ခိုးခန်းကလေးထဲမှာ စာအုပ်တွေနဲ့ တကုပ်ကုပ် ကျက်မှတ်မနေဘဲ ဘာကြောင့်များ ဒီနေရာ ရောက်နေရပါလိမ့်' ဟု သူတွေးမိသည်။ ဤစနေ တနင်္ဂနွေတွင် ထိုင်ရာမထတမ်း အပြင်းအထန် ကြိုးစားတော့မည် စိတ်ကူးဖြင့် မစမီ ဦးနှောက်ရှင်းရန်မော်တော်ဆိုင်ကယ် တစ်ပတ် လှည့်စီးခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးနှစ် စာမေးပွဲကလည်း ငါးပတ်မျှသာ လိုတော့သည်ဖြစ်ရာ ဤနေရာတွင် အချိန်ဖြုန်းနေရခြင်းမှာ မိုက်မဲရာကျနေသည်။

သို့ရာတွင် ဤလူများကလည်း ဖော်ရွေလှသည်။ စားပွဲပေါ်တွင် ပြင်ထားသည့် စားစရာများကလည်း သွားရည်ယိုစရာ၊ သူ လူချင်းတူအောင် မစားခဲ့ရသည်မှာသီတင်းပေါင်းများစွာ ကြာပြီဖြစ်၏။

မကြာမီ တံခါးပွင့်လာပြီးလျှင် တုတ်တုတ်ခိုင်ခိုင် အမျိုးသမီးကြီးတစ်ယောက်၊ အပြာရင့်ရောင်ဝတ်စုံ ကော်လာထောင် မြင့်မြင့်တို့ဖြင့် ဟန်ရပန်ရ ဝတ်ဆင်ထားသော အသက် နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်ခန့် ရှိမည်ဖြစ်သော ပိန်ပိန်ရှည်ရှည် လူရွယ်တစ်ယောက်တို့နှင့်အတူ မေရီသည် လက်ဖက်ရည်ဗန်းတစ်ခုကို မ၍ ဝင်လာလေသည်။

"ကျွန်မတို့ထဲက ရှင်မတွေ့ရသေးတဲ့ လူတွေလေ" ဟု ဆိုကာ မေရီက ရယ်ယင်း "ဟောဒါက အန်တီမီနီ" ဟု မိတ်ဆက်ပေးပြီးမှ ရှက်သွေးကလေးဖြာလျက် "ဒါက ကျွန်မနဲ့လက်ထပ်မယ့် မစ္စတာဝေါလတာစတော့ဒတ်" ဟု ပြောလိုက်သည်။

သူပြောနေစဉ်မှာပင် သူ့အဖေနှင့် ဝီလီတို့ ဝင်လာကြသည်။ ထို့နောက် မုန့်ဖုတ်သမားကြီးက ဆုတောင်းပြီးသော် သူတို့အားလုံး စားပွဲ၌

ဝိုင်းထိုင်လိုက်ကြ၏။

စောစောက အန်တီမီနီသည် ဝက်ပေါင်ခြောက်တစ်ပွဲကို သူ့အတွက် တရိုတသေ ဦးစွာချပေးထားခဲ့ပြီး၍ မေရီက လက်ဖက်ရည်ငှဲ့ထည့်ပေးနေစဉ် စတော့ဒတ်က မိုရေးအားစ၍ စကားပြောသည်။

"ခင်ဗျား အတော် ဒုက္ခရောက်ခဲ့တာဆို၊ ကျွန်တော်လဲ လပ်စလမ်းမှာ ဆယ့်သုံးနှစ်သားလောက်က အဲသလိုဟာမျိုး ကြုံခဲ့ရဖူးပါတယ်၊ အဲဒီခေတ်တုန်းကတော့ ဘိုင်စကယ်ပေါ့ခင်ဗျာ၊ ဘီးပေါက်သွားတာပေါ့၊ ကံကောင်းချင်တော့ ဗယ်ဘက်တံတောင်မှာ နည်းနည်းပွန်းရုံ ပွဲ့ရုံလောက်ပါပဲ၊ တကယ်က အတော် ဆိုးဆိုးဝါးဝါးကို ဖြစ်နိုင်တာကလား၊ မေရီရေ ဝန်မလေးယင် သကြားတစ်ခဲလောက် ထပ်ထည့်ကွယ်၊ ကိုယ်က လက်ဖက်ရည်သောက်ယင် သကြားခဲသုံးခဲမှ ကြိုက်တယ်ဆိုတာ သိသားနဲ့"

"ဩော်၊ ကြည့်စမ်း ဟုတ်ပါရဲ့၊ မေ့သွားလို့နော်"

စတော့ဒတ်မှာ သူ့ကိုယ်သူရော ဒေါက်ဂလပ် မိသားစုကပါ အတော်အရေးပါသူအဖြစ် သဘောထားခြင်း ခံရသူဖြစ်သည်မှာ ထင်ရှားသည်။ အန်တီမီနီက မိုရေးအား စတော့ဒတ်သည် မြို့စာရေးကြီး၏သားဖြစ်၍ ခတ်ငွေ့ကုမ္ပဏီတစ်ခုတွင် အလုပ်အကိုင် ကောင်းကောင်းရထားသူ ဖြစ်ကြောင်း၊ မေရီအဖို့ အရတော်ကြောင်း နှစ်ကိုယ်ကြား ပြောပြသည်။

သို့ရာတွင် ဝေါလတာ၏ ကိုယ်နှုတ်အမူအရာသည်လည်းကောင်း၊ ဒေါက်ဂလပ် မိသားစုအပေါ် အထက်လေဖြင့် သူ၏ဆက်ဆံပုံသည်လည်းကောင်း၊ လက်ဖက်ရည် သောက်လိုက်သောအခါ သူ၏လည်ပင်း ပိန်ကလေးမှ စလုတ်သည် ၎က်ကုလားအုတ် စလုတ်လှုပ်ရှားပုံနှင့် တူသွားပုံသည်လည်းကောင်း မိုရေးအဖို့ ရယ်ချင်စရာ ဖြစ်နေတော့သည်။

ဤသို့လျှင် အူမြူး၍လာသဖြင့် မိုရေးကလည်း စတော့ဒတ်၏ ဘဝင်မြင့်တတ်ပုံကို ခုတုံးပြု၍ စတော့ဒတ်အား ရေလိုက်ငါးလိုက် ခပ်ပင့်ပင့်လေး ပြောဆိုဆက်ဆံယင်း မိုရေးသည် သူ့ဘာသာကျိတ်၍ သဘောကျနေသည်။

သူ့ကိုယ်သူလည်း တန်းတူရည်တူနေရာတွင် ရှိသူဖြစ်ကြောင်း ပေါ်လွင်အောင် ဆေးရုံ၌ သူလုပ်ရသော အလုပ်များမှ စိတ်ဝင်စားရာကောင်းသည့် အပိုင်းများကို အာစရွှင်ရွှင်ဖြင့် ပြောပြလေသည်။ ပြောကျိုးလည်း နပ်ပါသည်။

ဝေါလတာသည် တဖြည်းဖြည်း သူ့ကိုအထင်ကြီးသည့် အမူအရာများ ပြလာသည်။ စားသောက်၍ ပြီးကြချိန်တွင် ဝေါလတာသည်

သူ၏ရှေ့နာရီကိုထုတ်ကာ ဖျောက်ကနဲ ဖွင့်ကြည့်လိုက်ပြီးလျှင် မိုရေးအား ခင်မင်ရင်းနှီးစွာ သွားများပေါ်အောင် ပြုံးပြလိုက်သည်။

"ကျွန်တော်က သွားစရာကလေးရှိနေလို့ စကားဝိုင်းက မြန်မြန်ခွာရမှာ နာသဗျာ၊ မေရီ့ကို ကပွဲတစ်ခု လိုက်ပို့ရဦးမယ်၊ ဒါပေမယ့် ကျွန်တော် တစ်ခုပြောမယ်ဗျာ၊ ခင်ဗျားအဖို့ လက်မှတ်မပါပဲနဲ့ မော်တော်ဆိုင်ကယ်ကို ဂါတ်တွဲထဲ ထည့်ယူသွားဖို့ကတော့ အတော် နည်းလမ်းမကျတဲ့ အလုပ်ဗျ၊ 'နားလည်မှု' နဲ့ လုပ်ရတယ် ဆိုတာမျိုးပေါ့ဗျာ၊ ဟဲ ဟဲ၊ အဲဒီတော့ ကျွန်တော် ပြောချင်တယ်"

ဟုဆိုကာ စားပွဲတစ်ဝိုက် လှည့်ပတ်ပြုံးကြည့်လိုက်ယင်း "ကျုပ်တို့မိတ်ဆွေကြီး မိုရေးက မော်တော်ဆိုင်ကယ်က ပျက်သွားတဲ့ အပိုပစ္စည်းကို ဝင်တန်မှာ ရှာဝယ်ခဲ့၊ နောက်စနေကျ ဒီကိုတစ်ခေါက်လာ၊ မော်တော်ဆိုင်ကယ်ကိုပြင်ပြီး စီးပြန်ပေါ့။ ဒါမှ ကျုပ်တို့လဲ သူ့ကို နောက်တစ်ခေါက် ထပ်တွေ့ကြရမှာပေါ့" ဟု ပြောလိုက်၏။

မေရီက မျက်နှာရွှင်ပျလာကာ "ကောင်းလိုက်တဲ့ စိတ်ကူးရှင်၊ ကျွန်မတို့ ဒါကို စောစောက ဘာဖြစ်လို့ မတွေးမိကြလဲ" ဟု ဆိုသည်။

ဝေါလတာက "ကျွန်မတို့တဲ့လား မေရီရယ်၊ ကျုပ်အထင်တော့ ကျုပ်ကသာ..." ဟု ပြောလိုက်သည်။

ဤတွင် မုန့်ဖုတ်သမားကြီးက "အေးကွယ်၊ ဝေါလတာရယ် မင်းက တယ်တော်တဲ့လူကိုးကွယ့်၊ မင်းသာမရှိရင် ဒို့မှာ ဘာလုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး" ဟု မျက်လုံးတွင် လှောင်ရိပ်သမ်းလျက် ဝင်ပြောလိုက်ပြီးလျှင် မိုရေးကိုပါ "လာဖြစ်အောင်လာခဲ့ လူကလေးရေ့၊ ဒို့ မင့်ကိုမျှော်နေမယ်" ဟု ဆိုလိုက်လေသည်။

ဝေါလတာနှင့် မေရီတို့ ထွက်သွားကြလျှင် မေရီက မိုရေးအား သမင်လည်ပြန်ကြည့်ပြုံးလျက် "စနေနေ့ကျ တွေ့ကြရဦးမှာပဲနော်၊ အထူး နှုတ်မဆက်တော့ဘူး" ဟု ပြောသွားလေသည်။

မိုရေး ဘူတာရုံသို့သွားသောအခါ သူစကားပြောသည်ကို တစ်လျှောက်လုံး မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေခဲ့သော ဝီလီက သူ့ပါလိုက်ခဲ့မည်ဟု ဆိုကာ ဘူတာအထိ အတင်းလိုက်ပို့လေသည်။

(၃)

မိုရေး၏ အခန်းကျဉ်းကလေးသည် သဘော်ာကျင်းအနီးရှိ အခန်းငှားအိမ် အထက်ဆုံးအထပ်မှ တစ်ခန်း ဖြစ်လေသည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ကလေးသူငယ်တို့သည် မြေဖြူမှတ်များ စွန်းထင်းကျိုးပဲ့နေသော သမံတလင်းပေါ်တွင် ပြေးလွှားကစားနေကြသည်။ တဘက်ခြုံလျက် ဦးထုပ်ဆောင်းထားကြသော အမျိုးသမီးတို့သည် ရပ်လျက် အတင်းအဖျင်းပြောနေကြသည်။

လမ်းတိုင်းတွင် ဘီယာဆိုင်နှင့် ကမ်းနားမြို့ကြားမှ လက်ယက်ပေါ်နေသော အပေါင်ဆိုင်အထိမ်းအမှတ် ကြေးလုံးကြီးသုံးလုံးတို့ကား ရှိကြသည်ချည်းပင်။

သို့သော် ထိုရပ်ကွက်သည် တက္ကသိုလ်နှင့် လည်းကောင်း၊ ဆေးရုံနှင့် လည်းကောင်း ခြေကျင်ခရီးနီးနီးနေရာတွင် ရှိသည်။ ထို့ထက် ထိုနေရာသည် စျေးပေါသည်။

ဒေါက်ဂလပ် မိသားစုအား မိုရေး ပြောပြခဲ့သည့် သူ့အကြောင်းမှာ တစ်ဝက်တပျက်သာမှန်သည်။ သူ့အသက် တစ်ဆယ့်နှစ်နှစ်သားအထိမှာမူ အလိုလိုက်တတ်သော လူလတ်တန်းစား မိဘနှစ်ပါး၏ တစ်ဦးတည်းသော သားအဖြစ် ချမ်းချမ်းသာသာ နေခဲ့ရသည်။

ထို့နောက် အာမခံကိုယ်စားလှယ်ဖြစ်သူ သူ့အဖေသည် အူရောင်ငန်းဖျားရောဂါဖြင့် သေဆုံးသွားသည်။ မကြာမီပင် သူ့အမေလည်း ထိုရောဂါဖြင့်ပင် သေဆုံးသည်။ တစ်လအတွင်းမှာပင် ဒေးဗစ်မိုရေးမှာ မိဘမဲ့ကလေးဖြစ်ကာ မကောင်းတတ်၍ ပြုံပြုံစူစူ လက်ခံကျွေးမွေးရသော ဆွေမျိုးနီးစပ် တစ်ဦးထံသို့ ရောက်ခဲ့ရ၏။

ဤသို့လျှင် လေးနှစ်ကြာ သူတစ်ပါးအား မှီခိုလျက် ဖြစ်ကတတ်ဆန်း ရင်နာစရာဘဝတွင် ကျင်လည်ခဲ့ရပြီးနောက် တစ်ဆယ့်ခြောက်နှစ်သား အရွယ်သို့ရောက်သော် သူ့အဖေကအမြော်အမြင်ကြီးစွာ ထားခဲ့သော သူ့အတွက် ပညာသင်ကြားရေး အာမခံ သက်တမ်းစေ့၍ အာမခံငွေကို ထုတ်ယူရရှိခဲ့သည်။

ထိုငွေသည် သူ့အတွက် ကျောင်းလခများ ပေးရန်နှင့် မသေရုံစားနေရန်မျှသာ လုံလောက်သည်။ သို့ရာတွင် မိုရေး၏ ထူးခြားသော ဉာဏ်ရည်နှင့် အလားအလာကို သိမြင်၍ သူ့အား ကြင်နာသနားသော ကျောင်းဆရာ တစ်ယောက်က ကူညီဖေးမပေးသဖြင့် သူသည် ဝင်တန်တက္ကသိုလ်တွင်

ဆေးပညာသင်ခွင့် ရခဲ့သည်။

ဤပညာသင်ကြားရေး အာမခံငွေ၏ ကျေးဇူးအကြောင်းကို တစ်ခါတစ်ရံ မိုရေးက သူ့အကြောင်း ပြောပြရာမှ မေ့ချန်ထားလိုက်သည်။ဘဝတွင် ထိပ်ဆုံးသို့ရောက်လိုသော သူ၏ သူမတူသော ဖွဲ့သတ္တိကြောင့်သာ မကြာခဏ သူ့တွင် အကျဉ်းအကျပ် တွေ့ကြုံရ အောက်ကျနောက်ကျ နိုင်ခဲ့ရသောအခါတိုင်း သည်းခံကျော်လွှားနိုင်ခဲ့ရပုံကို တစ်ပါးသူတို့အား အရိပ်အမြွက် ပြောပြရခြင်းက သူ့အတွက် အဆင်ပြေ အကျိုးရှိလေသည်။

သူသည် ရလာသမျှ အခါကောင်း အခွင့်ကောင်းတို့ကို အပြည့်အဝ အသုံးချတတ်သည်ဖြစ်၍ သူနှင့် ကျောင်းနေဘက် သူငယ်ချင်းများ၏ အိမ်သို့ လိုက်၍ စားရသောက်ရ၊ ကပွဲလက်မှတ် ရုပ်ရှင်လက်မှတ်တို့သာမက အားရက်နားရက်တွင် အပျော်ခရီးထွက်ရန်အတွက် လက်များအထိ အလကား ရတတ်သည်ဖြစ်လေရာ သူ၏ဘဝမှာ ဖျော်ဖြေစရာကလေးများလည်း ရှိခဲ့ကြသည်။

ကြည်လင်သော မျက်လုံးများနှင့် ခင်မင်ချင်စရာ မရွံ့မရဲ အမူအရာတို့ရှိသော သူ့ကို မည်သူ မနှစ်သက်ဘဲ နေချိမ့်မည်နည်း။ သူက အလွန်သဘောဖြူစွ။ အမှန်ပင်လည်း သူသည် သူပြောသမျှ စကားတို့ကို သူကိုယ်တိုင် ပြန်ယုံကြည်နေလေသည်။

သို့ရာတွင် မကြာမီလများအတွင်းက သူ့မှာ ဖျော်ဖြေမှု နည်းပါးခဲ့သည်။ ဒေါက်ဂလပ် မိသားစုနှင့် တွေ့ခဲ့ရပြီးသည့်နောက် သီတင်းပတ် အတွင်း၌ကား နေ့လယ်ဘက် ဆေးရုံအလုပ်လုပ်၊ညဥ့်ဘက်စာကျက်နှင့် အချိန်ကုန်ယင်း သူ့မှာ စနေနေ့ကိုသာ တမျှော်တည်း မျှော်နေခဲ့မိလေသည်။

စနေနေ့သို့ရောက်လျှင် ၁ နာရီထိုးရထားဖြင့် လိုက်လာခဲ့ပြီးနောက် ၂ နာရီခွဲသာသာ တိမ်များအကြားမှ နေလုံးကြီးခွဲထွက်လာစဉ်တွင် ကရိဂ္ဂဒိုရန် ကြားဘူတာကလေးသို့ ရထားဆိုက်ခဲ့လေသည်။

ဤတစ်ခေါက်တွင် ခွါဝါနွယ်ပန်းများ တောနှင်းဆီပန်းများ တဝေဝေဖြင့် ဘူတာရုံကလေးမှာ တွေ့နေကျ မြင်နေကျလိုဖြစ်နေသည်။ ကျောပေါ်တွင် အထုပ်အပိုးများနှင့် လူရွယ်နှစ်ယောက်သည် သူ့ရှေ့က ရထားပေါ်မှ ဆင်းသွားကြပြီးနောက် စားသောက်ခန်းထဲသို့ ဝင်သွားကြ၏။

ပြတင်းမှ ချောင်းကြည့်လိုက်သည်တွင် မေရီကသူတို့အတွက် အသားညှပ်ပေါင်မုန့်များ ထုပ်ပေးနေသည်ကို မြင်ရသည်။ ထိုနောက်တွင် မေရီသည် တံခါးဝသို့လာပြီးလျှင် ပြုံးရွှင်စွာဖြင့် “သြော် ရှင်လာပြီကိုး၊ ဒူးကအနာ သက်သာပြီလား” ဟု နှုတ်ဆက်ကာ ဆိုင်းအတွင်းသို့ ဖိတ်ခေါ်လိုက်သည်။

“ရှင် နေ့လယ်စာ စားရသေးမှာ မဟုတ်ပါဘူး၊ ကျွန်မ အသားညှပ်ပေါင်မုန့်နဲ့ နွားနို့ယူပေးမယ်”

“နေပစေ၊ ကျွန်တော် လီဗင်းဖို့မှာ မတ်တတ်ဆိုင်က မုန့်ဝယ်စားလာခဲ့ပါတယ်”

မေရီက အံ့သြဟန်ဖြင့် မျက်ခုံးချီ၍ “အလိုလေးရှင်၊ ထူးဆန်းလှချည့်လား၊ လီဗင်းဖို့မှာ ဘယ်တုန်းကမှ မတ်တတ်ဆိုင် မရှိခဲ့တာချည်းကို” ဟု ဆိုလိုက်သည်။

ထို့နောက် ကောင်တာပေါ်ရှိ ဖန်အုပ်ဆောင်းထဲမှ အသားညှပ်ပေါင်မုန့် တစ်ပန်းကန်ယူလိုက်ကာ နွားနို့တစ်ဖန်ခွက်ကို အမြုပ်ထအောင် ငှဲ့ထည့်ပေးလိုက်သည်။

“ဒီစနေ တနင်္ဂနွေတော့ နောက်ထပ်လူလာစရာ သိပ်မရှိတော့ဘူးရှင့်၊ ဒီစားကောင်း သောက်ဖွယ်တွေ အလကား အဖြစ်မခံနိုင်ပေါင်၊ ရှင်မဆာတောင် ကျွန်မကို အားနာလို့ဖြစ်ဖြစ် စားလိုက်ပါဦး” ဟု ဆိုကာ ရင်ထဲတွင် တစ်လိပ်လိပ်တက်လာသော ရွှင်မြူးသည့်စိတ်ကို အနိုင်နိုင် ထိန်းယင်း မိုရေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်သည်။

ထို့နောက် “ရှင့်ကို ပြောစရာတွေ ရှိတယ်” ဟု ဆိုကာ “ဝေါလတာကတော့ ရှင့်ကို သိပ်ကို သဘောကျသွားပြီရှင့် သိရဲ့လား၊ ရှင်ပြန်သွားကတည်းက ရှင့်အကြောင်းချည့် တသသ ပြောနေတော့တာပဲ” ဟု ပြောပြယင်း မရယ်မိအောင် အတော် စိတ်ထိန်းချုပ်ထားရဟန် တူလေသည်။

“ဒီနေ့ညဥ့် ရှင့်ကို သူမတွေ့နိုင်တာကိုပဲ အတော်မကျေမချမ်း ဖြစ်နေတယ်၊ သူက အစည်းအဝေး တက်စရာရှိနေတာကိုး၊ ဒါပေမယ့် မနက်ဖြန်တော့ ထွက်လည်ကြဖို့စီစဉ်ထားတယ်လေ၊ ဒီကနေ ကမ်းခြေ ရေလက်ကြားတွေကို ပတ်ပြီး သင်္ဘောစီးသွားကြမယ်၊

‘ဂယ်ယာဆေး’ မှာ နေ့လယ်စာ စားကြပြီးမှ လှည့်ပြန်မယ်၊ အဖေကတော့ ရှင် ဒီညဥ့် ကျွန်မတို့အိမ်လိုက်ခဲ့ပြီး ဝီလီနဲ့အတူ အိပ်ဖို့လို့ ပြောနေတယ်”

ဤမျှ ပွင့်ပွင့်လင်းလင်း ခင်မင်တတ်သူများကို သူ တစ်ခါမှ မတွေ့ဖူးချေ။ နောက်နေ့တွင် သူ့မှာ အပြင်သူနာများ ချိန်းထားခြင်းမရှိ၍ တစ်ရက်တစ်လေမျှ နေ၍ဖြစ်ပါသည်။ သို့အတွေးဖြင့် သူက

“အေးဗျာ လိုက်တာပေါ့၊ ကဲ အခု ကျွန်တော့်ဆိုင်ကယ်ကို ပြင်လိုက်ဦးမယ်” ဟု ဆိုလိုက်လေသည်။

"ပစ္စည်းတွေထားတဲ့ အခန်းထဲမှာရှင့်"

ထို့နောက် တစ်နာရီခန့်မှာ မိုရေးသည် သူယူလာခဲ့သော ချိန်းကြိုးအသစ်ကို တပ်ဆင်ယင်း အချိန်ကုန်လေသည်။ မေရီက အနားတွင် အဖော်ရအောင် စောင့်ကြည့်နေသည်။

ချိန်းကြိုး တပ်ပြီးသောအခါ မိုရေးသည် မော်တော်ဆိုင်ကယ်ကို အပြင်သို့ တွန်းလိုမ့်၍ ထုတ်ခဲ့သည်။ "တစ်ပတ်လောက် လိုက်စီးကြည့်မလား" ဟု မိုရေးကမေးသည်တွင် မေရီက သူ့အား စိတ်ဒွိဟဖြင့် ကြည့်၏။ သူက "စိတ်ချရပါတယ်၊ နောက်က ထိုင်ခုံပေါ်ထိုင်ပြီး မြဲမြဲကိုင်စီးလိုက်ခဲ့ရုံပါ" ဟု အာမခံသည်။

"ကျွန်မက လေးနာရီခွဲရထားကို စောင့်ရဦးမှာရှင့်၊ အိပ်အပြန်ကျမှဖြစ်ဖြစ် ရှင်နဲ့လိုက်ပြန်တာပေါ့၊ ကျွန်မ အဖေ့ကို တယ်လီဖုန်း ဆက်ပြောလိုက်မယ်၊ သူလာအကြိုရ သက်သာတာပေါ့"

မိုရေး၏ စိတ်တို့သည် ထူးထူးခြားခြား ပေါ့ပါး၍ နေလေသည်။ သူသည် မော်တော်ဆိုင်ကယ်ကို စမ်းရန် တောင်ပေါ်လမ်းများဆီသို့ အမြန်ပတ်စီးခဲ့သည်။ သူ ဘူတာသို့ ပြန်ရောက်လာသောအခါ မေရီလည်း အိမ်ပြန်ရန် အဆင်သင့် ဖြစ်နေ၏။

ယနေ့တွင် နက်ကျော် ဘူတာ၌ နေရစ်မည်ဖြစ်ရာ သူ့အတွက် နွားနို့တစ်ပန်းကန်ကို မေရီက ထည့်ပေးထားခဲ့သည်။

မေရီလည်း "ကျွန်မက ဒီမှာထိုင်ရမှာပေါ့၊ ဟုတ်လား" ဟု ဆိုကာ နောက်ထိုင်ခုံတွင် တင်ပါးလွှဲ ဝင်၍ထိုင်သည်။

"အဲသလိုထိုင်လို့ မရဘူးလေ၊ လိမ့်ကျမှာပေါ့၊ ကားရားခွပြီးထိုင်မှပေါ့"

မေရီက ခဏမျှ ဆုတ်ဆိုင်းဆိုင်းဖြစ်နေပြီးမှ သိမ်မွေ့စွာပင် ဖြစ်သော်လည်း မကျင်မလည်ပင်ခြေတစ်ဘက်ကို ယမ်း၍ ကျော်ခွကာ မျက်နှာတွင် ရှက်သွေးများဖြန်းလျက် "ကျွန်မက ဒါမျိုး မစီးတတ်သေးဘူးရှင်" ဟု ဆိုသည်။

မိုရေးက "ဟာ၊ ခင်ဗျားက အဟုတ်ကြီးပဲ" ဟု ဆိုကာ ဖင်ထိုင်ခုံပေါ်သို့ တက်ထိုင်ပြီးလျှင် စက်နှိုး၍ ထွက်ခဲ့သည်။ ပထမတွင် ခပ်ဖြေးဖြေးသာနှင်ပြီးနောက် မေရီအတော်ကလေး စိတ်ရဲလာပြီ ထင်ရသောအခါ အရှိန်ကိုမြှင့်လိုက်သည်။ သူတို့၏ နားများကို လေတဟူးဟူးတိုးလျက် နှစ်ယောက်သား ချုံငယ်များသာရှိသော လွင်တီးခေါင်းကုန်းများကို ဖြတ်ကျော်ခဲ့ကြ၏။

မေရီ၏လက်မောင်းများက မိုးရေး၏ခါးကို မြဲမြံစွာဖက်ထားလျက် မျက်နှာကို ဘေးစောင်းလှည့်ကာ မိုးရေး၏ပခုံးကို မှီထားသည်။ မိုးရေးက "ဘယ့်နှယ်လဲ၊ ဟန်ကျရဲ့လား" ဟု အော်၍မေးသည်။

မေရီက "သိပ်နိပ်တာပဲ၊ ကျွန်မတစ်သက်မှာ ဒါလောက်မြန်မြန် တစ်ခါမှ မစီးဖူးသေးဘူး" ပြန်၍ အော်ပြောလိုက်သည်။ မော်တော်ဆိုင်ကယ်သည် အနည်းဆုံး တစ်နာရီလျှင် မိုင်သုံးဆယ်နှုန်းလောက် ပြေးလျက်ရှိ၏။

အဲ့ဒဖီလန်သို့ ရောက်၍ ဆိုင်ရှေ့တွင် ရပ်လိုက်ကြသောအခါတွင် မေရီ၏ ပါးပြင်တို့မှာ အရောင်တောက်လျက်ရှိကာ သူ၏ဆံပင်တို့မှာလည်း လေဖွာ့ထားသဖြင့် ဖွားရရားကြဲကာ ပြောင်လက်နေကြပေသည်။

မေရီက မိုးရေးအား စေ့စေ့ကြည့်လျက် ရယ်မောယင်း ရုတ်တရက် အရှိန်မပြေနိုင်သေးပဲ မသိမသာ ယိမ်းလျက်ရှိရာမှ "စီးလို့ကောင်းလိုက်တာရှင်၊ ကဲလာ အပေါ်တက်ကြစို့၊ ကျွန်မလဲ အဝတ်လဲ ခေါင်းဖြီးလိုက်ဦးမယ်" ဟု ပြောလိုက်၏။

မုန့်ဖုတ်သမားကြီးက သူ့အားဆီးကြို နှုတ်ဆက်ပုံမှာ ဖော်ရွေစွာပင်ဖြစ်သည်။ ဝီလီက အားပါးတရ နှုတ်ဆက်သည်။ အဒေါ်ကမူ မသက်မသာချင်သယောင် မျက်လုံးများဖြင့် ခပ်စိမ်းစိမ်းရှိသော်လည်း နောက်တွင် မိုးရေးက အဒေါ်ကြီးမှာဖြစ်သည့် အသက်ရှူ၍မဝသည့် ရောဂါအကြောင်း ဂရုတစိုက် နားထောင်ကာ ဆေးညွှန်းပေးသော အခါတွင်မူကား အနည်းငယ် စိတ်ညွတ်ပြောင်းလာသည်။

ထိုနေ့ညနေက တိတ်တိတ်ဆိတ်ဆိတ်ပင် အချိန်ကုန်သွားသည်။ မိုးရေးသည် မုန့်ဖုတ်သမားကြီးနှင့် ကျားထိုးကစားရာ သုံးပွဲဆက်တိုက်ရှုံးသည်။ မေရီသည် မီးဖိုနားက ခွေးခြေတစ်ခုပေါ်တွင် ထိုင်ကာ သူ့မင်္ဂလာဆောင်တွင် ဝတ်ဆင်ရန် သတို့သမီးဝတ်စုံကို ပန်းထိုးချုပ်လုပ်လျက် ရှိသည်။

လွန်ခဲ့သည့် နာရီအနည်းငယ်ကမှ မိုးရေးနှင့်အတူ အူမြူးစွာ မော်တော်ဆိုင်ကယ် စီးခဲ့သည့် မိန်းကလေးနှင့် လုံးဝမတူတော့ဘဲ မေရီသည် အလွန်တည်ငြိမ်သော ဣန္ဒြေဖြင့် နာရီကို မကြာမကြာ မော့ကြည့်ကာ "အခုလောက်ဆို ဝေါလတာတစ်ယောက်တော့ အစည်းအဝေးမှာ ရောက်နေလောက်ပြီ" ဟူ၍လည်းကောင်း၊ "သူမိန့်ခွန်းပြောခွင့်တော့ ရမှာပါပဲ၊ သူ့မိန့်ခွန်းကို သူအသေအချာကို ရေးသွားတာ" ဟူ၍လည်းကောင်း၊ "အခုလောက်ဆို ပြန်ဖို့ဘူတာကို သွားနေပြီနဲ့ တူတယ်၊ သူ့မှာ အအေးကာဖိနပ်ကို ထပ်စွပ်စီးခဲ့ဖို့ သတိရကောင်းပါရဲ့၊ သူက ခြေအေးနည်းနည်းမှ မခံနိုင်တဲ့လူ" ဟူ၍လည်းကောင်း တစ်ချက်တစ်ချက် ပြောနေပေသည်။

သူတို့အားလုံး စောစောအိပ်ရာဝင်ကြသည်။ ဝီလီ၏အခန်းထဲတွင် မိုရေးသည် ဝီလီနှင့် ပထမအကြိမ် ရင်းရင်းနှီးနှီး စကားပြောခွင့် ရလေသည်။ ဝီလီက ကျောင်းတွင် စာတော်သဖြင့် ဒေးဗစ်လစ်ဗင်းစတုန်းအကြောင်း စာတစ်အုပ် ဆုရထားသည်။

မကြာမီပင် သူတို့သည် အာဖရိက တောနက်ကြီးများအကြောင်း စကားလက်ဆုံကျကာ ညာဇာရေအိုင်ကြီးကို တွေ့ရှိပုံအကြောင်း၊ ဗယ်ရီဗယ်ရီခေါ် ထုံနာစို ထုံနာခြောက်ရောဂါအကြောင်း၊ အဆိပ်ပြင်းလှသည့် အာဖရိက တက်စတီခေါ် ယင်ကောင်တစ်မျိုးအကြောင်း ပြောလျက် ရှိကြလေတော့သည်။

နောက်နေ့နံနက် ၉ နာရီခွဲတိတိ အချိန်တွင် ဝေါလတာ ရောက်လာပြီးလျှင် မိုရေးအား မိတ်ဟောင်းဆွေဟောင်း တစ်ယောက်ပမာ နှုတ်ဆက်ကာ လွန်ခဲ့သည့်ညနေက သူ၏စွမ်းဆောင် အောင်မြင်မှုကို ပြောမဆုံးရှိလေ၏။ သူစကားပြော၍ မဆုံးမီ မိမဆုံးမ ဖမဆုံးမ လူတစ်စုက ခန်းမထဲမှ ထွက်သွားကြသည်ကလွဲ၍ သူသည် လေးဆယ့်ငါးမိနစ်သာသာခန့် အလွန်ကောင်းမွန်သော မိန့်ခွန်းပေးနိုင်ခဲ့ကြောင်း ပြန်ပြောပြလေသည်။

လွန်ခဲ့သည့်နေ့က ပင်ပန်းခဲ့၍ ယနေ့ ထိုက်ထိုက်တန်တန် အပန်းဖြေရမည်ဖြစ်ရာ ဝေါလတာမှာ ဤအပန်းဖြေခရီးကို ပျော်ပျော်သွားရန် စိတ်ထက်သန်လျက်ရှိ၏။ သူသည် ဘာမဆို တခမ်းတနား လုပ်တော့မည်ဟု သန္နိဋ္ဌာန်ချထားသည်မှာ သိသာပါသည်။ သင်္ဘောစီးရန် လက်မှတ်ဝယ်ရာတွင် ပထမတန်း လက်မှတ်များကို ခပ်ခန့်ခန့်ဝယ်သည်။

“သုံးစောင်ခွဲပေးပါ၊ ကောင်ကလေးက အသက်မပြည့်သေးဘူး” ဟုလည်း ပြောသည်။

လက်မှတ်ရုံစာရေးက ဝါရင့်နေသော မျက်လုံးများဖြင့် ဝီလီအား လှမ်းကြည့်လိုက်သည်။ ထို့နောက် သူက နွမ်းဟိုက်သည့်လေသံဖြင့် “လူကြီးလက်မှတ်လေးစောင် ယူပါဗျာ” ဟု ဆိုလိုက်သည်။

ဤတွင် ရှည်ရှည်ဝေးဝေး မဟုတ်သော်လည်း အတော်ကလေး ပြင်းပြင်းထန်ထန် ငြင်းကြခုံကြရ၏။ နောက်ဆုံး၌ လက်မှတ်စာရေးက ဝီလီအား စစ်မေးသည်တွင် ဝီလီက သူ့အသက်အမှန်ကို ပြောပြလိုက်မှ တိုတိုဖြင့်ပင် ပြီးဆုံးသွားသည်။ ဝေါလတာသည် မကျေမချမ်းဖြင့်ပင် လိုသောငွေကို ဆောင့်ကြီးအောင့်ကြီးဖြင့် ထုတ်ပေးလိုက်ရ၏။

ရဟတ်ဘီးဖြင့် ခုတ်မောင်းသော ခေါင်းတိုင်နီနှင့် သင်္ဘောကလေးသည် မြစ်ကိုစုန်ဆင်းလာကာ ဆိပ်ခံဆီသို့ ကပ်လာသည်။ ဝေါလတာလည်း

သင်္ဘောပဲ့ပိုင်းတွင် ထိုင်ခုံနေရာယူလိုက်သည်။

သင်္ဘောရဟတ်ဘီးသည် တဘုတ်ဘုတ်ဖြင့် ခုတ်စပြုကာ မြစ်ဝကျယ်ကိုဖြတ်၍ ပင်လယ်ဝဆီသို့ ထွက်ခဲ့သည်။ ရေပြင်ပေါ်တွင်ကား လေသည် လတ်ဆတ်လျက်ရှိ၏။

မေရီက သူ၏ဦးထုပ်ကို လေလွင့်မသွားအောင် ဖိကိုင်ထားယင်းက “ဒီဘက်က လေနည်းနည်း မထန်ဘူးလား မောင်ရယ်” ဟု အရဲစွန့်၍ ပြောသည်။

ဝေါလတာက တိုတိုတောင်းတောင်းပင် “မထန်ပါဘူးကွာ၊ ဒီမှာ ဒေါက်တာမိုရေးကို ဒို့ဆီက ကြည့်စရာရှိတာတွေ ပြမလို့ ဒီဘက်ကနေကြည့်မှ အားလုံးကို ထင်းကနဲ မြင်ရတာ” ဟု ပြောလိုက်သည်။

လိုက်ပါလာကြသော ခရီးသည်အများစုမှာ လေကွယ်ရာဘက်သို့ ရောက်နေကြသည်ဖြစ်၍ အမှန်တကယ်ပင် အတားအဆီးမရှိ မြင်နေရသော ရှုခင်းကား စကော့တလန်ပြည် အနောက်ဘက် တောင်ကုန်းဒေသ၌ အလှဆုံးဟု ဆိုရလောက်သော ရှုခင်းဖြစ်လေသည်။

သို့ရာတွင် ဝေါလတာမှာ စကူရီမြို့၏ ခဲတင်ငွေ့လှောင်ကန် အသစ်အကြောင်းကိုသာ ပိုမို စိတ်ဝင်စား၏။

“ခဲတင်ငွေ့ကုဗပေ နှစ်သောင်း သိုလှောင်နိုင်တယ်၊ ဒါ တိုးတက်တာပေါ့ဗျာ၊ ကဲ...”

ထို့ပြင် ဒိုရန်သင်္ဘောဆိပ်မြို့ရှိ စည်ပင်သာယာ အဆောက်အအုံများ အကြောင်းတွေကိုသာ သူကပြောပြနေသည်။

တတိတိဖြင့် သူတို့သည် ချမ်းသည်ထက် ချမ်းလာကြသည်။ ဝီလီမှာ အသားများပင် ပြာလာကာ သင်္ဘောစက်ကို သွားကြည့်ဦးမည်ဟု ရေရွတ်လျက် ထွက်ခွာသွားလေသည်။

ဝေါလတာကမူကား စကူရီမြို့ စည်ပင်သာယာအဖွဲ့သို့ ရေဆိုးထုတ် စီမံကိန်းအသစ်တစ်ခု တင်ထားကြောင်း စသည် စသည်တို့ဖြင့် နားထောင်သူကိုမှ အားမနာပဲ အဆက်မပြတ် ပြောလာသည်။

မိုရေးလည်း သူပြောနေသည်တို့ကို သိပ်ဂရုစိုက် နားထောင်မနေပဲ တစ်ချက်တစ်ချက်တွင် အလိုက်သိစွာ တစ်လုံးနှစ်လုံးစ ဝင်ဝင်ထောက်နေသော မေရီကိုသာ စူးစိုက်ကြည့်နေမိလေသည်။

မေရီသည် သူ့လူရှေ့တွင် သူ့နဂိုစရိုက် လုံးဝပြောင်းသွားသည်။ သူ၏

ရှင်ပျလန်းဆန်းသော အမူအရာတို့သည် ပျောက်ကွယ်သွားကြသည်။ ယခု မေရီသည် နှုတ်ဆိတ်လာသည်။ ရိုသေကျိုးနွံလှသည်။

'သူ့ခမျာ ဒီငနဲနဲ့ရယင်တော့ တကယ်စိတ်ငရဲ ခံရရှာမှာပဲ' ဟု မိုရေးက တွေးမိလေသည်။

သူတို့၏ သဘော်ာကလေးသည် နောက်ဆုံး ဂဲယားဆေးပင်လယ်အော်ထဲသို့ ကွေ့၍ဝင်လာခဲ့သည်။ ဝီလီအား နွေးနွေးထွေးထွေးရှိသော စက်ခန်းထဲမှ ခေါ်ထုတ်ကာ ရှေ့ဘက်၌ ဆိုင်များနှင့် နောက်ဘက်တောင်စောင်းတွင် ဟိုတယ်ကြီးများရှိသည့် စည်စည်ကားကား အပန်းဖြေရိပ်သာဆီသို့ ဆင်းလာခဲ့ကြသည်။

ဝေါလတာက "ကဲ... နေ့လယ်စာ သွားစားကြရအောင်" ဟု ဆိုလိုက်သည်။

မေရီက လမ်းတစ်ဘက်ရှိ အတော်အသင့် သပ်သပ်ရပ်ရပ်ရှိသော စားသောက်ဆိုင်ကလေး တစ်ခုကို ညွှန်ပြကာ "လန်းရဲ့ဆိုင်ကို သွားစားကြရအောင်လေ၊ ကျွန်မတို့ အဖေနဲ့လာယင် အဲဒီမှာ အမြဲစားကြတာပဲ" ဟု ပြော၏။

ဝေါလာတာက "အိုကွယ်၊ ဒေါက်တာမိုရေးကို လန်းရဲ့ဆိုင်ခေါ်သွားဖို့ စိတ်တောင်မကူးပါဘူး၊ 'ဂရန်း' ကို သွားစားကြမယ်" ဟု ပြောလိုက်သည်။

မေရီက "အို ဝေါလတာရယ်၊ အကြွားအဝါတွေနဲ့ အလကား ဈေးကြီးနေတဲ့ နေရာကို..." ဟု ဆိုကာရှိသေး၊ ဝေါလတာက သူ့အားလက်ပြ၍ တားလိုက်ပြီးလျှင် "ဟိုမှာစားဖို့ သီးသန့်စားပွဲတွေ မှာထားပြီးပြီကွယ်" ဟု မေရီကို ဟန့်တားပြောလိုက်၏။

သူတို့၏ ဦးခေါင်းထက်တွင် ခမ်းခမ်းနားနား စီးမိုးလျက်ရှိသော ဂရန်းဟိုတယ်သို့ ကုန်းတက်လမ်းအတိုင်း စတက်ကြသည်။ လူသွားလမ်းကလေးမှာ ရှည်လျားမတ်စောက်၍ မြေပြင်၌ ဂမုန်းပန်းအပြာကလေးများ ပွင့်ဖုံးလျက်ရှိသော တောအုပ်ကလေးကို ဖြတ်၍သွားရသည်။

ကားလမ်းအတိုင်း တက်သွားသော အရောင်တဖိတ်ဖိတ် အဖိုးတန်မော်တော်ကားများကို သစ်ပင်များအကြားမှ လှမ်းမြင်နေရသည်။ ဝေါလတာက ရှေ့က မုဆိုးလမ်းပြလို တက်သွားသည်တွင် မေရီမောပန်းနေသည်ကို မိုရေးက သတိပြုမိ၏။

မေရီနားမှ နားရပါစေတော့ဟု သဘောထားကာ သူက ခြေလှမ်းတန့်လိုက်၍ ဂမုန်းပန်းပြာကလေးများကို ခူး၍ မြက်ပင်ကလေးများဖြင့်

စည်းကာ မေရီအားပေးသည်။ ထို့နောက် သူကပြုံးလျက် "မင့်အဝတ်အရောင်နဲ့ တစ်ရောင်တည်းပဲ" ဟု ဆိုသည်။ အဆုံးတွင် သူတို့သည် တောင်ကုန်းထိပ်သို့ ရောက်ခဲ့ကြ၍ ဝေါလတာလည်း မောဟိုက် အသက်ရှူပြင်းလျက်ကပင် ဩ့သည် အတော်များများ ထိုင်လျက် ရှိကြပြီဖြစ်သော ဝရန်တာကျယ် ဘက်ဆီသို့ သူ့လူစုကို ခေါ်ခဲ့သည်။

သူတို့လူစု ဝင်လျှင်ပင် အထူးအဆန်း သဖွယ် စိုက်ကြည့်သူတို့က ကြည့်၍ တစ်ယောက်က ရယ်မောလိုက်သည်။ ဝေါလတာလည်း ဝရန်တာကျယ်ဘက်မှဝင်သည့် တံခါးကို တော်တော်နှင့် မတွေ့၊ အတော်ကြာအောင် စမ်းတဝါးဝါး လျှောက်ရှာရပြီးမှ ရောမ စားသောက်ခန်းကြီးထဲသို့ ရောက်သွားကြသည်။

ဆယ့်နှစ်နာရီမျှသာ ရှိသေး၍ အတော်ပင် စောနေသည်။ စားပွဲထိုးများလည်း အချင်းချင်းစု၍ စကားပြောနေကြဆဲပင်ရှိ၏။ စားသောက်ခန်းကြီးထဲတွင် အခြားမည်သူမှ မရှိသေး။

စားပွဲထိုးချုပ်က မျက်ခွံမပင့်ပဲ သူတို့အား တစ်ချက်မျှ လှမ်းကြည့် အကဲခတ်လိုက်၏။ ထို့နောက် ခန်းမကြီး နောက်ဘက်ရှိ ချောင်တစ်ချောင်သို့ ခေါ်သွားမည်ပြုသည်တွင် ဝေါလတာက "ပြတင်းနားက စားပွဲတစ်ခုကို ကျုပ်မှာထားတယ်၊ ဟောဟိုစားပွဲ ကျုပ်လိုချင်တယ်" ဟု ပြောလိုက်သည်။

"အဲဒီစားပွဲတော့ မရဘူးခင်ဗျ၊ မေဂျာလင်းဆေးနဲ့ သူ့ဩ့သည်တွေအတွက် သီးသန့်ထားတာ"

"ဒါဖြင့် အဲဒီစားပွဲရဲ့ ဟိုဘက်က စားပွဲဗျာ"

"အဲဒါက မစ္စတာမင်ဇီးရဲ့ စားပွဲခင်ဗျ၊ ဒါပေမယ့် သူက တစ်နာရီဆယ့်ငါးမိနစ်ထက် စောပြီး လာခဲပါတယ်၊ အဲဒီအချိန်လောက်ဆိုယင်တော့ ခင်ဗျားတို့လဲ ဘယ်နည်းနဲ့မဆို စားလို့သောက်လို့ပြီးလောက်ပါပြီ"

သို့ဖြင့် သူတို့သည် မစ္စတာမင်ဇီး၏ စားပွဲတွင် ထိုင်ကြရ၏။ စားသောက်ဖွယ် စာရင်းကို ဝေါလတာ၏ လက်သို့ လှမ်းပေးလိုက်၏။ စာရင်းမှာ ပြင်သစ်ဘာသာဖြင့် ရေးထားသည်။

ဝေါလတာက သူ့လူစုကို ဖတ်ပြလိုက်ပြီးလျှင် "ပြင်သစ်အစားအစာလို ကောင်းတာမျိုးတော့ မရှိဘူးဗျ၊ ပြီးတော့ စားစရာကလဲ ငါးမည်တောင်" ဟု ပြောလိုက်၏။

သူတို့အတွက် စားစရာများကို ခပ်သုတ်သုတ် လာချပေးသည်။

ကြည်ကြည်ဖြူဖြူတော့ မဟုတ်။ ဂရန်းဟိုတယ်၏ ပုံစံပင်ဖြစ်သည်။ ရှေးဦးစွာ ဂျုံမှုန့်နှင့် ရေမှတစ်ပါး ဘာမှ သိပ်ပါဟန်မရှိသော ခပ်ပျစ်ပျစ် ဝါတာတာ ဟင်းချိုရည် လာချ၏။ ထို့နောက်တွင် ပျစ်ချွဲချွဲ စေးထန်းထန်းရှိသော ပန်းရောင်ရေတ်ချဉ်တစ်မျိုး ဆမ်းထားသော အရိုးငေါငေါ ငါးတစ်တုံး။

ဝီလီက လေသံဖြင့် "မမရေ၊ မလတ်ဘူးဗျ" ဟု ပြောလိုက်သည်။ မေရီလည်း ပန်းကန်ကို ငုံ့ကြည့်နေယင်းမှ "တိတ်တိတ်နေကွယ် မောင်လေး" ဟု ခပ်အုပ်အုပ် စကားဟန့်လိုက်ရသည်။ သူ့အမူအရာ၌ အပေါ်ယံက တည်ငြိမ်ဟန်ရှိသလောက် ကျိတ်၍ စိတ်ဆင်းရဲနေသည်ကို မိုရေးက အကဲခတ်မိ၏။

ဤသို့ဖြင့်ပင် နောက်တစ်မည်ကို ဆက်၍ စားကြသည်။ ဆပ်ပြာကဲ့သို့ ဖွယ်တယ်တယ်ရှိသော အာလူး၊ သံဗူးထဲက ဖောက်ထည့်ထားသော ပဲသီးစိမ်းတို့ဖြင့် ထည့်ပေးသော အမျှင်ကြမ်းလှသည့် သိုးသား၊ အချိုရည်နှစ်ကလည်း ပျစ်ချွဲချွဲ ဖြူတူတူ။ ထို့နောက် သူတို့စားပွဲတွင် အသေ့ချည့် နှင်နေသောကြောင့် ခပ်မြန်မြန်ပင် လာချသောဟင်းမည်မှာ ပေါင်မုန့်ကင် ပါးပါးပေါ်တွင် ထုတ်ထိုးစိုက်ထားသော ဖြူဖပ်ဖြူရော် မာတောင့်တောင့် ငါးသေတ္တာငါး။

ထို့နောက်တွင် ပိုက်ဆံရှင်းရန် ပြေစာကိုယူလာလေသည်။ ထိုအခါတွင် သူတို့ကို မထီမဲ့မြင် ပြုသည့်သဘောကို ဝေါလတာပင် ရိပ်စားမိနေပြီဖြစ်သည်။

သူသည် ပြေစာစာရွက်ပေါ်တွင် တွက်ချက်ကြည့်နေပြန်သည်။ ထိုအခိုက်တွင် စားသောက်ဆိုင်ခန်း အရက်ရောင်းသည့် ဘားဘက်မှ ဆံပင်ကြိုးကြားဖြူလျှက် ကျင်စွယ်ကို သထား၍ ခပ်မိုန်မိုန်စကော့တလန်ပြည် 'ကင်းစောင့်တပ်နက်' အင်္ကျီ ဝတ်ဆင်ထားသော ရာသီဥတုဒဏ်ကြောင့် ရင့်ရော်နေသော မျက်နှာဖြင့် အရပ်မြင့်မြင့် လူကြီးတစ်ယောက် လျှောက်လာနေ၏။

သူ့နောက်ကလည်း သက္ကလတ်ရောင်ပြေး ဝတ်စုံများဆင်ထားသည့် လူရွယ်သုံးယောက်ပါလာ၏။ သုံးယောက်စလုံး အရက်ကို အတော်မူးအောင် သောက်လာကြမှန်း မိုရေး ဂရုပြုမိ၏။

သူတို့သည် ထိုနေ့က ဂယ်ယာမြစ်ထဲတွင် ငါးမျှားခဲ့ကြပုံကို ဆူဆူညံညံပြောလျက်က မိုရေးတို့ စားပွဲနှင့်ကပ်လျက် စားပွဲတွင် ဝင်ထိုင်ကြလေသည်။ လူငယ်သုံးယောက်အနက် တစ်ယောက်မှာ ဆံပင်ရွှေရောင်၊ နှုတ်ခမ်းတွဲတွဲဖြင့် လူပေါ်ကြော့ ဖြစ်ဟန်တူ၏။ သူသည် ထိုင်ကတည်းက မေရီအား မျက်စိကျလျက်ရှိ၏။

ကုလားထိုင်နောက်မှီတွင် ခပ်လျောလျောမှီထိုင်ကာ မေရီအား ငမ်းနေရာမှ သူတို့အား ဖိတ်ခေါ်လာသူအား တစ်တောင်ဖြင့်တွက်ကာ "ဦးလေး ဟိုမှာတွေ့လား၊

စကော့ရေဆေးငါးကလေး၊ အပဟီး” ဟု ဆိုလိုက်၏။

လင်းဆေးက “ကဲ၊ မောင်ရင် ဟင်းချိုသောက်စမ်းကွယ်” ဟု ဆိုသည်။“ဟာ၊ ခင်ဗျာ့ဟင်းချို ထားလိုက်စမ်းပါ၊ အမျိုးသမီးကလေးကို ကျုပ်တို့စားပွဲ သွားခေါ်ရအောင်ဗျာ၊ ကလေးမ ဟိုမှာ သူ့စကော့ဦးလေးကြီးနဲ့ သိပ်ပျော်ပုံမရဘူး”

သူ့အဖော်တစ်ယောက်က စပ်ဖြဲဖြဲဖြင့် “မင်းမရပါဘူး ဟဲရစ်ရာ” ဟု လှောင်ပြောင်သလို ပြောလိုက်၏။

ဟဲရစ်လည်း သူ့ကုလားထိုင်ကို နောက်သို့တွန်း၍ ထလိုက်ပြီးလျှင် “ဘာလောင်းမလဲ ကိုယ့်လူ” ဟု ဆိုလိုက်သည်။

ဝေါလတာမှာ မျက်နှာတစ်ခုလုံး မည်းပုပ်လျက် တစ်ဘက်သို့ လှွဲကာ “ဂရုမစိုက်နဲ့၊ သူ့ကို ဆွဲထားကြမှာပဲ” ဟု ခပ်အုပ်အုပ် အောင့်သက်သက်အသံဖြင့် ပြောသည်။

သို့သော် ဟဲရစ်သည် ရှေ့သို့တိုးလာလျက် ရှိ၏။ သူသည် ဟန်နှင့်ပန်နှင့် အလေးအမြတ်ပြုသလို ခါးကိုကိုင်းညွတ်လိုက်၍ မေရီ၏လက်ကို ဆွဲကိုင်ကာ “ကျုပ်ချစ်တဲ့ နှမကလေးရယ် မောင်ကြီးတို့ရဲ့ စားပွဲဘက်ကို ရွှေ့ခဲ့ပါလားကွယ်” ဟု ပြောလိုက်သည်။

မေရီနောက်သို့ ယို့သွားသည်ကို မိုရေးက မြင်လိုက်၏။ မေရီ၏ မျက်နှာမှာ သွေးမရှိတော့။ ဝေါလတာအား အကူအညီတောင်းဟန် လှမ်းကြည့်လိုက်သည်။ ဝီလီကလည်း ထိတ်လန့်လျက်ကပင် စိတ်ဆိုးနေသည့် မျက်လုံးများဖြင့် ဝေါလတာအား လှမ်းကြည့်သည်။

ဝေါလတာက “ဒီမယ်ခင်ဗျာ၊ ခင်ဗျား စကားပြောနေသူဟာ ကျွန်တော့်ရဲ့ ဇနီးလောင်း ဖြစ်တယ် ဆိုတာကို သိပါရဲ့လား၊ ခင်ဗျားရပ်တမ်းက မရပ်ယင် ကျုပ်ဒီဆိုင်က မန်နေဂျာကို ခေါ်ပြီး တိုင်တန်းရပါလိမ့်မယ်” ဟု အထစ်ထစ် အငေါ့ငေါ့ ပြောလေသည်။

“အိုဗျာ ဦးလေးကလဲ အသာ တိတ်တိတ်နေစမ်းပါ၊ ခင်ဗျားကို ခေါ်နေတာ မဟုတ်ပါဘူး၊ လာကွယ့် နှမလေး၊ လာ” ဟဲရစ်သည် မေရီ၏လက်ကိုကိုင်လျက် ဆွဲထူဖို့ အားစိုက်နေပြန်၏။

မေရီလည်း မနှစ်မြို့စွာပင် သူ့အသံတိမ်ကလေးဖြင့် “တစ်ဆိတ်ရှင် သွားပါတော့” ဟု ပြောလိုက်သည်။

ထိုအချိန်တွင် လင်းဆေးသည် ဟဲရစ်၏လက်မောင်းကို ဆွဲခေါ်လျက်

ရှိသည်။ ဟဲရစ်လည်း မေရီ၏လက်ကို လွှတ်ကာ ဆတ်ကနဲ ပခုံးချီလိုက်ပြီးလျှင် "အေးလေ၊ ကျုပ်နှမလေးကို ခေါ်လို့မရလဲ ဟောဒီအမှတ်တရ ပစ္စည်းကလေးပဲ ယူရမှာပေါ့" ဟု ဆိုလျက် မေရီ၏ ပန်းစည်းကလေးကို ကောက်ကိုင်ကာ ဟန်နှင့်ပန်နှင့် နမ်းလိုက်၏။ ပြီးလျှင် ဒယီးဒယိုင်ဖြင့် သူ့နေရာသို့ ပြန်သွားလေသည်။

ထို့နောက် အားလုံး ကြောင်စီစီဖြင့် တိတ်ဆိတ်သွားကြသည်။ သူ့စားပွဲသူ ပြန်ရောက်သောအခါ လင်းဆေးက ဝေါလတာအား မဲ့ပြုံးကလေးပြုံး၍ ကြည့်လျက်ရှိလေသည်။ ဝေါလတာမှာ သနားစရာကောင်းလောက်အောင် စိတ်မငြိမ်မသက်ဖြစ်လျက် ငွေစက္ကူများကို စားပွဲပေါ်သို့ ပစ်ချကာ စိတ်ဆိုးမာန်ဆိုး ထိုင်ရာမှထလိုက်သည်။

"လာ မေရီ၊ ဒို့သွားကြမယ်"

မိုရေးလည်း ထိုင်ရာမှထလိုက်၏ သူ့ပင်ကိုသဘောတွင် သူရဲကောင်းလုပ်တတ်သည့် ဉာဉ်မရှိ။ သို့ရာတွင် သူလည်း စိတ်ဆိုးလျက်ရှိ၏။ အထူးသဖြင့် သူ့အဖို့ ပျော်ရွှင်ဖွယ် နေ့ကလေးတစ်နေ့ အဟောသိကံ ဖြစ်သွားရသည်ကို ဒေါသဖြစ်မိခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

သူသည် ရုတ်တရက် စိတ်လိုက်မာန်ပါ တစ်ဘက်စွားပွဲဆီသို့ ရောက်သွားကာ ဟဲရစ်၏အနီး၌ ရပ်လိုက်ပြီးလျှင် "မင်းကို ဟင်းချိုသောက်လို့ ပြောထားတယ် မဟုတ်လား၊ ကဲ... သောက်လိုက်" ဟု ဆိုကာ ကုပ်မှနှိမ်၍ ဟဲရစ်၏မျက်နှာကို ဟင်းချိုပန်းကန်ထဲသို့ ခပ်ကြမ်းကြမ်းကလေး တွန်းနှစ်လိုက်သည်။

ဟဲရစ်လည်း မျက်နှာတစ်ခုလုံး ဟင်းရည်များ စီးကျလျက် အသက်ရှူရန် ခေါင်းကိုမော့လိုက်၏။

အခြားလူများကလည်း ကြက်သေသေလျက်ရှိစဉ် ဟဲရစ်လည်း လက်သုတ်ပဝါကို စမ်းတဝါးဝါး ရှာဖွေလျက်ရှိ၏။ မိုရေးလည်း ပန်းစည်းကိုကောက်၍ မေရီအား လှမ်းပေးလိုက်ပြီးလျှင် ရင်တဒိတ်ဒိတ်ခုန်လျက် တစ်မိနစ်ခန့် စောင့်ကြည့်နေလိုက်၏။

လင်းဆေးက ပြုံးကြည့်နေသည်မှ တစ်ပါး အခြားဘယ်သူမှ ဘာမှမလှုပ်ကြသဖြင့် မိုရေးလည်း လှည့်ထွက်ကာ အပြင်ဘက်သို့ ရောက်နေကြပြီဖြစ်သော သူ့အဖော်များဆီသို့ လိုက်သွားလေသည်။ အပြင်သို့ရောက်လျှင် ဝီလီက သူ့လက်ကို အားပါးတရ ဖမ်းဆွဲလိုက်ကာ "ကောင်းလိုက်တာဗျာ၊ ခင်ဗျားလုပ်လိုက်တာ သိပ်ကောင်းတာပဲ၊ ခင်ဗျားကိုတော့

ကျွန်တော် သိပ်ကို သဘောကျသွားပြီ” ဟု ဆိုလေသည်။

သူတို့ တောလမ်းကလေးအတိုင်း ဆင်းလာခဲ့ကြသောအခါတွင် ဝေါလတာက “ခင်ဗျား ဝင်ပါဖို့ မလိုပါဘူးဗျာ၊ ဒီကိစ္စ ကျွန်တော် ဆိုင်ရာ အာဏာပိုင်တွေကို တိုင်ရမယ်၊ လင်းဆေးဟာ သူ့အမဲလိုက် ငါးမျှားလိုင်စင် လုပ်ပိုင်ခွင့်ကို လန်ဒန်က အောက်တန်းအကျဆုံး တေလေဂျပိုးတွေကို ငှားတာ၊ ခုကိစ္စဟာ လူသိရှင်ကြား အသရေပျက်အောင် လုပ်တာ၊ ဒီကိစ္စ အားလုံးကို ကျွန်တော် အဖေ့ဆီ တင်ပြလိုက်မယ်” ဟု ပြောလာသည်။

ဝီလီက “အဲလိုဆို သူကဘာလုပ်မလဲ၊ ဒီလူတွေကို မီးမပေးဘူးဆိုပြီး ဖြုတ်ပစ်မလား” ဟု ဝင်ထောက်သည်။

သူတို့၏ အပြန်ခရီးမှာ စိတ်နှလုံး မသာမယာဖြင့် တိတ်ဆိတ်ငြိမ်သက်လှသည်။ မိုးဖွဲကလေးများလည်း ကျလာသဖြင့် ပထမတန်း အခန်းထဲသို့ ဝင်ထိုင်ခဲ့ကြသည်။ အာ့ဒဖီလန်သို့ ပြန်ရောက်ကြသောအခါ ဝေါလတာက ခွင့်လွှတ်သည့် အမူအရာဖြင့် မေရီအား လက်ကမ်းပေးလိုက်ကာ မုန့်ဆိုင်မျက်နှာစာသို့ လျှောက်လာကြသည်။

မိုရေးက သူ၏ မော်တော်ဆိုင်ကယ် ပေါ်သို့တက်၍ စက်နှိုးသောအခါ ဝေါလတာက မျက်နှာမသာမယာဖြင့် လက်ကမ်းပေးကာ “ကဲ၊ သွားပေဦးတော့ဗျာ၊ ကျွန်တော်တို့ နောက်တစ်ခါ တွေ့ကြတော့မယ် မထင်ဘူး” ဟု နှုတ်ဆက်သည်။

ဝီလီကမူ “မကြာခင် လာခဲ့ဦးဗျာ၊ လာဖြစ်အောင် လာခဲ့ပါဦး” ဟု ဝင်ပြောလေသည်။

ဟိုတယ်မှ ထွက်ခဲ့ကြကတည်းက ပထမအကြိမ် သူ့အား လှမ်းကြည့်လိုက်သည်။ မေရီမှာ ရင်ခုန်လျက် မျက်လုံးများမှာလည်း မျက်ရည်ဝိုင်းလျက် ရှိကြသည်။ သူ့နှုတ်က ဘာမှ ထုတ်မပြောသော်လည်း မေရီ၏ စူးစိုက်သော အကြည့်တွင် သူ့ရင်ထဲတွင် တစ်စုံတစ်ခုကို ပြောချင်သည့်စိတ်က ပြင်းထန်လျက်ရှိဟန် ပေါ်နေပေသည်။

ထို့အပြင် မေရီသည် သူခူးပေးသော ဂမုန်းပန်းစည်းပြာကလေးကို သူ၏ရင်၌ ထိုးစိုက် ဆင်မြန်းထားသည်ကိုလည်း မြင်ခဲ့ရလေသည်။

(၄)

နောက် သီတင်းပတ်ထဲတွင် မိုရေးအား ကံကောင်းတစ်ချက် ထောက်မသည်။ သူ့အား ပါမောက္ခဒရမ်မွန်၏ သူနာဆောင်များတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်လခန့်အပ်ခြင်း ခံရသည်။ ဤအလုပ်ကို ရလိုက်ခြင်းသည် သူ့အား သူ၏ အခန်းစုတ်ကလေးမှ ထွက်ခွာ၍ စာမေးပွဲကြီး ဖြေချိန်အထိ ဆေးရုံတွင်ပင် နေနိုင်အောင် အကြောင်းကံ ဖန်လာခြင်းပင် ဖြစ်သည်။

မိုရေးက သူနာတစ်ယောက်အား စစ်ဆေးမေးမြန်းနေသည်ကို နားထောင်ယင်းမှ "မင်း ကြီးပွားဦးမယ် လူကလေး၊ မင်း ဆေးရုံသူနာကို မေးပုံမြန်းပုံဟာ ငါတွေ့ဖူးသမျှ ဘယ်ဆေးကျောင်းသားနဲ့မှ မတူအောင်ကို ယဉ်ကျေးသိမ်မွေ့တာပဲ" ဟု ပါးနပ်စွာ မှတ်ချက် ချခဲ့သူမှာလည်း ပါမောက္ခဒရမ်မွန်ပင် ဖြစ်၏။

ဒရမ်မွန်သည် ဆေးဝါးကုသမှု ဘာသာရပ်တွင် စာမေးပွဲ စစ်သူများအဖွဲ့မှာ တစ်ယောက်အပါအဝင် ဖြစ်သဖြင့် မိုရေးကလည်း အချိန်မရွေး အလုပ်ကို သဲသဲမဲမဲဖိလုပ်ကာ ဖျတ်ဖျတ်လတ်လတ် ရှိနေအောင် ကြိုးစားအားထုတ်လျက် ရှိသည်။

ဤသို့ လုံ့လစိုက်ထုတ်ရခြင်းတွင် မိုရေးကဲ့သို့ စိတ်ဓာတ်တက်ကြွလျက်ရှိသူ လူငယ်တစ်ယောက်အဖို့ ပင်ပန်းလှသည် မဟုတ်သော်လည်း ဤသို့ အလုပ်၌ အချိန်ပြည့် ရှိနေခြင်းကိုကား စိတ်ထဲတွင် ကသိကအောက် ဖြစ်ရလျက်ရှိသည်။

သူသည် အာ့ဒဗီလန်သို့ လစ်သွားရန် အချိန်အား မရနိုင်တော့သောကြောင့် ဖြစ်၏။

ထိုနေ့က မေရီနှင့် ခွဲခွာလာခဲ့ရသည့် အခိုက်ကတည်းမှစ၍ ကြီးပွားချမ်းသာချင်ဇောဖြင့် အလုပ်တွင် အာရုံအပြည့် စိုက်လျက်ရှိသော သူ၏စိတ်တွင် ထူးဆန်းသော အာရုံများဝင်ရောက် တွင်ကျယ်လျက် ရှိကြသည်။

မေရီ၏ မဲ့နေသော မျက်နှာကလေးသည် သူ့မျက်လုံးထဲက မထွက်၊ အမှန်အားဖြင့် သူကိုယ်တိုင်ကလည်း မထွက်စေချင်အောင် ဖြစ်နေသည်မှာ အဆိုးဆုံး ဖြစ်ချေသည်။ သူနာဆောင်ထဲ၌ လည်းကောင်း၊ စမ်းသပ်ခန်းထဲ၌ လည်းကောင်းတစ်ချက်တစ်ချက်တွင် မေရီနှင့် တွေ့ချင်သည့် စိတ်ဆန္ဒက သူ့အား ဖမ်းစားတတ်လေသည်။

သူသည် ဒေါက်ဂလပ်မိသားစုထံမှ သတင်းစကား တစ်စုံတစ်ရာ ကြားရလိမ့်မည်ဟု မျှော်လင့် ထားခဲ့သော်လည်း ဆယ်ရက်လောက်ကြာမှ ကျန်းမာချမ်းသာစွာ ရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း အာဖရိကအကြောင်း စာအုပ်များ ထပ်မံရှာဖွေ ဖတ်ရှုနေကြောင်းနှင့် ဘယ်သောအခါ အလည်လာဦးမည်နည်း မေး၍ အောက်မေ့ကြောင်း စာတစ်ကြောင်းနှစ်ကြောင်းပါ ဝီလီ၏ထံမှ ပို့စကတ်ကလေးတစ်စောင်သာ ရောက်လာလေသည်။

ညနေပိုင်း၌ သူနာများကို လှည့်ကြည့်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် အဒ္ဒဗီလန်သို့ တယ်လီဖုန်း ကောက်ဆက်လိုက်၏။ တစီစီမြည်နေသော တယ်လီဖုန်းထဲမှ အန်တီမီနီ၏ ထူးသံကို ကြားလိုက်ရသည်။

"ကျွန်တော်ပါ၊ ဒေးဗစ်မိုရေးပါ၊ နေထိုင်ကောင်းရဲ့လားလို့ ဖုန်းဆက်ကြည့်တာပါ"

"အင်း၊ နေကောင်းကြပါတယ်၊ ကျေးဇူးတင်ပါတယ်"

အန်တီမီနီ၏ အသံမှာ အေးစက်စက် ဖြစ်နေ၍ အံ့အားသင့်သွားရသေးသော်လည်း သူသည် ဇွတ်ပင်ဆက်မေးလိုက်သည်။

"ဝီလီရှိလား၊ သူ ပို့စကတ် ပို့လိုက်တာ ရတဲ့အကြောင်း ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ"

"ဝီလီ စာကျက်နေတယ်၊ သွားနှောင့်ယှက်လို့ မဖြစ်ဘူး"

"ဒါဖြင့် မေရီကော"

"မေရီ သူ့ရည်းစားနဲ့ အပြင်ထွက်သွားတယ်"

"ကျွန်တော်က နှုတ်ဆက်လိုက်ကြောင်း ပြောပေးပါလား အန်တီ" ဟု သူက ခပ်ကြောင်ကြောင်ပင် ပြောလိုက်၏။

"ပြောမပေးနိုင်ပါဘူး၊ ဒီမှာ မစ္စတာ မိုရေး၊ တို့မိသားစုထဲကို မင်းအတင်းဝင်ပြီး ရှုပ်ရှုပ်ရှက်ရှက် မလုပ်ယင် အားလုံးအတွက် အကောင်းဆုံးပဲ"

တစ်ဘက်မှ တယ်လီဖုန်း စကားပြောခွက်သည် ဂျောက်ကနဲ ကျသွားသည်။ မိုရေးလည်း ရုတ်တရက် ပါးရိုက်ခံလိုက်ရသူပမာ ကြောင်အမ်းအမ်းဖြင့်ပင် တယ်လီဖုန်းပြောခွက်ကို ဖြည်းညင်းစွာ ပြန်ချလိုက်၏။

'တို့မိသားစုထဲကိုဝင်ပြီး ရှုပ်ရှုပ်ရှက်ရှက် မလုပ်ပါနဲ့ ဆိုပါလား၊ သည်လို အပြောအဆိုမျိုး ခံရအောင် သူဘာများ လုပ်ခဲ့မိပါလိမ့်'။ ယခုကဲ့သို့

ပြတ်ပြတ်တောက်တောက်ကြီး လုပ်လိုက်သည့် ကိစ္စထဲတွင် မေရီပါ ပါလိမ့်မည်ဟု သူမယုံကြည်။

သို့ဖြင့် သူသည် ဆေးစာရေးသော စာရွက်တစ်ရွက်ကို ဆွဲယူကာ မေရီနှင့် တွေ့ဆုံနိုင်ရန် အခါအခွင့်များ မကြုံဘူးလားဟု မေးသည့် စာတိုကလေး တစ်စောင်ကို ရေး၍ ထည့်လိုက်သည်။

မေရီ့ထံမှ ပြန်စာကို ရင်တမမဖြင့် စောင့်နေခဲ့ရာ နောက်ဆုံးတွင် ရောက်လာလေသည်။ သူ့စာမှာ ဘာမှ အထွေအထူး ရင်းနှီးမှုမပါ၊ မီးရထား အချိန်စာရင်းကို ဖတ်နေရသကဲ့သို့ ရှိသည်။

သို့သော် သူ ဇရက်နေ့ ကြာသပတေးနေ့တွင် သူ့အဒေါ်နှင့်အတူ ဈေးဝယ်ရန် ဝင်တန်သို့ လာစရာရှိသည်။ ကာလီဒိုနီယန် မီးရထားဘူတာ နာရီကြီးအောက်က ၆နာရီလောက်စောင့်နေလျှင် တွေ့နိုင်မည်။ သို့သော် သူက ၆ နာရီခွဲ ရထားဖြင့် အိမ်သို့ပြန်ရမည် ဖြစ်သည်ဆို၏။

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စာတွေ အလွန်အမင်းကျက်ကာ ပင်ပန်းမနေပေဘူးဟု ယုံကြည်ကြောင်းမျှသာ ပါသည်။ မည်သို့ပင်ဖြစ်စေ သူ မေရီကိုတွေ့ရမည်။ သူ့အဖို့ ဤမျှတော့ အမြတ်ထွက်ပါသေးသည်။ ချိန်းထားသည့်နေ့တွင် မိုရေးသည် အခြား အလုပ်သင် ဆရာဝန်ကလေး တစ်ယောက်နှင့် သူ့အတွက် နှစ်နာရီမျှ ကိုယ်စားဝင်လုပ်ပေးရန် စီစဉ်ခဲ့သည်။ ဒရမ်မွန်သည် ညနေပိုင်းတွင် ဘယ်တော့မှ ၈ နာရီထက်စော၍ မလာတတ်၊ ကံကောင်းလျှင် သူအမီ ပြန်နိုင်ပေလိမ့်မည်။

၆ နာရီ မတိုင်မီ အတော်ကြာကပင် သူသည် ကာလီဒိုနီယန် ဘူတာမှ နာရီကြီးအောက်သို့ ရောက်လာခဲ့၏။ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့၍ ကျပ်ခိုးစွဲနေသော မှန်ခုံးကြီး၏အောက်တွင် ခရီးသည်တို့သည် ရထားတွဲများ ရှိရာသို့ တဖွဲဖွဲ လျှောက်သွားလျက် ရှိကြသည်။

ထိုနေရာကား ရေနွေးငွေ့နံ့၊ မြူနံ့၊ ကန့်မီးခိုးနံ့တို့ဖြင့် မွှန်လျက် ထွက်ဆဲမီးရထားများမှ စူးရှသော ဥသြသံများဖြင့် ညံနေလေသည်။

မိုရေးသည် ကြိတ်ကြိတ်တိုး လူအုပ်ထဲတွင် တစ်ယောက်တည်း အထုပ်အပိုးများကို တပွေ့တပိုက်သယ်လျက် မေရီသူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသောအခါတွင် သူ၏ရင်သည် တဒိန်းဒိန်းခုန်လေသည်။

မေရီသည် သားမွေးလည်စည်းနှင့် အညိုရင့်ရောင်ဝတ်စုံကိုဆင်ကာ ဦးထုပ်ညိုကလေးကို ဆောင်းထားသည်။ မေရီအား အပြင်ထွက်သည့်အခါ

ဆင်မြန်းသော အဝတ်အစားမျိုးဖြင့် တစ်ခါမှ မမြင်ဖူးသောကြောင့် သူ့ကို ကြည့်ရသည်မှာ တစ်သွေးတစ်မွေး ထူးခြားနေ၏။

မိုရေးက အထုပ်အပိုးများကို လက်ပြောင်းသယ်ရန် မေရီ၏ လက်အိတ်စွပ် လက်ချောင်း ကလေးများမှ ကြိုးများကို ဖြေယင်းရ "မေရီ" ဟု လှိုက်လှဲစွာ ခေါ်လိုက်သည်။ မေရီက ခပ်ယဲ့ယဲ့ကလေး ပြုံးပြသည်။

သူ့မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်သည့် အရိပ်လက္ခဏာလေးများ ပေါ်လျက်ရှိကြသည်။ "အန်တီမိနီကတော့ ခါတိုင်းလိုပဲ အပြင်ထွက်မိယင် အစွမ်းကုန် ကြဲလိုက်တာပဲ" ဟု ခပ်အေးအေး လေသံဖြင့်ပြောရန် အားထုတ်၍ "အခုလဲ မိတ်ဆွေ တစ်ယောက်အိမ် ဝင်ရစ်တယ်လေ၊ မဟုတ်ယင် ကျွန်မ ဘယ် ဒီလို လစ်လာလို့ရမလဲ" ဟု ပြောရှာသည်။

"နာရီဝက်ထက် ပိုနေလို့ မရဘူးလား မေရီရယ်"

မေရီက ခေါင်းကိုယမ်းပြယင်း "အိမ်ကလူတွေက ဘူတာကို လာကြိုနေကြမှာရှင့်" ဟု ပြောသည်။

မေရီက အားတက်သရော မရှိလှသည့်လေသံဖြင့် ပြောနေ၍ သူ့စိတ် အနှောက်အယှက် ဖြစ်ရ၏။

"ကဲ ဒါဖြင့်လဲ ဒီမှာရပ်မနေကြပါနဲ့လေ၊ အပြင်ထွက်ပြီး လမ်းလေးဘာလေး လျှောက်ကြရအောင်"

လမ်းထဲတွင် မြူငွေ့စပြုပြီဖြစ်၍ လမ်းမီးတိုင်များသည် မှုန်ဝါးဝါးဖြစ်ကာ လမ်းသွားလမ်းလာ ကား ရထားတို့၏ အသံဗလံတို့သည်လည်း တိုး၍ သွားကြသည်။ နှစ်ယောက်သား တစ်ကမ္ဘာလုံးတွင် သူတို့ချည်းသာ ရှိကြသကဲ့သို့ လျှောက်လာခဲ့ကြသည်တွင် မိုရေးသည် မေရီနှင့် လက်ချင်း မချိတ်မတွဲရဲအောင် ဖြစ်နေ၏။ သူတို့ပြောကြသည့် စကားမှာလည်း မလေးနက် အသက်မပါ။

"စာအတော် ကျက်ပြီးပြီလား" ဟု မေရီကမေးလျှင် "ဆိုပါတော့လေ၊ မေရီကော နေကောင်းရဲ့လား" ဟု မိုရေးက ပြန်မေးသည်။

မေရီက ခဏမျှ ဆိုင်းနေပြီးနောက်မှ ပြော၏။

"သူ့အတော် စိတ်ခုနေသေးတယ်၊ ဒါပေမယ့် အခုတော့ စိတ်ပြေသွားပါပြီ၊ သူက လက်ထပ်ဖို့ကို ရက်သတ်မှတ်ချင်ပြီ၊ ကျွန်မက နည်းနည်း စောင့်ကြပါဦးစို့လို့ ပြောတယ်၊ အခုတော့လဲ ဇွန်လ တစ်ရက်နေ့ကို လက်ထပ်ဖို့ စီစဉ်ပြီးပြီလေ"

ဇွန်လ ၁ ရက်နေ့ ဆိုပါလား…။ ရက်သတ္တ သုံးပတ်တည်းသာ

လိုတော့သည်။ “မေရီကရော ကျေနပ်ကဲ့လား” ဟု မိုရေးက မေးသည်။

မေရီက လက်တွေ့ကျကျ ရိုးရိုးစဉ်းစားတတ်သူ တစ်ယောက်၏ လေသံ၊ သူ့အား နားသွင်းထားဟန်ရှိသော စကားလုံးတို့ဖြင့် ပြန်ဖြေသည်။

“အင်း၊ ဝေါလတာဟာ လူကောင်း တစ်ယောက်ပါ၊ လင်ကောင်းသားကောင်း တစ်ယောက်လဲ ဖြစ်လာမှာပါပဲ၊ ပြီးတော့…” ဟု ဆိုကာ တစ်ခဏမျှ ထစ်ငေါ့သွားပြီးမှ ဆက်ပြောသည်။

“သူက အပေါင်းအသင်း ကောင်းတော့ ကျွန်မတို့ အလုပ်မှာလဲ အထောက်အကူ ရမှာပဲ၊ အဖေ့အလုပ်ကလဲ သိပ်မကောင်းခဲ့တာ ဒီသုံးလေးနှစ်လောက် ရှိပြီ” ဟု ပြောပြသည်။

ပြောယင်းဆိုယင်း မိုးပေါက်ကြီးများ တစ်ပေါက်ချင်း ကျလာကြရာမှ သဲသဲမဲမဲ ရွာချလိုက်သည်။ သူတို့သည် တံခါးပိတ်ထားသော ဆိုင်တစ်ဆိုင်၏ အဝင်လမ်းကူးဆီသို့ မိုးဝင်ခိုလိုက်ကြ၏။

“မေရီ့ဘဝ ချမ်းမြေ့သာယာပါစေလို့ ဆုတောင်းပါတယ်ကွယ်”

“ရှင့်ကိုလဲ ကျွန်မက ဒီအတိုင်းပဲ ဆုတောင်းပါတယ် ဒေးဗစ်ရယ်”

ဆိုင်အဝင်ပေါက် လမ်းကူးကလေးမှာ မှောင်နေ၏။ မိုရေးသည် မေရီကို မမြင်ရ။ သို့သော် သူ့အနားတွင် မေရီရှိနေမှန်းကိုကား သူအတပ်သိသည်။ မေရီ အသက်ရှူသံ မြန်နေသည်ကို ကြားရသည်တွင် သူ့မှာလည်း အလွန်အမင်း အားအင် ဆုတ်ယုတ်သွားသလို ဖြစ်လာ၏။

အာခေါင်လည်း ခြောက်သွေ့သွားသည်။ မေရီက လေသံသဲ့သဲ့ဖြင့် “ကျွန်မ ရထားလွတ်သွားလို့ မဖြစ်ဘူး” ဟု ဆိုသည်။

သူတို့ မီးရထားဘူတာဆီသို့ ပြန်ပြေးလာကြပြီးလျှင် မိုရေးက မေရီ့အတွက် ရထားတွဲပေါ်တွင် ထိုင်ခုံရှာပေးသည်။ ထို့နောက် သူက ရထားတွဲ အပြင်ဘက် ခြေနင်းခုံပေါ်က ရပ်နေ၏။

မေရီက ရထားပြတင်းဖွင့်၍ အပြင်သို့ ကိုယ်ကို ကိုင်းထွက်လိုက်၏။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မိုးရေထဲပြေးလာရ၍ မေရီ၏ ပါးပေါ်မှ မိုးရေစက်တို့သည် သူ့အင်္ကျီ လည်ပတ်သားမွေးပေါ်သို့ စီးကျလျက် ရှိကြသည်။

သူ့မျက်လုံးများမှာ ပြူးကျယ်လျက် ညို့ညို့မှိုင်းနေကြသည်။ မီးရထားထွက်ရန် အချက်ပေးသော ဥသြသံ စူးစူးရှရှ ပေါ်လာသည်တွင် မေရီသည် သူ၏ မျက်နက်ဝန်းကျယ်ကြီးများဖြင့် မိုရေးအား စိုက်ကြည့်ကာ “ခွဲကြဦးစို့

ဒေးဗစ်ရယ် နော်” ဟု နှုတ်ဆက်သည်။ သူ့အသံမှာ တုန်နေ၏။

“သွားပေတော့ မေရီရေ” ဟု နှုတ်ဆက်ယင်း သူ့မှာ ရင်ထဲက မခံသာအောင် နာကျင်လာသည်။ မေရီသည် တစ်သက် သူ့ဆီက အပြီးအပိုင် ထွက်ခွာသွားတော့မှာပါလား၊ နောက် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါလား။

ရထားတရွေ့ရွေ့လိမ့်၍ထွက်စပြုသောအခါ နှစ်ယောက်စလုံးပင် အတွင်းစိတ်သဘာဝက လှုံ့ဆော်လိုက်သည့်အလား တစ်ဦးရှိရာသို့တစ်ဦး ညွတ်လိုက်မိကြပြီးလျှင် တစ်ဦးကိုတစ်ဦး အငမ်းမရ တအားဖက်ကာ စိတ်ရှိလက်ရှိ နမ်းလိုက် မိကြလေသည်။

ရထားသည် တရွေ့ရွေ့လိမ့်ရာမှ အရှိန်ရစ ပြုလာသည်။ မိုရေးလည်း ဘူတာစကြံအဆုံးသို့ရောက်မှ ခုန်ဆင်းကာ ဒယိမ်းဒယိုင်ဖြင့် လဲမကျအောင် မနည်းဟန်၍ ရပ်လိုက်ရသည်။

မေရီလည်း ပြတင်းပေါက်မှ ခေါင်းထွက်လျက် ကြည့်ယင်း မီးရထားကြီး ဆွဲဆောင်ရာ လိုဏ်ခေါင်း အမှောင်ထုထဲသို့ ပါသွားလေသည်။ မိုရေး၏ ပါးပြင်များပေါ်တွင်ကား မျက်ရည်တို့သည် တသွင်သွင် စီးကျလျက် ရှိကြလေသည်။

အလွန်ဝေးလံသောအရပ်မှ တစ်စုံတစ်ခုက သတိဖော်ပေးလိုက်သကဲ့သို့ ယနေ့သူ့ဆရာကြီးသည် ခါးဆစ်ရိုးခွဲစိတ်မှုတစ်ခုအတွက် ၈နာရီတွင် ရောက်လာမည်ကို သူ သတိရလိုက်သဖြင့် ဆေးရုံသို့ ဒရောသောပါး ပြန်ပြေးခဲ့ရသည်။

ညဉ့် ၁၀နာရီထိုးမှပင် သူ၏အခန်းသို့ ပြန်ရောက်ကာ သူ့ရင်ထဲက ဝေဒနာကို လွတ်လွတ်ကျွတ်ကျွတ် ခံစားနိုင်တော့သည်။

သူ ချစ်မိပြီ။ မေရီ၏ စိတ်ရောကိုယ်ပါ အနမ်းကို တသသ အောက်မေ့ယင်း မေရီကလည်း သူ့ကိုချစ်သည် ဆိုသည်ကို သူသိသည်။ ဤအဖြစ်မျိုး ကြုံရလိမ့်မည်ဟု သူ တစ်ခါမှမတွေးတောခဲ့မိ။

သူသည် သူ၏အလုပ်အကိုင် တိုးတက်ကြီးပွားမှုနှင့် သူ့ကိုယ်သူ ဆင်းရဲတွင်းမှအလွတ်ရုန်း၍ အောင်မြင်ထွန်းကားသော ဘဝသို့ရောက်အောင်သာ လုံးလုံးလျားလျား အာရုံစိုက် ကြိုးစားလာခဲ့သည်။

သူ့ဘဝသူ သာယာအောင် လုပ်ဆောင်ရာတွင် မေရီနှင့်အတူ စွမ်းဆောင်၍ မရပေဘူးလောဟု သူ့ကိုယ်သူ စစ်တမ်းထုတ်ကြည့်မိသည်။ မေရီသည် ဆင်းရဲသမီးဆင်းရဲသားမျိုး၌ ဖြစ်သော်လည်း မယားကောင်း တစ်ယောက်၏ အရည်အသွေး အပြည့်အဝရှိသည်။

ဤမိန်းကလေးမျိုးကို ဝေါလတာလိုလူမျိုး၏ လက်တွင် အဆုံးမခံနိုင်။ ယခုပင် မေရီထံ သူ စာရေးမည်။

စာရေးရန် စားပွဲပေါ်မှ စာရွက်ကို လှမ်းယူလိုက်ကာမှပင် အရေးပေါ်သုံး တယ်လီဖုန်းက မြည်ပြန်သည်။ စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်ကာ တစ်စုံတစ်ရာကို မကျေမချမ်း ရေရွတ်လိုက်ပြီးလျှင် တယ်လီဖုန်းကို ကောက်ယူလိုက်ရ၏။

"ဒေးဗစ်ရေ"

သူ ရုတ်တရက် အသက်ရှူမှားမတတ် ဖြစ်သွားပြီးမှ "ဟာ မေရီ၊ တကယ်ပဲ မင်း ဟုတ်ကဲ့လားကွယ်" ဟု ဆိုလိုက်မိလေသည်။

"အိမ်ကလူတွေ အိပ်ကုန်မှ ကျွန်မ ဆိုင်ခန်းထဲကို ဆင်းလာပြီးတော့ ပြောတာ၊ မပြောပဲကို မနေနိုင်ဘူး သိလား၊ အချစ်ဆုံး ဒေးဗစ်ရေ၊ ကိုယ်ပျော်လိုက်တာကွယ်"

"အို မေရီလေးရယ်၊ ကိုယ်လဲ သိပ်ပျော်တာပဲပေါ့" ဟု ဆိုလိုက်ယင်း ညဉ့်ဝတ်အင်္ကျီ ရေနွေးထိုးဖိနပ်တို့ဖြင့် မှောင်နေသော ဆိုင်ခန်းထဲတွင် တယ်လီဖုန်း ပြောနေမည့် မေရီ၏ ချစ်စဖွယ် ရုပ်အသွင်ကို အပြေးအလွှား စိတ်ကူးဖြင့် ထင်မြင်ကြည့်နေမိလေသည်။

"ဟို ကရိဂ္ဂဒိုရန်ဘူတာက မှန်ထဲမှာ မောင့်ကို မြင်လိုက်လိုက်ချင်း မေရီသိတယ်၊ မောင်က မေရီ့ကို စိတ်မဝင်စားဘူး ထင်လို့ အတော်ကလေးကို ဆွေးခဲ့ရသေးတယ် သိလား"

"ဒါပေမယ့်ကွယ် ကိုယ်မင့်ကို စိတ်ဝင်စားတယ်ဆိုတာ မင်း သိပါတယ်မေရီရယ်၊ ကိုယ်မင့်ကို အရူးအမူး ချစ်နေပြီ"

တယ်လီဖုန်းထဲမှ မေရီ ရှည်လျားညင်သာစွာ ပင့်သက်ရှိုက်လိုက်သည့် အသံကို ကြားရသည်။

"မောင်ရေ၊ မေရီလေ ဝေါလတာကို ဘယ်တော့မှ လက်မထပ်ဘူးဆိုတာ မောင့်ကို ပြောချင်လို့ သိလား၊ ဘယ်တုန်းကမှလဲ စိတ်မပါခဲ့ပါဘူး၊ အိမ်ကလူတွေ စီမံတာမို့ အသာငြိမ်နေခဲ့ရတာ၊

ပြီးတော့... မောင်ကလဲ မေရီ့ကို လိုချင်ပုံမရဘူး ထင်နေခဲ့တာ၊ အခုတော့ မေရီ သူ့ကို ပြောလိုက်တော့မယ်"

"ကိုယ်ပါ လိုက်ခဲ့မယ် မေရီ၊ ကိုယ် ဆရာကြီးဆီ ခွင့်တောင်းလိုက်ဦးမယ်"

"ဟင့်အင်း၊ မောင်မလိုက်နဲ့၊ စာမေးပွဲကြီးနဲ့ဟာ၊ အဲဒါက အရေးကြီးတာ၊ စာမေးပွဲပြီးရင်တော့ မေရီ့ဆီ တစ်ခါတည်း ပြေးလာခဲ့နော်၊ မောင့်ကို မေရီ စောင့်နေမှာ၊ ကဲ… မောင်ရေ အိပ်တော့နော်၊ ဂွတ်နိုက်"

သူ တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချခဲ့ပြီးနောက် ကလောင်တံကိုဆွဲယူကာ စိတ်ပါလက်ပါ စာတစ်စောင် ကောက်ရေးလေသည်။ ထို့နောက် အိပ်မက်တစ်ဝက် နိုးတစ်ဝက်ဖြင့်ပင် ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိလေ၏။

နောက်နေ့ နံနက်လင်းသော် သူသည် စာမေးပွဲကြီးအတွက် ဆထက်ထမ်းပိုး တိုး၍ ကြိုးစားကျက်လေသည်။ စာမေးပွဲရက်သို့ ရောက်လာသောအခါ သူသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာပင် မောင်းတင်လျက် အယ်လဒန်ဟော ခန်းမကြီးထဲသို့ ဝင်ခဲ့လေသည်။

ဦးစွာဖြေရမည့် မေးခွန်းစာရွက်များ ဖြန့်ဝေပေးလိုက်သည်တွင် အလျင်အမြန် တစ်ခေါက် ဖတ်ကြည့်လိုက်ပြီးသောအခါ အားလုံးကို သူဖြေနိုင်မည်ဟု တွေ့ရ၏။ ထို့နောက်တွင် တစ်ခဏကလေးမှ ခေါင်းမဖော်ဘဲ အဖြေများကို တစ်ရွက်ပြီးတစ်ရွက် ဒလဟော သွန်၍ ရေးချလေတော့သည်။

ထို့နောက် ဆေးရုံလက်တွေ့ စစ်ဆေးမှုစလေသည်။ ဆေးဝါးကုသမှု စစ်ဆေးရာတွင် သူသည် ရောဂါလက္ခဏာကို ချက်ချင်းရှာဖွေတွေ့ရှိသည်။ အဆုတ်ပွန်မြွေးရောင်သည်၊ ထိုမှဆက်၍ ဦးနှောက်ပြည်တည်သည်။ စာမေးပွဲ နောက်ဆုံးနေ့တွင် နှုတ်မေးခွန်းများ ဖြေရသည်။

စာစစ်အဖွဲ့တွင် ပြင်ပစာစစ် ပါးဗစ်၊ ဆိုးလှသည်ဟု နာမည်ကြီးသော မီးယပ်နှင့် သားဖွားဆိုင်ရာ ပါမောက္ခ မာဒို မက္ကလိုက်ရှ်တို့နှင့်အတူ သူ့ဆရာကြီး ဒရမ်မွန် ထိုင်နေ၏။ ဒရမ်မွန်က သူ့အား ခင်မင်ရင်းနှီးစွာ ဦးခေါင်းတစ်ချက် ဆတ်၍ပြလိုက်ပြီးလျှင် အဖွဲ့ဝင်များဘက်သို့လှည့်ကာ "သူပေါ့၊ ကျုပ်ပြောတဲ့ ဆေးရုံသူနာကို မေးပုံစမ်းပုံ အင်မတန် ယဉ်ကျေးတဲ့သူငယ်" ဟု ပြောပြလိုက်သည်။

ပါးဗစ်က မိုရေး ရေးဖြေထားသော လူမမာအခြေအနေ စာရွက်စာတမ်းများကို လှန်လှောဖတ်ရှုကြည့်နေရာမှ "ဒါတင် ဘယ်ကမလဲဗျ" ဟု ပြောပြန်သည်။

ထို့နောက် မိုရေးအား မေးစရာရှိသည်တို့ကို မေးကြသည်။ မိုရေးကလည်း မေးခွန်းတိုင်းကိုပင် ရိုသေလေးစားစွာ အာသွက်လျှာသွက်ဖြင့် သူတတ်သမျှ အကောင်းဆုံး ဖြေဆိုနိုင်သည်။

ဆောလျှင်စွာပင် လူတွေ့စစ်ဆေးခြင်း ပြီးဆုံး၍ ပါးဖစ်ကပြုံးလျက်ဖြင့် "မင့်ကို ဆက်မေးဖို့ မလိုတော့ပါဘူး ထင်ပါရဲ့ကွယ်" ဟု ဆိုလိုက်သည်။ မိုရေးထွက်သွားသောအခါတွင်မှ "ကောင်ကောင်းလေးပဲ" ဟု ဆက်ပြောလိုက်သည်။

မက္ကလိုက်ရှိကမူ "တော်လဲတော်ပါရဲ့၊ ဒါပေမယ့် အတော်လဲ အဖြီးသန်တဲ့အကောင်" ဟု ဆိုလိုက်၏။

ကျန်နှစ်ယောက်က ရယ်ကြသည်။ ဤဆရာအိုကြီး၏ စကားကို မည်သူမှ အလေးအနက် မထားကြချေ။

စနေနေ့နံနက်တွင် အောင်စာရင်းများကို ထုတ်ပြန်ထားသည်။ မိုရေးသည် ကြော်ငြာသင်ပုန်းနားသို့ မသွားဝံ့ဝံ့ သွားဝံ့ဝံ့ဖြင့် ချဉ်းကပ်သွားသည်။ သို့သော် သူ၏အမည်ကို အခြားနှစ်ယောက်၏ အမည်များနှင့် တွဲလျက် ထိပ်ဆုံးတွင် တွေ့လိုက်ရသည်။ သူ ဂုဏ်ထူးဖြင့် အောင်သည်၊

နှစ်ပေါင်းများစွာ အငတ်အပြတ် အဆင်းရဲခံကာ ကြိုးစား အားထုတ်ယူခဲ့ရသည့် ဤအကျိုးအမြတ် အောင်မြင်မှုမှာ ယုံကြည်နိုင်စရာပင် မရှိ၊ မကြာမီပင် ဤအောင်မြင်မှုအရသာကို မေရီနှင့်အတူ ဝေမျှခံစားရတော့မည် ဟူသောအသိက အောင်မြင်မှုကို ပိုမိုကြီးမားစေသည်။

သို့ဖြင့် သူသည် စာပို့တိုက်သို့ တန်းသွားကာ 'ယနေ့ညနေ ငါးနာရီခွဲရထားဖြင့် အာ့ဒဗီလန်သို့ ရောက်မည်' ဟူသော ကြေးနန်းတစ်စောင် ရိုက်လိုက်လေသည်။

မေရီက မီးရထားဘူတာ၌ ဆီးကြိုနေသည်။ သူ့မျက်လုံးများမှာ အရောင်တောက်လျက် မေရီသည် နွမ်းလျှဟန်ရှိသော်လည်း ခါတိုင်းထက်ပင် လှနေသည်။ သူသည် မိုရေးရှိရာသို့ တိုးလာကာ စကြံပေါ်ရှိ အခြားလူများကို ဂရုမထားဘဲ သူ၏ မျက်နှာကလေးကို မော့လျက် သူ့နှုတ်ခမ်းလေးများကို ကမ်းလင့်လိုက်သည်။

မေရီ၏ အိမ်သို့အသွားတွင်လည်း မိုရေးကမေရီ၏ လက်ကိုဆွဲလျက် ဘာစကားတစ်ခွန်းမှလည်း ရေရေလည်လည် မပြောမိကြ။ မေရီ၏စိတ်ထဲတွင် အရေးအကြီးဆုံး ဖြစ်နေသော မေးခွန်းကို မမေးရဲအောင် ဖြစ်နေသည်ကို မိုရေးက အကဲခတ်မိသည်။

သူကလည်း သူ၏ အောင်မြင်မှုကို ချက်ချင်းမပြောလိုက်သေးဘဲ တဖြည်းဖြည်းချင်း အချိန်ဆွဲပြီးမှ ပြောပြမည်ဟု ကြံစည် ထားခဲ့သော်လည်း "ကိုယ်အောင်တယ် မေရီ၊ ထိပ်ဆုံးက ဂုဏ်ထူးနဲ့ အောင်တယ်" ဟု

နှိမ့်ချသောလေသံဖြင့်သာ ပြောလိုက်မိလေသည်။

မေရီက မိုရေးနှင့်တွဲကိုင်ထားသော သူ့လက်ချောင်းလေးများကို ရုတ်တရက် ပိုတင်းအောင် ညှစ်လိုက်၏။ ပြီးမှ "မောင်၊ မောင်အောင်မယ်ဆိုတာ အသိသားပဲ၊ ဒါပေမယ့် အို... မေရီလေ အရမ်းကို ပျော်တာပဲ၊ အခုဆို မောင်နဲ့လက်တွဲပြီး ဘာမဆို ရင်ဆိုင်ရဲပြီပေါ့" ဟု ဆိုလိုက်၏။

"ဒီမှာ မေရီ့အဖို့ အနေရအထိုင်ရ ကျပ်နေမှာပေါ့နော်" မေရီက ကြားရသူ သက်သာစေဖို့ မေတ္တာဓာတ် အပြည့်ဖြင့် လှမ်းကြည့်လိုက်ကာ "အင်း... လွယ်လှတယ်တော့ မဟုတ်ဘူးပေါ့၊ မေရီ ဝေါလတာကို သွားပြောတော့ အစမှာ မေရီက နောက်နေတယ်လို့ သူကထင်တာ၊ သူ့ကို ငြင်းပယ်မယ့် မိန်းမမျိုး မရှိဘူးလို့ ထင်နေတဲ့သူကလား

မောင်ရဲ့၊ မေရီ တကယ်ပြောနေမှန်း သိတော့မှ သူစိတ်ဆိုးတော့တာပေါ့၊ အဲဒီနောက် သူ့မိဘတွေက အဖေ့ဆီကို လာတွေ့ကြတယ်လေ၊ မေရီ့ကိုလဲ အမျိုးမျိုး သမုတ်ကြတော့တာပေါ့" ဟု ပြောကာ ရွှံ့ပြုံးကလေး ပြုံးပြသည်။

"မေရီ ဒါတွေကို ရင်ဆိုင်နေရတုန်းမှာ ကိုယ်ကလဲ အနားမှာမရှိတာ တွေးမိယင် စိတ်မကောင်းဘူးကွယ်၊ အိမ်ကလူတွေကကော မေရီ့ဘက်က လိုက်မပြောကြဘူးလား"

"ဝီလီတစ်ယောက်ကလွဲလို့ မေရီလုပ်တာကို တစ်ခြားလူတွေကတော့ တယ်ပြီး မကြိုက်ကြဘူးပေါ့၊ ထားပါတော့လေ၊ ကဲ အခု အိမ်ရောက်လာကြပြီပဲ၊ အဖေနဲ့ ဝင်တွေ့လိုက်ကြဦးစို့"

မေရီက မိုရေးအား မုန့်ဖိုထဲသို့ ခေါ်သွားသည်။ မုန့်ဖိုမှာ အမိုးနိမ့်၍ မှောင်နေရုံမက မုန့်ဖိုများမှ မီးရှိန်ကြောင့် ပူအိုက်လှ၏။ ပေါင်မုန့်ဖုတ်လက်စများမှ အနံ့တသင်းသင်းထွက်လျက် ရှိ၏။

ဒေါက်ဂလပ်သည် သူ၏ဖိုမင် ဒေါ်နယ်လဆန်နှင့်အတူ အပေါ်ပိုင်း ညို့ညို့နှစ်လုံးတွဲ စကော့ချ်ပေါင်မုန့်များ အစီအရီ တင်ထားး၍ လေးလံနေသော ဗန်းများကို စင်ပေါ်သို့ မ တင်လျက်ရှိသည်။

မုန့်ဖုတ်သမားကြီးကား ဂျုံမှုန့်ပေကျံသော ရှေ့ဖုံး ခါးစည်းအဝတ်နှင့် ရွက်ဖျင်ဖိနပ်ဖြူ အဟောင်းတို့ကို ဝတ်ဆင်ထားသည်။ သူသည် မိုရေးဝင်လာသည်ကို မြင်သော်လည်း အလုပ်ကို ပြီးအောင်လုပ်၍ ခါးစည်းရှေ့ဖုံးအဝတ်ကို ချွတ်ခွာလိုက်ပြီးမှ မိုရေးထံသို့ တိုးလာသည်။

မေရီက မိုရေး စာမေးပွဲကိုဂုဏ်ထူးဖြင့် အောင်ခဲ့ကြောင်း ရုတ်တရက်

ကြေငြာလိုက်၏။

"ဩော်… မင်းအခု ဆရာဝန်ဖြစ်ပြီပေါ့၊ အေး၊ တစ်မျိုးဟန်ကျတာပေါ့ကွာ"

သူက ဦးဆောင်ကာ ဝီလီသင်ခန်းစာများလုပ်လျက်၊ အန်တီမီနီက ပြတင်းပေါက်နားတွင်ထိုင်လျက် ဇာထိုးနေရာ အိမ်ပေါ်ထပ် ဧည့်ခန်းထဲသို့ သွားကြသည်။ ဝီလီက သူ့အား ဖော်ရွေသောအပြုံးဖြင့် နှုတ်ဆက်သော်လည်း အန်တီမီနီကမူ မော်၍မှမကြည့်ချေ။

မုန့်ဖုတ်သမားကြီးက "ထိုင်ကွာ၊ ထိုင်" ဟု ဆိုလိုက်လျှင် ဒေးဗစ်မိုရေးလည်း စားပွဲအနီးမှ နောက်မှီ မတ်မတ်ကုလားထိုင် တစ်လုံးကိုဆွဲ၍ ထိုင်လိုက်သည်။ မေရီကလည်း သူ့ဘေးက ထိုင်လိုက်လေသည်။ အန်တီမီနီက သူ၏ထိုးလက်စ ဇာထိုးအပ်များကို ချည်လုံးတွင်ထိုးစိုက်၍ သိမ်းလိုက်ပြီးလျှင် "ဝီလီ အပြင်ထွက်" ဟု နှင်လိုက်သည်။

ဝီလီထွက်သွားသောအခါ မုန့်ဖုတ်သမားကြီးက "ကဲ ဒေးဗစ် ဒီကိစ္စ ဒို့အဖို့ အတော်ကလေး အထိနာရတဲ့ကိစ္စ ဖြစ်တယ်ဆိုတာ မင်းနားလည်စေချင်တယ်" ဟု စပြောလိုက်သည်။ အန်တီမီနီကလည်း မကျေမချမ်းနိုင်သည့် အမူအရာဖြင့် "လူတိုင်းကို အထိနာတဲ့ကိစ္စ တစ်မြို့လုံး ကဲ့ရဲ့လိုက်ကြတာ မိုးမွှန်နေတာပဲ" ဟု ဝင်ထောက်သည်။

ဒေါက်ဂလပ်က ဆက်လက်၍ "အေး… ငါ့သမီးက ဒီမြို့နယ်မှာ သူနဲ့ ထိုက်ထိုက်တန်တန် အင်မတန် လူသူ အလေးစားခံရတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ ကတိပေးပြီး ဖြစ်တယ်၊ ပြီးမှ ဆိုင်းမဆင့် ဗုံမဆင့် လူစိမ်းသက်သက် တစ်ယောက်အတွက်နဲ့ သူ့စကားသူ ဖျက်လိုက်ရတယ်လို့ကွယ်" ဟု ပြောလိုက်၏။

"ဖျက်ဖို့အကြောင်း လုံလောက်အောင် ရှိပါတယ်ခင်ဗျာ၊ မေရီနဲ့ ကျွန်တော်တို့ တစ်ယောက် တစ်ယောက် ချစ်ခင်နေကြပါတယ်" အန်တီမီနီက "ချစ်ခင်နေကြသတဲ့ တော်၊ အင်း… မင်း ဟို မော်တော်ဆိုင်ကယ်ပျက်နဲ့ ရောက်မလာခင်က၊ မေရီနဲ့ ချစ်ခင်နေတာက ဝေါလတာနဲ့ပါကွယ့်" ဟုဆိုလိုက်သည်။

မိုရေးက စားပွဲ၏အောက်မှ မေရီ၏လက်က သူ့လက်အားလာ၍ ဆုပ်ကိုင်လိုက်သည်ကို တွေ့ထိခံစားယင်းမှ "မေရီက ဝေါလတာကို ဘယ်တုန်းကမှ မချစ်ခင်ခဲ့ပါဘူး၊ မေရီဟာ ဝေါလတာနဲ့သာရရင် ဘယ်တော့မှ ပျော်မှာမဟုတ်ဘူး၊ ဝေါလတာဟာ လူကြွားလူဝါ၊ သူ့ကိုယ်သူသာ အထင်ပြီးတတ်ပြီး လူတစ်ဘက်သားသဘောကို မသိသား ဆိုးဝါးနိုင်တဲ့ကောင်" ဟု ပြောလိုက်၏။

ဤတွင် ဒေါက်ဂလပ်က ရုတ်တရက် ပြတ်သားစွာပင် "တော်ကြတော့ပျော့၊ ဝေါလတာဟာ သူ့ဟာနဲ့သူ တခြားလူတွေနဲ့ မတူတာကလေးတွေတော့ ရှိမှာပေါ့၊ ဒါပေမယ့် သူဟာ စိတ်ချရတယ် ဆိုတာတော့ ဒို့က သိပြီးသား" ဟု ဖြတ်ပြောသည်။

မေရီက "ဘယ်လိုဖြစ်ဖြစ် ကျွန်မကတော့ သူ့ကို ဘယ်တုန်းကမှ မကြိုက်ခဲ့ပါဘူး" ဟု ဝင်ထောက်လိုက်၏။

ဤတွင် အန်တီမီနီက "ဒါဖြင့် အစက ဘာဖြစ်လို့ ဒီလို မပြောရလဲဟဲ့၊ ဟင် ခွေးမရဲ့၊ အခုတော့ နင့်ကြောင့် စတော့ဒတ် တစ်မျိုးလုံးကို ဒို့နဲ့မသင့်အောင် လုပ်ပေးလိုက်တော့ နင့်အဖေ ဘယ်အခြေ ရောက်သွားတယ်ဆိုတာ နင်အသိပဲ" ဟု ကြိမ်းမောင်းကာ မိုရေးဘက်သို့လှည့်၍ ကိုယ်ကိုကိုင်းကာ

"ဒို့အဖို့ကတော့ မလွယ်ဘူးပျော့၊ အလုပ်ရုံ ဥပဒေသစ်တွေနဲ့အညီ မုန့်ဖိုကို ပြင်ဆင်ရမှာတွေ ထားလိုက်ဦး၊ သမဝါယမတွေနဲ့ သူတို့ရဲ့ မုန့်ဖုတ်စက်ကြီးတွေကို ပြိုင်ရမှာနဲ့ ငါ့ခြံအိုကြီးမှာ

ကျန်းမာရေးကလဲ ခုတလော မကောင်းရှာတာနဲ့ ဘာနဲ့ အတော့်ကို ခဲခဲယဉ်းယဉ်း ရုန်းကန်နေရရှာတာ၊ ပြီးတော့ ဝေါလတာရဲ့ အဖေက ကတိပြုထားတာက..." ဟု ဆက်ပြောနေလေသည်။

ဒေါက်ဂလပ်က သူ့လက်ကို မြှောက်လိုက်၍ တားလိုက်ကာ "ကဲ... တော်လောက်ပါပြီ မီနီရယ်၊ ငါဟာ အခုထိအောင် ကိုယ့်အစွမ်းနဲ့ ကိုယ်ဖြစ်အောင် နေနိုင်ခဲ့သေးတာပဲ၊ ဘုရားသခင်ရဲ့ အစောင့်အရှောက်နဲ့ နောက်လဲ ဆက်ပြီး အဲဒီအတိုင်း နေသွားမှာပါပဲ" ဟု ဆိုလိုက်သည်။

မိုရေးလည်း သူ၏ ငယ်မူငယ်သွေးဖြင့် ထက်ထက်မြက်မြက် ရှိလှသော သူ၏မျက်နှာပေါ်တွင် စာနာစိတ်အပြည့် ရိုးသားရိုပ်ဖြင့် "ကျွန်တော် ဦးလေးတို့ကို အတော် စိတ်ဒုက္ခရောက်အောင် နာကျည်းစရာဖြစ်အောင် လုပ်မိတာ စိတ်မကောင်းပါဘူး ခင်ဗျာ၊ ကျွန်တော်တကယ်ပဲ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို သားမက်တော်ရတဲ့အတွက် ဦးလေးတို့မှာ နောင်တ မဖြစ်စေရပါဘူး၊ ကျွန်တော် အလုပ်တစ်ခုရအောင် ရှာပါ့မယ်၊ နောက်ပြီးတော့ ကျွန်တော်ဟာ မကြာခင်မှာပဲ ဝင်ငွေကောင်းတဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာတော့မှာပါ၊ ကျွန်တော့်မှာတော့ မေရီနဲ့အတူ နေချင်တဲ့ဆန္ဒပဲ ရှိပါတယ်" ဟု သူ၏ မရွံ့မရဲ ချစ်ခင်ဖွယ်အပြုံးဖြင့် ပြောသည်။

မုန့်ဖုတ်သမားကြီးလည်း သဘောတူကြောင်း ခေါင်းမညိတ်ဘဲ မနေနိုင်တော့ပဲ "ကောင်းပါပေ့ကွယ် ဒေးဗစ်ရယ်၊ ငါကလဲ ဟောဒီက သမီးမေရီလိုပါပဲ၊ မင့်ကို မြင်မြင်ချင်း ခင်ပါတယ်၊ အေး...စေ့စပ်ကြောင်းလမ်းတဲ့

သဘောမျိုးကို ခွင့်ပြုနိုင်ပါတယ်၊ လက်ထပ်ဖို့ကိုတော့ လူပြောသူပြော မခံရအောင် အချိန်ကလေး နည်းနည်းတော့ ဆွဲတန်သလောက် ဆွဲထားရလိမ့်မယ်၊ အလုပ်ရအောင် ရှာကွယ်၊ ပြီးတော့ ဒို့ကြည့် စီစဉ်ကြတာပေါ့၊ ဘယ့်နှယ်လဲ မီနီ” ဟု ဆိုလိုက်၏။

အန်တီမီနီပင်လျှင် အနည်းငယ် လိုက်လျောလာကာ “အေးလေ၊ ပြီးပြီးသားကိစ္စ ပြောနေလို့လဲ အပိုပါပဲ၊ သူတို့အပေါ် သိပ်တင်းနေလို့လဲ မကောင်းတော့ပါဘူး” ဟု ပြောသည်တွင် မေရီလည်း ဝမ်းသာအားရ ပြေးဖက်နမ်းယင်း မျက်နှာတွင် ရှက်သွေးဖြန်းကာ “အို... ဝမ်းသာလိုက်တာ အဖေတို့ အန်တီမီနီတို့ကို ကျေးဇူးတင်လိုက်တာ” ဟု ဆိုကာ တစ်ဆက်တည်း “ဒါနဲ့အန်တီရယ်၊ ဒေးဗစ်က ဘာမှမစားခဲ့ရသေးဘူး” ဟု ပြောလိုက်၏။

ဤတွင် အန်တီမီနီက မိုရေးအား ဖြတ်ကနဲ မျက်စောင်းထိုးကြည့်လိုက်ယင်း “ဒါဖြင့် ဘီစကစ်နဲ့ ဒိန်ခဲ သွားယူချေ၊ အသစ်ဖုတ်ထားတဲ့အထဲက ချယ်ရီကိတ်လဲယူခဲ့၊ သူ အဲဒါကို ကြိုက်မှန်း ငါသိပါတယ်အေ၊ အယင်တစ်ခါ လာတုန်းက ခြောက်ခုတောင် စားသွားတာ” ဟု ပြောလိုက်သည်။

“ဒါထက် တစ်ခုထပ်တောင်းပန်ပါရစေ အဖေရယ်၊ ဒေးဗစ်ကို ဒီည့် အိမ်မှာ နေခွင့်ပြုပါနော် အဖေ၊ သူ့ကို သမီး သိပ်တွေ့ရခဲတာ”

“အေး၊ အေး၊ ဒီတစ်ညတ့တော့ နေပေါ့ကွယ် နက်ဖြန်ဆိုယင် သူလဲ အလုပ်ရှာဖို့အတွက် ပြန်ရမယ် မဟုတ်လား၊ ညဥ့်ဘက် လမ်းထွက်လျှောက်ချင်ကြယင်တော့ ဝီလီပါပေစေပေါ့”

မိုရေးစားသောက်ပြီးသောအခါ မေရီသည် အပြင်ထွက်ရန် ကွတ်အင်္ကျီနှင့် ခေါင်းဆောင်းတို့ကို ဝတ်ဆင်လိုက်သည်။ သူ့အပြုအမူတိုင်းသည် မိုရေးအဖို့ ချစ်စဖွယ်မိန်းမဆန်ဆန် ကန့်ကလျဖြင့် တမူထူးခြားကာ မြတ်နိုးဖွယ်ရာချည်း ဖြစ်နေတော့သည်။

သူတို့ လက်ချင်းချိတ်၍ အမှောင်ထဲတွင် ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက် ထွက်ခဲ့ကြသောအခါ သူတို့၏ဘေးက ဝီလီ ပါလာလေသည်။ ဝီလီက စကားများလှသည်။ မိုရေးကလည်း ဝီကီကို ကန့်လန့်ကန့်လန့်ဖြင့် ရှုပ်သည် မဆိုရက်။

နှစ်ယောက်တည်း လွတ်လပ်စွာနေလိုစိတ် မိုရေးနှင့်ထပ်တူ ပြင်းထန်လျက်ရှိသော မေရီက ဖြတ်ထိုးဉာဏ်သာသည်။ သူတို့ လေညင်းခံလမ်းအဆုံးသို့ အရောက်တွင် မေရီက

“မောင်လေးရေ၊ နက်ဖြန်ဒေါ်လေးဖို့ သကြားလုံးကြားကလေးတွေဝယ်ဖို့ မေ့လာလို့ မက်ကဲလားဆိုင်ကို ပြေးဝယ်လိုက်ပါဦးကွယ်၊ ရော့ ဒီမှာ သုံးပဲနိတစ်စေ့၊ ဒေါ်လေးဖို့ တစ်မူးဖိုးဝယ်ခဲ့၊ မင်းလဲ ချော့ကလက်တစ်တုံးဝယ်စားခဲ့” ဟု ချော့လွှတ်လိုက်သည်။ ဝီလီ အပြေးကလေး ထွက်သွားသောအခါ သူတို့လည်း သစ်သားလှေ့ရုံတွင်း ဝင်၍ခိုလိုက်ကြသည်။ သစ်တဲထောင့် ချောင်ကောင်းရာတွင် ထိုင်မိကြသောအခါ သူတို့သည် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်လိုက်ကြ၏။

မြစ်အတွင်းမှ ဒီတက်သည့် လှိုင်းပုတ်သံသည် သူတို့၏ရင်ခုန်သံကြားတွင် မြုပ်ပျောက်သွားလေသည်။ ရိုးသား၍ အပြစ်ကင်းစင်သူ မေရီ၏ စိတ်ရောကိုယ်ပါ အားပါးတရ အနမ်းကလေးသည် မိုရေးအဖို့ မကြုံစဖူး ထူးကဲလှသော အတွေ့ပေတည်း။

မေရီက မိုရေးနှင့် ပါးချင်းအပ်ထားယင်းမှ “အို... မောင်ရယ်၊ မေရီဖြင့် ပျော်လိုက်တာ ပျော်လွန်းလို့များ သေသွားမလား မသိဘူး၊ မောင့်ကို ချစ်ရတာကတော့ မေရီ့ရင် ပွင့်ထွက်မတတ်ပါပဲ” ဟု နှစ်ကိုယ်ကြား ဆိုလိုက်သည်။

(၅)

မိုရေးသည် အလုပ်ရှာပုံတော် ဖွင့်လေတော့သည်။ ဆေးရုံတွင် အမြဲတမ်းဆရာဝန် နှစ်နေရာ ရှိသည်။ သူက လိုချင်သပဆိုလျှင်ပင် ရမည်။ သို့သော် လခမှာ နည်းလွန်းလှသည်။

ကျေးလက်ဆရာဝန် လက်ထောက်အလုပ်များလည်း ရှိကြသည်။ သို့ရာတွင် ဤရွာရိုးလျှောက်၍ ကုနေကြသော အလွတ်ဆရာဝန်များက ဂုဏ်ထူးနှင့် ဘွဲ့ရသူများကို မလိုချင်။

ဘာနှင့်စားရစားရ ကျေနပ်နိုင်သူ၊ အကြမ်းခံနိုင် သန်မာတောင့်တင်းသူ လူငယ်ကလေးများကိုသာ လိုချင်တတ်ကြသည်။ မိုရေးက ထို့ထက် ကောင်းသောအလုပ်မျိုးကို ရှာရမည်။

ဆေးပညာ စာစောင်များတွင် ပါတတ်သည့် ကြော်ငြာများကို ပိုက်စိပ်တိုက်၍ရှာသည်။ သတင်းစာတို့တွင်လည်း ကြော်ငြာများကို သဲသဲမဲမဲ ရှာဖွေကြည့်သည်။

နောက်ဆုံး၌ 'ဂလင်ဘန်း ဆေးရုံကြီးတွင် အမြဲတမ်းဆရာဝန်၊ လခ တစ်နှစ် စတာလင်ပေါင် ၅၀၀၊ နေအိမ်ရမည်' ဆိုသော မထင်မရှား ကြော်ငြာကလေးတစ်ခုကို 'ဝင်တန်ဟယ်ရယ်' သတင်းစာတွင် သွားတွေ့သည်။

သူသည် ပင့်သက်ရှည်ကြီး ရှိုက်၍ ချလိုက်မိသည်။ ထိုဆေးရုံကို သူသိသည်။ ခုတင် ခြောက်ဆယ်ထက် မပိုသော ဆေးရုံငယ်ကလေးမျှသာ၊ ဗဟိုရုံးခန်းရှိသည်။ ခွဲစိတ်ခန်း ရှိသည်။

သူနာပြု အဆောင်ရှိသည်။ လခကောင်းသည်။ နေအိမ်ရမည်။ ခွဲစိတ်ခန်းရှိ၍ သုတေသန လုပ်ငန်းများ လုပ်နိုင်သည်။ တစ်ကယ့် အဖိုးတန် နေရာကောင်းကလေး၊ ဤနေရာမျိုး အတွက်ဆိုလျှင် လိုချင်သူကလည်း များမည်ဖြစ်၍ အကြိတ်အနယ် ပြိုင်ဆိုင်ရလိမ့်မည်။

အလုပ်ရှာဖွေရေးတွင် စံထားလောက်သော နည်းပရိယာယ်သုံး၍ အကွက်ကျကျ သူ ကြိုးပမ်းလေသည်။ သူ၏ဆရာ ပါမောက္ခများထံမှ ထောက်ခံစာများကို ရယူသည်။

ပါမောက္ခ ဒရမ်မွန်ထံမှမူ ဒေသန္တရ ကျန်းမာရေး အရာရှိထံသို့

မိတ်ဆက်စာတစ်စောင် ရယူခဲ့သည်။ သူနှင့် ကျောင်းတက်ဘက် သူငယ်ချင်းတစ်ယောက်၏ ဖခင်မှတစ်ဆင့် အလုပ်ရွေးချယ်ရေး အဖွဲ့ဝင်များ၏ အမည်စာရင်းကို တောင်းယူရခဲ့သည်။

ဆေးဘက်ဆိုင်ရာ အရာရှိနှင့် သွားတွေ့သည်။ အချို့အိမ်များတွင် အဖွဲ့ဝင်လူကြီးများ၏ ဇနီးများနှင့်ပါ တွေ့ဆုံခဲ့ရ၍ လိမ္မာပါးနပ်စွာ မရှုံ့မရဲ ဟန်ဆောင်မှုဖြင့် ထိုအမျိုးသမီးကြီးများ၏ မိခင်မေတ္တာစိတ်ကို လှုံ့ဆော်နိုင်ခဲ့သည်။

နောက်ဆုံး ပစ္စည်းပို့သည့် ကားကြီးတစ်စီးမှ ကားသမားကို တောင်းပန်စီး၍ ဂလင်ဘန်းဆေးရုံ ဝန်းကျင်သို့ ရောက်ခဲ့ပြီးလျှင် အနားယူတော့မည့် ဆရာဝန်နှင့် မိတ်ဆွေဖွဲ့ခဲ့သည်။ စည်းကမ်းကြီးလှသော သူနာပြုအုပ် အမျိုးသမီး ပုတုတ်တုတ်ကြီးကိုလည်း လုံးလုံးလျားလျား သူ့ဘက်သားဖြစ်အောင် ပြုနိုင်ခဲ့ရပြီးလျှင် သူ့အား လက်ဖက်ရည်ပင် ခေါ်တိုက်စေလိုက်နိုင်သေးသည်။

သူက ကျောင်းနေစဉ်က ဆင်းဆင်းရဲရဲ နေခဲ့ရပုံ၊ မေရီနှင့် ကဗျာဆန်ဆန် တွေ့ခဲ့ရပုံတို့မှအစ ဂုဏ်ထူးဖြင့် ဘွဲ့ရခဲ့ပုံတို့ကို ရိုးရိုးသားသား နားထောင်ချင်စဖွယ် ပြောပြသည်။ အမျိုးသမီးကြီးက ကရုဏာအပြည့်ဖြင့် နားထောင်သည်။

အမျိုးသမီးကြီးက “အမေ ကြည့်လိုက်ပါ့မယ်ကွယ်၊ ဒီခေါင်းမာတဲ့ ကော်မတီလူကြီးတွေကို နိုင်တဲ့လူဆို အမေတစ်ယောက် ရှိတာပါကွယ်” ဟု ကတိပေးစကား ပြောလိုက်သည်။

နောက်တစ်ကြိမ် အဖွဲ့အစည်းအဝေးတွင် အားလုံးကပင် မိုရေးအား တစ်ညီတစ်ညွတ်တည်း သဘောတူ အလုပ်ခန့်အပ်လိုက်ကြသည်။

မိုရေးလည်း ချက်ချင်းပင် တက္ကသိုလ် စာအုပ်ဆိုင်သို့ သွားကာ သူ၏ ကျောင်းသုံးစာအုပ် အားလုံးနှင့် မိုက်ကရိုစကုပ် မှန်ဘီလူးကိုပါ ရောင်းချလိုက်သည်။ ဂလင်ဘန်းဆေးရုံ ခွဲစိတ်ခွဲခန်းထဲတွင် ဇိုက်စ အမျိုးအစား မှန်ဘီလူး ကိရိယာတစ်ခု သူ မြင်ခဲ့ပြီးဖြစ်၏။

ဤသို့ ရောင်းချ၍ အိတ်ထဲတွင် ငွေအတော်ကလေး တောင့်လာလျှင် သူတစ်ခါတစ်ခါ မဝင်ချင့်ဝင်ချင့်ဖြင့် ဖောက်သည်လုပ်ကာ ဝင်ခဲ့ရဖူးသော အပေါင်ဆိုင်ထဲသို့ ဝင်ခဲ့၏။ စိန်ကို သူနားမလည်သဖြင့် ရွှေပါးပါးဖြင့် ကွင်းထားသော မြကွပ် ရွှေလက်စွပ်ကလေးတစ်ကွင်းကို ရွေးချယ်လိုက်သည်။

သားရေနီအုပ်သော ဗူးလှလှကလေး၏ အတွင်းဘက်၌ ကတ္တီပါခံလျက် ထည့်ထားသော လက်စွပ်ကလေးမှာ အလွန်တရာ လှပသည်။ ကျောက်မျက်အစစ်လည်း ဖြစ်သည်။

ဤလက်စွပ်ကလေးကို အိတ်ထဲတွင်ထည့်ကာ မော်တော်ဆိုင်ကယ် တစ်စီးကို ငှား၍ ကရိဂ္ဂဒိုရန်ဘက်သို့ လာခဲ့သည်တွင် မွန်းမတည့်မီ ရောက်လေ၏။

ဘူတာရုံ စားသောက်ခန်းကလေးထဲသို့ ဝင်သွားကာ မေရီ၏ခါးကို ဖက်လိုက်၍ "မေရီရေ ဆိုင်သိမ်းတော့ကွာ၊ ခုပဲ သိမ်းကွာ" ဟု ဆိုလိုက်သည်။

"အို… မောင်ရယ်၊ ရထားနှစ်စင်းတောင် ကျန်သေးတယ်"

"ထားလိုက်စမ်းပါကွာ မင့်ရထား၊ အခုမေရီ ကိုနဲ့လိုက်ခဲ့၊ စားစရာလေး ဘာလေးလဲ ဆိုင်သိမ်းယင်း အိတ်ထဲ ထည့်ခဲ့ပေါ့"

မေရီက သူ့စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ပြုံးယောင်သမ်းကာ မိုရေးအား စိုက်ကြည့်နေသည်။

နောက်ဆုံး မေရီက လျှော့ပေးလိုက်ကာ "အေးလေ၊ ဒီတစ်ခါကလေးလောက်နဲ့တော့ မြောက်ပိုင်း ဖြတ်သွား မီးရထားကုမ္ပဏီရဲ့ အစီးအပွားဖြစ်ဖြစ် အဖေ့ အစီးအပွားဖြစ်ဖြစ် မပျက်တန်ကောင်းပါဘူး" ဟု ဆိုလိုက်၏။

နောက်ဆယ်မိနစ်ခန့်အကြာတွင် သူတို့သည် မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြပြီ ဖြစ်လေသည်။ ဂလင်ဘန်း လမ်းပေါ် တစ်မိုင်၏ လေးပုံတစ်ပုံခန့် အရောက်၌ မော်တော်ဆိုင်ကယ် ရပ်လိုက်ပြီးလျှင် "ဒီကနေပြီး လမ်းလျှောက်ရအောင် မေရီရေ" ဟု ပြောလိုက်သည်။

မေရီကလည်း ကျိုးနွံစွာပင် ဆေးရုံဝင်းတားများ ခတ်ထားသည့် နေရာဆီသို့ လမ်းလျှောက်၍ လိုက်ခဲ့သည်။ ဆေးရုံဝင်းထဲ၌ နေရောင်လင်းလျက်ရှိသည်။ အကျိုးမဲ့နှင့် ကလေးများသည် သူတို့၏ အထိန်းသည်များနှင့်အတူ မြက်ခင်းပြန့်ဘေးမှ ခုံရှည်ကလေးပေါ်တွင် ထိုင်လျက်ရှိကြသည်။

"သိပ်ချစ်စရာကောင်းတဲ့ နေရာကလေးဟယ်" ဟု မေရီက တအံ့တသြ ဆိုလေသည်။

"တကယ်လား မေရီ၊ ကဲ… ဒါဖြင့် နားထောင်နော်" ဟု ဆိုကာ ပင့်သက်တစ်ချက် လေးလေးပင်ပင် ရှိုက်လိုက်ပြီးမှ "အဲဒါ ဂလင်ဘန်းဆေးရုံ၊ ဟောဟိုဘက်က နောက်ဘက်မှာ ဥယျာဉ်နဲ့ဟာက ဒီဆေးရုံရဲ့ ဆေးရုံအုပ် ဆရာဝန်ရဲ့ အိမ်" ဟု ပြောပြသည်။

"လှလိုက်တဲ့ အိမ်ကလေး… မောင်ရယ်၊ အဲဒီအိမ်က တစ်ယောက်ယောက်ကို မောင်သိလို့လား"

မိုရေးက အသက်ရှူမြန်လာကာ "အဲဒီဆေးရုံအုပ်ဆိုတာက အဲဒီဆေးရုံတစ်ခုလုံးကို အုပ်ချုပ်ရတဲ့ လူပဲ၊ သူ့လခက တစ်နှစ်ကို ပေါင်ငါးရာအပြင် ဥယျာဉ်က ထွက်သမျှတွေရယ်၊ အိမ်ရယ် အလကားရမယ်၊ အဲဒီအိမ်မှာ သူ့သားမယားနဲ့ တရားဝင် နေခွင့်ရှိတယ် မေရီ၊ အဲဒီဆေးရုံအုပ်နေရာကို ဇန်နဝါရီလ တစ်ရက်နေ့ကစပြီး လူသစ်တစ်ယောက် ခန့်လိုက်တယ်၊ အဲဒါ... အဲဒါ... မင်းရှေ့မှာ အခုရှိနေတဲ့ လူပဲပေါ့" ဟု ပြောလိုက်လေသည်။

အပြန်ခရီးတွင် သူခပ်ဖြည်းဖြည်း နှင်ကာ သွားရိုးသွားစဉ်လမ်းမှ ဝေးဝေးဖဲလျက် လိုမွန်အိုင် တောင်ဘက်ကမ်းခြေကို ပတ်၍ ကွေ့ပြီးလျှင် တောစပ်တောင်ကုန်းကလေးများအတိုင်း လာခဲ့သည်။ ဤလမ်းသည် စကော့တလန်ပြည် အနောက်ပိုင်းတွင် အလှပဆုံးဟု ကျော်ကြားသော လမ်းများအနက် တစ်လမ်းဖြစ်သည်။

သို့ရာတွင် မေရီသည် ဘာကိုမှမမြင် ရေအိုင်ပေါ်တွင် မိုးလျက်ရှိသော လိုမွန်တောင်ထွတ်ကိုပင် မမြင်၊ သူ့မှာ ပျော်ရွှင်မှုဖြင့် ယစ်လျက် ရင်တွင်းနှလုံးတွင်းမှ မိုရေးအား ချစ်ခင်အားကိုးစွာဖြင့် မိုရေး၏ခါးကို ခပ်တင်းတင်း ဖက်ကာ မျက်စိ မှိတ်လိုက်လာခဲ့သည်။

လိုမွန်အိုင်စပ်မှ တောင်ရိုးလမ်းပေါ်သို့ တက်ကာ တောင်ကုန်းချုံဖုတ် တောတစ်လျှောက် ပင့်ကူအိမ်ပမာ ဖြာလျက်ရှိသော သိုးကျောင်းလမ်းများအနက် တစ်ခုသို့ဝင်ကာ တောအုပ် ချုံငယ်ကလေးများ၊ ဥရင်ကောက်ပင်များ ထူးထပ်စွာ ပေါက်လျက်ရှိကြသော မြစ်ကမ်းဆီသို့ အရောက်တွင် ရပ်လိုက်၏။

ထိုနေရာမှ ဆီးကြည့်သော် တောင်ကုန်းတောင်တန်းသည် ခရမ်းရောင်နှင့် ရွှေရောင် ပန်းကော်ဖော့များ ဖုံးအုပ်လျက် အောက်ဘက်သို့ တပြန့်ကြီး ဆင်းသွားသည်။

"သိပ်လှတဲ့ နေရာပဲနော်... မောင်"

"လှလွန်းလို့ မောင်တော့ ဆာတောင်လာပြီ" ဟု စလိုက်သည်။ မေရီက "မေရီတော့ လှလွန်းလို့ စားဖို့တောင် မေ့နေတယ်" ဟု ပြန်ပြောသည်။

သူတို့ တစ်နေရာတွင် ထိုင်ကြပြီးနောက် စားစရာများကို ချခင်းပြီးသောအခါတွင်းကား မိုရေးက မေရီအား အသားညှပ် မုန့်များ၊ ကြက်ဥပြုတ်နှင့် ခရမ်းချဉ်သီး စသည်တို့ကို အစားခိုင်း၏။ မေရီက စားစရာများကို စားယင်း ဝါးယင်းက "ဟိုအိမ်ကလေးက လှလိုက်တာ မောင်ရယ်နော်၊ ကြည့်နေပါကွယ် အဲဒီအိမ်ကလေးမှာ မောင့်ကို ဘယ်လို ပြုစုမယ်ဆိုတာ မောင်နောက်တော့ တွေ့ရပါလိမ့်မယ်" ဟု ပြောသည်။

"အိမ်ထောင်ပရိဘောဂ ဝယ်ထည့်ရဦးမယ်ကွယ့်၊ နောက်လေးလလောက်မှာ တခြားဆရာဝန် တစ်ယောက်အစား အပိုအလုပ်ကလေး ဘာလေး ယူလုပ်လိုက်ယင် စပြီး ထူထောင်ဖို့ ငွေကလေး ဘာလေး ရမှာပေါ့"

"မောင်ကတော့လေ၊ ဘာမဆို မြင်ထားတာချည့်ပဲ"

"နေအုံးကွယ့်၊ အခုတောင် မောင်မေ့တော့မလို့" ဟု ဆိုကာ အိတ်ထဲသို့ လက်နှိုက်၍ တစ်စုံတစ်ခု ထုတ်ယူလိုက်ပြီးလျှင် မေရီအားပေးယင်း "ကဲ... ရော့ ကလေးမ၊ မပေးမိဘဲ မေ့ထားလိုက်တာနဲ့ စာယင် နောက်ကျတာက တော်သေးတာပေါ့" ဟု ဆိုလိုက်သည်။

မေရီသည် ဗူးနီနီကလေးကို ဖွင့်လိုက်ပြီးလျှင် ပကတိ မလှုပ်မရှားဘဲ သူ့လိုပင် ရိုးရိုးစင်းစင်း ရှင်းရှင်းကလေး လှသော လက်စွပ်ကလေးကို စိုက်ကြည့်နေလေသည်။ သူသည် လက်စွပ်ကလေး လှသည်ကိုလည်း မချီးမွမ်း၊ ပေးသူအားလည်း ကျေးဇူးတင်စကား မဆို၊ မိုရေးကိုသာ စေ့စေ့ကြည့်ကာ မိုရေးအဖို့ တစ်သက်လုံး သတိရနေစေမည့် တုန်ယင်သောအသံဖြင့်နှစ်ကိုယ်ကြား "မောင် ဝတ်ပေးပါ" ဟု ဆိုလိုက်ပြီးမှ သက်ပြင်းကလေး မျှဉ်းမျှဉ်းချကာ သူ၏လက်ရုံးကို မိုရေးဘက်သို့ ဆန့်တန်း၍ ပေးလိုက်လေသည်။

သူတို့နှစ်ယောက်သား နေ့လယ် အပူရှိန်အောက်ရှိ နူးညံ့အိစက်သော ဒူရင်ကောက်ပင် ကလေးများပေါ်တွင် လဲလျောင်းနေကြသည်။ တောပန်းကလေးများ အကြားတွင် ပျားပိတုန်းတို့သည် တဝီဝီ ဝဲပျံလျက်ရှိသည်ကို သဲ့သဲ့မျှကြားနေရ၏။

မိုးစွေငှက်ကလေး တစ်ကောင်သည် တေးချင်းဆိုလျက် မိုးပြာထက်သို့ ပျံတက်ဆဲ၊ တောပန်းရိုင်းနှင့် သစ်ခွရိုင်းကလေးတို့၏ ရနံ့သည် လေထဲတွင် သင်းပျံ့ဆဲ၊ မိုရေး၏ ရင်ခွင်ထဲ၌ ရှိနေသော မေရီသည်လည်း တဖျပ်ဖျပ်တုန်လျက်၊ မိုရေး၏ ရင်ခုန်သံသည်လည်း သူ့နားဆီသို့ တဒိန်းဒိန်းတက်လျက် ရှိလေတော့သည်။

ထို့နောက် သူတို့နှစ်ယောက်စလုံး လှုပ်ရှားလာကြပြီးလျှင် စားစရာ ခင်းထားသည်တို့ကို သိမ်းဆည်း၍ ပြန်ခဲ့ကြသည်။ မိုရေးသည် နှောင်တစိတ်ဖြင့် မော်တော်ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်း စီးထွက်လာခဲ့သည်။ အခွင့်အရေးရလျှင်ရချင်း အရအမိဆွဲ၍ ပျောက်လိုက်မိခြင်းမှာ စောလွန်းများ နေလေပြီလော။

မေရီသည် ငယ်လှသေးသည်။ အပြစ်ကင်းစင်လှသည်။ သူ့ရင်ထဲ ကြင်နာစိတ်တို့ ပြည့်လျှမ်းသွားရ၏။ သူ့စိတ်ကိုသူ ထိန်းထား လိုက်သင့်သည်

မဟုတ်လော။

မေရီကမူ မိုရေးကို ဖိဖိကလေးမှီလျက် နားနားသို့ကပ်၍ တိုးတိုးညင်သာ ရယ်မော၍ပင် "အခုဆို မေရီ့တစ်ကိုယ်လုံး မောင့်ကိုပုံအပ်ပြီးပြီနော်..." ဟု ဆိုသည်။ သူ့မှာကား ဘာတစ်ခုကိုမှ နောင်တရနေဟန် နှမြောတသ ဝမ်းနည်းနေဟန် မရှိ။ ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ခါတိုင်းထက်ပင်ပို၍ ပျော်ရွှင်ဖျတ်လတ်လျက် ရှိသည်။

မိုရေးက နောက်သို့ ကိုယ်တစ်စောင်းလှည့်၍ ကြည့်လိုက်သည်တွင် မေရီ၏ မျက်လုံးများမှာ ကြည်လင်စိုရွှမ်းလျက် ရှိနေကြသည်ကို တွေ့လိုက်ရ၏။ မေရီ ဤမျှရွှင်လန်းနေသည်ကို သူတစ်ခါမှ မတွေ့ခဲ့ဖူးချေ။

သူတို့ အာ့ဒဖီလန်အထက်မှ တောင်ကုန်ထိပ်သို့အရောက်တွင် ရုတ်တရက် မိုးသည်းထန်စွာ ရွာချလိုက်သည်။ မိုရေးလည်း တောင်စောင်းအတိုင်း အရှိန်ဖြင့် လိမ့်၍ဆင်းခဲ့သဖြင့် အချိန်မလင့်မီပင် မုန့်ဆိုင်ကလေးသို့ ရောက်ခဲ့ကြသည်။ သို့ရာတွင် သူတို့မှာကား ရွှဲရွှဲစိုလျက် ရှိကြလေပြီ။

မေရီက မိုရေးအား သူ့အဖေ၏ အဝတ်အစားတစ်စုံ လဲလှယ် ဝတ်ထားရန် အတန်တန် ပြောသော်လည်း မိုရေးက ရုတ်တရက် လက်မခံပဲ မီးဖိုနားတွင် နေလိုက်လျှင် မကြာခင် ခြောက်သွားပါလိမ့်မည်ဟုသာ ဆိုသည်။ ငြင်းမရလှသည့် အဆုံးတွင်မှ မိုရေးလည်း မေရီ့အလို တစ်ဝက်လိုက်ကာ မုန့်ဖုတ်သမား၏ ဇင်စအပေါ်အင်္ကျီဟောင်းကို ဝတ်ရလေတော့၏။

မကြာမတင် ကျန်အိမ်သူအိမ်သားများ ရောက်လာကြပြီးလျှင် ညနေစာစားပွဲတွင် ထိုင်မိကြသည်။ လက်ဖက်ရည် ပန်းကန်များ တစ်ယောက်တစ်လက် ကမ်းပေးနေစဉ် မိုရေးမှာ အတော်ပင် အနေရအထိုင်ရ ခက်လျက်ရှိ၏။

တောထဲတွင် သူတို့နှစ်ယောက် မိုးမမြင် လေမမြင် ပျော်ခဲ့ကြသည့်အဖြစ်၏ အရိပ်အရောင်များ အပြစ်ရှိသည့် အရိပ်လက္ခဏာများသည် မေရီ၌ လည်းကောင်း၊ သူ့၌ လည်းကောင်း မြင်သာ၍များ နေလေသလောဟု သူ့ကိုယ်သူပင်ပြန်မေးနေမိသည်။

မေရီ၏ ပါးပြင်တို့သည် သွေးရောင်လျှမ်းလျက် သူ၏မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေမှန်း သူသိနေ၏။ အန်တီမီနီ၏ မျက်လုံးများကလည်း မသင်္ကာသော အကြည့်ဖြင့် ကြည့်လျက်ရှိကြသည်။ မေရီ၏ အဖေကလည်း အခါတိုင်းကဲ့သို့မဟုတ်၊ နှုတ်ဆိတ်နိုင်လှသည်။

ဤသို့ တင်းမာလျက်ရှိသော အခြေအနေကို မေရီက မိုရေးအလုပ်ရသည့်အကြောင်း ထုတ်ဖော် ပြောပြခြင်းဖြင့် ပြေပြစ်သွားစေသည်။ ရှေးဦးစွာ သူ့လက်က လက်စွပ်ကလေးကို ဂုဏ်ယမ်းပြလိုက်သည်။

(အန်တီမီနီက "ငွေအပြေပေးပြီး ဝယ်ခဲ့တာ ဖြစ်တန်ကောင်းပါရဲ့" ဟု ဆိုလိုက်သေးသည်မှ တစ်ပါး) လက်စွပ်ကလေး လှကြောင်း ချီးမွမ်းကြသည်။ နောက်မှ မေရီက ဂလင်ဘန်းဆေးရုံအကြောင်း ရွှန်ရွှန်းဝေအောင် ပြောပြသည်။

ဒေါက်ဂလပ် ကျေနပ်သွားသည်။ "တစ်နှစ်ပေါင် ငါးရာနဲ့ အိမ်လဲရမယ်၊ ဥယျာဉ်ကလေးပါ ပါမယ်ဆိုတော့ ငါ့ကောင်၊ တကယ့်ကို ဟန်ကျတာပေါ့ကွ" ဟုလည်း ဆိုသည်။

ဤတွင်မှ အဒေါ်လုပ်သူက နှုတ်ခမ်းကိုစေ့ကာ ကျေနပ်နှစ်သက်သောလေဖြင့်- "ဒီအကြောင်းကြားကြယင် စတော့ဒတ်အိမ်က လူတွေအဖို့တော့ အနာပေါ် တုတ်ကျ ဖြစ်ကြမှာပဲ" ဟုဆိုသည်။

"တိတ်စမ်း မီနီ" ဟု မုန့်ဖုတ်သမားကြီးက ဟန့်တားလိုက်ကာ မိုရေးထံသို့ လက်ကမ်းပေးလျက် "မင်းတော်တယ် ဒေးဗစ်၊ ချီးကျူးပါတယ်၊ မင့်အပေါ်မှာ ငါသံသယဖြစ်ခဲ့သမျှလဲ အခု ရှင်းသွားပြီ၊

မင်းလူတော်ပဲ၊ မင်းကို သမက်တော်ရမှာ ငါဂုဏ်ယူတယ်ကွာ၊ အခုဟာ ဂုဏ်ပြုရမယ့်ဟာပဲ၊ ကဲ မေရီ၊ သမီးရေ၊ နောက်ဖေးခန်းထဲက အဖေသိမ်းထားတဲ့ ဂလင်းလီဗက်ဝစ်စကီပုလင်း သွားယူစမ်း" ဟု ပြောလိုက်သည်။

ပုလင်းရောက်လာသောအခါ နှစ်ရှည်လများ သိုမှီးထားသောအရက်ကို သင့်တင့်မျှတအောင် သကြားရည် ရှောက်ရည် ရေနွေးတို့ဖြင့် ရောစပ်၍ တစ်ဦးစီအား ဖန်ခွက်များတွင် ထည့်ပေးသည်။

အရက်ပြင်းက ပူပူနွေးနွေး ထွေးထွေးပိုက်ပိုက် ရှိလှသော်လည်း မိုရေးအဖို့ကား နောက်ကျပြီ ဖြစ်လေသည်။ သူ၏ ရုပ်အင်္ကျီအစိုသည် သူ၏ရင်ဘတ်တွင် ကပ်နေခဲ့သဖြင့် သူ၏ခေါင်းမှာ ခြစ်ခြစ်တောက်ပူကာ ခြေတို့မှာ အေးစက်၍ နေကြလေသည်။

အိမ်သားများက သူ့အား ညဥ့်အိပ်နေရန် ဝိုင်း၍ တိုက်တွန်းကြသဖြင့် သူစိတ်သက်သာရာ ရသွား၏။ သို့သော် သူအိပ်ရာဝင်ချိန်တွင်ကား သူ့မှာ တခိုက်ခိုက်တုန်လျက်ရှိသည်။ သူအအေ းမိပြီဖြစ်၏။

တစ်ညလုံး မိုရေး အဖျားတက်၍ အိပ်ရာထဲတွင် တလူးလူး တလွန့်လွန့် နိုးတစ်ဝက် ပျော်တစ်ဝက်ဖြင့် နံနက်လင်းခါနီးတွင် အိပ်ရာမှ နိုးလာသောအခါ

သူ့ရောဂါကို သူသိပြီ၊ အဆုတ်ပွန်မြေးရောင်ရောဂါ အခြေအနေကို ခပ်ဆိုးဆိုး၊ အသက်ရှူလိုက်တိုင်း နာကျနေ၍ ရင်အုပ်ဆီမှ တဂွီးဂွီး အသံများ ကြားနေရသည်။

မနက် ၇ နာရီတွင် မေရီအိပ်သည့်အခန်းနှင့် သူ့အခန်းခြားထားသည့် နံရံကို သူခေါက်လိုက်သည်။

များမကြာမီ မေရီဝင်လာသည်။ မေရီက ထိတ်လန့်တကြား "အို... ဘုရား၊ မောင်ဖျားနေပါလား" ဟု ဆိုကာ "ညဥ့်ကလဲ တစ်ညလုံးလိုလိုပဲ မောင်တော့ အအေးမိပြီလို့ ပူနေမိတာ" ဟုပြောသည်။

"ဒါလောက် မဟုတ်ပါဘူးကွယ်၊ ဒါပေမယ့် အိပ်ရာထဲမှာ အတော်ကလေးကြာအောင် နေရဦးမယ်ဆိုတော့ အိမ်မှာကရိကထများနေမှာ စိုးတယ်၊ ဆေးရုံကိုဖုန်းဆက် ခေါ်ခိုင်းပါ"

"အို... မဟုတ်တာပဲ" ဟု ဆိုကာ မိုရေး၏လက်ကို ကိုင်ကြည့်လိုက်သည်တွင် ချစ်ချစ်တောက် ပူကျက်နေသဖြင့် ရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွားသည်။ "မောင် ဒီမှာပဲနေရမယ်၊ မေရီပြုစုမယ်၊ တကတည်း မောင့်ကို တခြားဘယ်သူကများ ပြုစုရဦးမှာမို့လဲ" ဟု ပြောလိုက်သည်။

ချက်ချင်းပင် သူကလည်း မေရီ၏အပြုအစုကို ခံချင်လိုက်မိ၏။ "မေရီတို့မှာ သိပ်ဒုက္ခမပိုဘူး ဆိုရင်တော့ ကိုယ်ကလဲ ဒီမှာပဲ နေချင်တာပေါ့ကွယ်" ဟုဆိုကာ ဆေးစာနှစ်ရွက်ရေးပေးပြီးလျှင် "ကိုယ့်မှာလိုတာက ဒီဆေးရယ်၊ ပြီးတော့ မင်းရယ်ပါပဲကွယ်" ဟု အားတင်းပြုံးယင်း ပြောလိုက်သည်။

သူပြင်းစွာ အဖျားတက်လျက်ဖြင့် ချောင်းတဟက်ဟက်ဆိုးကာ ဆယ်ရက်ခန့် အိပ်ရာထဲတွင် လဲနေသည်။ မေရီကလည်း အန်တီမီနီ၏ အကူအညီဖြင့် ကိုယ်ဖိရင်ဖိ ပြုစုသည်။

ကိုယ်ကို မုန်ညင်းဆီ လိမ်းပေးသည်။ စွပ်ပြုတ်ကျိုတိုက်သည်။ နွားကလေး ခြေထောက်ပေါင်း ဂျယ်လီကို ဇွန်းဖြင့်ခွံ့ကျွေးသည်။ ရေနွေးအိုး တည်ပြီးယင်းတည်၍ မေရီက သူ့ကို သန်းခေါင်သန်းလွဲ စောင့်ရှောက်ပြုစုသည်။

တစ်အိမ်လုံးမှာ ကသောင်းကနင်း ဖြစ်ကုန်ကြရ၏။ စားကောင်းခြင်း မစားကြရ၊ အိပ်ကောင်းခြင်း မအိပ်ကြရ၊ ဆိုင်မှာလည်း အရောင်းအဝယ်ပျက်ရ၏။ ရက်သတ္တ နှစ်ပတ်ခန့်ကြာ၍ မိုရေး ပြတင်းပေါက်နားတွင် ကုလားထိုင်ဖြင့် ထိုင်နေသောအခါ သူက ဒေါက်ဂလပ် မိသားစုအား ဒုက္ခပေးမိသည့်အတွက် တောင်းပန်စကားပြောသည်။

မုန့်ဖုတ်သမားကြီးက "ထပ်ပြောမနေနဲ့တော့ ဒေးဗစ်၊ မင်းက ဒို့အိမ်သား

တစ်ယောက်လို ဖြစ်နေပြီဟာပဲ” ဟုပြုံးလျက် ဖြတ်ပြောလိုက်လေသည်။

သူ့အဖေထွက်သွားမှ မေရီက မိုရေး၏ ကုလားထိုင်ဘေးတွင် ဒူးထောက်ထိုင်ကာ မိုရေး၏ ဒူးတစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ယင်း “မောင်က အားနာစကား မပြောပါနဲ့ကွယ်၊ မောင် နေကောင်းလာအောင် မေရီက မပြုစုနိုင်ခဲ့ဘူးသာဆိုယင် မေရီ ဘယ်လိုနေမလဲလို့” ဟု ပြောလိုက်၏။

မိုရေးလည်း မျက်ရည်များပင် စိမ့်လာသည်။ သူ့မှာ အားနည်းလျက်ပင် ရှိသေးသည်။

“မေရီရယ်... မင်းကတော့ ကိုယ့်အဖို့ တကယ့်မယားကောင်းတစ်ယောက် ဖြစ်လာမှာပါပဲ”

နောက်ဆုံးတွင် သူ ဝင်တန်သို့သွား၍ ကြားဖြတ်ဆရာဝန် အလုပ်အကိုင်ကလေးများ စုံစမ်းနိုင်လောက်အောင် နေကောင်းပြီဖြစ်ကြောင်း ဆိုလေသည်။

သူ၏နံစောင်းတွင် နာကျင်သည့် ဝေဒနာကလေး ကျန်နေသေးသည့်အတွက် သူစိတ်မဖြောင့်၊ သို့သော် သည်အကြောင်း သူဘာမှ ထုတ်မပြောချေ။ သူရထားပေါ်ရောက်လျှင် ပါမောက္ခဒရမ်မွန်အား ပြသ၍ သူ၏ရင်အုပ်ကို စမ်းသပ်စစ်ဆေးစေဦးမှ သင့်မည်ဟု စဉ်းစားမိသည်။

သူ အာ့ဒဖီလန်သို့ ပြန်ရောက်သောအခါ အတော်မိုးချုပ်နေပြီ ဖြစ်၏။ မေရီသည် အိမ်ပေါ်ထပ်က အခန်းထဲတွင် သူ့အဖေ သူ့အဒေါ်တို့နှင့်အတူ ရှိနေသည်။ မိုရေး၏မျက်နှာကို မြင်လိုက်လျှင်ပင် ဘာမှနေရာမကျခဲ့ကြောင်းကို သိလိုက်၏။

“မဟန်ဘူးဟုတ်လား မောင်” ဟုလည်းမေးလိုက်၏။ ဘာမှ မတတ်နိုင်တော့၊ ဆေးရုံသို့ သူ သွားပြခဲ့သည့်အကြောင်းနှင့် ဆရာဝန်အဆုံးအဖြတ်ကို ပြောပြလိုက်ရတော့သည်။ သူသည် ကြမ်းပြင်ကိုသာ စိုက်ကြည့်နေမိ၏။

“ပါမောက္ခဒရမ်မွန်က ကိုယ့်ရင်အုပ်ကို ဓာတ်မှန်ရိုက်ကြည့်တယ်၊ ကိုယ့်ဗယ်ဘက်အဆုတ်ထဲမှာ ရေဝင်နေတယ်လို့ ဆိုတယ်၊ ခုတော့ ဖြစ်ခါစပဲ ရှိသေးတယ်၊ မပြန့်သေးဘူး” ဟု ဆိုကာ ပေါ့ပေါ့ဆဆ ထားလျှင် အဆုတ်နာဖြစ်မည်ဟု ဒရမ်မွန်က အထပ်ထပ် သတိပေးလိုက်သည့် အကြောင်းကိုကား မပြောဘဲ ထားလိုက်ပြီးလျှင် “အခုလောလောဆယ် ခဏလစ်လပ်နေတဲ့ နေရာမှာ ဝင်လုပ်ဖို့ကတော့ မဖြစ်နိုင်ဘူးလို့ ဆိုတယ်” ဟုသာ ပြောလိုက်၏။

ဒေါက်ဂလပ်က “အဲဒီတော့ ဘာလုပ်မလဲ” ဟုမေးသည်။

“ပါမောက္ခဒရမ်မွန်ကတော့ ပင်လယ်ခရီး သွားဖို့လိုတယ်လို့ ဆိုပါတယ်၊ သင်္ဘောဆရာဝန် လုပ်ရမှာပေါ့၊ သူကတော့ ကင်နတ် သင်္ဘောကုမ္ပဏီကို အတင်း တယ်လီဖုန်း ဆက်ပေးတယ်”

မေရီက “မသွားနဲ့ မောင်ရယ်၊ မောင့်ကို ဒီမှာပဲ ကျန်းမာလာအောင် မေရီတို့ ပြုစုပါ့မယ်” ဟုဝင်ထောက်သည်။ မိုရေးက စိတ်ပျက်အားငယ်စွာ မေရီအား စိုက်ကြည့်နေလိုက်ပြီးလျှင် “မေရီတို့ကို နောက်ထပ် နှစ်လလောက် ဆက်ပြီး ဒုက္ခပေးရဦးမှာလားကွယ် မေရီရယ်၊ မဖြစ်နိုင်ပါဘူး” ဟု ဆိုသည်။

ဒေါက်ဂလပ်ကလည်း “မင့်ကို ဒို့ဒီမှာတင်ပဲ ဝမ်းမြောက်ဝမ်းသာ ပြုစုထားနိုင်ပါတယ်ကွယ်၊ ဒါပေမယ့် မင့်ရောဂါနဲ့ ဆောင်းကလဲ ဝင်တော့မှာဆိုတော့ ဖြစ်ပါ့မလားဆိုတာပဲ ပူတယ်၊ ဟုတ်တယ်၊ မဖြစ်ပါဘူးကွယ်၊ မင့်ပါမောက္ခ အကြံဉာဏ်ပေးတာ ကောင်းပါတယ်၊ မင့်အတွက် သူက အလုပ်ရှာပေးသလား” ဟု မေးလိုက်သည်။

မိုရေးက ခေါင်းညိတ်ပြလိုက်၏။

“ဟုတ်ကဲ့၊ ကာလကတ္တားကို အသွားအပြန် သီတင်း ခုနစ်ပတ်လောက် ကြာမယ့် ပင်ဒါရီဆိုတဲ့ သင်္ဘောတစ်စင်းရှိတယ်၊ နောက်အပတ် ဒီကထွက်မယ်၊ ကျွန်တော် မသွားချင်ပါဘူး၊ ဒါပေမယ့် လခကကောင်းတယ်၊ တစ်လပေါင်ကိုးဆယ်ဆိုတော့ မေရီရေ၊ ကိုယ်တို့ အိမ်ကလေးအတွက် အိမ်ထောင်ပရိဘောဂ ဝယ်ဖို့တော့ ရမှာပဲဆိုတော့…”

တစ်ညဉ့်လုံး ထိုကိစ္စကို ဆွေးနွေးကြကာ နောက်ဆုံးတွင် အဆုံးအဖြတ်တစ်ခု ချမှတ်လိုက်ကြ၏။ ဒေါက်ဂလပ်၏ ‘လူမှာ ကျန်းမာရေးဟာ အရေးအကြီးဆုံး’ ဟူသော ရိုးရိုးစင်းစင်း အကြောင်းပြချက်ကို မေရီကလည်း သဘောတူညီလိုက်ရလေသည်။

(၆)

နောက်တစ်ပတ် အင်္ဂါနေ့တွင်မူ မြူခဲကြီးများ တဝေ့ဝေ့ရစ်၍ ပိတ်လျက်ရှိရာ ဂရင်းနော့ခ်မြစ်ဝ၌ ဆိုက်ကပ်ထားသော ပင်ဒါရီသင်္ဘောပေါ်သို့ မိုရေးအတက်တွင် မေရီက လိုက်ပို့လေသည်။

မိုရေးမှာ ကောင်းစွာမကျန်းမာသေး၊ ထို့အပြင် ခွဲခွာသွားရမည့် အရေးကြောင့်လည်း နှစ်ယောက်စလုံး ရင်လေးလျက် ရှိကြ၏။ မေရီက သတ္တိကောင်းလှသည်။

ဦးထုပ်ကို လေအတွေ့ခံနိုင်အောင်အုပ်၍ ဆောင်းကာ မိုးကာအင်္ကျီကို လည်ပင်းအထိ အသီးတပ်၍ ဝတ်ထားရာမှ ရွှင်ပျသည့်မျက်နှာပေးကို ဖွတ်ဆောင်၍ ထားသည်။

ဆိပ်ခံတံတားပေါ်တွင်လေသည် တဟူးဟူး တိုက်ခတ်လျက် ရှိသော်လည်း မိုရေး၏ သားရေသေတ္တာပေါင်း လက်ကိုင်ကွင်းကို မေရီက မိုရေးနှင့် လက်ချင်းပူး၍ ဝင်ကူဆွဲကာ တံတားထိပ်အထိ ဖွတ်အတင်း လိုက်လာခဲ့သည်။

မိုရေးအား သင်္ဘောသို့ သယ်ဆောင်သွားမည့် ရိုက္ခာထောက် သင်္ဘောငယ်ကလေး ဒီရေစီးတွင် ဦးမော့ပွဲထောင်လျက် စောင့်နေစဉ် သူတို့ တစ်ယောက်ကို တစ်ယောက် အူလှိုက်သည်းလှိုက် တင်းကျပ်စွာ ဖက်လိုက်ကြသည်။

မျက်ရည်တို့သည် မေရီ၏ အေးစက်နေသော ပါးပြင်တွင် စီးကျနေကြသည်။ မိုရေးမှာ ရင်တွင်းတွင် မချိ၊ ရုတ်တရက် ခွဲခွာမသွားချင်သည့်စိတ်က နှိပ်စက်လာသဖြင့် "မေရီရယ်၊ ကိုယ်တော့ သေကာမှသေ၊ သွားတောင် မသွားချင်တော့ဘူး" ဟု ပြောလိုက်သည်။

"သွားသာသွားပါမောင်ရယ်၊ မောင့်အတွက်ရော မေရီအတွက်ပါ ကောင်းဖို့ပဲဟာ၊ မေရီ မောင့်ဆီကို စာရေးမယ်၊ မောင်ရောက်မယ့်ရက်ကို နာရီတိုင်း မိနစ်တိုင်း လက်ချိုးရေတွက်နေမယ်" ဟု ဆိုကာ လူချင်းခွဲ၍ သူ၏ အတွင်းအိတ်ထဲမှ အထုပ်ငယ်တစ်ခုကို ထုတ်ယူလိုက်ပြီးလျှင် "မေရီ့ကို မောင် သတိရနေအောင်လို့" ဟုပြော၍ မိုရေး၏လက်ထဲသို့ ထည့်လိုက်၏။

ထို့နောက် မေရီလည်း ချာကနဲလှည့်၍ ဆိပ်ခံတစ်လျှောက် ပြန်တက်ပြေးသွားရှာလေသည်။ လှိုင်းမိ၍ နိမ့်ချေမြင့်ချေဖြင့် ခုတ်မောင်းနေသော

ရိက္ခာထောက် သင်္ဘောကလေးပေါ်တွင် ထိုအထုပ်ကလေးကို သူဖြေ၍ ကြည့်လိုက်သည်။

မေရီ့အား သူ့အမေကပေးခဲ့သည့် ရွှေလော့ကက်ဆွဲပြားကလေး၊ အထဲတွင် မေရီ၏ ဓာတ်ပုံကလေးက တစ်ဘက်၊ ယခင်သူတို့ ဂဲယာဆေးဘက်သို့ သွားကြစဉ်က မိုရေး ခူးပေးခဲ့သော ပန်းပြာပွင့်ကလေးတစ်ပွင့်က တစ်ဘက် ထည့်ထားသည်ကို တွေ့ရလေသည်။

လှုပ်ယိမ်းလျက်ရှိသော ကြိုးလှေကားဖြင့် တက်ခဲ့၍ ပင်ဒါရီသင်္ဘောကြီးပေါ်သို့ ရောက်သောအခါ သူ့မှာ အချိန်မီရုံသာရှိ၏။ သူရောက်ပြီး၍ သင်္ဘောမာလိန်မှူးထံ သတင်းပို့ပြီးသည်နှင့် တစ်ပြိုင်နက်ပင် သင်္ဘောကြီးသည် မြစ်ဝကျဉ်းတလျှောက် တရွေ့ရွေ့ သတိဖြင့် ထွက်ခွာစ ပြုလေတော့သည်။

သူသည် ကုန်းပတ်ပေါ်မှနေ၍ မေရီရှိရာကမ်းဘက်ဆီသို့ မြူတင်းတိမ်ကို ထွင်းဖောက်မြင်လုနိုး အားစိုက်၍ကြည့်သည်။ သူ့ရင်ထဲတွင်ကား ချစ်စိတ်လွမ်းစိတ်တို့ဖြင့် လေးလံလျက်ရှိ၏။ သင်္ဘောမှ မြူပိတ်အချက်ပေး ဥသြသံ လေးလေးတွဲ့တွဲ့ကြီးသည် သူ့အဖို့ အမင်္ဂလာအသံ ဖြစ်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မြူပိတ်ဖုံးသွားသောအခါတွင်မှ သူသည် အောက်ထပ်သို့ဆင်းကာ သူ့အခန်းကို ရှာရလေတော့သည်။

သူ့အခန်းမှာ လုံခြုံနွေးထွေးသည်။ သူနာစစ်ဆေးခန်းနှင့် ဆေးပေးခန်းတို့မှာ သူ့အခန်းနှင့် သင်္ဘောအလယ် အူကြောင်းလမ်း တစ်ဘက်စီတွင် ရှိကြ၍ ဆေးနှင့်ပစ္စည်းကိရိယာ စုံလင်များပြားလှသည်။ သူ့တွင်ပါလာသမျှ မေရီကိုယ်တိုင် လျှော်ဖွပ် မီးပူတိုက်ပေးလိုက်သော အဝတ်အစားကလေး အချို့နှင့် သင်္ဘောကုမ္ပဏီကပေးသော ဝတ်စုံနှစ်စုံတို့ကို သေတ္တာမှထုတ်၍ နေရာတကျ ထားသိုပြီးသောအခါတွင် သူသည် ခြေပစ်လက်ပစ် နွမ်းဟိုက်သွားလေ၏။

သူ၏ ပထမဦးဆုံး အလုပ်ဖြစ်သော အိန္ဒိယတိုင်းရင်း သင်္ဘောသားတို့ကို ဆေးစစ်ရသည့်အလုပ်ကိုပင် သူ့မှာ အနိုင်နိုင်ပြီးအောင် လုပ်ရရုံမက ညဥ့်တိုင်လျှင် ချောင်းက နှိပ်စက်သေးသည်။

ထို့ကြောင့် ‘ကိုဒင်း’ သောက်၍သောက်၍ အိပ်ခဲ့ရလေရာ ဘစ္စကေးပင်လယ်အော်ဘက်သို့ ရောက်မှ အတော်အတန် သက်သာရာ ရခဲ့လေသည်။

ထမင်းစားခန်းတွင် အရာရှိတိုင်းသည် စားပွဲထိပ်တွင် နေရာယူရသည်။

မိုရေး၏စားပွဲတွင် ခွဲတမ်းကျသော ခရီးသည် ငါးယောက်ရှိကြ၍ အားလုံး လူကြီးတွေချည့် ဖြစ်ကြရာ ပျင်းစရာ ကောင်းလှ၏။ အသားပြည်သို့ပြန်သော စကော့တလန်လူမျိုး လက်ဖက်ခင်းပိုင်ရှင် နှစ်ယောက်၊

ကွန်ပူမြို့မှ ချည်စက်မန်နေဂျာ ဟိန္ဒူတစ်ယောက်၊ အိန္ဒိယနိုင်ငံ ပဋိညာဉ်ခံ ဝန်ထမ်းအရာရှိ အိုင်စီအက်(စ်) တစ်ယောက်နှင့် မျက်နှာထား ခပ်တင်းတင်း သူ့ဇနီးတို့။ ထမင်းစားစားပွဲတွင် စကားစမြည် ပြောရသည်မှာ မလွယ်။ အနေရအထိုင်ရ ကျပ်တည်းလှပေသည်။

ဂျီဘရော်တာ ရေလက်ကြားကိုဖြတ်၍ မာဆေးမြို့သို့ ဦးတည်ခုတ်မောင်းလျက် ရှိသောအခါ ကောင်းကင်ရော ရေပြင်တို့ပါ ပြာလွင်နေကြလေသည်။ မိုရေး၏ အလုပ်တာဝန်တစ်ပိုင်းမှာ ကုန်းပတ်ပေါ်တွင် အားကစားပွဲများ ဖြစ်မြောက်အောင် စည်းရုံးပေးဖို့ဖြစ်ကြောင်း အိုနီးအမည်ရှိ သဘောကောင်းသော အိုင်းရစ်လူမျိုး သင်္ဘော၏ ပထမအရာရှိက မိုရေးအား အကြံပေးသည်။

အစတွင် သူသည် အနည်းငယ် ရှက်ရွံ့ရွံ့ဖြစ်နေခဲ့သော်လည်း သူ၏ရာထူးကြောင့် အစစအရာရာ လွယ်ကူသွားသည်။ သင်္ဘောဆရာဝန်ဆိုသည်မှာ သူက အကူအညီ လိုက်တောင်းနေရသည် မဟုတ်။ သူ့ဆီသို့သာ အများတကာက အကူအညီလာတောင်းခံရသူ ဖြစ်သည်။

မာဆေးသို့ရောက်သောအခါ ကုန်းပတ်ပေါ်တွင် ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများ၏ စာရင်းများ ပြုလုပ်၍ပြီးနှင့်ပြီ။ မိုရေးလည်း လူအများက သူ့အား “သဘောကောင်းတဲ့ တို့ဆရာဝန်ကလေး” ဟု အချင်းချင်း ရည်ညွှန်း ပြောဆိုနေကြသည်ကို နားစွန်နားဖျား ကြားလာရလေသည်။

မာဆေးတွင် မေရီ့ထံမှ စာရှည်ကြီးတစ်စောင် ရလေသည်။ သူသည် စာကို အာရုံအပြည့်စိုက်၍ ဖတ်သည်တွင် မေရီက သူဘယ်သို့ နေပုံထိုင်ပုံ စသည်တို့ကို အသေးစိတ် မှတ်တမ်းတင်ထားသော ရိုးရိုးစင်းစင်း စာဖြစ်၍ စာတလျှောက်လုံးတွင် မိုရေး၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်သည့် အကြောင်းတို့ကို ရေးထားသည်။ လွမ်းရပါလား မေရီလေးရယ်...။

မေရီ့ထံသို့ သူ ပြန်စာရေးထည့်လိုက်၍ စာထုပ်ကြီးထွက်သည့်နေ့တွင် သင်္ဘောပေါ်သို့ ခရီးသည်အသစ် သုံးယောက် တက်လာကြသည်။ သူတို့မှာ မစ္စတာအာနိုးဟိုးလဘရု ဇနီးမောင်နှံနှင့် သူတို့၏သမီးကလေး ဒေါရစ်ဟိုးလဘရုတို့ ဖြစ်ကြလေသည်။

ဟိုးလဘရုကား အသက်ခြောက်ဆယ်ခန့် တုတ်တုတ်ခိုင်ခိုင်

လူတစ်ယောက်ဖြစ်၍ မောတတ်သည်။ မျက်နှာတွင် အစက်အပြောက်များနှင့် မုတ်ဆိတ်ကြိုးကြား ဖြူလျက် မျက်ထောင့်နီနီနှင့် ပါးရည်နပ်ရည်ရှိ၍ ဖော်ရွေသောအသွင်ကို ဆောင်သည်။

သူ၏ဇနီးမှာ နူးညံ့သိမ်မွေ့သောအမူအရာ သာမန်ရုပ်အဆင်းမျိုးရှိသော မိန်းမတစ်ယောက်ဖြစ်သည်။ သူသည် အဆင်တန်ဆာ လက်ဝတ်ရတနာများစွာကို ဝတ်ဆင်ထားသည်။ ခေတ်ပေါ် အဝတ်အစားများနှင့် အနက်ခံ ကြယ်ပွင့်စီ ဦးထုပ်ငယ်ကို ဆောင်းထားသည်။ ဤအဆင်တန်ဆာများကို ဝတ်ဆင်ထားရသဖြင့် သူ့အဖို့ ဝန်လေးနေဘိသကဲ့သို့ ရှိသည်။

မိုရေးက သူ့အား စားအိုးစားခွက် ရိက္ခာအပြည့်အစုံရှိသော မီးဖိုခန်းထဲတွင် အပေါ်ရုံဂါဝန်ပွကြီးဝတ်လျက် အလုပ်များနေမည့်ဟန်ကို တွေးမြင်ကြည့်မိသည်။

သမီးကလေးမှာ နှစ်ဆယ် မကျော်သေးဟု ထင်ရသည်။ အရုပ်ခပ်မြင့်မြင့် အသားအရေ ဖျော့တော့တော့ ဆံပင်နက်မှောင်မှောင် မျက်လုံးသင်ပုန်းကျောက်အလား မီးခိုးရောင်ရှိ၍ စားသောက်စဉ်တွင် မှုန်တေတေလုပ်၍ မျက်လွှာချထားသည်။

ဟိုးလဘာရုကမူ ထိုသို့မဟုတ်။ သူက ထမင်းစားဝိုင်း စိုပြည်လာအောင် စကားစသည်။ စားပွဲထိုး တမီးလ်ကုလားကလေးပင် သူ ရွှတ်နောက်သဖြင့် ပြုံးဖြဲဖြဲ ဖြစ်လာလေသည်။ သူက သူ၏ သားသည် ကာလကတ္တားတွင် လုပ်ငန်းခွဲတစ်ခု ဖွင့်လှစ်ထားကြောင်း၊ သမီး ဒေါ်ရစ်ကမူ ဗလက်ပူးမြို့ ပရိုက်ဗိတ်ကျောင်းမှ ယခုမှ ထွက်ခဲ့ကြောင်း ပြောပြနေသဖြင့် သမီးက စိတ်ဆိုးမာန်ဆိုး မျက်စောင်းထိုးလိုက်သည်။

"အဖေနော်၊ ကိုယ့်အကြောင်းကိုယ် တော်တော်ပြော"

အဖေကြီးက သဘောကောင်းစွာ ရယ်နေသော်လည်း အမေကမူ "ဟဲ့၊ သမီးလေးရယ်" ဟု အပြစ်တင်သလို ညင်သာစွာ ဆိုသည်။ ပြီးလျှင် စားပွဲ၌ ထိုင်နေကြသူများအား လှည့်ကြည့်လိုက်ယင်း "သမီးကလေးက ကောင်းကောင်း နေကောင်းသေးတာ မဟုတ်ဘူးရှင့်၊ ညဉ့်က ရထားစီးလာရတာကလဲ ပင်ပန်းနေလို့" ဟု စကားဖာလိုက်ရလေသည်။

ထိုနေ့မွန်းလွဲပိုင်းက မိုရေးသည် အားကစားပွဲ ပြိုင်ပွဲစဉ်များကို ကြော်ငြာသင်ပုန်းတွင် ဖတ်နေသော ဟိုလဘာရုကို တွေ့လေသည်။

"လူတိုင်းလိုလို သူ့အတွဲနဲ့ သူ့ပွဲနဲ့ ပြည့်နေပြီထင်တယ် ဆရာ၊ ကျွန်တော်တို့ရဲ့ သမီးကလေးကလဲ အားကစားဆို ဝါသနာပါတာ၊ သူက

အခုလုပ်မယ့် အားကစားမျိုး အားလုံးလိုလိုမှာပဲ လက်ကောင်းဆရာရဲ့၊ သူ့အတွက် အတွဲကလေး ဘာလေး ရှာပေးပါလားဆရာ၊ ဆရာနဲ့ယင်လဲ တစ်တွဲဝင်ပါလား”

မိုရေးက တစ်ခဏမျှ ဆိုင်နေပြီးမှ “ဟုတ်ကဲ့ ကစားခွင့်ရှိမယ်ဆိုရင် ကျွန်တော်ကလဲ ကစားချင်ပါတယ် ခင်ဗျာ၊ ကျွန်တော်… ကျွန်တော် ပထမအရာရှိကို မေးလိုက်ပါဦးမယ်” ဟု ပြောလိုက်၏။

“လုပ်စမ်းပါကွယ်၊ ကျေးဇူးပါပဲ”

မိုရေးသည် ဤကိစ္စတွင် စိတ်မပါ၊ သို့ရာတွင် အိုနီးက “ကစားနိုင်ပါတယ်ဆရာ၊ ကစားပါ၊ ဆရာ့ အလုပ်အနေနဲ့ အမျိုးသမီးတွေနဲ့လဲ ခင်မင်အောင် နေရမှာ” ဟု ပြောကာ သူ့မျက်လုံးပြာများက အရောင်တောက်လာလျက် “ဒါတင်ဘယ်ကမလဲ၊ ခင်ဗျာ့အဖို့ ဟန်ကျချင်တောင် ကျလာဦးမှာ၊ ငနဲကြီးက ငွေသီးနေတာဆရာရဲ့၊ ဟိုးလဘရု ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင်ဗျ၊ ဆေးမြီးတို ဆေးခဲလေးတွေ ရောင်းစားပြီး ချမ်းသာလာတာ” ဟု ဆက်ပြောသည်။

မိုရေးက “ကျွန်တော် စိတ်မဝင်စားပါဘူးဗျာ” ဟု ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်၏။ ထို့နောက် သူသည် ပခုံးချီလိုက်လျက် ဟိုးလဘရု၏သမီးကလေးနှင့် သူ့အမည်ကို နှစ်ယောက်တွဲ ကစားပွဲများတွင် စာရင်းသွင်းရန် အောက်ထပ်သို့ ဆင်းခဲ့လေ၏။

ရာသီဥတုသည် သာယာဆဲ၊ ကောင်းကင်သည် ကြည်လင်တောက်ပဆဲ။ ညနေ နေဝင်ချိန်တို့တွင် ခရမ်းရောင်ခြယ်လျက် ညဥ့်ဘက်တွင်လည်း ကမ္ဘလာနက်တွင် ငွေမှုန်ကြဲထားသကဲ့သို့ ကြယ်စုံလက်ဆဲ၊ ပင်ဒါရီ သင်္ဘောကြီးသည်လည်း ရေယက်ပန်းတဖွေးဖွေးဖြင့် ဆက်လက် ခုတ်မောင်းဆဲ၊ ဤပင်လယ်ကြီးသည်ကား ယာဆန်နှင့် ယူလီဆီတို့ သင်္ဘောလွှင့်ခဲ့ကြသည့် ပင်လယ်ကြီးတည်း။

သင်္ဘော၏ လက်ယာဘက်ဆီတွင် ဆာဒီးနီးယားကျွန်း၊ တစ်ချက်တစ်ချက် ဝေ့၍တိုက်ခတ်လာသော လေပြည်နှင့်အတူ ကျွန်း၏မွှေးကြိုင်သင်းပျံ့သော ရနံ့တို့ပါလာတတ်သည်။

ဤရနံ့သင်းသောလေကို အားပါးတရ ရှူရှိုက်ယင်းက မိုရေးသည် သူ၏အဆုတ်ရောဂါ ပျောက်ကင်းသွားပြီကို သိလိုက်၏။ သူ၏အသားအရေတို့မှာ နေလောင်၍ ညိုနေ၏။ သူ့မှာ ယခင်အခါများက ဤမျှ နေထိုင်ကောင်းခဲ့ဖူးသည်ဟူ၍ မရှိ။

နှစ်ပေါင်းများစွာ တကုပ်ကုပ် ကြိုးစားခဲ့ရပြီးသည့်နောက်တွင် ယခုလက်ရှိ အခြေအနေမျိုးသည် ကောင်းလွန်းလှ၍ ဟုတ်များမှ ဟုတ်ပါ့မလားဟု ထင်မိရသည်။ မနက် ၇ နာရီတွင် လက်ဖက်ရည်နှင့် လတ်ဆတ်သော သစ်သီးများပါသည့် နံနက်စာ လာပို့သော သူ့စားပွဲထိုးက သူ့အားလာ၍ နှိုးသည်။

အဝတ်အစား မလဲမီ ရေကူးကန်ထဲသို့ ဆင်း၍ ကူးလိုက်သေးသည်။ နံနက်စာ စားပြီးလျှင်ကား သူ့တာဝန်အရ နေထိုင်မကောင်းသူများကို တစ်ပတ်လှည့်၍ ကြည့်ရသည်။ ၁၀ နာရီခွဲမှ မွန်းတည့်ချိန်အထိ ခွဲစိတ်ခန်းတွင် ရှိသည်။ နေ့လယ်စာ စားပြီးသောအခါတွင်ကား ၅ နာရီတွင် သာမန်ခွဲစိတ်ခန်း အလုပ်မျိုး ရှိသည်မှတစ်ပါး ဘာမှလုပ်စရာမရှိတော့။

ထိုအချိန်အတွင်း သူသည် ခရီးသည်များနှင့်ခင်မင်အောင် နေဖို့အလုပ်သာ ရှိတော့သည်။ ညနေ ၇ နာရီခွဲတွင် နှစ်ဘက် သင်္ဘောအခန်းများ အလယ်စင်္ကြံလမ်းတစ်လျှောက် ညစ္စာလာစားကြရန် နှိုးဆော်သော မောင်းသံကိုကြားရသည်။

ဤအသံကို လူတိုင်းက တောင့်တကြိုဆိုကြသည်။ စားကောင်းသောက်ဖွယ်များကို တဝကြီး စားကြရသည်။ အရှေ့တိုင်းရင်းသားဟင်းလျာတို့မှာ နှုတ်မြိန်ဖွယ်ရာ ဖြစ်ကြသည်။

တနင်္လာနေ့တွင် အားကစားပြိုင်ပွဲများစသဖြင့် မိုရေးလည်း ဆေးခန်းကို စောစောပိတ်ကာ အားကစားအထပ်သို့ တက်၍ နှစ်ယောက်တွဲ တင်းနစ်ရိုက်ပွဲ ပထမအသုတ်တွင် ဝင်ကစားရသည်။ သူ့အတွဲသည် အဖြူရောင် အားကစားအဝတ်များ ဝတ်ဆင်လျက် ရောက်နှင့်နေပြီဖြစ်သည်။

အမျိုးသမီးမှာ ကိုယ်လုံးကိုယ်ပေါက် လှသည်။ ခါး တင် ရင် အဆစ်အချိုး ကျနသည်။ မိုရေးက သူနောက်ကျ၍ မိန်းကလေး စောင့်နေရသည်ကို တောင်းပန်စကား ပြောသော်လည်း မိန်းကလေးက သူ့ကို စောင်းငဲ့ကြည့်ရုံသာ ကြည့်လိုက်သည်။

မကြာမီ သူတို့၏ပြိုင်ဘက် ဟိန်းဒရစ် ဒတ်ချ်ဇနီးမောင်နှံအတွဲ ရောက်လာကြပြီးနောက် ပွဲစသည်။ အစတွင် ဒေါရစ်သည် ဂရုတစိုက် မကစားသဖြင့် လက်မမှန်ပေ။ မိုရေးသည် ယခင်က တစ်ခါမှ မကစားဖူးသော်လည်း မျက်စိလျင်သဖြင့် ဒေါရစ်၏ အမှားများကို ပြုပြင်ဖာထေးနိုင်ခဲ့သည်။

နဂိုစိတ်ကောင်းရှိသူပီပီ အမှားများကို ခပ်ပေါ့ပေါ့ထားကာ အမှားဟု မထင်ရအောင် ထိန်းပေးသည်။ ဤတွင် ဒေါရစ်လည်း လက်စွမ်းပြ၍ ကစားလာတော့သည်။ နှေးကွေးလေးလံသော ဟိန်းဒရစ်အတွဲမှာ သူတို့နှင့်

မယှဉ်သာ၊ သူတို့က ခြောက်ပွဲနှစ်ပွဲဖြင့် အနိုင်ရလိုက်၏။

မိုရေးက “မင်း အားကစားဘက်မှာ သိပ်တော်တယ်လို့ မင်းအဖေက ပြောတယ်” ဟု ပြောလိုက်သည်။

လူတစ်ဦးကို စေ့စေ့ကြည့်ခဲလှသော ဒေါ်ရစ်က မိုရေး၏ မျက်နှာကို စေ့စေ့ကြည့်၍“ရိုက်နည်းကလေး နည်းနည်းပါးပါးတော့ သင်ယူထားတာကိုးရှင့်၊ ကဲ... ကျွန်မကို သောက်စရာကလေး တစ်ခုခု ဝယ်မတိုက်တော့ဘူးလား” ဟု ဆိုလေသည်။

စားပွဲထိုးက သံပရာရည် ဖန်ခွက်ကြီးနှစ်ခွက် လာချပေးသောအခါ ဒေါ်ရစ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် မှီချလိုက်၍ မျက်လုံးများကို ခပ်မှေးမှေးထားကာ သံပရာရည်ကို ကြူရိုးဖြင့် တမျှဉ်းမျှဉ်း စုပ်၍ သောက်နေလေသည်။ ကစားထား၍ သွေ့အသားဖြူဖြူတွင် သွေးရောင်များ လျှမ်းလျက်ရှိသည်။

မိန်းကလေးမှာ ချစ်စရာကလေး ဖြစ်ပါလျက် ဘယ်အတွက်ကြောင့်များ နှုတ်ဆိတ်နေပါလိမ့်ဟု မိုရေးသည် အနည်းငယ် မကျေမချမ်း တွေးကြည့်နေမိ၏။ ထိုစဉ် မိန်းကလေးသည် ဗြုန်းကနဲ စကားပြောလေသည်။

“ကျွန်မတို့ နိုင်လိုက်တာကောင်းတယ်၊ အဲဒီဒတ်ချ် လင်မယား အချစ်သည်းနေတာ ကြည့်ပြီး ချဉ်လွန်းလို့ အပြတ်နှိမ်ချင်နေတာ၊ ကျွန်မတော့ ပြိုင်ပွဲအားလုံးကိုပဲ နိုင်ချင်တယ်၊ ခရီးသည်တွေကို အမြင်ကတ်လို့၊ ဘယ်လိုလူတွေလဲ မသိပါဘူး၊ အားလုံးကို မုန်းတယ်၊ ရှင်ကော မမုန်းဘူးလားဟင်”

“မမုန်းပါဘူး၊ ဘာမုန်းစရာရှိလဲ”

“ဟုတ်ပါ့မလားရှင်၊ အားလုံး မုန်းစရာချည်းပဲ၊ ပြီးတော့ ဒီသင်္ဘောကြီးကလဲ စုတ်ပြတ်နေတာပဲ၊ ဒီခရီးစုတ်ကို ကျွန်မက လိုက်လာချင်တာ မဟုတ်ဘူး၊ အမေတို့ အဖေတို့က အတင်းဆွဲခေါ်လို့ လိုက်ခဲ့ရတာ၊ ကျွန်မအခန်းကလဲ အကောင်းဆုံး အခန်းတစ်ခန်းလို့ ဆိုတာပဲ၊ ရှင် မြင်စေ့ချင်တယ်၊ ခွေးသိပ်တဲ့အခန်း ကျနေတာပဲ”

အမျိုးသမီးသည် သူ၏ ရှည်လျား သွယ်ဖြောင့်သော ခြေထောက်များကို ရုတ်တရက် ဆန့်ထုတ်ယင်း ရယ်လိုက်ကာ “ရှင်းရှင်းပြောရယင် ရှင်တစ်ယောက်ပဲ ရေးတေးတေးရှိတယ်၊ ရှင့်ကို ကျွန်မ မြင်မြင်ချင်း ခင်မိတယ်ဆိုတာ ရှင်မရိပ်မိဘူးလား၊ ရှင်နဲ့ကျွန်မနဲ့ တွဲကစားရအောင် အဖေ့ကို အပြောခိုင်းရတယ်၊ အဖေက ဒီလိုတော့ မဆိုးပါဘူး” ဟု ပြောလေသည်။

နောက်နေ့ မွန်းလွဲပိုင်းတွင် ဒေါ်ရစ်နှင့် ဆရာဝန်ကလေးတို့ အတွဲသည်

'ရုပ်ပစ်' နှစ်ပွဲ နှင့် သားရေကွင်းပစ်တစ်ပွဲ အနိုင် ကစားခဲ့သေးသည်။ မိုရေးလည်း ကစားရသည်မှာ စိတ်ပျော်လက်ပျော် ရှိသည်။ တစ်ဘက်သတ် မုန်းတတ် ချစ်တတ်၍ ကြွပ်ဆတ်ဆတ်ဖြစ်နေသော ဤမိန်းကလေးမျိုးကို ယခင်က မိုရေး မတွေ့ခဲ့ဖူးချေ။ သူနှင့်နေရသည်မှာ ရွှင်မြူးစရာ ဖြစ်နေသည်။

'သူ့ကိုတော့ ခင်ပါသည်' ဆိုသည်ကို ကျေနပ်မိသည်။ မိဘနှစ်ပါးကလည်း ဤအပြောရ အဆိုရ ခက်သော သမီးကလေးအပေါ်တွင် အလွန်အမင်း အလိုလိုက်နိုင်၊ ချစ်နိုင်သည်မှာလည်းထင်ရှားသည်။ ကစားကြရာတွင် သုံးပွဲဆက်တိုက် နိုင်ရသည်ကို သဘောကျလျက် ရှိကြ၏။

"ဆရာရယ်၊ ဆရာနဲ့ကျမှပဲ ကျွန်မတို့သမီးကလေးကို ရွှင်ရွှင်လန်းလန်း ပြန်မြင်ရတော့တယ်" ဟု အမေလုပ်သူက ကျေးဇူးစကား ဆိုလေသည်။

သူ အောက်ထပ်ရှိ ဆေးခန်းသို့ ဆင်းခဲ့၍ မိနစ်အနည်းငယ် အကြာတွင် ရွှင်မြူးဖော်ရွေစွာ နှုတ်လျှာသွက်လျက်ဖြင့် ဟိုးလဘရု ဝင်လာလေသည်။

"ကျွန်တော် ဘာမှ မဖြစ်ပါဘူးဆရာ၊ ဗိုက်နာသလိုလို ရှိလို့ ဘစ္စမတ်ကလေး နည်းနည်း သောက်ချင်လို့ပါ၊ ဘယ်မှာ ထားလဲ၊ ကျွန်တော့်ဘာသာ ယူသောက်မယ်"

မိုရေးက ဘစ္စမတ် ပုလင်းထားရာကို ညွှန်ပြလိုက်သည်။ သူ့မှာ အရက်သောက်လွန်း၍ အသည်းကျွမ်းသည့် ရောဂါလက္ခဏာ ထင်ရှားရှိကြောင်း သတိပေးရ ကောင်းမလားဟု မိုရေးက စဉ်းစားနေမိသည်။ အဘိုးကြီးမှာ အရက်ခန်းထဲက ခွာသည်ဟူ၍မရှိ။

"ဟုတ်တယ်ဗျ၊ ဒီဆေးပဲ" ဟု ဆေးမှုန့်ဖြူများကို မျိုလိုက်ယင်း ဟိုလဘရုက ဆိုလိုက်ပြီးမှ "ဟောဒီမှာ ဆရာ့အတွက် ဆေးဖိုးဝါးခ" ဟု ပြောကာ ငွေထုတ်ပေးသည်။

"ဟာဗျာ၊ ကျွန်တော် ဒီလောက်တောင် ဘယ်ယူလို့ဖြစ်မလဲ"

ဟိုးလဘရုက သူ၏ပါးနပ်သော မျက်လုံးကလေးများဖြင့် မိုရေးအား စိုက်ကြည့်လိုက်ကာ

"ဒီမှာဆရာ၊ ဟောဒီ မသမာတဲ့ လောကကြီးအကြောင်း ကောင်းကောင်းကြီး သိလာခဲ့တဲ့ လူတစ်ယောက်ပေးတဲ့ အကြံဉာဏ်ကို လက်ခံစမ်းပါ၊ အခွင့်ကောင်းနဲ့ ကြုံလာယင် မငြင်းလေနဲ့" ဟု ပြောသည်။ ထို့နောက် သူသည် ဆရာဝန်၏လက်ထဲသို့ ငါးပေါင်တန် ငွေစက္ကူတစ်ရွက်ကို ထိုးထည့်ပေးလိုက်၏။

သူထွက်သွားသောအခါ မိုရေးလည်း တစ်ကိုယ်တည်း ကျိတ်ပြုံးလျက်သားဖြင့် “အင်း… ပြိုင်ပွဲတွေ အားလုံး နိုင်အောင် လုပ်ရတော့မှာပဲ” ဟု တွေးလိုက်မိလေသည်။

သို့ရာတွင် ဤပြိုင်ပွဲကိစ္စကား အပေါ်ယံကိစ္စမျှသာ ဖြစ်၏။ အမှန်မှာ သူသည် ထိုမိန်းကလေးအား အတွင်းစိတ်ကို နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းကြည့်စရာ ကောင်းသူ တစ်ယောက်အဖြစ် စိတ်ဝင်စားနေမိပြီ ဖြစ်၏။ မိန်းကလေးမှာ တစ်ခါတစ်ရံ အရွယ်နှင့်မလိုက်အောင် ရင့်ကျက်နေတတ်၍ တစ်ခါတစ်ရံတွင်မူ ကလေးဆန်လွန်း နေတတ်သည်။

ကနေ့ပင် မှုန်တေ နှုတ်ဆိတ်၍ နေတတ်သော်လည်း နောက်နေ့တွင်မူ ရွှင်မြူး သွက်လက်စွာ စကားကြွယ် နေတတ်ပြန်သည်။ လူတွေက သူ့ကို ဘယ်သို့ထင်ထင် ဂရုမစိုက်ဘဲ နေတတ်သည်ကိုကား သူအမှန်ပင် ချီးမွမ်းမိသည်။

ဤသို့ သူ့ကိုယ်သူ ‘စည်းအပြင်ကလူ’ ဖြစ်နေရသည်ကိုလည်း နှစ်သက်နေဟန် လက္ခဏာရှိသည်။ သူတစ်ပါးအား ကဲ့ရဲ့ လှောင်ပြောင်ရာတွင် သူမတူအောင် စွမ်းသူဖြစ်၍ သူနှင့်သင့်မြတ်အောင် မျက်နှာချိုသွေးလာသူများကိုလည်း မခံသာအောင် ခပ်ရိုင်းရိုင်း ဆက်ဆံတတ်သည်။ ထူးထူးဆန်းဆန်းပင် မိုရေးသည် ဤမိန်းကလေးအတွက် စိတ်မကောင်းသလို ဖြစ်မိလေသည်။

ဤအခြင်းအရာတို့သည် အားကစားပြိုင်ပွဲများ၌ စိတ်ဝင်စားမှုကို ပိုမိုထက်မြက် လာစေသည်။ တကယ်က အပြိုင်အဆိုင်လည်း သိပ်ရှိလှသည် မဟုတ်ပါ။ တကယ်အကြိတ်အနယ် ပြိုင်ဆိုင်ရမည်မှာ ကဒူရ်မြို့ရှိ သူတို့၏ ကော်ဖီခင်းလေးရှိရာသို့ ကလေးငယ် နှစ်ယောက်နှင့် အတူပြန်လာကြသော ကင်ဒါစလီ ဇနီးမောင်နှံအတွဲသာ ဖြစ်၏။

ပင်ဒါရီသင်္ဘောကြီး ဆူးအက်တူးမြောင်းသို့ ချဉ်းကပ်လာချိန်တွင် မိုရေးနှင့်သူ့အတွဲသည် ဆီမီးဖိုင်နယ် သုံးပွဲစလုံးသို့ တက်လာကြပြီ ဖြစ်၍ ကင်ဒါစလီဇနီးမောင်နှံ အတွဲသည်လည်း ထိုနည်းတူ တက်လာကြသည်။

ပိုဆက်မြို့သို့ မဆိုက်ကပ်မီ တစ်ညနေတွင် မစ္စက်ဟိုးလဘရုက ကုန်းပတ်ပေါ်တွင် ပက်လက်ကုလားထိုင် တစ်လုံးထက် လဲလျောင်းနေရာမှ ဆရာဝန်အား သူ့အနီးရှိ ကုလားထိုင် အလွတ်တစ်လုံးဆီသို့ လက်ပြ၍ ခေါ်လိုက်သည်။ အဘွားကြီးက လေအေး ေးဖြင့် မေးသဖြင့် မိုရေးကလည်း သူငယ်စဉ်က ရှန်းခဲ့ကန်ခဲ့ရပုံကို ပြောပြတန်သည်တို့ကို ပြောပြထားသည် ဖြစ်ရာ အဘွားကြီးက သူနှင့်အဖြစ်တူ၍ ကိုယ်ချင်းစာနာကာ မိုရေးကို သဘောကျပြီး ဖြစ်နေသည်။

ယခု သူက မိုရေးအား သူတို့နှင့်အတူ ပို့ဆက်မြို့သို့တက်၍ လည်ပတ်ရန် ပြောလေသည်။ မိုရေးက ခေါင်းကိုယမ်းလျက် "အားကြီးကို စိတ်မကောင်းစရာ ဖြစ်နေပါပြီ ဒေါ်ဒေါ်ရယ်၊ ကျွန်တော့်မှာ ဆေးစာရေးစရာတွေ တစ်ပုံကြီး ရှိနေတယ်၊ သဘော်သားတွေထဲက တစ်ယောက်လဲ ဖျားနေတယ်" ဟု ပြောသည်။

မစ္စက်ဟိုးလဘရုက "အေးကွယ်၊ ဒေါ်ဒေါ့်သမီးကလေးကတော့ အတော့်ကို စိတ်ပျက်သွားမှာပဲ" ဟု ဆိုလိုက်သည်။

ထို့နောက် ရင်းနှီးသည့် လေသံဖြင့် သူ့သမီးကလေး အကြောင်းကို ပြောပြနေပြန်လေသည်။ သမီးကလေး ချစ်စရာကောင်းသော်လည်း စိတ်ထိခိုက်လွယ်သူ ဖြစ်ကြောင်း တစ်ခါတစ်ခါ မြူးထူး ဖျတ်လတ်စွာ နေတတ်သူဖြစ်သော်လည်း တစ်ခါတစ်ခါ စိတ်ပျက်အားငယ် နေတတ်ကြောင်း၊ သူရော သူ့ယောက်ျား မစ္စတာဟိုးလဘရုပါ သမီးကလေး အပေါ်၌ မိုရေးက စိတ်ဝင်စားသောကြောင့် သမီးကလေး၏ စိတ်အခြေအနေ ကောင်းမွန်လာသည်ကို တကယ်ပင် ကျေးဇူးတင်လျက် ရှိကြရကြောင်း ပြောပြသည်။

မိုရေးကလည်း သနားသွားသည်။ ရိုးရိုးအေးအေးကလေး နေတတ်သော ဤ အမျိုးသမီးကြီးအားလည်း သူခင်မင်သည်။ ယခု အမျိုးသမီးကြီးက သူ၏လက်ကို မိခင်စိတ်ဖြင့် ဆုပ်ကိုင်လိုက်ပြီးလျှင် "အမေတို့ အားလုံးက ဆရာဝန်ကလေးကို ခင်နေကြပြီဆိုတာ ပြောနေဖို့တောင် မလိုပါဘူး သားရယ်" ဟု ပြောလိုက်လေသည်။

(၇)

နောက်နေ့နံနက် ၁၁ နာရီတွင် ပင်ဒါရီသင်္ဘောသည် ပို့ဆက်ဆိပ်ကမ်းသို့ ဆိုက်ကပ်လေသည်။

မွန်းတည့်ချိန်တိုင်သော် ကမ်းပေါ် တက်လည်ကြမည့် ခရီးသည်အားလုံးသည် သင်္ဘောပေါ်မှ ဆင်းသွားကြလေပြီ။ ဟိုးလဘရု မိသားစုက လှေကားမှ အဆင်းတွင် မိုရေးအား လက်ပြ နှုတ်ဆက်သွားကြသည်။ သင်္ဘောကုန်းပတ်ပေါ်မှ စီးမြင်နေရသော ပို့ဆက်မြို့သည် ဆင်းကြည့်ချင်စရာ ဖြစ်၏။

အဖြူရောင် အဝါရောင် တိုက်တာနေအိမ်များကို နေရှိန်ကြောင့် ဝေဝေဝါးဝါး ဖြစ်နေသော မိုးကုပ်စက်ဝိုင်းပြန့် နောက်ခံတွင် တွေ့မြင်နေရသည်။ တောက်ပသော အုတ်ကြွပ်မိုးနှင့် လေသာဆောင်တို့သည် နေရောင်ထဲတွင် ပြိုးပြိုးပြောင်ပြောင် ရှိကြသည်။

တံခွန်တိုင်သဖွယ် နှစ်စင်းပြိုင် ဗလီမျှော်စင်ကလေးတို့သည် စည်ကားသော လမ်းကျဉ်းကလေးများ အထက် မိုးတက်နေကြသည်။ မိုရေးသည် သင်္ဘောပေါ်တွင် ချန်မနေမဖြစ်၍ နေခဲ့ရသည့်အတွက် စိတ်မကောင်း၊ သို့သော် မတတ်သာ၊ သူ့မှာအလုပ်များစွာ ရှိနေသည်။

ကျန်းမာရေးဘက်မှ စစ်ဆေးသူအရာရှိများဖြင့် မအားနိုင်၊ လေးမောင်းတီးပြီးမှပင် သူခဏတစ်ဖြုတ် အားလေသည်။ သင်္ဘောပေါ်မှ ပို့ရန်စာများ လက်ခံဌာန ပိတ်ချိန်မှာ နာရီဝက်မျှသာ လိုတော့သဖြင့် သူသည် မေရီ့ထံသို့ စာတစ်စောင်ကို အပြေးအလွှား အပြီးသတ်၍ ထည့်လိုက်ရ၏။

ဤအတွက် ညနေ ၆ နာရီအဝင် စာထုပ်ကြီး ရောက်လာသောအခါ မေရီ့ထံမှ စာသုံးစောင်နှင့် ဝီလို့ထံမှ စာတစ်စောင် ပါလာသဖြင့် သူ့စိတ်တွင် မလုံမလဲ ဖြစ်မိလေသည်။ စာများကို အပြေးအလွှား မဖတ်လိုသောကြောင့် အားလပ်မှ အေးအေးဆေးဆေး ဇိမ်ဖြင့် ဖတ်တော့မည်ဟု အောက်မေ့ထားလိုက်သည်။

သူ့မှာ ဆေးပစ္စည်း တောင်းစာရင်း ပြုလုပ်၍ သင်္ဘောဘဏ္ဍာစိုးထံ ပို့ရန်ရှိသေးသည်။ ဤတွင်မှ သူ့အား ဟိုးလဘရု မိသားစုက ညစာ မစားမီ တစ်ခွက်တစ်ဖလား သောက်ကြဖို့ ဖိတ်ထား၍ ဆေးလိပ်သောက်ခန်းသို့ သွားရန်

ရှိသည်ကို သတိရလိုက်၏။

ကုန်းပတ်တစ်လျှောက် ရေးကြီးသုတ်ပျာ လျှောက်လာရာတွင် မိုရေးသည် တူရကီ ဦးထုပ်ကလေးများကို ဆောင်းထားသော ခရီးသည်များကို ပို့ဆက်ဈေးများမှ သူတို့ ဝယ်လာကြသော တူရကီမုန့်၊ ချိုချဉ်ဗူးများ၊ အီဂျစ်စီးကရက်များ၊ စဖင့်ခေါ် အီဂျစ်မနုဿသီဟ ရုပ်တုကလေးများ၊ ကြေးပစ္စည်းအမျိုးမျိုး များနှင့်အတူ တွေ့မြင်ခဲ့ရလေသည်။

ချိန်းဆိုထားသည့် အခန်းတွင်းသို့ ဆင်နားရွက် မှန်တံခါးလေးကို တွန်း၍ ဝင်လိုက်သောအခါ ဟိုးလဘရုမိသားစု အထုပ်အပိုးများစွာ ပတ်လည်ဝိုင်းလျက် ရောက်နှင့်နေကြပြီကို တွေ့ရ၏။ ဟိုးလဘရုက တက်ကြွရွှင်မြူးစွာ သောက်စရာများ မှာသည်။

ထို့နောက် သူတို့ ဈေးလျှောက်ဝယ်ကြသည့် အကြောင်းကို ရွှင်လန်းအားရ ပြောဆိုကြသည်။ တစ်ကယ် ဝယ်၍ ခြမ်း၍ ကောင်းသော ကုန်စုံဆိုင်ကြီးတစ်ဆိုင်ကို သူတို့ တွေ့လာခဲ့ကြသည်။

"မိတ်ဆွေတွေအတွက် လက်ဆောင်ပစ္စည်းတွေ အများကြီးပဲ ဝယ်ခဲ့တယ်ဆရာရေ့၊ ဆရာ့ကိုလည်း မမေ့ကြပါဘူး" ဟု အမေ လုပ်သူကပြောကာ ချစ်ခင် ရင်းနှီးစွာပြုံးလျက် အထုပ်ငယ်တစ်ခုကို မိုရေးအား လှမ်းပေးလိုက်သည်။

မိုရေးလည်း မျက်နှာ နီမြန်းကာ ရှက်ကိုးရှက်ကန်းဖြင့် အထုပ်ကို လှမ်းယူလိုက်သည်။ ဒေါရစ်က ရယ်သည်။ သူ့မျက်လုံးများမှာ တောက်ပလျက်ရှိကြ၏။ ဒေါရစ်သည် တစ်ခါမှ ဤသို့ သွက်သွက်လက်လက် မရှိခဲ့ဖူးချေ။

ဟိုးလဘရုက "ကဲပါဆရာ၊ ဖွင့်ကြည့်စမ်းပါ၊ ဆရာ့ကို မကိုက်ပါဘူး" ဟု တိုက်တွန်းသည်။ သူ ဖွင့်ကြည့်လိုက်သောအခါ ဆွစ်ဇာလန်ပြည်တွင် တစ်စချင်း လက်ဖြင့်လုပ်သော ရွှေလက်ပတ်ကြိုးနှင့် နီရွှေရောင် လက်ပတ်နာရီ၊ အဖိုးများစွာမှပင် ထိုက်တန်ပေမည်။ မိုရေးလည်း တစ်ခွန်းမှ မပြောတတ်တော့။

အတန်ကြာမှ "အို... ဦးတို့ ဒေါ်ဒေါ်တို့ဟာ တကယ့်ကို စေတနာ မေတ္တာတွေနဲ့ ရက်ရောကြပါကလား၊ ကျွန်တော့်မှာလည်း နာရီလိုနေတာနဲ့ အတော်ပဲ" ဟု အထစ်ထစ် အငေါ့ငေါ့ ကျေးဇူးတင်စကား ဆိုလိုက်ရလေသည်။

ဟိုးလဘရုက "ထားစမ်းပါ ငါ့လူရာ၊ ဟောဒီက သမီးက မောင့်မှာ နာရီပတ်တာမမြင်လို့တဲ့၊ အဲဒါ မောင့်အတွက်ဆိုပြီး သူ ရွေးတဲ့ လက်ဆောင်" ဟု ပြောလိုက်၏။

မိုရေးက ဒေါ်ရစ်အား လှမ်းကြည့်လိုက်သောအခါ ဒေါ်ရစ်သည် သူ့အား အရောတဝင်ဖြင့် စိန်ခေါ်နေသည့်အလား စေ့စေ့ကြည့်နေသည်ကို တွေ့လိုက်ရသည်။

သူက "ရေးကြီးခွင်ကျယ် လုပ်ပြောမနေပါနဲ့၊ ဖေဖေ အေးအေးနေနော်၊ မနေယင်တော့လား၊ အဖေ ပို့ဆက်မှာတုန်းက ဗိုက်ပေါ် ချက်ပေါ် ကချေသည်မတွေအကြောင်း မေးတာတွေ ပြောပြလိုက်မယ်" ဟု ခြိမ်းခြောက်လိုက်၏။

ဟိုးလဘရက ရယ်မောယင်း ထိုင်ရာမှထကာ "ကဲလာ၊ ညဥ့်စာသွားစားကြစို့" ဟု ဆိုလိုက်လေသည်။

ဆေးလိပ်ခန်းထဲတွင် စခဲ့သော အရောတဝင် ရင်းနှီးခင်မင်မှုသည် ညဥ့်စာ စားရာတွင်လည်း အရှိန်မပြေသေးဘဲ ရှိမြဲရှိကာ တစ်ဖွဲ့လုံးတွင် ဒေါ်ရစ်မှာ အသွက်လက်ဆုံး ဖြစ်နေလေသည်။

ခါတိုင်းဆိုလျှင် မိဘများအပေါ်တွင် စိတ်ကောက်လိုက်၊ နှုတ်ခမ်းစူလိုက်၊ အောင့်အည်းသည်းခံ လိုက်လျောလိုက်ဖြင့် ဆက်ဆံခဲ့သော ဒေါ်ရစ်သည် ယခုမူ နောက်လိုက်ပြောင်လိုက် ကျီစားလိုက်ဖြင့် ရှိသည်။ အထူးသဖြင့် အဖေကြီးကို စသည်။ အဖေကြီးကလည်း ထိုနည်းတူ ပြန်စသည်။

ထိုအချိန်မှာပင် သင်္ဘောကြီး၏စက်များ တဝုန်းဝုန်းခုတ်သံ ကြားရကာ ဆိပ်ကမ်းမှ ခွာလေသည်။ တူးမြောင်းအတွင်း ဖြည်းညင်းစွာ ခုတ်မောင်းလျက်ရှိစဉ်တွင် သင်္ဘောကြီး၏ အပေါ် ကုန်းပတ်သို့ တက်ကြ၍ ကော်ဖီသောက်ယင်း သဲကန္တာရ၏ နေဝင်ခင်းကို ကြည့်ကြသည်။

ဝိုင်းစက်သော နေလုံးနီနီကြီး အပြောကျယ်သော သဲပြင်ထဲသို့ ငုပ်လျှိုးသွားသည်တွင် လေးဘက်လေးတန် ဖြာလင်းနေသော နေရောင်ခြည်ကွင်းကို နောက်ခံပြုလျက် စွန်ပလွံပင်များ၏ ကောက်ကြောင်းကို မြင်ရသည်။

ယင်းတို့နှင့်အတူ သဲကန္တာရအတွင်း လှည့်လည်သွားလာနေသူ အာရပ်တို့၏ရွက်ဖျင်တဲများနှင့် နွေးကွေးစွာ တစ်လှမ်းချင်း လှမ်းနေသော ကုလားအုတ်တန်းကိုလည်း တွေ့ရသည်။ ထို့နောက်မကြာမီ မဲနယ်ပြာရောင် ကောင်းကင်ယံတွင် လကလေး ပေါ်လာကာ ညဥ့်နက်လေ လရောင်ပိုလင်းလေ ဖြစ်လာသည်။ သူတို့၏ အောက်ထပ် ဧည့်ခန်းတွင် တီးဝိုင်းအဖွဲ့သည် ကာလပေါ် ကကြိုးမျိုးစုံကို ငြိမ့်ညောင်းသာယာစွာ တီးလျက် ရှိ၏။

ဒေါ်ရစ်၏ မူမမှန်သော အသက်ရှူသံကို မိုရေး ကြားရ၏။ ပက်လက်ကုလားထိုင်ပေါ်တွင် လက်နှစ်ဘက်ကို ယှက်၍ ခေါင်းနောက်တွင်ထားကာ လဲလျောင်းနေရာက သက်သောင့်သက်သာရှိသည့် အနေအထားကို မရနိုင်သကဲ့သို့ တလှုပ်လှုပ် တရွရွ ဖြစ်နေ၏။

မိုရေးက "မှီအုံးတစ်ခု ယူပေးမယ်လေ" ဟု ဆိုလိုက်သည်။

"ကိစ္စ မရှိပါဘူး၊ ဒီည္ဆို စိတ်နည်းနည်း လှုပ်ရှားနေလို့ပါ"

"ဘယ်သူ မလှုပ်ရှားပဲ နေပါ့မလဲ၊ အရှေ့တိုင်းဘက် ရောက်လာပြီပဲ၊ ကောင်းကင်ကြီးကိုလဲ ကြည့်လိုက်စမ်းပါဦး" "ပြီးတော့ ဂီတသံကိုလဲ နားထောင်ပါဦး" ဟု ဆိုကာ 'အသက်ရှူများတောင် မှားလောက်ပါရဲ့' ဆိုသည့် သီချင်းသွားကို ညည်းနေလိုက်ပြီးမှ- "ဒီအတိုင်းသာ ဆက်သွားနေယင် ကျွန်မတော့ ပေါက်ကွဲတော့မယ်" ဟု ဆိုလိုက်သည်။

မိုရေးက ရယ်လိုက်ကာ "နေပါဦးလေ၊ ကိုယ့်အတွက် နာရီ လှလှကလေး ရွေးပေးတဲ့အတွက် ကျေးဇူးတင် စကားလေးတော့ ပြောလိုက်ပါရစေဦး" ဟု ပြောလိုက်၏။

"ကျွန်မက ကိုယ့်အကြိုက် ကိုယ်သိတယ်၊ ကျွန်မ အဲဒီနာရီကို ကြိုက်တယ်၊ ပြီးတော့ ရှင်းရှင်း ပြောရယင် ရှင်ကိုလဲ ကျွန်မ ခင်တယ်၊ စိတ်များ တိုသွားပလား"

"မတိုပါဘူးဗျာ၊ သဘောကျပါတယ်၊ ကျေးဇူးလဲတင်ပါတယ်"

ထို့နောက် တစ်မိနစ်ခန့် စကားမပြောဘဲ နေကြပြီးနောက် ဒေါ်ရစ်က စ၍ ပြောပြန်သည်။

"ရှင် ဒီအပေါ် တက်လာတာ ရှင့်စိတ်ထဲ ဘာမှ မဖြစ်ဘူးလား၊ တစ်ခါတလေ တစ်ကိုယ်လုံး ရိုးရိုးရွရွနဲ့ ဖျတ်လတ်တက်ကြွပြီး အပျော်ကြီး ပျော်နေတာမျိုး မဖြစ်ဖူးဘူးလားဟင်၊ တကယ့်ကို ထူးတဲ့ ခံစားရတာမျိုးပဲ၊ အဲသလို ဖြစ်လာတယ်ဆိုယင်လေ ကျွန်မတော့ ဘာလုပ်ရ လုပ်ရပဲ၊ ဒီည္ဆို ကျွန်မ အဲသလို ဖြစ်နေတယ်၊ ရှင် စိတ်ဝင်စားယင်ပေါ့လေ" ဟု ဆိုကာ ကိုယ်ကိုမတ်မတ် ထိုင်လိုက်ပြီးလျှင် "ရှင် မကချင်ဘူးလား၊ လာလေ၊ တစ်ချီလောက် ကလိုက်ကြရအောင်" ဟု ပြောလိုက်၏။

"ဖြစ်မယ် မထင်ပါဘူး၊ ကိုယ် မကတတ်ဘူး"

"အမယ်၊ တော်စမ်းပါ၊ ကျွန်မကို ရှင်ဖြီးနေတာ"

မိုရေးက ဒေါ်ရစ် အံ့သြနေသည်ကို ပြုံး၍ ကြည့်ယင်း "မဟုတ်ပါဘူး၊

တကယ်ပါ၊ ကိုယ်က ကောလိပ်မှာတုန်းက စာချည့် သိပ်ကြိုးစားလာခဲ့ရတော့ အဲသလိုတွေ သင်ဖို့ အချိန်ပို မရှိခဲ့ဘူး" ဟု ပြောလိုက်သည်။

"ကဲ... ဒါဖြင့် အခု ရှင် သင်ပေါ့၊ ကျွန်မ ကောင်းကောင်း သင်ပေးတတ်ပါတယ်"

"ဟာ မလုပ်ပါနဲ့၊ မင်း ခြေထောက်တွေ တက်နင်းမိနေပါဦးမယ်"

"ရှင့် ဘယ်သူ မြင်မှာမို့လဲ၊ အဘိုးကြီးကလဲ 'ဘား' မှာ၊ အမေကလဲ တစ်ရေး အိပ်နေပြီပဲ" ဟု ဆိုကာ ထိုင်ရာမှ ထ၍ လက်ကမ်း၍ပေးယင်း "ကဲ... လာပါရှင်" ဟု ခေါ်တော့သည်။

မိုရေးလည်း ထိုင်ရာမှ ထကာ မရဲတရဲပင် ဒေါရစ်၏ ခါးကို လှမ်းဖက်လိုက်ရ၏။ ထို့နောက် နှစ်ယောက်သားစ၍ ကကြသည်။ ဒေါရစ်က "ဒါကို ဖောက်စထရော့လို့ ခေါ်တယ်၊ စည်းချက်နဲ့သာ လှမ်း၊ ခြေလှမ်းစိပ်စိပ်၊ ကဲ... လှည့်၊ ဆွဲပြီး ဝှေ့ယမ်းယူ၊ တင်းတင်း ဖက်ပါရှင့်၊ ကျွန်မ အရိုး ကျိုးမသွားပါဘူး၊ အဲ အဲ ဟုတ်ပြီ၊ က တယ်ဆိုတာ နှစ်ယောက်စလုံး ဘက်ညီရတဲ့ ဟာမျိုး"

ဒေါရစ်က အလွန် အကကောင်းသူဖြစ်၍ ဆွဲတိုင်းပါလာလေရာ သူနှင့် ကရသည်မှာ အံ့သြစရာ ကောင်းလောက်အောင် လွယ်ကူသည်။ ကကြိုးတစ်ပုဒ်ဆုံး၍ တီးဝိုင်းရပ်လိုက်သောအခါ ဒေါရစ်က ခေါင်းတစ်ချက်ဆတ်ကာ "ကဲ... ကျွန်မ မပြောဘူးလား" ဟု ဆိုလိုက်၏။

"ကလို့ ကောင်းလိုက်တာ တကယ်ဘဲ၊ အစက ဒီလောက်လွယ်မှန်း မသိပါဘူး၊ မင်းကလဲ အက တကယ် ကျင်လည်တာကိုး"

"ကျွန်မ တကယ် စွဲခဲ့တဲ့ဟာကိုး ရှင့်၊ ကျောင်းနောက်ဆုံး နှစ်မှာတုန်းက ကျွန်မ စနေနေ့ ညဉ့်ဆိုယင် သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ လစ်ထွက်ပြီး အနီးအနားက ကပွဲခန်းမတွေ သွားကတာပဲ၊ ကျွန်မတို့က တကယ့်အက ဝါရင့်ကြီးတွေ ဟန်ဆောင်ပြီး အတွဲငှားတွေ ဘာတွေဝင်က၊ သိပ်ပျော်တာပေါ့ရှင်၊ တကယ်ပါပဲ၊ ဒါပေမယ့် တစ်ညဉ့်တော့ ရုတ်ရုတ် ရုတ်ရုတ်နဲ့ ရန်ဖြစ်ကြရောရှင့်"

"မင်း ကျောင်းက ထွက်ခဲ့ရတာ ဒါကြောင့်လား"

ရုတ်တရက် မဖြေ်လင့်ဘဲ ဒေါရစ်သည် နာကျည်းသွားသကဲ့သို့ ခေါင်းကို ဆတ်ကနဲ မော်ကြည့်လိုက်၏။

"ဒါတော့ ကျွန်မရဲ့ အတွင်းရေးကို မေးတာပဲ၊ ကျွန်မ မကြိုက်ဘူး၊ ကဲ... ကျွန်မ စီးကရက်နဲ့ မီးခြစ်သွားယူပေးစမ်းပါ၊ ကုလားထိုင်တွေဘေးက ကျွန်မ

အိတ်ထဲမှာ ရှိလေရဲ့”

မိုရေးက ရွှေမီးခြစ်ကလေးကို ခြစ်ပေးစဉ် ဒေါရစ်က ရှေ့သို့ ငုံ့လျက် မီးညှိသည်။

“ရှင် စီးကရက် မသောက်ဘူးနော်”

မိုရေးက ခေါင်းယမ်းပြသည်။

“ရှင် ခြိုးခြံနေခဲ့ရတဲ့ ဟာတွေကလဲ များလိုက်တာ”

“တစ်နေ့ကို အဲဒါတွေ အားလုံး ကိုယ်လုပ်မယ်”

“လုပ်မယ်ဆိုယင်လဲ သိပ်ရက်ဆွဲမနေနဲ့ရှင့်၊ ကျွန်မကတော့ လုပ်ချင်တာရှိယင် မဆိုင်းမတွ လုပ်ချလိုက်တာပဲ”

တီးဝိုင်းက ကကြိုးတစ်ဖန် စပြန်သောအခါ ဒေါရစ်သည် သောက်လက်စ စီးကရက်ကို သဘော်ာကုန်းပတ် လက်ရန်းကျော်၍ ပစ်လိုက်ပြီးလျှင် မိုရေး၏ဘက်သို့ လှည့်လိုက်၏။

“ကဲ... လာ၊ ကမယ်၊ စိတ်ပါလက်ပါ လုပ်စမ်းပါရှင်၊ ကျွန်မကို ဘလက်ပူး ကမ်းနားလမ်းကတွေ့လို့ ခေါ်လာတဲ့ ကောင်မလေးလို သဘောထားလိုက်စမ်းပါ”

“အမလေး၊ မလုပ်ပါနဲ့ အမိရယ်၊ ကိုယ်က ဒါမျိုး လုံးဝမလုပ်တတ်ပါဘူး”

“ဒါကြောင့် ရှင်က သူတော်ကောင်းလေး ဖြစ်နေတာကိုး” ဟု မပွင့်တပွင့်ဆိုကာ မိုရေးဘက်သို့ တိုးကပ်သွားယင်း “ဘာပဲဖြစ်ဖြစ် စမ်းတော့ ကြည့်ဦးပေါ့ရှင့်” ဟု ပြောလိုက်သည်။

ကကြိုးတစ်ချီပြီးတစ်ချီ သူ သိသိသာသာ တိုးတက်လာပြီကို သူ သိ၏။ အတွေ့အကြုံသစ် ဖြစ်သော်လည်း သင့်မသင့် တစ်ဘက်က ချိန်ဆရသေးသဖြင့် အလွန်အကျွံ မလုပ်မိရန် သတိထားရသည်။

နှစ်ယောက်တွဲ ကကြယင်းမှ ဒေါရစ်၏ အမေရှိရာသို့ သူတို့ ချဉ်းကပ်သွားကြသည်တွင် မိုရေးက “ကျေးဇူးအများကြီး တင်ပါတယ် ဒေါရစ်ရယ်၊ တကယ့်ကို ပျော်စရာကြီးပါပဲ၊ ဒါပေမယ့်...” ဟု ဆိုကာ သူ၏ နာရီအသစ်ကို မြှောက်၍ကြည့်လိုက်ကာ-“ခုလောက်ဆို တော်လောက်ရောပေါ့၊ ဂွတ်နိုက်နော်” ဟု ပြောလိုက်သည်။

“အစောကြီး ရှိပါသေးတယ်၊ အခုမှ ပျော်မယ်လို့ စခါရှိသေး”

"တော်ကြစို့ကွယ်၊ ကိုယ် အောက်ဆင်းရဦးမယ်"

ဒေါ်ရစ်၏ ပြာလွဲ့သော မျက်လုံးအစုံမှာ စိတ်ဆိုးခြင်း၊ အလိုမပြည့်ခြင်း အရိပ်အရောင်များ သမ်းလာသည်။

"ရှင် တော်တော် ညံ့တဲ့လူပဲ၊ လကလေးက သာသာနဲ့၊ ပျော်မယ်ကြံခါမှ အလကား ဖြစ်ကုန်တာပဲ"

မစ္စက်ဟိုးလဘရက တစ်ရေးတမော ငိုက်မျဉ်းရာမှ နိုးလာကာ သူ့သမီးနှင့် မိုရေးတို့အား အလိုလိုက် အလိုက်သိစွာ ကြည့်နေရာမှ သူတို့ရှိရာသို့ ထလာသည်။

"အိပ်ချိန်ကျပါပြီ သမီးရယ်၊ တစ်နေ့လုံးလဲ ပင်ပန်းခဲ့တယ် မဟုတ်လား" ဟု ဆိုလိုက်သည်။

မိုရေးက "ကျွန်တော့်အဖို့တော့ ဒေါ်ဒေါ်တို့ကြောင့် တကယ့်ကို ပျော်ရွှင်စရာ နေ့တစ်နေ့ပါခင်ဗျာ" ဟု ကျေးဇူးတင်စကားပြောသည်။

ဒေါ်ရစ်က ထွက်သွားယင်း မိုရေး၏ နားနားသို့ ကပ်ကာ "ရှင် ကျွန်မကို ဒီလို စိတ်ပျက်အောင် လုပ်တာ သိကြရောပေါ့၊ ကြည့်နေ" ဟု နှုတ်ခမ်းစေ့လျက် ပြောသွားသည်။

ဒေါ်ရစ်က သူ့ကို စသွားသည်ဟုပင် မိုရေးက ထင်သည်။ ထို့နောက် 'ဒဇီရေး' သီချင်းအပိုဒ် တီးလုံးသံများ သူ့နားတွင် လျှံလျက် အောက်ထပ်ရှိ သူ့အခန်းသို့ ဆင်းကာ ခါတ်မီးကို ဖွင့်လိုက်သည်တွင် သူ့အား ဆီးကြိုအပြစ်တင်လိုက်သကဲ့သို့ ရှိသော အိမ်မှ စာများကို သူ၏ အဝတ်ဗီရိုယ်ပေါ်တွင် တွေ့လိုက်ရလေသည်။

သူ မေ့မေ့လျော့လျော့ နိုင်ရက်ပုံကို အံ့ဩထိတ်လန့်လျက်ပင် အိပ်စင်ပေါ်သို့ တက်၍ လဲလျောင်းကာ စာများကို ဖတ်လေတော့သည်။ မေရီ၏ စာမှာ ခြောက်ရွက်လုံးလုံးရှိ၍ မေရီ၏ လက်ရေးလှလှ ဝိုင်းဝိုင်းကလေးများဖြင့် ပြည့်နေသည်။

မာဆေးမှ ထည့်လိုက်သော သူ့စာကိုရသည်။ သူနေကောင်းလာသည်ဆို၍ ပျော်ရွှင်ရကြောင်း ရေးထားသည်။ သူ့ကိုအကြီးအကျယ် လွမ်းရသည်မှအပ မေရီမှာ ကျန်းမာသည်။ ပြက္ခဒိန်တွင် ကုန်လွန်သွားသော ရက်များကို တစ်ရက်ပြီး တစ်ရက် မှတ်နေရသည်။ သူတို့နေဖို့ အိမ်အတွက် ခန်းဆီးစများ ဝယ်ထားသည်။

ဂရန့်အိမ်ထောင်ပရိဘောဂဆိုင်တွင် တစ်ပတ်ရစ် ညှော့ခန်းကုလားထိုင်စုံ တစ်စုံကို ဈေးချိုချိုဖြင့်ရမည့် အလားအလာရှိသည်။ ဆိုင်ရှင်က ချန်ထားလိုက်ပါမည်ဟု ကတိပေးထားသည်။

စိတ်မကောင်းစရာမှာ သူ့အဖေသည် ယခုတလော နေမကောင်းလှ၍ မေရီက မုန့်ဖိုထဲတွင် ဒေါ်နယ်ဆန်းကို ဆင်းကူနေရခြင်းပင် ဖြစ်သည်။ စာအဆုံးတွင် 'မောင်ပိုင်တဲ့ မေရီ' ဟု လက်မှတ်ထိုးထားသည်။

စာဖတ်၍ပြီးသောအခါ မိုရေး၏ရင်ထဲတွင် နာကျင်လျက်ရှိသည်။ သူ့စာထဲမှာ စိတ်ပူပန်သောက ဖြစ်နေရဟန်၊ ကြေကွဲဝမ်းနည်း နေရဟန် အရိပ်အရောင်တွေကို အကဲခတ်ရသည် မဟုတ်လော။

ထို့နောက် ဝီလီ၏စာကို ဖတ်လိုက်သည်။ "ခင်ဗျားသွားကတည်းက အိမ်မှာ အခြေအနေ သိပ်မကောင်းပါဘူးဗျာ၊ အဖေလဲ နှလုံးရောဂါ ထနေပြန်တယ်၊ အဲဒါ တစ်နေ့မှာ လူတစ်ယောက် သူ့လာတွေ့သွားပြီးတဲ့နောက် ဖြစ်တာပဲ။ အန်တီမီနီက 'စတော့ဒတ်တို့ရဲ့ လက်ချက်ကတော့ ဒို့ကိုထိပကွယ့်" လို့ပြောနေသံ ကြားရတယ်။

စာကို သူချထားလိုက်သည်။ အိမ်မှာ မေရီဒုက္ခရောက်နေပြီ။ သူက ယခုလက်ရှိ တွေ့နေရသော စည်းစိမ်ချမ်းသာ၌ ယစ်မူးနေသည်ကို တွေးမိသောအခါ မေရီအား ချစ်သည့်စိတ်၊ လွမ်းသည့်စိတ်၊ တမ်းတသည့်စိတ်တို့၊ နောင်တရသည့် စိတ်တို့ဖြင့် သူ၏နှလုံးသားသည် အရည်ပျော်မတတ် ဖြစ်ရလေသည်။ သူ ခရီးထွက်မလာခဲ့မိက ကောင်းလေစွဟု တောင့်တမိသည်။

သူသာ အိမ်မှာရှိနေပါက မေရီဒုက္ခရောက်နေသည့်အခါ သူက အနားကနေ၍ ယုယုယယ မနှစ်သိမ့်ရပါလော။

သူ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီးလျှင် ဝိုင်ယာလက်ခန်းသို့ ရေဒီယို ကြေးနန်းတစ်စောင် ရိုက်ပေးရန် ပြောလိုက်၏။

"စိတ်ပူမနေနဲ့၊ ကိုပြန်လာတဲ့အခါ အားလုံး အဆင်ပြေသွားမယ်။ အချစ်များစွာနဲ့… ဒေးဗစ်"

သမုဒ္ဒရာကို ဖြတ်ကျော်၍လာသော သူ့ထံမှ ကြေးနန်းစာကလေးကို ဖတ်ရလျှင် မေရီ ဝမ်းသာအားရ ရှိရှာမည်။ ရင်ခုန်ရ ရှာမည်။ စိတ်လည်း သက်သာရာရမည်။

ထို့နောက် သုံးရက်လုံးလုံး မခံမရပ်နိုင်အောင် အပူရှိန်ပြင်းသည်။ ပင်လယ်နီတွင် နေရှိန်သည် ပင်ဒါရီသင်္ဘောကြီးပေါ်သို့ တိုက်ရိုက်ထိုးကျကာ အေဒင်မြို့၏ ကျောက်ဆောင်များမှာလည်း အပူပိုင်းဒေသ၏ ခြောက်သွေ့သော ညိုဝါရောင်ဖြစ်အောင် ဖုတ်ကင်ထားသည့်ပမာ အမြွာမြွာ အက်ကြောင်းထင်လျက် ရှိတော့သည်။

ဒေါရစ်သည် ဆူးအက်တူးမြောင်းကို အဝင်ညဥ့်က တွဲကခဲ့ပြီးကတည်းက

ကုန်းပတ်ပေါ်သို့ ပေါ်မလာတော့၊ မစ္စတာဟိုးလဘာရက မိုရေးအား ပြောပြချက်အရဆိုလျှင် အနည်းငယ် နေမကောင်း၍ ဟုသာသိရသည်။ မိုရေးက သတင်းမေးလိုက်ကြောင်း စကားလက်ဆောင်သာ ပါးလိုက်၏။

ရာသီဥတု အပြောင်းအလဲတွင် ဆရာဝန်အလွန် အလုပ်များရလေသည်။ ထုံးစံအတိုင်း နေလောင်၊ ယားယံ၊ မိတ်ပေါက် ဝေဒနာရှင် တစ်ပြုံကြီးအပြင် အတော်ပြင်းပြင်းထန်ထန် ခံစားနေရသော ဝေဒနာရှင်အချို့လည်း ပါကြလေသည်။ မိုရေးသည် ဝမ်းကိုက်ရောဂါဖြစ်မည်ဟု ထင်ရသော နာမကျန်းသူ ကင်ဒါစလီ ကလေးငယ်နှစ်ယောက်အတွက် အထူးပင် စိုးရိမ်မကင်းဖြစ်မိ၏။

မစ္စက်ကင်ဒါစလီမှာ ရူးမတတ် သောကမီးတောက်လျက် ရှိရှာသည်။ သို့ရာတွင် လေးဆယ့်ရှစ်နာရီမျှ မပြတ်မလပ်အောင် စောင့်ရှောက် ကုသသောအခါတွင် တတိယနေ့ဘက် အကူး အရုဏ်တက်လုလုတွင် သိသိသာသာ အခြေအနေ ကောင်းလာသည်ကို သတိပြုမိသည်။

ဤတွင်မှ သူလည်း စိတ်သက်သာရာရကာ မျက်လုံးများနီလျက် ပင်ပန်းနွမ်းနယ်မှုကို သတိပြုမိသည်။ သူ့မှာ အဝတ်အစားပင် ကပိုကရိုဖြစ်ကာ တောင့်နေသောခါးကို စန့်၍ ပြဒါးတိုင်းမှ အပူချိန်ကို ကြည့်လိုက်သည်။ မစ္စက်ကင်ဒါစလီအားလည်း ပခုံးကိုဖက်လျက် “ဒီကလေးတွေ မကြာခင် မီးပွင့်အောင် ထဆော့ကြတော့မယ်” ဟု နှစ်သိမ့်လိုက်ရသည်။

မစ္စက်ကင်ဒါစလီမှာ ယခုမှ ဟီးချငိုနိုင်လေသည်။ “အမလေး ဆရာရယ်၊ ဆရာ့စေတနာကတော့ တကယ့်ကို အံ့မခန်းပါပဲ၊ ကျွန်မ ဆရာ့ကျေးဇူး ဘယ်လိုဆပ်လို့ ကုန်နိုင်ပါတော့မလဲ” ဟု ဆိုနိုင်ရှာလေသည်။

“ကဲကဲ ကျေးဇူးဆပ်ချင်ယင် တစ်ရေးတမော သွားအိပ်ပြီး အနားယူလိုက်ဦး၊ အားကစား ပြိုင်ပွဲတွေမှာ ကျွန်တော်တို့နဲ့ ဗိုလ်လုပွဲတက်နိုင်အောင် ခင်ဗျားအားပြည့်ဖို့ လိုသေးတယ် မဟုတ်လား”

မစ္စက်ကင်ဒါစလီလည်း မျက်ရည်သုတ်ကာ ကြိုးစား၍ ပြုံးယင်း “ဟုတ်ကဲ့ဆရာ၊ ကျွန်မလဲ အဲဒီဗိုလ်လုပွဲမှာ ရမယ့်ဆု လက်ဖက်ရည် ပန်းကန်စုံကလေးတော့ အိမ်မှာထားဖို့ အလိုချင်သား” ဟု ပြောလိုက်သည်။

မိုရေး အထွက်တွင် မစ္စက်ကင်ဒါစလီက အခန်းတံခါးဝအထိ လိုက်ပို့၍ မိုရေးကို စူးစိုက်ကြည့်နေယင်း ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ “ကျွန်မတို့ လင်မယားကတော့ ဆရာ့ကို အတော်ပဲ ခင်မင်လေးစားပါတယ် ဆရာ၊ ဆရာလေ ဟို… ဟို ကောင်မလေးနဲ့များ ငြိစွန်းနေပြီလားလို့ အောက်မေ့နေကြတာ” ဟု မေးသလိုဆိုသည်။

မိုရေးက "ဟာ... ဘယ်ကလာ ငြိရစွန်းရမှာလဲ" ဟု ပြောလိုက်၏။ မစ္စက်ကင်ဒါစလီက မိုရေး၏ လက်ကိုဆွဲကိုင် ဖျစ်ညှစ်လိုက်၍ "ဝမ်းသာပါတယ် ဆရာ၊ ကောင်မလေးက ချောချော လှလှကလေး၊ ဆရာ့ကိုလဲ ကြိုက်နေတာ ထင်ရှားပါတယ်၊ ဒါပေမယ့် ဆရာရဲ့ အဲဒီကလေးမက ခပ်ကြောင်ကြောင်ရယ်၊ ကျွန်မယောကျ်ားကတော့ ကောင်မလေးက စိတ်မမှန်ဘူးလို့ ပြောတာပဲ၊ ကဲ ဆရာရယ်၊ ကျွန်မပြောမိတာ ဘယ်လိုမှ မအောက်မေ့နဲ့နော် ဆရာ" ဟု ပြောပြသည်။

မိုရေး စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်ရကာ မကြိုက်ချင်သလို ဖြစ်ရသော်လည်း "ကိစ္စမရှိပါဘူး" ဟု ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

စိတ်ထဲတွင် မသက်မသာဖြင့်ပင် သူ့အခန်း သူပြန်လာကာ မှတ်ဆိတ်ရိတ် ရေချိုးပြီးနောက် တာဝန်အရ သူနာများရှိရာ အခန်းများကို လှည့်လည်ကြည့်ရှုလေသည်။ သင်္ဘောပေါ်တွင် ဒေါရစ်ကို လူတွေသိပ်မကြိုက်ကြကြောင်း သူသိသည်။ ဒေါရစ်ကလည်း ရိုင်းပျစွာ ဆက်ဆံတတ်ရုံမက အဖိုးများစွာ ထိုက်တန်သော သူ့အဝတ်အစားများကြောင့် မိန်းမပိုင်းက မနာလိုမှုများလည်း ရှိမည်။ ထိုမှတစ်ပါးလည်း သူတို့အတွဲက အားကစားပွဲများတွင် တစ်နိုင်တည်း နိုင်နေသည်ကို အကြောင်းပြု၍လည်း အမနာပ ပြောကြခြင်းဖြစ်မည်။

နောက်ကို လျှော့ကစားမှ ကောင်းမယ်၊ ဒါထက် မစ္စက်ကင်ဒါစလီက ဘာဆိုင်လို့ သူ့ကိစ္စထဲမှာ ဝင်ပြီးတော့ စွက်ဖက်ရသတုန်း၊ ပြီးတော့ မစ္စက်ကင်ဒါစလီရဲ့ အမနာပစကားကို သူမနှစ်မြို့နိုင်။ ဤသို့လျှင် သူ့အား ဒေါရစ်နှင့် ခွာပြဲအောင် ပြောလိုက်သည့် စကားတို့သည် ဒေါရစ်နှင့် နီးစပ်အောင် တွန်းပို့နေသကဲ့သို့ ရှိလေသည်။

တကယ်တမ်း ဝန်ခံရယင် ဒေါရစ်ဟာ သူများနဲ့မတူ ထူးခြားပါရဲ့၊ ဒါပေမယ့် ဒီထူးခြားချက်ကြောင့်ပဲ သူများထက် ဒေါရစ်ကဆိုးတယ်လို့ ဆိုရတော့မလား။ သူ့မှာ ကောင်းကွက်ကလေး တစ်ခုခုတော့ ရှိကိုရှိတယ်။

နောက်နေ့ အပူရှိန် လျော့လာသောအခါ ဒေါရစ်သည် ကုန်းပတ်ပေါ်သို့ တက်လာသည်။ ဒေါရစ်သည် အမိုးနှင့် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ဆံပင်ကို ပိုးလည်စည်း ပဝါတစ်ထည်ဖြင့် စည်းလျက် ဒူးပေါ်တွင် ကက်ရှမီယာ စောင်ပါးပါး တစ်ထည်အုပ်ကာ မျက်ကွင်းများညိုလျက် မိန်းမောနေဟန်ဖြင့် လဲလျောင်းမှိန်းနေစဉ် မိုရေးက သူ့အားတွေ့သည်။

ဒေါရစ်က နေရာမှမရွေ့ပဲ မိုရေးဘက်သို့ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကြည့်လိုက်သည်။

မိုရေးက ဒေါ်ရစ်နံဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်ယင်း "ဘယ့်နှယ် နေကောင်းလာပလား အစ်မကြီး၊ အခုမှ တကယ် သာယာလာတယ်နော်" ဟု နှုတ်ဆက်သည်။

သူတို့သည် အိန္ဒိယသမုဒ္ဒရာထဲသို့ ရောက်နေကြပြီ ဖြစ်၏။ မုတ်သုန်လေသည် သင်္ဘော၏ ရွက်ကြိုးများကို တရှီးရှီး တိုက်ခတ်လျက်ရှိသည်။ ဝေလငါးငယ်ကလေး တစ်အုပ်သည် သင်္ဘောပတ်လည်တွင် ရေပန်းများမှုတ်ကာ လိုက်လာသည်။

ဒေါ်ရစ်က မိုရေး စလိုက်သည်ကို ဂရုမစိုက်ပဲ ကုလားထိုင်နောက်မှီမှာ ခေါင်းအုံခုလျက် ဘိန်းမူးနေသလို ရီဝေသော မျက်လုံးများဖြင့် စိုက်ကြည့်နေရာမှ "ရှင်တယ်တော်တယ်ပေါ့" ဟု ဆိုလိုက်သည်။

"ဘာဖြစ်လို့လဲ ဒေါ်ရစ်ရယ်"

"ရှင် ကျွန်မကို စိတ်ဆိုးအောင်လုပ်ထားတာ၊ ကျွန်မက စိတ်မကျေသေးဘူး သိလား၊ ကျွန်မ မရှိတုန်း ရှင်ဘယ်သူနဲ့ တွဲ က နေလဲ"

"ဘယ်သူနဲ့မှ မက ပါဘူးကွယ်၊ ကိုယ့်ရဲ့ စပယ်ရှယ် ဆရာမကလေးကိုပဲ စောင့်နေတာပေါ့"

ဒေါ်ရစ်က ခပ်ယဲ့ယဲ့ကလေး ပြုံးလိုက်ယင်း "ရှင် ကျွန်မကို ဘာဖြစ်လို့ လာမကြည့်လဲ၊ အို... ထားပါတော့လေ၊ ကျွန်မက ခုလိုခံနေရတဲ့ အခါမျိုးမှာ ဘယ်သူ့ကိုမှလဲ မတွေ့ချင်ပါဘူး၊ ခဏခဏ ဖြစ်တတ်တာတော့လဲ မဟုတ်ပါဘူး၊ ဒါပေမယ့် တယ်တော့ မသက်သာလှဘူး၊ ခေါင်းကိုက်တာ ပျောက်သွားတောင်မှ စိတ်ဓာတ်က သိပ်ကိုကျ ကျန်ရစ်တာ၊ အဲသလို ဖြစ်လာပြီဆိုယင်

ဒီလောကကြီးဟာ ဘာအသုံးကျလဲ၊ ဘာလုပ်ဖို့လဲ၊ ဆက်နေလို့ကော ဘာထူးအုံးမှာလဲလို့ တွေးတွေး နေမိတတ်တယ်၊ ကျွန်မဟာ တစ်ခြားမိန်းကလေးတွေလို မဟုတ်ပဲ စိတ်ကူးပဲ ယဉ်နေတတ်တဲ့ မိန်းမဆိုးကလေးပဲလို့ ထင်လာမိတယ်ရှင့်" ဟု ပြောလေသည်။

မိုရေးက စိတ်ရှုပ်ထွေးစွာပင် ဒေါ်ရစ်အား စိုက်ကြည့်နေမိသည်။ သူဘာတွေ လျှောက်ပြောနေပါလိမ့်။

ဒေါ်ရစ်က "ရှင်... ကျွန်မကို မလွမ်းဘူးလား၊ အေးလေ လွမ်းမှာမဟုတ်ပါဘူး၊ ရှင်က သိပ်ပြီး မိတ်ဆွေအဖွဲ့ ကောင်းတာပဲ၊ ကျွန်မမှာတော့ ဘယ်တော့မှ မိတ်ဆွေ သူငယ်ချင်းကောင်းရယ်လို့ မရှိဘူး၊ ရှင်တစ်ယောက်နဲ့ကလွဲလို့ ဘယ်သူနဲ့မှလဲ တည့်အောင်ပေါင်းလို့ မရပါဘူး" ဟု

ဆိုကာ ခဏမျှ ရပ်ထားပြီးမှ-

ကျွန်မ ရှင့်ကို အရမ်း 'ကျ' နေတာ ရှင်မသိဘူးလား" ဟု လေသံနိမ့်၍ ဆက်ပြောလိုက်သည်။ မိုရေးစိတ်တွင် ထိခိုက်သွားသည်။ စိတ်ကြီးလည်း ဝင်သွားသည်။ ဒေါရစ် စိတ်ခံတတ် ကျနေသည်ကိုလည်း ရှင်နှင့်အောင် သနားသွားသည်။ "အိုကွယ်... ဒေါရစ်ကလဲ စိတ်ကိုလျှော့ မပေးစမ်းပါနဲ့" ဟု ဆိုကာ လက်ကိုဖမ်းဆုပ်ထားလိုက်၍ "မင့်ကို မလွမ်းပဲ နေပါ့မလား" ဟု ပြောလိုက်သည်။

ဒေါရစ်က မိုရေးအား စိုက်ကြည့်နေသည်။ ထို့နောက် မိုရေးက သူ၏လက်ကို ပြန်ရုပ်မည်အပြုတွင် ဒေါရစ်ကလွှတ်မပေးပဲ ကက်ရှမီးယား စောင်အောက်သို့ ဆွဲယူလိုက်၏။

မိုရေးလည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားရာမှ အသံကိုထိန်း၍ "ဟေး... ဒေါရစ်၊ သဘော်ဆရာဝန်ကို ဒီလို မလုပ်ရဘူးလေ၊ တစ်ယောက်ယောက် မြင်သွားယင် ဘယ့်နှယ် လုပ်မလဲ" ဟု ရယ်ရွှန်း ဖတ်ရွှန်း ပြောလိုက်သည်။

"ဆရာဝန်က ဆေးကုပေးနေတာလို့ ပြောလိုက်ပေါ့၊ ကျွန်မကို နည်းနည်းတော့လဲ ချော့ဦးမှပေါ့" ဟု ပြော၍ ရယ်ရယ်မောမောပင် မိုရေး၏လက်ကို လွှတ်ပေးလိုက်၏။

"ဒီလို အတတ်မဆန်းစမ်းပါနဲ့ မိန်းကလေးရယ်၊ မင်းက သိပ်လှတော့ မတော်တဲ့လူနဲ့ တွေ့သွားမှာ စိုးရတယ်ကွယ်"

"အခု ကျွန်မ ဆရာနဲ့ တွေ့နေပြီပဲ" ဟု ပြောကာ ချစ်ရိပ်သမ်းသော မျက်လုံးများဖြင့် မိုရေးအား စိုက်ကြည့်နေလေသည်။

မိုရေးက စကားကို တမင်လှီးလွှဲပစ်လိုက်ကာ "ကဲ ကဲ၊ နောက်မနေနဲ့တော့၊ အတည်ပြောမယ်၊ ဒေါရစ်လဲ သိပ်နေမကောင်းတော့ အားကစားပြိုင်ပွဲတွေက ဒို့ ထွက်လိုက်ရ ကောင်းမလားလို့ စဉ်းစားနေတယ်" ဟု ပြောလိုက်သည်။

"ဘာ၊ နိုင်မှာသေချာမှ ဖျက်ရမယ်ဟုတ်လား၊ လက်ဖက်ရည် ပန်းကန်စုံတွေ၊ ကြွေပန်းကန်စုံတွေကို မလိုချင်ပါဘူး၊ ကျွန်မက ဒီလူတွေကို အကြောင်းပြလိုက်ချင်လို့ပါ၊ သူများတွေထက် ဟိုကင်ဒါစလီဟာမကို ပိုပြချင်တာ"

မိုရေးလည်း စိတ်မပါ့တပါဖြင့်ပင် ဒေါရစ်အား နှစ်သိမ့်ရတော့၏။ "အေးလေ... မင်းသဘောပေါ့" ထို့နောက် တစ်ရက်နှစ်ရက်အကြာတွင် ဗိုလ်လုပွဲများ ကစားကြလေရာ မိုရေး ကြိုတွေးထားသည့် အတိုင်းပင် သူတို့အတွဲက သုံးပွဲစလုံးတွင် နိုင်လေသည်။

သို့ရာတွင် ဩဘာပေးကြသည့် လက်ခုပ်သံများမှာ ဝတ်ကျေတမ်းကျေမျှသာ ဖြစ်ကြောင်း ပျော်မြူးနေသော ဒေါရစ်သည် လည်းကောင်း၊ သူ၏ အဖေနှင့်အမေတို့သည် လည်းကောင်း သတိမပြုမိကြချေ။

မိုရေး ကစားကွင်းထဲမှထွက်လာသောအခါဟိုးလဘာရုက သူ့လက်မောင်းကိုဆွဲကာဆေးလိပ်သောက်ခန်းထဲသို့ ခေါ်သွားသည်။ လူရှင်းသော ထောင့်တစ်ထောင့်တွင် ကုလားထိုင် နှစ်လုံး၌ ထိုင်မိကြသောအခါ "ဆရာနဲ့ ကျွန်တော် စကားစမြည် ပြောကြရအောင်" ဟု ဆိုသည်။

ထို့နောက် "ဆရာ နည်းနည်းပါးပါး သောက်ပါဦးလား၊ မသောက်ဘူးလား၊ ဒါဖြင့်လဲ သံပရာရည်ပေါ့၊ ကျွန်တော်တော့ စကော့ချ်နဲ့ဆိုဒါ 'ချွတ်တား' တစ်ခွက်လောက် သောက်မယ်" ဟု ပြောသည်။

သောက်စရာများ ရောက်လာသောအခါ ဟိုလဘာရုက ဖန်ခွက်ကို မြှောက်၍ ပြောသည်။

"ဆရာကို မြင်တော့ ကျွန်တော် ငယ်ငယ်တုန်းက ဘဝကို သွားသတိရလို့ပါ၊ ကျုပ်က အကြံက ခပ်ကြီးကြီး၊ ဆေးစပ်သမားလက်ထောက် အလုပ်နဲ့ မတတ်တတတ် ဆရာဝန်တွေရဲ့ ဆေးစာတွေ စပ်ပေးရတဲ့အလုပ်ပေါ့၊ အဲဒီ ဆေးကုစားနေတဲ့ ဆရာဝန်တွေဆိုတာ ဘာမှနည်းလည်တာ မဟုတ်ဘူး၊

အက်ဆစ်နဲ့ အယ်လကာလီတောင် ခွဲသိတာမဟုတ်ဘူး၊ ကျုပ် ခဏခဏ သူတို့ဆီ ဖုန်းဆက်ပြီး 'ဆရာပေးတဲ့ ဗိုက်နာပျောက် ဆေးစာထဲမှာ ဆိုဒါဗိုင်ကပ်နဲ့ ဟိုက်ဒရို ခလောရစ်အက်ဆစ် ရောပေးထားတယ်ဆရာ၊ အဲဒါကို စပ်ပေးလိုက်ရယင်တော့ ဆေးပုလင်းတော့ အစိတ်စိတ် အမြွှာမြွှာ ကွဲတော့မှာပဲ' လို့ ပြောယူရတယ်၊

ဒီလိုနဲ့ ကျုပ် ငွေကလေး နည်းနည်းပါးပါး စုမိတော့ ဆိုင်ကလေးတစ်ဆိုင်တည်၊ ကိုယ့်ဆေး ကိုယ်ဖော်ပြီးတော့ ရောင်းခဲ့တယ်၊ 'ဟိုးလဘာရု ခေါင်းကိုက်ပျောက်ဆေးမှုန့်' တို့၊ တေဆေးတို့၊ အကြောအခြင် အကိုက်အခဲပျောက် လီနီမင်လိမ်းဆေးတို့ပေါ့၊ အံမယ် အဲဒီလိမ်းဆေးက ကျုပ်မှာ အရင်းတစ်ပုလင်း သုံးပြားလောက်ပဲ ကျတယ်၊ ရောင်းတော့ ခြောက်ပြား၊ ကောင်းလဲ အရမ်းကောင်းတဲ့ ဆေးဗျာ၊ ရပ်ဂဘီဘောလုံးသမားတွေဆို အားလုံး အဲဒီဆေးပဲ သုံးတယ်"

ထို့နောက် ဟိုးလဘာရုက ဆက်လက်၍ ယခုအခါ ယူနိုက်တက်ကင်းဒမ်းတွင် အကြီးအကျယ်ဆုံး ဓာတုဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများအနက် ဟိုးလဘာရု ဆေးဝါးလုပ်ငန်းလည်း ပါကြောင်း၊ သို့ရာတွင် အမြတ်ငွေ အစုလိုက် အပုံလိုက်

ရသည်မှာ သူ၏လုပ်ငန်းဖြစ် အိမ်သုံးဆေးများမှ ဖြစ်ကြောင်း ပြောပြလေသည်။

"အထင်တော့ မသေးနဲ့နော် ဆရာ၊ ပထမတန်းစား ဆေးတွေချည်းပဲ၊ အရှေ့ဘက်နိုင်ငံတွေနဲ့ ဆက်သွယ်ပြီး အားကြီးရောင်းကောင်းတာပေါ့၊ ဒါကြောင့် အခု ကျုပ်သား ဘာတီ ကာလကတ္တားမှာ ရုံးတွေသွားဖွင့်ရတာပေါ့၊ ဒါတင် ဘယ်ကဦးမလဲ" ဟု ဆိုကာ အရက်တစ်ကျိုက်မော့၍ သောက်လိုက်ပြီးလျှင် မိုရေးကိုယ်ကို သူ့လက်ညှိုးဖြင့်ထောက်လိုက်ကာ "ကာလကတ္တားမှာအခြေကျပြီးယင် ဘာတီကို အမေရိကားလွှတ်ပြီး အလုပ်ရုံဖွင့်ခိုင်းရမယ်၊ အဲဒီမှာ တကယ် အထက်တန်းကျကျ ဆေးတွေထုတ်မယ်၊ ဗီတာမင်တို့၊ ခုခေတ်ပေါ် အိပ်ပျော်ဆေးတို့ ကိုင်မယ်၊ ကျုပ်ပြောယင် ယုံပါလေ၊ ကျုပ်တို့ အကြီးအကျယ် ပွဦးမှာပါ" ဟု ဆက်ပြောသည်။

ထို့နောက် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိဖွာကာ သူ၏အရောင်လက်နေသော မျက်လုံးများဖြင့် မိုရေးအား စူးစိုက်ကြည့်ယင်းမှ "အဲဒါတွေကတော့ ကျုပ်ရဲ့ အလားအလာတွေပေါ့ ကိုယ့်ဆရာကလေးရေ့၊ ကဲ... မောင့်အလားအလာတွေကကော ဘယ်လိုများ ရှိထားလဲ" ဟု မေးလေသည်။

မိုရေးလည်း မသိမသာ မျက်နှာနီလျက် "ကျွန်တော့်မှာ ဒီကပြန်ယင် ဆေးရုံအလုပ်တစ်ခု အဆင်သင့်ရှိတယ်၊ သုတေသနလဲ လုပ်ရမယ်၊ တစ်နှစ်ကို ပေါင်ငါးရာ ရမယ်" ဟု ပြောပြလိုက်သည်။

"အေးလေ... ဒါက လခစားအလုပ်ပဲ၊ ကောင်းပါတယ်၊ ဒါပေမယ့် အဲဒီမှာ ဆရာ့လိုလူကို အရတော်ရဲ့ ဆိုတာကလွဲလို့ ဆရာ့အလုပ်က သူလိုငါလို အလုပ်မျိုးပဲ၊ ကျုပ်မေးတာက ဆရာ့ အလားအလာကို မေးတာ"

"ဒါကတော့ ကျွန်တော်လဲပဲ တိုးတက်မှုကိုတော့ မျှော်လင့်ထားတာပါပဲ"

"ဆေးရုံငယ်ကလေးကနေ ဆေးရုံကြီးကြီး တက်လုပ်ရဖို့လား၊ ဆေးရုံအလုပ်ဆိုတာ ဝင်မိယင် အဲဒီအထဲမှာပဲ တစ်သက်လုံး ဇာတ်မြှုပ်သွားတော့တာမျိုးပဲ၊ ဆရာ့လို အသက်ကလဲ ငယ်၊ ဉာဏ်ပညာကလဲ ရှိ၊ ဥပမိရုပ်ကလဲ ကောင်းတဲ့ လူငယ်တစ်ယောက်အဖို့ ဘဝရှုံးသလို ဖြစ်နေမှာပေါ့"

မိုရေးက ခပ်တင်းတင်းပင် "ကျွန်တော်ကတော့ အဲသလို သဘောမထားဘူး" ဟု ပြန်ပြောသည်။

"အေး... ကျုပ်ကတော့ အဲသလိုပဲ သဘောထားတယ်၊ ကျုပ်ရော ကျုပ်ဇနီးကပါ ဆရာ့ကို သိပ်ထင်မထားယင် ဒါကို ပြောမိမယ် မထင်ပါဘူး၊ ဒီမှာ ဆရာ" ဟု ဆိုကာ ဆေးပြင်းလိပ်မှပြာကို ခြွေချလိုက်ပြီးလျှင် "ကျုပ်ကလဲ

သွယ်ဝိုက်ပြီး ပြောတတ်တဲ့လူ မဟုတ်ဘူး၊ ကျုပ်တို့အခု အမေရိကားမှာ ဖွင့်မယ့် ဆေးဝါးလုပ်ငန်းမှာ ဆရာ့လို ဆေးပညာရှင်တစ်ယောက်ဟာ ကျုပ်တို့အဖို့ အလွန်အသုံးတည့်တယ်၊ ဆရာလဲ ခေတ်ခွဲခန်းမှာ တကုပ်ကုပ်နဲ့ ဆေးစပ်အသစ်တွေရှာပြီးဖော်နိုင်မယ်၊ ကျုပ်တို့အဖွဲ့ထဲမှာလဲ ပညာရှင်တစ်ယောက် ပါယင် ပိုကောင်းမယ်" ဟု ပြောသည်။

ထို့နောက် သူ၏နီကြောင်ကြောင် မျက်လုံးကလေးများဖြင့် မိုရေးအား ခင်မင်စွာ စူးစိုက်ကြည့်ကာ "အခု စစချင်းတစ်နှစ်ကို ပေါင်တစ်ထောင့်ငါးရာ ပေးမယ်၊ နှစ်စဉ် တိုးပေးသွားမယ်၊ နောက်ပြီး ဆရာ့အဖို့ အစုစပ်ဝင်ဖို့တို့ ဘာတို့ဖြစ်လာမယ်" ဟု ပြောလိုက်၏။

မိုရေးလည်း မှင်တက်မိသလိုဖြစ်ကာ ဟိုးလဘရ၏ အကြည့်မှ ရှောင်လွှဲနေလိုက်သည်။ ဟိုးလဘရ ဘာကြောင့် ဤမျှ ရက်ရက်ရောရော ပေးနေသည်ဆိုသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားပါသည်။ ဟိုးလဘရ စိတ်ဆိုးမသွားအောင် မိသားစု တစ်စုလုံးနှင့်လည်း မိတ်မပျက်ရလေအောင် မည်ကဲ့သို့ အလိမ္မာဖြင့် ငြင်းပယ်ရမည်ကို သူစဉ်းစားနေရ၏။

ထို့နောက်တွင်မှ "အခုလို ကျွန်တော့်ကို စောင့်ရှောက်တာ အင်မတန်ကို ကျေးဇူးတင်ပါတယ် မစ္စတာဟိုးလဘရ၊ ကျွန်တော့်အနေနဲ့ သိပ်ပြီး ဂုဏ်တက်မိပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ဆေးရုံကအလုပ်ကို လက်ခံပြီးဖြစ်နေတော့ စကားဖျက်သလို ဖြစ်နေမှာကို ကျွန်တော် မလိုလားပါဘူး" ဟု ပြန်ပြောလိုက်ရ၏။

ဟိုးလဘရကား ခပ်ပေါ့ပေါ့ပင် "ဆရာမလာရင် သူတို့ တခြားလူ ရှာမှာပေါ့" ဟု ဆိုလိုက်သည်။ သူ့မှာ လက်ထပ်ရန် ကတိကဝတ်ပြုထားသူ ရှိပါသည်ဟု ပြောလိုက်ရုံဖြင့် ဟိုးလဘရ၏ စကားတစ်ခါတည်း ပိတ်သွားမည်ဆိုသည်ကို မိုရေးသိသည်။ သို့သော် သူဆုတ်ဆိုင်းနေသည်။

ခရီးတစ်လျှောက်လုံး သူက ဘာမှ ပြောရလုပ်ရသည် မဟုတ်ပါဘဲနှင့် သူ့အား အနှောင်အဖွဲ့ ကင်းရှင်းသည့် လူရွယ်တစ်ယောက်ဟု ထင်မှတ်မှားလာခဲ့ကြသည်။ ယခုမှ သူက အကြောင်းစုံ ဖွင့်ပြောပြလိုက်ပါက အလွန်ပင် ခွကျနေရော့မည်။ ထို့ထက်ပင် ပိုဆိုးမည်ကား သူက မေရီ့အကြောင်း ဖွင့်ပြောပြရမည်ကို ရှက်ရွံ့နေခဲ့သည်ဟု ထင်ကြပေရော့မည်။

ရက်များ မကြာမီတွင် ဟိုးလဘရတို့ မိသားစု သူနှင့် ခွဲသွားကြတော့မည်။ ဘယ်တော့မှလည်း ပြန်တွေ့ကြတော့မည် မဟုတ်။ အပြန်ခရီးတွင်ကား သူ့အကြောင်းကို အများထင်ရှား သိထားကြနှင့်အောင် ပြုဖို့ သူ သတိထားရမည်။

ယခု အခိုက်အတန့်မှာမူ သူ ယတိပြတ် အဖြေမပေးဘဲ အချိန်ဆွဲထားလိုက်ဦးမည် အောက်မေ့ကာ "ကျွန်တော့်ကို ခုလိုဂရုတစိုက် ရှိတာကို သိပ်ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော့်အဖို့ စဉ်းတော့ စဉ်းစားရဦးမှာပါပဲ" ဟု ပြောလိုက်သည်။

ဟိုးလဘာရုက "စဉ်းစားဦးလေကွာ" ဟု ဆိုကာ အားပေးသလို ခေါင်းညိတ်ပြလိုက်၍ "ဒီမှာ... ကျုပ်ပြောမယ်၊ အခွင့်ကောင်းလေးများတွေ့ယင် မငြင်းလေနဲ့ ယူသာယူလိုက်" ဟု ဆိုလိုက်လေသည်။

မိုရေးလည်း သူ၏အခန်းသို့ ဆင်းခဲ့သည်။ သူတစ်ယောက်တည်း နေချင်သည်၊ ဟိုးလဘာရု လက်ကမ်းလှာသည့် အခွင့်ထူး အခွင့်ကောင်းကို လက်ခံသင့်မခံသင့် စဉ်းစားရန်မဟုတ်၊ သူ့မှာ လက်ခံလိုသည့်စိတ် စိုးစဉ်းမျှ မရှိ။ သို့သော် ဤကိစ္စ ဘယ်ပုံဘယ်နည်း ဖြစ်လာရသည်ကို အသေးစိတ် ပြန်စဉ်းစားကြည့်ချင်၍ ဖြစ်သည်။ ဤကိစ္စတွင် ဒေါရစ်က အရေးပါသည့်အပိုင်းတွင် ရှိရမည်မလွဲဟု သူတွေးသည်။ မိုရေး သူ့ကိုယ်သူ မှန်ထဲတွင်ကြည့်၍ မသက်မသာ ရယ်မိသည်။

ကုန်းပတ်ပေါ်တွင် ကြုံကြိုက်ခဲ့ရသော အခိုက်အတန့် ကလေးများနှင့် အခြားအဖြစ်အပျက် ကလေးများသည် သူ၏သတိထဲသို့ အပြေးအလွှား ဝင်ရောက်လာကြသည်။ ဥစ္စာခနဲ ကြွယ်ဝသော မိန်းကလေးငယ်ငယ် ချောချောကလေးတစ်ယောက်က သူ့ကို အရူးအမူး ကြိုက်နေသည်ဆိုသည့် အဖြစ်မှာ စိတ်ကြီးဝင်စရာ ဖြစ်သည်။ သို့သော် သူ့အတွေးကို သူရပ်ကာ နာရီကိုကြည့်လိုက်၏။

၅နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။ ခွဲစိတ်ခန်းဝင်ချိန်။ အပြေးအလွှား သွားရမည်။ သို့သော် သူမထွက်ခွာမီ အိပ်ရာဘေးရှိ ဆေးသေတ္တာဆီသို့သွား၍ မေရီပေးလိုက်သော လော့ကက် ဆွဲပြားကလေးကို ထုတ်ယူလိုက်၏။ ဆွဲပြားကလေးထဲ၌ ထည့်ထားသော ဓာတ်ပုံကလေးထဲမှ မေရီ၏ ချို့ရွှင်သော မျက်နှာကလေးကို စိုက်ကြည့်ယင်း သူ့တွင် ချစ်ခင်ကြင်နာစိတ်များ တဖွားဖွားပေါ်လာကာ သူ့အား လွှမ်းမိုး၍သွားသဖြင့် "ကိုယ့်အချစ်ဆုံးကလေးကို ကိုယ်ဘယ့်နှယ် စွန့်ပစ်နိုင်ပါ့မလဲကွယ်" ဟု ခပ်တိုးတိုးကလေး ရေရွတ်မိလေ၏။

ထိုနေ့ညဥ့် သင်္ဘောမာလိန်မှူး၏ ညဥ့်စာစားပွဲတွင် ပန်းစက္ကူရောင်စုံကြိုးများ၊ စက္ကူခရာများ၊ မျက်နှာဖုံးများဖြင့် ပျော်ပျော်ရွှင်ရွှင် ဆူဆူညံညံရှိလှပေသည်။ မိုရေးသည် ဒေါရစ်အား သူနှင့် စုံတွဲခုန်၍ လူမြင်သူမြင် ကြွားပြခွင့်မျှ မပေးတော့ဟု ဆုံးဖြတ်ထားသည်။ အိုနီးက အားကစားပြိုင်ပွဲ ဗိုလ်ဆွဲသူများကို ကြေငြာသောအခါ မိုရေးက မရဲတရဲထကာ "သင်္ဘောက အရာရှိ

တစ်ယောက်အနေနဲ့ ဘယ်ပွဲမှာမှ ကျွန်တော်ပါဝင် ယှဉ်ပြိုင်ခွင့် မရှိဘူးဆိုတာကို အစကတည်းက ကျွန်တော်ရော မစ္စတာဟိုးလဘာရုပါ ကောင်းစွာ နားလည်ထားကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အပျော်သဘော ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်တဲ့အတွက် ကံအားလျော်စွာ နိုင်လာတဲ့အခါကျတော့လဲ ကျွန်တော်တို့ ဒီဆုတွေကို လက်မခံကြဖို့ သဘောတူပြီး ဖြစ်ပါတယ်၊ ဒီဆုတွေကို ယခု ဒုတိယရသူများကိုသာ ချီးမြှင့်ဖို့ ဖြစ်ပါတယ်” ဟု ကြေငြာလိုက်လေသည်။

အတန်ကြာ မစဲနိုင်အောင် ဩဘာလက်ခုပ်သံကြီး တခဲနက် ပေါ်ထွက်လာသည်။ ဟိုးလဘာရု ဇနီးမောင်နှံမှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ လက်ဖက်ရည် ပန်းကန်စုံကလေး လိုချင်နေသော မစ္စက်ကင်ဒါစလီလည်း အပြုံးမျက်နှာဖြင့် သူ့ဆုသူ တက်ယူသည်။

သင်္ဘောမာလိန်မှူးကလည်း မိုရေးအပြုအမူကို သဘောကျကြောင်း ပြောသည်။ ဒေါရစ် တစ်ယောက်ကမူ မကြည်ဖြူပဲ ရှိလေသည်။

“ရှင် ဘာစိတ်ရူးပေါက်ပြီး အဲသလို လုပ်ပစ်လိုက်ရတာလဲဟင်”

“တစ်ခါတလေ အပြောင်းအလဲဖြစ်အောင် လူချစ်လူခင် များတာကိုများ မင်းကြိုက်မလားလို့ပါ”

“ကြိုက်ပါလိမ့်မယ် အားကြီး၊ လူတွေက ကျွန်မတို့ကို အော်ဟစ် ဆဲစေချင်နေတာ”

ထိုနေ့ညဦးက ဒေါရစ်နှင့်နှစ်ချီ တွဲကသည်။ ထို့နောက် စာရေးစရာတွေ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် သူ့အခန်းသို့ သူ ဆင်းခဲ့၏။

နောက်ရက်များတွင် မိုရေးသည် ဒေါရစ်ထိုင်နေကျ ကုန်းပတ်ဘက်ကို ရှောင်ကွင်း၍ နေခဲ့သည်။ မတော်တဆ တွေ့ကြရလျှင် သူ့မှာ အလုပ်ပို လုပ်နေရ၍ မအားကြောင်း ရယ်ရယ်ဟားဟား၊ ခပ်ပေါ့ပေါ့ပင် ပြောခဲ့သည်။ ဒေါရစ်က မည်သို့ထင်နေသည်ကို သူမသိ။ သူ့အဖေနှင့် အမေတို့က ခါတိုင်းထက် သိသာထင်ရှားစွာ ဂရုစိုက်၍ လာကြသော်လည်း ဒေါရစ်ကမူ သူ့အားလှောင်ပြောင်သည့် အကြည့်ဖြင့် မျက်လုံးကလေးများကို မှေး၍ မှေး၍ကြည့်သည့် အကျင့်ကလေးတစ်ခု ရလာလေသည်။

အနေရအထိုင်ရ အတော်ကလေး ကျဉ်းကျပ်သည်။ သို့သော် ဆယ်ရက်ခန့်အကြာတွင် ပင်ဒါရီသင်္ဘောကြီးသည် ကာလကတ္တားဆိပ်ကမ်းသို့ ချဉ်းကပ်၍လာခဲ့လေသည်။ သူတို့ ဟူဂလီမြစ်ဝသို့ အရောက်တွင် မိုရေးလည်း ကုန်းပတ်ပေါ်သို့ တက်ခဲ့၏။ ခရီးသည်တစ်စုသည် မြစ်ကမ်းဘက်သို့

မျှော်ကြည့်လျက် ရှိကြ၏။ ရွံ့ညွန်ထူပြောသော ကမ်းပါးပေါ်မှ အုန်းပင်သစ်ပင်များတွင် အပူပိုင်းဒေသပျော် ငှက်များကို တွေ့မြင်နေရ၏။

တိုင်းရင်းသား အချို့သည် ရွံ့နှစ်ရေဝါဝါတွင် ဒူးမြုပ်အောင်ဆင်းကာ ကွန်ပစ်နေကြသည်။ နှစ်စင်းတွဲ ရွက်လှေကလေးများသည် မြစ်ထဲတွင် ဝေ့ကာဝိုက်ကာ ရေယက်ပန်းများ ထအောင် သင်္ဘောကြီးဘေးမှ ဖြတ်သန်းကျော်သွားလျက် ရှိကြသည်။ သင်္ဘောကြီးမှာ မြစ်အဝင် ရေကြောင်းပြ ပိုင်းလေ့ကို စောင့်ဆိုင်းနေရ၍ မရွေ့လျားသလောက်ပင်။ ကြည့်နေကြသူများတွင် ဟိုးလဘရ မိသားစုလည်း ပါသည်။

လူတွေအများကြီးထဲတွင်ကား ကိစ္စမရှိတန်ရာဟု ယူဆလျက် မိုရေးလည်း သူတို့အား သွား၍ နှုတ်ဆက်လိုက်သည်။ မစ္စက်ဟိုးလဘရက စိတ်လှုပ်ရှားစွာပင် သူ၏လက်မောင်းကို ဆွဲကိုင်လိုက်ကာ-

"ရေကြောင်းပြနဲ့အတူ သားကြီးဘာတီ သင်္ဘောပေါ် တက်လာလိမ့်မလားလို့ စောင့်နေကြတယ်" ဟု ပြောသည်။

သူပြောနေစဉ်မှာပင် ကမ်းခြေဘက်မှ မော်တော်ဘုတ်ကလေး တစ်စင်းထွက်လာကာသင်္ဘောကြီး၏ဘေးသို့ လာကပ်သည်။ မော်တော်ဘုတ်ပေါ်မှ လူတစ်ယောက်က လက်ကိုဝှေ့ယမ်း နှုတ်ဆက်နေသည်။ မစ္စက်ဟိုးလဘရက ဝမ်းမြောက်ဝမ်းသာ "သားကြီးမှ သားကြီးဘာတီ အစစ်ပေါ့၊ သူကတော့ ကြံဖန်လိုက်ဖြစ်အောင် လိုက်လာတာပဲလေ" ဟု ပြောသည်။

မိနစ်အနည်းငယ်အတွင်းမှာပင် ထိုလူသည် ကုန်းပတ်ပေါ်တွင် သုံးယောက်စလုံးကို ဖက်လဲတကင်း နှုတ်ဆက်လျက်ရှိလေသည်။ သူကား ဝတုတ်တုတ် မျက်နှာနီနီဖြင့် ပျော်တတ်သော လူချောတစ်ယောက်ဖြစ်၍ ခပ်ကြောင်ကြောင် ဝတ်စုံကို ဝတ်ဆင်ထားလျက် ဖော့ဦးထုပ်ကို ခပ်စောင်းစောင်း ဆောင်းထားသည်။ နှစ်ရောင်စပ် သားရေပျော့ ရှူးဖိနပ်ကိုစီးကာ အရောင်တောက်တောက် ကြောင်ကြောင်ကျားကျား လည်စည်းကို ဆင်ထားသည်။

သူ၏ ခင်မင်မှုအပြည့်ပါသော မျက်လုံးပြာအစုံသည် အနည်းငယ်ပြူး၍ ထွက်နေသယောင်ယောင်ရှိလျက် ဖန်ရောင်လက်လက် ဖြစ်သည်။ သူနှင့်မိတ်ဆက်ပေးသည်တွင် လည်ပင်းကြီးသယောင်ယောင် ရှိသော်လည်း သဘောကောင်းဟန်ရှိသည်ဟု မိုရေးထင်မိသည်။ သူနှင့် တွေ့ဆုံ စကားပြော ရသည်မှာလည်း ဖော်ဖော်ရွေရွေ ရှိလှသည်။ မည်သူမဆို ဘာတီနှင့် တစ်နာရီ နှစ်နာရီ သိကျွမ်းရပြီးလျှင် မိတ်ဟောင်းဆွေဟောင်းပမာ ဖြစ်သွားမည်ဟု မိုရေးက ကောက်ချက်ချမိလေ၏။

နေ့လယ်စာ စားကြရာတွင်လည်း ဘာတီက မိုရေးအား ပခုံးကို ညီရင်းအစ်ကိုပမာ ခင်မင်စွာဖက်လျက် သူ၏ အောင်မြင်သောအသံဖြင့် “ဆရာ ကျွန်တော်တို့နဲ့ မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာစရာ အကောင်းဆုံးပေါ့ ဆရာရယ်၊ နောက်တော့ အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့” ဟု ပြောလေသည်။

သင်္ဘောကြီးက မြစ်ကိုဆန်တက်၍ တဖြည်းဖြည်းချင်း ရွေ့လျက်ရှိရာ သူတို့အချင်းချင်း သိကျွမ်းခင်မင်ချိန် များစွာရသည်။ ဘာတီသည် ပျော်ပျော်ပါးပါးပင် အချိန်မရွေး အသောက်အစားဖြင့် နေတတ်သူတစ်ယောက် ဖြစ်သော်လည်း စိတ်ကောင်း နှလုံးကောင်းရှိ၍ မိသားစု သံယောဇဉ် ကြီးမားသူဟု သိလာရ၏။ ထို့အပြင်လည်း စီးပွားရေးလာဘ်မြင်သူ တစ်ဦးဖြစ်သည်မှာလည်း ထင်ရှားလာသည်။

ပင်ဒါရီသင်္ဘောသည် ကျွန်းသစ်၊ လက်ဖက်ခြောက်နှင့် ရာဘာများ တင်ရန် ကာလကတ္တားဆိပ်ကမ်း၌ နှစ်ပတ်ခန့် ဆိုက်ကပ်ထားဦးမည် ဖြစ်သည်။ ဟိုးလာဘရုမိသားစု စီးသွားမည့် ခရိုက်စလာ ကားကြီးသည် ဆိပ်ကမ်းတွင် စောင့်နေသည်။ သူတို့ အပြေးအလွှား နှုတ်ဆက်ကြပြီးနောက် ဆင်းသွားကြသော်လည်း နောက်တွေ့ဦးမည့်အကြောင်း မည်သူကမှ ပြောမသွားကြချေ။

မိုရေးမှာ သူ မျှော်လင့်ထားသကဲ့သို့ စိတ်လက်ပေါ့ပါး၍ မသွားဘဲ အလိုမပြည့်သယောင် ဖြစ်ရသည့်အတွက် အံ့အားပင်သင့်မိလေ၏။ တကယ်ဆိုသော် သူတို့ ယခုကဲ့သို့ ထွက်သွားကြသဖြင့် သူ့မှာ စိတ်ကစားစရာ ဘာမှမရှိတော့ဘဲ စိတ်အေးချမ်းသာရှိသင့်ပြီမဟုတ်ပါလော။ သို့ရာတွင် ထိုမှ နောက်ရက်များတွင် မိုရေးမှာ ဖော်မပြတတ်သော စိတ်အားငယ်မှုမျိုးနှင့် ကြုံရလေတော့သည်။

သင်္ဘောမာလိန်မှူးသည် ကုန်းပေါ်က အိမ်သို့သွားနေပြီ။ အိုနီးလည်း ထွက်ခွာသွားပြီဖြစ်၍ လုပ်ဆောင်ဖွယ် ကိစ္စများကို ကြီးကြပ်ရန် အလွန်စကားနည်းသော ဝေလနယ်သား ဒုတိယအရာရှိ ဂျုံးတစ်ယောက်သာ ကျန်ရစ်သည်။

လူသူကင်းမဲ့မတတ် ခြောက်သွေ့သွားသော သင်္ဘောကြီးပေါ်တွင် ဝန်ချီစက်ကြီးများ၊ ရစ်ဘီးများ၏ ဆူဆူညံညံ အသံတို့အပြင် အိန္ဒိယတိုင်းရင်းသား ကုန်တင်ကုန်ချ အလုပ်သမားများ အော်ကြီးဟစ်ကျယ် စကားပြောသံ တို့ဖြင့်သာ ပြည့်လျှံနေသည်။ ချွေးတစ်လုံးလုံးဖြင့် အိုက်စပ်ပူလောင်ရသည့်အထဲတွင် ခြင်တို့သည် သူ့အခန်းထဲသို့ တဝီဝီမြည်၍ ဝင်လာကြပြန်သည်။

ငှက်ဖျားရောဂါ ကာကွယ်ရန်အတွက် တစ်နေ့တစ်နေ့ ကွီနိုင် ဆယ့်ငါးဂရိန် သောက်နေရ၍လည်း အင်အားနည်းကာ စိတ်ဓာတ်ပိုမို ကျဆင်းလျက် နူရာဝဲစွဲ၊

လဲရာသူခိုးထောင်း ဆိုသကဲ့သို့ပင် ခါတိုင်းဝင်နေကျ စာပို့သင်္ဘောမှာ သပိတ်ကြောင့် နှောင့်နှေးနေပြန်သည်။ စကော့တလန်မှ စာများကိုမဖတ်ရသောအခါ သူ့ကို အားလုံးက ပစ်ပယ်ထားဘိသကဲ့သို့ ခံစားမိကာ ပိုမို၍ စိတ်အားငယ်ရလေသည်။

'ဟိုးလဘရုတို့ဆီက ဘာသတင်းမှ မကြားရတာ ဘာကြောင့်များပါလိမ့်' အစတွင် သူ့စိတ်ထဲ၌ ကသိကအောက်ဖြစ်လျက် နောက်ပိုင်းတွင် တမ်းတစိတ်စောလျက် သူ့ကိုယ်သူ ဤသို့လျှင် ထပ်ကာထပ်ကာ မေးနေမိသည်။ သူတို့တတွေ သူတို့၏ အထက်တန်းစားဟိုတယ်ကြီး၌ တည်းခို နေထိုင်ကြမည့်ပုံ၊ နေ့ရှိသရွေ့ ပျော်စရာ ရွှင်စရာများဖြင့် ပြည့်နေကြမည့်ပုံ၊ သူတို့တွင် မိတ်ဆွေသစ်များ ဝိုင်းဝိုင်းလည် နေကြမည့်ပုံတို့ကို စိတ်ကူးဖြင့် ထင်မြင်၍ ကြည့်နေမိလေသည်။

သူ့မှာ စိတ်အားငယ်တိုင်း 'သူ့အား စွန့်ပစ်လိုက်ကြပြီ၊ သူငယ်စဉ်က နေခဲ့ရသည့် ဆင်းရဲနုံချာသော ဘဝမျိုးသို့ ပြန်ရောက်သွားပြီ' ဟု တွေးတော ဝမ်းနည်းနေမိလေသည်။

ထိုမှတစ်ပါးလည်း ဟိုးလဘရုမိသားစုမှာ တကယ့် ခင်မင်တွယ်တာစရာ မိသားစုဖြစ်သည်ဟု ထင်လာသည်။ ဖော်ရွေလှ၊ ရက်ရောလှ၊ ပြီးတော့ တကယ့်ကို ချမ်းသာကြွယ်ဝပါပေ့။ ဒါကိုတော့လည်း သူ ထည့်စဉ်းစားဖို့ မမေ့။ သူက အဘိုးကြီး၏ အမအစကို လက်မခံနိုင်ဘူး ဆိုပါဦးတော့၊ ဒီအခွင့်အရေးမျိုးက တစ်သက်မှာ တစ်ခါကြုံရတတ်တဲ့ အခွင့်အရေးမျိုး၊ ပြီးတော့ ဒေါရစ်၊ သူ့ရဲ့ စိတ်ကောက်တတ်တဲ့ ညဉ်ကလေးကိုက စွဲမက်စရာ၊ သူနဲ့အတူရှိနေရရုံက စိတ်လှုပ်ရှားစရာ။ အသက်ရှူကျပ်လောက်အောင် ပူပူအိုက်အိုက် ညဥ့်များတွင် မိုရေးသည် အိပ်စင်ပေါ်၌ ဘယ်ပြန်ညာပြန် လူးလိမ့်တွေးယင်းမှ ဒေါရစ်က သူ့အား နှုတ်မှ မဟသော်လည်း မျက်လုံးချင်း စကားပြောသည့်ပုံကို မြင်ယောင်နေမိပြန်သည်။ ထိုအခါတွင် သူ့မှာ ပူပြင်းသောဆန္ဒက ဒီတက်သလို တက်လာသည်။

ဒေါရစ်က ရေလာမြောင်းပေး အမူအရာပြပါလျက် သူငြင်းပယ်လိုက်ခြင်းမှာ မိုက်မဲမှုသာ ဖြစ်သည်ဟု တွေးမိပြန်၏ ဤသို့ သူ့ကိုယ်သူ အပြစ်တင်လိုက်မိသောအခါတွင် သူ့မှာ စိတ်မချမ်းမသာ ဖြစ်လျက် ခေါင်းအုံးတွင် မျက်နှာဝှက်၍ ထားမိပြန်လေသည်။

ထိုသီတင်းပတ်အကုန် တစ်ခုသော ဖုန်ထူထူ ချွေးရွှဲရွှဲ ပူအိုက်အိုက် ညနေခင်းတွင် မိုရေးလည်း စိတ်ပျက်ညှိုးငယ်စွာ ကုန်းပတ်လက်ရန်းကိုမှီလျက် ကမ်းဘက်သို့ မျှော်ငေးကြည့်နေစဉ် ကမ်းပေါ်မှ သင်္ဘောနှင့် ဘေးချင်းယှဉ်လျက်နေရာသို့ ခရိုက်စလာကားကြီး

ထိုးရပ်လာသည်ကိုတွေ့လိုက်ရသည်။ နောက်ထိုင်ခုံပေါ်တွင် ဆေးလိပ်ကြီး တစ်လိပ်ကို လက်ကြားညှပ်၍ ဖော့ဦးထုပ်ကို ခပ်စောင်းစောင်း ဆောင်းလျက် အစွင့်သားမှီ၍ ထိုင်နေသူမှာ ဘာတီပင် ဖြစ်လေသည်။ ဘာတီက “ပင်ဒါရီသင်္ဘောပေါ်က ဆရာဝန် မဟုတ်လားဗျို့...” ဟု လှမ်းခေါ်လိုက်ကာ- “ဆရာရေ အဝတ်အစားတွေ ယူခဲ့ပါ၊ အခု ဆရာ ကျွန်တော်နဲ့လိုက်ခဲ့ရမယ်” ဟု အော်ပြောလိုက်လေသည်။

မိုရေး ရင်ခုန်သွားမိသည်။ စိတ်သက်သာရာရမှု စိတ်လှုပ်ရှားမှုတို့ဖြင့် ပွမ်းကာ သူ၏ အခန်းဆီသို့ ပြေးဆင်းသွားပြီးနောက် ငါးမိနစ်အတွင်းတွင် သူသည် သူ၏အဝတ်အစား သေတ္တာနှင့်အတူ ကားထဲသို့ ရောက်ခဲ့လေသည်။

မြို့ဘက်သို့ သူတို့အသွားတွင် ဘာတီက သူတို့ကုန်ရုံ ငှားရမ်းခြင်းကိစ္စနှင့် ပတ်သက်၍ အထစ်အငေါ့ကလေး ရှိနေ၍ မိုရေးအား လာခေါ်ရန် နှောင့်နှေးသွားခြင်းဖြစ်ကြောင်း၊ ယခု ထိုကိစ္စရှင်းသွားပြီဖြစ်၍ စိတ်အေးချမ်းသာ ပျော်ပျော်ပါးပါး လည်နိုင်ပတ်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်း ပြောပြလာလေသည်။

“ခြေခင်းလက်ခင်းသာလို့ သွားတတ်လာတတ်ပြီ ဆိုတော့လဲ ဒီမြို့ကြီးက ပျော်စရာ အကောင်းသားဗျ” ဟု ဘာတီက ပြောယင်း “ဒီမှာ အင်္ဂလိပ်ကပြား သူနာပြုဆရာမလေးတစ်ယောက် ရှိတယ်ဗျ” ဟု ဖြတ်ပြောကာ သူ့လက်ကို သူနမ်း၍ ဝှေ့ယမ်းလိုက်သည်။ ပြီးမှ “အေးလေ၊ ခင်ဗျားကတော့ ကျွန်တော့်နှမ ဒေါရစ်လောက်ပဲ စိတ်ဝင်စားနေတဲ့ သူပဲလေ” ဟု ဆက်ပြောသည်။

စည်ကားသော ချောင်ရင်ဂီ လမ်းကျယ်ကြီးအတိုင်း မြို့ထဲသို့ဝင်ကာ ကျယ်ပြန့်သော မိုင်ဒါကွင်း ဘေးမှဖြတ်၍ အရှေ့မြောက်ဟိုတယ်၏ ဆင်ဝင်မြင့်ကြီးအောက်တွင် ကားရပ်လိုက်၏။

ဟိုတယ်အမှုထမ်းများက သူတို့ကို ဦးညွှတ်၍ ခရီးဦးကြိုဆိုကာ ကျောက်ဆစ်တိုင်လုံးကြီးများနှင့် မျက်နှာကြက် လေရဟတ်များ တဝီဝီလည်နေသည့် ခန်းမကြီးတစ်လျှောက် ခေါ်လာခဲ့ကြပြီးလျှင် လှေကားအတိုင်း တက်ခဲ့ကြ၍ အေးမြသော ကျောက်ပြားခင်း အခန်းတစ်ခန်းသို့ ရောက်ကြ၏။

ဘာတီက နေ့လယ်စာစားချိန်တွင် လူစုံတွေ့ကြမည်ဟုမှာကာ မိုရေးအား ထားခဲ့၍ ထွက်သွားမှ မိုရေးလည်း အခန်းကို လှည့်ပတ်ကြည့်လိုက်မိ၏။ အခန်းမှာ သားနားလှသည်။ သံစကာနှင့် ယင်းလိပ်တပ် ပြတင်းတံခါးနှစ်ထပ်အပြင် အိပ်ရာတွင် ခြင်ထောင်အသစ် ထောင်ထားသည်။

မှန်တင်ခုံပေါ်တွင် နှင်းဆီပန်းအိုး တစ်လုံး တင်ထားသည်။ တစ်ဘက်တွင် ဖြူဖွေး ပြောင်လက်နေသော ရေချိုးခန်းရှိ၏။ သင်္ဘောပေါ်က သူ၏

လှောင်လှောင်ပိတ်ပိတ် အခန်းနှင့်ကား ကွာခြားလှပါဘိခြင်း။ သူ၏ အဝတ်အစားကလေးများကို ထုတ်၍ ရေမိုးချိုးပြီး၍ ခေါင်းဖြီးလျက်ရှိစဉ် အခန်းတံခါး ပွင့်လာပြီးလျှင် ဒေါ်ရစ်ဝင်လာသည်။ ဒေါ်ရစ်က "ဟဲလို..." ဟု တိုတိုတောင်းတောင်း နှုတ်ဆက်၏။

"ဒေါ်ရစ်ပါလား၊ နေကောင်းတယ်နော်"

"အသက်ရှူနေတုန်းပဲ၊ ရှင် စိတ်ဝင်စားသေးသလား"

သူတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောပဲ စိုက်ကြည့်နေလိုက်ကြသည်။ မိုရေးက ဒေါ်ရစ်အား ခပ်ငမ်းငမ်း၊ ဒေါ်ရစ်ကမူ ဘာအမူအရာမှ မပြ၊ ခပ်တန်းတန်း။ ဒေါ်ရစ်က ခေါင်းလောင်းပန်း အရောင်နုနု အစဖြင့်ချုပ်သော ကိုယ်လုံးဖော် ဂါဝန်ရှည်ကို ဝတ်ဆင်ထားလျက် နှုတ်ခမ်းဆိုးဆေးနှင့် အရောင်လိုက်ဖက်သည်။ ဆံပင်ကို ပြုပြင်ပြီးစဖြစ်သည်။

ဒေါ်ရစ်သည် သင်္ဘောပေါ်မှာထက် ပို၍လှပ ခေတ်ဆန်စွဲမက်စရာဖြစ်အောင် ပြုပြင်ခြယ်သထားသည်။ သည်သို့ ဆိုပြန်ကား အမြင့်တွင် ပွင့်သည့် ပန်းကဲ့သို့ ပါတကား။ သူ့ရနံ့ကလည်း တပျံ့ပျံ့သင်းလျက် မိုရေးထံသို့ ဝေ့လာလေသည်။

"တယ်လှနေပါလား ဒေါ်ရစ်ရယ်" ဟု မိုရေးက အသံအက်အက်ဖြင့် ခပ်တိုးတိုးဆိုသည်။

ဒေါ်ရစ်က အေးစက်စက်ပင် "ရှင် ကျွန်မကို တွေ့ရတော့ နည်းနည်းပါးပါး ဝမ်းသာတယ်ပေါ့၊ ဟုတ်လား" ဟု ပြောလိုက်၏။

"နည်းနည်းပါးပါး ဘယ်ကမလဲ၊ သင်္ဘောပေါ်မှာ နေရစ်ခဲ့ရတာ စိတ်ကို သိပ်ညစ်တာပဲ"

"ထင်မိသားပဲ၊ ရှင့်ကို တမင် ညှဉ်းထားချင်လို့"

မိုရေးက ကြောင်အမ်းအမ်းကြည့်ယင်း "ဘာဖြစ်လို့များလဲကွယ်..." ဟု မေးလိုက်သည်။

"ကျွန်မက ဒီလိုပဲ၊ တစ်ခါတစ်ခါ ရက်စက်တတ်တယ်ရှင့်"

"ရက်ပဲ ရက်စက်နိုင်ပါ့ သူငယ်မရယ်" ဟု မိုရေးက ရှေးကကဲ့သို့ အနောက်အပြောင် လေသံဖြင့် ဆက်ဆံမှုမျိုး ပြန်ဖြစ်စေရန် အားထုတ်ယင်း ဆိုလိုက်၏။ သို့သော် သူတို့၏ဆက်ဆံရေးသည် သင်္ဘောပေါ်မှာ ရှိကြစဉ်ကကဲ့သို့ မဟုတ်၊ ပြောင်းပြန် ဖြစ်သွားသည်။

ကမ်းပေါ်မှာမူ သူသည် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် သဘော်ာဆရာဝန် မဟုတ်တော့။ တစ်ပတ်နွမ်းအဝတ်အစားများ ဆင်ထားသည့် သာမန်လူရွယ်တစ်ယောက်မျှသာ ဖြစ်သည်။

သို့သော် ဒေါရစ်က လျှော့ပေးလိုက်ဟန် တူသည်။ "ရှင့်အခန်းကို ရှင်ကြိုက်လိမ့်မယ် ထင်ပါတယ်၊နှင်းဆီပန်းတွေက ကျွန်မကိုယ်တိုင် ထိုးထားတာ၊ ကျွန်မအခန်းက ဒီစကြံရဲ့ ဟိုဘက်က" ဟု ဆိုကာ လှစ်ကနဲ မိုရေးအား လှမ်းကြည့်လိုက်၍ "ဘာမဆို ရှင်လိုတာရှိယင်ပေါ့" ဟုပြောလိုက်သည်။

ဒေါရစ်ထွက်သွားသောအခါ မိုရေးသည် ပိတ်သွားသော တံခါးကို ငေးစိုက်ကြည့်ယင်း ကျန်ရစ်လေ၏။ အောက်ထပ်ရှိ ကျောက်ဖြူပြားခင်း ညှော့်ခန်းကျယ်ကြီးထဲတွင် မိုရေးအား မစ္စတာနှင့် မစ္စက်ဟိုးလဘရုတို့က သားအရင်းပမာ ဆီးကြို နှုတ်ဆက်ကြသည်။ နေ့လယ်စာကို ဥယျာဉ်ဘက်သို့ မိုး၍ မြင်နေရသော ပြတင်းအနီးတွင် အဖြူရောင် ဝတ်စုံတွင် စလွယ်အနီများ ပေါင်းထုပ်နီများဖြင့် ဝတ်ဆင်ထားသည့် တိုင်းရင်းသား အစေအပါး လေးယောက်က သူတို့၏ ကုလားထိုင်များ နောက်တွင် ရပ်လျက်စောင့်စဉ် စားကြသည်။

နေ့လယ်တွင် တစ်ရေးတစ်မော အိပ်စက်ကြပြီးသောအခါ ဂျိန်းဘုရားကျောင်းသို့ သွားကြသည်။ သူတို့ကားသည် လူအများ တိုးဝှေ့သွားလာနေသော ဈေးများကို ဖြတ်၍မောင်းရသည်။ ပန်းကုံးများဖြင့် အထွတ်အမြတ်ပြုထားသော နွားတို့သည် ဈေးဆိုင်များအကြား လျှောက်သွားနေကြသည်ကိုလည်း တွေ့ကြရ၏။

တိုင်းရင်းသားတို့၏ စူးစူးရှရှ ကျယ်ကျယ်လောင်လောင် စကားပြောကြသံများ အကြားမှပင် ခပ်ဝေးဝေးရှိ ဘုရားကျောင်းဆီမှ ကြေးစည်သံ ခေါင်းလောင်းသံများကို ကြားနေရလေသည်။ လေထဲ၌လည်း မူးနောက် ရီဝေလောက်အောင်ပင် အမွှေးနံ့တစ်မျိုးက လှိုင်ထုံ၍နေလေသည်။

မိုရေးလည်း စိတ်ရောလူရော တစ်မျိုးပြောင်းကာ စိတ်လှုပ်ရှားဖွယ်ရာ စွန့်စားခန်း ဝင်နေသူကဲ့သို့ အထင်ရောက်နေမိလေ၏။တည်ငြိမ်စွာ စူးစိုက်ကြည့်လျက်ရှိသော ရုပ်တုဆင်းတုများရှိရာ အမွှေးတိုင်ခိုးများဖြင့် မှုန်မှိုင်းရီဝေလျက်ရှိသော ဘုရားကျောင်းအတွင်းသို့ ဖိနပ်များချွတ်၍ ဝင်ခဲ့ကြသည်။

ထို့နောက် ရွှေနန်းတော်သုံး ပန်းတိမ်ဆရာကြီး၏ အနုစိတ်လက်ရာ ရွှေထည်ငွေထည်ဆန်းများကိုလည်း လျှောက်ကြည့်ကြသည်။ မင်္ဂလာကန်တော်တွင် မွေးထားသော ရွှေငါးကြင်းကြီးများကိုလည်း အစာကျွေးခဲ့ကြသည်။အပြန်လမ်းတွင် ဒေါရစ်နှင့် ဘေးချင်းကပ်ယှဉ်၍ ထိုင်လာသော မိုရေးက "သိပ်ကိုပျော်တာပဲ ဒါရစ်ရယ်၊ နောက်ပြီး မင်းနဲ့အတူတူ လျှောက်ကြည့်ရတာဆိုတော့လဲ..." ဟု

ကျေးဇူးတင်ဖော်ဖြင့် ပြောလိုက်လေသည်။

“ကျွန်မ ပါလို့ ပိုထူးတယ်ဆိုတာ ရှင် အခု ဝန်ခံပြီပေါ့”

“ထူးသမှ သိပ်ကိုထူး” ဟု စိတ်ရောကိုယ်ပါ ပြောလိုက်ပြီးမှ “မင်းက အေးစက်စက် နိုင်လှတာ တစ်ခုပဲ၊ မင်းအတွက်တော့ ကိုယ့်ကြောင့် သိပ်မထူးဘူးပေါ့လေ” ဟု ဆက်ပြောလိုက်သည်။

“သြော်... မထူးဘူး ဟုတ်လား” ဟု ပြောပြောဆိုဆို မိုရေး၏လက်ကိုဆွဲယူကာ လက်ညှိုးထိပ်ကို ပေါက်လုမတတ် ခပ်နာနာကလေး ကိုက်ထည့်လိုက်၍ “ကဲ... ကျွန်မကို အေးစက်စက်နိုင်တယ်လို့ ပြောဦး...” ဟု ဆိုလိုက်လေသည်။

သူတို့ မြင်းပြိုင်ပွဲများ၌ လောင်းကြသည်။ နိုင်ကြသည်။ အချိန်သည် ကုန်လွယ်လှ၏။ မြစ်ကမ်းနဖူး ရေချိုးဆိပ်ထိပ်ရှိ အိန္ဒိယတိုင်းရင်းသားတို့ မီးသင်္ဂြိုဟ်သည့် အုတ်ခုံများတွင် အလောင်းများ လောင်ကျွမ်းနေကြသည်ကိုလည်း ခပ်လှမ်းလှမ်းမှ ကြည့်ခဲ့ကြသည်။ မြစ်ကြောင်းမှသွား၍ ကြည့်စရာရှိသည်တို့ကိုလည်း ကြည့်ကြ၏။ ငွေရှိလျှင် ဘယ်အရာမျိုးမဆို ပြီးမြောက်သည်။

ဘာတီ၏ ပိုက်ဆံအိတ်ထဲမှ ရာတန်စက္ကူတို့သည် ထွက်ပြီးယင်း ထွက်ယင်း ကုန်နိုင်သည်ပင် မရှိ။ စစ်စစ် စီစီ ခြစ်ခြစ်ခြုတ်ခြုတ် လုပ်မနေရသည်မှာ ကောင်းလေစွ။ မိုရေးလည်း ဘာမှစဉ်းစားမနေတော့ပဲ ပစ္စုပ္ပန်၌သာ စိတ်လွတ်လက်လွတ် မွေ့လျော်နေလေသည်။ သို့ရာတွင် ပင်ဒါရီသင်္ဘောကြီး ထွက်ရက်သည်ကား နီးသည်ထက်နီး၍ လာခဲ့၏။ နောက်အင်္ဂါတွင် ထွက်ခွာတော့မည်ဟု ကြေငြာလိုက်သောအခါတွင်ကား မိုရေး၏ရင်မှာ ဗလောင်ဆန်၍ ပူပန်ရလေတော့သည်။

သူ့ဘဝတစ်လျှောက်လုံး တောင့်တခဲ့သမျှ အရာတို့သည် သူ၏ လက်တစ်ကမ်းသို့ ရောက်နေကြ၏။ သူက လက်သင့်ခံဖို့သာ ကျန်တော့၏။ ဟိုးလဘရ အလုပ်အတွက် လက်ကမ်းထားသည်ကို မရုပ်သိမ်းသေး။ သူ စကားအပြန်ကို စောင့်လျက်ပင် ရှိသေးသည်။

သောကြာနေ့ မွန်းလွဲပိုင်းတွင် ဘာတီသည် မိုရေးအား ဟိုတယ် ဧည့်ခန်းတွင် တွေ့သဖြင့် ဘေးကဝင်၍ ထိုင်လိုက်ကာ “ဒေးဗစ်ရေ၊ သတင်းကောင်းတစ်ခု ပေးစရာရှိတယ်၊ ပင်ဒါရီအပြန်မှာ ခင်ဗျား နေရာမှာ လူစားဝင်ပြီး လိုက်သွားချင်တဲ့ ဆရာဝန်တစ်ယောက် ကလပ်မှာ တွေ့လာခဲ့တယ်။ သူက ခွင့်ယူပြီး အိမ်ပြန်မယ့် လူဆိုတော့ ဒီအခွင့်အရေးကို အမိဖမ်းတော့တာပေါ့”

ဟု ပြောလိုက်၏။

မိုရေးလည်း ရုတ်တရက် နကျယ် အတုပ်ခံလိုက်ရသကဲ့သို့ ဆတ်ကနဲ ကိုယ်ကိုမတ်၍ ထိုင်လိုက်မိသည်။ ဘာတီက ဤကိစ္စ ပြီးပြတ်သွားပြီဟု ယူဆထားကြောင်းကို သိရသည့်တွင် သူ့ပြဿနာကို ယတိပြတ် ဖြေရှင်းရမည့် ကိန်း ဆိုက်လာသည်။ ယခုမူ သူ့ရင်ထဲတွင် လေးနေခဲ့သည့် ကိစ္စကို ဖွင့်ပြောရတော့မည်။ သူ့တွင် တွေ့ကြုံနေရသည့် အကျပ်အတည်း အခြေအနေမျိုးကို ဘာတီကဲ့သို့ လူကောင်းတစ်ယောက်ကိုမှ ဖွင့်မပြောလျှင် မည်သူ့အား ပြောရမည်နည်း။ သို့ဖြင့်ပင် မိုရေးလည်း

"ဒီ... ဒီမှာ၊ ကျွန်တော် ခင်ဗျာ့အဖေပေးတဲ့ အလုပ်ကို သိပ်လက်ခံချင်တယ်။ ဒါ... ဒါပေမယ့်..." ဟု ထစ်ထစ်ငေါ့ငေါ့ ဆိုရာမှ စကားပြတ်သွားသည်။ သို့သော် မပြောလည်း ပြီးမည့်ကိစ္စ မဟုတ်၍- "ရွာမှာ ကျွန်တော့်ကို စောင့်နေတဲ့ ကောင်မလေးတစ်ယောက် ရှိနေတယ်" ဟု ပြောလိုက်လေ၏။

ဘာတီက သူ့အား ခဏမျှ စိုက်ကြည့်နေလိုက်ပြီးမှ တဟားဟားဖြင့် အတောမသတ် ရယ်လေတော့သည်။

"အံမယ်လေးဟဲ့ သေလိုက်ပါတော့ ငါ့နှယ်... ဒေးဗစ်ရယ်၊ ဥရောပတစ်တိုက်လုံးမှာ ကျုပ်ကို စောင့်နေကြတဲ့ ကောင်မလေးတွေ တစ်ပုံကြီးပေါ့ဗျ..."

"ဒါပေမယ့် ဘာတီ၊ ကျွန်တော် သူ့ကို လက်ထပ်ဖို့ ကတိပေးထားတယ်ဗျ"

ဘာတီက ရယ်လိုက်ပြန်သည်။

"ခင်ဗျားဟာ အသက်အရွယ်နဲ့ မလိုက်အောင် နုသေးတာပဲ၊ လောကအကြောင်းလဲ ဘာမှ မသိသေးပါပဲလား၊ ကျုပ်တို့ အားလုံးက ခင်ဗျာ့ကို ခင်မင်နေကြရတာဟာ ဒီအကြောင်းလဲ ပါတာပေါ့၊ ဒီမယ် ခင်ဗျားက ကောင်မလေးတွေ အကြောင်း ကျုပ်သိသလို မသိသေးလို့၊ ဆွေးပြီး သေသွားမယ်များ ထင်သလား၊ ဝေးပါသေးတယ်၊

ခင်ဗျာ့ကောင်မလေးလဲ ခြောက်လအတွင်း ခင်ဗျာ့အကြောင်း အားလုံး မေ့သွားမယ်ဆိုတာ ငါးပေါင်ကြေးတောင် လောင်းလိုက်ချင်သေးတယ်၊ ခင်ဗျား စိတ်ကူးမလွဲပါနဲ့ဗျာ၊ ကျုပ်တို့ အားလုံးကတော့ ခင်ဗျားမှ ဒေါရစ်နဲ့ သင့်လျော်တဲ့ လူ၊ ခင်ဗျားကမှ သူ့ကို ထိန်းနိုင်မယ့်လူပဲလို့ မြင်ထားတယ်" ဟု ပြောကာ တစ်ခဏမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ "မကြာခဏ ဆိုသလို သူ့မှာ... သူ့မှာ စိတ် ကယောက်ကယက် ဖြစ်တတ်တာလေးရှိတော့ သူ့စိတ်ကို ငြိမ်အောင် ထိန်းဖို့

နည်းနည်းလိုတယ်လေ၊ ပြီးတော့လဲ၊ ကဲဗျာ… ရှင်းရှင်းပဲ ပြောကြပါစို့၊ ကိုယ့်လူလဲ ကျုပ်တို့မိသားစုနဲ့ တစ်သွေးတည်း တစ်သားတည်း ဖြစ်နေမှပဲ၊ ခုအခြေကျမှ နောက်ဆုတ်မယ်ဆိုယင် ရက်စက်ရာ ကျတော့မှာပေါ့၊ ဒီတော့ 'အခါတော်ပေးတာက' ကို စလိုက်ကြပါစို့တော့လားဗျာ" ဟု ပြောလိုက်သည်။

ထိုနေ့ညဉ့်က တစ်ညလုံး မိုရေး ကောင်းစွာအိပ်မပျော်တော့ချေ။ နောက်တစ်ရက် မနက် နိုးလာတော့လည်း သူ့ပြဿနာမှာ လိပ်ခဲတည်းလည်းဖြင့် စိတ်အိုက်ဆဲပင် ရှိသည်။ သို့ဖြင့် အကယ်၍ သူအပြန်ခရီးကို ပြန်မလိုက်နိုင်ဟု ဆိုပါက မည်သို့ရှိမည်ကို သင်္ဘောမာလိန်မှူး တောရင့်နှင့် သွား၍ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ မာလိန်မှူး၏ အကြံဉာဏ်ကို သူမုချ ယူသင့်ပေသည်။

မြင်နေကျဖြစ်သော ခိုင်ခိုင်ခံ့ခံ့ ပင်ဒါရီ သင်္ဘောကြီးကို မြင်လိုက်ရလျှင် သူ့စိတ် အနည်းငယ် သက်သာရာ ရသွားသည်။ သင်္ဘောပေါ်သို့ ရောက်သည်ဆိုလျှင်ပင် သူ့စိတ် သူမနိုင်သော သူ့အဖို့ အစစ အရာရာ စိတ်ချရပြီ။ သို့သော် သူ့အား သင်္ဘောပစ္စည်းထိန်း လက်ထောက်က သင်္ဘောပေါ်တွင် မစ္စတာအိုနီးရော မာလိန်မှူးပါ မရှိကြကြောင်း၊ တနင်္ဂနွေနေ့ ညနေမှ ပြန်ရောက်ကြမည်ဖြစ်ကြောင်း ပြောလိုက်သည်။ သူ့အတွက် စာနှစ်စောင် ရောက်နေသည်။

တစ်စောင်မှာ ဝီလီထံမှဖြစ်၍ ကျန်တစ်စောင်မှာ ခပ်ထူထူပွပွ စာအိတ်ဖြင့် မေရီ့ထံမှ ဖြစ်ကြောင်း သိရသည်တွင် သူ့ရင်ထဲ၌ အသည်းနှလုံးကို ဆွဲ၍အညှစ်ခံလိုက်ရသကဲ့သို့ နာကျင်သွားသည်။

ဤစာများကို နောက်မှဖတ်တော့မည်ဟု အောက်မေ့ကာ သင်္ဘောပေါ်မှ ပြန်အဆင်းတွင် သူ၏အင်္ကျီ အတွင်းအိတ်ထဲသို့ ထိုးထည့်ထားလိုက်လေသည်။

ထိုနေ့က တစ်နေ့လုံး သူ့ကိုယ်သူ စာဖတ်ဖြစ်အောင် တိုက်တွန်း၍ မရ၊ စာထဲမှ ချစ်ကြောင်း လွမ်းကြောင်းတို့က သူ့အား အပြစ်တင်သကဲ့သို့ ဖြစ်နေမည်ဖြစ်၍ သူ ရင်မဆိုင်ဝံ့အောင် ရှိလေသည်။ ဤသို့သူက စာပါအကြောင်းများကို ကြောက်လန့်၍ နေသောကြောင့်ပင် ဤစာများသည် သူ့ဘဝတွင် ဤမျှ အရေးတကြီး ဆုံးဖြတ်စရာ ပြဿနာနှင့် ကြုံနေရသည့် အခါမျိုးတွင်မှ ရောက်လာရကောင်းလားဟု မကျေမနပ် ဖြစ်ရလောက်အောင်ပင် ငြိုငြင်သည့် စိတ်က သူ့တွင် အထင်အရှား ပေါ်လာလေသည်။

ထိုစာများကပင်လျှင် ဟိုးလဘာရ မိသားစုက ပုံပေးမည့် အခွင့်အရေးများဆီသို့ သူ့စိတ်ကို လည်သွားစေလေ၏။ ငွေနှင့်ကာမဂုဏ် နှစ်ခုတွဲအာရုံ၏ လှုံ့ဆော်မှုဖြင့် သူ့ကောင်းကျိုးအတွက် ခိုင်လုံသော ဆင်ခြေကို ရှာတွေးကြည့်နေမိ၏။ သူ့မှာ ငယ်စဉ်ကပင် မိဘနှစ်ပါးစလုံး ဆုံးခဲ့ရ၍

ဘဲ့ကိုရအောင်လည်း လူတိုင်းထက် လွန်ကဲသော ဖွဲ့လုံ့လ စိုက်ထုတ်ခဲ့ရသည်။ ယခုလောက်မျှဆိုလျှင် ထိုက်ထိုက်တန်တန် အကျိုးကျေးဇူးများကို ခံစားရသင့်နေပြီ၊ ရလင့်နေပြီဖြစ်သော အကျိုးကျေးဇူးကို စွန့်လွှတ်ပစ်လိုက်ရမည်လော။ မေရီနှင့်သူ ဖြစ်ခဲ့ရသည့် ကိစ္စမှာ သူက ဘဝအတွေ့အကြုံ နည်းပါးမှု စိတ်ကူယဉ်စရာ အခြေအနေများက ဖန်တီးလာမှုတို့ကြောင့်သာ သူ့စိတ် သူမထိန်းနိုင်ပဲ ဤမျှ အဆောတလျင် ဖြစ်သွားရသည်။ မေရီသည်လည်း ဤအကြောင်းများကြောင့်ပင် မိုးမမြင်လေမမြင် ဖြစ်ခဲ့ရသည်။ မေရီ စိတ်မချမ်းသာအောင်ကား သူမလုပ်ချင်ပါ။ သို့ရာတွင် သူ့ကိုယ်သူအတွက်လည်း တစ်နည်းနည်း သာယာအောင် လုပ်ဦးမှဖြစ်မည်။ မေရီအား ယခု သူ သစ္စာဖောက်ခဲ့ရမည် ဖြစ်သော်လည်း နောင်တစ်ချိန်တွင် မေရီ့အတွက် သူ့အပြစ်ကျေအောင် တစ်နည်းနည်း လုပ်နိုင်စွမ်းပါလိမ့်မည်။

အဘယ်နည်း ဟူ၍ကား သူ မပြောတတ်သေး။ သို့သော် ဤသို့ တွေးမိသဖြင့်ကား စိတ်သက်သာရာရ၏။ မိုရေးလည်း မတင်မကျဖြင့်ပင် စနေနေ့ညဥ့် ညဥ့်စာစားပွဲနှင့် ကပွဲတွင် ဟိုးလဘာရု မိသားစုနှင့်တွေ့ရန် ဆင်းခဲ့လေသည်။ အောက်သို့ ရောက်လျှင်ပင် ဒေါရစ်အား သူ့တွင် တစ်ချီတစ်ချီ ဖြစ်တတ်သော စိတ်ခတ်တက်ကြွလွန်းနေသည့် အခြေအနေမျိုး၌ ရှိနေပြန်သည်ကို တွေ့လိုက်ရသည်။ ဒေါရစ်သည် တန်ဖိုးများလှသည့် ပါးပါးလွှာလွှာ လည်ဟိုက်နိမ့်နိမ့် အဖြူရောင်တွင် စလင်းပုတီးစေ့များဖြင့် ခြယ်စီထားသော ဂါဝန်ကို ဝတ်ဆင်ထားသည်။

သူ့အလှဂုဏ် များစွာတိုးစေသည် ဆိုသည်ကိုလည်း သူသိသည်။ ညဥ့်စာ စားပွဲကလည်း စားစရာ သောက်စရာ စုံလင်သလောက် အရသာထူးလှပေသည်။ အစားပိတ် ကော့ညက်ဗရန်ဒီ ငှဲ့ထည့်ပေးသည့် အချိန်တွင် မိုရေးသည် သူ၏ စိုးရိမ်ပူပန်မှုများမှာ စင်စစ် မိုက်မဲမှုသာ ဖြစ်ပါတကားဟု ထင်မြင်၍ လာလေသည်။ ယခုအခါ သူသည် လောကတွင် ဘာအပူအပင်မှ မရှိသူတစ်ယောက် ဖြစ်သည်။ ကပွဲခန်းမတွင် သစ်ခွပန်းအိုးများ ခင်းထားသော သူတို့၏ စားပွဲဘေး၌ ရှမ်ပိန်ပုလင်း အဆင်သင့်ရှိနေသည်။ ပုလင်းဖော့ဆို့ကို ဖောင်းကနဲဖွင့်ပြီးလျှင် တစ်ခွက်စီ သောက်လိုက်ကြ၏။ ထို့နောက် ဘာတီက သူ့နာရီကိုသူ ကြည့်လိုက်ပြီးလျှင်- "အမလေး... ကျွန်တော် သွားမှဖြို့၊ မဟုတ်ယင် ကျွန်တော့် ခွေးကောင်မလေး တစ်ခြား တစ်ကောင်နဲ့ တွဲနေတော့မယ်၊ ကဲ... ပျော်ပျော် နေရစ်ကြနော် သွားမယ်" ဟု ဆိုကာ ထွက်ခွာသွားလေသည်။

"ဒီလူ သူ့ကပြားမကလေးဆီ သွားမှာပဲ" ဟု မိုရေးက တွေးကြည့်သည်။ ကကြိုးတီးလုံးကို တီးဝိုင်းက စတီးသောအခါ ဒေါရစ်နှင့်မိုရေးတို့တွဲကာ ပွဲတိုင်းဝင်၍ ကကြသည်။ မစ္စတာနှင့် မစ္စက်ဟိုးလဘာရုတို့က ဘေးကထိုင်ကာ ကျေနပ်ပြုံး

တစ်ပြုံးပြုံးဖြင့် ကြည့်နေကြ၏။

ကကြိုး တစ်သုတ်ပြီးတစ်သုတ် မိုရေးက ဒေါရစ်အား ဖက်လိုက်တိုင်း ဒေါရစ်က သူ့အနီးသို့ ကပ်သထက် တိုး၍ကပ်သွားသည်။ ဤသို့ဖြင့် နှစ်ကိုယ့်တစ်ကိုယ် ရင်ချင်းအပ်ကာ ကနေကြယင်း သူ၏ ရင်အခုန်သည် စည်းချက်နှင့် တစ်သားတည်း ကျသွားအောင် ရွေ့လျားလှုပ်ရှားလျက် ရှိတော့သည်။

အစတွင် မိုရေးက စကားစမြည် ပြောရန် အားထုတ်သော်လည်း ဒေါရစ်က သူ့အား "အသာနေစမ်း" ဟု ဆိုကာ ဟန့်တားလိုက်သည်။ မိုရေးအား စိန်းစိန်းကြည့်နေသော ဒေါရစ်၏ တောက်ပြောင် မွတ်သိပ်သော မျက်လုံးဝိုင်းကြီးများက ဘာပြောနေကြသည် ဆိုသည်ကို နားမလည်နိုင်စရာမရှိ။

တစ်ချက်တွင်မူ ဒေါရစ်သည် သူ့အဖေနှင့် အမေရှိရာဆီသို့ စိတ်မရှည်သလို မျက်စောင်းလှမ်းထိုးလိုက်ကာ "သူတို့ကလဲနော်၊ သွားကြရောပေါ့" ဟု တိုးတိုးရေရွတ်လိုက်သည်။ သူတို့ကလည်း ကြာကြာမနေကြပါ။ ၁၀ နာရီခွဲတွင် မစ္စက်ဟိုးလာဘရက သူ့ယောက်ျားကြီးအား ပခုံးကိုတို့ခေါ်ကာ အိပ်ရာဝင်ရန် တက်သွားကြတော့သည်။

နောက် ကကြိုးတစ်ပိုဒ်တွင် မီးများကို မှိန်ပေးသည်။ ဒေါရစ်က မသိမသာ တုန်ယင်နေသော အသံဖြင့် "လာ အပြင်တစ်လှည့် ထွက်ကြရအောင်" ဟု ပြောလိုက်သည်။ ဥယျာဉ်ထဲတွင် နွေးထွေး ငြိမ်သက်လျက် ရှိသည်။ ဒေါရစ်သည် မိုရေးအား မော်ကြည့်လျက်ဖြင့် ပင်လုံးချော သစ်ပင်တစ်ပင်ကို မှီနေလိုက်သည်။ မိုရေးလည်း တုန်တုန်ယင်ယင်ဖြင့် ဒေါရစ်၏ ခေါင်းနောက်သို့ လက်မောင်းလျှိုကာ နမ်းလိုက်၏။

ပိုမိုတင်းကျပ်အောင် ဖက်လိုက်သည်တွင် သူ့အင်္ကျီလက်က ကြယ်သီးနှင့် ဒေါရစ်၏ လည်၌ ဝတ်ဆင်ထားသော ပုလဲပုတီးကြိုး ငြိတွယ်ကာ ချိတ်က ပြုတ်ထွက်လာသဖြင့် ပုလဲလုံးကလေးများသည် ဒေါရစ်၏ လည်ဟိုက်အင်္ကျီ အတွင်းသို့ ကျဆင်းသွားကြသည်။

ဒေါရစ်က ခပ်အုပ်အုပ် ခပ်ဆန်းဆန်း ရယ်သံကလေးပေး၍ "ကဲ... ရှင့်ကြောင့်ဖြစ်တာ၊ ရှင် အားလုံးရအောင် ရှာပေးရမယ်" ဟု ဆိုလိုက်သည်။ မိုရေး ရင်တဒိတ်ဒိတ်ခုန်လျက် တစ်ခေါင်းလုံး ချာချာလည်သွားသည်။ နောက် သူအားလုံးကို မေ့သွားသည်။ ဒေါရစ်က လျင်မြန်စွာ ရုန်းထွက်လိုက်၍ "ဟင်းဟင်း... ဒီမှာ မဟုတ်ဘူး၊ ရှင့်အခန်းထဲမှာမှ၊ ငါးမိနစ်အတွင်း" ဟု ပြောကာ ပြေးသွားသည်။

ဒေါရစ် အခန်းတံခါးကိုဖွင့် ဝင်လာသောအခါ မှောင်နေသော အခန်းထဲသို့ လရောင် တစ်မြှောင်း ထိုးဝင်လာသည်။ ဒေါရစ် တံခါးပြန်ပိတ်ကာ

ခြင်ထောင်ရင်ခွဲကို လက်ဖြင့်ဖယ်၍ ဝင်လိုက်သည်။ ဒေါ်ရစ်သည် မိုရေးနှင့်အတူ နံနက်လင်းရောင်ပျို့အထိ နေလေသည်။

ထိုနေ့ နံနက်မှာပင် မိုရေးနှင့် ဒေါ်ရစ်တို့က လက်ထပ်ကြမည်ဟု ဒေါ်ရစ်၏ မိဘများအား ပြောလိုက်ကြသည်။ အဘိုးကြီး အဘွားကြီးတို့မှာ ဝမ်းသာအည်လဲဖြင့် ကောင်းချီးပေး၍ လက်ခံ သဘောတူကြသည်။ ထို့နောက်တွင် မိုရေးလည်း ဦးနှောက်ရှင်းရန်အတွက် တစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့၏။

သူ့မှာ အတန်ငယ် ပင်ပန်းနွမ်းနယ်လျက် ရှိ၏။ ဒေါ်ရစ်မှာ တကယ့်အံ့ဖွယ် မိန်းကလေးဖြစ်လေသည်။ နောင်ရေးအတွက် အားလုံး စိတ်ချရသော အလုပ်လည်း ရမည်။

ဟောင်းရား မြစ်ကူးတံတားကို သူဖြတ်ကျော်စဉ် တံတားလက်ရန်းအုတ်ရိုးကိုမှီ၍ ကိုယ်ကိုကိုင်းကာ သူ၏အိတ်ထဲက မဖွင့်ရသေးသော စာနှစ်စောင်ကို ဂင်္ဂါမြစ်မြတ်၏ နောက်ကျိညစ်ကျူသော ရေထဲသို့ ပစ်ချလိုက်လေသတည်း။

(၈)

ဆွစ်ဇာလန်နိုင်ငံ ကုန်းမြင့်ဒေသတွင် အရုဏ်တက်ချိန်စောလေသည်။ အရုဏ်တက်၏ မျက်စိ ကျိန်းလောက်အောင် တောက်ပသော အလင်းရောင်နှင့် နွားခလောက်သံတို့က သူ့အား နှိုးလိုက်သည်။

ဗီနိုဘာဘီတုန် အိပ်ဆေးသည် မနက် ၃ နာရီအထိ အစွမ်းမပြခဲ့။ နိုးနေသည့်အချိန်များတွင် သူသည် သူ့ဘဝတာအတွက် သေရေးရှင်ရေးတမျှ အရေးပါသော လနှင့်ချီကာကြာသော ဖြစ်ရပ်များကို မျက်ဝါးထင်ထင် ပြန်မြင်၍ နေလေသည်။

ယခုမူ သူ၏နားထင်ဆီတွင် တဒိန်းဒိန်းကိုက်ခဲလျက် အခြေအနေကို ရင်ဆိုင်လိုက်၏။ သူတစ်ခုခုကို ပြတ်ပြတ်သားသား လုပ်ရတော့မည်။ နောက်ဆုံးတစ်ကြိမ် နယူးယောက်မြို့တွင် သူ၏ စိတ်ဝေဒနာကု ဆရာဝန်နှင့် သွားရောက် ဆွေးနွေးခဲ့စဉ်က ဒေါက်တာဝီလင်းစကီးက ပက်လက်ဆိုဖာရှည် နောက်မှီပေါ်သို့ လက်တစ်ဘက်တင်ကာ အားပေးပြုံးဖြင့် သူ့အားငုံ့ကြည့်ယင်း ဤသို့ပြောလိုက်သည်။

"ခင်ဗျာ့မှာ အဲဒီ လိပ်ပြာမသန့်တဲ့ကိစ္စကို တစ်ခါတည်း ဖျက်ပစ်လိုက်ဖို့ဆိုရင် တစ်နေ့တော့ ခင်ဗျား အဲဒီကို ပြန်သွားရမှာပဲ၊ ခင်ဗျားမိတ်ဆွေမှာ အခြေအနေ မလှဘူးဆိုယင် အားလုံး ရှင်းလင်း ပြေလည်သွားအောင်၊ သူကလဲ လွတ်လွတ်လပ်လပ်ပဲဆိုယင် ခင်ဗျား သူ့ကို လက်ထပ်ယူလိုက်ရုံပဲ"

"သူကတော့ ဘယ်နည်းနဲ့မှ အိမ်ထောင်ပြုမှာ မဟုတ်ပါဘူးဗျာ" ဟု သူက ပြောခဲ့သေးသည်။

ဤကိစ္စနှင့် ပတ်သက်၍ သူ့မှာ သံသယ တစ်စုံတရာမရှိ။ မည်သို့ဖြစ်စေကာ သူပြန်သွားမည်။ ဤသို့ ဆုံးဖြတ်မိလျှင်ပင် စိတ်သက်သာရာ ရသွားသည်။ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်၍ အာထူရိုကိုခေါ်ကာ စကော့တလန်ပြည် ပရက်စဝစ်မြို့သို့ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာမည့် လေယာဉ်ဖြင့် လိုက်ရန် လက်မှတ်တစ်စောင် အဝယ်ခိုင်းလိုက်သည်။

နံနက်စာစားပြီးသောအခါ တယ်လီဖုန်းမြည်သည်။ သူမျှော်လင့်ထားသည့်အတိုင်းပင် ဖရီဒါ့ထံမှ ဖြစ်၏။ "ရှင် သက်သာရဲ့လား၊ ကျွန်မ

စိုးရိမ်လွန်းလို့ပါရှင်၊ မြန်မြန်ပြောစမ်းပါ” ဟု မေးသည်။

ညဥ့်က အိပ်မပျော်နိုင်သည့် အဖြစ်အတွက် အားပေးစကား ကလေးတစ်ခွန်းတလေ ကြားလိုလှသော်လည်း ယခုအချိန်၌ မသင့်ကြောင်း သူသိသည်။ သို့ဖြင့် “ဟာ၊ သိသိသာသာ နေကောင်းလာပါတယ်” ဟုသာပြောလိုက်၏။

“ဝမ်းသာလိုက်တာ မိတ်ဆွေကြီးရယ်၊ ဒီနေ့ မနက်ကော လမ်းထွက်လျှောက်ကြဦးမလား”

“လျှောက်တော့ လျှောက်ချင်ပါတယ်ဗျာ” ဟု ဆိုကာ သူ့တွင် အင်္ဂလန်ရှိ အလုပ်ကိစ္စတစ်ခုဖြင့် သူ၏ အင်္ဂလိပ်ရှေ့နေက ကြေးနန်းရိုက်ခေါ်၍ ခရီးသွားရန် ရှိနေကြောင်း သူကြိုတင် အကွက်ဆင်ထားသည့်အတိုင်း ပြောလိုက်လေသည်။

တစ်ဘက်မှ ငြိမ်သက်သွားသဖြင့် ဖရီဒါ စိတ်အလိုမပြည့်ဘဲ ဖြစ်သွားမှန်း အားလျော့သွားမှန်း သူသိလိုက်၏။ သို့သော် ချက်ချင်းပင် ဖရီဒါသည် ဣန္ဒြေပြန်ဆည်လိုက်လေသည်။

“အေးပေါ့လေ၊ ရှင်သွားမှဖြစ်မှာပေါ့၊ တကယ်စီးပွားရေး အလုပ်ကိစ္စတွေများတဲ့ လူပဲကိုး၊ ဒါပေမယ့် ကျွန်မ ‘ဘေဒင်’ ကို ထွက်မသွားခင် ရောက်အောင် မြန်မြန်တော့ ပြန်လာခဲ့နော်၊ ကျွန်မ ရှင့်ကို သိပ်လွမ်းနေမယ်ဆိုတာ ရှင် သိပါတယ်”

အာထူရိုက သူ့အား ဇူးရစ်မြို့သို့ ကားမောင်း၍ ပို့သည်။ ဇူးရစ်တွင် ဒီစီ ၇ လေယာဉ်တစ်စီးပေါ်သို့ တက်သည်။ လေယာဉ်ပျံ ကောင်းကင်ပြာထဲသို့ ထိုးတက်သွားလျှင်ပင် သူ့ကို ထူးထူးခြားခြား ရှွင်မြူးစိတ် လွှမ်းမိုးသွားသည်။

နှစ်ပေါင်း သုံးဆယ်ကြာမှ မွေးရပ်မြေသို့တစ်ခေါက် ပြန်သွားခြင်းဖြစ်သည်။ ‘ဘာကြောင့် ဒီလောက်ကြာအောင် သူမပြန်ဘဲ နေခဲ့မိပါလိမ့်’၊ မကြာခဏပင် သူ၏အပေါ်သို့ တိမ်မည်းညိုများ ဖုံးအုပ်သကဲ့သို့ အုပ်၍ အုပ်၍ကျရောက်လာကာ သူ့အား နှိပ်စက်တတ်သော နောင်တ ဝဋ်ကြွေးမှ အပြီးအပိုင် လွတ်မြောက်ရေးကို ထိုနေရာမှတစ်ပါး အခြား၌ မတွေ့နိုင်။ သူသည် ဘာသာရေး၌ ကိုင်းရှိုင်းသူတစ်ယောက် မဟုတ်ခဲ့သော်လည်း ဘာသာရေးဆိုင်ရာ စကားတစ်လုံးက သူ၏ဦးနှောက်ထဲသို့ ဝင်လာသည်။

‘ရွေးနုတ်ကယ်တင်ခြင်း… ကယ်နုတ်တော်မူခြင်း’။ ဤစကားလုံးကို သူ အထပ်ထပ် ရွတ်ဆိုနေမိသည်။ အားတက်ဖွယ် အပြည့်ပါသည့် စကားပေတကား။

လေယာဉ်ပျံ ပရက်စဝစ်သို့ဆင်းပြီး၍ သူ့ဇာတိရပ်မှ လူများ

စကားပြောကြသည့် လျှာလိပ်သံဝဲသံများကို ကြားလိုက်ရသောအခါ သူ့မှာ ရင်ခုန်ရ၊ စိတ်လှုပ်ရှားရသည်ဖြစ်၍ တောင်ကြား ချိုင့်ဝှမ်းလေကို တစ်ဝကြီး ရှိုက်၍ ရှူလိုက်မိသည်။

မော်တော်ဘတ်ဖြင့် လေဆိပ်မှထွက်ခဲ့ရာတွင်လည်း လယ်ကွင်းများကို ဖြတ်ခဲ့ရသဖြင့် မှောင်စပြုနေပြီဖြစ်သော မြင်ကွင်းများကို နှင်းခိုးရိုက်နေသော ပြတင်းကို လက်ဖြင့်ပွတ်ကာ မျှော်ကြည့်ယင်း လိုက်ပါလာသည်။

ဝင်တန်သို့ရောက်လျှင် ဆင်ထရယ်ဟိုတယ်၌ အခန်းတစ်ခန်းငှား၍ နွားနို့နှင့် အသားညှပ်မုန့်များ မှာယူစားသောက်ကာ တောက်လျှောက် အိပ်ရာဝင်လေ၏။

နောက်တစ်ရက်နံနက်တွင် ဟိုတယ်အောက်ထပ်ရှိ စားသောက်ခန်းသို့ ဆင်း၍ နံနက်စာစားသည်။ နှစ်ပေါင်းများစွာအတွင်း ပထမအကြိမ် မလိုင်ဖောဖော စကော့တလန် ဂျုံပြုတ်စစ်စစ်၏ အရသာကို လျှာတွေ့ရသည်။ နောက် ဖင်နယ်ဟက်ခေါက် ငါးကျပ်တင်ခြောက် စစ်စစ်ကိုလည်း စားလိုက်ရသည်။ ထို့နောက် နာရီပြန် ၁ ချက်တွင် ကားအငယ်ကလေးတစ်စီး လာပို့ရန် မှာလိုက်သည်။

နှစ်နာရီခန့် အချိန်ပိုနေသဖြင့် သူငယ်စဉ်က ကျက်စားခဲ့သည့် နေရာများသို့ အလွမ်းပြေ လှည့်လည်ကြည့်ရှုသည်။ ဝင်တန်မြို့မှာ ရှေးကအတိုင်းပင် မီးခိုးရောင်မှိုင်းမှိုင်း၊ ချမ်းအေးလျက် ကျပ်ခိုးအလွှာလိုက်တင်လျက်ပင်၊ သိပ်အပြောင်းအလွဲမရှိ။

ခေတ်ရထားတစ်စီးကို တက်စီးကာ တက္ကသိုလ်ဘက်သို့လည်း ရောက်ခဲ့သည်။ သို့သော် စကြံများတွင် လျှောက်သွားယင်းမှ ရှေးဖြစ်ဟောင်းများကို အောက်မေ့ယင်း ရင်နာလာသဖြင့် ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ရသည်။ အထွက်ဝတွင် သူ၏မိုက်ကရိုစကုပ် မှန်ဘီလူး ကိရိယာကလေးကို ရောင်း၍ ရသည့်ငွေဖြင့် မေရီ့အတွက် မြလက်စွပ်ကလေး ဝယ်ခဲ့သည့်ဆိုင်ကို ဖြတ်ကျော်လာခဲ့ရသည်။

သူ့မျက်လုံးများတွင် မျက်ရည်များ စိမ့်လာသည်။ ယခုသူ မေရီ့ကို ရက်ရက်ရောရော ဖောဖောသီသီ ပေးနိုင်သည့် လက်ဆောင်ပစ္စည်းများနှင့် စာလျှင် ထိုမြလက်စွပ်ကလေးမှာ မလောက်လေး မလောက်စား လက်ဆောင်မွဲကလေးမျှသာ ဖြစ်သည်။

ထိုနေရာမှ သိပ်မဝေးလှသော သင်္ဘောဆိပ်ဘက်သို့ ဆင်းသွားရာတွင် သူနေခဲ့သော ညစ်ညစ်ပတ်ပတ် တည်းခိုခန်း တန်းလျားအိမ်ကလေးကို တွေ့ရသေးသည်။ အထက်သို့ မော်ကြည့်လိုက်လျှင် ပြတင်းပေါက် ကျဉ်းကလေး၏ နောက်တွင် သူပျို့ရွယ်စဉ်က ကျောင်းစာအုပ်တွေကြား တကုပ်ကုပ်

ကြိုးစားနေသော သူ့ကိုယ်သူ ပြန်၍ မြင်ယောင်မိသည်။

သူ့ကိုယ်သူ ဆရာဝန်ကြီး ဘဝမျိုးအတွက် အရည်အချင်း ပြည့်မီအောင် သူမည်မျှ ရုန်းကန်ကြိုးစား အားထုတ်ခဲ့ရသနည်း။ 'ကဲ... အခုတော့ သူ့တစ်သက်မှာ ဘာတွေများ လုပ်ခဲ့သလဲ၊ သူ ဒီတန်းလျားကလေး အထပ်ခိုးက ခွာခဲ့ကတည်းက သူ လုပ်ခဲ့သမျှတို့မှာ ဘာမှအရာမရောက်၊

အပေါသိကံ ဖြစ်ခဲ့ရပါလား၊ သူမှားခဲ့ပြီ' ဟူသောအသိတရားက သူ့အားလွှမ်းမိုးလာသည့်တွင် သူအကြီးအကျယ် နောင်တရကာ ရင်ထဲ၌ နာကျင်သွားလေသည်။

သူစည်းစိမ်ရှင် ဖြစ်လာခဲ့သည်။ လူအများ ကြည်ညိုလေးစား အားထားခြင်း ခံရသော ဆရာဝန်အဖြစ်ဖြင့်ကား မဟုတ်၊ လူအများအပေါ်တွင် အခွန်ကောက်သကဲ့သို့ အမြတ်အစွန်းကြီးစွာ တင်၍ ရောင်းချသော လူသုံးများသည့် ဆေးလုံးများ ထုတ်လုပ်ရောင်းချသူ အဖြစ်ဖြင့်သာ။

အို... ဒီလိုလဲ မဟုတ်သေးပါဘူး၊ တကယ်ဆိုတော့ သူဖော်စပ် ထုတ်လုပ်ခဲ့တဲ့ အကိုက်အခဲ ပျောက်ဆေးလို တချို့ဆေးတွေဆိုယင် တကယ် တန်ဖိုးရှိတာပဲ၊ ဒါပေမယ့်လဲ သူရွေးချယ် ချမှတ်ခဲ့တဲ့ အစီအစဉ်အတိုင်း မွန်မြတ်လှတဲ့ အသက်မွေးမှု ပညာရပ်ကြီးနဲ့ စာယင်တော့ သူ လုပ်ခဲ့သမျှတို့ဟာ ကပျက်ကချော်နိုင်လှချည့်၊ သူဒီလို ဘာကြောင့် လုပ်ခဲ့မိပါလိမ့်၊

အဆိုးဆုံးကတော့ သူဘာကြောင့် ဒေါရစ်ဟိုးလဘရလို မိန်းမမျိုးနဲ့မှ မိုက်မိုက်ကန်းကန်း လက်ထပ်ခဲ့မိပါလိမ့်။

သူ့ကံကြမ္မာကို တစ်မျိုးတစ်ဖုံ ဖန်တီးမည့် ဤသဘော်ခရီးတွင် ဒေါရစ်ကို တွေ့ရကတည်းက ဤမိန်းကလေး၌ စိတ္တဇဝေဒနာသည်တို့၏ လက္ခဏာများ ရှိနေကြောင်းကို သူအတပ်ရိပ်စားမိဖို့ ကောင်းသည်။ ဤမိန်းကလေး၏ အသွေးအသား မက်လုံးတို့သည် နောင်တွင် ငြီးငွေ့ရွံမုန်းစရာ ဖြစ်လာမည်ကို လည်းကောင်း၊ မတည်ငြိမ်သော စိတ်သဘောသည်လည်း ကြာလျှင် သည်းမခံသာအောင် ဖြစ်လာမည်ကို လည်းကောင်း သူသိခဲ့ဖို့ကောင်းသည်။

သူ့အတွေးတို့သည် ကွန်နက်တီကတ်ပြည်နယ် စတန်ဖို့ရှိ အလုပ်ဌာနသစ်နှင့်နီးနီး ဂရင်းနစ်တွင် ဒေါရစ်၏အဖေ ဝယ်ပေးသော သပ်သပ်ရပ်ရပ် အိမ်ကလေးဆီသို့ ပြန်ရောက်သွားသည်။ ဒေါရစ်သည် ဤအိမ်ကလေးကို ခြောက်လမျှကား နှစ်သက်နေပါသေးသည်။

ထို့နောက် ဤအိမ်ကလေးကိုပင် သူမုန်းသွားသည်။ ထို့နောက် အနီးအနားရှိ

ဒေယာရင်အိမ် ဝယ်ပြန်ပါလည်း မထူးပြန်။ မိုရေးက နောက်တစ်နေရာ မရွှေ့ချင်တော့ဟု ငြင်းသောအခါ ဒေါရစ်သည် ပန်းပုသင်တန်း တက်မည်ဟုဆိုကာ နယူးယောက်သို့ နေ့စဉ်သွားသည်။ ထိုပညာကို မည်မည်ရရလည်း မတတ်ခဲ့။

နောက် မသင်္ကာဖွယ်ရာ အပေါင်းအသင်းများနှင့် သူ့အားလှည့်စားနေသည်ဟု မိုရေးက သံသယဖြစ်လာသည်။ မိုရေးက ပြစ်တင်ကန့်ကွက်သောအခါ အပြန်အလှန် စွပ်စွဲပြောဆိုကာ ခွန်းကြီးခွန်းငယ် ဖြစ်ကြရကာ ဒေါရစ်က စိတ်ကြီး၍ တက်လိုက်ချက်လိုက် ဖြစ်သည်။

မိုရေးအားလည်း တကယ်မုန်းသွားဟန် တူလေသည်။ လုပ်ငန်း တိုးတက်မှုကလည်း အရှိန်ကောင်းနေဆဲ၊ ဒေါရစ်နှင့် ကွာလိုက်မည်ဆိုလျှင်ဟိုးလဘရတို့နှင့်လည်း ခွာပြဲကြမည်ဖြစ်သဖြင့် သူအောင့်အည်း သည်းခံခဲ့ရသည်။

ဒေါရစ်က အကြမ်းပတမ်း တက်လိုက် စိတ်မကြည်လင်ပဲ မေ့မေ့လျော့လျော့ ဖြစ်နေလိုက်ဖြင့်ပင် တဖြည်းဖြည်း စိတ်ဓာတ်ကျဆင်းကာ စိတ္တဇဝေဒနာသည်အဖြစ်သို့ ရောက်သွားခဲ့သည်။

နောက်ဆုံးတွင်ကား စိတ္တဇဝေဒနာကု ဆရာဝန် ဝီလင်းစကီးက မိုရေး၏ ပခုံးပေါ်သို့ လက်တင်ကာ "သူ့စိတ်တွေ ကစဉ့်ကလျား ဖြစ်နေပြီ၊ ဆေးရုံ တင်ထားရလိမ့်မယ်" ဟု ပြောလိုက်ရသည့် အခြေသို့ ရောက်ခဲ့လေသည်။

ထိုမှနောက်တွင် မိုရေးမှာ ဇနီးအား စိတ္တဇဆေးရုံတွင် တင်ထားရသူအဖြစ် တစ်ဆယ့်ငါးနှစ်မျှ နေခဲ့ရပြီးနောက် ဇနီးက ဆေးရုံတွင် နျူမိုးနီးယားဖြင့် သေဆုံးသွားသောအခါတွင်မှ ဖော်ပြောခြင်းငှာ မကောင်းသော်လည်း စိတ်လက် ပေါ့ပါးသွားခဲ့ရလေတော့သည်။

ဤသို့ စိတ်မချမ်းမြေ့ဖွယ် အခြေအနေမျိုးတွင် နေလာခဲ့ရသူအဖို့ ဘာတီနှင့် အတူတွဲလျက် အလုပ်ထဲ၌သာ နစ်မြုပ်နေအောင် လုပ်ခဲ့သည်မှာ အံ့သြစရာ မဟုတ်။ ဘာတီက စိတ်ကောင်းရှိသည်၊ စာနာတတ်သည်၊ ခင်မင် ဖော်ရွေတတ်သည်ဖြစ်၍ မစ္စတာဟိုးလဘရ သေဆုံးသောအခါ မိုရေးအား အမေရိကန်ကုမ္ပဏီ၏ အစုဝင်တစ်ဦးအဖြစ် အခွင့်အရေး ပေးထားခဲ့သည်။

ထိုမှတစ်ပါး သူ့မှာဘဝတွင် နာကျည်းလွန်းစရာများနှင့် ကြုံခဲ့ရသူ ဖြစ်သည့်အလျောက် ဤကဲ့သို့ ခေတ်ပျက်ကြီးမှာပင် သူ့ကို ဂုဏ်သိက္ခာရှိသူအဖြစ် အများတကာ လေးစားဂရုပြုလာအောင် အနုပညာရပ်များကို လေ့လာလိုက်စားခြင်း၊ ကြည့်ပျော် ရှုပျော် ဥပမိရပ်မျိုးရှိအောင် ပြုပြင်ထားခြင်း စသည့် မိမိကိုယ်ကျိုးအတွက်သာ သူလုံးပန်းခဲ့ခြင်းမှာ သူ့အဖို့ ပြုသင့်သည်သာ

မပာတ်ပါလော။

အမှန်ပင် သူ့မှာ ဤနည်းနှင်နှင် နေထိုင်ခဲ့ခြင်းအတွက် လိုလောက်သောအကြောင်း ရှိခဲ့သည်။ သို့တိုင်အောင် သူယခု ဟိုတယ်သို့ အပြန်လမ်းတွင် တွေးလာခဲ့သည့် အတွေးတို့သည် ရင်နာစရာများသာ ဖြစ်ကြလေသည်။

ကားရောက်လာသောအခါ သူသည် မြစ်ဝကျဉ်း၏အောက်ဘက်သို့ သွားသော လမ်းမကြီးအတိုင်း မောင်း၍ ထွက်လာခဲ့သည်။ ဤလမ်းကား သူ မေရီ့ထံသို့ သွားနေကျလမ်းတည်း။

သင်္ဘောကျင်းဆီမှ မှန်မှန်ထွက်ပေါ်လာသည့် တတက်တက် သံတူထုသံ၊ ကုတို့သင်္ဘော၏ အချက်ပေးသံ၊ ထွက်ခွာစပြုံကျ ကုန်တင်သင်္ဘောမှ ဆွဲဆွဲငင်ငင် မှုတ်လိုက်သည့် ကွဲရှရှဥဩသံ၊ နေရောင်တွင် တဖျတ်ဖျတ်လက်နေသည့် ရေပြင်၊ အဝေး၌မြင်နေရသော ညို့ညို့မှိုင်းမှိုင်း

တောင်ထွတ်များ။ ဤအရာအားလုံးက တစ်သက်တွင်တစ်ယောက် သူတကယ် ချစ်ခဲ့ရသည့် မိန်းမရုပ်သွင်ကို သူ့အား ပြန်လည်မြင်ယောင်လျက် ရှိစေလေရာ သူ့စိတ်ဝေဒနာကို အနိုင်နိုင်ထိန်းကာ သူ့ကားကို ခပ်ဖြည်းဖြည်းသာ မောင်းနှင်ခဲ့၏။

သူ အာ့ဒဖီလန်သို့ ဝင်ခဲ့သောအခါ သူ၏ရင်အုံသည် သင်္ဘောကျင်းမှ သံတူထုသံပမာ ခုန်လျက်ရှိလေသည်။ မြို့ကလေးမှာ အပြောင်းအလဲမရှိ၊ ပင်လယ်လှိုင်းတစွက်စွက် ငြိမ်သက်စွာ ရိုက်ခတ်နေသည့် ကမ်းနားလမ်း၊ ဘင်ခရာတီးဝိုင်း သံတဲ၊ ဆိပ်ခံတံတားငယ်နှင့် ကမ်းခြေတဝိုက်ဆီမှ ခပ်မှိုင်းမှိုင်း အိမ်တန်းများ။ ဤသည်တို့မှာ ရှေးကအတိုင်းပင်။ ထို့နောက် တစ်နေရာ၌ သူ့မျက်စိများ မှုန်ဝါးသွားသဖြင့် ကားကိုရပ်လိုက်ရ၏။ ကြည့်စမ်း… ဝီလီ့ကို သကြားလုံး အဝယ်လွှတ်လိုက်ပြီးတော့ မေရီ့ကို သူပွေ့ဖက် နမ်းခဲ့တဲ့ မှော်ရိပ်က တဲကလေးပါကလား။

စိတ်ထဲက ဗလောင်ဆန်လျက်ဖြင့်ပင် သူသည်ကားကို လမ်းဘေး၌ ရပ်ထားခဲ့ပြီးလျှင် သွားနေကျ နောက်ဖေးလမ်းကြားအတိုင်း ဒေါက်ဂလပ်၏ မုန့်ဆိုင်ဆီသို့ လျှောက်ဝင်ခဲ့သည်။

သို့ရာတွင် ထိုနေရာ၌ "မြို့နှင့်နယ် မုန့်ဖုတ်လုပ်ငန်း" ဟူသော နီယွန်ဆိုင်းဘုတ်ကြီးတစ်ခုနှင့် တောက်ပသောဆိုင်ခန်း အဆင်အပြင်တို့က သူ့အားဆီးကြို နှုတ်ဆက်လိုက်သည်။

ဆိုင်တွင်း၌ကား ကောင်တာ၏ အတွင်းဘက်တွင် ကော်လာနှင့် လက်ဖျားတို့တွင်အဖြူကွပ်ထားသည့် ခရမ်းနုရောင်အဝတ်များ ဝတ်ဆင်ထားသော ကလက်တက်တက် အမူအရာဖြင့် မိန်းကလေးနှစ်ယောက် ရပ်နေကြသည်ကို တွေ့လိုက်ရသည်။

သူက ဆိုင်တွင်း ဝင်သွားပြီးလျှင် "တဆိတ်ခင်ဗျာ၊ ကျွန်တော်က တစ်ခါတုန်းက ဒီအနီးအနားမှာ ဆိုင်တစ်ဆိုင်ပိုင်တဲ့ မိသားစုကို တွေ့ချင်လို့ လိုက်ရှာနေပါတယ်၊ မိသားစုနာမည်က ဒေါက်ဂလပ်ပါ" ဟု စုံစမ်းလိုက်သည်။

မိန်းကလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် တစ်ယောက်သောသူက "မစ္စတာဒေါ်နယ်ဆန်ကြီးများ သိမလား မပြောတတ်ဘူးရှင်၊ သူက ဒီဝင်းစောင့်တဲ့ အဘိုးကြီး၊ ဒီမှာနေလာတာ ကြာလှပြီလေ၊ အဲဒီ ရှင့်ဗယ်ဘက်က ဝင်းတံခါးအတိုင်း ဝင်သွား၊ သူ့အိမ်ကလေးကို တွေ့လိမ့်မယ်" ဟု ညွှန်လိုက်သည်။

တစ်ခါက ဒေါက်ဂလပ်အိမ်ဝင်း၊ ယခု အတော်ကျယ်ဝန်းအောင် ချဲ့ထား၍ လက်ဝဲဘက်တွင် မုန့်ဖုတ်သည့်စက်ရုံ၊ လက်ယာဘက်၌ မြင်းဇောင်းကို လူနေအိမ် လုပ်ထားသည့် အဆောက်အအုံငယ် ရှိသည်။ လူခေါ် ခေါင်းလောင်းကလေးကို တီးလိုက်သောအခါ တံခါးပွင့်လာပြီးလျှင် အယ်လပတ်ကား ခါးစည်းရှေ့ဖုံး အဝတ်နက်၊ အိပ်ခန်းစီး ဖိနပ်၊ ငွေကိုင်းမျက်မှန်နှင့် ကက်ဦးထုပ်ကို ရှေ့နောက်ပြောင်းပြန် လှည့်ဆောင်းထားသော အသက်ခုနစ်ဆယ်အရွယ် ခါးကုန်းကုန်း အဘိုးအိုတစ်ယောက် ထွက်လာ၏။

မိုရေးက မေးလိုက်သည်တွင် သူက "ဂျိမ်းဒေါက်ဂလပ်၊ ဟုတ်လား... သိသပေါ့ကွယ်၊ ကျုပ်ကနှစ်ပေါင်းနှစ်ဆယ်ကျော် သူ့ဖိုမင် လုပ်လာခဲ့တဲ့လူပဲ၊ ဝင်ခဲ့လေ" ဟု ဖြေယင်း ဖိတ်ခေါ်သည်။

မိုရေး အထဲသို့ဝင်၍ လိုက်သွားသောအခါ အဘိုးအို တစ်ယောက်တည်းနေသည့် မီးလင်းဖို၌ မီးကလေး မလင်းတလင်း တောက်နေသည့် မသပ်မရပ် မီးဖိုချောင်ခန်း ကျဉ်းကလေးထဲသို့ ရောက်သည်။ ဒေါ်နယ်ဆန်က မိုရေးအား ကုလားထိုင်တစ်လုံးတွင် ထိုင်ရန် ညွှန်ပြလိုက်ပြီးလျှင် သူလည်း ခြေတရွတ်ဆွဲလျှောက်သွားကာ သူထိုင်နေကျထောင့်တွင် ဝင်ထိုင်သည်။ ပြီးမှ "မောင်ရင်က ဒေါက်ဂလပ် မိသားစုရဲ့ မိတ်ဆွေဟောင်း၊ ဟုတ်လား" ဟု သတိဖြင့် မေးလိုက်သည်။

"ဟိုး... ရှေးကတည်းကပါ" ဟု မိုရေးက ဖြေသည်။

"သြော်... အင်း၊ ဂျိမ်းခမျာကတော့ ဆုံးတာကြာပါပြီ သူ့ခယ်မ မီနီလဲ

ဆုံးရှာပြီ၊ ဂျိမ်းလဲ လုပ်ငန်းက ပျက်တော့ ကြွေးတင် ကျွန်ဖြစ် အတော်အကျ နာရှာသကွယ်၊ ဒီလိုဖြစ်ရတာဟာ သွေးရိုးသားရိုး မဟုတ်ဘူးလို့လဲ ပြောကြတယ်၊ တချို့ကလဲ သူ့အစီးအပွားကို ဖြိုခွဲဖို့ စတော့ဒတ်မိသားစုက မြို့နဲ့ တိုက်ပေးပြီး လုပ်တာလို့ ပြောကြတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် စီးပွားအပျက်မှာ ဂျိမ်းခမျာလဲ အရှက်ရ၊ စိတ်ညစ်ပြီး သေရှာတော့တာပါပဲ၊ အခု ဒီလိုဝင်းကြီးတိုက်ကြီးနဲ့ တစ်ခမ်းတနား လုပ်ပေမယ့် မုန့်ကတော့ အလကားဟာတွေပေါ့ကွယ်၊ အဘက ဒီကုမ္ပဏီနဲ့ မတည့်လို့ ပြောတာတော့ မဟုတ်ဘူးနော်၊ ကျုပ်ကို ဒီအလုပ်တောင် ပေးထားသေးတာပဲ”

မိုရေးက စိတ်အားထက်သန်စွာဖြင့် “သူ့မှာ သမီးကလေးတစ်ယောက်ကော ရှိတယ် မဟုတ်လား” ဟု မေးလိုက်သည်။

“အေးကွယ့်၊ မေရီလေ၊ သူကလဲ သူ့ဒုက္ခနဲ့သူပဲကွယ်၊ သူ ခပ်ငယ်ငယ်က တစ်ရပ်တကျေးကလာတဲ့ ပျံကျ လူငယ်ကလေး တစ်ယောက်နဲ့ ကြိုက်ကြပြီး အဲဒီလူငယ်က ပစ်ပြေးတော့ သူ့ခမျာမှာလဲ ရင်ကွဲပက်လက်ဖြစ် ကျန်ရစ်ပြီး အကြာကြီး ဆွေးနေရစ်ရှာတယ်၊ သူ့စိတ်ကလေး အတော် ငြိမ်လာတော့ ဘာသာရေးဘက် သိပ်လိုက်စားလာပြီး ဘုရားနဲ့တရားနဲ့နေတယ်၊ နောက် အသစ်ရောက်လာတဲ့ လူငယ်ဓမ္မဆရာကလေး အားခက်တဲ့၊ သူ့နာမည်က၊ အင်း တကယ့်လူတော်လူကောင်းကွယ့်၊ အဲဒီဆရာကလေးနဲ့ ကံကောင်းထောက်မလို့ မေရီ အိမ်ထောင်ပြုပြီး ကလေးတစ်ယောက် ရတယ်”

မိုရေးလည်း ကုလားထိုင်ပေါ်တွင် တောင့်တောင့်ကြီး ထိုင်လျက်မှ ‘သြော်… သူ အိမ်ထောင်ပြုသွားတယ်၊ ဒီလိုဆို မေ့ပြီပေါ့၊ ပိုပြီး ရင်နာစရာကတော့ နောက်လူနဲ့ ကလေး တစ်ယောက်တောင် ရသတဲ့’ ဟု သူ့ကိုယ်သူ တရေးချကာ အသံကိုငြိမ်အောင်ထိန်း၍ “ဒါဖြင့် သူအခုဒီမှာ သူ့ယောကျ်ားနဲ့အတူ ရှိတယ်ပေါ့” ဟု ဆို့နစ်သောအသံဖြင့် မေးလိုက်သည်။

“မရှိတော့ဘူး၊ တုပ်ကွေးရောဂါကြီး ကျတုန်းက သူ့ယောကျ်ား ဆုံးသွားရှာတယ်၊သူ့ခမျာ အစကတည်းက ကောင်းကောင်းမာတယ်လို့ကို မရှိရှာပါဘူး၊ သူ့ယောကျ်ားဆုံးတော့ မေရီနဲ့ကလေးလဲ အဲ့ဒဖီလန်က ပြောင်းသွားကြတော့တာပဲ”

မိုရေး စိတ်အနည်းငယ် သက်သာရာရသလို ဖြစ်သွားသည်။ ငယ်ငယ်ရွယ်ရွယ် လင် သေဆုံးရသည်မှာ အဖြစ်ဆိုးသည် မှန်ပါ၏။ သို့ရာတွင် သူ့ယောကျ်ားမှာ အစကတည်းက ကောင်းစွာ မကျန်းမာခဲ့သူ ဆိုရကား မေရီက သူ့ကိုချစ်၍ ယူသည်မဟုတ်ပဲ သနား၍လည်း ဖြစ်နိုင်သည်ဟု တွေးမိသည်။

“မေရီနဲ့ သူ့သမီးကလေးက ဘယ်ပြောင်းသွားကြတာလဲ”

"လိုသီယန်ဘက်က ရွာကလေးပဲ၊ မာ့ကင့်ချ်လို့ ခေါ်ကြတယ်၊ သမီးကလေးက သူနာပြုသင်တန်း တက်ချင်လို့ဆိုလား၊ ဒါနဲ့ အီဒင်ဗာရာအနားက အဲဒီရွာကလေးကို ရွှေ့သွားကြတာ၊ သည့်နောက်တော့ဖြင့် ဘာဖြစ်သွားကြသလဲဆိုတာ ကျုပ်လဲ မပြောတတ်တော့ဘူး"

မိုရေးက ထိုင်ရာမှထယင်း ကျေးဇူးတင်စကားပြောကာ ဒေါ်နယ်ဆန်၏ လက်ထဲသို့ ငွေစက္ကူ တစ်ရွက် ထိုးထည့်ပေးထားခဲ့သည်။ အဘိုးကြီးလည်း သူ၏ ဧည့်သည်အား မည်သူမည်ဝါ ဖြစ်သည်ကို သိနိုင်ရန် အားထုတ်၍ ကြည့်ယင်း "ကျုပ်မျက်စိတွေကလဲ ရှေးကလိုမကောင်းတော့ဘူးကွယ့်" ဟု ဆိုကာ တံခါးဆီသို့ အသွား၌ "မောင်ရင့်ကို ကျုပ်မြင်ဖူးသလိုလိုတော့ အရိပ်သားကွယ့်၊ ကျုပ်သိတဲ့ အထဲကလား" ဟု ဆက်မေးသည်။

"မေရီဒေါက်ကလပ်နဲ့ သူ့သမီး ကောင်းကျိုးကို ဆောင်ရွက်ဖို့ လာတဲ့ လူလို့သာ မှတ်ထားပါလေ"

သူ ကားဆီသို့ လျှောက်၍ ပြန်ခဲ့ယင်း သူမျှော်လင့်၍ လာခဲ့သည်တို့မှာ အဘယ်မျှ မရေရာကြောင်း သတိပြုမိသည်။ သူက နှစ်ပေါင်းသုံးဆယ် ကြာပြီးသည့်တိုင်အောင် မေရီမှာ ရှေးကကဲ့သို့ပင် သူ့အား ချစ်ခင်ကြင်နာ စွဲမက်နေရှာ လိမ့်ဦးမည်ဟုပင် မျှော်လင့်လာခဲ့မိသည်။

မာ့ကင့်ချ်၌ သူတွေ့ရမည့် မေရီသည် အလုပ်မပြတ်လုပ်ရလွန်း၍ ကြမ်းထော်နေသော လက်ကြီးများဖြင့် ပင်ပန်းဆင်းရဲသူ ဖြစ်သော်လည်း ကြင်နာရိပ်သမ်းသော မျက်လုံးများဖြင့် ကြည့်တတ်သူ၊ သူ့ဘဝခရီးလမ်း ကြမ်းတမ်းခဲ့သော်လည်း ဤအတွက်ကြောင့်ပင် စာနာစိတ်ပိုကာ မိုရေးကို လိုလိုချင်ချင် ခွင့်လွှတ်ကာ သူ့ အယုအယကလေးများ၌ သာယာဦးမည့် လူလတ်ပိုင်းအရွယ် မိန်းမကြီးတစ်ယောက် အဖြစ်၌သာ ရှိပေလိမ့်မည်။

မိုရေးလည်း နောက်နေ့နံနက်တွင် မာ့ကင့်ချ်သို့ ထွက်ခဲ့သည်။ ကောင်းကင်တွင် တိမ်စိုင်များ ခုန်ပျံရွေ့လျားအောင် လေတဖြူးဖြူး တိုက်ခတ်လျက်ရှိသော်လည်း သူ အီဒင်ဗာရာသို့ ရောက်ချိန်တွင် နေပွင့်လာကာ နေရောင်ခြည်တန်းများသည် တိမ်တိုက်ကို ထွင်းဖောက်၍ ရဲတိုက် သူရဲခိုများမှတစ်ဆင့် မင်းသားကြီးလမ်းမှ ပန်းဥယျာဉ်ထဲသို့ ဖြာကျလာကြ၏။

အရှေ့ဘက် လမ်းပေါ်သို့ ကားမောင်း၍ တက်ခဲ့ယင်းမှ အတိန်နမိတ်ကောင်းပင်ဟု သူတွေးလာခဲ့၏။ ဤနေရာတွင် အနီးအနားမြို့တွင်း စုဝေးပွဲတစ်ခုသို့ သွားကြသည့် မိန်းကလေး ဘင်ခရာအဖွဲ့တစ်ခု လမ်းဖြတ်ကူးရန်အတွက် ကားများကို မိနစ်အနည်းငယ်ကြာ ရပ်ပေးထားရသည်။ စကော့တလန် အမျိုးသမီးငယ်ကလေးများ ဂါဝန်တိုကလေးများ တရွှမ်းရွှမ်းဖြင့်

စစ်ချီသီချင်းများ တီးမှုတ်ကာ ချီတက်သွားကြသည်ကို မြင်ရသောအခါ မိုရေးမှာ ဝမ်းသာရွှင်လန်းရသည်။

တီးဝိုင်းအဖွဲ့ထဲမှ အချောဆုံးအလှဆုံး ဖြစ်လာမည့် သူငယ်မကလေးအချို့ကို ရွေးမြင်ကာ စကော့တလန်ပြည်၏ သယံဇာတပစ္စည်းကလေးတွေ ပါတကားဟု တစ်ကိုယ်တည်း ပြုံးယင်း စိတ်တွင်းမှ ပြောမိသည်။

သို့သော် နောက်ကကားများက ဟွန်းတီးမှ သူသတိရကာ ဆက်လက်၍ မောင်းထွက်ခဲ့ပြီးလျှင် ဂေါ့စဖို့ ပင်လယ်ကွေ့ ကမ်းနားလမ်းဆီသို့ ချိုးဝင်ခဲ့သည်။ ပင်လယ်ပြင်သည် နေရောင်တွင် တဖိတ်ဖိတ်လက်လျက်၊ ကမ်းပါးသဲပုံ ဝါဝါများ၏ ထိပ်ဆီမှ မြက်ခြောက်နှင့် ပင်လယ်ရေမှော်ဒိုက်ပုံ အနံ့သင်းသင်းကလေးတို့ကို သယ်ဆောင်လာသည့် လေအေ းကလေးကလည်း တိုက်ခတ်လျက်၊

ပင်လယ်စင်ရော်တို့ကလည်း ဖောင်မယ်ခေါ်လျက် ဝဲပျံလျက်၊ လေထဲ၌ပါလာသော ပင်လယ်ရေမှုန်များမှ ဆားငန် အရသာကလေးများကိုလည်း တွေ့ထိရလျက်။ စခန်းသင့်ရာကို ရွေးချယ်ကာ မဲ့ကင့်ချ်ရွာနှင့် ငါးမိုင်ခန့်ဝေးသော ဒေါလဟေဗင်မြို့သို့ မောင်းလာခဲ့သည်။ ထိုမြို့တွင် မရိန်းဟိုတယ်၌ အခန်းငှား၍ ရေမိုးချိုးပြီးသော် စုံစမ်းမေးမြန်းမှုများ ပြုလေတော့သည်။

ကုန်းတွင်းဘက်သို့ အနည်းငယ်မျှ မောင်းမိသောအခါ မဲ့ကင့်ချ် ရွာကလေးသို့ ရောက်ခဲ့ပြီးလျှင် လူသူကင်းမဲ့နေသည့် တစ်ခုတည်းသော ရွာလယ်လမ်းမအတိုင်း ကားကို ဖြည်းဖြည်း မောင်းခဲ့သည်။ လမ်းတစ်ဘက်တချက်၌ ပန်းနွယ်များ တက်နေသော ထုံးဖြူသုတ် တစ်ထပ်အိမ်ကလေးများ ရှိကြသည်။ လူသူတစ်ယောက်တစ်လေမှ မတွေ့ရ၊ သိုးထိန်းခွေးမွေးရှည် တစ်ကောင်သာ လမ်းဘေးတွင် ဝပ်နေသည်ကို တွေ့ရ၏။

ထို့နောက် စာတိုက်နှင့်တွ ဲလျက် ကုန်စုံဆိုင်ကလေး တစ်ဆိုင်၊ ထိုမှအလွန်တွင် ပန်းပဲဖို၊ မုန်စိမ်းတံခါးနှင့် ဆိုင်တစ်ဆိုင်၊ ထိုဆိုင်အပေါ်ထပ်၌ 'အမျိုးသမီး ဝတ်စုံဆိုင်' ဆိုင်းဘုတ်ချိတ်လျက်၊ မျက်နှာချင်းဆိုင်တွင် 'လူမှုဝန်ထမ်းဌာန' ဆိုင်းဘုတ်နှင့် ဆေးပေးခန်းကလေးနှင့် တူသည့် အခန်းတစ်ခု၊ ရှေ့ ခပ်လှမ်းလှမ်းတွင် လေးထောင့်မျှော်စင်နှင့် ဘုရားဝတ်ကျောင်း တစ်ဆောင်၊ ထိုဘုရားဝတ်ကျောင်းနှင့် တွဲလျက်၌ မီးခိုးရောင် ကျောက်တုံးများဖြင့် ဆောက်ထားသည့်

ဓမ္မဆရာ၏ အိမ်တို့ကို တွေ့မြင်ရသည်။ မိုရေးလည်း ကားကိုရပ်ကာ ထိုအိမ်၏ တံခါးမှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ဝါဖျော့ဖျော့ အသားအရေနှင့် လူလုံးခပ်သေးသေး ဓမ္မဆရာကိုယ်တိုင် တံခါးကို လာဖွင့်သည်။

သူသည် လည်ပင်းဖွာနေသော ဓမ္မဝတ်စုံနက် ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသဖြင့် စိတ်ပျက်ဖွယ်အသွင်ကို ဆောင်လျက်ရှိသည်။ သူ့လက်ထဲတွင်လည်း ကလောင်တံတစ်ချောင်း ကိုင်လျက်သားရှိသဖြင့် သူဟောမည့် ဒေသနာများကို ရေးသားလျက်ရှိသဖြင့် ထလာရသည်ဟု သိနိုင်ပေသည်။

သူက "ကျွန်တော် ဘာလုပ်ပေးရမလဲခင်ဗျာ" ဟု မေးလိုက်၏။

"ကျွန်တော် အားခတ်ဆိုတဲ့ နာမည်နဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ချင်လို့ပါ"

"ဩော်... ကျွန်တော်တို့ရဲ့ အင်မတန်တော်တဲ့ ခရိုင်သူနာပြု ဆရာမကလေးကို ပြောတာထင်တယ်၊ သူက ကျန်းမာရေးဌာနရဲ့ အပေါ်ထပ်မှာနေတယ်၊ အလုပ်အတော် များရှာပါတယ်၊ အိမ်မှာ မတွေ့ယင် ငါးနာရီနောက်ပိုင်းတော့ ဆေးပေးခန်းမှာ သူ့ကို တွေ့ပါလိမ့်မယ်"

"ဆရာပြောတာ ကျွန်တော်တွေ့ချင်နေတဲ့ မိတ်ဆွေရဲ့သမီး ဖြစ်လိမ့်မယ်၊ သူ့အမေကကော သူနဲ့ပဲ နေသလား"

"သူ့အမေ၊ ဟုတ်လား" ဟု ဆိုကာ ဓမ္မဆရာ အနည်းငယ် ဆုတ်ဆိုင်းသွားပြီးမှ "အေးဗျာ... ပြောရမှာတော့ စိတ်မကောင်းဘူး၊ သူ့အမေဆုံးတာ ကိုးလရှိပြီ၊ ဒီဘုရားဝတ်ကျောင်းဝင်းထဲမှာပဲ မြှုပ်ခဲ့ပါတယ်" ဟု ပြောလိုက်သည်။

ဤစကားများနှင့်အတူ ဘုရားဝတ်ကျောင်းမှ ခေါင်းလောင်းထိုးသံတို့သည် အမင်္ဂလာအခါ တီးသကဲ့သို့ ဆူညံအက်ကွဲစွာ မြည်ဟည်းလျက် ပေါ်ထွက်လာကြလေသည်။ သူ၏ ရှာပုံတော်ခရီးသည် ဤတွင် ပြီးဆုံးပြီ၊ ပြတ်ပြီ။ သူ့ခေါင်းထဲတွင် မိုက်ကနဲဖြစ်သွားသဖြင့် ဘေးရှိတံခါးတိုင်ကို လှမ်း၍မှီလိုက်ရသည်။

ဓမ္မဆရာက "မိတ်ဆွေရယ် အထဲကို ဝင်ထိုင်ပါဦး" ဟု ဆိုကာ အတွင်းခန်းရှိ ကုလားထိုင်တစ်လုံးဆီသို့ ခေါ်သွားလျက် "အင်း... စိတ်ကို အင်မတန် ထိခိုက်သွားသကိုး" ဟု ပြောလေသည်။

"ကျွန်တော် သူ့ကို တွေ့ရလိမ့်မယ်လို့ အများကြီး မျှော်လင့်လာပါတယ်၊ ကျွန်တော်နဲ့ သိပ်ခင်တဲ့ မိတ်ဆွေပါ"

"ဟုတ်ကဲ့၊ တကယ့် အမျိုးကောင်းသမီးကြီးပါပဲ၊ ပူပန်သောက

ဖြစ်မနေပါနဲ့တော့လေ၊ ကောင်းကင်ဘုံကျ ပြန်တွေ့ကြရမှာပေါ့”

မိုရေးက ကောင်းကင်ဘုံ ဆိုသည်ကို သိပ်ယုံကြည်သည် မဟုတ်ချေ။ မေရီကား သေလေပြီ။ သူက သစ္စာမဲ့ခဲ့သည်ဆိုသည့် အသိကို သေရာသို့ ဆောင်သွားပြီ။

ယခုကား သူ မည်သို့မှ ချစ်ကြွေးပြေအောင် ဆပ်ခွင့် မရနိုင်တော့။ သူပြုခဲ့သည့် အပြစ်၏ ကြီးလေးသော ဝန်ထုပ်ကြီးကို သူပင်ဆက်လက်၍ သယ်ပိုးသွားရတော့မည်။

မိုရေးက စိတ်ပျက်အားလျော့ ဆွေးမြည့်စွာ ဖြေမဆည်နိုင်ရှိစဉ် ဓမ္မဆရာက သွားလေသူ၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ချီးကျူးလျက် ရှိလေသည်။

“သူ့သမီးကလေးကလဲ ဘာသာတရား တယ်ကိုင်းရှိုင်းတဲ့ မိန်းကလေးပါပဲ၊ စိတ်နေစိတ်ထားလဲ မြင့်မြတ်ပါတယ်၊ ကဲ... ခင်ဗျား နည်းနည်း နေသာထိုင်သာ ရှိပြီဆိုယင် ခင်ဗျာ့မိတ်ဆွေရဲ့ မြေပုံကို သွားကြည့်မလား၊ ကျုပ်လိုက်ပြမယ်လေ”

ဘုရားဝတ်ကျောင်း နောက်ဘက်ရှိ သင်္ချိုင်းထဲသို့ ဝင်ခဲ့ကြသောအခါ သာမန် လက်ဝါးကပ်တိုင်ကလေး တစ်တိုင်ဖြင့် မှတ်သားထားသည့် မေရီ၏ မြေပုံကလေးကို တွေ့ရသည်။

ဓမ္မဆရာက “ခင်ဗျားလဲ ကျုပ်တို့နဲ့ တစ်ဂိုဏ်းတည်းလို့ပဲ ထင်ပါတယ်၊ အသလိုဆိုယင် တနင်္ဂနွေနေ့ကျတော့ ဒေသနာတော်တွေကို လာနာလှည့်ပါဦးလေ၊ ဝေဒနာမှန်သမျှဟာ ဘုရားသခင့် စကားတော်များကို ကြားနာရုံနဲ့ ပျောက်ကင်း ချမ်းသာပါလိမ့်မယ်၊ ကျုပ်နာမည်က ဖော်သာရင်ဂေး၊ မက်သယူး ဖော်သာရင်ဂေးပါ၊ လိုတာရှိယင်ပြောပါ” ဟု ဆိုကာ ဦးညွှတ်လျက် အလိုက်သိစွာ အသာအယာ ထွက်ခွာသွားလေသည်။

မိုရေးလည်း မြက်ပင်များ ဖုံးအုပ်နေသော ရှည်လျားလျား မို့မောက်မောက် မြေပုံကလေးကို ငုံ၍ စိုက်ကြည့်နေမိလေသည်။ ဤမြေပုံကလေးထဲ၌ ငယ်စဉ်က သူပွေ့ပိုက်ယုယခဲ့သည့် မေရီ၏ခန္ဓာကိုယ်ကလေး ရှိသည်။

ရှေးယခင် သူနှင့်ဆေးရုံသွားကြည့်ကြပြီးနောက် တောလမ်းက ပြန်ခဲ့ကြသောနေ့က မေရီ။ လန်းဆန်းကြည်လင်၍ မည်းနက်သော မျက်လုံးဝိုင်းကြီးများ၊ နီညိုရောင်ဝင်းနေသည့် ဆံပင်များနှင့် မေရီ။ ထို မေရီ၏ ရုပ်အသွင်ကို သူ့အာရုံထဲတွင် ထင်မြင်၍ ကြည့်နေမိလေသည်။

သူ စိတ်ကို မတင်းနိုင်တော့သည့်အဆုံးတွင် မြေပုံထိပ်မှ လက်ဝါးကပ်တိုင်ကလေးကို မှီ၍ငုံ့ကာ မျက်လုံးများကို မှိတ်ထားလိုက်ရလေ၏။

ကျောက်စရစ်လမ်းပေါ်တွင် လျှောက်လာသည့် ခြေသံကို ကြားလိုက်ရမှ သူအိပ်ရာက နိုးလာသူပမာ ခေါင်းကို မော့ကြည့်လိုက်ရာ သူ့မှာ ရုတ်တရက် လဲကျသွားမတတ်အံ့အားသင့်ရလေသည်။

မေရီဒေါက်ဂလပ်သည် ပန်းဖြူပွင့်ကလေးများဖြင့် ပန်းခိုင်တစ်ခိုင်ကို လက်တွင်ကိုင်လျက် သူ့ရှေ့တွင် ရပ်နေသည်။ ယခုကလေးတွင်ပင် သူ့အာရုံထဲ၌ ထင်မြင်တမ်းတ နေမိသော မေရီ၏ရုပ်သွင်အတိုင်း တသဝေမတိမ်းသည့် မေရီဖြစ်၏။

သူ အော်ဟစ်လိုက်ရန် အားထုတ်ကြည့်သော်လည်း အသံက ထွက်မလာ။ နောက်မှ ခေါင်းထဲတွင် ဝေဝေဝါးဝါးဖြင့်ပင် ဤသူငယ်မကား မေရီ၏ သမီးဆိုသူ ဖြစ်လိမ့်မည်ဟု သတိရလေတော့သည်။မိန်းကလေးက မိုရေးထံသို့ လျှောက်လာကာ စိုးရိမ်သည့် အမူအရာဖြင့် "ကျွန်မလာလို့ လန့်သွားတယ်နော်" ဟု ဆိုရှာသည်။

"ဟုတ်... ဟုတ် တယ်၊ လုံးလုံး မမျှော်လင့်ပဲ ရုတ်တရက်ဆိုတော့..."

"အခုပဲ လမ်းမှာ ကျွန်မတို့ဓမ္မဆရာနဲ့ တွေ့ခဲ့တယ်၊ ရှင်က ကျွန်မမေမေရဲ့ မိတ်ဆွေကိုး"

"မင်းတို့ မိသားစုအားလုံးရဲ့ မိတ်ဆွေပါကွယ်၊ ကျုပ်မှာ အိုးမဲ့အိမ်မဲ့ ဆင်းဆင်းရဲရဲ ကျောင်းသားဘဝက ကျုပ်အပေါ်မှာ အင်မတန် ကောင်းခဲ့တဲ့ လူတွေပါ"

မိန်းကလေး၏ မျက်နှာပေါ်တွင် သနားကြင်နာသည့် အမူအရာကလေးများ ပေါ်လွင်နေကြသည်။ သူ့အမေ၏ မြေပုံတွင် ပူဆွေးသောက ဖြစ်နေသည်ကို မြင်ရကတည်းက မိုရေးအပေါ်တွင် ကြင်နာသနားစိတ်များက ဝင်ပြီးဖြစ်ကြောင်း ထင်ရှား၏။

"ဒီလိုဆိုယင် ရှင် ကျွန်မအဘိုး ဂျိမ်းဒေါက်ဂလပ်ကိုလဲ သိမှာပေါ့"

"တကယ့် ခင်မင်စရာ လူပေါ့ကွယ်"

မိန်းကလေးက ပိုမိုရင်းနှီးလာသည့် လေသံဖြင့် "ဒါဖြင့် အန်ကယ်ဝီလီကိုကော..." ဟု ဆက်မေးသည်။

"ဝီလီနဲ့ ကျုပ်တို့ဟာ အခင်ဆုံး သူငယ်ချင်း နှစ်ယောက်ပေါ့ကွယ်" ဟု ဆိုကာ ရုတ်တရက် ဝီလီနှင့်ခင်မင်သည်ကို ပိုမိုထင်ရှားစေသည့် အဖြစ်ပေါ်အောင် ပြောပြဖို့ စိတ်ကူးရသဖြင့် "ဝီလီနဲ့ကျုပ် တစ်အိပ်ရာတည်း အိပ်နေကျ၊ ညဥ့်ညဥ့်ဆို မိုးချုပ်သန်းခေါင် မပြီးနိုင်အဆုံး စကားပြောဖော်ပေါ့၊ ဝီလီဟာ တကယ်

တော်တဲ့ကလေးကွယ့်” ဟု ပြောလိုက်သည်။

“ဟုတ်တယ်၊ ဒါကိုတော့ ကျွန်မ ယုံပါတယ်”

ထို့နောက် တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ မိုရေးမှာ သူတွေ့ကြုံနေရသည့် ကံကြမ္မာ အခိုက်အလှည့်တွင် ဘဝင်မကျနိုင်သေးအောင် ရှိလေသည်။ မေရီ သေဆုံးသွားသည့်အတွက် ယူကျုံးမရ ဖြစ်ရသော်လည်း သူ့နောင်တကြွေးကို အမေ့အစား သမီးကလေးကိုပင် ပေးဆပ်ရတော့မည်ဟု အောက်မေ့မိသည်။ ဤသို့ဆိုလျှင် သူ၏ရှာပုံတော်လမ်း ဤတွင်မဆုံးသေးဟု ဆိုရပေမည်။

“ကိုယ်တိုင်ပဲ မိတ်ဆက်ပါရစေတော့ကွယ်၊ ကျုပ်နာမည်က ဒေးဗစ်မိုရေးတဲ့”

မိန်းကလေး၏ မျက်နှာအမူအရာ တစ်စုံတရာ မပြောင်း။ မိုရေးကမ်းပေးလိုက်သည့် လက်ကို လှမ်းယူလိုက်မှ မိုရေးမှာ ရင်တမမ ရှိရာမှ စိတ်အေးသွားကာ သက်ပြင်းချနိုင်တော့သည်။

သူ့အကြောင်း မိန်းကလေး ဘာမှမသိပေ။ သူ ဘာဖြစ်လို့များ သံသယ ဖြစ်ခဲ့မိပါလိမ့်။ မေရီသည် သူ့သမီးအား မည်သို့မှ ဖွင့်ပြောခဲ့မည်မဟုတ်။ ဤလျှို့ဝှက်ချက်ကို သူ၏ကြေကွဲသွားသော အသည်းနှလုံးကြားတွင် ထာဝစဉ်သိမ်းမှီး၍ ထားလိုက်ပြီး ဖြစ်ပေမည်။

မိန်းကလေးက မရဲတရဲပင် “ကျွန်မနာမည်က ကေသီအားခတ်ပါ” ဟု ပြောလိုက်သည်။ မိုရေးက သူ၏တစ်ဘက်သားအား သိမ်းသွင်းနိုင်သော အပြုံးဖြင့် ပြုံးပြကာ “ဒီလိုဆို မိသားစုရဲ့ မိတ်ဆွေဟောင်း တစ်ယောက်အနေနဲ့ ‘ကေသီ’ လို့ပဲ ခေါ်ပါရစေတော့ကွယ်” ဟု ဆိုလိုက်လေ၏။

မိန်းကလေးက လက်ဝါးကပ်တိုင်ရှေ့တွင် သူယူလာသော ပန်းခိုင်ကလေးတင်နေစဉ် မိုရေးက ကြည့်နေသည်။ မိန်းကလေးမှာ ခေါင်းဆောင်းမပါ။ အပြာနုရောင် သူနာပြုဝတ်စုံပေါ်တွင် အပြာရင်ရောင် အပေါ်ဝတ် ကုတ်အင်္ကျီ ခပ်နွမ်းနွမ်းကို ထပ်ဝတ်ထားသည်။

ဖိနပ် တစ်ဘက်မှာလည်း ပေါက်၍ ဖာထားသည်။ ဤသို့ နွမ်းပါးချွေတာရသည့် လက္ခဏာကလေးများကို မြင်လိုက်ရသောအခါ သူသနားသွားသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်က လှုံ့ဆော်သဖြင့် ‘ငါ အကုန်ပြောင်းလဲပစ်မယ်’ ဟု သူ့ကိုယ်သူ ပြောနေမိလေသည်။ မှန်ပါသည်။

သူ့ကံကြမ္မာက ဖန်တီးပေးလိုက်သဖြင့် သူ့အတွက် အမျက်ဖြေခွင့်သည်

ဤ၌တွင် မျက်ဝါးထင်ထင် ဆိုက်ရောက်၍ လာခဲ့ပါပြီ။

မိန်းကလေးက မတ်မတ် ပြန်ရပ်လိုက်ပြီးလျှင် "ကဲ... ရှင့်၊ အားလုံး သေသေသပ်သပ် ဖြစ်သွားပြီ" ဟု အပြုံးဖြင့်ပြောယင်းမှ တစ်ဖန် မရွံ့မရဲ ဆုတ်ဆိုင်းဆိုင်းနေပြီးနောက် "ကဲ... ကျွန်မနဲ့ အိမ်ကိုလိုက်ပြီး လက်ဖက်ရည်ကလေး တစ်ခွက်လောက် သောက်ပါဦးလား" ဟု ဖိတ်ခေါ်လိုက်လေသည်။

ဆေးပေးခန်း၏ အပေါ်ထပ်ရှိ ကေသီ၏ အခန်းတွင် ကေသီက မီးဖိုခန်းကလေးထဲသို့ ဝင်သွားသောအခါ မိုရေးလည်း တစ်ယောက်တည်း ထိုင်လျက် အခန်းတွင်းအနှံ့ စောင်းငဲ့ ကြည့်နေမိလေသည်။ ကြမ်းပြင်ကို ပြောင်အောင် တိုက်ထားသော်လည်း အခင်းမရှိ။

ပရိဘောဂလည်း နည်းပါးလှ၏။ စားပွဲငယ်တစ်လုံးနှင့် ကုလားထိုင်အကြမ်း သုံးလေးလုံးမျှ ရှိကြသည်။ နံရံဖြူဖြူတို့တွင်ကား ဘာသာရေး စာစောင်တစ်ခုမှ ဖြတ်ယူ၍ ဘောင်သွင်း ချိတ်ထားသော ပန်းချီကျော် လီယယ်၏လက်ရာ 'ခရစ်တော် အသွင်ပြောင်းခြင်း' ပုံကားတစ်ချပ်သာ ရှိသည်။

စာအုပ်စင်ပေါ်တွင် အများအားဖြင့် သူနာပြုစုနည်း စာအုပ်များနှင့် သမ္မာကျမ်းစာတစ်အုပ် အပါအဝင် စာအုပ်အနည်းငယ် ရှိကြသည်။ မီးလင်းဖို နဖူးစည်းပေါ်တွင် တောမည်ိုးလုံးပန်းကလေးများ ထိုးထားသည့် ပန်းစိုက်အိုးတစ်လုံး ရှိ၏။

အခန်းကလေးမှာ သန့်ရှင်းသည်၊ အသင့်အတင့် တောက်ပြောင်သည်ဟု ဆိုရစေဦးတော့ ငွေကြေး မချောင်လည်သည့် လက္ခဏာများက ပေါ်လွင်လျက်ပင်ရှိကြသည်။

ထိုစဉ် ကေသီ ယူလာသော လက်ဖက်ရည်ဗန်းထဲတွင်ကာ ပေါင်မုန့်ထောပတ်သုတ် တစ်ပန်းကန်သာ ပါလာသည်။ မိုရေး ရုတ်တရက် တက်ကြွလာသော စိတ်ဖြင့် 'ကလေးမ ဆင်းရဲလေလေ သူက ပိုပြီး မစနိုင်လေလေပဲ' ဟု အောက်မေ့နေမိလေ၏။

ကေသီက လက်ဖက်ရည် ငှဲ့ထည့်ပေးယင်း "ရှင်လာမယ်ဆိုတာ သိထားယင် ဖွယ်ဖွယ်ရာရာလုပ်မထားရပါလားရှင်" ဟု ပြောကာ "ကဲ ရှင်၊ ရှင့်အကြောင်း ပြောပြပါဦး" ဟု ဆိုလိုက်၏။

"ကျုပ်က နှစ်ပေါင်းများစွာ နိုင်ငံခြား ရောက်နေတာ၊ အမေရီးကားမှာ အနေများတယ်"

“ဟြော်… ကျွန်မကတော့ အာဖရိကားလို့ ပြောလိမ့်မယ် မျှော်နေတာ၊ အဲဒီမှာ အန်ကယ်ဝီလီ ရှိနေတယ်လေ၊ သူက အန်ဂိုလာမြောက်ဘက် နယ်စပ်က ကွီးဗူးမှာ”

မိုရေးက စိတ်သက်သာရာ ရသွားသည်။ ဝီလီကား သူ့ကို မုချ သိမည်။ အချိန်မသင့်မီ ရုတ်တရက် တွေ့ဆုံလိုက်ရပါမှ မဖွယ်မရာ ပြဿနာတွေ တက်လာနိုင်သည်။

“ဝီလီကတော့ ချာတိတ်ကတည်းကကို အာဖရိကားဆို အရူးအမူးပဲ” ဟု ပြောပြီးမှ “ဒါပေမယ့်ကွယ် အန်ဂိုလာဆိုတော့ နည်းနည်းများ ခေါင်မနေဘူးလား” ဟု ဆိုလိုက်သည်။

“ခေါင်တာရော ဘာရောအကုန်ပေါ့ရှင်၊ အန်ကယ် ဝီလီလဲ နှစ်အတော်ကလေး ကြာအောင် ဒုက္ခသုက္ခတွေ ကြုံခဲ့ရသေးတာပေါ့”

‘ဝီလီ ဘာကိစ္စ အာဖရိကား ရောက်နေပါလိမ့်၊ သတ္တုတွင်း စိန်တွင်းများ တူးနေသလား၊ ဒါမှမဟုတ် အင်ဂျင်နီယာ အလုပ်နဲ့များလား’ ဟု တွေးနေမိသော်လည်း သူ မမေးတော့။

“ကဲ… မင့် အလုပ်အကြောင်းလဲ ပြောပြပါဦး” ဟုသာ မေးလိုက်လေသည်။

ကေသီက မပြောပလောက်သည့်အကြောင်း ပြောရမည်ကို ရှက်စနိုးအမူအရာ ပြလိုက်ပြီးမှ “ခရိုင် သူနာပြု အလုပ်ရိုးရိုးပါပဲ၊ တစ်အိမ်တက် တစ်အိမ်ဆင်း အိမ်သားတွေ နေကောင်း မကောင်း လိုက်ကြည့်ရတဲ့ အလုပ်မျိုးပေါ့၊ တောပိုင်းကိုတော့ တစ်ခါတလေ ဘိုင်စကယ်နဲ့ တစ်ခါတလေ

ခြေကျင်လျှောက်၊ ပြီးတော့ ကျန်းမာရေးဌာန ဆေးပေးခန်းမှာ ကိုယ်ဝန်ဆောင်တွေ မီးမဖွားခင်နဲ့ မီးဖွားပြီး စောင့်ရှောက်တဲ့ အလုပ်တို့၊ ကလေးဆေးကုခန်း အလုပ်တို့ပေါ့၊ ဒေါ်လဟေဗင် ဆေးရုံမှာလဲ တစ်လှည့် ဝင်ပေးရသေးတယ်” ဟု ပြောပြသည်။

“ဟဲ့ ဒီလိုဆို မင့်အလုပ်တွေကလဲ များလွန်းလှချေလားကွယ်”

ကေသီက ရွှင်ပျစွာပင် “အလုပ်များတာ ကောင်းတာပေါ့ရှင်၊ ကျွန်မမှာ ကြာသပတေးနေ့ မွန်းလွဲပိုင်း နားရပါတယ်၊ တစ်နှစ်ကို သုံးပတ် အားလပ်ခွင့် ရပါတယ်” ဟု ပြန်ပြောသည်။

“ဒီလိုဆို မင့်အလုပ်ကို မင်း နှစ်သက်တယ်ပေါ့”

ကေသီက ခေါင်းညိတ်ပြလိုက်၍ “ဒါပေမယ့် ကျွန်မမှာ ဒီထက်ကောင်းတာ

တစ်ခုတော့ ကြံစည်ထားသေးတယ်” ဟု ပြောပြန်သည်။

မိုရေးမှာ သူ့ အတွေးနှင့်သူ စိတ်ပူပန်သွားသဖြင့် “အိမ်ထောင်ပြုဖို့ ပြောတာလား” ဟု မေးလိုက်၏။ ကေသီက ရယ်လိုက်ယင်း “အမယ်လေး မဟုတ်ရပါဘူးရှင်၊ ဒီအနီးအနား တစ်ဝိုက်မှာတော့ စနေနေ့ညဥ့် ကပွဲသွားဖို့လောက်က လွဲလို့ ဘာမှ မစဉ်းစားတတ်တဲ့ လယ်ထဲက ကောင်ကလေးတွေက လွဲလို့ ကျွန်မ လက်ထပ်ဖို့လူ ဘယ်ရှိမှာလဲ၊ ပြီးတော့ ကျွန်မ ဒီအလုပ်ကို တစ်သက်လုံး လုပ်သွားဖို့ ဆုံးဖြတ်ထားတော့ ဘယ်သူ့အတွက်နဲ့မှ ကျွန်မအလုပ်ကို မစွန့်လွှတ်နိုင်ပါဘူးရှင်” ဟု ပြောသည်။

မိုရေး၏ စိတ်ကြိုက်အတိုင်းပင် ဖြစ်သည်။ စိတ်ဝင်စားစရာ မရှိသော်လည်း ကောင်းမြတ်သော အလုပ်မျိုးတွင် သံယောဇဉ်တွယ်လျက် တစ်ယောက်ထီးတည်း နေသွားသည့် ဘဝ၊ ကေသီ့ကို သူ အမွေစား အမွေခံအဖြစ် မွေးစားလိုက်ရမလား၊ ကေသီ့အတွက်ဆို သူ လုပ်မပေးနိုင်တာဘာရှိသလဲ။

သောက်ပြီးသွားသော လက်ဖက်ရည် ပန်းကန်များကို သိမ်းဆည်းနေသည့် ကေသီအား မိုရေးက အကဲခတ်နေမိသည်။ စင်စစ် ကေသီသည် သူ့အမေနှင့် တထေရာတည်းတူသည်ကား မဟုတ်။

မျက်နှာအမူအရာတွင် ကွဲလွဲသည်။ ကေသီက ပို၍ ဣန္ဒြေကြီးဟန်ရှိကာ နှုတ်ခမ်းလည်း ပိုပြည့်သည်။ ကွေးညွတ်သည်။ အလွန် ပြုံးခဲသည်။ ပြုံးမည့်ပြုံးပြန်လည်း မိုရေးမြင်ဖူးသမျှတွင် အလှဆုံး အပြုံးဟု ဆိုနိုင်လောက်သည်။

သို့ရာတွင် မိုရေးသဘောနှင့် အတွေ့ဆုံးမှာ ကေသီ၏ သနားစဖွယ် ငယ်မူငယ်သွေးပင် ဖြစ်သည်။ မေရီသည် သန်မာကျစ်လျစ်သော မိန်းကလေးဖြစ်သည်။ ကေသီက သေးသေးသွယ်သွယ်ဖြင့် နုနယ်ပျို့မျစ်သည်ဖြစ်ရာ ကာကွယ် စောင့်ရှောက်ပေးလိုသည့် စိတ်ဆန္ဒများကို လှုံ့ဆော် ပေးနေသကဲ့သို့ ရှိသည်။

သွားလေသူအား ကဲ့ရဲ့နှိမ့်ချလို၍ကား မဟုတ်။ သို့သော် ကေသီက သူ့အမေထက် ပိုမိုလေးနက်တည်ငြိမ်၍ ပိုမိုသိမ်မွေ့သော နှလုံးသား ရှိသည်ဟု သူ ဆုံးဖြတ်ချက် ချမိလေသည်။ ကေသီ၏ ဆေးပေးခန်းက ၅ နာရီတွင် စသည်ဆိုသည်ကို သတိရသဖြင့် နာရီကိုကြည့်ယင်းထိုင်ရာမှထကာ “ကေသီရေ၊ ကျုပ်လဲ တော်တော့ကို ကြာသွားပြီကွယ်၊ မင့်လူနာတွေက မင်းကို စောင့်နေကြရော့မယ်” ဟု ပြောလိုက်သည်။

“နည်းနည်းပါးပါး စောင့်ရတာကို ငြိုငြင်ကြမှာ မဟုတ်ပါဘူး”

"ကဲ... ဒါဖြင့် အခု တွေ့ရတာဟာ နောက်တွေ့ရဦးမယ့် အကြိမ်တွေ အများကြီးထဲက ပထမ တွေ့ရတဲ့ အကြိမ်ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်တယ်ဆိုတာ ပြောပါရစေကွယ်၊ မင်းတို့ မိသားစု ကျုပ်အပေါ် ကောင်းခဲ့သမျှ ကျုပ် အများကြီး ကျေးဇူးပြန်ဆပ်ရဦးမယ်ကွယ့်"

သူ ဟိုတယ်သို့ ကားမောင်း၍ ပြန်ခဲ့သည်တွင် ဝမ်းနည်းဝမ်းသာဖြစ်၍ လာခဲ့ရသည်။ သူ့ကိုတွေ့လျှင် ဒေါသဖြင့်အပြစ်တင်အံ့သော အသက်အရွယ်ကြီးရင့်နေသူ မိန်းမတစ်ယောက်ကို မတွေ့ရဘဲ သူ့အကူအညီ လိုအပ်နေသော အလုပ်ပင်ပန်းသည့် ဆင်းရဲသမီး မိန်းကလေးကို တွေ့ခဲ့ရသည်။ အမေကို အဆုံးအရှုံးခံလိုက်ရ၍ သူ ရင်ဆို့အောင် နာကျင်ခဲ့ရသော်လည်းအမေ့ကိုယ်စား သူနှင့်သာရလျှင် သူ့သမီးဖြစ်ရမည့် ချစ်စရာသမီး အလိမ္မာလေးကို ရခဲ့သည်။ ထာဝရအရှင်၏ စောင့်ရှောက်တော်မူခြင်းကား ဆန်းပြားနက်နဲ၍ နားလည်ရန် ခက်ခဲပါဘိခြင်း။

ထိုနေ့ညနေတွင် သူသည် ဆွစ်ဇာလန်သို့ တယ်လီဖုန်းဆက်ကာ အာထူရိုအား သူ့အတွက်နောက်ထပ် အဝတ်အစားများကို လေယာဉ်ပျံဖြင့် တင်ပို့ပေးရန် ပြောလိုက်သည်။

တယ်လီဖုန်းတွင် အာထူရိုက အားလုံးအဆင်ပြေကြောင်း မဒမ်အော်လတီရှိဖာ နှစ်ခါ တယ်လီဖုန်းဆက်ကြောင်း သတင်းပေးသည်။

နောက်နေ့တွင် မိုရေး တယ်လီဖုန်း ထပ်ဆက်ပြန်သည်။ ဤတစ်ကြိမ်တွင် အီဒင်ဗာရာ ပန်းဆိုင်သို့ဖြစ်၏။ များမကြာမီပင် အရိုးရှည် နှင်းပန်းများဖြင့် တခမ်းတနား ပြုလုပ်ထားသော ပန်းခွေကြီးတစ်ခွေ လာပို့သည်။ ထိုပန်းခွေကြီးကို သူ မာ့ကင့်ချ်သင်္ချိုင်းသို့ ယူသွားကာ မေရီ၏ မြေပုံ လက်ဝါးကပ်တိုင်အောက်တွင် တရိုတသေချလိုက်သည်။ တနင်္ဂနွေနေ့ ဖြစ်သော နောက်နေ့တွင်ကား သူသည် မာ့ကင့်ချ် ဘုရားဝတ်ကျောင်းသို့ တရားနာရန် သွားလေသည်။

သူ ဘုရားဝတ်ကျောင်း မတက်သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အမေရိကန်တွင် နေစဉ်ကဆိုလျှင် တနင်္ဂနွေနေ့များ၌ ဘာတီနှင့်အတူ ဂေါက်သီးရိုက်သည့်အခါ ရိုက်၍ သူ့ခုတ်ခွဲခန်းသို့ သွားသည့်အခါ သွားနေလေ့ရှိသည်။ ယခုသို့ တနင်္ဂနွေနေ့တစ်နေ့တွင် သူသည် ကုမ္ပဏီအတွက် အမြတ်ငွေ အမြောက်အမြား ရရှိစေသည့် ရေမွှေးတစ်မျိုး ဖော်နည်းကို သူတွေ့ရှိခဲ့သည်။

လွန်ခဲ့သည့် ဆယ့်ငါးနှစ်ဆီက တစ်ခုသော သောကြာနေ့တွင် သူ့ဇနီးဒေါရစ်အား ဝီလင်းစကီး၏ စိတ္တဇဆေးရုံသို့ တင်ထားခဲ့ရပြီးနောက် သူသည် နယူးယောက်မြို့တွင်း ပဉ္စမရိပ်သာ လမ်းကျယ်ကြီးရှိ

စိန်တောမတ်ဘုရားဝတ်ကျောင်းကြီးထဲသို့ အသာလျှို၍ ဝင်ခဲ့သည်။

သူကိုယ်တိုင် စိတ္တဇဝေဒနာသည် ဖြစ်လုနီးပါး စိတ်ဓာတ်ကျဆင်းနေခိုက် ဖြစ်သဖြင့် အားကိုးအားထား ရလိုရငြား ဘုရားဝတ်ကျောင်းထဲသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ သူသည် နောက်ခုံတန်းများ၌ ရှိသေစွာ ဝပ်စင်းလျက် ခပ်မှောင်မှောင် ပလ္လင်ဆီသို့ စိတ်မလုံမလဲဖြင့် မျှော်ငေးကြည့်ခဲ့ရသည်။

မျက်ရည် တစ်ပေါက်နှစ်ပေါက် ကျခဲ့ရသည်။ သို့ရာတွင် အကျိုးကျေးဇူး တစ်စုံတရာမှ သူ့တွင် မထင်ပဲ သူ ပြန်ထွက်လာခဲ့ရသည်။

ယခု သူ့စိတ်အခြေအနေက ပိုမို ချမ်းမြေ့သာယာပါသည်။ အက်ကွဲနေသော ခေါင်းလောင်းသံဖြင့် ဆင့်ခေါ်လိုက်သောကြောင့် ဟိုနားတစ်ယောက် သည်နားတစ်ယောက် ကျိုးတိုးကျဲတဲ ထွက်လာကြသော ဝတ်ပြုပရိသတ်တို့ အားကိုးတကြီးဖြင့် ဦးတည် သွားနေကြသည့်

ဘုရားဝတ်ကျောင်းကလေးဆီသို့ မိုရေးလည်း ချဉ်းကပ်လာခဲ့၏။ အတွင်းသို့ သူဝင်ခဲ့သည်တွင် ကေသီက သူ့အားမှတ်မိ၍ တစ်ချက်မျှ လှမ်းကြည့်ပြီးမှ ပြန်ငုံ့သွားသဖြင့် သူ ကျေနပ်သွားသည်။

အဖွင့်ဓမ္မသီချင်း ဆိုစဉ်နှင့် ဆိုပြီးချိန်တို့၌ လည်းကောင်း၊ ဓမ္မဆရာ ဖော်သာရင်ဂေး၏ ငြီးငွေ့ဖွယ် ဒေသနာတော် ဟောနေစဉ်၌ လည်းကောင်း မိုရေးသည် ကျေးရွာမှ ကလေးများနှင့်အတူ ထိုင်နေသည့် ကေသီအား အကဲခတ် ကြည့်နေမိသည်။

အလွန်ဆော့သော ကလေးများကို ကေသီနိုင်အောင် ထိန်းနိုင်ပုံ၊ စိတ်ရှည်ပုံတို့ကို များစွာသဘောကျ နေမိလေသည်။ ကေသီ၏ မျက်နှာတစောင်းကို မြင်ရသည်မှာ ရှေးအီတာလျံ ပန်းပုဆရာတို့၏ ကျောက်ဆစ်လက်ရာကဲ့သို့ တိရိပြတ်သားလှပေသည်။

ဝတ်ကျောင်း၏ အပြင်ဘက်တွင် မိုရေးလည်း ကေသီအား စောင့်နေလေသည်။ ပုပုတုတ်တုတ် အသားနီစပ်စပ် မျက်နှာဝိုင်းဝိုင်း စူးရှသော မျက်လုံးပြာပြာ မစ္စက်ဖော်သာရင်ဂေးနှင့်အတူ ကေသီထွက်လာသည်။ မိတ်ဆက်ပေးပြီးနောက် များမကြာမီ မစ္စတာဖော်သာရင်ဂေး

ရောက်လာသည်။ မိုရေးက "တကယ်မွန်မြတ်တဲ့ တရားတော်ပါပဲဆရာ၊ ဒေသနာကို နာယင်းက ကျွန်တော် အယင် နယူးယောက်က စိန့်တောမတ် ဘုရားဝတ်ကျောင်းထဲမှာ ကြုံခဲ့ရတဲ့ ဘာသာရေးဆိုင်ရာ စိတ်ခံစားရပုံမျိုးကို သတိရမိပါတယ်ခင်ဗျာ" ဟု ပြောလိုက်သည်။

ဖော်သာရင်ဂေး အလွန်သဘောကျသွားကာ မျက်နှာများပင် နီမြန်းလာသည်။

"ကျွန်တော်တို့တောက ဝတ်ကျောင်းကိုလာပြီး တရားနာတာ ကျေးဇူး တင်လှပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ခေါင်းလောင်းခများမလဲ ပြင်ပက ဝတ်ပြုသူ များများလာအောင် မနှိုးဆော်နိုင် ရှာတော့ဘူးခင်ဗျ၊ ခေါင်းလောင်းချိတ်တဲ့ ထုပ်တန်းက မနှစ်ကဆွေးပြီး ပြုတ်ကျလို့ ခေါင်းလောင်းလဲ အက်၊ ကျေးရွာကလဲ ဆင်းရဲတော့ ဒီခေါင်းလောင်း ပြန်သွန်းဖို့အတွက် ပေါင်ရှစ်ဆယ်ဆိုတဲ့ ငွေကိုလဲ ဘယ်ကလာ တတ်နိုင်ကြလိမ့်မလဲ" ဟု သူက လမ်းလျှောက်ယင်း ပြောပြသည်။

ထို့နောက် တစ်ခဏမျှ ကြောင်အမ်းအမ်းဖြင့် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ပြီးမှ မိုရေးက ချိုသာစွာပင် "ကျွန်တော် ခင်ဗျားတို့ သုံးယောက်စလုံးကို ဒီကနေ့ ညနေစာ စားဖို့ ဖိတ်ပါတယ်ခင်ဗျာ၊ လာနိုင်ကြတယ် မဟုတ်လား" ဟု မေးလိုက်သည်။

ဖော်သာရင်ဂေးက "ကျေးဇူးတင်လှပါတယ် ခင်ဗျာ" ဟု ပြောကာ သူ့ဇနီးအား တစ်ချက် လှမ်းကြည့်လိုက်၍ "ဘယ့်နှယ်လဲဟေ့၊ အိမ်က အသားကြော် နက်ဖြန်အတွက် ထားလိုက်ပေါ့၊ ပြီးတော့ ကနေ့အဖို့ ပန်းကန် အဆေးရလဲ သက်သာတာပေါ့" ဟု ဆက်ပြောလိုက်၏။

"ကျွန်မအဖို့တော့ အကြိုက်ပေါ့ရှင်၊ အိမ်ကလူကတော့ တရားဟောရယင် စားသောက် ကောင်းသတဲ့၊ ကျွန်မမှာတော့ ချက်ရပြုတ်ရတာနဲ့ပဲ စားချင်သောက်ချင်စိတ် ကုန်တာပဲ"

ကေသီလည်း သဘောကျပုံ ရသည်။ မိုရေးလည်း သူတို့အားလုံးကို ကားထဲတွင် နေရာချပေးကာ မစ္စက်ဖော်သာရင်ဂေးက ရှေ့ခန်းတွင် သူ့ဘေးက ထိုင်လျက် ကားကိုမောင်းထွက်ခဲ့သည်။

ဖော်သာရင်ဂေး ဇနီးမောင်နှံကို ခင်အောင် မင်အောင် သူ့ဘက်ပါအောင် လုပ်ရမည်ကို သူ အစကပင် သိထားပြီး ဖြစ်လေသည်။

ဟိုတယ် စားသောက်ခန်းတွင် သူတို့ မီးလင်းဖိုနားရှိ စားပွဲတစ်လုံးရသည်။ အစားအစာများမှာ ရိုးရိုးပင် ဖြစ်သော်လည်း ပထမတန်းစားများ ဖြစ်ကြသည်။ စကော့ဟင်းချို၊ သိုးမိုးခိုသား၊ အလူးပြုတ်၊ ပဲပြုတ်၊ ရှယ်ရီဝိုင်အနံ့ကလေးဖြင့် ထုံလျက် ပြည်တွင်းဖြစ် မလိုင်မြှုပ်အုပ်ထားသည့် အချိုမုန့်၊ စကောတလန်ဖြစ် ဒန်းလော့ဒိန်ခဲနှင့် စကောတလန် မုန့်ပြားပူပူတို့ ဖြစ်ကြ၏။

ဖော်သာရင်ဂေး ဇနီးမောင်နှံတို့ မြိန်ရှက်စွာ စားသောက်ကြသည်ကို

တွေ့ရသည်။ သို့သော် မိုရေး စိတ်အကျေနပ်ဆုံးမှာ အာဟာရဓာတ်ပါသော ထိုအစားအစာများကို စားလိုက်၍ ကေသီ၏ ပါးပြင်ကလေးများ စိုပြည်လာကြကာ သူ့မျက်လုံးများ တောက်ပြောင်လာကြ၍ သူ့အပြုံးပိုမို ဖော်ရွေလာခြင်းပင် ဖြစ်လေသည်။

'ကောင်မလေးဟာ စိတ်အစာချည်း သက်သက် မက်တဲ့ဟာမျိုးလေး မဟုတ်လို့ တော်ပါသေးရဲ့' ဟု မိုရေး တွေးလိုက်မိသည်။

ထိုအတောအတွင်း သူက အမေရိကန်အကြောင်း၊ ဆွစ်ဇာလန်ပြည် ရွှမ်းဆီးရေအိုင် အထက်၌ရှိသော သူ့အိမ်အကြောင်းတို့ကို ပြောပြကာ သူ့ညှော်သည်များကို ဖျော်ဖြေလျက် ရှိလေသည်။

မစ္စက်ဖော်သာရင်းဂေးက "ကြားရတဲ့အတိုင်း ဆိုယင် သိပ်ကိုလှတဲ့ နေရာကလေးပဲနော်၊ သည်လိုလှတဲ့ နေရာမျိုးမှာ နေရတာ ရှင်သိပ်ကံကောင်းတဲ့လူပဲ" ဟု ပြောသည်။

"ကံကောင်းတယ်ဆိုလဲ ဟုတ်ရဲ့၊ ဒါပေမယ့် တစ်ယောက်တည်း ပျင်းလှတယ်ဗျာ၊ ကျွန်တော် မုဆိုးဖိုဖြစ်ရတာ နှစ်အတော်ကြာပြီဗျ"

"သြော်… ဖြစ်မှဖြစ်ရလေရှင်၊ ကလေးတွေ ဘာတွေကော မရှိဘူးလား"

"တစ်ယောက်မှ မရှိဘူးခင်ဗျ၊ ကျွန်တော့်အိမ်ထောင်ရေးက တယ်တော့ အဆင်ပြေလှတာ မဟုတ်ဘူးခင်ဗျာ"

လူကြီးလူကောင်းဖြစ်၍ ခပ်ချိုချို ပြောလိုက်ရဟန်တူသော ဤစိတ်မချမ်းမြေ့ဖွယ် စကားများကြောင့် ရုတ်တရက် ငြိမ်သက်သွားကြသဖြင့် မိုရေးကတဖန် "ဒါတွေက ပြီးခဲ့ပါပြီလေ၊ အခု ကျွန်တော် ကိုယ့်မွေးရပ်မြေကို ပြန်ရောက်ပြီး အခုလိုအဖော်မျိုးတွေနဲ့ ပြန်တွေ့ရပြန်တော့လဲ ကျွန်တော် ပျော်ပါတယ်" ဟု ပြန်၍ အားပေးလိုက်ရသည်။

ထို့နောက် သူက ပြုံးပြကာ "ကဲ… ကော်ဖီသောက်ရအောင် ညှော်ခန်းဘက် သွားကြစို့လား" ဟု ဖိတ်ခေါ်လိုက်လေ၏။

ဓမ္မဆရာက စိတ်မကောင်းစွာပင် သူ့နာရီကိုကြည့်လိုက်ပြီးလျှင် "ကေသီက သုံးနာရီမှာ တနင်္ဂနွေသင်တန်း ရှိသေးတယ်၊ အခု နှစ်နာရီခွဲပြီးနေပြီ" ဟု သတိပေးသလို ဆိုလိုက်၏။

မစ္စက်ဖော်သာရင်းဂေးက "အလိုလေးတော်၊ အချိန်များကလဲ ကုန်လွယ်လိုက်တာ၊ ကဲ ကေသီရေ လာ ဒို့ အပြင်ခဏထွက်ကြရအောင်" ဟု

ခေါ်ကာ နှစ်ယောက်သား ထွက်သွားကြသည်။

ဓမ္မဆရာနှင့် နှစ်ယောက်တည်း ကျန်ရစ်သောအခါ မိုရေးက သူ၏ အိတ်တွင်းမှ ချက်လက်မှတ် စာအုပ်နှင့် ဖောင်တိန်ကို ထုတ်ယူလိုက်သည်။ တစ်ခဏအတွင်းမှာပင် သူသည် ချက်လက်မှတ် တစ်စောင်ကို ဖော်သာရင်ဂေး၏ လက်သို့ပေးယင်း "ဆရာ့ဝတ်ကျောင်း ပရိသတ်ကို ထိုက်ထိုက်တန်တန် ရှူးဆော်ဖို့ ကျွန်တော့်ဒါနကို ခွင့်ပြုပါ" ဟု ပြောလိုက်သည်။

ဖော်သာရင်ဂေးလည်း ချက်လက်မှတ်ကို ငေးစိုက်ကြည့်ယင်းမှ "လူကြီးမင်းခင်ဗျာ၊ ဒီဒါနဟာ သာမန် စေတနာထက် လွန်ကဲ မွန်မြတ်လှပါတယ်၊ တကယ့် တကယ် ဧရာမစေတနာပါပဲ" ဟု အထစ်ထစ် အငေါ့ငေါ့ ဆိုလိုက်ရသည်။

"ကျွန်တော်လဲ လှူရတာ ဝမ်းသာပါတယ်၊ ကျွန်တော် တတ်နိုင်လို့လဲ လှူတာပါ" ဟု ပြောကာ နှုတ်ခမ်းကို လက်ညှိုးဖြင့် ပိတ်ပြလိုက်ပြီးလျှင် "တဆိတ်ခင်ဗျာ၊ သူတို့တတွေ မသိပါစေနဲ့" ဟု ပိတ်ပင်လိုက်သည်။

သူပြောနေစဉ်မှာပင် အမျိုးသမီးနှစ်ယောက် ပြန်ရောက်လာကြ၍ မစ္စက်ဖော်သာရင်ဂေးက သူ့ယောကျ်ားကို ကြည့်ကာ "အလို မက်သယူး၊ ရှင်ဘာဖြစ်နေတာလဲ" ဟု အထိတ်တလန့် မေးလိုက်၏။

ဓမ္မဆရာက တံတွေးမျိုလိုက်ပြီးလျှင် "ကျုပ်တော့ မတတ်နိုင်တော့ဘူးဗျာ၊ ပြောလိုက်ရတော့မှာပဲ၊ ဟောဒီက မစ္စတာမိုရေးက ကျုပ်ကို ခေါင်းလောင်းကြီး ပြန်သွန်းဖို့အတွက် ပေါင်ရှစ်ဆယ် အခုပဲ ကျုပ်ကို ပေးလိုက်တယ် ရှင်မရေ့" ဟု ပြောလိုက်သည်။

မစ္စက်ဖောသာရင်ဂေး၏ မျက်နှာ နဂိုကနီနီတွင် ပို၍ နီလာကာ "ကဲ ရှင်၊ ကျွန်မတော့ အံ့ရော" ဟု ဆိုရင်း မိုရေး၏လက်ကို သူ့လက်နှစ်ဘက်ဖြင့် ဆွဲယူလိုက်ပြီးလျှင် "အဲဒီ ခေါင်းလောင်းကွဲကြီးကြောင့် ကျွန်မယောကျ်ားမှာ စိတ်အနှောင့်အယှက် ဖြစ်ရတာလဲ

ရှူးမတတ်ပါပဲရှင်၊ ရှင့်ကို ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ကဲ ကြည့်လေ၊ ကျွန်မ ရှင့်ကိုတွေ့လို့ ငါးမိနစ်မကြာခင် ရှင်ဟာ တကယ့်လူကောင်း တစ်ယောက်ပဲဆိုတာ အကဲခတ်မိပါသရှင်" ဟု အားတက်သရော ပြောနေလေသည်။

သူက တကယ်စိတ်ထဲ၌ ရှိသည့်အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောနေသည်တွင် မိုရေးမှာ မနေတတ် မထိုင်တတ် ဖြစ်ကာ "ဟာ ဘာမှ မဟုတ်ပါဘူးဗျာ၊ ဘာမှ မဖြစ်လောက်ပါဘူး" ဟု ရှက်ကိုးရှက်ကန်း ဆိုရလေ၏။ မော့ကင့်ချ်သို့ အပြန်တွင်ကား ကေသီက မိုရေး၏ဘေးက ထိုင်လိုက်လာခဲ့သည်။

လမ်း၌ ကေသီက ဘာစကားမှမပြောခဲ့၊ သို့သော် မိုရေး ပြန်မည်ဟု နှုတ်ဆက်သောအခါတွင်ကား ကေသီ ပြောလိုက်သည့် နှုတ်ဆက်စကား၊ ကျေးဇူးတင်စကားတို့မှာ မရှုံ့မရဲ သုတ်သီးသုတ်ပျာပင် ဖြစ်စေကာမူ အူလှိုက်သည်းလှိုက် ရှိလှသည်မှာ ယုံမှားစရာ မရှိချေ။

ထို့နောက် ရက်အတန်ကြာတွင်မူ မိုရေးသည် မဲ့ကင့်ချ်သို့ သွားချင်သည့်စိတ်တို့ကို ဖွတ်ထိန်းချုပ်၍ ထားရလေသည်။ သူ၏ စေတနာကို အထင်အမြင် မလွဲမှားစေရန် သတိထားဖို့ လိုသည်ကလည်း တစ်ကြောင်း၊ နှောင့်နှေးခြင်း၏ အကျိုးတရားများကို ဆင်ခြင်မိသည်ကလည်း တစ်ကြောင်းတို့ကြောင့် ဖြစ်သည်။ ဗုဒ္ဓဟူးနေ့သို့ ရောက်မှပင် သူ ကေသီထံသို့ စာတိုကလေး တစ်စောင် ပို့လိုက်လေသည်။

ကေသီ...၊ နက်ဖြန် အီဒင်ဗာရာကို ဈေးဝယ်သွားဖို့ ရှိတယ်။ လိုက်ခဲ့မလား။ မလိုက်နိုင်ဘူးလို့ အကြောင်းမပြန်ယင် ၂ နာရီမှာ မင်းကိုလာခေါ်မယ်။

ဖိတ်ခေါ်ချက်ကို လက်ခံသည့်စာ ပြန်လာသည်။ သို့ဖြင့် နောက်နေ့ ညနေတွင် မိုရေးလည်း ဆေးပေးခန်းသို့ မောင်းခဲ့သည်။ ကေသီသည် အင်္ကျီအဖြူ ကိုယ်တိုင် ချုပ်ထားဟန်ရှိသော ဇင်စ စကတ်နှင့် ကုတ်အင်္ကျီခပ်ပွပွ ခပ်နွမ်းနွမ်းကို ဝတ်ဆင်ကာ ဆေးခန်း၏ အပြင်ဘက်တွင် ထွက်စောင့်နေသည်။

သူ့အဝတ်အစားများမှာ သူနှင့်မလိုက်၊ သို့သော် မိုရေးက သဘောကျပါသည်။ ဤသို့ဖြစ်မှသာ သူလိုချင်သော အခွင့်အရေး ပေါ်မည် ဖြစ်လေသည်။

ကားပေါ်တွင် ကေသီ သူ့ဘေးက ပါလာပြန်သည်ကိုလည်း မိုရေးနှစ်ခြိုက်မိသည်။ ကေသီကလည်း သူနှင့် တွေ့ရသည်ကို ဝမ်းသာရုံမက စိတ်လက်ပေါ့ပါး ရွှင်ပျနေဟန်လည်း ရှိသည်။ ယခင်နေ့များကလောက် သူ့ကို မစိမ်းတော့သည်ကို သတိထားမိသည်။

“ဘတ်စ်နဲ့ သွားရတာထက် ခုလို သွားရတာက ပိုကောင်းတယ်၊ လွယ်လဲလွယ်ကူတယ်၊ ကျွန်မက အီဒင်ဗာရာကို သွားစရာ ကိစ္စကလေးတစ်ခု ရှိတာနဲ့အတော်ပဲ၊ အာဖရိကားအလယ်ပိုင်းသာသနာပြုအဖွဲ့ကို သွားဖို့ရှိတယ်” ဟု ပြောယင်း မိုရေးက စိတ်ဝင်စားဟန် တစ်စုံတရာမပြ၍ “အန်ကယ်ဝီလီက ဟိုမှာ သာသနာပြုနေတာလေ၊ မသိဘူးလား” ဟု မေးလိုက်သည်။

“မသိဘူးကွယ်၊ ကျုပ်လဲ ဒါကို သိပ်မတွေးမိဘူး” ဟု ပြောလိုက်ရာမှ တောက်ပသော မျက်လုံးများဖြင့် သူငယ်ဘဝက ဝီလီ၏ရုပ်အသွင်ကို ထင်မြင် အောက်မေ့လိုက်သည်။ ပြီးမှ “ဝီလီကတော့ အဲသလိုလုပ်မယ့်လူမျိုးပါပဲ၊

ဒီလိုဆိုတော့ သူ့အတွက် ကျုပ်ဂုဏ်ယူပါတယ်ကွယ်” ဟု ဆက်ပြောလိုက်သည်။

“ကျွန်မက ဒီကနေပြီး အဖွဲ့ကတစ်ဆင့် ပစ္စည်းကလေးတွေ ပို့ပို့နေရတယ်လေ၊ ကျွန်မလဲ တတ်နိုင်တာကလေး လုပ်နေရတာ၊ ကျွန်မမှာ ဆွေမျိုးဆိုလို့ သူတစ်ယောက်ပဲ ရှိတော့တာ”

ဤတွင်မှ ကေသီအဘယ်ကြောင့် ဈေးပေါပေါအိမ်ခန်းနှင့် အဝတ်အစားများကို သုံးနေရသည်ကို ရိပ်စားမိသည်။ ကေသီ့အတွက် သူလုပ်ပေးနိုင်သမျှ အကြောင်းတွေကို တစ်ခါတည်း ပြောလိုက်ရန် ရုတ်တရက် စိတ်ကူး ဖြစ်ပေါ်လာသော်လည်း စိတ်ထဲကထင့်သဖြင့် မပြောဖြစ်။

ယခု အချိန်ကား ပြောပြဖို့ အချိန်မဟုတ်သေး။ သို့ဖြင့် ကေသီက ညွှန်သည့်အတိုင်း မောင်းခဲ့ရာတွင် အာဖရိက အလယ်ပိုင်း သာသာနာပြုအဖွဲ့ ကြေးဆိုင်းဘုတ်နှင့် မီးခိုးရောင်ကျောက်တိုက် အဆောက်အအုံ ရှေ့သို့ ရောက်ခဲ့၏။ ကေသီက ထိုအဆောက်အအုံထဲသို့ သွက်လက်စွာ ဝင်သွားပြီးနောက် များမကြာမီပင် ပြန်ထွက်လာသည်။

မိုရေးက “ကဲ... ကေသီ၊ ဒီနေ့အဖို့ ကေသီလဲ ကုသိုလ်ရတဲ့အလုပ်ကို လုပ်ပြီးပြီ၊ အာဖရိကား အလယ်ပိုင်းကို မေ့ထားပြီး ကိုယ့်ကိုယ်ကျိုးအတွက် စဉ်းစားကြဦးစို့” ဟု ပြောလိုက်သည်။

ကားကို တစ်နေရာ၌ ရပ်ခဲ့ပြီးနောက် မိုရေးက ကေသီ၏လက်မောင်းကို ဖေးဖေးမမဆွဲ၍ မင်းသားကြီးလမ်းထဲသို့ ခေါ်လာခဲ့သည်။ နေရောင်လင်းနေသော ပန်းဥယျာဉ်တို့၌ နှင်းဆီပန်းများ ပွင့်ဆဲ၊ သစ်ပင်များကို လေညင်းဖွေ့ဆဲ၊ အထက်သို့ မျှော်ကြည့်လိုက်လျှင် လင်းနေသော ကောင်းကင်နောက်ခံတွင် ရဲတိုက်ကြီးကို ပုံမပျက် လှီး၍တင်ထားသကဲ့သို့ တိတိရိရိ တွေ့မြင်ရလေသည်။

ကေသီက “ဥရောပတိုက်မှာ ဒီလမ်းဟာ အလှဆုံးလမ်းလို့ ပြောကြတယ်” ဟုဆိုလိုက်သည်။

“ဆိုင်လှလှတွေနဲ့လဲ ပြည့်နေတာပေါ့”

ကေသီက ဣန္ဒြေဖြင့် ခေါင်းညိတ်၍ ပြလိုက်ပြီးလျှင် “အင်းလေ... ဒါပေမယ့် ဈေးတွေကလဲ ကြောက်ခမန်း လန့်ခမန်းချည့်ပဲ” ဟု ပြောလိုက်၏။

မိုရေးက ကေသီ၏လက်မောင်းကို ခပ်တင်းတင်းကလေး ဆုပ်ကိုင်လိုက်၍ ရယ်ယင်း “ကေသီ... ကေသီ၊ မင်းကြောင့် ငါတော့ ဒုက္ခပဲ၊ ကျုပ်အကြောင်းကို မသိသေးလို့၊ ကျုပ်က ငွေကြေးသုံးစွဲနေရတာကို တကယ်ပျော်တဲ့လူဆိုတာ မင်းသိလာပါလိမ့်မယ်” ဟု ပြောလိုက်သည်။

ကေသီလည်း စိတ်ထဲကမတင်မကျဖြင့်ပင် ပြုံးရုံသာပြုံးပြလိုက်ပြီးမှ "အေးလေ... သုံးပေမယ့် အလဟဿ မဖြစ်ယင် ကောင်းတာပေါ့" ဟု ဆိုလိုက်သည်။

"တခြားလူတွေအတွက် သုံးတဲ့ငွေဟာ ဘယ်တော့မှ အလဟဿ မဖြစ်ပါဘူးကွယ်"

"ဟုတ်တယ်၊ အဲဒါတော့ သိပ်မှန်တယ်၊ ခေါင်းလောင်းကြီးအတွက် မစ္စတာဖော်သာရင်ဂေးကို ငွေလှူလိုက်တာကတော့ အကောင်းဆုံးအလုပ်ပါပဲ"

"မစ္စက်ဖော် အတွက်လဲ မေ့ထားလို့ မဖြစ်ဘူးနော်၊ သူ့ခမျာ ဘာမှမရှိရှာဘူး၊ တစ်သက်လုံးကလဲ ဘာမှရှိဟန် မတူဘူး၊ သူ့အတွက် တစ်ခုခု ကြည့်ကြရအောင်၊ ဒါပေမယ့် အလျင်ဆုံး..." ဟု ဆိုကာ

မုန့်ချိုချဉ်ဆိုင်တစ်ခု၏ရှေ့၌ ရပ်လိုက်ပြီးလျှင် "ကျုပ် မိတ်ဆွေကလေးနှစ်ယောက်ဆီကို အီဒင်ဗရာ သကြားလုံးကလေးတွေ ပို့လိုက်ချင်သေးတယ်" ဟု ဆိုသည်။

ဆိုင်ထဲသို့ရောက်လျှင် နာမည်ကျော် သကြားလုံးတစ်ထုပ်ကို ရွှမ်းဆီးအိုင် ဆိပ်ကမ်းအုပ်ကြီး၏ ကလေးနှစ်ယောက်ထံသို့ ပို့ပေးရန် မှာထားလိုက်သည်။ ထို့နောက် အနီးအနားရှိ ဆိုင်တစ်ဆိုင်သို့ ဝင်ကာ မိကျောင်းကွက် သားရေအနက် လက်ကိုင်အိတ် ခပ်ကြီးကြီးတစ်လုံးကို ဓမ္မဆရာကတော်အတွက် ဝယ်ယူလိုက်၏။

ကေသီက လက်ကိုင်အိတ်ကို ချီးမွမ်းသည့်မျက်လုံးများဖြင့် ကြည့်ကာ သားရေကိုပွတ်သပ်ယင်း "လှလိုက်တာ၊ သူတကယ် လိုချင်နေတဲ့ဟာပဲ" ဟု ပြောလိုက်သည်။

"ကဲ... အခုမှ တကယ့်အရေးကြီးတဲ့ ဝယ်စရာရှိတာတွေ သွားဝယ်ကြစို့" ဟု ပြောကာ ဆက်လျှောက်ခဲ့ယင်း "ကေသီ့အတွက် ကုတ်အင်္ကျီတစ်ထည်ရယ်၊ တခြားလိုနေတဲ့ ပစ္စည်းကလေးတွေရယ် ဝယ်ပေးမလို့နော်၊ ကေသီဘာမှ မပြောရဘူး၊ ကျုပ်ဟာ မိသားစုရဲ့ မိတ်ဆွေဟောင်းတစ်ယောက်မို့ ကျုပ်ကို ဦးလေးတစ်ယောက်လို သဘောထားရမယ်၊ မင့်လို မိန်းမလှကလေးတစ်ယောက်ကကွယ်၊ မင့်မှာ လိုနေတာကလေးတွေကိုတော့ ဝယ်မသုံးရက် မစွဲရက်နဲ့ ရှိသမျှကလေး အန်ဂိုလာကိုချည့် ပို့ပို့နေတာ ကျုပ်မကြည့်နိုင်ဘူး" ဟု ပြောလေသည်။

ကေသီ၏ မျက်နှာအနည်းငယ် နီသွားပြီးလျှင် မျက်လွှာကို ချလိုက်ကာ "ကျွန်မ အဝတ်အစားကို ဂရုမစိုက်ပါဘူးရှင်၊ အေးလေ... တယ်

မစိုက်ပါဘူးဆိုပါတော့” ဟု ပြောလိုက်သည့်အတွက် မိုရေး စိတ်ထင့်သွားသော်လည်း ကေသီက မငြင်းနိုင်တော့ပဲ ပြုံးလိုက်ကာ “ကျွန်မ ဟန်ဆောင် မနေတော့ပါဘူးလေ၊ ကျွန်မလဲ တခြားမိန်းကလေးတွေလိုပဲ လှတော့ လှချင်တာပါပဲ” ဟု ပြောလိုက်မှ စိတ်သက်သာရာ ရသွားသည်။

သူတို့သည် အထက်တန်းကျကျ ဆိုင်ကြီးတစ်ဆိုင်ထဲသို့ ဝင်ခဲ့ကြပြီးလျှင် ကေသီက နောက်မှနေ၍ တီးတိုးကန့်ကွက်နေသည်ကို လျစ်လျူရှုကာ ရှက်တလင် သိုးမွေးထည်အကောင်းစား ကုတ်အင်္ကျီတစ်ထည်၊ ဖိနပ်အသစ်တစ်ရံ၊ ပိုးလည်စည်း ပဝါနှင့် အစိမ်းပုပ်ရောင်ဝတ်စုံတို့ကို ဝယ်သည်။ သူက ဝယ်ပေးချင်သည်မှာ ထို့ထက် အတိုင်းအဆမရှိ ပိုမိုများပြားသော်လည်းမပေးဝံ့သေး၊ မသင့်သေး။ ကေသီက အဝတ်အစားသစ်များကို ဝတ်ကြည့်ရန် အတွင်းခန်းသို့ဝင်သွားစဉ် သူက ခမ်းနားသော ညှော်ခန်းမှ ဆိုဖာကြီးတစ်ခုပေါ်တွင်ထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာနေသည်။ များမကြာမီ ကေသီထွက်လာကာ မျက်လွှာချလျက် သူ့ရှေ့တွင်ရပ်လိုက်သည်။ မိုရေး သူ့မျက်လုံးကိုပင် သူမယုံနိုင်အောင် အံ့သြဖွယ်ရာ ပြောင်းလဲသွားသည်။ ကေသီသည် အလွန်တရာပင် လှပနေလေသည်။ မိုရေးက ဤဝတ်စုံအသစ်နှင့် ကုတ်အင်္ကျီ အသစ်တို့ကိုပင် ဝတ်ခဲ့ရန်တိုက်တွန်းသည်။ အပြင်သို့ ထွက်လာကြသောအခါ ကေသီမှာ အဝတ်သစ်အစားသစ်များဖြင့် ရွှင်ပျ၍ နေသည်ကို သူ မြင်နေရသည်။

“မစ္စတာမိုရေးရယ်… ရှင်ဟာ အင်မတန်ရက်ရောတဲ့ သူတစ်ယောက်ပဲ၊ ကျွန်မကို ဝယ်ပေးရလို့ ရှင်တော့ မွဲမသွားပါဘူးနော်”

မိုရေးက ခေါင်းယမ်းပြလိုက်ကာ “ကျုပ်မှာ မင်းတို့ မိသားစုကို ကျေးဇူးပြန်ဆပ်စရာတွေ ရှိပါတယ်ဆိုမှပဲ၊ ဘယ့်နှယ် မင်းကချည့် ပြန်ကျေးဇူးတင်နေရတာလဲကွယ်” ဟု ဆိုလိုက်သည်။

“ကျွန်မတစ်သက် အဲဒီစကားကို သဘောအကျဆုံးပါပဲရှင်”

“ကဲ… ဒါဖြင့်၊ ကျုပ်ကို တစ်လှည့်ပြန်ပြီး ကျေးဇူးပြုချင်ယင် ‘မစ္စတာမိုရေး’ ဆိုတဲ့ နာမည်ကြီးက ထောင့်လှပါတယ်၊ ‘ဦးလေး’ လို့ယင်လဲ ခေါ်ပါလား”

“ဟုတ်ကဲ့၊ ခေါ်ပါ့မယ်” ဟု ကေသီက မရဲတရဲပြောသည်။

ထို့နောက် မိုရေးက ခပ်အေးအေးပင် “အမယ်… ငါးနာရီတောင် ထိုးပြီးပါပကော၊ လက်ဖက်ရည်သောက်ချိန်ပဲ၊ ကဲ… ကေသီ၊ ဘယ်ဆိုင်ကို သွားရယင် ကောင်းမလဲ” ဟု မေးလိုက်သည်။

ကေသီက ဆိုင်တစ်ဆိုင်၏နာမည်ကို ပြောလိုက်သည်။ များမကြာမီ

သူတို့သည် ထိုဆိုင်အတွင်းဥယျာဉ်ဘက်သို့ လှမ်းမြင်နေရသော ပြတင်းအနီးမှ အခန်းထဲသို့ ရောက်ခဲ့ကြ၏။

စကော့တလန်ပြည်ရှိ ဆိုင်များတွင် ထားလေ့ရှိသည့်အတိုင်း စားပွဲပေါ်တွင် မုန့်မျိုးစုံကို တည်ခင်းထားပြီး ဖြစ်သည်။ စားသောက်ဖွယ်စာရင်းကို ကေသီ့ထံ လှမ်းပေးလိုက်၍ "ဘာစားရယင် ကောင်းမလဲ" ဟုမေးလိုက်သည်။

ကေသီကပြုံးလျက် "စကော့တလန်ပြည်က 'ညနေစာလက်ဖက်ရည်' ဆိုတာ မှတ်မိသေးတယ် မဟုတ်လား၊ သားငါးပါတဲ့ လက်ဖက်ရည်ပွဲလေ" ဟု ပြန်မေးလိုက်၏။

"မှတ်မိတာပေါ့ကွယ်၊ အဲ့ဒဖီလန်က မင်းတို့ရဲ့ အမေ့အိမ်မှာ အကောင်းဆုံး ညနေစာလက်ဖက်ရည်ပွဲတွေ စားခဲ့ဖူးတာပေါ့"

"ဒီမှာ အရိုးထွင်ထားတဲ့ ငါးကြော်နဲ့ ပါစလေ ဆော့ရှိတယ်၊ ကြားရလို့တော့ သိပ်အထင်ကြီးစရာ မရှိဘူးလေ၊ ဒါပေမယ့် သိပ်နူးညံ့တယ်"

"စျေးသိပ်ကြီးသလားကွယ့်"

ကေသီက ဟက်ဟက်ပက်ပက်ကလေး ရယ်လိုက်သည်။ သူရယ်ပုံမှာ ရွှင်မြူးလှသဖြင့် အနီးရှိစားပွဲတွင် ထိုင်နေကြသော မျက်နှာထား ခပ်တင်းတင်းဖြင့် အီဒင်ဗာရာမြို့ကြီးသားတို့ပင် ရောယောင်၍ ပြုံးမိကြလေ၏။

"နှစ်သျှီလင်ခွဲကြီးများတောင် ကျမှာ၊ ဒီကနေ့ ဦးလေး သူဌေးသုံးတာ အတော်များသွားပြီ၊ ဒီတစ်ခါတော့ ကျွန်မက ကျွေးရမှာဖြစ်မယ်"

ငါးကြော်မှာ အရသာရှိလှသည်။ ပေါင်မုန့်ကင်ကိုလည်း ထောပတ်ပူပူ သုတ်ထားသည်။ လက်ဖက်ရည်ကလည်း ကျကျပြင်းပြင်းနှင့် ပူပူ။

ကေသီက ဝတ်ကောင်းစားလှဖြင့် အလှဆုံးဖြစ်ကာ သွက်လက်ဖျတ်လတ် နေသောကြောင့် သူနှင့်အတူ ရှိနေရသည်မှာ ရွှင်လန်းဝမ်းမြောက်ဖွယ် ဖြစ်သည်။ မိုရေးလည်း ကေသီသည် ကေသီ့အတွက် သူဆောင်ကြဉ်းပေးရန် ရည်ရွယ်ထားသမျှ အားလုံးနှင့် ထိုက်တန်သည်၊

သူ့အတွက် ဂုဏ်တက်ဖွယ် ဖြစ်လိမ့်မည်ဟု တွေးတောနေမိလေ၏။ ကေသီက "အခုလို ပျော်စရာနေ့တစ်နေ့ကို အဆုံးသတ်လိုက်ရမှာတော့ နှမြောစရာပဲရှင်၊ ဒါပေမယ့် ကျွန်မ ဒီည၌ခုနစ်နာရီ သူနာပြုအင်ဂရမ် တာဝန်အပြီး ဆက်ယူရဦးမှာမို့ ပြန်ရမယ်" ဟု ပြောလိုက်သည်။

မိုရေး အလိုမပြည့်သည့် လေသံဖြင့် "မသွားလို့ မဖြစ်ဘူးလား၊ ကျုပ်က

ပွဲကလေး ဘာလေး ဆက်ကြည့်ကြမလားလို့ အောက်မေ့ထားတာ၊ ပွဲတော့ ကြည့်ချင်ရဲ့ မဟုတ်လား”

“မစ္စတာမိုရေး၊ အဲ... အဲ... ဦးလေးကတော့ အံ့သြသွားမလား မသိဘူး၊ ကျွန်မ ပွဲကို တစ်ခါမှ မကြည့်ဖူးပါဘူး၊ မေမေကလဲ ကျွန်မ ပွဲသွားတာကို မကြိုက်ဘူး၊ ပြီးတော့ အလုပ်ကလဲ သိပ်ကိုများတော့ကာ...”

ဤခေတ်ထဲတွင် ပျက်စီးတတ်သည့် သဘောတို့နှင့် လုံးဝ မနီးနှောမိဘဲ အပြစ်ကင်းစင် နေသေးသူများကို တွေ့ရသေးသည်မှာ နှစ်ခြိုက်ဖွယ် ကောင်းလေစွ။

“ကဲ... ကဲ၊ ဒါဖြင့်လဲ အိမ်ကိုပဲ ပြန်ပို့ပါ့မယ်ကွယ်”

တဖြည်းဖြည်း ညဥ့်မှောင်ရိပ်သမ်းလာ၍ မီးများ ထွန်းစပြုနေပြီဖြစ်သော မြစ်ဝကျဉ်းချိုင့်ထဲမှ မြို့ကလေးများကို ဖြတ်မောင်းလာယင်း နောင်တွင် ဘာတွေလုပ်စရာရှိသည်ကို တွေး၍ လာခဲ့လေသည်။ လုပ်စရာတွေကား များစွာရှိသည်။

ကေသီမှာ ပင်ကိုချို့ရှင် နှစ်လိုဖွယ် ရုပ်အဆင်းဖြင့် ဉာဏ်ရှင်သူဖြစ်သော်လည်း အသွန်အသင်မရှိ၊ ဂီတ၊ အနုပညာ၊ စာပေနှင့် ဘာသန္တရဆိုင်ရာ ဗဟုသုတဟူ၍ ဘာမှမရှိသေး။ သူ့ကို တက္ကသိုလ်ကောင်းကောင်းတစ်ခုသို့ တက်စေရဦးမည်။ ဆွစ်ဇာလန်မှ လောဆန်းတက္ကသိုလ်ဆိုလျှင် ကောင်မည်လော၊

ဤသို့ သွန်သင်ပဲပြင်မှုမျိုးအပြင် လူယဉ်ကျေးတို့နှင့် ရောနှောနေထိုင်မိလျှင် လူတောမတိုးသည့် ကေသီ၏ အချိုးမကျသော အပြောအဆို အနေအထိုင်ကလေးအချို့ ပျောက်ကွယ် ပြေပြစ်သွားမည်။

သို့ရာတွင် လောလောဆယ် အရေးတကြီး လိုအပ်နေသည်မှာကား သူ့ကိုယခုအလုပ်မှ ထုတ်ယူဖို့ဖြစ်သည်။ သူကလည်း ထွက်ရန်စိတ်ကူးနေကြောင်း စကားရိပ်သမ်းထားသည်။

ထိုစိတ်ကူးကို အားပေးသည့်သဘောဖြင့် သူက “ကေသီအလုပ်နဲ့ လှည့်သွားရာကို ဦးလေးကို တစ်နေ့ ခေါ်သွားလို့ ရမလားမသိဘူး” ဟု ပြောလိုက်၏။

“ရတာပေါ့၊ ဒါပေမယ့် နက်ဖြန်တော့ မဟုတ်ဘူး၊ မြို့နယ် ကျန်းမာရေးအရာရှိကို တွေ့ဖို့ ရှိနေသေးတယ်၊ သန်ဘက်ခါလိုက်ချင်ယင်တော့ ရတယ်” ဟု ဆိုသည်။ ကျန်းမာရေးအရာရှိနှင့် တွေ့ဆုံရန်ကိစ္စမှာ သူ အလုပ်က နုတ်ထွက်ရန်ကိစ္စဖြစ်ကြောင်း ကိုးကား ပြောမပြချေ။

“ကောင်းပြီလေ... မနက်ကိုးနာရီ ကေသီ့ကို လာခေါ်မယ်”

(၉)

နောက်နေ့နံနက် မိုရေးအတွက် ခပ်စောစော လက်ဖက်ရည်ပို့လာသောအခါ မှန်ပြတင်းတွင် မိုးစက်ကလေးများ ပက်နေကြသည်ကို တွေ့မြင်ရသည်။ သူအိပ်ရာမှ မထချင်သေး၍ သတင်းစာလာပို့ရန် တယ်လီဖုန်းဖြင့် မှာလိုက်၏။

သတင်းစာ လာပို့သောအခါ အာထူရိုကပို့ပေးလိုက်သော စာများလည်း ပါလာကြသည်။ လုပ်ငန်းနှင့်ပတ်သက်သော ဆက်သွယ်မှုများ၊ ကက်တလောက်တစ်ခုနှင့် ဘေဒင်မှ ရေးလိုက်သော ဖရီဒါစာတစ်စောင်။ ထိုစာကို သူဖွင့်၍ ဖတ်လိုက်သည်။

ချစ်သောမိတ်ဆွေကြီး

မိတ်ဆွေကြီး အိမ်ပြန် မရောက်သေးဘူးဆိုတာ ရှမ်းဆီးကို လှမ်းမေးလို့ သိရပါတယ်။

မိတ်ဆွေကြီးဆီက ဘာသတင်းမှ မကြားရတဲ့အတွက် တစ်ခုခုများ ဖြစ်သလားလို့ စိုးရိမ်ရပါတယ်။

နေထိုင်မကောင်းများ ဖြစ်နေသလား။ ကျွန်မဆီကိုလဲ စာရေးဖြစ်အောင် ရေးစေချင်ပါတယ်။

ရှင်နဲ့ပတ်သက်တဲ့ ကိစ္စတွေကို ကျွန်မ တခြားဟာတွေထက် ပိုပြီး စိတ်ဝင်စားပါတယ်။ ဒီမှာ ရာသီဥတု သာယာပါတယ်၊ ကျွန်မလဲ ဒီမြို့မှာနေရလို့ ပိုနေကောင်းပါတယ်။ ဒါပေမယ့် ကျွန်မမှာ အဖော်မရှိတဲ့အတွက် ပျင်းတာက တစ်နေ့တခြား ပိုသိသာလာပါတယ်။ မနက်စောစော ထ၊ သောက်စရာရှိတာ သောက်၊ တောင်ပေါ်တက် လမ်းလျှောက်၊ ပြီးတော့ ဒီအိမ်ကလေးကို ပြန်လာ၊ နေ့လယ်စာကို အိမ်ရှေ့က သစ်ပင်ရိပ်ဆင်းစား။ ညနေပိုင်းတော့ ဥယျာဉ်ထဲ ဆင်းထိုင်၊ တီးဝိုင်းနဲ့တော့ သိပ်မနီးအောင် ရွေးထိုင်ရတယ်။ ကျွန်မ ဒီကိုရောက်ပြီးမှ စထရော့စကို ဆယ့်လေးကြိမ် ပြန်တီးပြီးပြီ၊ ညနေတော့ ကာဆီနိုတို့ ဘာတို့ မသွားရဲပါဘူး။ အခု ကျွန်မ 'အန်နာကရနီနာ' ကို ပြန်ဖတ်နေတယ်၊ ပြီးတော့ အိပ်ရာဝင်တာပါပဲ။ အဲဒါက ကျွန်မရဲ့ တစ်နေ့တာပဲပေါ့။ ရိုးရိုးကလေးပေမယ့် နည်းနည်း စိတ်ညစ်စရာ မကောင်းဘူးလားရှင်။ ဟုတ်ပါတယ်၊ ကျွန်မမှာ ရှင့်ကို အောက်မေ့တဲ့အတွက် စိတ်ညစ်ရပါတယ်။ ဘေဇယ်က လူတစ်ယောက်ကလဲ

ဆီးဘတ် အိမ်ကိုဝယ်ဖို့ လာပြောနေပြန်တော့ ရှင့်အကြံဉာဏ်ကိုလဲ အများကြီး လိုပါတယ်။ ရှင်လဲ အင်မတန် သဘောကျပြီး ကျွန်မလဲ အင်မတန် နှစ်သက်တဲ့ ဒီအိမ်ကို ကျွန်မ မရောင်းချင်ဘူးလေ။ ဒါပေမယ့် အခြေအနေက အကျပ်တည်းဆုံး ဖြစ်နေတယ်။ ဒီတော့ ရှင် ဘယ်တော့လောက် ပြန်လာမယ်ဆိုတာ ကျွန်မ သိပါရစေဦးရှင်၊ ကျွန်မ ရှင့်အပေါ် ကျွန်မသဘောထားကို ဖော်ပြမိတဲ့အတွက်တော့ ခွင့်လွှတ်ပါနော်။

မိုရေးလည်း စာကိုချထားလိုက်၏။ သူ့အား အလွန်ချစ်ခင်သော အထက်တန်းစား အမျိုးသမီးကြီး တစ်ယောက်က ရေးလိုက်သည့် ဖတ်ကောင်းလှသော စာ ဖြစ်ပါသည်ဟု သူ့ကိုယ်သူ ပြောမိသော်လည်း မနေ့က အတွေ့အကြုံကြောင့် ဖြစ်ပေမည်၊ ထိုစာကို သူသိပ် စိတ်မဝင်စားချေ။

ထိုနေ့က တစ်နေ့လုံး ပျင်းစရာ ကောင်းလောက်အောင် မိုးရွာသည်။ နောက်တစ်နေ့တွင်လည်း ရွာဆဲပင်။ သို့သော် စိုစွတ်သော ချုံတန်းကလေးများအကြားမှ ကားမောင်း၍ မဲ့ကင့်ချ်သို့ အသွားတွင် သူ့မှာ မျှော်လင့်ချက်အပြည့်ဖြင့် ရွှင်လန်းလျက် ရှိလေသည်။ သူရောက်သောအခါ ကေသီမှာ မနက်ပိုင်း ဆေးခန်းတာဝန် ပြီးနေပြီဖြစ်၍ သူ၏ဆေးအိတ်မည်းကလေးကို ဆွဲကာ ကားထဲသို့ဝင်၍ မိုရေး၏ဘေးမှ ထိုင်လိုက်ပြီးလျှင် ဖင်ဒန်သို့ ပို့ပေးရန် ပြောလိုက်သည်။

"အုတ်ဖိုပတ်လည်မှာ တည်ထားတဲ့ ဆင်းရဲသား ရွာကလေးလေ" ဟု ပြောပြသည်။

"မိုးရွာနေတုန်း ကနေ့ ဘိုင်စကယ်မစီးရတာ တော်သေးတာပေါ့နော်"

"ကျွန်မ ဘိုင်စကယ်စီးရတာကိုလဲ ပင်ပန်းတယ် မထင်ပါဘူး၊ မိုးကိုလဲ ဂရုမစိုက်ပါဘူးရှင်"

ကေသီ ပြောလိုက်ပုံမှာ လေသံတစ်မျိုးဖြစ်နေ၍ မိုရေးအနည်းငယ် အံ့အားသင့်သယောင် ဖြစ်သွားသည်။ ကားမောင်းသွားယင်းမှ ကေသီမှာ အီဒင်ဗာရာတွင် သူတို့ လည်ပတ်ကြသောနေ့က ရွှင်ပျတက်ကြွသည့် အမူအရာမျိုး မရှိတော့ဟု တွေးမိသည်။

"ကေသီ ပင်ပန်းနေတယ် ထင်တယ်၊ အလုပ်တွေ သိပ်လုပ်တာကိုး"

ကေသီက မိုရေးဘက်သို့ မလှည့်ဘဲ "ကျွန်မ အလုပ် ပင်ပင်ပန်းပန်း လုပ်ရတာကို ပျော်ပါတယ်၊ အရေးကြီးတဲ့ လူနာတွေလဲ အတော်များများ ရှိပါတယ်" ဟု ပြောလိုက်ရာ သူ့လေသံမှာ ခပ်ဆန်းဆန်း ခပ်တန်းတန်းဖြစ်နေ၍ မိုရေးက

"ကေသီ ဘာဖြစ်နေလဲ၊ ကျုပ် စိတ်ဆိုးစရာများ လုပ်မိလို့လား" ဟု မေးလိုက်သည်။

ဤတွင် ကေသီ အနည်းငယ် မျက်နှာနီမြန်းလာကာ "မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျွန်မ နည်းနည်း နေမကောင်းလို့ပါ" ဟု ပြန်ပြောလေသည်။

သူဖြေလိုက်သည်မှာ အပြည့်အစုံ ရှင်းလင်း ပြောပြခြင်း မဟုတ်သော်လည်း အမှန်ကား ဖြစ်ပေသည်။ လွန်ခဲ့သည့် တစ်နေ့က ပျော်ပျော်ပါးပါးဖြင့် သုံးလိုက်စွဲလိုက်၊ အဝတ်သစ် အစားသစ်များဖြင့် သူ့ကိုယ်သူ အရိပ်တကြည့်ကြည့် ဖြစ်ကာ မာနကလေးများ တက်လိုက် ဖြစ်ခဲ့ပုံတို့ကို ပြန်တွေးမိကာ မနေ့ကမူ တဏှာလောဘနောက် လိုက်မိပါပကော၊ အပြစ် ကျူးလွန်မိပါပကောဟု နောင်တရမိပုံကို ကေသီက အဘယ်ပုံ ပြန်ပြောတတ်ပါမည်နည်း။

ကိုယ့်ခန္ဓာကိုယ် အရေးမစိုက်နှင့်၊ ကိုယ့်အဝတ်ကိုယ် ဂရုမထားနှင့် ဆိုသည်တို့ကို မေ့လေပြီလော။ သူ နာခံယုံကြည်ခဲ့ရသည့် အဆုံးအမ အနေအထိုင်မျိုးနှင့် ကင်းကွာသွားသကဲ့သို့ ဖြစ်ခဲ့ရသည်။

မစ္စတာမိုရေး၊ ဦးလေး၏ အပြစ်ဟူ၍လည်း မဆိုသာ။ သူက စေတနာ မေတ္တာအပြည့်ဖြင့် ရက်ရက်ရောရော ပေးခြင်းဖြစ်သည်။ နှစ်လိုဖွယ်အမူအရာလည်း ရှိသည်။ သူပေးသည်ကို ငြင်းလိုက်ပါက ရိုင်းရာကျတော့မည်။ သို့တိုင်အောင် ကေသီ၏ အတွင်းစိတ်က 'ငြင်းလိုက်ဖို့ ကောင်းတယ်' ဟု ပြောလျက်ရှိလေသည်။

ကေသီသွားရမည့် ပထမတဲကလေးအနီးသို့ ရောက်သောအခါ မျက်နှာထားကို စိတ်တင်း၍ ပြင်လိုက်သည်။ မိုရေးဘက်သို့လှည့်၍လည်း သူနှင့်အတူ တဲထဲသို့ လိုက်ကြည့်လိုစိတ် ရှိမရှိမေးလိုက်၏။

မိုရေးက အားလုံးကို ကြည့်ချင်ကြောင်း ပြန်ဖြေသည်။ တဲကလေးအတွင်း၌ ကောက်သီးခြွေစက် ကြားသို့ ခြေတစ်ဘက်ညပ်သွားသော လယ်လုပ်သား တစ်ယောက်၏ မိသားစုနေသည်။ မှောင်နေသော မီးဖိုခန်းထဲက ချောင်တစ်ချောင်ရှိ အိပ်ရာပေါ်တွင် သူနာရှိသည်။ သူ့အိပ်ရာဘေးတွင် အဝတ်အစားစုတ်နုတ်လျက် စိတ်ပျက် အားငယ်နေသော သူ့ဇနီးနှင့် ရေမချိုး မိုးမချိုး ညစ်ညစ်ပတ်ပတ် ကလေးသုံးယောက်အနက် တစ်ယောက်က ပေါင်မုန့်ယိုသုတ်တစ်ချပ်ကို ပါးစပ်တွင် ကိုက်လျက် ကြမ်းပေါ်တွင် လေးဘက်သွားလျက်၊ မဆေးရသေးသော အိုးခွက်အပေတို့ကား လက်ဆေးကြွေအင်တုံထဲတွင် ပုံလျက်၊ ဆီပေနေသော ပန်းကန်တို့ကိုလည်း သတင်းစာစက္ကူဟောင်းတစ်ရွက် ခင်းထားသော စားပွဲပေါ် တင်ပစ်ထားလျက်၊ မိုရေးအဖို့ ဝင်ရဲစရာမရှိသော ဤရှုပ်ပွေနေသော နေရာမျိုးသို့ ကေသီက ဟန်မပျက် လျှောက်ဝင်သွားသည်။ အပြန်အလှန် နှုတ်ဆက်ကြပြီးနောက် အိပ်ရာပေါ်မှ သူနာဆီသို့ လှည့်ကာ "ဒီကနေ့ ကိုဂျွန်ကြီး ဘယ်လိုနေလဲ" ဟု မေးလိုက်သည်။

ကေသီကို မြင်လိုက်လျှင်ပင် သူနာ၏ မျက်နှာမှာ ကြည်လင်လာကာ "မဆိုးပါဘူး ဆရာမရယ်၊ ကျွန်တော် လမ်းမှ လျှောက်နိုင်ပါဦးမလား ပူတာတစ်ခုပါပဲ" ဟု ပြောလိုက်၏။

"အို... မဟုတ်တာ၊ တစ်ပတ် နှစ်ပတ်လောက်ဆို ရှင်ထပြီး လျှောက်သွားနေတော့မှာပါ၊ မှန်းစမ်း" ဟု ဆိုကာ ဆေးအိတ်ဖွင့်ယင်း "ဒီက ကျွန်မမိတ်ဆွေကြီးက ရှင်တို့ကို နှုတ်ဆက်ရအောင် လိုက်လာတာလေ" ဟု လေအေးဖြင့် ပြောလိုက်သည်။

ဒဏ်ရာမှာ အတော်ပြင်းထန်သည်။ ကေသီ၏ ပခုံးပေါ်မှ မိုးကြည့်လိုက်သောအခါ ပေါင်တွင်းကြောနှင့် သီသီကလေး လွတ်သည်ကို မိုရေးမြင်ရ၏။ သွေးစမ်းခြင်း၊ အဖျားတိုင်းခြင်းတို့ကို ပြုလုပ်ပြီးနောက် အနာကို ဖန်ရေဆေး၍ ပတ်တီးပြန်စည်းပေးနေသည်ကို မိုရေးက ကြည့်နေသည်။ "ဂျွန် ဘယ်လောက် ကံကောင်းတယ်ဆိုတာ သူ့ဟာသူ မသိဘူး၊ စက်ကြီး တစ်လက်မလောက်သာ အတွင်းဘက် ရောက်လိုက်ယင် သူ့ခြေထောက်က သွေးကြောကြီး အပြတ်ပဲ" ဟု ဆိုကာ သူတတ်သည့်ပညာကို ရိုးရိုးသားသား ပြလိုဟန်ဖြင့် မိုရေးဘက်သို့ လှည့်၍ "ဖီမိုရယ်သွေးကြောကြီးလို့ ခေါ်တဲ့ဟာပေါ့" ဟု ပြောလိုက်သည်။ မိုရေးက မပြုံးမိအောင် ထိန်းထားလိုက်၏။

ကေသီက "ကဲ... ကိုဂျွန်ကြီးအဖို့ တော်လောက်ပါပြီ" ဟု ဆိုကာ မတ်တတ်ရပ်လိုက်ပြီးလျှင်

"ရှင့်အမျိုးသမီးကို တစ်လက်တစ်ဘက် ကူလိုက်ကြဦးစို့၊ လာဟေ့ ဂျီနီ၊ စားပွဲပေါ်ကပန်းကန်တွေ ရှင်းလိုက်၊ ဒို့က ကလေးတွေကို ကြည့်လုပ်မယ်" ဟု ဆိုကာ ကလေးများကို ရေချိုးပေး အဝတ်လဲပေးသည်။ အခန်းထဲတွင် တံမြက်လှည်းကာ ရှင်းလင်းသပ်ရပ်အောင် လုပ်ပေးသည်။

ဂျီနီက ဆေးကြောပေးသော ပန်းကန်များကို ရေသုတ်သည်။ ထို့နောက် သူ့ဆေးအိတ်ကိုဆွဲကာ တဲထဲမှ ထွက်လာခဲ့သည်။

ကားထဲ၌ ပြန်၍ ထိုင်မိကြသောအခါ မိုရေးက "ကေသီလုပ်တာ တယ်ကောင်းတယ်ကွယ်၊ သူတို့ကို အားသစ်အင်သစ် လောင်းပေးလိုက်သလိုပါပဲ" ဟု ပြောသည်။

"သြော်... သူတို့ခမျာများ အဲသလို အားပေးမှုမျိုး လိုနေရှာကြတာကို ဘုရားသခင်က သိတော်မူတယ်"

မိုးကလည်း စိတ်ညစ်စရာ ကောင်းလောက်အောင် ရွာသည်။

ဤဒေသတွင် လမ်းကျဉ်းလမ်းမြောင်များမှာ ရွှံ့စေးကြောင်းချည်း ဖြစ်ကြသည်။ ရွာထဲက တဲတန်းကလေးများမှာလည်း ရွဲရွဲစိုအောင် မိုးယိုလျက်ရှိကြသည်။ မည်မျှပင် အခြေအနေ ဆိုးစေကာမူ ကေသီကား စိတ်ပျက်ဟန် မတူ။ သူ့ သူနာပြုဆေးအိတ်ကို သူဆွဲ၍ ရွှံ့ထဲရေထဲတွင် တစွက်စွက်သွားကာ စိုရွှဲနေသော မီးဖိုချောင်များ၊ အထပ်ခိုးများသို့ ဝင်ခဲ့သည်။ ဆေးပညာဝန်ထမ်း တစ်ဦးထက်ကဲသော ကေသီ၏ စိတ်ရောကိုယ်ပါ ရှိမှု၊ စာနာမှု ဆိုသည်တို့ကို မိုရေး နားမလည်နိုင်အောင် ရှိလေသည်။ ထိုနေ့က တစ်နေ့လုံး နို့တိုက်မိခင်များ ငိုနေသော ကလေးငယ်များကို ပြုစုစောင့်ရှောက်ခဲ့သည်။

ကျောင်းသူကလေးတစ်ယောက် လက်မောင်းကို ရေနွေးပူလောင်ထား၍ ဆေးထည့်စည်းထားသော ပတ်တီးစနှင့် ကပ်နေသော ဒဏ်ရာကို ဖြည်းဖြည်းချင်း စိတ်ရှည်လက်ရှည် ခွာ၍ ဆေးထည့်ပေးခဲ့သည်။ အုတ်ဖုတ်သမားတစ်ယောက်၏ ပန်းနာစွဲသဖြင့် အိပ်ရာထဲတွင် တစ်ပိုင်းထူကာ ပင်ပန်းစွာ အသက်ရှူနေရသော ဇနီးအားလည်း ကြည့်ရှုပြုစုခဲ့သည်။ နားညည်းစရာ ဝေဒနာစုံဖြင့် ညည်းတတ်သည့် လူအိုများကိုလည်း ကြည့်ရသည်။ အဘိုးအိုတစ်ယောက်ကိုမူ ရေပါ ချိုးပေးရ၍ အိပ်ရာခင်းများ လဲလှယ်ပေးခဲ့ရသည်။

ဤသည်တို့အပြင် သူ့သဘောဖြင့်သူ တာဝန်ယူလုပ်သော အိမ်ခန်းရှင်းခြင်း၊ ပန်းကန်ကူဆေးခြင်း၊ နွားနို့နွေးပေးခြင်း၊ ဟင်းချိုနွေးပေးခြင်း စသည့် အလုပ်များလည်းရှိသည်။ ဤအလုပ်များကို ဤအခြေအနေမျိုးတွင်သာ (မိုရေးကဲ့သို့လူမျိုး) လုပ်ရမည်ဆိုပါက စိတ်ဓာတ်ကျဆင်းကာ ရောဂါပင် စွဲလောက်ပေသည်။

တဲတန်းတစ်လျှောက် တစ်တဲဝင်ထွက် သွားလျက်ရှိစဉ် အနီးအနား တဲတံခါးဝမှ မိန်းမတစ်ယောက် ထွက်၍ သူ့အားခေါ်သည်။ သူ့သားအငယ်ဆုံး အန်းဂတ်မှာ အဖုအပိမ့်ကလေးတွေ ပေါက်နေ၍ ဆရာမကလေး လာကြည့်ပေးပါရန် ခေါ်ခြင်းဖြစ်သည်။ သူငယ်မှာ အဖျားတက်လျက် မသက်မသာ ဖြစ်နေသည်။ ကုလားထိုင် နှစ်လုံးကို ထိပ်တိုက်ဆက်၍ ပက်လက် သိပ်ထားသော ခြုံစောင်တစ်ထည် အုပ်ထားသည်။ ကေသီက ခြုံစောင်ကို လှန်၍ အင်္ကျီရင်ဘတ်ကြယ်သီး ဖြုတ်ကြည့်သည်။ အဖုအပိမ့်ကလေးတွေကို မြင်လျှင် အမေလုပ်သူအား တစ်ဘက်လှည့်ဖြင့် မီးဖိုဘက်သို့ လွှတ်လိုက်ပြီးလျှင် လေသံခပ်အုပ်အုပ်ဖြင့် မိုရေးအား “ကောင်လေး သနားပါတယ်၊ ဒါ ကျောက်ကြီးပေါက်တာ၊ ဘာရစ်ဘက်မှာ နှစ်ယောက် ဖြစ်နေတယ်၊ မြို့နယ်ကျန်းမာရေးအရာရှိကို အကြောင်းကြားရမယ်” ဟု ပြောလိုက်သည်။ မိုရေးလည်း ခဏမျှ ဆိုင်းနေပြီးမှ နောက်ရွတ်ဟန်ဖြင့် ဆရာဝန်လေသံမျိုးကို အသာတုကာ “သေသေချာချာ ပြန်ကြည့်ပါဦး ဆရာမရဲ့” ဟု ပြောလိုက်၏။

ကေသီက အံ့အားသင့်ကာဖြင့် သူ့ကို စိုက်ကြည့်လိုက်၍ "ဘာကို ဆိုလိုတာလဲ" ဟု မေးလိုက်၏။

"ကေသီ စိတ်ပူဖို့ မလိုဘူးလို့ ဆိုလိုတာပါ၊ အဖုကလေးတွေ ပြန့်ပုံကို ကြည့်ပေါ့၊ ဗဟိုတစ်ခုကို လှည့်ပြီးပေါက်တယ်၊ လက်ခြေ မျက်နှာတို့မှာ လုံးဝမရှိဘူး၊ ချိုင့်တဲ့လက္ခဏာလဲ မရှိဘူး၊

အနာထွက်ပုံ၊ ပွားပုံ ရင့်ပုံ၊ အဆင့်ဆင့်မှာ ရှိကြတယ်၊ ကျောက်ကြီးမှာက အနာတွေဟာ တစ်ပြိုင်တည်းပေါက်တယ်၊ အခုဟာက ရေကျောက်ပဲ၊ ကလေးကို ငြိမ်ငြိမ်နေအောင်ထားဖို့၊ ယားယင် ဘေကင်ဆိုဒါပဲ သုံးဖို့ ကလေးအမေကို ပြောပါ"

ကေသီ၏ မျက်နှာမှာ အံ့ဩပြီးယင်း အံ့ဩယင်း အမူအရာဖြင့်ပင် နောက်ဆုံး၌ ပါးစပ် အဟောင်းသားဖြင့် မိုရေးအား ငေးစိုက်ကြည့်ကာ "ဟုတ်ရဲ့လားရှင်" ဟုသာ ဆိုမိလေသည်။

ကေသီ၏မျက်လုံးများမှ သံသယကို အကဲခတ်မိသော မိုရေးက "သေချာပါတယ်ကွယ့်၊ စိတ်ချပါ၊ အေး... ဟုတ်တယ်၊ ကျုပ်ဟာ ဆရာဝန်တစ်ယောက်ပဲ၊ သိပ် အံ့ဩသွားသလား" ဟု ဆိုလိုက်သည်။

"အံ့ပါရဲ့ရှင်၊ ကျွန်မကို အစက ဘာဖြစ်လို့ မပြောလဲ"

"အေးကွယ်... ဒီလိုကွယ့်၊ ကျုပ်က ကျကျနန ဆေးမကုဖူးဘူး၊ ပြောရယင်တော့ အရှည်ကြီးပါပဲ ကေသီရယ်၊ ကေသီကိုလဲ ပြောပြချင်ပါတယ်၊ လူနာတွေ လှည့်ကြည့်တာတွေ ပြီးယင် မင်းနားထောင်မလား"

ကေသီက စိတ်ထဲက မတင်မကျဖြင့်ပင် ခေါင်းညိတ်၍ ပြလိုက်သည်။ ထို့နောက် အန်းဂတ်အမေ ပြန်လာသောအခါ မိုရေးပြောသည့် ညွှန်ကြားချက်များအတိုင်း ပေးကာ သူတို့ ထွက်လာခဲ့ကြသည်။

နောက်နာရီဝက်ခန့် အကြာတွင် ထိုနေ့အတွက် ကေသီ သူနာများကို လှည့်လည်ကြည့်စရာ အလုပ်ပြီးသည်နှင့် သူနှင့်အတူ မိုရေးလည်း ဟိုတယ်သို့ လျင်မြန်စွာ မောင်း၍ ပြန်ခဲ့လေ၏။ ဟိုတယ်သို့ ရောက်လျှင် ကေသီအား သူ့အခန်းသို့ ခေါ်သွားသည်။ မီးလင်းဖိုတွင်ရေမျောထင်းမီးသည် တရဲရဲတောက်လျက်ရှိသည်။

မိုရေးက လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်ပြီးနောက် အသားပြုတ်ဟင်းချိုနှင့် ပေါင်မုန့်ထောပတ်သုတ် မှာလိုက်သည်။

ကေသီမီးလှုံ၍ နွေးလာပြီးမှ စားသောက်ပြီး၍ လန်းဆန်းလာမှ သူ၏

ကုလားထိုင်ကို ကေသီ့ကုလားထိုင်အနီးသို့ ရွှေ့ထိုင်လိုက်သည်။

ကေသီက "ကဲ... ဦးလေး ဘာဖြစ်လို့ ဆေးမကုတာလဲ ဆိုတာ ပြောပြစမ်းပါဦး" ဟု ဆိုလိုက်၏။သူက မသိမသာ ပခုံးချီလိုက်ကာ "ဆင်းရဲတဲ့ ဆေးကျောင်းသား၊ ဂုဏ်ထူးနဲ့ ဘွဲ့ရတယ်၊ ရုတ်တရက် စီးပွားရေးလုပ်ငန်းကြီး တစ်ခုရဲ့ ဓာတ်ခွဲခန်းမှာ အင်မတန် ရတောင့်ရခဲ အလုပ်ရတယ်၊ အဖြစ်ကတော့ အဲဒီလို ရှင်းရှင်းလေးပါပဲ" ဟု ပြောလိုက်သည်။

"ဒါပေမယ့် ရှင် နှမြောစရာကြီး၊ တကယ့်ကို အတိုင်းမသိ နှမြောစရာကြီးပဲ"

"သိပ္ပံပညာအလုပ် လုပ်တာပဲကွယ်" ဟု သူက အကြောင်းပြသည်။ သူ၏ဆေးလုံးနှင့် ရေမွှေးများ ထုတ်လုပ်ရခြင်း အကြောင်းကို ကြားကောင်းအောင် စကားလုံးများ ရွေးချယ်၍ ပြောပြသည်။

"ဟုတ်ပါတယ်လေ၊ တချို့လူတွေအဖို့တော့ အရေးမဟုတ်ပါဘူး၊ ဒါပေမယ့်ရှင် ဦးလေးလို လူတစ်ယောက်အဖို့ ဒီလို ဥပဓိရုပ်မျိုးနဲ့..." ကေသီအနည်းငယ် ရှက်သွေးဖြန်းသွားသော်လည်း စိတ်ကို ပြန်တင်း၍ " ဦးလေးမှာရှိတဲ့ အရည်အချင်းမျိုးနဲ့များ ဒုက္ခဝေဒနာ ခံစားနေကြရတဲ့ လူတွေကို ကူညီဖို့ တကယ့် ဆရာဝန်ရဲ့ အခွင့်အရေးမျိုးကို လက်လွှတ်လိုက်ရသလားရှင်" ဟု ဆက်ပြောကာ "ဆရာဝန်အလုပ်ကို ပြန်လုပ်ဖို့များ တစ်ခါမှ စိတ်မကူးမိဘူးလား" ဟု မေးလိုက်သည်။

"ဒီအသက်အရွယ်ကြီးကျမှကွယ်" ဟု ဆိုလိုက်ပြီးမှ သူ့အား သိပ်အသက်ကြီးသွားပြီဟု မထင်စေလိုသောကြောင့် သူ့အသက်ကို ယုတ္တိရှိအောင် လျှော့ပေါ့ကာ "လေးဆယ်ကျော် ငါးဆယ်တွင်း ရောက်ပြီကွယ့်" ဟု ပြောလိုက်သည်။

"ဒါပေမယ့် ဦးလေးဟာ ကျန်းမာတယ်၊ အရွယ်ကောင်းတုန်းပဲ၊ ငယ်မူငယ်သွေးလဲ ရှိပါသေးတယ်၊ ကိုယ့်ရဲ့ တကယ့်အလုပ်ကို ဘာဖြစ်လို့ ပြန်မလုပ်လဲရှင်"

ကေသီက သူ့အား အရွယ်တင်သေးကြောင်း ပြောလိုက်သည်ကို သဘောကျကာ သူ ပြုံးလိုက်ပုံမှာ နှစ်လိုဖွယ်ရာဖြစ်လှသဖြင့် ကေသီပါ ရောယောင်၍ ပြုံးလိုက်ရသည်။ ငယ်ရွယ်တက်ကြွသည့် အရွယ်ရှင်၊ မီးလင်းဖိုမှ အလင်းရောင်များ ဟပ်နေသော ကေသီ၏ မျက်နှာကလေးမှာ ချစ်စရာကောင်းလှသည်။

မိုရေးတွင် ကေသီအား ဖခင်စိတ်ဟု

ခေါ်ရမတတ်ဖြစ်သောစောင့်ရှောက်လိုစိတ် ကြင်နာစိတ်များက လွှမ်းမိုး၍ လာကြလေသည်။

"လူ့ဘဝဟာ ဒီလိုပဲဖြစ်ရမယ်ဆိုတာက ကျွန်မရဲ့ ခံယူချက်ပဲ၊ လူတွေကို ကူညီနေရမယ်၊ လူဖြစ်လာရတာ ဒီအတွက်ပဲ၊ တစ်ဦးကိုတစ်ဦး ကူညီဖို့၊ ကျွန်မက ဒီလိုယုံကြည်ချက်နဲ့ ကြီးပြင်းလာပါတယ်၊ ဒါကြောင့်ပဲ ကျွန်မ သူနာပြုသင်တန်း တက်ခဲ့တာပါ"

ကေသီ၏ လောကီအာရုံ ကင်းလှသော စကားလုံးများသည် မိုရေးကို မသိမသာ စိတ်အားလျော့စေလျက် ရှိသည်။ မိုရေးက "ကေသီ… မင်းကတော့ တကယ်တော်တဲ့ သူနာပြုဆရာမကလေးပါပဲ" ဟု တစ်ထစ်ချဆိုလိုက်ပြီးမှ "မင်းလုပ်ကိုင်နေပုံတွေကြောင့် မင့်ကို လေးစားပါတယ်၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုယင်တော့ မင့်မှာ ဒီအလုပ်မျိုးအတွက် လိုအပ်တဲ့ အားရှိတယ်လို့ မထင်လှဘူး၊ မင်းရဲ့ အရည်အသွေးတွေကို ဒီထက်ပိုမို ထိရောက်တဲ့ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းအောင် အသုံးချပေးနိုင်တယ်လို့ ကျုပ်တော့ထင်တယ်၊ ကျုပ် မင့်ကို မပြောသေးဘဲ ချန်ထားတာရှိတယ်၊ ဘာဖြစ်လို့ ချန်ထားရလဲဆိုတော့ မင်း ကျုပ်ကို အရှိအမြင်အတိုင်း ခင်မင်စေချင်လို့ပဲ" ဟု ဆိုကာ ပြုံးပြလိုက်ယင်း "ကျုပ်ကို ဒီအတိုင်းပဲ ခင်မင်တယ်လို့လဲ ကျုပ်မျှော်လင့်ပါတယ်၊ ဟုတ်ရဲ့လား" ဟု မေးလိုက်၏။

"ခင်ပါတယ်၊ သိပ်ခင်ပါတယ်" ဟု ကေသီက ထက်သန်စွာ ဖြေလိုက်သည်။

"ကျေးဇူးတင်ပါ့ ကေသီရယ်၊ ဒီတော့ ကျုပ်ဟာ အတော်လေး ချမ်းသာကြွယ်ဝတယ်ဆိုတာကို ပြောပြနိုင်ပြီပေါ့၊ တကယ်ဆိုတော့ ကျုပ်ဟာ ကျိကျိတက်ကို ချမ်းသာတယ်၊ ဒါပေမယ့် ဒီလိုချမ်းသာတာကို အခုကေသီ့အတွက် အကျိုးပြုနိုင်မှာမို့ ဝမ်းသာရသလို ဘယ်တုန်းကမှ ဝမ်းမသာခဲ့ဖူးဘူး၊ နေဦးလေ…" ဟု ဆိုကာ လက်ပြ၍ တားထားလိုက်ပြီးမှ

"ကျုပ်ဆုံးအောင် ပြောပါရစေဦး ကေသီ၊ ကျုပ်ဟာ တစ်ကိုယ်တည်း ငြီးငွေ့နေရတဲ့လူပါ၊ အိမ်ထောင်ရေးကလဲ၊ အင်း… စိတ် မချမ်းသာစရာ ပျက်စီးခဲ့ရတယ်၊ ကျုပ်ဇနီးဟာ နှစ်ပေါင်းများစွာ စိတ္တဇဆေးရုံမှာ နေရပြီး အဲဒီမှာပဲ သေသွားတယ်၊ ကျုပ်ဘဝတစ်လျှောက်လုံး အလုပ်ကိုဖိလုပ်ပြီး အခုတော့ ကျုပ်အနားယူနေတယ်၊ ကျုပ်အနေနဲ့ ဥစ္စာပစ္စည်း လိုတာထက်ပိုပြီးရှိတယ်၊ ဒီတော့ ကျုပ်ပြောခဲ့သလိုပဲ မင်းတို့ရဲ့မိသားစုကို ပေးဆပ်စရာ ကျေးဇူးကြွေးတွေ အများကြီးရှိတယ်၊ ဒါတွေပြန်ပြောနေရယင် ငယ်ငယ်က ကျုပ်ဘဝ နုံချာခဲ့တာတွေ သတိရရမှာစိုးလို့ မမေးပါနဲ့တော့၊

အဲဒီကျေးဇူးကြွေးတွေကို ကျုပ်ပြန်ဆပ်ရမှ ဖြစ်မယ်၊ ဘယ်လိုဆပ်မလဲဆို

ကေသီ့ကို ဒီပတ်ဝန်းကျင်ထဲက ဆွဲထုတ်ပြီး ကေသီနဲ့ ထိုက်တန်တဲ့ဟာတွေ အားလုံး ရအောင် ဆောင်ကြဉ်းပြီး ပေးချင်တယ်” ဟု တစ်ဆက်တည်း ပြောလိုက်သည်။

ကေသီလည်း စိတ်ထဲက မငြိမ်မသက်ဖြင့်ပင် တစ်ခဏမျှ တိတ်ဆိတ်နေသည်။ ပြီးမှ “ကျေးဇူး အများကြီး တင်ပါတယ်ရှင်၊ ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး” ဟု မျက်လွှာချ၍ ပြောလိုက်၏။

“မဖြစ်နိုင်ဘူး၊ ဟုတ်လား... ဘာကြောင့်လဲကွယ်”

“နောက်လကုန်ယင် ကျွန်မ အန်ဂိုလာကို သွားတော့မယ်၊ သာသနာပြုအဖွဲ့မှာ ဦးလေးဝီလီနဲ့ အလုပ်လုပ်ဖို့”

မိုရေးက အထိတ်တလန့်လေသံဖြင့် “ဟာ... မဟုတ်တာ” ဟု ကျယ်လောင်စွာ ဆိုလိုက်မိလေသည်။

ကေသီက မော့ကြည့်လိုက်သောအခါ မိုရေးနှင့် အကြည့်ချင်းဆုံမိကြသည်။

“နောက်လ ခုနစ်ရက်နေ့မှာ ဦးလေးဝီလီ ကျွန်မကိုခေါ်ဖို့ ရောက်လာမယ်၊ နှစ်ဆယ့်ရှစ်ရက်နေ့မှာ လေယာဉ်ပျံနဲ့ သွားကြရမှာ၊ မနေ့က ကျွန်မအလုပ်ထွက်ဖို့ အကြောင်းကြားစာ တင်လိုက်ပြီ”

ရက်သတ္တ ငါးပတ်ကြာလျှင် ကေသီ သွားတော့မှာပါတကားဟု သူ အပြေးအလွှား တွက်ချက်ကြည့်လိုက်သည်။။ သူ့အဖို့ ကမ္ဘာပျက်သည့်အလား ဆိုးဝါးလှသည့် သတင်း၊ ‘ဒါကိုသူ လက်မခံနိုင်၊ သူ့ဘဝတစ်ခုလုံး ပုံအောပြီး ကေသီကောင်းစားရေးကို ဦးတည်လုပ်တော့မယ်လို့ အားခဲထားပြီးမှတော့ တောကြီးမျက်မည်းထဲသွားပြီး သူ့ကိုယ်သူ စတေးပစ်လိုက်မယ့် အဓိပ္ပာယ်မရှိ မဖွယ်မရာ ဒီလို ကေသီ့စိတ်ဆန္ဒမျိုးကြောင့်တော့ သူ့ဆုံးဖြတ်ချက် မပျက်စကောင်း၊ ဒါပေမယ့် အခု ကေသီကို ဆန့်ကျင်ကွန့်ကွက်လိုက်လို့ အခန့်မသင့်ယင် သူနဲ့ကွဲကွာသွားရမယ့် အန္တရာယ်က ရှိနေတယ်’ ဟု သူတွေးမိသည်။ သူ စကားစ၍ ပြောလိုက်သောအခါတွင် စိတ်မကောင်းသည့် လေသံမျိုး ပါသလောက်ပါ၍ တည်ငြိမ်သည်။

“ကျုပ်ဖြစ်ချင်သလိုတော့ မဖြစ်ရဘူးပေါ့ ကေသီ၊ ဒါပေမယ့် ဒီအလုပ်ဟာ ကေသီဘယ်လောက် အသည်းစွဲ စိတ်ပါတဲ့အလုပ်လဲ ဆိုတာကို နားလည်နိုင်ပါတယ်လေ၊ နောက်စာပို့တစ်ပတ်မှာ ဝီလီလဲ သူ့သာသနာပြုအဖွဲ့ဖို့ အလှူငွေတွေ ရပါလိမ့်မယ်”

ကေသီက မျက်လုံးများတွင် မျက်ရည်များ ပြည့်လျက် “ဦးလေးကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိဘူး” ဟု ဆိုလိုက်သည်။

"ဒါက အစပဲရှိပါသေးတယ် ကေသီ၊ ကေသီ့အတွက် ကျုပ် လုပ်ပေးချင်တာတွေ အများကြီးပါ" ဟု ဆိုကာ မျက်မှောင်ကြုတ်၍ စဉ်းစားနေလိုက်ပြီးမှ "ကေသီက မကြာခင် သွားတော့မှာဆိုတော့ ကျန်သေးတဲ့ အချိန်ကလေးတွေထဲက နည်းနည်း ကျုပ်ကို ပေးစေချင်ပါတယ်၊ ဒါ့အပြင်လဲ အပူပိုင်းဒေသက တောကြီးထဲမှာ အလုပ်ကြမ်းလုပ်ရမှာဆိုတော့ ကေသီ့အဖို့ ကေသီလဲရက်အားကလေးဘာလေး ကြိုယူထားသင့်တယ် ထင်တယ်၊ ကျုပ်အိမ်မှာလိုက်ပြီး အနားယူဖို့လဲ အကြံပေးချင်တယ်၊ ဝီလီလာတော့လဲ အဲဒီကိုလိုက်လို့ရတာပဲ၊ အဲသလိုဆိုယင် ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံး ပြန်လည်ဆုံတွေ့ခြင်းပေါ့ကွယ်"

အစတွင် သံသယကလေးများ… နောက်တွင် တဖြည်းဖြည်း ပြုံးလာသည်။ ဝီလီကို သူထည့်ပြောလိုက်မိခြင်းကား တကယ့်ချက်ကောင်းပင် ဖြစ်ပေသည်။ သို့ဖြင့် ကေသီက "တောင်ပေါ်လေကို ရှူရရင် ကွီးဗူးက ပြန်လာတဲ့ ဦးလေးဝီလီအဖို့တော့ ကောင်းပေါ့" ဟု စဉ်းစဉ်းစားစား ဆိုလိုက်သည်။ "ဒီလိုဆို လိုက်မယ်ပေါ့၊ ဟုတ်လား"

ကေသီက ပင့်သက်ရှည်ကြီးကို ရှိုက်လိုက်ကာ "ဒီအပတ်ကုန်အောင်တော့ စဉ်းစားပါရစေဦးနော်၊ ဒီအပတ်ကုန်အောင် ဆေးရုံမှာ တာဝန်ချိန် ရှိနေသေးတယ်" ဟု ပြောလိုက်၏။

မိုရေးအဖို့ ခွင့်ပြုရုံမှတစ်ပါး ဘာမှမတတ်နိုင်။ ကေသီအား မော့ကင့်ချ်သို့ ကားဖြင့်ပြန်ပို့ပြီးလျှင် နှုတ်ဆက်စကား အနည်းငယ်မျှကိုသာ ပြောခဲ့သည်။ ထို့နောက် ကားကို ဖြည်းဖြည်းမောင်း၍ ဟိုတယ်သို့ ပြန်ခဲ့သည်။ ကေသီကဲ့သို့ ချစ်စရာ မိန်းကလေးတစ်ယောက် သူ့ကိုယ်သူတောတွင်းသားတွေကြား ဓာတ်မြှုပ်လိုက်မည် ဆိုသည်မှာ အတော်မဖွယ်ရာသည့် ကိစ္စ။ စီးကရက်တစ်လိပ်ကို မီးညှိ၍ အားရပါးရ ဖွာရှိုက်လိုက်စဉ် မိုရေး၏ ဓာတ်မီးခြစ်ခတ်သော လက်တို့သည် သောကဖြင့် တုန်ယင်လျက် ရှိကြလေသည်။

သူ လွယ်လွယ်ဖြင့်ကား အရှုံးပေးလျက် ပြန်မသွားချင်၊ ကေသီကလေးအပေါ်တွင် သူ အလွန်တရာ ချစ်ခင်၍နေပြီဖြစ်သည်။ ကေသီ၏လက်ရှိ ဆန္ဒစွဲကိုချွတ်ဖို့ အကောင်းဆုံးနည်းလမ်းကား ကေသီအတွက် သူက ပေးစွမ်းနိုင်သော လူချမ်းသာဘဝကို ခေါ်ပြဖို့ဖြစ်သည်။ ကေသီအား ဥရောပတိုက်သို့ ခေါ်သွားပြီးလျှင် ပဲရစ်၊ ရောမ၊ ဗီယင်နာ စသည့်မြို့ကြီးများ၏ ခမ်းနားသောအလှကို ပြလိုက်နိုင်မည်သာ ဆိုပါက အဘယ်မျှ ကောင်းလေမည်နည်း။ သို့သော် သူ၏ ဖိတ်ခေါ်ချက်ကို ကေသီက လက်ခံလိမ့်မည်ဟု မည်သို့ ပြောနိုင်ပါအံ့။ သူ ကားကို နောက်ပြန်လှည့်၍ မော့ကင့်ချ်သို့ ပြန်ကာ ဓမ္မဆရာ၏အိမ်သို့ မောင်းခဲ့သည်။ ဓမ္မဆရာကိုကား

တွေ့လိုစိတ်မရှိ၊ ထို့ကြောင့်ပင် ဆရာကတော် တစ်ယောက်တည်း အိမ်ဘေးက ဟင်းသီးဟင်းရွက်ခင်းထဲတွင် တွေ့လိုက်ရသောအခါ သူ စိတ်သက်သာရာ ရသွားသည်။

ဆရာကတော်သည် ယောက်ျားဆောင်း ဦးထုပ်စုတ်ကြီးတစ်လုံးကို ဆောင်းလျက် မိုးကာအင်္ကျီဟောင်းတစ်ထည်ကို ဝတ်ကာ ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည်။

မိုရေး ဝင်လာသည်ကို မြင်လျှင် သူက ပြုံးပြလိုက်ကာ "ပက်ကျိတွေ သတ်နေရတယ်ရှင်၊ မိုးရွာပြီး ကျွန်မရဲ့ ပန်းဂေါ်ဖီတွေ တက်စားပစ်ကြလို့၊ အိမ်ထဲကိုဝင်ပါဦးလေ" ဟု ဆီးကြိုနှုတ်ဆက်သည်။

"ဝန်မလေးယင် ဒီမှာပဲ စကားပြောပါရစေလား"

သို့ဖြင့် မိုရေးအား ခြံထဲမှ တဲကလေးတစ်လုံးဆီသို့ ခေါ်သွားကာ ခုံရှည်ကလေးတစ်လုံးတွင် ဝင်ထိုင်၍ မိုရေးအား သူ့ဘေးတစ်နေရာတွင် ဝင်ထိုင်ရန် ညွှန်ပြလိုက်သည်။ ထို့နောက်မှ

"ရှင့်ကို ကေသီက ပြောလိုက်ပြီပေါ့၊ ရှင်ကလဲ သဘောမတူဘူးပေါ့၊ ဟုတ်တယ်၊ ရှင်တစ်ယောက်တည်း မဟုတ်ဘူး၊ သူလုပ်ပုံက တကယ်နှမြောဖို့ကောင်းတာပဲ" ဟု ပြောသည်။

"ဒီနေရာတွေက ဘယ်လိုအခါမျိုးမှ သွားနေဖို့ မကောင်းပါဘူးဗျာ၊ အခုလို အာဖရိကားမှာ အခြေအနေ မငြိမ်မသက်နဲ့ဆိုတော့…၊ ဒါနဲ့ သူကဘာဖြစ်လို့ သွားချင်ရတာတဲ့လဲ၊ သူ့ဦးလေးတော်က ခေါ်လို့များလား"

"အင်းပေါ့လေ၊ တစ်နည်းအားဖြင့်တော့ သူ့ဦးလေးအတွက် သွားတာပဲပေါ့၊ ဒါပေမယ့် သူ့သဘောနဲ့သူလဲ ပါပါတယ်၊ ကလေးမက အတော်ကောင်းရှာတယ်၊ ကောင်းဆို တကယ်ကောင်း" ဟု ဆရာကတော်က ခံစားမှုအပြည့်ဖြင့် ပြောသည်။ ဘုရားတရားကြည်ညိုလို့ ကောင်းတာမျိုး မဟုတ်ဘူး၊ သိတတ်မြင်တတ် ကိုယ့်ရည်မှန်းချက်ကလေးနဲ့ ကိုယ်နေတတ်တယ်၊ သူ့အမေကလဲ သူ့ကို တကယ့်စည်းနဲ့ကမ်းနဲ့ ဆုံးမသွန်သင်ပြီး အုပ်ထိန်းခဲ့တဲ့ကြားက ကြီးပြင်းခဲ့ရတာမို့လဲ တစ်ကြောင်းပေါ့လေ၊ ဝီလီ အန်ဂိုလာကို ထွက်သွားကတည်းက သူ့မှာ ဝီလီကို ကူညီဖို့ စိတ်က တစ်နေ့တခြား စွဲမြဲလာခဲ့ဟန် တူပါတယ်၊ အကူအညီ အလိုဆုံးနေရာကို သွားကူညီဖို့ဆိုတာက သူ့ဘဝရဲ့ အဓိက ရည်ရွယ်ချက်ပဲ"

"ဒါပေမယ့် သူ့စိတ်ကူးဟာ လုံးဝလက်တွေ့ဘဝနဲ့ မအပ်စပ်ဘူးဆိုတာ ဝီလီကတော့ သိရမှာပေါ့"

"ဝီလီကတော့ရှင် ဒီကမ္ဘာလောကကြီးထဲမှာ တကယ်တန်း နေနေတဲ့ လူမှမဟုတ်ပဲ"

"ဒါပေမယ့် ကျွန်တော်ကတော့ ဒီလောကကြီးထဲမှာပဲ နေပါတယ်လေ၊ ကေသီ့ကိုလဲ ကျွန်တော်ချစ်ပါတယ်၊ သူ့မှာလိုတာတွေ ရသင့်ရထိုက်တာတွေ အားလုံးကို ပေးချင်ပါတယ်"

ဓမ္မဆရာကတော်က သူ့အား နားမလည်သကဲ့သို့ ကြည့်နေသော်လည်း သူ့တွင် ကရုဏာ မျက်လုံးများကို တွေ့ရသဖြင့် မိုရေးလည်း သူ့စေတနာများကို ရှင်းလင်းပြောပြသည့် အနေဖြင့် သူ့ရင်ထဲ၌ ရှိနေသည်တို့ကို ထုတ်ဖော်လိုက်ရန် လိုပြီဟု တွေးမိသည်။ သို့ဖြင့် သူ့အပေါ်တွင် အထင်အမြင်သေးစေမည့် အကြောင်းများကို လျှော့လျှော့ပေါ့ပေါ့ ဖုံးဖုံးဖိဖိလုပ်၍ သူ မဲ့ကင့်ချ်သို့ ဘာကြောင့်ရောက်လာရသည်တို့ကို ဒရောသောပါး အားလုံး ပြောပြလေသည်။

"ဒီတော့ အတိတ်က ဆုံးရှုံးခဲ့တာတွေကို အစားထိုးပြီး အတိုးနဲ့လျော်ဖို့ အကြောင်း ကျွန်တော့်မှာ ကောင်းကောင်းကြီး ရှိပါတယ်" ဟု ဆိုကာ "ကျွန်တော်သာ အဲဒီ ကံဆိုးမိုးမှောင် သင်္ဘောခရီး မထွက်ဖြစ်ခဲ့ယင် ကေသီဟာ ကျွန်တော့်သမီးကလေး ဖြစ်ရမှာပါ" ဟု ဆက်ပြောယင်း သူ့အသံမှာ နစ်သွားသည်။

မိုရေးက မျက်လွှာချ၍ ပြောနေရာမှ ဆရာကတော်အား မော့ကြည့်လိုက်သောအခါ ဆရာကတော်က ကရုဏာဖြင့် ပြုံးလျက်ရှိသည်ကို တွေ့လိုက်ရ၏။

"ကျွန်မလဲ တွေးတော့ အတွေးမိသားပါပဲ၊ တစ်ခါက ကေသီ့အမေက ခေတ်ပုံ အယ်လဘမ်စာအုပ်ဟောင်းကြီး တစ်အုပ်ပြယင်း အဲဒီအထဲမှာ ညှပ်ပြီးသိမ်းထားတဲ့ ပန်းခြောက်ကလေးတစ်ခက် တွေ့လို့ ကျွန်မက ရယ်စရာပြောတော့ သူက သူ့မှာ လက်မထပ်ခင်က သိပ်ချစ်ခဲ့တဲ့ လူတစ်ယောက် ရှိသလိုလို ပြောဖူးတယ်"

မိုရေး မျက်နှာတစ်ချက် ပျက်သွားသော်လည်း လျင်မြန်စွာ ပြန်ဆည်လိုက်ပြီးလျှင် "ကျွန်တော် ကေသီနဲ့ ဝီလီတို့ကို ဆွစ်ဇာလန်လိုက်ခဲ့ကြဖို့ ခေါ်ထားပါတယ်၊ သူတို့ကို ခေါ်လို့ရမယ်ဆိုရင် ရေလည်အောင် ပြောလို့ရပါတယ်၊ ဆရာကတော်က သူ့ကို နည်းနည်းကူပြီး ပြောပေးပါလား" ဟု ပြောလိုက်သည်။

"ထူးထူးဆန်းဆန်းပဲရှင်၊ အဲဒီက ရာသီဥတု မတရားဆိုးတာနဲ့ဆိုယင် အခါလည်လောက်ဆို ကေသီကလေးတော့ ချုံးကျသွားမှာပဲဆိုပြီး ကျွန်မလေ ကေသီ ဒီခြေလှမ်းကို မလှမ်းဖြစ်အောင် အကြောင်းအရာတစ်ခုခု ပေါ်ပေါက်လာပါစေလို့ မျှော်လင့်နေတာ၊ ဆုတောင်းနေတာ၊

မရတော့ပါဘူးဆိုပြီး လက်လျှော့ထားလိုက်မှ ရှင်က ကေသီရဲ့ ဒုတိယအဖေလို ရောက်လာရတယ်၊ ရှင်ဘာကြောင့် ရောက်လာရတယ်ဆိုတာလဲ ကျွန်မအဖို့တော့ ရှင်းပါတယ်” ဟု ဆိုကာ သူ၏ကြမ်းတမ်းနေသော လက်ဖြင့် မိုရေး၏လက်ပေါ်သို့ လာအုပ်ထားလိုက်လျက် “လူတိုင်းလိုလို ငယ်တုန်းကတော့ အမှုမဲ့အမှတ်မဲ့ အမှားအယွင်းတွေ လုပ်ခဲ့မိကြတာပါပဲ၊ ရှင့်ကို တော်မှန်ဖြောင့်မတ်ပြီး စေတနာသဒ္ဓါတရား ရှိတဲ့လူလို့ ယုံကြည်ပါတယ်လေ၊ ကေသီ့ကို ဒီဘဝမျိုးက ဆွဲတင် လူရာဝင်အောင် လုပ်ပေးပြီး အချုပ်ကတော့ လူကောင်းသူကောင်း တစ်ယောက်နဲ့ အိမ်တစ်ဆောင် မီးတပြောင် နေနိုင်အောင် အိမ်ထောင်ချပေးလိုက်နိုင်မယ် ဆိုယင်တော့ ရှင်ပြုခဲ့တဲ့ အပြစ်အားလုံး ကျေတဲ့ ဟိုဘက်တောင် လွန်သွားပါလိမ့်မယ်လေ၊ ကျွန်မအဖို့တော့ ဘုရားသခင် စောင့်ရှောက်တော်မူတယ် ဆိုတာကို ယုံပါတယ်ရှင်၊ကျွန်မတတ်နိုင်သမျှ ရှင့်ကို ကူညီပါ့မယ်” ဟု ပြောလေသည်။

ဓမ္မဆရာ၏အိမ်မှ ပြန်ခဲ့သောအခါ မိုရေး၏ မျက်လုံးတို့မှာ မျက်ရည်များဖြင့် စိုစွတ်လျက် ရှိကြလေသည်။ သူ့ရင်ထဲတွင် လေးနေခဲ့သည်တို့ကို ဖွင့်ပြောခဲ့ရ၍ စိတ်ထဲ၌လည်း ရှင်းသွားကာ အမျိုးသမီးကြီး၏ ကတိစကားကြောင့် ကေသီ၏အဖြေကို စောင့်ရန် အားရှိသွားပြန်သည်။

သို့တိုင်အောင် နေ့ရက်များ ကုန်လွန်လာခဲ့သည်နှင့်အမျှ မတင်မကျ အခြေအနေက သူ့အား ညှဉ်းဆဲလျက် ရှိလေသည်။ ပင်လယ်က လှိုင်းထန်လျက်၊ ကမ်းပါးကြီးများဆီသို့ ရေမြှုပ်နှင့်သဲများ တဝုန်းဝုန်းရိုက်ခတ်ကာ ရာသီဥတုက ချမ်းအေ းလာပြီဖြစ်ရာ သူ့မှာတစောင့်တည်း စောင့်ဆိုင်းနေရစဉ် အားတက်စရာဟူ၍ ဘာမှမရှိ။ ဆောင်းဝင်တော့မည်ဖြစ်၍ Eည်သည်များ ပြန်ကြပြီဖြစ်ရာ သူတည်းခိုနေသည့် ဟိုတယ်မှာပင်လျှင် လူနည်းလာလေသည်။

စနေနေ့တွင် သူသည် စိတ်ပြေလက်ပျောက် သဘောဖြင့် တောပိုင်းသို့ ထွက်လာခဲ့သည်။ သူသည် ကားမောင်းသွားယင်း မျက်စိလည်ကာ ခရီးလွန်လာခဲ့ပြီးမှ ရုတ်တရက် သူတွေ့ဖူး မြင်ဖူးသည့် ရေမြေရှုခင်း တစ်နေရာသို့ ရောက်လာခဲ့သည်။ သူသည် အာရုံစူးစိုက်၍ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မိ၏။ တကယ် သူရောက်လာသောနေရာမှာ သူနှင့်မေရီ ဂလင်ဘန်း ဆေးရုံကြည့်ပြီး အပြန် ပင်လယ်လက်ကြားဘက်မှ တောကိုဖြတ်၍ တက်လာသော လူသူကင်းရှင်းသည့်လမ်းရှိ မေရီက သူ့အား တစ်ကိုယ်လုံးပုံ၍ အပ်နှင်းခဲ့သည့်နေရာ ဖြစ်လေသည်။

‘မြတ်စွာဘုရား၊ ဒီအတိုင်းပဲ ရှိနေပါသေးလား၊ မနေ့တစ်နေ့ကမှ ဖြစ်ခဲ့ရသလိုပါပဲလား’ ဟု တွေးနေမိသည်။ သူက ဤနေရာ၌ မတ်တတ်ရပ်နေယင်းရင်တဒိတ်ဒိတ်ခုန်လျက်ရှိစဉ်တွင် အတိတ်က ဖြစ်ရပ်များသည်

ရုပ်ရှင်ပြသကဲ့သို့ တရေးရေး ပြန်၍ပေါ်လာကြလေတော့သည်။ နေရောင်ခြည်၊ မြူးထူးသော ရယ်ရွှင်သံ၊ ပျားပိတုန်းတို့ ဝတ်ရည်သယ်သံ၊ ထို့ပြင် ခရုစုတ်ငှက်ကလေးများ ကောင်းကင်ယံတွင် ဘာသာဘာဝ မောင်မယ်ခေါ်ထူး ပျော်မြူးထဲပုံနေကြသည့် အသံနှင့် မြင်ကွင်း၊ နောက် သူတို့နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တွယ်ဖက်လျက် ရမ္မက်၏အလိုသို့ ရင်တဖိုဖိုဖြင့် လိုက်၍ ပျော်ခဲ့ကြသည့် တစ်ဒင်္ဂအချိန် ကလေးများ...၊ အားလုံးကို သူပြန်၍ ထင်မြင်မိသည်တွင် တကယ်ထိတွေ့ခံစား နေရသကဲ့သို့ အာရုံငြိလာသဖြင့် သူ့တစ်ကိုယ်လုံး သိမ့်သိမ့်ခါလျက် မျက်နှာကိုပင် လက်ဝါးဖြင့်အုပ်၍ ထားလိုက်မိလေသည်။

သူ၏ရင်ခွင်ထဲက မိန်းကလေးကား လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူဆုံးရှုံးခဲ့ရသည့် ချစ်သူဟောင်းမဟုတ်။ အတိတ်ကဖြစ်ရပ်ကို အောက်မေ့ကာ အာရုံ၌ လာငြိသောကြောင့် တကယ်ပြန်၍ တစ်ဖန် စိတ်ကစားလိုက်မိသည်ကား အမေနှင့်မဟုတ်၊ သမီးနှင့်သာဖြစ်နေသည်။

သူ၏ ရင်ခွင်၌ တင်းကျပ်စွာ ဖက်ထားမိသူ၊ နှုတ်ခမ်းပူပူနွေးနွေးလေးကို သူ့နှုတ်ခမ်းဖြင့် ဖိစုပ်မိသူမှာ ကေသီဖြစ်နေလေသည်။ သူသည် ထိုနေရာ၌ ဆက်မနေရဲတော့အောင်ပင် ရှက်လာသဖြင့် ထူပူလာကာ ကားကို ခပ်မြန်မြန်မောင်း၍ ထွက်လာခဲ့ရလေ၏။

သူ သံယောဇဉ်တွယ်မိပြီ။ ကေသီအား သူ ကာကွယ် စောင့်ရှောက်ပေးရမည့်သူ၊ သမီးကလေး တစ်ယောက်ပမာ သဘောထားသူဟု ထင်မှတ်ခဲ့မိခြင်းမှာ စင်စစ် သူ့ကိုယ်သူ လှည့်စားနေခြင်းမျှသာ ဖြစ်လေသည်။ ကေသီအား သူစ၍ တွေ့သည့်အချိန်ကတည်းကပင် သူ့ရင်ထဲက အချစ်၊ တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်သာ တကယ်ချစ်ခဲ့ဖူးသော အချစ်သည် ဤငယ်ရွယ်လန်းဆန်းသူ လှပ၍ အသက်ထင်ရှားရှိသူ သမီးကလေးကေသီ၏ထံသို့ ကူးပြောင်းသွားခဲ့ပြီ ဖြစ်လေသည်။

သူသည် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်လျက် ကားကို မောင်းနေမှန်းမသိ မောင်းခဲ့ယင်း သူရင်ထဲမှ ဒီရေကဲ့သို့ တရိပ်ရိပ်တက်လာသော အချစ်အခင်စိတ်တို့ကို ပိတ်ဆို့တားဆီးရန် ကြိုးစား၍လာသည်။ သို့ရာတွင် သူ့မှာ လိပ်ပြာမသန့်စရာ ဘာအကြောင်းများ ရှိသနည်းဟု သူ့ကိုယ်သူ ပြောလာသည်။ သူ့၌ ဖြစ်ပေါ်လျက်ရှိသော စိတ်မှာ လူသာမန်တို့၏ ရိုးသားသော စိတ်မျိုးပင်။ လူသာမန်ကဲ့သို့ ချစ်မိ ခင်မိသည့်အတွက် သူ့အားမည်သူက အပြစ်တင်နိုင်မည်နည်း။ ဤသို့တွေးမိလျှင် သူ့မှာ ရင်တဒိတ်ဒိတ်ခုန်အောင် ပျော်ရွှင်လာပြန်ကာ သူ့အနာဂတ်သည် နှစ်သက်ဖွယ် ရောင်စုံလက်၍ လာပြန်သည်။ ထို့ပြင် ဤအချစ်အခင်စိတ်ကပင် သူ့အား ငယ်မူပြန်အောင် လုပ်ပေးလိုက်သဖြင့်

သူယခုပင်လျှင် ငယ်စိတ်ငယ်သွေးကြွလျက် ရှိပြီမဟုတ်ပါလော။

နောက်ထပ် ဆိုင်းဖို့မလို။ အချိန်မတိုင်မီ သူ့သဘောထားကို ဖွင့်ပြောလိုက်မိမည်ကို စိုးရသဖြင့် သတိတော့ ထားရမည်။ သို့ရာတွင် သူချက်ချင်းဆိုသလိုပင် တယ်လီဖုန်းဆက်မည်။ သူဟိုတယ်သို့ ကားကို အမြန်မောင်း၍ ပြန်ကာ တယ်လီဖုန်းရှိရာသို့ အသွားတွင် ဟိုတယ်အလုပ်သမား တစ်ယောက်က သူ့အား လက်ပြ၍ "ဆရာ့အတွက် စာတစ်စောင်ရှိတယ်၊ မစ္စက်ဖော်သာရင်ဂေး ယူလာတယ်" ဟု ပြောလိုက်သည်။

သူသည် စာအိတ်ကိုယူ၍ သူ့အခန်းရှိရာအပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်ခဲ့ပြီးနောက် စာအိတ်ကို ဆုတ်ဖြဲဖွင့်လိုက်သည်။ ပြီးလျှင် တုန်ယင်သောလက်များဖြင့် စာရွက်ခေါက်ကို ဆွဲထုတ်လိုက်၏။

ဦးလေး မနေ့က မွန်းလွဲပိုင်းမှာ ကေသီ မစ္စက်ဖော်သာရင်ဂေးနဲ့ အကြာကြီး စကားပြောခဲ့ပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ သူနာပြုချုပ်ကိုပြောပြီး လာမယ့် တနင်္လာနေ့က အစပြုမယ့် ရက်သတ္တနှစ်ပတ်ခွင့်ယူဖို့ စီစဉ်လိုက်ပါတယ်။ ဒီတော့ ဦးလေးနဲ့အတူ လိုက်နိုင်ပြီပေါ့။ ဦးလေးဝီလီဆီကိုလဲ ကျွန်မတို့ဆီ ဆွစ်ဇာလန်ကို လိုက်လာဖို့ ဦးလေးက ဖိတ်ခေါ်တဲ့အကြောင်း စာရေးလိုက်ပါပြီ။ ကေသီတော့ ဦးလေးနဲ့လိုက်ရမှာကို ပျော်နေပါတယ်။ ကေသီ

မိုရေးမှာ ဝမ်းသာလွန်းသဖြင့် စာရွက်စကလေးကို နမ်းပြီးနောက် အခေါက်ခေါက် ပြန်၍ ဖတ်နေမိလေသည်။ ဩော်... သူ ဝီလီ့ဆီကို စာရေးလိုက်ပြီကိုး၊ ကြေးနန်းဆိုယင် ပိုကောင်းမယ်၊ နက်ဖြန် သူ ကြေးနန်းရိုက်လိုက်မယ်၊ အားလုံး ရှင်းလင်းသွားအောင် ပွင့်ပွင့်လင်းလင်း ပြောရယင် အတော် ရှည်ရှည်ရိုက်ရလိမ့်မယ်၊ ဒါမှသာ နောက်သူတို့ တွေ့ကြတဲ့အခါ ပြေပြစ်သွားမှာ။

(၁၀)

ကာရဗယ် လေယာဉ်သည် ညဉ့်ကောင်းကင်အမြင့်ပေ နှစ်သောင်းမှ ဗီယင်နာလေဆိပ်သို့ တဖြည်းဖြည်း စောင်း၍ဆင်းခဲ့သည်။ ဗီယင်နာမြို့ကား မိုရေး၏ အနှစ်သက်ဆုံးမြို့ဖြစ်၍ ကေသီအားလည်း ဥရောပမြေပေါ် ခြေချလည်ပတ်ရသည့် အရသာကို မြည်းစမ်းဖူးစေချင်နေသည်။ သူက ကေသီ့ဘက်သို့ လှည့်၍ "ရောက်တော့မယ်၊ ကေသီလဲ ပင်ပန်းရော့မယ်" ဟု ဆိုလိုက်၏။

လေယာဉ်၏ ပထမတန်းအခန်း၌ ကေသီ၏ဘေးမှထိုင်ကာ လေယာဉ်မစီးဖူးသေး၍ အထူးအဆန်း ဖြစ်နေသော ကေသီအား တပြုံးပြုံးဖြင့် စောင့်ရှောက်ဖေးမယင်း လာခဲ့ရသည်မှာ သူ့အဖို့ ရတောင့်ရခဲ ပျော်စရာမျိုး ဖြစ်လေသည်။ ကေသီကမူ ဘာမှ သိပ်မပြော၊ သူကတိတ်ဆိတ်နေသောကြောင့်လည်း အနည်းငယ် မနေတတ် မထိုင်တတ်သယောင်ယောင် ဖြစ်၍ နေလေသည်။

မိုရေးက "ကေသီလေး ပျော်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်၊ မာ့ကင့်ချ်မှာတုန်းက ရွံ့ထဲရေထဲ တစွက်စွက် သွားခဲ့လာခဲ့ရတာတွေ မေ့ထားပြီး တစ်ခါတလေ စိတ်လွတ်လက်လွတ် နေလိုက်ပေါ့" ဟု ဆိုရာ ရယ်ရယ်မောမောဖြင့် "ဒို့တွေ စိတ်အေ းချမ်းသာ လူပီပီနေကြဦးစို့" ဟု ပြောသည်။

ကေသီက ပြုံးလျက် "ကျွန်မက လူပီပီနေလွန်းလို့ ခက်နေတာ" ဟု ပြန်ပြောသည်။

ထိုအခိုက် "ကျေးဇူးပြု၍ နားဆင်ပါရှင်၊ ကျွန်မတို့ အခု ဗီယင်နာလေဆိပ်ကို လေယာဉ် ဆင်းပါတော့မယ်၊ ကျေးဇူးပြုပြီး စီးကရက်မီးများ အားလုံးငြိမ်းပြီး ထိုင်ခုံခါးပတ်များ ပတ်ထားကြပါရှင်" ဟူသော လေယာဉ်မယ်၏ ကြေငြာသံပေါ်လာသည်။

ကေသီက လေယာဉ်တစ်ခါမှ မစီးဖူးသေး၍ မကျွမ်းကျင်။ ထို့ကြောင့် ခါးပတ်ပတ်ပုံကို မိုရေးက ကေသီ့လက်ကိုကိုင်၍ ပြသပေးရသည်။ သူ့မှာ ဤကဲ့သို့ လုပ်ကိုင်ပေးနေရသည်ကိုပင် ပျော်ရွှင်၍နေသည်။ ခဏကြာလျှင် လေယာဉ်စောင်းကွေ့၍ အဆင်း လေယာဉ်ကွင်းမှ မီးတန်းများ

စောင်းတက်လာပြီးသော် လေယာဉ်ဘီး ပြေးလမ်းနှင့်ထိသည့်

အသံကြားရသည်။ မကြာမီ လေယာဉ်သည် ပြေးလမ်းတစ်လျှောက် လိမ့်ကာ အကောက်ခွန် စစ်ဆေးရာ သစ်သား အဆောက်အအုံဆီသို့ ဘီးလိမ့်သွားလျက်ရှိ၏။ ထို့နောက် သူတို့သည် လေဆိပ်သို့ ကားဝင်သည့်လမ်းမဘက်သို့ ထွက်လာကြသည်။ ကြေးနန်းဖြင့် သူအမိန့်ပေးထားသည့်အတိုင်း အာထူရိုသည် သူတို့အား ရိုးလစရွိုက်ကားကြီးဖြင့် လာစောင့်ကာ ပြုံးရွှင်ရိုသေစွာ ဦးညွတ်၍ နှုတ်ဆက်သည်။ ထို့နောက် သူတို့သည် ဗီယင်နာမြို့ဆီသို့ ညင်သာစွာ မောင်းနှင်သွားကြလေသည်။ မိုရေးလည်း လမ်းမများပေါ်မှ ရယ်သံမောသံများ၊ ကဖေးခေါ် စားသောက်ဆိုင်များဆီမှ ကကြိုးတီးလုံးသံများဖြင့် စည်စည်ကားကား နေရာသို့ ပြန်ရောက်လာရသည်မှာ ကောင်းလေစွတကားဟု အောက်မေ့၍ လာခဲ့သည်။ သူတို့၏ ကားကြီးသည် မကြီးကျယ်လှသော်လည်း စည်းစိမ်ခံစရာပေါများလှသော 'ပရင့်ဇအမ်ဗဖေဒါ' ဟိုတယ်၏ရှေ့တွင် ရပ်လိုက်ပြီးနောက် သူတို့အား ဟိုတယ်အမှုထမ်းများက အခန်းချင်းယှဉ်လျက်ရှိသော မိသားစုနေလောက်သော အခန်းကျယ်များဆီသို့ ခေါ်ဆောင်သွားကြလေ၏။

မိုရေးက "ကဲ… ကေသီလဲ ပင်ပန်းပြီ၊ ဦးလေးလဲ အိပ်တော့မယ်၊ ကေသီ့ဆီကို အသားညှပ်ပေါင်မုန့် အပို့ခိုင်းလိုက်မယ်၊ စားပြီးယင် တစ်ခါတည်း အိပ်ရာဝင်ပေတော့၊ မနက်စာ စားတော့မှ တွေ့ကြစို့" ဟု ပြောလိုက်သည်။ ကေသီ၏ မျက်လုံးများကို ကြည့်ခြင်းအားဖြင့် သူလုပ်သမျှသည် ကေသီ့အကြိုက်ချည့် ဖြစ်သည်ဟု သိနိုင်၏။ နောက်နေ့မနက် ၉ နာရီတွင် နံနက်စာ လာပို့သောအခါ မိုရေးက ကေသီ၏အိပ်ခန်းတံခါးကို အသာအယာ ပုတ်လိုက်၏။ ကေသီမှာ အိပ်ရာမှနိုးနှင့်၍ အဝတ်အစားလဲပြီးဖြစ်၍ ဇာထိုးယင်း စောင့်နေပြီဖြစ်လေသည်။ နံနက်စာစားပွဲ၌ အတူထိုင်ကြသည်။ ကော်ဖီကလေးက မွှေးကြိုင် အရသာရှိလှသည်။ ပန်းကန်ဖြူဖြူထဲသို့ ငှဲ့ထည့်လိုက်သောအခါ အမြှုပ်များ ထလာကြသည်။

ထောပတ်မှာ မလိုင်နှစ်ရောင် ပေါက်နေသည်။ မုန့်အလိမ်ကလေးများမှာ ကြွပ်ရွ မွှေးနေကြသည်။ မိုရေးက "ဒါကို ရှေးက Eကရာဇ်မင်းတွေ စားတဲ့ ပွဲတော်စာလို့ ခေါ်ကြတယ်" ဟု ပြောပြ၏။

နံနက်စာစားပြီးကြသောအခါ "ကဲ… ဒီနေ့အဖို့ လျှောက်လည်ကြည့်ကြရအောင်၊ အဆင်သင့်ဖြစ်ပြီ မဟုတ်လား" ဟု မေးသည်။

"ကျွန်မလဲ လည်ကြည့်ချင်နေတာပါပဲ၊ ကျွန်မတို့ ကားနဲ့သွားဖို့ လိုမလား"

ကေသီက ဤရိုးလစရွိုက် ကားကြီးဖြင့် သွားရသည်ကို မရွံ့မရဲဖြစ်နေသည်ကို မိုရေးကသိလိုက်၏။

ဩော်… ကေသီဟာ တကယ့်ကို ရိုးသားဖြူစင်သေးတဲ့ ကလေးပေပဲ…'

“ဒီနေ့တော့ ကားနဲ့ပဲ သွားကြရဦးမယ်၊ သွားရမယ့်နေရာက နည်းနည်းဝေးလို့၊ နောက်တစ်ခါတော့မှ လမ်းလျှောက်ကြတာပေါ့”

မကြာမီ သူတို့ ကာလင်ဘတ်တောင်ဆီသို့ မောင်းထွက်သွားကြလေ၏။ မြက်ခင်းအုပ်သည့် ဗီယင်နာတောင်ကုန်းများနှင့် ထင်းရှူးတောများကို ကွေ့ပတ်၍ မောင်းရသော တောင်တက်လမ်းမှာ စိမ်းလန်းရွှန်းလက်၍ နေလေသည်။ တောင်ထွတ်သို့ ရောက်၍ ကားပေါ်မှ ဆင်းခဲ့ကြသောအခါတွင် သူတို့ စီးမိုးမြင်နေသော ဗီယင်နာမြို့၏ ကြည်လင်သော မြင်ကွင်းကျယ်ကား အသက်ရှူပင် မှားလောက်ပေသည်။ အပေါ်မှစီး၍ အောက်ဘက် အဝေးကြီးတွင် မြင်နေရသော ဗီယင်နာမြို့၏ ဗဲလဗီဒီးယား နန်းတော်၊ စိန့်စတီဖင် ဘုရားရှိခိုးကျောင်းကြီး၊ ဘုရင့်စံအိမ်တော်၊ အော်ပရာ ပြဇာတ်ရုံနှင့် ကေသီအား နေ့လယ်စာစားရန် ခေါ်သွားဖို့ စိတ်ကူးထားသော နာမည်ကျော် ‘ဆက်ချား’ အဆောက်အအုံ စသည့်ထင်ရှားသော အမှတ်အသားများကို မိုရေးက ညွှန်ပြသည်။

“သိပ်ခမ်းနားတဲ့ နေရာပဲလားဟင်” “ဥရောပတိုက်မှာ အကောင်းဆုံး တစ်ဆိုင်ပေါ့ကွယ်”

ကေသီက လမ်းတစ်ဘက်မှ စားသောက်ဆိုင်ကလေးတစ်ခုသို့ ညွှန်ပြလိုက်ယင်း “ကျွန်မတို့ ဒီမှာပဲ တစ်ခုခုစားလို့ မရဘူးလား၊ တကယ့် ဆိုင်ကုပ်ကုပ်ကလေးပဲနော်၊ ဒီတောင်ပေါ်မှာဆိုတော့ ရှုခင်းက သိပ်ကို ချစ်စရာကောင်းတာပဲ” ဟု ပြောလိုက်သည်။

ကေသီက သူ့ကိုပြုံးကြည့်လိုက်သည်တွင် တောင်ပေါ် လေအေးကလေး ပက်ဖျန်းထားသော ပါးပြင်ကလေးများမှာ ဝင်းလက်လာကြသည်။ ဤကဲ့သို့ ပြုံးလိုက်လျှင် မိုရေးမှာ ဘာမဆို လိုက်လျောရတော့သည်။ ယခုလည်း သူ့စိတ်ထဲက ကောင်းမှာမဟုတ်သည်ကို သိလျက်ဖြင့်ပင် ဆိုင်ထဲသို့ ဝင်ခဲ့ရသည်။ ထင်သည့်အတိုင်းပင် စားပွဲကလေးက ခွေးခြေပေါ် တင်ထားသည့် ခနော်နီ ခနော်နဲ့ ပျဉ်ပြား၊ ဇွန်း ခက်ရင်း ဓားတို့ကလည်း အပေါစား၊ ထို့ပြင် စားစရာကလည်း နေရာတကာမှာ လူတကာစားသည့် ဓားလှီးအသားကြော်၊ သောက်စရာကလည်း တစ်ခြားအရာများ ရှားလွန်းနေသလော မသိ၊ ပန်းသီးရည်။ မလိုက်ဖြစ်လိုက်သည့် ဖြစ်ခြင်း၊ သို့တိုင်အောင် ကေသီကား မြိန်ရည်ရှက်ရည်စားသည်။ သည်တော့ သူကလည်း သဘောကောင်းစွာပင် လိုက်လျောရတော့သည်။ ထိုမှ နောက်တွင် သူတို့သည် နိုင်ငံသမိုင်းတွင် ကျော်ကြားသော မာရီယာထရီးဇား၏ ဆယ့်ရှစ်ရာစုခေတ် နွေရာသီ စံနန်းတော်နှင့် ဥယျာဉ်များသို့ သွားကြည့်ကြသည်။ ဤနေရာကလေးအား မာရီယာ၏ အချစ်ဇာတ်လမ်းကို သူက စိတ်ကူးဖြင့် လွမ်း၍ ခင်တွယ်နေမိသည်။ ထိုမှတစ်ပါးလည်း သူက ‘နတ်လမ်းညွှန်’ လုပ်ရသည်ကို နှစ်ခြိုက်သည်။ အဆန်းတကြယ် အပြောက်အမွမ်း အဆင်တန်ဆာများဖြင့်

အဆောင်ဆောင် အခန်းခန်းကို လှည့်လည်ကြည့်ရှုကြယင်း ရှေးဘုရင်များ ခမ်းနားကြီးကျယ်ခဲ့ကြစဉ်က ဖြစ်ရပ်များကို မိုရေးက ပြောပြလာသည်။

အချိန်သည် အမှတ်မဲ့ ကုန်လွန်သွားသည်။ သူတို့ စံနန်းတော်ထဲမှ ကျောက်လုံးခင်း အဝင် မျက်နှာစာသို့ ပြန်ထွက်လာကြသောအခါ ညနေ ၆ နာရီ ထိုးလုနေပြီကို တွေ့ရသောကြောင့် အံ့အားသင့်ကြရလေသည်။

မိုရေးက "ဟာကွယ်၊ ပြောကောင်းကောင်း လျှောက်ကောင်းကောင်းနဲ့ ကေသီ့ကို နှိပ်စက်သလို ဖြစ်နေပြီ၊ ကြည့်စမ်း... လက်ဖက်ရည်ချိန်တောင် လွန်သွားပါပကော" ဟု ဆိုသည်။

ကေသီက "လက်ဖက်ရည် မပြောနဲ့၊ ကျွန်မ ဒီအတွေ့အကြုံကို ဘာကြောင့်နဲ့မှ အလွတ်မခံနိုင်ဘူး" ဟု ပြန်ပြောသည်။ ထို့နောက် ကေသီက စဉ်းစဉ်းစားစားဖြင့် ဆက်လက်၍ "အဲဒီခေတ်က အခွင့်ထူးခံ လူတန်းစားတွေက သူတို့အတွက် သူတို့ကောင်းအောင် သူတို့လုပ်ကြတာတွေကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် လူသာမန်တွေရဲ့ ဘဝကကော ဘယ်လိုနေလဲ မသိဘူး" ဟု မေးလိုက်သည်။

"ဘယ်သိပ်ကောင်းမလဲကွယ်၊ ဗီယင်နာမှာ မိသားစု သုံးသောင်းထက်မနည်းဟာ တစ်အိမ်ထောင် တစ်ခန်းနဲ့ နေကြရတယ်လို့ အဆိုရှိတာပဲ၊ အခန်းကျယ်ယင် အလယ်က အဝတ်လှန်းကြိုး ခြားပြီး မိသားစုနှစ်စု ခွဲနေကြရသတဲ့"

ကားဖြင့် သူတို့ ဟိုတယ်သို့ ပြန်ခဲ့ကြရာတွင် ကေသီက "အခုတောင် ဆင်းရဲတာတွေတော့ တွေ့နေရသေးတာပဲ၊ လမ်းပေါ်မှာ ကလေးတွေ ဖိနပ်မပါ ဘာမပါနဲ့ တောင်းစားနေကြတယ်လေ" ဟု မှတ်ချက်ချလေသည်။

"ဗီယင်နာမှာ ဘယ်အခါမဆို သူတောင်းစားကတော့ ရှိမှာပဲကွယ့်၊ ဒါပေမယ့် ဒီမြို့ကြီးဟာ ရယ်သံမောသံ သီချင်းသံတွေ ညံနေတဲ့ ချစ်သူတို့ရဲ့မြို့ပဲ၊ သူတို့ပျော်ကြပါတယ်"

"ဟုတ်ပါ့မလား မသိဘူး၊ မနက်က ကျွန်မအခန်းလာရှင်းတဲ့ အန်နာဆိုတဲ့ မိန်းမနဲ့ စကားပြောခဲ့ရတယ်၊ သူက အင်္ဂလိပ်စကား ပြောတတ်တယ်၊ သူက ကလေး လေးယောက်နဲ့ မုဆိုးမတဲ့၊ သူ့မှာ သူ့မိသားစု အသက်ရှင်နေဖို့ကိုပဲ မနည်းရုန်းကန်ရဆိုပဲ"

"သည်လိုပဲ သနားအောင် ကြံဖန် ပြောကြတာမျိုးထဲကပဲ ထင်ပါရဲ့ကွယ်"

"မဟုတ်ဘူး ဦးလေး၊ အဲဒီမိန်းမက အရွယ်ရှိသေးတဲ့ မိန်းမကောင်း

တစ်ယောက်ပဲ”

ကေသီ ဆက်ချားသို့သွား၍ စားရသောက်ရမည်ကို ရှက်ရွံ့နေကြောင်း မိုရေးရိပ်မိသော်လည်း ကေသီ့ကို သူ့အကျိုးအတွက် ရောက်ဖူးစေချင်သောကြောင့်ပင် ခေါ်သွားရန် ဆုံးဖြတ်ခြင်း ဖြစ်သည်။ သူတို့ရောက်သွားသည့် အချိန်တွင် ပျော်ပွဲစားရုံကြီး၏ မျက်နှာစာရှိ မှန်ကာ အဆောင်ကျယ်အတွင်း၌ လူများ ပြည့်ညပ်နေသည်။ သို့သော် ကေသီ စားရဲသောက်ရဲ ရှိစေရန် အခန်းငယ်ကလေးတစ်ခုအတွင်း၌ ကြိုတင်၍ သီးသန့်စားပွဲမှာထားသည်။ ရေးဦးစွာ စားစရာနှင့် ဒညုမြစ်ဝှမ်းမှလာသော ဝိုင်တို့ကို မှာလိုက်သည်။ ဝိုင်များငှဲ့ပြီးသောအခါ မိုရေးက သူ့ဖန်ခွက်ကို မြှောက်လိုက်သည်။

မိုရေးက “ဒို့အတွက်ပဲကွယ်” ဟု ဆိုလိုက်စဉ် ကေသီက ဆုတ်ဆိုင်းဆိုင်း ဖြစ်နေ၍ “လူပီပီနေမယ်လို့ ပြောထားတာ မမေ့နဲ့နော်၊ ကေသီ့ကို ကျဉ်းမြောင်းတဲ့ စကော့တလန်က ဘဝကလေးထဲက ဆွဲတင်ချင်တယ်” ဟု ပြောလိုက်သည်။

ကေသီက အနည်းငယ် တုန်ယင်လျက်ရှိသော်လည်း ကျိုးနွံစွာပင် သူ့လက်ထဲက တိုင်ရှည် ဖန်ခွက်ကလေးကို မြှောက်ကာ အထဲမှ မွှေးမွှေးသင်းသင်း ပယင်းရောင်အရည်ကို နှုတ်ခမ်းဖြင့်တေ့၍ စုပ်လိုက်လေသည်။ စန္ဒယားသမားတစ်ယောက်က ဂီတပညာရှင် အကျော်အမော် စထရော့စ်၏ ကကြိုးတီးကွက်တစ်ပုဒ်ကို တီးသည်။ မိုရေးလည်း နုနယ်ငယ်ရွယ်သော ကေသီ၏ ပါးပြင်တွင် သွေးရောင်ဖြန်လိုက် ဆုတ်လိုက်ဖြင့်အရောင်ပြောင်းလျက် ရှိသည်ကို စိုက်ကြည့်နေမိသည်။ တကယ့် ချစ်စရာ့ သူငယ်မလေး ပါကလား…။

ဤအတွေးနှင့်အတူ သူ့တွင် ရှိရင်းစွဲ စိတ်ကောင်း စေတနာကောင်းတို့ တဖွားဖွား ပေါ်လာကြသည်။ အချိုစားသည့် အချိန်တွင်မူ ကေသီမှာလည်း နေသာထိုင်သာ ရှိသွားကာ ရွှင်ရွှင်ပျပျဖြစ်လာသည်။“ကဲ… ကေသီလေးရေ၊ သွားကြစို့”

မိနစ်အနည်းငယ်အတွင်း သူတို့သည် တဖိတ်ဖိတ်လက်လျက်ရှိသော အော်ပရာဇာတ်ရုံကြီးသို့ရောက်ခဲ့ကြပြီးနောက် ရုံစောင့်များက မိုရေးကြိုတင်လက်မှတ် ဝယ်ယူထားသော သီးသန့်ခန်းသို့ ပို့ပေးကြသည်။

ဤကဲ့သို့ ကန့်လန့်ကာနီများကာလျက် သီးသန့်လွတ်လပ်စွာ ချမ်းချမ်းသာသာ နေရသော နေရာတွင် ကေသီ စိတ်လက်ပေါ့ပါးစွာ နေနိုင်သည်ကို မိုရေး သတိထားမိသည်။ တောက်ပသော မြင်ကွင်းကို စိတ်ဝင်တစား စိတ်အာရုံ လှုပ်ရှားမှုအပြည့်ဖြင့် ငေးကြည့်နေသည်။

မိုရေးကမူ ကပ်လျက်နောက်ခံ၌ ထိုင်ကာ ကေသီ၏ပခုံးပေါ်မှကျော်၍

ပွဲကြည့်မှန်ပြောင်းဖြင့် ကြည့်လျက် ရှိလေ၏။

"တီဖော်လဒီက အီတာလျံလို သီချင်းဆိုမှာမို့ ဒီဇာတ်လမ်းကို ကေသီ သိရအောင် ပြောပြထားဦးမယ်၊ ဒါက ဂျပန်ပြည်မှာ ဖြစ်တဲ့ဇာတ်လမ်း၊ အမေရိကားရေတပ်က အရာရှိ ပင်ကာတန်ဆိုတဲ့ လူက အောင်သွယ်ကတစ်ဆင့် ဂျပန်ပြည်က ချိုချိုစံဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်ဖို့စီစဉ်တယ်" ဟု အစချီကာ ဇာတ်လမ်းကိုပြောပြ၍ အဆုံးလောက်တွင် ဇာတ်ဆရာ စင်ပေါ်သို့တက်လာ၍ တီးလိုက်ကြသော ဩဘာလက်ခုပ်သံများကို ကြားလိုက်ရလေသည်။ ကန့်လန့်ကာကြီး တင်လိုက်သောအခါမှစ၍ မိုရေးလည်း ဇာတ်ကိုစိတ်ဝင်စားစွာ ကြည့်နေသော ကေသီ၏ ငယ်ရွယ်နုနယ်သော မျက်နှာကလေးပေါ်၌ လင်းလာလိုက် အုံ့သွားလိုက်ရှိနေသော အသွင်အပြင်အမူအရာတို့ကို အကဲခတ်၍ နေမိလေသည်။ ကေသီသည် ပြဇာတ်ထဲက ချိုချိုစံ၏ကံကြမ္မာကို ကြိုသိထားသည်ဖြစ်၍ တစိမ့်စိမ့်ကရုဏာ သက်နေသည်ကိုလည်း တွေ့ရသည်။ ပထမတစ်ခန်းပြီး၍ ကန့်လန့်ကာကြီး ကျလာသောအခါ ကေသီက "တကယ့်ကို မုန်းစရာကောင်းတဲ့လူပဲ" ဟု မှတ်ချက်ချလေသည်။

မိုရေးက "ဘာမှအနှစ်သာရမရှိတဲ့ တစ်ကိုယ်ကောင်းသမား၊ ဇိမ်သမားလို့ ဆိုရမလားကွယ်" ဟု လိုက်လျောပြောလိုက်၏။ ကေသီက "ကိုယ့်အတွက်သာကိုယ် ကြည့်တတ်ပြီး သူများအတွက် ဘယ်တော့မှ မစဉ်းစားတတ်တဲ့လူမျိုးဟာ ကျွန်မအဖို့တော့ လူထဲမှာအဆိုးဆုံးပဲ" ဟု ဆိုသည်။

ဒုတိယအခန်း ပြီးခါနီးခန့်တွင် မီးများမှိန်ကာ ချိုချိုစံ မှန်အိမ်ထွန်း၍ အိမ်တံခါးဝတွင် ညဉ့်စဉ် မျှော်နေကျအတိုင်း သစ္စာမဲ့သောသူ့အချစ်ကို စောင့်သည့်အခန်းကို ပြလျက်ရှိစဉ် ဇာတ်စင်ပေါ်မှ ကြေကွဲဖွယ်ရာ လွမ်းတေးသံ ပေါ်လာသဖြင့် ကေသီ၏ပါးပြင်၌ မျက်ရည်များ စီးကျလာသည်ကို မိုရေးမြင်ရသည်။ သို့ဖြင့် သူကရှေ့သို့ကိုင်း၍ "ကြည့်ရတာ စိတ်မကောင်းစရာ ဖြစ်နေယင် ပြန်ကြမယ်လေ" ဟု ပြောလိုက်၏။

ကေသီက "ဟင့်အင်း မပြန်ပါဘူး၊ စိတ်ညစ်စရာပေမယ့် ကြည့်လို့သိပ်ကောင်းတဲ့ အခန်းပဲ၊ မိန်းကလေးမျာ သနားပါတယ်နော်၊ လူတွေဟာ တကယ်ပဲ လူမဆန်အောင် ရက်စက်တတ်ကြတာပဲနော်" ဟု ဆို့နင့်စွာပြောယင်း အသံတိတ်သွားသည်။ သို့သော် သူ့စိတ်ကို သူတင်း၍ ဣန္ဒြေဆည်လိုက်သည်။

တတိယအခန်းပြနေစဉ် ရင်နာဖွယ်သနားဖွယ် ဇာတ်လမ်းတစ်လျှောက်လုံးနှင့် အဆုံးသတ်တွင် ချိုချိုစံ မိမိကိုယ်မိမိသတ်၍ သေသွားသည်အထိ ကေသီ သူ့စိတ်ကို ထိန်းချုပ်၍ထားခဲ့သည်။

ကန့်လန့်ကာ ကျလာသည့်အချိန်တွင် ကေသီငိုမနေတော့။ သို့သော် သူ

အလွမ်းနာကို ဆက်လက် မခံနိုင်တော့သည့်အလား ခေါင်းကိုငုံ့ထားလေသည်။ အပြန် ကားထဲတွင် ကေသီက "ကျွန်မ ဒီညဥ့်ကိုတော့ တစ်သက် မေ့တော့မှာ မဟုတ်ပါဘူး၊ ကျွန်မစိတ်ကို သိပ်... သိပ်ကို ထိခိုက်တာပဲ၊ အကောင်းဆုံးအပိုင်းကတော့ ဦးလေးနဲ့အတူ ကြည့်ရတာပဲ" ဟု ပြောသည်။

နှုတ်ဆိတ်ညင်သာစွာပင် မိုရေးက ကေသီ၏ လက်ကလေးကို ဆွဲကိုင်ထားလိုက်သည်။ ထိုသို့ကိုင်ထားလိုက်သော ကေသီ၏လက်ကို သူတို့ ဟိုတယ်သို့ ပြန်ရောက်ကြပြီး၍ ဓာတ်လှေကားဖြင့် သူတို့နေသောအထပ်သို့ တက်ကြသည်အထိ မလွှတ်တော့။

သူတို့၏ ဧည့်ခန်းတံခါးကို မိုရေးကဖွင့်၍ ကေသီအားခေါ်သွားစဉ် မိုရေးကိုင်ထားသော ကေသီ၏ လက်ချောင်းကလေးများတွင် တဆတ်ဆတ် သွေးတိုးလျက်ရှိသည်ကို တွေ့ရသကဲ့သို့ပင် မိုရေး၏ရင်သည်လည်း လျင်မြန်စွာ ခုန်လျက်ရှိလေသည်။ မိုရေးက "ကေသီ စိတ် ယောက်ယက်ခတ်နေတုန်းပဲ ရှိသေးတယ်၊ ကေသီ တစ်ယောက်တည်း လွှတ်လိုက်ရမှာတောင် စိတ်မချဘူး" ဟု ပြောလိုက်သည်။

အုပ်ဆောင်းနှင့် မီးတစ်လုံးသာထွန်းထား၍ အခန်းတွင်း၌ ခပ်မှိန်မှိန်သာ လင်းလျက်ရှိ၏။ သူတို့ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်၍ ရပ်နေကြသည့်နေရာတွင် မှောင်ရိပ်ကျနေသည်။ မိုရေးက "ဘာလုပ်ပေးရမလဲ ကေသီ၊ မင်းဘယ်လိုများ ဖြစ်နေလို့လဲ" ဟု မေးသည်။

"မပြောတတ်ဘူး၊ ကျွန်မ... ကျွန်မရင်ထဲမှာ ဟာတာတာကြီး၊ ကျွန်မ တစ်ခါမှဒီလို မဖြစ်ဖူးဘူး၊ တစ်ချိန်တည်းမှာပဲ စိတ်လဲညစ်တယ်၊ ပျော်လဲပျော်တယ်"

"ဦးလေးရှိနေသားပဲ၊ ဘယ့်နှယ် မင်းရင်ထဲက ဟာရမှာလဲ ကေသီရယ်"

"သိတယ်၊ အို... သိပါတယ်၊ ပြဇာတ်ထဲက လူယုတ်မာကို မြင်ရကတည်းက ဦးလေးနဲ့ ဘယ်လောက် ကွာခြားတယ်ဆိုတာ တွေးမိတာပဲ၊ ဒါပေမယ့် အဲဒါကြောင့် ခက်တာပဲ" ဟု ပြောယင်း အသံတိမ်သွားကာ မျက်ရည်များက စီးကျလာကြ ပြန်လေသည်။ မိုရေးက ကေသီ၏မေးကို လက်ချောင်းများဖြင့် ပင့်ကာ မျက်ရည်ဖြင့်စိုသော မျက်နှာကလေးကို မော့ယူလိုက်သည်။

"ကေသီလေးရယ်၊ မင်းကို ဦးလေး ချစ်နေပြီ၊ ကေသီလဲ ဦးလေးကို ချစ်တယ်လို့ထင်တယ်" ဟု ပြောကာ မျက်ရည်စိုရွှဲလျက်ပင်ရှိသော ကေသီ့နှုတ်ခမ်းအား နမ်းစုပ်လိုက်လေသည်။ ထို့နောက် တစ်ခဏတွင် ကေသီသည် သူ့ကိုဖက်ထားသော မိုရေး၏ရင်အုံကို ပါးဖြင့်အပ်လျက်ငိုယင်း "ဦးလေးရယ်... ကေသီကလဲ ဦးလေးကို သိပ်ချစ်တာပါပဲ၊ ဒါပေမယ့်..." ဟု ဆိုကာ

မိုရေးလက်မောင်းများကြားမှ ရုန်းထွက်လိုက်ပြီးလျှင် "မဖြစ်ပါဘူး ဦးလေးရယ်" ဟု ငိုရှိုက်ကာ ပြောလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လို့ မဖြစ်ရမှာလဲ ကေသီ၊ တစ်ယောက်ကို တစ်ယောက် ချစ်ကြပြီဟာပဲ"

"တစ်ယောက်နဲ့တစ်ယောက် မိုင်သုံးထောင်လောက် ကွာဝေးနေရက်က ချစ်လို့ရပါ့မလား ဦးလေးရယ်၊ ရင်ကွဲရရုံပေါ့၊ အခုပဲ ကျွန်မရင်တော့ကွဲရပါပြီ"

"မသွားပဲနဲ့နေပေါ့ ကေသီရယ်"

"မဖြစ်ဘူး ဦးလေး၊ ကျွန်မကို ဟိုမှာ လိုနေတယ်၊ ဦးလေးဝီလီကလဲ မျှော်နေမယ်၊ ပြီးတော့ ကျွန်မ မေမေ့ကို သွားပါ့မယ်လို့ ကတိပေးထားခဲ့တာ၊ မေမေ့ကိုတော့ ဘယ်တော့မှ ကတိမဖျက်ဘူး၊ ဘယ်တော့မှ မဖျက်ဘူး"

မိုရေးလည်း အထိတ်တလန့်ဖြစ်ကာ "ကေသီ မသွားရဘူး" ဟု ဆိုယင်း ကေသီ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၍ "ကေသီ၊ ဘယ်နည်းနဲ့မှ မင်း မသွားရဘူး" ဟု ဆိုလိုက်သည်။

"ဘုရားသခင် အလိုတော်ကြောင့်ကို သွားရမှာ၊ ကျွန်မတို့ နှစ်ယောက်စလုံး အကျိုးအတွက်ကို သွားရမှာပါရှင်"

ကေသီက သူ့လက်ကို သူရုန်း၍ ထွက်ကာ အခန်းထဲသို့ ဝင်သွားသည်တွင် မိုရေးလည်း စိတ်ထဲတွင် ဗလောင်ဆန်၍ ကျန်ရစ်လေ၏။ သို့သော် ပူနွေးသော အနမ်းကလေး၏ အရှိန်ဖြင့် ကေသီက သူ့ကို ချစ်သည်ကို သိလိုက်ရသောကြောင့် မကြာမီ ဝမ်းသာမှုက ကဲလာသည်။

သည်ချစ်လမ်းခရီးက အတားအဆီး အခက်အခဲတွေကို ကျော်လွှန်နိုင်သည်။ မည်သည့်နည်းဖြင့်ပင် ဖြစ်စေ ကေသီ့ကို သူ ရအောင်ယူမည်။

(၁၁)

ဆွစ်ဇာလန်သို့ သူတို့ ရောက်ချိန်တွင် နှင်းကျနေပြီကို တွေ့ရသည်။ ကိုးရပ်နယ်ခွင် ပြာလဲ့သော ကောင်းကင်အောက်တွင် ဖြူလွှတောက်ပသော ခပ်ပါးပါးခြုံလွှာနှင်း...။

ရွှမ်းဆီးသို့ရောက်၍ တစ်ပတ်နီးပါး ကြာသည့်တိုင်အောင် မိုရေးသည် ကေသီကို အလိုလိုက်ကာ နှစ်ဦးသားဆက်ဆံကြရာတွင် ကိုယ်နှုတ်အမူအရာကို တင်းကျပ်စွာ စောင့်စည်း ထိန်းသိမ်း၍ နေခဲ့ကြရသည်။ အေးမြလတ်ဆတ်သော ညနေခင်းများတွင် မိုရေးက ကေသီအား အဲ့လပတောင်ခြေ နှင်းဖွေးဖွေးကမူ ကုန်းတန်းသို့ လမ်းလျှောက်ခေါ်သွားသည်။ ညဥ့်ဘက်တွင် စာကြည့်ခန်းထဲက မီးလင်းဖို အနီးတွင် ကေသီ နားထောင်ရန် ဟိန်ဒယ်၊ မိုးဇတ်၊ ဘားစသည့် ဂီတပညာရှင်တို့၏ ဂီတသံခတ်ပြားများကို မိုရေးက ဖွင့်ပြသည်။ သူ ပြန်ရောက်လာသည်ကို မည်သူမှ မသိကြသေး၍ ဧည့်သည်လည်း မရှုပ်သေး။ သည်ဘဝမျိုး၌ နေရထိုင်ရသည်မှာ သာမန်အားဖြင့် သာယာ ချမ်းမြေ့ပါပေ့တကား။ သို့သော် နှစ်ဦးသား စပ်ကြားဆက်ဆံမှု တင်းမာနေသဖြင့် သူ့မှာ စိတ်ကမဖြောင့်။ ထို့ပြင် နောက်သုံးရက်ကြာ၍ ဝီလီရောက်လာလျှင် ကေသီက သွားရတော့မည်ဖြစ်ရာ သူ ဆုံးရှုံးရမည်၊ စိတ်ပျက်အားငယ်ရမည် ဆိုသည့်အတွေးဖြင့် တနုပ်နုပ် ခံစားနေရသည့် စိတ်ဝေဒနာကလည်း သူ့ကို နှိပ်စက်လျက် ရှိလေသည်။ကေသီကလည်း မည်သို့မှ ဖျောင်းဖျ၍ မရသည်တွင် မိုရေးမှာ ရင်နာရုံသာမက မကြံစည်တတ်အောင် စိတ်တွေဝေ၍ နေခဲ့လေသည်။ ကေသီက သူ့ကို မချစ်သကဲ့သို့ လုပ်နေသောကြောင့်ကား မဟုတ်။ ကေသီမှာလည်း သွေးနှင့်သားနှင့်၊ သူ့လက်ကို မတော်တဆ ထိမိကိုင်မိလျှင် သူ့မှာလည်း တုန်ခါရသည်သာ။ သူ့စိတ်ထင် လူအလစ်တွင် သူသည် မိုရေးအား တမ်းတသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်ကို တွေ့ရတတ်သည်။

တစ်နေ့နံနက်တွင် မိုရေးသည် ဆိပ်ကမ်းအုပ်ကြီး၏ ကလေးများဖြစ်ကြသော ဟန့်နှင့်ဆူဇီတို့ကို ဖိတ်ခေါ်လိုက်သည်။ သူတို့အား ကေသီနှင့် မိတ်ဖွဲ့ပေးပြီးလျှင် ချယ်ရီကိတ်နှင့် လိမ္မော်ဖျော်ရည်များ တိုက်ကျွေးသည်။ ထို့နောက် သူတို့လေးယောက်သား လေနှင့်ပါလာပြီးလျှင် စိန့်ပန်းနီလာပင်ကြီး၏ ပင်လုံးတုတ်တုတ်ကြီးတွင် တင်၍ ကျန်ရစ်သော နှင်းပွင့်များဖြင့် နှင်းလူရုပ်ကြီးလုပ်ကစားကြသည်။ နွေခါက ကလေးများစီးရန် သူ ဆင်ပေးထားခဲ့သော ဒန်းကြိုးများကို ပင်လုံးတွင် ပြန်၍ချည်ထားကာ နှင်းပွင့်များကို ကျုံးယူကြသည်။ မျက်လုံးကလေးများ အရောင်လက်လျက်

အော်လိုက်ဟစ်လိုက်ဖြင့် ကလေးများ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

မိုရေးက ရုတ်တရက် လေသံခပ်မာမာဖြင့် "ဒီလို ကလေးတွေမျိုး မလိုချင်ဘူးလား ကေသီ" ဟု မေးလိုက်သည်တွင် ကေသီမှာ ရုတ်တရက် အသားထိ၍ နာကျင်သွားသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့သည်။

ကေသီ အဘယ်ကြောင့် သူပေးစွမ်းသည့် မေတ္တာ၊ ရင်နှစ်သည်းချာ၊ စည်းစိမ်ဥစ္စာနှင့် အခြေအနေတို့ကို ငြင်းဆန်နေရပါသနည်း။ ထိုနေ့ ညနေက လမ်းလျှောက်ကြယင်း မိုရေးက "နေပါဦး ကေသီရယ်၊ အနာဟောင်းကို ပြန်တော့ မဆွချင်ပါဘူး၊ ဒါပေမယ့် ကေသီရဲ့ ရည်ရွယ်ချက်တွေကို ပိုနားလည်ရယင် ကောင်းမယ်ထင်တယ်၊ ကေသီ ကျုပ်ကို စွန့်သွားတော့မယ့်ဟာ ကေသီ ထားခဲ့တဲ့ ကတိတစ်ခုကြောင့်လား" ဟု မေးလိုက်သည်။

"ကတိကြောင့်လဲ တစ်ကြောင်းပေါ့၊ တကယ်က ကျွန်မတို့မှာ ကိုယ်ယုံကြည်ရာကို လုပ်ရမယ်ဆိုတဲ့ တာဝန်တစ်ခုအနေနဲ့ လုပ်ရတာပါ၊ အခု ကျွန်မတို့ဟာ ခေတ်ကာလဆိုးကြီးမှာ နေနေကြရတယ်၊ ဒီ လူ့လောကကြီးဟာ အတွင်းက လှိုက်စားပြီး ပျက်စီးသွားတော့မယ်၊

ထာဝရ ဘုရားသခင်နဲ့ ဝေးရာကို မျောပါနေတယ်၊ လူတိုင်းလူတိုင်းဟာ ကိုယ်တတ်နိုင်တာ ကိုယ်မလုပ်ကြယင် ဒီဘေးဆိုးကြီးက မလွတ်မြောက်နိုင်ကြဘူး၊ အန်ကယ်ဝီလီ ပြောသလို မေတ္တာတရားဟာ အမုန်းထက် စွမ်းအားကြီးမားတယ်ဆိုတာ ထင်ရှားအောင် ပြရမယ်၊ သတ္တိရယ်၊ ခြိုးခြံစိတ်ရယ်နဲ့ လှူဒါန်းပေးကမ်းတာတို့ရယ် ဆိုတာတွေဟာ ရက်စက် ကြမ်းကြုတ် စိတ်ရယ်၊ တစ်ကိုယ်ကောင်းဆန် စိတ်ရယ်၊ ကြောက်ရွံ့စိတ်ရယ် ဆိုတာတွေကို အောင်နိုင်တယ် ဆိုတာကိုလဲ ပြကြရမယ်"

မိုရေးအဖို့ သူသည် အသက်ထက်ဆုံး ဤကမ္ဘာလောကကြီးထဲတွင် သူနေချင်သည့်အချိုးဖြင့် နေသွားနိုင်မည်ဆိုသည့် အတွေးမျိုးမှလွဲ၍ ဤကမ္ဘာလောကကြီး၏ အခြေအနေကို တွေးမနေအားခဲ့ပေ။ သို့ရာတွင် ကေသီ၏ ရိုးရိုးသားသား စိတ်အားထက်သန်မှုကိုကား သူတကယ်ပင် လေးစားမိသည်။

"ဩော်... မင်းက တာဝန်သိစိတ်၊ ဝန်ထမ်းစိတ်တို့ကို အကြောင်းပြုပြီးတော့ ဆင်းရဲငြိုငြင်တဲ့ ဘဝမျိုးမှာနေဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်ပေါ့"

"ငြိုငြိုငြင်ငြင်...၊ ဟုတ်တယ်၊ အဲသလို ဘဝမျိုးကရတဲ့ ဆုလာဘ်မျိုးကို ဦးလေးမသိဘူးနော်"

"ကိုယ်ကျိုးကိုယ့်စီးပွား စွန့်ထားရတဲ့ ဘဝမျိုးပဲ"

"လူရယ်လို့ဖြစ်လာယင် ဒီလိုပဲ နေရမှာပေါ့၊ ဦးလေးဝီလီလာတော့ ကြည့်၊ သူဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံး လူတစ်ယောက်ပါ"

မိုရေးကား နားမလည်နိုင်တော့ချေ။ လူမနှောသည့် တောကြီး ခေါင်ခေါင်မှာနေ၍ တကယ် ပျော်နိုင်ပါ့မလော...၊ သူ့စိတ်တို့သည် ချောက်ချား၍ လာလေသည်။

ကေသီက ဆက်လက်၍ "ပျော်ရုံတင်ဘယ်ကဦးမလဲ ဦးလေးရယ်၊ ရောင့်ရဲစိတ်တို့၊ လူ့ဘဝမှာ ကောင်းကျိုးဆောင်ရပဟဲ့ ဆိုတာတွေလဲ ရှိသေးတယ်၊ အပျော်နောက်ကိုချည့် တကောက်ကောက် လိုက်နေယင် ဒါတွေကို ဘယ်မှာရနိုင်ပါ့မလဲ၊ အို... ကျွန်မ ဒါတွေကို ရှင်းလင်းအောင်တော့ မပြောပြတတ်ဘူး၊ ဒါပေမယ့်..." ဟု ဆိုကာ

"ဦးလေးဟာ ဆရာဝန်အလုပ်ကိုသာ လုပ်ခဲ့ယင် ဦးလေး သိပါလိမ့်မယ်၊ ကျွန်မပြောတာ အမှားပါယင် ခွင့်လွှတ်ပါ ဦးလေး၊ ဆရာဝန်အလုပ်သာ လုပ်ခဲ့ယင် အခု ဦးလေးဘဝထက် အဆပေါင်းများစွာ ပိုပြီး ပျော်တဲ့ဘဝမျိုး ရောက်ခဲ့မှာပါပဲ" ဟု ပြောလိုက်သည်။

ကေသီပြောလိုက်သည့် စကားများမှာ ကြားရလွန်း၍ ရိုးနေသည့် စကားများ ဖြစ်ကြသော်လည်း ဤစကားများတွင် အမှန်တရားပါသည်ဟု ဆိုရရုံမျှသာ မဟုတ်ချေ။ ဤလောက၏ သာယာမှုများနောက် တကောက်ကောက် ပါခဲ့သော သူ့ဘဝတွင် သူ့အား မတ်တတ်က လဲလုခမန်း စိတ်ပင်ပန်းစေခဲ့သော နှလုံးပူပန်မှု၊ ငြီးငွေ့စိတ်ကုန်ခန်းမှု၊ နောင်တရမှု ဆိုသည်တို့ကလွဲ၍ ဘာများတွေ့ခဲ့ရသနည်း။ ရုတ်တရက် သူ့ကိုယ်သူ သနားသည့်စိတ်များ ဝင်လာကာ "ကျုပ်အမြဲတမ်းပဲ ကောင်းတာကို လုပ်ချင်ခဲ့ပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင် အခြေအနေတွေက ကျုပ်အနေနဲ့ မတွန်းလှန်နိုင်လောက်အောင်ကို ဆွဲဆောင်အားကြီးခဲ့တယ်၊ လူငယ်တစ်ယောက် အနေနဲ့ အပျက်အစီးနဲ့ ကြုံရမယ့် အိမ်ထောင်ရေးမှာ ထောင်ဖမ်းတာကို ခံခဲ့ရတယ်၊ ပြီးတော့ နှစ်ပေါင်းများစွာ အမေရိကားမယ် ဆီဆုံနွားလို မူးချာပတ်ချာဘဝနဲ့ ကြုံခဲ့ရတယ်" ဟု ပြောသည်။

ကေသီက "ဒါပေမယ့် ဦးလေးဟာ တကယ့်လူကောင်းပါ" ဟု စိတ်အားထက်သန်စွာ ပြောလိုက်ပြီးမှ "အဲသလို ဦးလေးဟာ လူကောင်းဖြစ်တယ်ဆိုတာကို ဦးလေးကိုယ်တိုင် ထင်ရှားအောင်ပြဖို့ရာ အခွင့်ကောင်းပဲ လိုနေတာပါ၊ ဦးလေးအနေနဲ့ တကယ်မြင့်မြတ်တဲ့ အလုပ်တွေကို လုပ်ဖို့အချိန်ရှိပါသေးတယ်" ဟု ဆက်ပြောလိုက်၏။

မိုရေးမှာ စိတ်လှုပ်ရှားလွန်းနေ၍ ဘာမှ ပြန်မပြောလိုက်နိုင်။ သို့သော် ကေသီပြောစကား မှန်သည်ကိုကား သူ သိသည်။ မြင့်မြတ်သည့် အလုပ်မျိုးကို

လုပ်ဆောင်နိုင်သည့် စွမ်းပကားသည် သူ့မှာ အမှန်ပင် ရှိသေးသည်။

သူ့အား ဝီလင်းစကီးက "ခင်ဗျား ဟိုပြန်ရောက်ယင် အကျိုးပြုလုပ်ငန်း တစ်ခုခုရှာပြီး လုပ်ဖြစ်အောင် လုပ်စမ်းပါဗျာ၊ တခြားလူတွေနဲ့ ပတ်သက်တာမျိုးပေါ့၊ ခင်ဗျားကိုယ်ကျိုးကို မေ့ပြီးထားနိုင်မယ့် အလုပ်မျိုးပေါ့" ဟု နောက်ဆုံးမှာလိုက်သည့် စကားများကို ပြေး၍ သတိရလိုက်မိသည်။ ထိုစကားကို သူ အဘယ်ကြောင့် မေ့နေမိပါလိမ့်။ ကေသီက ပြောမှပင် သူ သတိရတော့သည်။ ငုံ့၍ လျှောက်လာရာမှ သူ မော့ကြည့်လိုက်သောအခါ ယခင်တစ်ခေါက်က သူတို့ ခဏဝင်နား၍ ကော်ဖီသောက်ခဲ့ကြသော တောင်ပေါ်တဲကလေးအနီးသို့ ရောက်ခဲ့ပြီကို တွေ့ရလေသည်။ ယခုလည်း အင်္ကျီအစင်းဖြင့် ဂါဝန်ကို ဒူးထိအောင် မတင်၍ ခါးတွင် ညှပ်ထားသော တောသူမကြီးက သူတို့ကို ဆီးကြိုနေနှင့်ပြီ ဖြစ်သည်။ နေရောင်ခြည် ထိုးကျနေသော်လည်း အေးမြနေသော သစ်သားကြမ်းပြင်တွင် ထိုင်ကြသည်။ သူတို့နှစ်ယောက်အကြား တွေးစရာအရေးတကြီး ကိစ္စတစ်ခု ဖြစ်ပေါ်လျက်ရှိနေပြီကို နှစ်ယောက်စလုံးပင် သိနေကြသည်။

မိုရေးက "ကေသီ… လူတိုင်းလူတိုင်းမှာ တကယ့်အကျိုးပြုလုပ်ငန်း ရည်မှန်းချက်တစ်ခုခု ရှိသင့်တယ်ဆိုတာကို ဦးလေးဝန်ခံပါတယ်၊ ဦးလေးအနေနဲ့ ကေသီ့အတွက် ဦးလေးမှာ ရှိတာအားလုံး ပုံပေးဖို့ဟာ အဲဒီ လုပ်ငန်းပဲလို့ ထင်ခဲ့တယ်၊ အခုတော့ ဦးလေးလုပ်ဖို့ လိုအပ်နေတဲ့ အလုပ်တွေက ဒီထက်မက များလာမှကိုး" ဟု ပြောလိုက်လျှင် ကေသီမှာ နှုတ်ခမ်းကလေးများ တရွရွလှုပ်လျက် "ဘာတွေလဲ ဦးလေးရယ်" ဟု မေးလိုက်သည်။ "ကေသီ မတွေးမိဘူးလား၊ ဒါကို မြင်လာအောင် ကေသီပဲ လုပ်ပေးတာပဲ၊ ဒါထက် ကေသီ၊ ကေသီ ဦးလေးကို တကယ်ပဲ လိုနေသလားကွယ်"

"သိပ်ကို လိုတာပေါ့ ဦးလေးရယ်၊ ဦးလေးကို ကေသီနဲ့အတူ လိုက်ခဲ့စေချင်နေတာ"

လက်စသတ်တော့ ဒီလိုကိုး…။ မိုရေးလည်း စိတ်ထဲက တုန်လှုပ်လျက် ကေသီကို မမိတ်မသုန် ကြည့်နေမိသည်။ စိတ်ကျဉ်းကျပ်လှတဲ့ လွန်ခဲ့တဲ့ တစ်ချိန်လုံး ဒီစကားကို ကြားရလေမလားလို့ သူရင်တမမနဲ့ စောင့်နေခဲ့ရပါလား…။ ယခုမှ ဤအဖြစ်ကို သူ သိလိုက်ရလေသည်။

"ဆရာဝန်တွေ သိပ်ကိုလိုပါတယ် ဦးလေးရယ်…၊ အန်ကယ်ဝီလီက ဆေးရုံကလေးတစ်ခုဆောက်ဖို့ စီစဉ်နေတယ်လေ၊ ဟိုမှာ ဦးလေးနဲ့ တန်တဲ့ တော်တဲ့အလုပ် တွေ့မှာပါ၊ ဦးလေးလဲ စိတ်ထဲက အသည်းထဲက ဒီအခွင့်အရေးမျိုးကိုပဲ ရှာနေတာပါ၊ ပြီးတော့ ဦးလေးနဲ့ ကျွန်မတို့အတူတူ

အလုပ်လုပ်ကြရမှာပေါ့”

“ကေသီနဲ့ အတူနေဖို့ဆိုယင် ဦးလေးညာလက်ရုံးကို ဖြတ်ပေးဆို ပေးမယ်၊ ဒါ… ဒါပေမယ့် ကေသီရယ်၊ ဦးလေး ဆေးပညာဘွဲ့ယူခဲ့တာက ကြာလှပြီကွယ်”

“ဦးလေး စာပြန်ကြည့်လိုက်ယင် ခဏလေးနဲ့ ရပါတယ်၊ ဦးလေးက ဉာဏ်သိပ်ကောင်းတာပဲဟာ”

“ဒါပေမယ့် တခြား အခက်အခဲတွေလဲ ရှိသေးတယ်” ဟု ဆိုကာ စျေးကိုင်လိုက်ချင်သည့် စိတ်ဆန္ဒကလည်း မဆုံ့ရင်ကန် ဝင်လာပြန်သဖြင့် “ငွေကြေးကိစ္စတွေ၊ ဒီကတာဝန်တွေ၊ ပြီးတော့လဲ ကေသီသိတဲ့အတိုင်းပဲ ဦးလေးက ကေသီ့လို ဘာသာတရား ကိုင်းရှိုင်းတဲ့သူ မဟုတ်တော့ ဒီကိစ္စတွေမှာ ကေသီယုံကြည်သလို ယုံကြည်ပုံမျိုး မရှိနိုင်ပေဘူး” ဟု ဆက်ပြောလိုက်သည်။

“ဦးလေး အခုလုပ်မယ်ဆိုတဲ့ အလုပ်မျိုးဟာ အကောင်းဆုံး ဘာသာတရားပေါ့၊ လုပ်သွားယင်းနဲ့ ‘ကျေးဇူးတော်’ ဆိုတာကို ဦးလေး သိလာပါလိမ့်မယ်၊ အို… ဒါတွေက ပြောလို့ဖြစ်တဲ့ကိစ္စတွေမဟုတ်ပါဘူး၊ ရင်ထဲမှာပဲ ခံစားပြီး သိရတာမျိုး၊ ဦးလေးလဲ လိုက်လာခဲ့ယင် အဲသလိုသိရမှာပါပဲ”

သူတို့ လက်ချင်း ဆက်မိသွားကြပြီ။ ကေသီ၏ ဝိညာဉ်သည်လည်း မိုရေးထံသို့ စိမ့်ဝင် ကူးပြောင်းသွားသည်သို့ ရှိလေသည်။

သူတို့၏ အိမ်အပြန်လမ်း တောင်ရိုးကလေးပေါ်တွင်ကား မိုရေးကလည်း သူ့အတွေးဖြင့်သူ လျှောက်လာသဖြင့် နှုတ်ဆိတ်စွာပင် လာခဲ့ကြသည်။ ရာသီဥတု သတင်းကြေငြာချက်ကလည်း နှင်းကျမည်ဟုဆိုသည်။ ကောင်းကင်ပတ်လည် မှုန်မှိုင်းလျက် အေးစက် ငြိမ်သက်နေသည်။

နေလုံးနီနီကြီးသည် တောင်များ၏နောက်သို့ အလျင်အမြန် ဆင်းကွယ်လျက်ရှိသည်။ သူတို့ မြေပြန့်ဆီသို့ ခပ်သုတ်သုတ် ဆင်းလာကြကာ ရွှမ်းဆီးဘက်သို့သွားသော လမ်းကလေးနှင့် ကန့်လန့်ဖြတ် လမ်းမကြီးကို ဖြတ်ကြမည်အပြုတွင် အမ်ဂျီ ကားနီကလေးတစ်စီးသည် ကျွီးကနဲ ဘရိတ်ဖမ်း၍ ရပ်လိုက်ပြီးလျှင် ကားပေါ်မှ “ဟဲလို…၊ ဟဲလို…” ဟု ဝမ်းသာအယ်လဲ နှုတ်ဆက်လိုက်သံဖြင့် “ကိုယ့်လူနဲ့ တူပါတယ်လို့ အောက်မေ့နေတာ” ဟု ဆက်ပြောလိုက်သည်ကို ကြားလိုက်ကြရသည်။

မိုရေးလည်း သူ့အတွေးဖြင့်သူ လျှောက်လာရာမှ ရုတ်တရက်လန့်၍ ကြည့်လိုက်သည်တွင် အာချီစတင့်ချ်ကို တွေ့လိုက်ရသည်။ အာချီက သွားများပေါ်အောင် ပြုံးလျက် လက်ကမ်း ပေးလိုက်သည်ကို မိုရေးလည်း

ဟန်လုပ်၍ ယဉ်ကျေးဖော်ရွေစွာ ဆွဲ၍ နှုတ်ဆက်လိုက်ရသည်။

"သူက ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ သမီး၊ မစ္စအာ့ခက်ပါ၊ သူ့ဦးလေးက အာဖရိကားမှာ သာသနာပြုဆရာလေ၊ ဒီကိုလာပြီး ဆုံကြမယ်"

"ဟာ စိတ်ဝင်စားစရာပဲဗျို့၊ တွေ့ချင်ပါသဗျာ၊ ဒီက မစ္စအာ့ခတ်က မိုရေးအိမ်မှာပဲ တည်းသလား"

"ဟုတ်ကဲ့၊ ဒါပေမယ့် မကြာခင် ကျွန်မ အာဖရိကားကို သွားရပါမယ်"

"သြော်၊ ခင်ဗျားလဲ ဒီသာသနာပြု ဝိုင်းတော်သား၊ အဲ အဲ... အဲဒီအဖွဲ့ထဲကပဲလား"

ကေသီက ပြုံးတစ်ဝက်ဖြင့်ပင် "ကျွန်မက သူနာပြုဆရာမပါ၊ ကွီဗူးမှာ ကျွန်မဦးလေးက ဆေးရုံဆောက်တော့ ဝိုင်းကူဖို့လို့ သွားရမှာပါ" ဟု ပြန်ပြောလိုက်သဖြင့် မိုရေး၏စိတ်ထဲတွင် အတော်ပင် အနှောင့်အယှက် ဖြစ်သွားလေသည်။

စတင့်ချ်ကပြုံးလျက် "ကောင်းပါ့ဗျာ၊ ဒါလောက် အန္တရာယ်များတဲ့ နေရာက လူတကာ ထွက်ပြေးနေကြတုန်း ခင်ဗျားက အဲဒီကိုသွားမယ်ဆိုတော့ ဒီကိစ္စ တစ်နိုင်ငံလုံးက သိသင့်တဲ့ ကိစ္စပဲဗျို့၊ ကဲ... သွားလိုက်ဦးမယ်၊ ကျုပ်တော့ ဖျားနေပြီ၊ ပက်စတာလိုဇီသွားပြီး ကလေးတွေ မျက်လှည့်ပွဲပြရနဲ့၊ ကဲ သွားမယ်နော်၊ မစ္စအာ့ခတ်၊ တာ့တာ၊ ကိုယ့်လူ ခင်ဗျားပြန်ရောက်လာတာ ဝမ်းသာသဗျာ" ဟု နှုတ်ဆက်ယင်း ထွက်သွားသည်။

ကေသီက "ကလေးတွေကို သွားဖျော်ဖြေပေးတယ် ဆိုတော့ ကောင်းတာပေါ့နော်၊ သူဟာ လူကောင်းပေါ့" ဟု ဆိုလိုက်သည်။ မိုရေးက "သူက ဒါမျိုးတွေပဲ အမြဲလိုက်လုပ်နေတာပဲ၊ ဒါပေမယ့် တကယ့်ဇရုတ်ပဲ" ဟု ပြောလိုက်ပြီးလျှင် စိတ်ထဲကလည်း 'ဒုက္ခပါပဲ' ဟု ညည်းမိသည်။ ကေသီနှင့်အတူသူပြန်ရောက်လာသည့် သတင်းသည် နာရီဝက်အတွင်း တစ်နယ်လုံး ပျံ့နှံ့သွားတော့မည်။

မှန်ပါသည်။ သူတို့ အိမ်ပြန်ရောက်မဆိုက်ပင် တယ်လီဖုန်းက မြည်တော့သည်။ သူ့စိတ်ထဲက နိမိတ်ဖတ်သလို ထင်ခဲ့မိသည့်အတိုင်း ဖရီဒါ၏အသံကို ကြားလိုက်ရသည်။

"မိတ်ဆွေကြီး အိမ်ပြန်ရောက်လာပြီကိုး၊ သိပ်ဝမ်းသာပါတယ်၊ ပြန်ရောက်နေတာကို အခုမှပဲ ကြားရတော့တယ်၊ ကျွန်မကို ဘာဖြစ်လို့ အသိမပေးလဲရှင်၊ ကျွန်မကဖြင့် ရှင့်ကို အောက်မေ့လိုက်ရတာ၊ ရှင်ရော

ရှင့်ဧည့်သည်တော်ကလေးရော ကျွန်မဆီကို တစ်ခုခု လာသောက်လှည့်ကြပါဦးရှင့်"

ဖရီဒါ ယခုကဲ့သို့ ကျူးကျူးကျော်ကျော် ဖုန်းဆက်လိုက်သည်ကို မိုရေးစိတ်ထဲ၌ မကျေမနပ် ဖြစ်ရသည်မှာ အံ့သြစရာပင် ကောင်းနေသည်။ ဖရီဒါပြောလိုက်သည့် စကားများကိုသာမက ပြောဟန်နှင့် လေသံတို့ကိုပါ သဘောမကျ၊ သို့ဖြင့် သူက "လာချင်ပါတယ်ဗျာ၊ ဒါပေမယ့် ခရီးထွက်နေတဲ့အတွင်းက ပစ်ထားခဲ့ရတဲ့ ဟာကလေးတွေ ကြည့်ရှင်းနေရတော့ လုပ်စရာတွေက သိပ်များနေလို့ပါ၊ ကျွန်တော့်ဆီကို လာမည့် တခြားEည့်သည်တစ်ယောက် ရောက်လာတဲ့အခါ ခင်ဗျားဒီကိုလာပြီး နှစ်ယောက်စလုံးနဲ့ တွေ့နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဆိုကာ စကားစကို တိုတိုဖြင့်ဖြတ်လိုက်သည်။ သူ့စိတ်ထဲတွင် ထူးထူးဆန်းဆန်းပင် သူသည် အချိန်လု၍ နေရသည်ဟု ထင်မိသည်။

ကေသီ သူ့အခန်းသို့ တက်သွားပြီးနောက် ညနေစာ စားချိန်အထိ ဆင်းမလာတော့ချေ။ ဆင်းလာသောအခါတွင် မိုရေးသဘောကျစေရန် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်လာခဲ့သည်။ မိုရေးဘဝင်ခိုက်ရပြန်ပြီ။ သူ့အဖို့မူ တစ်မိုးအောက် တစ်ယောက်ပင်။ ထိုနေ့က တစ်ညနေခင်းလုံးမှာ သူ့ဘဝကံကြမ္မာကို ဖန်တီးမည့် အဆုံးအဖြတ်ကို ချမှတ်ရန် အတွေးများဖြင့်သာအချိန်ကုန်ခဲ့လေသည်။

ကေသီ စောစောအိပ်ရာဝင်သွားသောအခါ မိုရေးလည်း အပေါ်ထပ် ကေသီ့အခန်းဆီမှ သဲ့သဲ့မျှ ကြားနေရသော ခြေသံကလေးတို့ကို နားစွင့်ထောင်ယင်း မိနစ်ပေါင်းများစွာ ကြာသွားသည်။

ထို့နောက် ပြတင်းကြီးသုံးပေါက်အနက် တစ်ပေါက်ကိုဖွင့်ကာ ညဥ့်အမှောင်ထဲသို့ စိုက်၍ကြည့်လိုက်သည်။ ညနေစောင်းကပင်လျှင် နှင်းသည် တဖွဲဖွဲကျလျက်ရှိကာ ရေအိုင်အမှောင်ထုထဲတွင် စမ်းတဝါးဝါးသွားလျက်ရှိသော ရေယက်သဘော်တစ်စင်း၏ ဥသြသံနှင့် မြောက်လေဝှေ့သံ သဲ့သဲ့တို့မှတစ်ပါး ဘာမှမကြားရ၊ ညဥ့်သည် တိတ်ဆိတ်၍နေလေသည်။တောင်ပေါ်ဆီမှ ဝေ့ဝိုက်၍ လေပွေအဖြစ် တိုက်ခတ်ဆင်းလာတတ်သော မြောက်လေအကြောင်း သူ ကောင်းကောင်းသိသည်။ ငါးမိနစ်ခန့်အတွင်းတွင် အိမ်ပတ်လည်၌ တဝူးဝူးမြည်လျက် ပြတင်းတံခါးရွက်များကို တကျွိကျွိနေအောင် တိုးဝှေ့၍ အိမ်မိုးအုတ်ကြွပ်များ ကွာထွက်လုမတတ် တိုက်ခတ်လာသည်။ လေသည် ပိုမိုအေးလာကာ ဝေ့ဝေ့လည် လွင့်ပါးနေသော နှင်းပွင့်ကလေးများကို ကြွပ်သွားအောင် ခဲစေလျက်ရှိသည်။ ထို့နောက် တဖြောင်းဖြောင်းကြွေကျလာသော နှင်းသီးများ၊ လေဝှေ့ရာသို့ အဆုပ်လိုက်ပါလာသော နှင်းပွင့်များနှင့် ရောနှောကာ ပိုမိုဆူညံစွာ ကျလာသည်။ သစ်ပင်တို့သည်လည်း လေထဲတွင် စည်းမကျ ဝါးမကျ ယိမ်းက၍ နေကြလေတော့သည်။

သူ ပြတင်းကို ပြန်ပိတ်ကာ ကေသီ မုန်တိုင်းကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်နေပြီလော မသိဟု တွေးနေသည်။ ကေသီတစ်ယောက်တည်း ညဉ့်၏ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကို မျက်လုံးအဝိုင်းသားဖြင့် နားထောင်ယင်း အိပ်မပျော်နိုင် ဖြစ်နေမည်ကို တွေးမိသနားမိသည်။

သို့သော် သူသွား၍မဖြစ်၊ သူ့စိတ်ကို ငြိမ်စေရန် စာအုပ်စင်မှ အတ္ထုပ္ပတ္တိစာအုပ်အသစ်တစ်အုပ်ကို ဆွဲယူကာ ကုလားထိုင်တစ်လုံး၌ ပစ်ထိုင်လိုက်သည်။ သို့သော် သူစာဖတ်၍ မရ။ သူ ထပြီးနောက် ဦးခေါင်းငုံ့လျက် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြန်သည်။ ထို့နောက် သူ တံ့ကနဲ ရပ်လိုက်ပြီးလျှင် သူ့ပြဿနာ အစစ်ကို ရင်ဆိုင်လိုက်သည်။

သူ့မွေးရပ်မြေသို့ သူပြန်သွားခဲ့သည်မှာ သူ့ဘဝအမှားကို အဖတ်ဆယ်ရန် အပူတပြင်းလိုအပ်သောကြောင့် ဖြစ်သည်။ ယခု ကေသီက ထိုသို့ပြင်နိုင်ရန် အခွင့်အရေးကို ပေးနေရုံမက မွန်မြတ်လှသော သူ့အချစ် သူ့မေတ္တာကိုပါ တစ်ပါတည်း ပေးထားသည်။ သူမည်သို့ ငြင်းနိုင်မည်နည်း။

ကေသီ့ကို ဆုံးရှုံးရမည်သာဆိုလျှင် သူ့ဘဝ နေချင်စရာ ကောင်းတော့မည် မဟုတ်။ နုပျိုစဉ်က ကျူးလွန်ခဲ့သည့် စိတ်မချမ်းသာစရာ အမှားအယွင်းမှ သူ ဤသင်ခန်းစာ ရခဲ့ပြီ မဟုတ်ပါလော။ ယခု သူ ကေသီနှင့်အတူ ကွီဗုးသို့ လိုက်သွား၍ သူ့အဖို့ ကံကြမ္မာက ဖန်တီးပေးထားသော အလုပ်ကိုလုပ်ရန် သူ့ကိုယ်သူ ပုံအပ်လိုက်တော့မည်။

ကေသီက ပြုပြင်ပေးမည့် လူသစ်စိတ်သစ်ဘဝကို သူတကယ်ပင် လိုချင်ပါသည်။ ရအောင်လည်း သူယူမည်။ ထို့နောက် သူ နှုတ်မှ အသံထွက်၍ “ငါသွားမယ်၊ ဒီတစ်နည်းပဲ ရှိတယ်” ဟု ဆိုလိုက်မိလေသည်။

ဤစကားများကို သူ့နှုတ်မှထုတ်၍ ဆိုလိုက်ပြီးသောအခါ သူ့မှာ ပခုံးပေါ်က ဝန်ထုပ်ကြီးတစ်ခု ကျသွားသကဲ့သို့ ပေါ့ပါးသွားသည်ဟု ထင်ရလေသည်။ စိတ်ကပြောင်းလျှင် ရုပ်ပါပြောင်းမတတ် ရှိပါတကား၊ ကေသီက ‘ကျေးဇူးတော်’ အကြောင်းပြောခဲ့သည်။ ယခုပင်လျှင် သူသည် ‘ကျေးဇူးတော်’ ဆိုသည်ကို သူ့အသွေးအသားထဲသို့ စိမ့်ဝင်လာသကဲ့သို့ တွေ့လိုက်ရသည်။

အထက်သို့ မော့ကြည့်လိုက်သည်တွင် အလင်းရောင်တစ်ခု ဖြာထွက်လာသကဲ့သို့ ထင်လိုက်ရ၍ သူ့ကိုယ်သူလည်း ကောင်းကင်ဘုံနှင့် တစပ်တည်း ဖြစ်သွားသကဲ့သို့ တွေ့လိုက်ရသည်။ နောက် တဖြည်းဖြည်းချင်းပင် သူ စိတ်ရောကိုယ်ရော ပေါ့ပါးသွားသည်။ ပြဿနာကိစ္စပြီးပြီ။

အာဇာနည်ပုဂ္ဂိုလ်တို့ ရွေးချယ်သည့်လမ်းကို သူ ရွေးချယ်လိုက်ပြီ။ ဘယ်လောက်လွယ်သလဲ၊ ကဲ... သစ္စာတရားကို လက်ခံပြီး ကိုယ့်ကိုယ်ကို သစ္စာတရားအတွက် ပေးလှူလိုက်ပြီးယင် အားလုံးပြီးတာပဲ၊ ဘာကြောင့်များ အခုချိန်ထိ သူဆိုင်းငံ့နေခဲ့မိပါလိမ့်၊ ကေသီခမျာ မတင်မကျနဲ့ ရင်မပြီး သောကနဲ့ စောင့်နေရှာရော့မယ်၊ သူ့ကို နောက်ထပ် နာရီအများကြီး စိုးရိမ်သောက ဖြစ်မနေရလေအောင် ခုပဲ ပြောလိုက်နိုင်ယင် ကောင်းမယ်။

သူသည် အပေါ်ထပ်ရှိ သူ၏ အိပ်ခန်းသို့ တက်လာခဲ့ပြီးနောက် အဝတ်အစားများကို ချွတ်ကာ ညဥ့်ဝတ်အင်္ကျီရှည်ကို ဝတ်လျက် အိပ်ရာစွန်းတွင် ထိုင်နေမိသည်။ သူ့ဆုံးဖြတ်ချက် သတင်းကောင်းကို ကြာကြာ ဆိုင်းမထားချင်ပေ။ 'ကေသီ အိပ်များ ပျော်နေပြီလား၊ မအိပ်သေးဘူးဆိုယင် ခုပဲ သတင်းကောင်းကို သွားပြောလိုက်ယင် ခရစ်ယာန်ကောင်း တစ်ယောက်ပီပီ ညာတာရာရောက်မယ်' ဟု တွေးမိကာ ရင်ထဲက တဒိန်းဒိန်းခုန်လျက် ခြေဖျားထောက်၍ ကေသီ၏ အခန်းဆီသို့ လာခဲ့ပြီးလျှင် တံခါးကို အသာအယာတွန်းယင်း "ကေသီ ရေ" ဟု လေသံအုပ်အုပ်ဖြင့် ခေါ်လိုက်၏။

မှောင်ထဲမှ လှုပ်ရှားသံ ကြားလိုက်ရပြီးနောက် ရုတ်တရက် လန့်သွားသည့်လေသံဖြင့် ကေသီက ခပ်တိုးတိုး ပြန်ထူးလိုက်သည့်အသံကို ကြားလိုက်ရသည်။

"ကေသီရေ၊ မုန်တိုင်းကြောင့် ကေသီ အိပ်မပျော်သေးပေဘူးလို့ အောက်မေ့တယ်၊ အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိလို့ကွယ်" ဟု ဆိုကာ ကေသီ၏ အိပ်ရာဘေးသို့ သွား၍ဒူးထောက်လိုက်သည်။ အလင်းရောင်ပျပျကလေးတွင် ကေသီ၏ခေါင်းကို ခေါင်းအုံးပေါ်၌ ခပ်ရေးရေးမျှ တွေ့ရ၍ ဗလာဖြစ်နေသော လက်မောင်းတစ်ဘက်က အိပ်ရာခင်းပေါ်တွင် တင်လျက်မြင်ရသည်။ မိုရေးက ကေသီ၏လက်ကို အသာအယာတို့လိုက်၍ "ကေသီလေး ရေ... ဦးလေး ကေသီနဲ့အတူ လိုက်ခဲ့မယ်" ဟု ပြောလိုက်သည်။

ကေသီက စိတ်လှုပ်ရှားလျက် လေသံတိုးတိုးဖြင့် "ဦးလေးရယ်..." ဟု ဆိုလိုက်သံ ကြားရသည်။

ကေသီ အပျော်ကြီး ပျော်သွားသည်ကို မိုရေးသိလိုက်၏။ "ကျေးဇူးတင်ပါတယ်၊ ကျွန်မ အခု ဒီမှာလှဲနေယင်းပဲ ဒီစကား ကြားချင်လွန်းလို့ တောင့်တနေမိပါသေးတယ်" ဟု ပြောလိုက်သည်။

"ကေသီ အိပ်မပျော်ပဲ စောင့်နေရမှာ စိုးလို့ လာပြောတာလေ၊ ဦးလေး ဒီမှာခဏနေပြီး စကားပြောမယ်နော်"

"နေပါ၊ ဦးလေး၊ ကေသီမီးဖွင့်လိုက်ရမလား"

"မဖွင့်ပါနဲ့ကွယ်၊ ကေသီ့ကို မြင်နေရသားပဲ"

ကေသီက သက်ပြင်းချလိုက်ပြီးမှ "ပျော်လိုက်တာ ဦးလေးရယ်၊ အခုပဲ ကေသီ ဘာတွေတွေးနေလဲ၊ ဘာတွေစိတ်ကူးယဉ်နေလဲသိလား၊ ဦးလေးနဲ့ ကေသီတို့ အတူတူ ကွီဗုဲကို ရောက်နေပြီး အဲဒီက သာသနာပြု ဘုရားဝတ်ကျောင်းမှာ ဦးလေးဝီလီက ကေသီတို့ကို လက်ထပ်ပေးတယ်လို့ စိတ်ကူးကြည့်နေတယ်လေ" ဟု ပြောပြသည်။

"ဒီလိုဖြစ်ရမှာပေါ့ ကေသီလေးရယ်" မိုရေးလည်း ရင်များဖိုကာ ကေသီ၏ လက်မောင်းကလေးကို ပွတ်သပ်၍ နေမိလေ၏။ အပြင်ဘက်၌ကား မိုးသီးမိုးပေါက်တို့သည် ပြတင်းပေါက်များပေါ်သို့ တဖြောင်းဖြောင်း ရိုက်ခတ်လျက်ရှိကြ၏။ ထို့နောက် လျှပ်စီးတစ်ချက်လက်ကာ မိုးထစ်ချုန်းသံ ပေါ်လာသည်။ မိုရေး အနည်းငယ် တုန်သွားသည်။

"ဦးလေး ချမ်းနေပြီ၊ စောင်တစ်ထည် ယူခြုံထားပါလား"

"ဟုတ်တယ်၊ အေးလိုက်တာ" ဟု ဆိုကာ လည်ချောင်း၌ တစ်ဆို့လာသော်လည်း သူ တည်ငြိမ်စွာပင် "ကေသီ့အိပ်ရာဖုံးကို မျှခြုံမယ်လေ" ဟု ပြောလိုက်ပြီး၍ တစ်ခဏအကြာတွင် ကေသီ၏ဘေးသို့ ရောက်သွားကာ မျက်နှာချင်း ထိလုမတတ် ဖြစ်သွားသည်။ အစတွင် ကေသီသည် တစ်ကိုယ်လုံးတောင့်တင်းလျက် ငြိမ်သက်နေလေရာ အသက်မှ ရှူသေး၏လောဟု အောက်မေ့မိသည်။ ထို့နောက်တွင်မှ ကေသီ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်ကို တွေ့ရလေ၏။ မိုရေးက လျှင်မြန်စွာပင် "ကေသီလေးရယ်၊ ကေသီ့ကို စိတ်ဆင်းရဲအောင်လုပ်ဖို့ မရည်ရွယ်ပါဘူးကွယ်၊ ဒီကမ္ဘာမှာ ကေသီ့ထက် လေးစားစရာ မြတ်နိုးစရာရယ်လို့ မရှိပါဘူး" ဟု ကေသီစိတ်ချအောင် ပြောလိုက်သည်။

ကေသီ သက်သာရာ ရသွားသကဲ့သို့ သူ၏ တောင့်ထားသောကိုယ်မှာ တဖြည်းဖြည်း လျော့လိုက်လာသည်။ မိုရေးသည်လည်း ရေတံလျှောက်ထဲတွင် တဝေါဝေါစီးဆင်းလျက်ရှိသည်။

တောင်များဆီမှ မိုးထစ်ချုန်းသံ တဒိန်းဒိန်း ပဲ့တင်ထပ် မြည်ဟည်းလျက်ရှိသည်။ မိုရေးသည် ကေသီ၏ ဆံပင်ကလေးများကို နမ်းလိုက်မိသည်။

"မတော်ပါဘူး ဦးလေးရယ်၊ မတော်တာကိုတော့ မလုပ်ကြပါနဲ့စို့

ဦးလေးရယ်၊ ဒါအပြစ်ပဲ၊ ဘုရားသခင်က ကျွန်မတို့ကို ဒဏ်ခတ်တော် မူလိမ့်မယ်”

“ကေသီလေးရယ်… ဘယ်လိုလုပ်ပြီး မတော်တာ ဖြစ်ရမှာလဲ၊ ကေသီ ဦးလေးကို သိပ်ကို မချစ်ဘူးလား”

“အိုး… ချစ်ပါတယ် ဦးလေးရယ်၊ ချစ်သမှ ရင်ထဲကနာအောင်ကို ချစ်ရပါတယ်၊ ဒါပေမယ့် ဒါ… ဒါ… တော်ကြာ နောင်တရစရာ…”

မိုရေးက “မတော်တာ မဖြစ်နိုင်ပါဘူး ကေသီရယ်၊ ဝိလီက ဒို့ကို လက်ထပ်ပေးတော့မှာပဲ၊ ရက်ပိုင်း နာရီပိုင်းလောက် လိုတော့တာပဲ” ဟု နှုတ်က တဖွဖွပြောလျက် ကေသီ၏ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက် လိုက်လေ၏။

(၁၂)

ဖူးရစ် လေဆိပ်ရှိ အကောက်ခွန်တဲ၏ အပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ယင်း မိုရေးမှာ ဘဝ၏ ပျော်ရွှင်ချမ်းမြေ့မှု အသိသစ် အမြင်သစ်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိလေသည်။ ဝီလီရောက်လာရန် မိနစ်ပိုင်းလောက်သာ လိုတော့သည်။

သူ စိတ်မငြိမ်မသက် ဖြစ်နေသည်ကိုကား ဝန်ခံရမည်။ ထို့ကြောင့်ပင် ကေသီကို မလိုက်ခဲ့ရန် ဖျောင်းဖျ၍ ထားခဲ့ရသည်။

ကေသီမှာ ယခုတိုင် သူ့စိတ်ကို တည်ငြိမ်အောင် မထိန်းနိုင်သေး၊ သူထွက်မလာခင်ကလေးတွင်ပင် ကေသီ၏ အခန်းတွင်း သူလှမ်းကြည့်လိုက်ရာ ကေသီသည် နောင်တသံဝေဂဖြင့် ဒူးထောက်လျက် ဘုရားရှိခိုး၍ ဆုတောင်းနေသည်ကို မြင်ခဲ့ရသဖြင့် သူ စိတ်ပူပန်ခဲ့ရသေးသည်။

ဤကဲ့သို့သော စိတ်နှလုံး သိမ်မွေ့သူတို့၏ နောင်တသံဝေဂစိတ်ကို သူလေးစားသော်လည်း ဤနောင်တ စိတ်သည်လည်း အချိန်တန်လျှင် ပျောက်သွားမည်သာ ဖြစ်သည်။

သူကိုယ်တိုင်လည်း လိပ်ပြာမသန့်နိုင်အောင် ရှိခဲ့သော်လည်း သူသည် ကာလကြာမြင့်စွာက သူဖြစ်ချင်နေခဲ့သော လူ့လောကကို အကျိုးပြုရန် တာဝန်ယူထားသူ တစ်ယောက်၊ ချစ်ခင်လေးစားခြင်းခံရသူ တစ်ယောက် ဖြစ်လာတော့မည် ဟူသောအသိဖြင့် မဲတင်းပေးထားရသည်။

နောက်ဆုံးထုတ် ဆေးစာအုပ်များကိုလည်း မှာထားပြီ။ အပူပိုင်းဒေသသုံး ပစ္စည်းများအတွက်လည်း စုံစမ်း မေးမြန်းထားပြီ။ ယခင်က သူ့ဘဝဟောင်း အနှစ်သာရ ကင်းမဲ့ခဲ့ပုံကို ပြန်တွေးကြည့်၍ ယခုမှ သူရှက်မိသည်။ သို့သော် စိတ်သစ်လူသစ်ဖြင့် ကြုံလာရတော့မည့် အနာဂတ် အတွေးများဖြင့် သူ၏ ရှက်စိတ်ကို ဖြေပစ်လိုက်သည်။

လူအန်ဒါမှ လေယာဉ်ပျံ ဆိုက်လာပြီးနောက် ခရီးသည်များ ဆင်းလာကြပြီ။ လူတန်း၏ နောက်ဆုံးတွင် ရှပ်အင်္ကျီကော်လာလည်ပင်း ကြယ်သီးဖြုတ်ထားလျက် ကာကီဝတ်စုံ ခပ်ပါးပါးနှင့် လေယာဉ်အိတ်တစ်လုံးကို ဆွဲလာသည့် အရပ်ရှည်ရှည် ပိန်ခြောက်ခြောက် လူတစ်ယောက် လျှောက်လာသည်။

သူ၏ နေလောင်ထားသော ဆံပင်တို့မှာ သူ၏ နဖူးရေ ပါးရေတွန့်လျက် နားထင်များ ချိုင့်ခွက်နေသော မျက်နှာမှ အသားရောင် ဝါဖျော့ဖျော့နှင့်

တစ်သွေးတည်း ဖြစ်နေကြသည်။ သို့ရာတွင် သူ၏ ချိုင့်ခွက်နေသော မျက်တွင်းဟောက်ပက် မျက်လုံးများကား နုပျိုစိုရွှမ်းလျက် အထူးပင် တောက်ပလျက် ရှိကြပေသည်။ သူကား ဝီလီပင်ဖြစ်သည်ဟု မိုရေးသိလိုက်၏။

သူတို့ လက်ဆွဲ နှုတ်ဆက်လိုက်ကြပြီးနောက် ဝီလီကပြုံးကာ "ခင်ဗျား ကျွန်တော့်ကို မှတ်မိတယ်နော်၊ ကျွန်တော်လဲ ခင်ဗျားကို မှတ်မိတယ်" ဟု ပြောလိုက်သဖြင့် မိုရေးလည်း စိတ်ချမ်းသာသွားသည်။

"မင်းနဲ့ ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်ကွယ်၊ ကေသီကတော့ အိမ်မှာနေပြီး မင့်ကို မျှော်နေလှပြီ၊ ဒီက မင့်ပစ္စည်းထုတ် ယူပြီးယင် အိမ်ကို တန်းသွားကြမယ်"

"ပစ္စည်းက ဒါပဲလေ" ဟုဆိုကာ သူ၏ လေယာဉ်အိတ်ကို ပြလိုက်၍ "ရှပ်အင်္ကျီတချို့နဲ့ ရောင်စုံဆလိုက်တွေပဲ၊ ကျွန်တော်က သိပ်ကြာကြာ မနေနိုင်ဘူးဗျ" ဟု ပြောသည်။

ကားဆီသို့ လျှောက်သွားကြယင်း မိုရေးက "ဝီလီရေ... ကိုယ် မင့်ကို ဖြစ်ကြောင်းကုန်စင် ရှင်းပြချင်တယ်၊ မင်း ကိုယ့်ကိုတော့ ခွင့်လွှတ်နိုင်ကောင်းပါရဲ့၊ စိတ်တော့ မချမ်းသာစရာပဲကွာ၊ ဒါပေမယ့် ဇာတ်ပေါင်းခန်းကတော့ ကောင်းပါတယ် ထင်ပါရဲ့၊ ဖြစ်ပုံကတော့..." ဟု စ၍ ပြောလိုက်လျှင် ဝီလီက "ရှင်းပြမနေပါနဲ့တော့ဗျာ၊ ဒါတွေအားလုံး ပြီးပြီပဲ၊ ကျွန်တော်တို့ လူသားတွေဟာ တစ်ယောက်ကို တစ်ယောက် ဗွေမယူသင့်ကြပါဘူးဗျာ၊ ခင်ဗျာ့ ကြေးနန်းရော ကေသီ့ဆီကစာရော ကျွန်တော်ရပါတယ်"

အလွန်တရာ ကျေးဇူးတင်သည့် စိတ်က မိုရေးအား လွှမ်းမိုးသွားသည်။ ဝီလီအား ကြည့်လိုက်သောအခါ အရိုးပေါ်အရေတင်နေသော လက်ချောင်းများနှင့် အကြောဆွ ၍ ဆတ်ကနဲ ခေါင်းအမော့လိုက်တွင် မြင်လိုက်ရသော လည်ပင်းပေါ်က ကန့်လန့်ဖြတ် အမာရွတ်ကြီးတို့ကို တွေ့လိုက်ရ၏။ မိုရေး ကြည့်နေသည်ကို ဝီလီကမြင်သွားကာ

"ကျွန်တော်အလှဆင်ထားတဲ့ အစင်းကြီးကို ခင်ဗျား မြင်သွားမှကိုး၊ ကျွန်တော့်အကောင် တစ်ကောင်က လက်ဦးတုန်းကဆို တကယ် လုံပစ်တော်တဲ့ကောင်ဗျ၊ အခုတော့ ကျွန်တော့်လက်ထောက် ဓမ္မဆရာ ဖြစ်နေပြီလေ" ဟုပြောပြသည်။

မိုရေးလည်း သူ၏ ရည်ရွယ်ချက်များကို ဝီလီအား မဆိုင်းမတွပင် ပြောပြလိုက်ချင်လွန်း၍ အူယားနေသည်။ သို့သော် ကေသီက သူပြောပါရစေဆို၍ အသာချိုထားလိုက်ရသည်။

မကြာမီ သူတို့ထွက်လာခဲ့ကြကာ စတေရှင်ဝက်ဂွန်ကားထဲတွင် ဝီလီ ခိုက်ခိုက်တုန်နေသည်ကို မြင်၍ မိုရေးက အနွေးဓာတ်ပေးခလုတ်ကို အဆုံးထိ လှည့်ပေးလိုက်သည်။ ဆတ်ကနဲ ဆတ်ကနဲ အကြောဆွဲခြင်း၊ တခိုက်ခိုက် တုန်နေခြင်းတို့ကြောင့် ဝီလီကိုကြည့်ရသည်မှာ အများနှင့်မတူ မိုရေးအဖို့ တစ်မျိုးပင် ထူးဆန်းလွန်းနေသည်။

သို့ရာတွင် ဝီလီနှင့်ပတ်သက်၍ အတပ်ပြောနိုင်သည်ကား သူသည် တကယ့်လူပင်ဖြစ်သည်။

"ကျွန်တော်က နောက်သုံးရက်ဆို အီဒင်ဗာရာကို ရောက်ရမှာ၊ အဖွဲ့အတွက် ကိစ္စကလေးတွေနဲ့ ဟောပြောဖို့ ကိစ္စကလေးတွေနဲ့မို့ ကေသီလဲ ကျွန်တော့်ကိုကူညီဖို့ သူ့ပစ္စည်းကလေးတွေ ထုပ်ပိုးသိမ်းဆည်းဖို့ ကျွန်တော်နဲ့အတူလိုက်မှဖြစ်မှာ"

မိုရေးက အထိတ်တလန့် လေသံဖြင့် "ဟာ၊ မင်းတို့ နှစ်ယောက်လုံး ဒါလောက်ကြီး မြန်မြန် သွားရမှာလား" ဟု မေးလိုက်သည်။

"အားလုံး အလောတကြီး ချည့်ပါပဲဗျာ၊ လန်ဒန်အထိ တစ်လမ်းလုံး ဟောပြောပြီး အလုပ်လုပ်သွားကြရမှာ၊ ပြီးတော့ အခုကနေပြီး နှစ်ပတ်အကြာ နှစ်ဆယ့်တစ်ရက်နေ့မှာ ကွီဗက်ကို လေယာဉ်ပျံနဲ့ သွားကြရမှာ"

မိုရေးက "ဖြစ်မှဖြစ်ရလေကွယ်၊ ဒို့ထင်ထားတာထက်တောင် မြန်မြန်သွားကြရမှာကိုး၊ ကိုယ်က ဒီမှာ မင်းအတွက် တစ်ခုခု လုပ်ပေးချင်သေးတာ" ဟု ပြောလိုက်သည်။ သူ ရွှမ်းဆီးမှအထွက်တွင် ခေါင်းမော့လည်မော့ဖြင့် အောင်လံတလူလူ လွင့်ထူ၍ ထွက်ချင်သည်။

ယခု ထိုစိတ်ကူးက အကောင်အထည်ပေါ်စ ပြုနေပြီ၊ သူက နှုတ်ဆက်ပွဲတစ်ခုလုပ်၍ ဝီလီအားလည်း ပွဲထုတ်ပေးမည်။

ထိုပွဲတွင် သူက သူ့အကြံအစည်ကို ပရိသတ်အလယ် ပွင့်ပွင့်လင်းလင်း ကြေငြာမည်။ ဝီလီက တရားဟောမည်။

"ဝီလီ ဒီမှာရှိနေတုန်း ဟောပြောစရာရှိတာ ကိုယ့်အိမ်မှာ ဟောပြောပါလား၊ တကယ် လုံးလုံးခဲခဲ အကျိုးရှိမယ်ဆိုတာကို အာမခံနိုင်ပါတယ်"

ဝီလီက တစ်ခဏမျှ စဉ်းစားနေလိုက်ပြီးနောက် သဘောတူလိုက်၏။ မိုရေးက တစ်ခဏမျှ လှည့်ကြည့်လိုက်သည်တွင် ဝီလီက အားနာပါးနာဖြင့် "ကျွန်တော့်ကို ဂရုမစိုက်ပါနဲ့ဗျာ၊ ဒါက တက်နေကျ အဖျားပါ၊ နည်းနည်းပါ" ဟု ပြောလိုက်သည်။

မိုရေးက ထိုင်ခုံတလျှောက် အသာစမ်း၍ ဝီလီ၏ အရိုးငေါငေါ လက်ချောင်းများကို ကိုင်ကြည့်လိုက်သည်။ ခြောက်သွေ့လျက် ပူနေကြသည်။

"ဖြစ်ရလေ ငါ့လူရယ်၊ မင်းအဖျား တော်တော်တက်နေပါလား၊ အိမ်ရောက်ယင် ချက်ချင်းအိပ်ရာဝင်မှပဲ"

ဝီလီက ပြုံးလိုက်၍ "အဖျားတက်တိုင်းသာ အိပ်ရာထဲ လှဲနေရယင် ထတောင် ထနိုင်တော့မှာ မဟုတ်ဘူးဗျ" ဟု ပြန်ပြောသည်။

သူတို့ တောင်ပေါ်သို့ လှည့်တက်ခဲ့ကြပြီးနောက် ရွှမ်းဆီးအိမ်သို့ ရောက်လာကြသည်။ အိမ်ရှေ့တွင် ကားရပ်လိုက်သည်နှင့် ကေသီပြေးထွက်လာကာ သူ့ဦးလေးကို ဆီးကြိုလိုက်သည်။

မိုရေးကပြုံးလျက် "ဝီလီကို သူ့အခန်းလိုက်ပို့လိုက်ပါကွယ်၊ မင့်မှာလဲ သူ့ကို ပြောပြစရာတွေ အများကြီး ရှိမှာပဲ" ဟု ပြောလိုက်သည်။

ကေသီက တော်တော်နှင့် ပြန်ဆင်းမလာ၊ မိုရေး စိတ်ပူစ ပြုလာသည့်အချိန်တွင်မှ တံခါးပွင့်လာပြီးလျှင် ကေသီပေါ်လာသည်။ ကေသီသည် မိုရေး၏ရင်ခွင်သို့ ပြေးဝင်ကာ "အားလုံး ရှင်းလင်းပြောပြလိုက်ပြီ၊ ဦးလေးဝီလီလဲ ဦးလေးနဲ့ စကားပြောရအောင် ဆင်းလာလိမ့်မယ်၊ ကျွန်မ ဖယ်နေမယ်၊ ဦးလေးကို သူခင်ပုံရပါတယ်၊ ပြီးတော့... အို... ဦးလေးရယ် ကေသီသိပ်ဝမ်းသာတာပဲ" ဟု ပြောလေသည်။

မိုရေးလည်း စိတ်ထဲ၌ အနည်းငယ် စိုးရိမ်မကင်းဖြစ်လျက် စောင့်နေမိသည်။ သို့သော် ဝီလီ ဆင်းလာသောအခါ သူ့မျက်နှာမှာ စိုးရွံ့စရာ လက္ခဏာ စိုးစဉ်းမျှမရှိပဲ သည်းခံစိတ်၊ ကြင်နာစိတ်တို့ ရောထွေးသော လက္ခဏာများသာ ပေါ်လွင်နေကြပေသည်။ သူက "ကေသီက ပြောပြီးပါပြီ၊ သူကလဲ ခင်ဗျားကို လိုချင်တယ်၊ ကျွန်တော်ကလဲ လိုချင်ပါတယ်၊ ဒါပေမယ့် ခင်ဗျား တကယ်ပဲလိုက်ချင်တာကော ဟုတ်ရဲ့လား၊ ဘာမှဆက်မလုပ်ရသေးခင် ဒါကို ခင်ဗျားသေသေချာချာ စဉ်းစားဖို့ ကောင်းတယ်နော်" ဟု ပြောလိုက်သည်။

သူ၏ ဆုံးဖြတ်ချက်ကို ဝမ်းပန်းတသာ ချီးကျူးစကားများဖြင့်ပင် လက်ခံလိမ့်မည်ဟု ထင်ထားခဲ့သော မိုရေးလည်း ဝီလီအား ကြောင်၍ ကြည့်နေမိလေသည်။ "လိုက်ချင်ပါတယ်ကွယ်" ဟု ဆိုကာ မျက်လွှာကိုချလျက် "အေးလေ၊ ကိုယ့်ကို စိတ်မချစရာ အကြောင်းကလဲ ရှိနေတာကိုး" ဟု ဆိုလိုက်သည်။

ဝီလီက "ဟာ၊ ဒီလိုမဟုတ်ပါဘူး၊ ခင်ဗျားက ခင်ဗျာ့ဘဝ ခင်ဗျာ့ အနေအထိုင်မျိုးကို သိပ်တွယ်တာနေတာမို့ ဒီဘဝကို စွန့်ပစ်ဖို့ဆိုတာ

ဖြစ်ချင်မှဖြစ်မှာမို့ပါ” ဟု ပြောလိုက်၏။

“ကိုယ့်ဘဝဟောင်းဟာ ကိုယ့်အဖို့ မသတီစရာ ဖြစ်နေပါပြီ၊ ကေသီကို မတွေ့ခင်ကတည်းက ကိုယ့်ဘဝ အနှစ်သာရမရှိတာ အဖိုးမတန်တာကို တွေးမိပြီသားပါ၊ အခု ကိုယ် ဘဝသစ် ထူထောင်ဖို့၊ ပျော်စရာကောင်းတဲ့ ဘဝကို ထူထောင်ဖို့ စိတ်ပိုင်းဖြတ်ထားပြီးပြီ”

“ပျော်စရာကောင်းတဲ့ ဘဝ” ဟု ဝီလီက သံယောင်လိုက်၍ဆိုကာ ထိုစကား၏ အတိမ်အနက်ကို ချိန်ဆကြည့်နေဟန် တူသည်။ အတန်ကြာမှ “ခင်ဗျားတွေးနေတာက ခင်ဗျာ့အတွက်ချည့် မဟုတ်လား၊ ကျွန်တော်တို့ အလုပ်ထဲမှာက အဲသလိုဘဝမျိုး မရှိပါဘူး၊ ကျွန်တော်တို့နဲ့လိုက်ခဲ့ယင် ပျော်စရာမကောင်းတဲ့ အလုပ်တွေ အများကြီးလုပ်ရမှာ” ဟု ဆက်ပြောလိုက်လေသည်။

မိုရေးက နာကျည်းသွားသည့် လေသံဖြင့် “ကိုယ် ဒါကို တွေးမိပါတယ်လေ၊ ဒါပေမယ့် ကေသီနဲ့အတူတွဲပြီး ဝီလီကလဲကူညီမယ်ဆိုယင် ကိုယ့်တာဝန်ကျေပွန်ပြီ အကျိုးဖြစ်ထွန်းအောင် လုပ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်” ဟု ပြောလိုက်သည်။

ဝီလီက မိုရေးအား စူးစိုက်ကြည့်နေလိုက်သည်။ ထို့နောက် သူက ပြုံးလိုက်ကာ လက်ကို ကမ်းပေးလျက် “ကျွန်တော်လဲ ဒီလိုပဲဖြစ်မယ်လို့ ယုံကြည်ပါတယ်၊ အဲသလိုဆိုယင် ခင်ဗျား မျှော်လင့်ထားတာထက် ပိုပြီး အကျိုးကျေးဇူး ကြီးပါလိမ့်မယ်၊ ခင်ဗျာ့လို ပင်ကိုအစွမ်းအစ ရှိတဲ့လူဟာ လူသားအချင်းချင်း အကျိုးပြုတဲ့ လုပ်ငန်းတွေကို စောက်ချပြီး လုပ်နေရမယ့်သူမျိုးပါ၊

မဟုတ်ယင် စိတ်မချမ်းသာစရာတွေက သူ့ကို မျိုပစ်လိုက်မှာပဲ၊ ဒီတော့ ခင်ဗျာ့အတွက်ရော ကျွန်တော့်အတွက်ပါ ခင်ဗျာ့အဆုံးအဖြတ်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ဗျာ၊ ကဲ... အခု ခင်ဗျာ့အကူအညီဟာ ကျွန်တော့်အဖို့ ဘယ်လောက် တန်ဖိုးများတယ်ဆိုတာ ကျွန်တော် ပြောတော့မယ်၊ ခင်ဗျားနဲ့ကေသီ၊ တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က သူနာပြု၊

လင်မယားနှစ်ယောက်စလုံး အတူတူ လက်တွဲ အလုပ်လုပ်ကြလို့...၊ ဒါဟာ ဘုရားသခင်ဆီက တိုက်ရိုက် မစတော် မူလိုက်တဲ့ ဆုလာဘ်ကြီးပါပဲ” ဟု ပြောလိုက်လေသည်။

မိုရေးသည် သူ၏နှုတ်ဆက်ပွဲကို သူထွက်သွားပြီးနောက် ကာလ အတော်ကြာသည်အထိ မဲလစဗတ်တွင် မှတ်မိနေလောက်အောင် လုပ်မည်ဟု ပိုင်းဖြတ်ထားသည်။ ယခု သူ့မိတ်ဆွေများ အားလုံးရောက်နေကြပြီ။

ညှော်ခန်းကြီးထဲတွင် စိတ်စောမှုကိုယ်စီဖြင့် ထိုင်လျက်ရှိကြပြီ။

ညှော်ခန်းတစ်ဘက်ထိပ်မှ နှစ်ရွက်ပိတ်တံခါးများကို ကွယ်လျက် ပိတ်ကားဖြူဖြူတစ်ခု ဖြန့်ချထားသည်။ အခြားတစ်ဘက်ထိပ်ရှိ စားပွဲတစ်လုံးပေါ်တွင် ရုပ်သေပြစက်တစ်လုံး တင်ထားရှိသည်။

ရှေးဦးစွာ လီယိုနီရာစခွတ်နှင့် ဒေါက်တာအယ်လပင်စတုခ်တို့ ရောက်လာကြပြီးနောက်တွင် ဂါလီ (ရုရှမင်းသမီး) နှင့် အာချီစတင့်ချ်၊ ထို့နောက် မဒမ်လူဒင်တို့ ဇနီးမောင်နှံ၊ နောက်ဆုံး ဖရီဒါအော်လတီရှိဖာ။

လူစုံသောအခါ အဆန်းတစ်ခုခု တွေ့ရတော့မည်ဟူသော စိတ်စောမှုအပြင် သူ တည်ခင်းပြုစုသော စားကောင်းသောက်ဖွယ်များနှင့် ရှမ်ပိန်တန်ခိုးကြောင့် ညှော်ပရိသတ်လည်း သွက်လက်ရွှင်လန်းလာသည်။ မိုရေး၏ စိတ်ထဲတွင် သူ၏ ဆုံးဖြတ်ချက်ကို ဖရီဒါသိနေနှင့်ပြီဟု ထူးထူးဆန်းဆန်း ယုံကြည်နေမိသော်လည်း သဘောကျနေပေသည်။ သို့သော် ဖရီဒါသည် ကေသီအား ခင်မင်စွာ ပြောဆိုဆက်ဆံနေသဖြင့် သူ့စိတ်အလိုမကျဖြစ်ဟန် အရိပ်အယောင် တစ်စုံတရာ မတွေ့ရချေ။

မိုရေးအား အထူး နှစ်ခြိုက်စေသည့် အရာကား သူ့အိမ်၌ တည်းခိုနေသည့် ညှော်သည် နှစ်ယောက်စလုံး၏ အောင်မြင်တွင်ကျယ်မှုပင် ဖြစ်လေသည်။ ကေသီအား လူတွေက ဝိုင်း၍ ဂရုစိုက်နေကြသည်။ ဝီလီအားလည်း အစတွင် ခပ်တန်းတန်း ခပ်အမ်းအမ်း ဆက်ဆံခဲ့ကြသော်လည်း များမကြာမီပင် သူ့ပတ်လည်၌ စိတ်ဝင်စားသူတွေ ဝိုင်းအုံလျက် ရှိတော့သည်။ မိုရေးမှာကား ယခုထက်ပျော်ရွှင်ရသည့် အခါမျိုးမရှိခဲ့ချေ။ သုံးယောက်သား လုပ်ဖွယ်ကိစ္စများကို ဆွေးနွေးကြယင်း အလွန်ရင်းနှီးခိုင်မြဲသော အကျိုးတူ လုပ်ဖော်ကိုင်ဘက်များ အဖြစ် နေခဲ့ရသည့် လွန်ခဲ့သော ဤနောက်ဆုံး သုံးရက်တာကလေးသည် သူ့အဖို့ ကျေနပ်ဖွယ် အကောင်းဆုံးကာလ။ ကေသီက သူ့ကို ချစ်သည်ဆိုသည်ကို သိရ၍ ပျော်ရွှင်စိတ်သည် ဝီလီကပါ ရှိနေသဖြင့် ပို၍ထက်သန်လာသည်။ ဝီလီနှင့်အတူ ရှိနေရသဖြင့်လည်း သူလုပ်ရမည့် လုပ်ငန်း၏တန်ဖိုးကို ကြိုတင်သိမြင်နေရသကဲ့သို့ ဖြစ်သည်။ ဝီလီသည် လူ့လောကတစ်ရပ်လုံးကို ချစ်ခင်သည်ဟူ၍လည်း သိလာရလေသည်။

ညှော်သည်များအား ဝီလီက ဟောပြောရန် အချိန်ကျလာသောအခါ မိုရေးက စားပွဲကို လက်ဖြင့် အသာအယာ ခေါက်လိုက်ကာ “အားလုံး မိတ်ဆွေကောင်းများဖြစ်ကြတဲ့ လူကြီးမင်းများ၊ အမျိုးသမီးကြီးများခင်ဗျာ၊ ကျွန်တော်ရဲ့ ချစ်ခင်လေးစားအပ်တဲ့ မိတ်ဆွေကြီး ရယ်ဗရင်ဝီလီ ဒေါက်ဂလပ်က မိန့်ခွန်းစကား ပြောကြားပါလိမ့်မယ်၊ သူပြောပြီးတဲ့အခါမှာ ကျွန်တော်ကလဲ

စကားအနည်းငယ် ပြောပါဦးမယ်” ဟု ကြေငြာလိုက်သည်။

ဝီလီက ကလန်ကလားနိုင်လှသော သူ့ကိုယ်ကို ဆန့်၍ မတ်တတ်ရပ်လိုက်သည်။ ပိန်ပိန်ရှည်ရှည် ပုံပန်းမကျသယောင် ရှိသော်လည်း သူ၏ မျက်နှာပေါ်တွင်ကား သိမ်မွေ့နက်ရှိုင်းသော အပြုံးရှိသည်။

“ကျွန်တော်တို့ အခု ဘုရားသခင်ရဲ့ အစောင်အမနဲ့ ဟို အာဖရိကား အလယ်ပိုင်းက အင်မတန်ခေါင်တဲ့ နေရာကလေးတစ်ခုမှာ ခရစ်ယာန် အသိုက်အဝန်းကလေးတစ်စု ဖွဲ့စည်းထားတယ် ဆိုတာကိုတော့ လူကြီးမင်းများ စိတ်ဝင်စားကောင်း ဝင်စားကြပါလိမ့်မယ်၊

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ဆိုတော့ သိပ်မလွယ်လှပါဘူး၊ မီလိုပိုမြို့မှာရှိတဲ့ အသင်းတော်ဌာနချုပ်က ကျွန်တော့်ကို ပေးနိုင်တာက ဒန်နီယယ်လို့ နာမည်ပေးထားတဲ့ တိုင်းရင်းသား ဓမ္မဆရာတစ်ယောက်ပဲ ဖြစ်ပါတယ်၊ လူတော်ပါ၊ ကျွန်တော်တို့ဟာ အန်ဂိုလာနဲ့ ကွန်ဂိုအကြားမှာရှိတဲ့ အင်မတန်ခေါင်သေးတဲ့ ကွီးဗူးဆိုတဲ့အရပ်ကို သွားကြပါတယ်၊ ကျွန်တော်တို့နဲ့အတူ ကျွဲနွားတိရစ္ဆာန်တွေကိုလဲ ယူသွားချင်တော့ ဟောဒီခရီးမျိုးကို နွားလှည်းနဲ့ပဲ သွားခဲ့ကြရပါတယ်“

ဤသို့ပြောပြီးမှ ပိတ်ကားပေါ်တွင် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ မတ်စောက်သော ချောက်ကမ်းပါးကြီးများ၊ အောက်ခြေတွင် ဖရိုဖရဲကျကာ ပိတ်ဆို့နေသော ကျောက်တုံးကြီးများရှိသော ချောင်းခြောက် ချိုင့်ဝှမ်းတစ်ခု၏ ကားချပ်များကို တစ်ချပ်ပြီးတစ်ချပ် ရပ်သေထိုး၍ ပြလိုက်သည်။

အာချီက “ဒါလောက် ခရီးကြမ်းတဲ့ နေရာမျိုးကို ဘယ်လိုလုပ်ပြီး ကိုယ့်လူတို့ဖြတ်ကျော် သွားကြသလဲဗျာ” ဟု ထောက်မေးလိုက်သည်။

ဝီလီက ပြုံးလျက် “လူတော့ နည်းနည်း ကြုံကျသွားတာပေါ့ဗျာ၊ တစ်နာရီကို ပျမ်းမျှ ကိုက်ငါးဆယ်နှုန်းလောက်တော့ ခရီးပေါက်ပါတယ်၊ ဒီနောက်မှာတစ်ခါ ကျွန်တော်တို့ရဲ့ အိမ်မြှောင်က ပျောက်သွားပြန်တော့ မျက်စိလည်လမ်းမှားပြီး ‘ကဇာ’ သဲကန္တာရကြီးထဲ ရောက်သွားခဲ့ပါတယ်၊ အဲဒီအခါမှာ နေကပူ၊ သဲမုန်တိုင်းတွေက ထသနဲ့ ပါလာတဲ့ ရေကလေးကလဲ ကုန်ပါလေရောဗျား၊ အဲဒီမှာ အာဖရိကား တောတွင်းသား သုံးယောက်နဲ့တွေ့ပြီး သဲချောင်းကလေးထဲက လက်ယက် စိမ့်တွင်းကလေး တစ်တွင်းဆီ ခေါ်ပြမှ နုံးနှစ်ရေကလေး သောက်ရပေလို့သာပေါ့၊ မဟုတ်ယင် ကျွန်တော်တို့တတွေ အဲဒီနေရာမှာ အသက်ဆက်ရှင်ဖို့လမ်း မရှိတော့ဘူး၊ နောက်တစ်ခါ ကျွန်တော့် ဓမ္မဆရာလဲ ဝမ်းကိုက်ရောဂါနဲ့ လဲပါလေရောဗျာ၊

နွားသုံးကောင်ကလဲသေ၊ ကျွန်တော်လဲ ငှက်ဖျားမိ၊ သို့ပေမယ့် နောက်ဆုံး ဒီလိုနဲ့ပဲ ကျွန်တော်တို့ဟာ 'အဘာတူး' တိုင်းရင်းသားအုပ်စုရဲ့ အကြီးအကဲနေတဲ့ ဟောဒီ ကွီးဗူးဆိုတဲ့နေရာကို ရောက်ကြပါရော" ဟု ပြော၍ အပြီးတွင် ရွံ့စေးဖြင့် ဆောက်ထားသော တဲချွန်ချွန်ကလေးများ၏ ပုံကို ပိတ်ကားပေါ်တွင် ထိုးပြလိုက်လေသည်။

"ကျွန်တော်တို့က ကိုယ့်ဟာနဲ့ကိုယ် ဝမ်းသာ ကျေနပ်နေကြတုန်းမှာ ဖြုန်းဆို ရင်ဝ ဆီးကန်လိုက်သလို ကြုံရတာကတော့ အဘာတူး အကြီးအကဲလုပ်သူ 'ရှောဆ' က ကျွန်တော်တို့ကို ရွာထဲဝင်ခွင့်မပေးဘူးလို့ ပိတ်ပင်လိုက်ခြင်းပါပဲ၊ သူ့ပုံကတော့ အဲ... အဲဒါ သူပဲ၊ ဓာတ်ပုံအရိုက်ခံဖို့အတွက် အားလုံးဝတ်ဆင် ခြယ်သထားလိုက်တာ မြင်တဲ့အတိုင်းပဲ၊

ကျွန်တော်သူ့ကို ဇွတ်အတင်း မပြောသင့်ဘူးဆိုတာကို ခင်ဗျားတို့လဲ သဘောတူမှာပါပဲ၊ ဒါနဲ့ပဲ ကျွန်တော်တို့ဟာ ရွာရဲ့အထက်က တောင်ပေါ်စမ်း ရေတံခွန်ကလေးနဲ့ 'ဘာတူလာ' ဆိုတဲ့ အပင်ကလေးတွေ အုပ်အုပ်ရှိရာမှာ တဲထိုးပြီး နေကြရပါတော့တယ်၊ အဲဒီအချိန်မှာ စားနပ်ရိက္ခာကလဲ ပြတ်လပ်လာတော့ ရှိတဲ့မြင်းစာ ဂျုံကိုပဲ ကျိုပြီး သောက်နေကြရတယ်၊ ကျွန်တော်တို့ရဲ့ စကော့ချ် အစာဟာ အာဟာရဖြစ်ပါတယ်၊ ကျွန်တော်တို့ကို ကောင်းကောင်း အသက်ဆက်ပေးခဲ့တာ သူပါပဲ"

အာချီက "ကျွန်တော်ကတော့ 'စကော့ချ်' ဆိုယင် 'အရေ' ကိုပဲ ကြိုက်တယ်ဗျာ" ဟု ပြောလိုက်သည်။

သူ အဆုံးသတ်လိုက်သောအခါ သြဘာလက်ခုပ်များ တီးကြသည်။ ထို့နောက် မိုရေးက စကားပြောရန် မတ်တတ်ရပ်လိုက်သည်။

"အခုလို စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ပြောပြသွားတဲ့အတွက် ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးကို အားလုံးကပဲ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြရမယ် ထင်ပါတယ်၊ သူဟာ ရဲစွမ်းသတ္တိရှိပြီး တစ်ကိုယ်ကောင်းစိတ် ဖယ်ရှားပြီး လုပ်ဆောင်အောင်မြင်ခဲ့သူ ဖြစ်ပါတယ်၊ လူသားတို့ကို အကျိုးပြုတဲ့ လုပ်ငန်းမှာ သူ့ရဲ့ စွမ်းဆောင် အောင်မြင်မှုဟာ မော်ကွန်းထိုးလောက်ပါပေတယ်၊ ဒါနဲ့ ကြုံကြိုက်လို့ ပြောရပါဦးမယ်၊ မိတ်ဆွေများလဲ အဲဒီ လုပ်ငန်းတွေကို သဘောကျလို့ ပိုမိုထိရောက်တဲ့ ထောက်ခံအားပေးမှုမျိုး ပြုချင်ကြတယ်ဆိုယင် အဝင်ခန်းထဲမှာအလှူခံလင်ဗန်းကလေးတစ်ခု ထားထားပါတယ်" ဟု ဆိုကာ "ကဲ အခု နောက်ဆက်တွ ဲအနေနဲ့ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ပြောပြချင်ပါတယ်၊ မိတ်ဆွေများအနေနဲ့ အံ့သြချင် အံ့သြသွားစေမယ့် အဆုံးအဖြတ်တစ်ခုကို ကျွန်တော် ချမှတ်ထားပါတယ်၊ မိတ်ဆွေများ

နားလည်နိုင်ကြလိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်” ဟု ခပ်မြန်မြန် ဆက်ပြောသည်။ ပရိသတ်သည် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

"ဒီဆုံးဖြတ်ချက်ဟာ အခုချက်ချင်း စိတ်ကူးရပြီး ချလိုက်တဲ့ ဆုံးဖြတ်ချက်မျိုး မဟုတ်ပါဘူး၊ ကျွန်တော် ဒီမှာ နေရတာ ပျော်သော်လဲ ကျွန်တော် တတ်ထားတဲ့ ဆေးပညာကို အသုံးချနိုင်ပြီး ပိုမိုအသုံးဝင်မယ့် ဘဝမျိုးကို ဖန်တီးချင်နေတဲ့ စိတ်ဆန္ဒက ကျွန်တော့်ကို အမြဲတစေ လှုံ့ဆော်နေခဲ့ပါတယ်၊ လွန်ခဲ့တဲ့ လကတော့ ကျွန်တော်ရဲ့ မွေးရပ်မြေကို တစ်ခေါက်ပြန်သွားပြီး ကျွန်တော် ပျိုရွယ်စဉ်က သိခဲ့ကျွမ်းခဲ့တဲ့ ခင်မင်ခဲ့တဲ့ မိသားစု အဆက်အနွယ်များကို ရှာပြီး ဆက်သွယ်ခဲ့ပါတယ်၊ အခု မိတ်ဆွေများနဲ့ အတူရှိနေတဲ့ ဝီလီတို့ ကေသီတို့ဟာ အဲဒီ မိသားစုက ဖြစ်ပါတယ်၊ ဟိုတုန်းက သူငယ်အရွယ်ပဲရှိသေးတဲ့ ဝီလီဟာ သာသနာပြု လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ငယ်ရွယ်သူပီပီ စိတ်ထက်သန်မှုကို ပြခဲ့တဲ့အတွက် ကျွန်တော်လဲ စိတ်လှုပ်ရှားခဲ့ရတတ်ပါတယ်၊ အခုတစ်ခါ သံသရာ တစ်ပတ်လည်ပြီး...” ဟု ဆိုကာ မည်သို့ဆက်ပြောရမှန်း မသိအောင် စိတ်ထိခိုက်ဟန်ဖြင့် ခေတ္တရပ်နားလိုက်ပြီးမှ “မိတ်ဆွေများခင်ဗျား... ကျွန်တော့်ရဲ့ စိတ်သစ်လောင်းလာရပုံ အကြောင်းကို ငြီးငွေ့စရာ ပြန်ပြောမနေတော့ပါဘူး၊ ကျွန်တော်လဲ ဝီလီတို့နဲ့အတူ အဖွဲ့ချုပ်ကို ဆရာဝန်အဖြစ်နဲ့ လိုက်သွားမယ် ဆိုတာလောက်ပဲ ပြောပါရစေ” ဟု ပြော၍ ကေသီထံသို့ လျှောက်သွားကာ ပခုံးပေါ်သို့ လက်တင်လျက် “ဟောဒီက ကျွန်တော် ချစ်တဲ့ကေသီကလဲ ကျွန်တော့်ရဲ့ ဇနီးအဖြစ်နဲ့ လိုက်ဖို့ပဲ” ဟု ဆက်ပြောလိုက်သည်။

အားလုံး တိတ်ဆိတ်သွားပြီးမှ ရုတ်တရက် ရုတ်ရုတ်သဲသဲ ဖြစ်လာကာ မိုရေးအား ချီးကျူးသူက ချီးကျူးလျက် အမျိုးသမီးများက ကေသီ၏ အနီးတွင် ဝိုင်းဝိုင်းလည်လျက် ရှိကြလေတော့သည်။ စတင့်ချ်က “ကဲ... သတို့သမီးနဲ့ သတို့သားတို့အတွက် ဆုတောင်းကြစို့” ဟု အော်ပြောလိုက်လေ၏။

မိုရေးလည်း ဖရီဒါတစ်ယောက် စိတ်ကောက်သွားလေမည်လော၊ သို့မဟုတ် အမျက်ဒေါသထွက်လေမည်လောဟု စိုးရိမ်နေခဲ့သော်လည်း ဖရီဒါ၏ အမူအရာမှာ မည်သို့မျှ အပြစ်ဆိုစရာမရှိ။

စိတ်မကောင်းသည့် အသွင်ကို ဆောင်သော်လည်း မိုရေးအား အပြုံးဖြင့် ချီးကျူးသည်။ ကေသီကိုမူ ပါးကလေးကို နမ်းလိုက်သည်။ ဧည့်သည်အားလုံး ပြန်သွားကြသောအခါ ဖရီဒါသည် အဝင်ဝတွင် နောက်ဆုံးနှုတ်ဆက်စကား ပြောသည်။

“မိတ်ဆွေကြီးရယ်... ရှင် ပျော်ရွှင်သလို ကျွန်မလဲ ပျော်ပါတယ်၊ မိန်းကလေးက တယ်ချစ်စရာ ကောင်းတာပဲ၊ ဒါတွေအပြင် မွန်မြတ်လှတဲ့

ဒီလုပ်ငန်းအသစ်နဲ့ နောက်ပြီး ကောင်းကင်ဘုံရော…”

“ဖရီဒါရယ်… အင်မတန် ကျေးဇူးတင်ပါတယ်”

“ကဲ… အခု အချိန်ဟာ မိတ်ဆွေစစ်တို့ရဲ့ တန်ဖိုးကို ပြဖို့ရာ အချိန်ပါပဲ၊ ရှင့်အိမ်မျိုးနဲ့ ဒါလောက် အချိန်နည်းနည်းကလေးနဲ့ ပစ္စည်းတွေ သိမ်းဖို့ဆည်းဖို့ဆိုတာ အင်မတန်ခက်ပါလိမ့်မယ်၊ ရှင့်မှာ အကူအညီလိုမှာပါ၊ ဒီအကူအညီကို ကျွန်မပေးနိုင်ပါတယ်၊ နက်ဖြန်ပဲ သူ့ ဦးလေးတော်ကြီးဝီလီနဲ့ လိုက်သွားရမယ်လို့ ရှင့်ကလေးမလေးက ကျွန်မကို ပြောထားတယ်၊ သန်ဘက်ခါလောက် လာခဲ့ရမလား”

“အေးဗျာ… ခင်ဗျား တွေးမိပေလို့ပဲ” ဟု ဆိုလိုက်သည်။ တကယ်လည်း သူ့လုပ်ဖွယ်ကိစ္စတွေ များပြား ရှုပ်ထွေးလှသည်ဖြစ်၍ စိတ်ထဲ၌ ပူပန်စပြုနေပြီဖြစ်သည်။ သို့ဖြင့် “ကျေးဇူးပါပဲဗျာ၊ကျွန်တော် ခင်ဗျားကို မျှော်နေမယ်” ဟု ပြောလိုက်၏။ ဖရီဒါလည်း အပြုံးဖြင့် နှုတ်ဆက်၍ တံခါးမှ ထွက်သွားလေ၏။

မိုရေးလည်း ကေသီနှင့် ဝီလီတို့ ရှိရာသို့ အဆောတလျင် ပြန်ဝင်လာခဲ့သည်။ အဝင်ဝမှ အလှူခံသည့် လင်ဗန်းကလေးကိုလည်း ယူလာခဲ့၍ “ကဲ… အောင်မြင်ရဲ့လားဟေ့” ဟု မေးလိုက်သည်။

ကေသီက ပျော်ရွှင်စွာပင် “အားလုံး ချောချောမောမောပဲ” ဟု ဖြေသည်။ ဝီလီမှာ ပင်ပန်း နွမ်းနယ်နေဟန် ပေါ်နေ၏။ သူက “သူတို့အားလုံး ကရုဏာထားရှာကြပါတယ်ဗျာ” ဟု ပြောလိုက်၏။

မိုရေးက “ကဲလေ၊ ဘယ်လောက်များ ကရုဏာထားသွားကြလဲ ကြည့်ကြရအောင်” ဟု ပြောသည်။ သူ စိတ်ဓာတ်အကြီးအကျယ် တက်ကြွရွှင်ပျလျက်ရှိသည်။ အလှူခံငွေလင်ဗန်းကလေးကို ကေသီအား လှမ်းပေးလိုက်သည်။ လင်ဗန်းထဲတွင်ကား ဖရန့်ငွေ ငါးဆယ်တန်၊ တစ်ရာတန် ငွေစက္ကူများ အပုံလိုက်နှင့် ဒင်္ဂါးပြားလေးတစ်ပြား၊ နှစ်ဖရန့်တန် ဒင်္ဂါးတစ်ပြား။ မိုရေးက “ဒါကတော့ ဂါလီကလေးဆီကလို့ ပြောရဲတယ်” ဟု ပြော၍ ရယ်လိုက်သည်။ ဝီလီက “ဒါဆို အတော်များတာပေါ့” ဟု ပြောလိုက်၏။

ကေသီက လှိုက်လှိုက်လှဲလှဲ သဘောတူလိုက်သည်။ “ဒါပေါ့၊ ဟုတ်တာပေါ့၊ ကျွန်မ သူ့ကို အခင်ဆုံးပဲ၊ အလို… ဟိုအောက်က စက္ကူစကလေးက ဘာများပါလိမ့်”

“မြတ်စွာဘုရား၊ ကေသီရေ ကြည့်ပါဦးကွယ်၊ တော်ကြာ တစ်ယောက်ယောက်က ချက်လက်မှတ်လိမ်ကြီးနဲ့ ဝင်နောက်သွားတယ် ဖြစ်နေပါဦးမယ်”

ကေသီ ယူကြည့်လိုက်ပြီးနောက် အံ့အားသင့်လွန်း၍ နှုတ်ဆွံ့နေသည်။

ထို့နောက် ချက်လက်မှတ်ကို ဝီလီ့ထံသို့ လှမ်းပေးလိုက်ပြီးလျှင် မိုရေးအား လည်ပင်းကိုဖက်၍ နမ်းလိုက်လေ၏။

(၁၃)

နောက်နေ့ မွန်းလွဲပိုင်း မိုရေး ဖူးရစ်လေဆိပ်မှ အပြန်တွင် ကေသီနှင့် ဝီလီတို့ ထွက်ခွာ သွားကြသည့်အတွက် သူ့မှာ စိတ်အားငယ်လျက် ရှိသော်လည်း သူ့စိတ်မှာ သန္နိဋ္ဌာန်ချထားပြီး ဖြစ်လေသည်။ နောက်ဆယ့်တစ်ရက်ကြာလျှင် သူသည် ကေသီတို့နှင့် ပေါင်းမိတော့မည်။

အိပ်ပြန်ရောက်၍ 'အပူပိုင်းဒေသ ဆေးဂျာနယ်' တစ်စောင်ကို ဖတ်လျက်ရှိစဉ် ဖရီဒါ၏ ဒေါ်ဖင်းကားကလေး ဝင်လာသံကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားကာ အိမ်ရှေ့သို့ထွက်၍ တွေ့လိုက်သည်။

"ကျွန်မ သိပ်စောလွန်းနေပြီလား" ဟု မေးသည်။ ဖရီဒါသည် တကယ်အလုပ်လုပ်ရန် လာသူကဲ့သို့ မီးခိုးရောင် ဂါဝန်နှင့် တက်တင်းထိုး ဆွယ်တာအကျႌ ဝတ်လာသည်။ "ရှင် ဟမ်းဘားကားနဲ့ ဖြတ်သွားတာ မြင်လိုက်လို့ မွန်းလွဲပိုင်း အချိန် အလဟဿ မဖြစ်ရအောင် လာခဲ့တာလေ" ဟု ပြောသည်။

မိုရေးက ဝမ်းသာအားရပင် "ဟုတ်တယ်ဗျာ" ဟု ဆိုကာ စာကြည့်ခန်းထဲသို့ ခေါ်သွား၍ "ကျွန်တော်တို့ စောစော စနိုင်လေ ကောင်းလေပဲ" ဟု ပြောလိုက်သည်။

"ကဲ ပြော၊ ရှင်ဘာတွေ ဘယ်လိုလုပ်ဖို့ စီစဉ်ထားလဲ"

"အိမ်ကို ရောင်းမယ်၊ မရောင်းရသေးခင်တော့ အာထူရိုနဲ့ အယ်လီနာတို့ ဒီမှာ စောင့်ရှောက်ယင်း ဆက်နေကြပစေဦးပေါ့၊ ပန်းချီကားတွေနဲ့ ငွေထည်တွေကိုတော့ ကျွန်တော့်ရှေ့နေက သင့်သလိုကြည့် စီမံ ထုခွဲပေးရအောင် ဘဏ်မှာအပ်ထားခဲ့မယ်၊ အိမ်ထောင်ပရိဘောဂတွေနဲ့ စာအုပ်တွေကတော့ ဒီမှာ ခဏ ထားရဦးမှာပဲ"

ဖရီဒါက လှလှပပချုပ်၍ ညီညာစွာ စီတင်ထားသော စာအုပ်စင်ကြီးများကို ကြည့်လိုက်ယင်း "စာအုပ်တွေက လှကလှသနဲ့ရှင်၊ ဒါတွေကို လူမနေတဲ့ အိမ်ထဲမှာ ထားပစ်ခဲ့ယင် မှိုတက်ကုန်မှာပေါ့၊ တစ်အုပ်စီ တစ်အုပ်စီကို စက္ကူကလေးနဲ့ပတ်ပြီး ထုပ်ထားမှရမှာ၊ ဒါက ကျွန်မ လုပ်ပေးနိုင်တဲ့ အလုပ်မျိုးပါ" ဟု ပြောလိုက်သည်။

မိုရေးက "အာထူရို ရေ" ဟု ခေါ်လိုက်၏။ ဖရီဒါက ပြုံးလျက် ထလိုက်၍ "မခေါ်ပါနဲ့ရှင်၊ သူ့ခမျာ ရှင်သွားမယ့်ကိစ္စ စိတ်ချမ်းသာရှာတာ မဟုတ်ဘူး၊ အပိုအလုပ်ခိုင်းဖို့ မတော်ပါဘူး၊ ရှင်လုပ်စရာရှိတာသာ သွားလုပ်၊ ဒါကို ကျွန်မတာဝန်ထား" ဟု ပြောလိုက်သည်။ မိုရေး တံခါးရှိရာသို့ ထွက်အသွား

"မစ္စတာစတင့်ချ်က ရှင့်နှုတ်ဆက်ပွဲအကြောင်း သူတို့ သတင်းစာထဲမှာ ဆောင်းပါး ရေးထားတယ်၊ အဲဒီအထဲမှာ ဟိုက တိုင်းရင်းသားအုပ်စု အရေးအခင်းတွေ ဒါလောက်ဖြစ်နေတာတောင် အဖွဲ့ချုပ်ကို လိုက်သွားမယ်ဆိုတဲ့ ရှင့်သတ္တိကို အတော်ချီးကျူး ထားလိုက်ပါလား" ဟု ပြောလိုက်သည်။

မိုရေးမှာ သဘောကျလွန်း၍ မျက်နှာမှာ အရောင်လက်လာသည်။ သူက "အာချီဆိုတဲ့ အကောင်ဟာ လူရှုပ်ပဲ၊ ဒါပေမယ့် စိတ်ကောင်းကလေးတော့ ရှိရှာပါတယ်" ဟု ပြောလိုက်ပြီးမှ "ဒါနဲ့ အဲဒီက တိုင်းရင်းသား အရေးအခင်းတွေဆိုတာက ဘာတွေတဲ့လဲ" ဟု မေးလိုက်၏။

"အဓိကရုဏ်းတို့ ဘာတို့ဆိုတာမျိုး နေမှာပေ့ါ၊ ကဲ... ထုပ်ဖို့ စက္ကူက ဘယ်သွားရှာရမလဲ" မိုရေးက အယ်လီနာ့ထံသို့ လှွတ်လိုက်သည်။ ထို့နောက် စက္ကူနှင့် ကလောင်ကိုကိုင်လျက် အိမ်အနှံ့ရှိသော သူ၏ ရှေးဟောင်းပစ္စည်းများကို စာရင်း လိုက်ကောက်လေသည်။

တန်ဖိုးကြီးလှသော ဤအသေးအဖွဲ ပစ္စည်းကလေးများကို စွန့်ပစ်၍ ထားခဲ့ရန်မှာ နှမြောမိသည်။ သို့သော်လည်း သူ၏စိတ်ခေတ်မှာကား မတက်ကြွစဖူး တက်ကြွလျက် ရှိပေသည်။ အာချီစတင့်ချရေးသားချက်မှာ မှန်သည်။ သူသည် အကျိုးပြုလုပ်ငန်းစစ်စစ်ကို လုပ်တော့မည်။ ညနေ ၅ နာရီတွင် မိုရေးအား စားသောက်ခန်းထဲ၌ ရှေးဟောင်း အယ်လီဇဗက်ခေတ်က စားစရာတင်သည့် စားပွဲလှလှကလေးကို ငေးကြည့်ယင်း စဉ်းစားနေသည်ကို ဖရီဒါ တွေ့ရလေသည်။

"လက်ဖက်ရည်ချိန် ရောက်ပြီရှင့်၊ ကမ္ဘာ့အလုပ်သမားတွေဆိုတာ အပန်းဖြေစားဖို့လဲ လိုသေးတာပဲ၊ ကျွန်မလဲ မုန့်ကလေးတွေလုပ်ပြီး ယူလာခဲ့တယ်" ဟု ဖရီဒါက ပြောလိုက်၏။ လက်ဖက်ရည် သောက်ချင်နေသည်နှင့် အဆင်သင့်ဖြစ်သွားသည်။ "ကောင်းလိုက်တဲ့ မုန့်ကလေးတွေဗျာ၊ ခင်ဗျားကို အဲသလို အိမ်တွင်းမှု အလုပ်တွေ လုပ်တတ်လိမ့်မယ်လို့ ဘယ်တော့ကမှ မတွေးခဲ့မိဘူး" ဟု မိုရေးက ချီးမွမ်းစကား ပြောသည်။

"လိုတော့လဲ တတ်အောင် သင်ထားရတာပေ့ါရှင်၊ ယူပါဦး နောက်တစ်ခု၊ ရှင် ဟိုရောက်သွားယင် ဘယ်လောက် ညံ့ဖျင်းတဲ့ အစားအစာတွေ စားနေရမလဲ မသိဘူး"

ဖရီဒါ၏ မျက်လုံးများက အခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်ပြီးနောက် 'မဒမ်မီလို သားအမိ' ပုံ ချစ်စရာ ပတ်စတယ်ပန်းချီကား ကလေးပေါ်တွင် တန့်၍ အာရုံစိုက်မိသွားသည်။

"ရှင် ကျွန်မကို ဗီလားရဲ့ ပန်းချီကားကလေး ပြတဲ့ ညနေကို

မှတ်မိသေးရဲ့လား၊ ကျွန်မဖြင့် ဒါကို မနေ့တစ်နေ့ကပဲလို့ ထင်မိပါတယ်၊ တကယ်တော့ ဒီအတောအတွင်း ဖြစ်ခဲ့တာတွေကတော့ အများကြီးပဲနော်၊ ဒီပန်းချီကားတွေကို နောက်ဆုံးအချိန်အထိ ထားမယ်လို့ ကျွန်မကို ကတိပေးပါလားရှင်၊ ရှင်ပဲကျွန်မကို ခဏခဏ ပြောခဲ့တာ၊ ဒီပန်းချီကားတွေ မရှိယင် မနေတတ်ဘူးဆို" ဟု ပြောကာ ခေတ္တမျှ ဆိုင်းနေလိုက်ပြီးမှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် "ရှင် ဒီအိမ်ကို မရောင်းလို့ မဖြစ်ဘူးလားရှင်၊ မရောင်းပဲထားယင် ရှင် ဟိုမှာသွားပြီး အပူပိုင်းဒေသက ရောဂါဘယ တစ်ခုခုဖြစ်လို့ ရာသီဥတုကောင်းတဲ့ နေရာမှာ အနားယူရမယ်ဆိုယင် ဒီအိမ်တစ်လုံးတော့ ရှိနေဦးမှာပေါ့" ဟု ပြောလိုက်သည်။

သူ့စိတ်ကူး မဆိုးလှ၊ သို့သော် မဖြစ်ချေ။ လှေနံနှစ်ခွနင်းသော အလုပ်မျိုးကား အန္တရာယ်များသည်။

"တော်ပြီဗျာ၊ ကျွန်တော်ကလုပ်ယင် ရှင်းရှင်းပြတ်ပြတ်ပဲ လုပ်ချင်တယ်"

"ဟုတ်ပါတယ်ရှင်၊ ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မက အခုလို တောက်တီးတောက်တဲ့ အကြံဉာဏ်ကလေး ပေးမိတာ မှားပါတယ်၊ ဒါပေမယ့် ရှင် ဟိုရောက်သွားတဲ့နောက် ကျွန်မတော့ တစ်ခဏကလေးမှ စိတ်အေးအေးထားလို့ ရတော့မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ ဖရီဒါရယ်၊ သာသနာပြုအဖွဲ့ချုပ် စခန်းမှာတော့ ဒါလောက်ဆိုးမှာ မဟုတ်ပါဘူး"

"မိတ်ဆွေကြီးရယ်၊ ရှင်ကတော့ အင်မတန် စိတ်ခိုင်ရဲရင့်တဲ့သူမို့ ကျွန်မအတွက် စိတ်သက်သာရာ ရအောင်တော့ ဟန်လုပ်ပြီး ပြောမနေပါနဲ့၊ မနေ့ညဥ့်ကများ ရှင့်မှာ တစ်ခုခုများ ဖြစ်သွားယင်ဆိုတာ တွေးမိတာနဲ့ ကျွန်မမှာ အိပ်လို့တောင် မပျော်တော့ဘူး"

မိုရေးက စိတ်အနှောင့်အယှက်ဖြစ်သွား၍ "တော်စမ်းပါ ဖရီဒါ၊ မကြီးကျယ် ကြီးကျယ်အောင် လုပ်ပြောမနေစမ်းပါနဲ့" ဟု ဆိုလိုက်၏။

"ကွန်ဂိုမှာဖြစ်နေတဲ့ အရေးအခင်းတွေက မကြီးကျယ် ကြီးကျယ်အောင် လုပ်တာတဲ့လားရှင်၊ ရှင် ကောင်းကောင်း သိပြီးသားဟာတွေ ကျွန်မ ရှောက်ပြောနေယင် မလိမ္မာရာ ကျတော့မယ်၊ ကဲ ရှင်..." ဟု ဆိုကာ ထိုင်ရာမှထလိုက်လျက် "အလုပ်လုပ်မယ်၊ အလုပ်လုပ်မယ်၊ ဘာမှ မစဉ်းစားမိအောင် အလုပ်လုပ်နေတာ ကောင်းတယ်၊ အဲဟို စင်မြင့်တွေပေါ်မှာ ကျွန်မ မမီတဲ့ စာအုပ်တွေရှိတယ်၊ အဲဒါတွေ ရှင်က ကူချပေးပါလား" ဟု ဆက်ပြောလိုက်လေ၏။

မိုရေးစိတ်ထဲတွင် ဘဝင်မကျတကျဖြင့်ပင် ဖရီဒါနှင့်အတူ စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။ ကတည်းမှ၊ သူလုပ်မယ့်အလုပ် ဘယ်စခန်းဆိုက်မှန်း သူမသိဘဲ ရှိတော့သလိုလို...။ ထို့နောက် ခြေထောက်ချွန်းချွန်းနှင့် ခွေးခြေကလေးတစ်ခုပေါ်သို့ တက်၍ စာအုပ်ထူကြီးများကို ဖရီဒါ့ထံသို့ ချပေးသည်။

အထက်ဆုံး စင်ပေါ်၌ သုံးအုပ်မျှသာ ကျန်သည်တွင် ဘေးသို့ အနည်းငယ် စောင်း၍ ခါးဆန့်လျက် သုံးအုပ်စလုံးကို လှမ်းဆွဲလိုက်သည်။ စာအုပ်များကို မ,ယူရန် အားစိုက်လိုက်သည်တွင် သူ့ကိုယ်သူ မဟန်နိုင်ပဲ ယိမ်းယိုင်သွားပြီးလျှင် စာအုပ်များကို ခေါင်းပေါ်၌ မြှောက်၍ ကိုင်ထားလျက်ကပင် နောက်သို့ ခြေတစ်လှမ်း လျင်မြန်စွာ ဆုတ်လိုက်၍ ကြမ်းပြင်သို့ အရှိန်ဖြင့် မတ်တတ်ကျလာသည်။

"တော်ပါသေးရဲ့ရှင်၊ ရှင် ကျင်လည်ပေလို့သာပေါ့"

"ဟုတ်ဗျား၊ ဒါပေမယ့် ခါးဆစ်လွဲသွားသလား မသိဘူး" သူက နှုတ်ခမ်းတင်းတင်းစေ့လျက် ပြောလိုက်သည်။

"ခဏ ထိုင်နားလိုက်ဦးရှင့်"

မိုရေးလည်း သတိထား၍ ခွေးခြေပေါ်တွင်ထိုင်ကာ ဖရီဒါ စာအုပ်များ ထုပ်ပိုးနေသည်ကို ကြည့်နေသည်။ ထုပ်ပိုးပြီးသောအခါ ဖရီဒါက "သက်သာသွားပလား" ဟု မေးသည်။

"လုံးဝသက်သာသွားသေးတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဘာမှမဖြစ်လောက်ပါဘူး၊ကောင်းသွားမှာပါ"

"ဒီနေ့ညဥ့် အက်စပရင်သောက်ပြီး အာထူရိုကို လီနမင် အလိမ်းခိုင်းလိုက်ပေါ့၊ ကျွန်မ မပြန်ပဲ နေသေးလို့ရယင် ကောင်းမှာရှင်၊ ဒါပေမယ့် ပြန်ဦးမှ၊ နေ နေ ရှင်မထနဲ့၊ နက်ဖြန်ကျ ဆယ်နာရီ ဟုတ်လား"

မိုရေးက ခေါင်းညိတ်ပြလိုက်၍ ဖရီဒါထွက်သွားမှ သူ့ခါးကိုသူ လက်ညှိုးဖြင့် ထိုး၍ တောက်၍ စမ်းကြည့်သည်။ ထို့နောက် ဘာမှချွတ်ယွင်းဟန်ကို မတွေ့ရမှ ထိုင်ရာမှ ထကာ ကိုင်းကိုင်း ကိုင်းကိုင်းဖြင့် လျှောက်သွားကာ စောစောက အလုပ်ကို ဆက်လုပ်သည်။

စာရင်းလုပ်၍ပြီးလျှင် သူ၏ရှေ့နေ စတိုင်ဂါနှင့် တွေ့ရန် ရက်ချိန်းတောင်းမည် စိတ်ကူးကာ တယ်လီဖုန်းဆီသို့သွားသည်။

သူ တယ်လီဖုန်းဆီမှ ချာကနဲ လှည့်၍ ထွက်ခဲ့သည်တွင် ခါးထဲ၌ မျက်ကနဲ နာကျင်သဖြင့် တွန့်သွားသည်။ စောစောက တက်ကြွပျော်ရွှင်သည့်

စိတ်များမရှိတော့၊ ကေသီ့ကိုလည်း တမ်းတလိုက်မိသည်။ ဖရီဒါသာ အလျင်စလို ပြန်မသွားရလျှင်လည်း တော်ဦးမည်။

ညနေစာကို တစ်ယောက်တည်း မစားချင်။ အာထူရိုအား စာကြည့်ခန်းထဲသို့ စားစရာယူလာခဲ့ရန် ပြောခဲ့ပြီးနောက် ဘီဘီစီ သတင်းကြေငြာချက်ကို နားထောင်ရန် ရေဒီယိုကိုဖွင့်လိုက်သည်။

သူ နောက်ကျသွားပြီ။ "ဤတွင် သတင်းများကို ကြေငြာလို့ ပြီးပါပြီ" ဟူသော ကြေငြာချက်ကိုသာ ကြားလိုက်ရတော့၏။ နောက်နေ့ နံနက် ၁၀ နာရီတိတိတွင် ဖရီဒါအား အာထူရိုက မိုရေးရှိရာ ဧည့်ခန်းထဲသို့ ပို့ပေးလိုက်သည်။ မိုရေးသည် မှန်ဗီရိုကလေးတစ်ခု၏ ရှေ့တွင်ထိုင်ကာ သူ၏ ကြွေပန်းအိုးလှကြီးကို ငေးစိုက်၍ ကြည့်နေသည်။

သူက "ပစ္စည်းပစ္စယ ပိုင်ဆိုင်မှုဆိုတာ လူကို တယ်နှိပ်စက်တာပဲ၊ ဒါတွေအားလုံး ထုပ်ပိုးရဦးမယ်၊ ဒါကို ဝယ်ခဲ့တုန်းကတော့ ပျော်ပျော်ပဲ၊နောက်ဆုံးမှာ ဒါတွေကြောင့် စိတ်အနှောက်အယှက် ဖြစ်ရလိမ့်မယ်လို့ နည်းနည်းမှ မတွေးခဲ့မိဘူး" ဟု ပြောလိုက်သည်။

"ကျွန်မ ထုပ်ပေးပါ့မယ်၊ ဒါထက် ရှင့်ခါးကော ဘယ့်နှယ်နေသေးလဲ"

"အကြောထုံးချင်သလို ဖြစ်နေတယ်၊ ကျုပ် ညာဘက်ခြေ နည်းနည်းဆွဲနေတယ်"

"ဒါဖြင့် ပေါ့မနေပါနဲ့ရှင်၊ မြန်မြန်စစ်ဆေးကြည့်လိုက်ပါဦး"

"သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်နိုင်ပါဘူး၊ တစ်ရက်လောက် စောင့်ကြည့်လိုက်ဦးမယ်" ဟု ပြောကာ လှည့်ကြည့်လိုက်သည်တွင် ဖရီဒါက အလွန်စိုးရိမ်ပူပန်သည့် မျက်နှာဖြင့် သူ့အား ငေးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၍ ထိတ်ကနဲဖြစ်ကာ "ဘာဖြစ်လို့လဲ ဖရီဒါ" ဟု မေးလိုက်သည်။

ဖရီဒါက ကြိုးစား၍ ပြုံးလိုက်ယင်း "ဘာမှမဖြစ်ပါဘူး၊ ကျွန်မ ရှင့်ခါးက ဒဏ်ရာအကြောင်း တွေးနေလို့ပါ၊ ဒီညနေ လီယိုနိုရာရဲ့ ဧည့်ခံပွဲကိုတော့ ရှင် သွားနိုင်လိမ့်မယ် ထင်ပါရဲ့" ဟု ပြောလိုက်၏။

"ဘာဧည့်ခံပွဲလဲ၊ ကျွန်တော် ဘာမှမသိရပါလား"

"နေစမ်းပါဦး ရှင့်ကိုလဲဖိတ်မှာပေါ့၊ ကျွန်မတို့အားလုံး သွားကြမှာပဲဟာ၊ ရှင့်ကို မှားပြီး ချန်ထားခဲ့မိတာ နေမှာပါ၊ ကျွန်မနဲ့လိုက်ခဲ့မယ် မဟုတ်လား"

မိုရေး သူ့နှုတ်ခမ်းသူကိုက်၍ သူ့ကိုမဖိတ်ဘဲ ချန်လှပ်ထားခဲ့သည်ကို

မကျေမချမ်းဖြစ်နေသည်။ယခုကပင် သူ့ကို လူတွေက စာရင်းဖျက်လိုက်ကြပြီ၊ သို့ဖြင့် သူက "ကျွန်တော်မအားပါဘူးဗျာ" ဟု ပြန်ပြောလိုက်လေ၏။

"ရှင်နဲ့ပတ်သက်တာအားလုံး ဒီအရပ်မှာ နိဂုံးချုပ်သွားပြီ ဆိုတာတော့ ကျွန်မသိပါတယ်၊ စိတ်ဝင်စားစရာ လူတွေအများကြီးနဲ့ နေနေကျ နေရာက ရှင်သွားရမယ့်ဆီမှာက သုံးယောက်တည်းဆိုတော့ လူတော့ နည်းသွားတာပေါ့၊ ဒါပေမယ့် ရှင် ဟိုမှာ သိပ်ပျော်မှာပါပဲ၊ ကဲ ကျွန်မ စာအုပ်တွေပြီးအောင် ထုပ်လိုက်ဦးမယ်၊ နောက်တစ်ခေါက်ကျမှ ကြွေထည်တွေလုပ်မယ်"

'ဖရီဒါ ဘယ်လိုဖြစ်ပါလိမ့်' ဟု မိုရေးက တွေးလိုက်မိသည်။ မနေ့ကမူ သူသည် သွက်လက်ရွှင်လန်းလှသည်။ ယနေ့ သူ့ မျက်လုံးဝါဝါများမှာ ညှိုးငယ်မှိုင်တွေလျက် ရှိကြသည်။

နေ့လယ်စာ စားကြရာတွင် မိုရေးက ဖရီဒါ ရွှင်လန်းလာအောင် အားထုတ်သည့်အနေဖြင့် "ဘာမှလဲ မစားပါလား၊ ဟောဒီ အရွက်သုပ်ကလေး နည်းနည်း ထည့်ပေးရမလား၊ ဒါမှမဟုတ် အသားလိပ်ကလေးတစ်ခု ထပ်ယူလိုက်ပါဦး" ဟု ပြောသည်။

"တော်ပြီရှင့်၊ ကျွန်မ ဒီနေ့ သိပ်မဆာလို့ပါ"

"ဒီလိုဆို ဝရန်တာဘက်ထွက်ထိုင်ယင်း နားကြတာပေါ့၊ နေကလေးကလဲ သာလိုက်တာ ဝင်းလို့"

ထို့နောက် သူတို့ အပြင်သို့ထွက်ကာ မိုးကောင်းကင်နောက်ခံဖြင့် အဲ့လပတောင်ထိပ်တန်းဘက်သို့ မျက်နှာမူလျက် ထိုင်ကြသည်။

"ဒီနေရာကနေ ကြည့်ရတာ ဆွစ်ဇာလန်ပြည်မှာတော့ အလှဆုံး ရှုခင်းပါပဲရှင်၊ ရှင် ဒါကို နှစ်ရက်သုံးရက်ပဲ မြင်ရတော့မယ်"

မိုရေးက ဖရီဒါအား နှစ်သိမ့်ရန် စိတ်ကူးဖြင့် "ဖရီဒါရယ်၊ ခင်ဗျား ကျွန်တော့်ကို ကူညီတာကို တော်ရုံတန်ရုံ သဘောမထားပါဘူးလို့ဆိုယင် ခင်ဗျား နားလည်လိမ့်မယ် ထင်ပါတယ်၊ ခင်ဗျားဟာ ကျွန်တော့်အဖို့ အမြဲပဲ အခင်မင်ဆုံး အလေးစားဆုံးသူ ဖြစ်ပါတယ်၊ အမြဲပါပဲ၊ အမှတ်တရ ပစ္စည်းကလေးအဖြစ် တစ်ခုခုတော့ ရွေးချယ် ယူစေချင်ပါတယ်ဗျာ" ဟု ပြောလိုက်သည်။

"ရှင်ကတော့ စေတနာနဲ့ပေးတာပါပဲ၊ ဒါပေမယ့် ကျွန်မအဖို့တော့ အမှတ်တရပစ္စည်းဆိုတာ လွမ်းစရာကို သတိဖော်ပေးရုံ ရှိမှာပါပဲ"

"ဒါပေမယ့် ဖရီဒါ၊ တစ်ခုခုတော့ ယူပါ"

"ဒါဖြင့်လဲ ရှင့် စာရေးစားပွဲပေါ်က ဓာတ်ပုံကလေးပဲ ပေးခဲ့"

"ခင်ဗျားနဲ့ကျွန်တော် ရိုက်ဇင်ဗတ်တောင်ပေါ်မှာ ရိုက်ထားတဲ့ပုံလား"

"ဒါပဲပေါ့၊ ကျွန်မ အဲဒီပုံကို အမှတ်တရ သိမ်းထားမယ်"

မိုရေးက နောက်ရွတ်ဟန်ဖြင့် ပြုံးလိုက်ကာ "ခင်ဗျားကလဲဗျာ၊ နာရေးကြော်ငြာ ဖတ်နေတာကျနေတာပဲ" ဟု ပြောလိုက်သည်။

"ဒါ မဆန်းပါဘူးရှင်၊ ကျွန်မ ရှင့်အတွက် ဘယ်လောက် စိတ်မကောင်းဖြစ်ရသလဲဆိုတာ မပြောပါနဲ့တော့၊ ဟောဒါကို ကျွန်မ ရှင့်ကို မပြတော့ဘူးလို့ နေတာပါပဲ၊ ဒါပေမယ့် မကြာခင်ပဲ ရှင်လဲ ဒီအကြောင်း သိတော့မှာမို့သာ" ဟု ဆိုကာ သူ့လက်ပွေ့အိတ်ကို ဖွင့်၍ သတင်းစာတစ်စောင်မှ ဖြတ်ပိုင်းတစ်ခုကို မိုရေးအား လှမ်းပေးလိုက်သည်။ ခေါင်းစီးက… 'ကွန်ဂိုလူသတ်ပွဲ လူငါးရာသေရ' ဟု ဆိုသည်။

မိုရေးလည်း သတင်းကို အလျင်အမြန် ဖတ်လိုက်သည်။ ယမန်နေ့ညဥ့်က ကာဆေနယ်တွင် တိုင်းရင်းသားချင်း စစ်ပွဲစတင်ဖြစ်ပွားရာ ဗလူဗတ်သွေးချင်းများက ဆန့်ကျင်ဘက်ဂိုဏ်းဝင် တိုချီလိန်းရွာကို ရက်စက်ကြမ်းကြုတ်စွာ ဝင်ရောက်တိုက်ခိုက်ပြီးလျှင် တစ်ရွာလုံးကို မီးရှို့ ဖျက်ဆီးသွားကြောင်း၊ လူပေါင်းငါးရာခန့် အသက်ဆုံးရှုံးကြရကြောင်း။ မိုရေးမှာ လုံးဝမတုန်လှုပ်ချေ။ မတုန်လှုပ်သည့်အပြင် ပိုမို၍ပင် စိတ်ဓာတ်မာကျောကြံ့ခိုင်လာသည်။ သူက အေးစက်စက်လေသံဖြင့် "ဖရီဒါ၊ ခင်ဗျား ကျွန်တော့်ကို မသွားဖြစ်အောင် သွေးဆောင်ဖို့ အားထုတ်နေတာ နှစ်ရက်ရှိပြီ၊ ဒါပေမယ့် ကျွန်တော်ကသေီကို ဘယ်လောက် နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာ ခင်ဗျား နားလည်မယ်မထင်ဘူး၊ ဟိုမှာ အခြေအနေတွေ ဆိုးနေတယ်ဆိုတာကို ကျွန်တော်သိတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ကေသီသွားရာဆိုယင် ကမ္ဘာမြေအဆုံးအထိလဲ လိုက်မှာပဲဗျ" ဟု ပြောလိုက်သည်။

ဖရီဒါက သက်ပြင်းချလိုက်၍ "အသက်ကြီးတဲ့လူများ မိန်းမငယ်ငယ်ကလေးကို စွဲမိပြီဆိုယင် ဒီလိုချည်းပဲနော်၊ ပြီးတော့ ဇာတ်သိမ်းခန်းဟာ ဘယ်တော့မဆို အလွမ်းနဲ့ချည်းပါပဲ၊ ပြီးတော့… ရှင် ရှင်…" ဟု ဆိုကာ တစ်ဘက်သို့လှည့်၍ မျက်နှာကို လက်တစ်ဘက်ဖြင့် အုပ်ထားလိုက်သည်။

ဒေါသဖြင့် တုံ့ပြန်လိုက်တော့မည်ဟု စကားလုံးများ နှုတ်ဖျားသို့ရောက်ပြီးမှ ဖရီဒါ၏သောကကို ထောက်ထားသောအားဖြင့် ချုပ်တည်းလိုက်ရ၏။ ဖရီဒါသည် ခေါင်းကို တစ်ဘက်သို့ လှည့်လျက်ပင် ထိုင်နေရာမှထသည်။ "မိတ်ဆွေကြီးရယ်၊ ရှင့်အတွက် ကျွန်မ ဒီနေ့ဘာမှ လုပ်မပေးနိုင်တော့ပါဘူး၊ နက်ဖြန်မှပဲ လာခဲ့ပါမယ်"

ဟု ပြောလေသည်။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ" ဟု ခပ်တိုးတိုး ရေရွတ်လိုက်ပြီးလျှင် ဖရီဒါအား ကားဆီအထိ လိုက်ပို့သည်။ ဖရီဒါ၏ ဒေါ်ဖင်း ကားကလေးအသံ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေသည်။ ထို့နောက် သတင်းစာဖြတ်ပိုင်းကလေးကို တစ်ခေါက် ပြန်ဖတ်ကာ အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်ကာ ခြေတစ်ဘက်တော့နင်းဖြင့် အိမ်ခန်းထဲသို့ ဝင်ခဲ့လေ၏။

ယနေ့နံနက် ၅ နာရီတွင် ကေသီနှင့် တယ်လီဖုန်းဆက်ရန် ချိန်းထားသည်။ ကေသီက ဖော်သာရင်ဂေးတို့အိမ်မှာ တည်းသည်။ လွန်ခဲ့သည့်နှစ်ရက်အတွင်း ကြုံခဲ့ရသည့် ကိစ္စဝိစ္စများအပြီးတွင် မိုရေးမှာ ဤအချိန်ကို အလွန်အမင်း တောင့်တ မျှော်လင့်လျက်ရှိပေသည်။

သူ တယ်လီဖုန်းခေါ်လိုက်သည့်အချိန်တွင် ကေသီကိုယ်တိုင် တစ်ဘက်မှ ထူးသဖြင့် သူဝမ်းသာသွားသည်။ ဒါပေါ့လေ၊ ကေသီကတော့ တယ်လီဖုန်းနားမှာ ထိုင်စောင့်နေမှာပေါ့။

"ကေသီလေးရေ… နေလို့ကောင်းရဲ့ မဟုတ်လား"

"ကောင်းတယ်၊ အလုပ်ကတော့ အရမ်းကိုများတာပဲ၊ သိပ်ကံကောင်းလို့ ကျွန်မကိုတွေ့တာ၊ အခုပဲ ဟောပြောဖို့အတွက် အီဒင်ဗာကို အပြေးသွားကြတော့မယ်လို့" မိုရေး အနည်းငယ် အေးစက်စက် ဖြစ်သွားကာ "ဘာတွေများ လုပ်နေရလို့လဲကွယ်" ဟု ဆိုလိုက်သည်။

"သွားဖို့အတွက် ပြင်ဆင်နေရတာပေါ့၊ ဦးလေးလဲ ဒီလိုပဲနေမှာပေါ့၊ ကျွန်မတော့ သိပ်ကိုပျော်နေတာပဲ၊ စာရေးဖို့ အချိန်ကလေး နည်းနည်းရမှ ကျွန်မတို့ လန်ဒန်မှာ ဆုံကြတဲ့အခါ ဘယ်ကိုလာတွေ့ရမယ်ဆိုတဲ့ အသေးစိတ်ကလေးတွေ ရေးပို့လိုက်မယ်နော်"

"ဒို့ကတော့ စာမျှော်နေရတာ ကေသီရယ်"

"မကြာခင်ပဲ ပြန်တွေ့ကြရတော့မှာပဲလို့ တွေးမိလို့ မရေးဖြစ်တာပါ၊ ဦးလေးဝီလီ့အတွက်လဲ စိတ်ပူနေရလို့၊ သူကလဲ ဖျားပြီး အပူရှိန်ကြီးနေလို့"

မိုရေးက ဝတ်ကျေတမ်းကျေ လေသံဖြင့် "သြော်၊ အေးကွယ်၊ စိတ်မကောင်းပါဘူး၊ သူ့အတွက် ဆုတောင်းလိုက်တယ်လို့ ပြောပါ" ဟု ဆိုလိုက်၏။

"ဦးလေးရယ် ဘယ်လိုဖြစ်နေတာလဲ၊ စိတ်ဆိုးလို့လား"

"မဟုတ်ပါဘူးကွယ်၊ ဒါပေမယ့် ဒီမှာတစ်ယောက်တည်း ပျင်းလွန်းလို့၊

ဒီမှာမနည်း ကြံဖန် နေနေရတယ်၊ ခါးလဲ နည်းနည်း ခိုက်မိသွားတယ်၊ ကေသီ့ဆီက သတင်းကြားရလိမ့်မယ်လို့ တောင့်တနေတာ၊ အောက်မေ့တယ်ဆိုတာကလေး တစ်ခွန်းပဲဖြစ်ဖြစ်...”

“အောက်မေ့တာပေါ့ ဦးလေးရယ်၊ တစ်ချိန်လုံး အောက်မေ့နေရတာပေါ့” ဟု ပြောယင်း အသံကတိမ်သွား၍ ပီပီသသ မကြားလိုက်ရ၊ “အလုပ်ကလဲ သိပ်များ၊ ဦးလေးဝီလီကလဲ ဖျား”

“ဝီလီ ဖျားနေယင် သူ နှစ်ဆယ့်တစ်ရက်နေ့ ထွက်နိုင်ပါ့မလား”

“သူကတော့ ကပ်နဲ့ထမ်းပြီး လေယာဉ်ပျံပေါ် တင်တောင်သွားမှာပါပဲ”

မိုရေးလည်း စိတ်ချဉ်ပေါက်လျက် ‘ဒီအခြေအနေမျိုးကြီးနဲ့ သွားလို့ကော ဘာအကျိုးရှိနိုင်မှာတဲ့လဲ’ ဟု အောက်မေ့လိုက်မိသော်လည်း စင်စစ်တွင် ဝီလီကိုလည်း သူချစ်သဖြင့် သူ စိတ်ပေါက်မိသည်ကို နောင်တရလိုက်သည်။

“ကာဆေမှာ တိုက်ခိုက်နေကြပြီ ဆိုတဲ့သတင်းကိုတော့ ဖတ်ရပြီပေါ့” ဟု ပြောလိုက်၏။

“ဟုတ်ကဲ့၊ ဖတ်ရပါတယ်၊ ဒီကိစ္စဟာ တော်တော်လေး ဆိုးယင်လဲ ဆိုးလိမ့်မယ်၊ ဒီလိုဖြစ်မယ် ဆိုတာလဲ သိထားသားပဲလေ၊ ကဲ ဦးလေးရေ၊ ကေသီ သွားရတော့မယ်၊ ဦးလေး ဝီလီခေါ်နေပြီ”

“နေပါဦး... ကေသီ”

“ကားမမီလိုက်ပဲနေမယ်၊ သွားမယ်နော် သွားပြီ”

ကေသီထွက်သွားလေပြီ။ မိုရေးလည်း သူ့အား ဂရုမထားပါတကား ဟု ထင်ကာ စိတ်ထဲတွင် ကသိကအောက်ဖြစ်၍ ကျန်ရစ်သည်။ ဝီလီကိုချည်း အလေးအနက်ထားပြီး သူ့ကိုတော့ ခပ်ပေါ့ပေါ့ပါ။ အို... သည်လိုလဲ မဟုတ်သေးဘူး။ မိုရေး သူ၏သေးသိမ်သော မနာလိုစိတ်ကို ဖယ်ရှားပစ်လိုက်သည်။ ကေသီ သူ့ကိုချစ်ပါတယ်၊ ကလေးမခမျာ အလုပ်တွေပုံပေးပြီး ဖိခိုင်းတာ ခံနေရရှာတာပဲဖြစ်မယ်။ သို့ရာတွင် သူ့ကို ဂရုမစိုက်ဆိုသည့် အထင်အမြင်ကိုကား ဖျောက်ဖျက်၍မရ။

ညဥ့်အိပ်ရာအဝင် သူအိပ်ဆေးသောက်ရန် ဆုံးဖြတ်လိုက်သည်။ အိပ်ဆေးကြောင့် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ သို့သော် အိပ်မက်ထဲတွင် ကြောက်မက်ဖွယ်ရာ ဖြစ်သော်လည်း အဓိပ္ပာယ်မရှိသည်တို့ကို မြင်မက်လေသည်။

သူက ကျောက်ဆောင်မြင့် မည်းမည်းကြီး၏ နောက်ကွယ်တွင် တဲစခန်းသုံး ခေါက်ကုတင်ကလေး တစ်လုံးပေါ်၌ လဲလျောင်းနေသည်။ မခံနိုင်လောက်အောင် ပူသော လေထဲတွင် ပိုးမွှားများ တဝီဝီမြည်လျက် ပျံဝဲနေကြသည်။ မှောင်မည်းနေသော်လည်း မလှမ်းမကမ်း၌ ရပ်နေသော ဝီလီ၏အရိပ်မြင့် မည်းမည်းကြီးကို လှမ်းမြင်နေရသည်။ သူက လှမ်းခေါ်ရန် အားထုတ်ကြည့်သည်။ သို့သော် အသံကား ထွက်မလာ။ ရုတ်တရက် ဧရာမခြင်္သေ့ကြီး သုံးကောင်သည် သူ့ဆီသို့ ကြောက်မက်ဖွယ်ရာ သွားများကိုဖြဲလျက် လာနေကြသည်ကို အထိတ်တလန့် မြင်လိုက်ရ၍ သူ့မှာ အကြောသေသူပမာ မလှုပ်နိုင်အောင် ဖြစ်သွားသည်။ ဤတိရစ္ဆာန်ကြီးများ၏နောက်က လှံတံကိုင် တိုင်းရင်းသား လူမည်းများ တန်းစီ၍ လိုက်လာကြသည်ကို အမှောင်ထဲမှာပင် မြင်နေရပြန်သည်။ သူထွက်ပြေးရန် အားထုတ်သည်။ သို့သော် ထမရ။ ထို့နောက် ဝီလီက ရယ်လိုက်ပြီးလျှင် ကျောက်ခဲလုံးကလေးများ ကုန်းကောက်လိုက်ကာ ခြင်္သေ့ကြီးများကို လှမ်းပေါက်လိုက်၏။ ခြင်္သေ့ကြီးများ ရပ်တန့်သွားကြပြီးမှ တစ်ဖန် တရကြမ်းပြေးလာကြပြန်သည်။ ဝီလီက “ထာဝရဘုရားသခင်ကား ငါတို့၏ သိုးထိန်းဖြစ်တော်မူပေ၏” ဟု ဆိုလိုက်၍ “အလှူငွေကို နောက်မှကောက်ပါမည်” ဟု ဆက်ပြောလိုက်သည်။ ဤတွင် ခြင်္သေ့ကြီးများသည် ခွေးကလေးများ ရှိခိုးသကဲ့သို့ ဆောင့်ကြောင့် ထိုင်လိုက်ကြသည်။ ထိုအခါ တိုင်းရင်းသားများကလည်း ခြေကို အချိန်မှတ်သကဲ့သို့ ဆောင့်၍ဆောင့်၍ချရင်း လက်ခုပ်ကိုလည်း ချက်ညီညီတီးကာ “ခရစ်ယာန်စစ်သည် ရှေ့သို့ချီတက်မည်” ဆိုသည့် သီချင်းကို အသံအောကြီးများဖြင့် သံပြိုင်အော်ဟစ် သီဆိုလိုက်ကြသည်။

မိုရေးလည်း ရယ်ရန်အားထုတ်ယင်း အော်ဟစ်လိုက်မိပြီးနောက် အိပ်ရာမှနိုးလာလေသည်။ သူ၏ အိပ်ခန်းအတွင်းတွင်ပင် သူရှိနေသေးမှန်း သိလာသောအခါ ဤအိပ်မက်ဆန်းကိုလဲလျောင်းယင်း စိတ်မသက်မသာဖြင့် ပြန်တွေးနေမိသည်။ သူ့စိတ်ထဲတွင် မခံချိမခံသာ အဖြစ်မိဆုံးမှာ သူ၏အပြုအမူပင် ဖြစ်သည်။ သူ ဒါလောက်ပဲ စိတ်ပျော့ညံ့သလား၊ ဒါလောက် ဘယ်နည်းနဲ့မှ မပျော့ညံ့ပါဘူး။ အိပ်ရာထဲတွင် ဟိုလူးသည်လှိမ့်ဖြင့် တစ်နာရီကျော်ကျော်ကြာမှ တစ်ဖန် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

နောက်နေ့နံနက်တွင် မိုရေး၏ခါးက ပိုနာလာသည်။ စိတ်မငြိမ်မသက်ဖြင့်ပင် ဖရီဒါအလာကို စောင့်ယင်း သူ၏ ပြင်ဆင်မှုများကို အထပ်ထပ် ပြန်စစ်ကြည့်နေသည်။ အားလုံး နေရာတကျရှိပြီ။

ထုပ်ပိုးခြင်းကို အပြီးသတ်ရန်သာ ကျန်တော့သည်။ ထို့နောက် သူ နာရီကြည့်လိုက်သည်။ ၁၀ နာရီကျော်ပြီ ဖြစ်၏။ ဖရီဒါ ဘာကြောင့်များ မလာပါလိမ့်၊ တယ်လီဖုန်းဆက်တော့မည် ပြုမှ အိမ်ရှေ့ကားဝင်လမ်းဆီမှ ဖရီဒါ၏ ခြေသံများ

ကြားလိုက်ရသည်တွင် အလွန်အမင်း စိတ်သက်သာရာရသွားသည်။ တံခါးကို သူကိုယ်တိုင် သွားဖွင့်ပေးလိုက်၍ "ကားနဲ့ မလာပဲကိုး၊ ဘာကြောင့် နောက်ကျနေပါလိမ့်မလဲလို့ အောက်မေ့နေတာ၊ လာလေ အထဲကို" ဟု ခေါ်လိုက်သည်။

ဖရီဒါက "ကျေးဇူးတင်ပါတယ်၊ မဝင်တော့ပါဘူး" ဟု ပြောလိုက်၏။

မိုရေးက ဖရီဒါ၏ မျက်နှာထားကိုကြည့်၍ "ဘာဖြစ်လို့လဲ" ဟု တအံ့တသြမေးလိုက်သည်။

"မိတ်ဆွေကြီးရယ်၊ ကျွန်မ ရှင့်ကို ကူညီချင်တဲ့စိတ် ရှိပေမယ့် ကျွန်မ မကူညီတော့ဘူး၊ တွေ့လဲ မတွေ့တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ၊ အခုလဲ မဝင်တော့ပါဘူး၊ နောက်လဲ မလာတော့ပါဘူး"

"နေပါဦး ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်က ကွေ့အိုးကြီးကို ထုပ်ဖို့ပိုးဖို့ ခင်ဗျာ့ကို အားကိုးထားတာ"

"ကွေ့အိုးကြီး၊ အင်း..." ဟု ဖရီဒါက သရော်လေဖြင့် သံယောင်လိုက်ကာဆို၏။ "ကွေ့အိုးကြီးက ဘာအရေးလဲရှင့်၊ ရှင်ဒါကို နောက်မြင်ရတော့မှာမှ မဟုတ်ပဲ၊ ရှင့်ကို ကူညီရတာ ကျွန်မမှာ ရင်နာလွန်းလို့ ရှင့်စကားအတိုင်းပဲ ရှင်းရှင်းပြတ်ပြတ်ပဲ ကောင်းတယ်၊ ရှင့်အပေါင်းအသင်းတွေကလဲ အားလုံးပဲ ရှင့်အတွက် စိုးရိမ်မကင်း ဖြစ်နေကြတာ၊ အားလုံး တစ်စိတ်တည်း တစ်သဘောတည်းပဲ"

မိုရေးက "ကျွန်တော့်အတွက် ပူနေကြတယ် ဆိုတာကို ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောလိုက်ရသော်လည်း သူ့အကြောင်း ပြောနေကြသည်ဆိုသည်ကိုမူ စိတ်ထဲက အောင့်သက်သက်ဖြင့် ခံပြင်းလျက်ရှိသည်။

"လီယိုနိုရာရဲ့ ညှော်ခံပွဲမှာ ရှင့်အကြောင်း ပြောနေကြတယ်၊ တစ်သက်လုံး ကုန်းအလုပ်လုပ်ပြီး ချမ်းသာ ကြွယ်ဝလာပြီးမှ မိတ်ကောင်းဆွေကောင်းတွေလဲရှိရဲ့၊ လှလှပပအိမ်လဲ ရှိရဲ့သားနဲ့ ကောက်ကာငင်ကာ ရလာတဲ့ စိတ်ကူးတစ်ခုကြောင့် အဲဒါတွေအားလုံးကို လွှင့်ပစ်လိုက်တဲ့ လူပဲတဲ့"

ဖရီဒါ၏လေသံကို မခံချင်၍ "ကျွန်တော် ဘာလုပ်နေလဲဆိုတာ ကျွန်တော်သိပါတယ်ဗျ" ဟု ပြောလိုက်သည်။

"သြော်၊ သိတယ်လား၊ မနေ့က ရှင့်ဝီလီတို့နေရာနားဆီက ကလိန်ဒဆိုတဲ့ရွာမှာ တိုင်းရင်းသား သူပုန်တွေက ဗယ်လဂျီယံ သာသနာပြုအဖွဲ့ကို ဝင်ပြီး အထဲမှာရှိတဲ့ လူတွေကို လက်တွေကို အလျင်ဖြတ်၊ နောက်တော့

အကုန်သတ်သွားကြသတဲ့ရှင့်၊ အင်မတန်လှ အင်မတန်နူးညံ့တဲ့ ရှင့်လက်ကလေးတွေများ အဖြတ်ခံရမယ်ဆိုယင် ကျွန်မတို့တစ်တွေကတော့ ရှင့်အတွက် ယူကျုံးမရ ဖြစ်ကြရမှာပဲဆိုတာ ရှင်အံ့ဩမလားရှင်၊ ကဲ”

မိုရေး စိတ်ထဲက ကသိကအောက်ဖြစ်ကာ ဒေါသလည်း ထွက်လာသည်။ သို့ဖြင့်သူက “တော်ဗျာ၊ ခင်ဗျားဘယ်လိုမှ ကျွန်တော့်ကို စိတ်ပျက်အောင် လုပ်လို့ မရဘူး” ဟု သံပြတ်ဖြင့် ပြောလိုက်သည်။

“ဒီလိုဆိုလဲ ကြွပေါ့ရှင်၊ ရှင်ကတော့ ကိုယ့်စိတ်ကိုယ် အစိုးရတဲ့လူမှ မဟုတ်တော့တာပဲ”“ကျေးဇူးတင်ပါ့ဗျား…”

သူတို့နှစ်ဦးသား ရန်ဖြစ်နေကြရသည်ဆိုသော အသိသည် မိုရေးအား အကြီးအကျယ် စိတ်သောက ဖြစ်စေလျက်ရှိသည်။ ဖရီဒါက မျက်လုံးကလေးများကို မှေး၍ လှောင်ကြည့်ကြည့်လိုက်ပြန်ကာ “ရှင်က ရှင်လုပ်တာကို ရည်မှန်းချက်ကြီး တစ်ခုရှိလို့ လို့ဆိုတယ်၊ တကယ်က ဘာမှ မရှိပါဘူး၊ ဒါတွေအားလုံးစာ ရှင့်တဏှာရာဂကို ထကြွအောင်လုပ်နေတဲ့ ကောင်မကလေးတစ်ကောင်နဲ့ အိပ်ဖို့လုပ်နေတာပါပဲ၊ ဒီကောင်မကလေးက ရှင့်ကို ဘာများပေးနိုင်မယ်ထင်လို့လဲ၊ ရှင့်ကိုများ အရူးအမူး ပြန်ချစ်လိမ့်မယ် ထင်လို့လား၊ ဝေးလိုက်တာရှင်၊ သူ့မှာ အရူးအမူးချစ်တယ် ဆိုတဲ့စိတ်မျိုး ရှိမှမရှိပဲ၊ သူက သူ့ဦးလေးဝီလီအလုပ်မှာ တမ်းတမ်းစွဲ နေတာ၊ ရှင်ဟာ သူ့အဖို့ အဖေကြီးနေရာက နေရမှာပါ၊ ပြီးတော့ ရှင်ဟာ ရှင့်ထက် အဆမတန်သာလွန်းတဲ့ သူနဲ့ ပြိုင်ရမှာ၊ ရှင့်ကောင်မကလေးက ရှင်နဲ့ ဘုရားသခင်ကို တစ်ပြိုင်တည်း ချစ်နိုင်မှာတဲ့လား” ဟု ပြောသည်။

မိုရေးလည်း နှုတ်ခမ်းများအထိ ဖြူဖပ်ဖြူရော် ဖြစ်လျက် “ကဲဗျာ၊ တဆိတ်လောက် သွားပါတော့” ဟု ဆိုလိုက်၏။

ဖရီဒါက ရှူးရှူးရှားရှားဖြစ်လာကာ “ဟုတ်ကဲ့၊ ကျွန်မ သွားတော့မှာပါ၊ အကျိုးသင့် အကြောင်းသင့် ပြောတာကို လက်ခံနိုင်ဦးမယ့်စိတ် ရှင့်မှာ ပြန်ပေါ်လာတဲ့အခါ ကျယင်တော့ ကျွန်မဟာ ရှင့်မိတ်ဆွေပါပဲ” ဟု ပြောလိုက်၏။

ဖရီဒါ၏ ခြေသံများ ကားဝင်လမ်းပေါ်တွင် ပျောက်ကွယ်သွားသည်အထိပင် မစောင့်တော့ဘဲ အိမ်ထဲသို့ ပြန်ဝင်ကာ တံခါးကို ဒိုင်းကနဲ ဆောင့်ပိတ်လိုက်သည်။ သူ့မှာ အပြင်းအထန် ဒေါသဖြစ်ရပြီ၊ နာကျည်းရပြီ၊ အစော်ကား ခံလိုက်ရပြီ။

ကံဆိုးချင်ရကား လေးလံသော တံခါးကြီးကို ဆောင့်၍ ပိတ်လိုက်ရာတွင် သူ့ခါးက ပိုနာလာ၍ ခြေတစ်ဘက်က လမ်းလျှောက်သောအခါ ပို၍ ထော့နင်းထော့နင်း ဖြစ်လာသည်။ ဇူးရစ်သို့ ရထားဖြင့်သွား၍ သူ့မိတ်ဆွေကြီး ဒေါက်တာမူလာထံ ပြသမည်ဟု ဆုံးဖြတ်လိုက်၏။

အာထူရိုလည်း သူ့ဆရာ၏ အပြုအမူကို နားမလည်နိုင်ဘဲ မဲလစဗတ် မီးရထားဘူတာသို့ ၁၁ နာရီ ၄၅ မိနစ် အမြန်ရထားအမီ ကားမောင်း၍ ပို့လိုက်ရသည်။ ရထားထဲသို့ရောက်၍ ပြတင်းပေါက်နားမှ ထိုင်ခုံတစ်ခုံတွင် သက်တောင့်သက်သာ ထိုင်မိသောအခါ သူသည် ဆွစ်ဇာလန်ဂေဇက် သတင်းစာကိုဖွင့်၍ ဖတ်လိုက်သည်။ ရှေ့မျက်နှာတွင် ကလိန်ဒ သာသနာပြုစခန်းသို့ ကလိန်ဒ သာသနာပြုစခန်း၌ ရက်စက်ကြမ်းကြုတ်စွာ အစုလိုက်သတ်ဖြတ်သွားခြင်း ဟူသော ခေါင်းစီးစာလုံးမ ရက်စက်ကြမ်းကြုတ်စွာ အစုလိုက်သတ်ဖြတ်သွားခြင်း ျားကို တွေ့လိုက်ရလေသည်။

ထို့နောက် သူအသေးစိတ် သတင်းဖော်ပြချက်များကို ဖတ်လိုက်သည်။ သာသနာပြုစခန်းသို့ ပြေးဝင်ခိုအောင်းကြသော လူတစ်ရာကျော်တို့အား လူမဆန်အောင် ရက်စက်ကြမ်းကြုတ်စွာ ခုတ်ထစ်သတ်ဖြတ်သွားကြသည်။ သာသနာပြု အဖွဲ့ဝင်တို့အား ရှေးဦးစွာ လက်ခြေတို့ကို ဖြတ်ပစ်ပြီးမှ ဦးခေါင်းများကိုဖြတ်၍ သတ်ပစ်ကြသည်။

စာစောက တိုချီလိန်း သတ်ဖြတ်မှုကြီး နောက်တွင် ထက်ကြပ်ထပ်မံ ဖြစ်ပွားသော ယခု သတ်ဖြတ်မှုကြီးကား တိုင်းရင်းသားအုပ်စုစစ်ပွဲ၏ တစ်စိတ်တစ်ဒေသဖြစ်သည်ကို သံသယဖြစ်ဖွယ် မရှိပြီ။ ဤသတ်ဖြတ်မှုများကို စဉ်းစားထင်မြင် ကြည့်မိသောအခါ သူ့မှာ နှလုံးနာလာသည်။ တကယ်ဆိုသော် သူသည် သူ၏ အာဇာနည်ဆုံးဖြတ်ချက်ကြီးကို ချမှတ်လိုက်စဉ်က ကျရောက်လာအံ့သော အန္တရာယ်အားလုံးကို တွေးတောချိန်ဆ၍ ကြည့်ခဲ့မိသည်မဟုတ်။

သို့သော်လည်း သူသည် ကောသီကိုချစ်သည်။ ဘယ်တော့မှ နောက်ပြန်ဆုတ်လိမ့်မည် မဟုတ်။ ဇူးရစ်သို့ရောက်လျှင် ဒေါက်တာမူလာကိုတွေ့၍ သူ့၌ဖြစ်သော ဝေဒနာလက္ခဏာများကို အသေးစိတ် ပြောပြသည်။ သူက "ကျွန်တော်တော့ ခါးဆစ်လွဲသွားတယ်လို့ကို ထင်တာပဲဗျာ" ဟု ပြောသည်။

လူလုံးလူဖန် ခပ်သေးသေးနှင့် ပျော်တတ်သော ဒေါက်တာမူလာက သူ့အားလျင်မြန်စွာ ကြည့်ရှု စစ်ဆေးပြီးလျှင် "ရိုးရိုး အကြောနည်းနည်း တင်သွားတာပါ၊ အိမ်ကျ ခင်ဗျားတပည့် လီနီမင် အလိမ်းခိုင်း" ဟု ဆိုလိုက်သည်။

"ဒါပေမယ့် ခြေတစ်ဘက် ဆွဲနေတာဟာ စိုးရိမ်စရာပဲ မဟုတ်လားဗျ"

"စိတ်ကြောင့် ဖြစ်တာပါ၊ ခင်ဗျားခါးအတွက် အပူကို ခင်ဗျား ခြေထောက်ပေါ် ခင်ဗျားလွှဲချနေတာ၊ ဒါကလေးလောက်နဲ့ ဘာကြောင့် စိတ်သောကဖြစ်ရလဲဆိုတာတော့ ကျုပ်မသိဘူး၊ ခင်ဗျားမှာ တခြားအရေးတကြီး စိတ်ပူပန် သောကဖြစ်စရာရယ်လို့ မရှိဘူး မဟုတ်လား"

မိုရေးက ဤမေးခွန်းကို တမင်မဖြေပဲထားလိုက်သည်။

"ဒီလိုဆို ကျောရိုးကို ခတ်မှန်ရိုက်ကြည့်စရာ လိုတယ်လို့ မထင်ဘူးပေါ့"

"အမလေးလေ၊ ကျုပ်တို့ဆီမှာ ရိုးရိုး အကြောတင်တာလောက်နဲ့ ခတ်မှန်ရိုက်မကြည့်ကြပါဘူးဗျာ"

ဆရာဝန့်ဆီက ပြန်လာခဲ့သောအခါ မိုရေး၏ခါးနာမှာ ပိုဆိုးလာသည်။ ခြေတစ်ဘက် ထော့နင်းဖြစ်သည်ကို မဖြစ်အောင် အားထုတ်ကာမှ ပို၍ပင် တရွတ်ဆွဲလာရသည်။

ကိုယ်လက်လှုပ်ရှားမှု လုပ်ပေးလျှင် ကောင်းမည်ဟု အောက်မေ့ကာ ဖူးရစ်ဆီး လမ်းတစ်လျှောက် လမ်းလျှောက်သည်။ ချက်ချင်းပင် သူ့ဘဝ ခရီးဦးတည်ချက်သည် အကြောင်းယုတ္တိ ကင်းမဲ့သည်ဟု ထင်လာသည်။ မနက်က ဖရီဒါ သူ့အား ပက်ပက်စက်စက် ပြောသွားသည့် စကားများမှာ သည်းခံနိုင်စရာ လုံးဝမရှိ။ သို့စင်လျက် သူက ခွင့်လွှတ်စရာတွေကို တွေးနေမိသည်။ ဖရီဒါ သူ့ကိုချစ်နေသောကြောင့် ကေသီအားလည်း မနာလို၊ သူ့နောက်ရေးကိုလည်း ပူပန်၍ ပြောခြင်းဖြစ်မည်။

အိမ်အပြန် ရထားပေါ်တွင် သူ မနက်က ဖတ်ခဲ့သော သတင်းကို ညနေသတင်းစာက ထပ်မံအတည်ပြုပြီး ဖော်ပြထားသည်ကို တွေ့ရ၏။ ထိုဒေသတွင် ကျောက်ကြီးရောဂါနှင့် အကျိတ် ပလိပ်ကပ်ရောဂါတို့လည်း ဖြစ်ပွားပျံ့နှံ့လျက် ရှိကြသည်ဟုလည်း ပါလာလေသည်။

သူ အိမ်ပြန်ရောက်သောအခါ အင်္ဂလန်ပြည်တွင်း၌ ခရီးသွားနေမည်ဖြစ်သော ကေသီ့ထံမှ တယ်လီဖုန်း သတင်းရောက်နေမည် ထင်ခဲ့သော်လည်း ဘာမှရောက်မနေချေ။ စာကလေး တစ်စောင်တလေပင် မရောက်။ သူကား ကေသီ့အတွက် အားလုံးကို စွန့်ပစ်ထားခဲ့ရသည်။ ကေသီ့ထံမှ ထောက်ကူ အားပေးသည့် စကားကလေးများလောက်ကား ကြားရသင့်သည်။

သူကဤသို့ တအုံ့နွေးနွေး တွေးလျက်ရှိစဉ် တယ်လီဖုန်းခေါင်းလောင်းက မြည်လိုက်ရာ အလျင်အမြန်ပြေး၍ ကောက်ကိုင်လိုက်သည်။ သူ့အလိုလို သူ့စိတ်က သိနေဘိသည့်အလား ကေသီ့ထံမှ ဖြစ်သည်ဟု သူအတပ်သိသကဲ့သို့ ထင်နေသည်။

သို့သော် ကေသီမဟုတ်ပါ။ မျူးနစ်က ပြန်မလာနိုင်သေး၍ မူလချိန်းဆိုချက်ကို တနင်္လာနေ့အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆိုသည့် သူ့ရှေ့နေ စတိုက်ဂါ၏ အသံအောအောကြီးကိုသာ ကြားလိုက်ရသဖြင့် သူ့မှာ အကြီးအကျယ် စိတ်မောသွားသည်။

ရက်အနည်းငယ်ရှေ့ရုံးမှုဖြင့်ကား ကိစ္စမရှိတန်ရာဟု မိုရေးတွေးမိသည်။ သူ့အဖို့ စဉ်းစားရန် အချိန်လည်း ပိုရမည်ဟု အောက်မေ့မိသည့်တွင် စိတ်သက်သာရာ ရသွားသယောင်ယောင် ရှိသည်ကို သတိထားလိုက်မိလေ၏။

(၁၄)

သီတင်းတစ်ပတ် ကုန်လွန်ခဲ့ပြီ။ ယနေ့ တနင်္ဂနွေနေ့၊ သဲသဲမဲမဲ မစည်းအောင်ရွာသည့် မိုးကြောင့် နှင်းပွင်းများမှ ဖွက်ပေါက်ကာ အကြီးအကျယ် စိတ်ညစ်စရာ ကောင်းသောနေ့။

မိုရေးသည် ပြတင်းပေါက်မှ လှည့်ဝင်ခဲ့ပြီးနောက် ကေသီ့ထံမှလာသော တစ်စောင်တည်းသော စာကို ထုတ်၍ ဖတ်ပြန်သည်။ ဤစာကို သူဖတ်သည်မှာ အကြိမ်နှစ်ဆယ်ခန့်ပင် ရှိရော့မည်။

ချစ်သောဦးလေး

ဦးလေးရဲ့ အသံကို တယ်လီဖုန်းက ကြားရတာ သိပ်ပျော်စရာကောင်းတာပဲ။ စာရေးဖို့အချိန်တောင် အခုမှပဲ ရတော့တယ်။ ကေသီပြောထားတဲ့အတိုင်း ဦးလေးဝိလီကလဲ အတော့ကို ဖျားနေတယ်။

ဒါပေမယ့် လေယာဉ်လက်မှတ်တွေကတော့ သုံးစောင်စလုံး ယူထားပြီးပြီ။ နေ့ရက်အချိန် အားလုံး သတ်မှတ်ပြီးပြီ။ လေယာဉ်ခရီးစဉ်အမှတ် အေ အက်ဖ် ၄၃၂၉။ လေယာဉ်ပျံက ၂၁ ရက် အင်္ဂါနေ့ ညဦး ၁၁ နာရီမှာ ထွက်မယ်။ အချိန်မီရောက်အောင် သတိပေးထားလို့ ပြောတယ်။ သူကတော့ သိပ်ကို သွားချင်နေပြီ။ ကွီဗူးမှာ အခြေအနေတွေက ဆိုးသည်ထက် ဆိုးလာတော့ ကာဆေနယ်က ကျွန်မတို့ရဲ့ စခန်းခွဲတွေကို ကယ်ဖို့ဆိုယင် ကျွန်မတို့ ချက်ချင်း ပြန်ရောက်မှ ဖြစ်မယ်။ ကေသီတော့ ဟိုရောက်ပြီး ဦးလေးနဲ့အတူ အလုပ် လုပ်ရမှာကို တွေးပြီး သိပ်ကိုပျော်နေတယ် ဦးလေးရေ။ ကေသီပြောချင်တာတွေ အကုန်ပြောဖို့ကတော့ မလွယ်ဘူး။ ဒါပေမယ့် ကေသီ့ မျှော်လင့်ချက်ဟာ ဦးလေးအပေါ်မှာပဲ ရှိတယ်ဆိုတာရယ် ကေသီဟာ မကြာခင် ဦးလေးရဲ့ ဇနီးမယား အလိမ္မာကလေး စစ်စစ် ဖြစ်လာတော့မယ် ဆိုတာရယ် ဦးလေးသိပါတယ်နော်။

ကေသီ

သတိရလိုက်တာ၊ အောက်မေ့လှပြီ၊ ဦးလေးရဲ့ရင်ခွင်ထဲကို ပြန်ရောက်ချင်လှပြီ ဆိုတာမျိုးတောင် မရေးနိုင်ဘူးလား၊ 'ချစ်သော' ဆိုတဲ့ စကားကလေးတစ်လုံးထက် ပိုပြီး ထိရောက်တဲ့ စကားလုံးမျိုးသုံးဖို့ မရှိတော့ဘူးတဲ့လား၊ သူ့စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်၊ လူကော နေကောင်းရဲ့လား ဆိုတာမျိုးကိုတောင် တစ်ခွန်းတစ်ပါဒ မစုံစမ်း...။

သူတစ်ယောက်တည်း နေနေရသည့်အဖြစ်က သူ့အားပစ်ထားသည် ဆိုသည့်အတွေးကို အားဖြည့်ပေးသကဲ့သို့ ရှိနေသည်။ သူ့မှာ မိတ်ဆွေတွေကိုလည်း နှုတ်ဆက်ပြီးပြီ။ သူ့ဆီကို ဘယ်သူမှ မလာကြတော့။ သူက ဖရီဒါကို တွေ့ရလေနိုး ရေအိုင်ဘေးလမ်းတွင် လမ်းလျှောက်ယင်း ဆုတ်ဆိုင်းဆုတ်ဆိုင်းလုပ်၍ ကိုယ်ရောင်ပြပါသော်လည်း ထိုသီတင်းတစ်ပတ်လုံး ဖရီဒါအား အရိပ်အယောင်မျှပင် မမြင်ခဲ့ရ။ သူ့မှာ ဖရီဒါ့ကို အလွန်တွေ့ချင်နေသည်။ ဖရီဒါနှင့် ယခုကဲ့သို့ စိတ်ဝမ်းကွဲသွားရခြင်းကို သူ စိတ်မကောင်း။ ဤသို့ မပြေမလည်ကြီးဖြင့် သူ ထွက်ခွာမသွားချင်၊ သူကပင် ဖရီဒါ့ထံသို့ သွားသင့်သည်။

သူစိတ်ပြောင်းမသွားခင် မိုးကာအင်္ကျီကို ကသုတ်ကရက် ကောက်လိုက်ပြီးလျှင် ခြေတစ်ဘက် ထော့နင်းဖြင့်ပင် ထွက်လာခဲ့သည်။ ရေအိုင်ကို ကုတို့ဖြင့် ဖြတ်ကူးခဲ့သည်။ သို့သော် ခြေတစ်ဘက်ဆွဲနေသူအဖို့ မတ်စောက် ကွေ့ကောက်သော တောင်စောင်းလမ်းမှ တက်ရသည်မှာ ခက်ခဲလှသည်။ အပေါ်သို့ရောက်လျှင် သူ့မှာ မနိုင်ဝန်ရုန်းခဲ့ရသော မြင်းကဲ့သို့ ဒူးများတုန်နေသည်။ 'ဘုရား... ဘုရား၊ ငါ့အခြေဟာ ဒီလောက်ပဲ ယိုင်နေပြီလား' ဟု စိတ်တွင်းမှ ညည်းညူမိ၏။

ဖရီဒါ၏ ဆီးဗတ်ရဲတိုက်သည် သူ့အပေါ်၌ မိုးနေသည်။ တစ်ဘက်တစ်ချက်တွင် မျှော်စင်ကတုံး တစ်ခုစီဖြင့် ထိတ်လန့်ဖွယ်ရာအသွင်ကို ဆောင်လျက်ရှိသော ဆယ့်ခုနစ်ရာစု ဆွစ်ဇာလန်ပုံစံ ရဲတိုက်ကြီးကို လိပ်သဲကျောက်တုံးများဖြင့် ဆောက်ထားသည်။ ဖရီဒါ၏ ဧည့်ခန်းဘက်သို့ လှမ်းမြင်နေရသော ပြတင်းတံခါးကြီးများ၏ အပြင်ဘက်ရှိ ဝရန်တာကြီးပေါ်သို့ ရောက်လျှင် သူ မောနေသည်။ ဖရီဒါသည် ရှေးပုံစံ ကြွေအုပ်ကွပ်များ စီထားသည့် မီးလင်းဖိုဘေးက ဆိုဖာတစ်ခုပေါ်တွင် ထိုင်ကာ ဇာထိုးနေသည်။ အုပ်ဆောင်းအုပ်ထားသည့် ခတ်မီးရောင်သည် အခန်းကျယ် မြင့်မြင့်ကြီးထဲတွင် နေရာနှံ့အောင် အလင်းရောင် မပေးနိုင်ချေ။ မိုရေးက မှန်တံခါးကို အသာအယာ ပုတ်လိုက်သောအခါ ဖရီဒါက ခေါင်းမော့ကြည့်လိုက်ပြီးလျှင် ထိုင်ရာမှထလာကာ တံခါးကိုဖွင့်လိုက်သည်။ ထို့နောက် ပြတ်သားတည်ငြိမ်သော အသံဖြင့် "သြော်... ဖြစ်မှဖြစ်ရလေ မိတ်ဆွေကြီးရယ်၊ ရှင့်ကြည့်ရတာ အတော် နေမကောင်းနေပုံတယ်၊ ကဲ ကဲ လာ... ကျွန်မတွဲမယ်" ဟုဆိုကာ လက်မောင်းကိုတွဲလျက် ဆိုဖာဆီသို့ ခေါ်လာခဲ့ပြီးမှ "အဲဒီမှာထိုင်ပြီး နားဦး" ဟု ပြောလိုက်သည်။

"ကျေးဇူးပဲဗျာ" ဟု မောဟိုက်စွာ ဆိုလိုက်ပြီးလျှင် "ကျွန်တော်လဲ ကောင်းကောင်းကို နေလို့မကောင်းဘူးဗျာ၊ ကျွန်တော် ခါးနာသွားတာ ခင်ဗျားလဲ မှတ်မိပါလိမ့်မယ်" ဟု ပြောသည်။

"ကန်ဘေးမှာ ရှင် တုံ့နှေးတုံ့နှေးနဲ့ ကြိုးစား လမ်းလျှောက်နေတာ

ကျွန်မသုံးခါ မြင်လိုက်ပါတယ်၊ ကျွန်မတောင် 'တော်ကြာ သူငါ့ဆီလာမှာပဲ' လို့တောင် ကိုယ့်ကိုယ်ကို ပြောနေမိသေးတယ်" ဟု ပြောသည်။ သူပြောပုံမှာ အနိုင်ရသူ၏ အထက်စီးလေသံမျိုးဖြင့် မဟုတ်ဘဲ စောင့်ရှောက်လိုသည့် စေတနာဖြင့် တည်ငြိမ်စွာ ပြောသည့်သဘောသာ ရှိလေသည်။

"ကျွန်တော်တို့နှစ်ယောက် မသင့်မတင့် ဖြစ်ခဲ့ကြတာကလေးကို မပြေမလည်နဲ့ ထားခဲ့ပြီး ထွက်မသွားနိုင်လို့ လာခဲ့တာပဲဗျာ၊ ကျွန် ကျွန်တော် သန်ဘက်ခါ သွားတော့မယ်"

ဖရီဒါက ဆိုဖါပေါ်တွင် မိုရေး၏ဘေးမှ ဝင်ထိုင်လိုက်၍ မိုရေး၏လက်တစ်ဘက်ကို ကိုင်ကာ မျက်နှာကို စိုက်ကြည့်လျက် "ဖြစ်ရလေ မိတ်ဆွေကြီးရယ်၊ ရှင့်စိတ်တွေဟာ မမှန်တော့ဘူး၊ အခု ရှင့်ကိုယ်ရှင် ဒုက္ခပေးတော့မယ့် အချိန်အခါမှာ ရှင့်အကြောင်းကို ကောင်းကောင်းသိပြီး ရှင့်စိတ်ကို နားလည်တဲ့ မိန်းမတစ်ယောက်က ဝင်ကယ်ရတော့မှာပဲ၊ ရှင် အဲသလို အခြေအနေဆိုးမျိုးကို ရောက်ရတာဟာ လူပေါင်းမှားလို့ပါ၊ ရှင်က ဂုဏ်သိက္ခာရှိတဲ့ လူတစ်ယောက်အနေနဲ့ ဒါလောက် မမာမကျန်း ဖြစ်နေတာတောင် ရှင်ပြောထားတဲ့အတိုင်း ရှင်လုပ်တော့မှာပဲ၊ ရှင့်အဖို့ သေဘေးက မလွတ်ဘူးဆိုတာ သိရက်နဲ့လဲ လုပ်တော့မှာပဲ" ဟု ပြောလိုက်သည်။

မိုရေးက "အခုလို ခြေတစ်ဘက် မသန်ရက်ကြီးနဲ့ဆိုတော့ ကျွန်တော်လဲ စိတ်ထဲက ထင့်တင့်တင့်ပါပဲ ဆိုတာတော့ ဝန်ခံပါတယ်၊ စီစဉ်ထားတဲ့အတိုင်း အခုတစ်ခါတည်း လိုက်မှလိုက်နိုင်ပါ့မလား၊ နောက်မှပဲ လိုက်သွားရ ကောင်းမလားဆိုတာလဲ စဉ်းစားနေမိတယ်" ဟု ပြော၏။

"ရှင် ဘာမှ သံသယဖြစ်မနေနဲ့တော့၊ ကျွန်မ ရှင့်ကို သွားခွင့်ပေးဖို့ လုံးဝ မရည်ရွယ်ဘူး" မိုရေးက ရုတ်တရက် ထိတ်လန့်သွားကာ "ဒါပေမယ့် ကျွန်တော်က အပြတ်ပြောပြီးသား ဖြစ်နေပြီ" ဟု ဆိုလိုက်သည်။

ဖရီဒါက ဆုံးမပဲ့ပြင်လိုသည့်ဟန်ဖြင့် လက်ညှိုးတစ်ချောင်းကို ထောင်ကာ "ရှင် တောင်ပေါ်မှာ လမ်းသွားယင်း လမ်းမှားကို လိုက်ခဲ့မိပြီဆိုတာ သိရယင် ဒီလမ်းအတိုင်း ဆက်လျှောက်ပြီး ချောက်ကမ်းပါးထဲကို အကျခံသလား၊ ဘယ်ခံမလဲ၊ သိတဲ့လူကို လမ်းမှန်မေးပြီး ပြန်လှည့်ရမှာပါပဲ" ဟု ဆိုလိုက်သည်။

"ဟာဗျာ၊ ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ကေသီတို့ ဝီလီတို့က ကျွန်တော့်ကို ဘယ်လိုထင်ကြမလဲ၊ ဒီက လူတွေကကော နှုတ်ဆက်ပွဲတွေဘာတွေလုပ်၊ မိန့်ခွန်းစကားတွေ ဘာတွေပြော၊ သတင်းစာ ထဲမှာတောင် လူသိရှင်ကြား ပါလာပြီးမှ ကျွန်တော့်ကို ဒီနယ်မြေမှာ ဆက်မြင်နေကြဦးမယ်ဆိုယင် ကျွန်တော်ဟာ လူရယ်စရာကောင်းကြီး ဖြစ်နေမှာပေါ့"

"ဒီနယ်မြေမှာ ရှင့်ကို ဆက်မြင်မနေကြရပါဘူးလေ၊ တစ်နေရာရာကို ကျွန်မနဲ့အတူ ခရီးရှည် ထွက်သွားလိုက်ရုံပေါ့" ဟု ပြောလိုက်လျှင် မိုရေးမှာ သိသိသာသာ မျက်နှာပျက်သွားသော်လည်း ဖရီဒါကမူ လေသံမှန်မှန်ဖြင့် ဟန်မပျက်ပင် "ဦးဆုံး ကျွန်မတို့ မွန်တီကာတနီကို သွားပြီး ရှင့်ခါးနာအတွက် ရေပူစမ်းမှာ ရေချိုးမယ်၊ ပြီးတော့ စတယ်လာ ပိုလာရစ်သင်္ဘောနဲ့ ပင်လယ်ခရီးတစ်ပတ် ထွက်လယ်မယ်၊ ဒီက တောက်တီးတောက်တဲ့ ကိစ္စတွေကို လူတွေမေ့လောက်ပြီဆိုတဲ့ နွေဦးပေါက်လောက်ကျမှ ဒီကို ပြန်လာကြမယ်" ဟု ဆက်ပြောသွားသည်။

မိုရေးသည် မှင်တက်မိသူပမာ ဖရီဒါအား ငေးစိုက်ကြည့်နေလိုက်မိသော်လည်း ဖရီဒါဆံပင်ကို အသစ်ပြုပြင်ထား၍ သူလာမည်ကို ကြိုသိထားဟန် ဝတ်ကောင်းစားလှဖြင့် ဖြစ်နေသည်ကိုကား သတိပြုမိလေသည်။

ဖရီဒါသည် မိန်းမတစ်ယောက်အနေဖြင့် ကိုယ်လုံးကိုယ်ပေါက် ကြေ့ရှင်း၍ အဝေးမှကြည့်လျှင် လှပဆဲ ရှိသေးသည်။ အနီးကပ် ကြည့်လျှင်မူ သူ၏ မျက်လုံးများအောက်၌ အရေးအစင်းများကို လည်းကောင်း၊ လည်ပင်းတွင် အိတွဲကျနေသော အရေပြားတို့ကို လည်းကောင်းတွေ့မြင်နေရလေသည်။ ကေသီ၏ သေးသွယ်နုနယ်၍ ပျို့မျစ်သော ခန္ဓာကိုယ် ချို့ရွှင်သောအပြုံးတို့နှင့်ဆိုလျှင် ဖရီဒါ၏ ရုပ်အသွင်သည် ယှဉ်ကာမျှမရ၊ သို့တိုင်အောင် ယခု သူကြုံနေရသော စိတ်ပျက်စရာ အခြေအနေမျိုးတွင်ကား ဖရီဒါသည်လည်း ပြေးပုန်းခိုဝင်ရာ ဆိပ်ကမ်းသာ မဟုတ်ပါလော။ သူက စကားပြောတော့မည်ဟု ဟန်ပြင်စဉ်တွင် ဖရီဒါက ဦးအောင်ဝင်၍ ခပ်နော့နော့ ရယ်သွမ်းသွေးကာ "ဟုတ်ပါတယ်၊ ကျွန်မပဲ ရှင့်အတွက် နေ့နေ့ညဉ့်ညဉ့် တကယ်မယားကောင်း တစ်ယောက် ဖြစ်လာမယ့်သူပေါ့ရှင်၊ ပြီးတော့လဲ ရှင်နဲ့ကျွန်မ ဒီဆီးဗတ်အိမ်ကြီးကို အသစ်ပြန် မွမ်းမံပြုပြင်ကြရယင် ဘယ်လောက် ပျော်လိုက်ကြမလဲရှင်" ဟု ပြောလိုက်လေသည်။

မိုရေးက မပွင့်တပွင့် ကန့်ကွက်လိုဟန်ဖြင့် "ခင်ဗျားကို ကျွန်တော် သိပ်ကို ခင်ပါတယ်ဗျာ၊ ဒါပေမဲ့..." ဟု ဆိုသည်။

"ဒါပေမဲ့ မနေနဲ့တော့၊ ကျွန်မကလဲ ရှင့်ကို သိပ်ကိုခင်တာပါပဲ၊ ဒါကြောင့် ကျွန်မ အပြတ်ပဲ ပြောလိုက်မယ်၊ ရှင် ဟိုသွားပြီး ကိုယ့်ဘဝကိုယ် ဖျက်ဆီးမယ့်အလုပ်ကို ကျွန်မ ဘယ်နည်းနဲ့မှ ခွင့်မပြုဘူးရှင် ကဲ..."

မိုရေးမှာ ဆန့်ကျင်အား အလျင်းမရှိ၊ အနိုင်ကျင့် ခံလိုက်ရကာ မှိုင်းမိသူပမာ ရှိသော်လည်း သူ့စိတ်တွင် တဖြည်းဖြည်းချင်း သက်သာရာရကာ ချမ်းမြေ့လာသည်ဟုလည်း ထင်လိုက်မိလေ၏။

ဖရီဒါ၏ အကြံဉာဏ်ကား သင့်မြတ်လှပေသည်။ သဘောကျစရာ ဖြစ်သည်။

ယခုအခါ သူကိုယ်တိုင်ပင်လျှင် တွေးကြောက်လာပြီဖြစ်သော အမှောင်စိုးသော သူ၏ အနာဂတ်နှင့်ကား ကွာခြားဘိခြင်း။ ဖရီဒါ၏ အကြံဉာဏ်ကို လက်ခံလိုက်လျှင် ခရီးပန်းလာသူအဖို့ ရေနွေးနွေးကလေးထဲ ဆင်းစိမ်လိုက်ရသကဲ့သို့ ရှိမည်။ သူ မျက်လုံးများကို မှိတ်၍ စိတ်ကို အသာလျှော့ချလိုက်သည်။ သူ့စိတ်ထဲတွင် ပြောမပြတတ်အောင်ပင် သက်သာရာရသွားသည်။

"အမလေး ဖရီဒါရယ်၊ ခင်ဗျားတစ်ယောက်ပဲ ကျွန်တော့်ကို နားလည်တဲ့ မိန်းမရယ်လို့ ရှိတယ်၊ ဖရီဒါ့ကို အားလုံး ပြောပြချင်ပါတယ်၊ အစကစပြီး ပြောပြချင်တယ်" ဟု အစချီကာ သူ၏ နောက်ကြောင်းများကို အကျယ်တဝင့် စိတ်ပါလက်ပါ ပြောပြလေသည်။

နောက်တစ်နာရီခန့် အကြာတွင် အောင်ပွဲရ ဖရီဒါ၏ ဒေါ်ဖင်ကားကလေးသည် မိုရေးအား တစ်ဆောင်လျက် သူ၏ အိမ်ကြီးသို့ ပြန်ပို့ပေးရလေသည်။ ကားကလေး၏အတွင်း အမှောင်ထဲတွင် ဖရီဒါက မိုရေး၏ပါးကို လက်ဝါးဖြင့် အသာအယာ ပွတ်လိုက်ကာ "ကဲ… သွားတော့မယ်ချစ်ဆွေကြီးရေ့၊ နက်ဖြန် ကျွန်မ ရှင့်ဆီ စောစောလာခဲ့မယ်၊ ကိုးနာရီမထိုးခင် ကျွန်မတို့ 'ဘေဆယ်' ကို သွားကြရမှာ" ဟု ပြောလေသည်။ သူတို့ ချက်ချင်း လက်ထပ်ကြရန် မိုရေးက သဘောတူခဲ့ပြီးဖြစ်၏။ နံနက်တွင် သူတို့ ဘေဆယ်သို့ တိတ်တိတ်ဆိတ်ဆိတ်ပင် သွားကာ လက်ထပ်ရန် လိုအပ်သည့် အစီအစဉ်များကို လုပ်မည်။

သုံးရက်ခန့်ကြာမည်။ လက်ထပ်ပြီးနောက် မိုရေး၏အိမ်သို့ ပြန်လာကာ တစ်ညဉ့်အိပ်မျှသာ နေပြီးလျှင် အပန်းဖြေခရီး ထွက်ကြမည်။ မိုရေးမှာ ထွေရာလေးပါး ပိုမတွေးအား။

စိတ်သက်ရာရကာ သူ့ အိမ်ထဲသို့ ခလုတ်အတိုက်တိုက်ဖြင့် ဝင်ခဲ့သည်။ နောက် သူ့အသံကို မှုမှန်အောင်ကြိုးစားထိန်းလျက် အာထူရိုအားခေါ်၍ သူ အပြီးအပိုင် သွားမည်မဟုတ်။ လအနည်းငယ်သာ ကြာမည်ဟု ပြောလိုက်လေသည်။

နောက်သုံးရက်အကြာ ဗုဒ္ဓဟူးနေ့ ညနေဆည်းဆာအချိန်၌ ဟမ်းဘားကားကြီးသည် နန်းလုံးကြိုင် ပင်တန်းကလေးနှင့် ကားဝင်လမ်းအတိုင်း ကွေ့၍ တက်ခဲ့ပြီးနောက် မိုရေး၏ အိမ်ကြီးရှေ့တွင် ရပ်လိုက်သည်။

"ကဲ… ဖရီဒါရေ၊ ရောက်ပြီ"

ပြောနေဖို့ လိုသည်မဟုတ်ဘဲ နှစ်ထောင်းအားရအပြုံးဖြင့် ပြောလိုက်၏။ သူတို့၏ လက်ထပ်ပွဲကို လျှို့ဝှက်စွာ ပြုလုပ် အောင်မြင်ခဲ့သည့်အတွက် သူ့မှာ ရွှင်လန်းလျက်ရှိသည်။

စီစဉ်ထားသည့်အတိုင်း အားလုံး ချောချောမောမော ဖြစ်သွားသည်။ သူက ဖရီဒါအား ကားပေါ်မှဆင်းရန် လက်ကမ်း၍ ပေးလိုက်စဉ် အိမ်တံခါးများ ပွင့်လာလျက် အာထူရိုက အဝတ်သေတ္တာများချရန် အပြုံးဖြင့် ပေါ်လာသည်။

“အားလုံး အေးအေးဆေးဆေးပဲလား အာထူရို” ဟု မိုရေးက မေးလိုက်သည်။

“အေးအေးဆေးဆေးပါပဲ၊ ဧည့်ခန်းမလဲ အားလုံး သေသေသပ်သပ် ပြန်ခင်းကျင်းထားပါပြီ ဆရာ”

ထို့နောက် မိုရေးက အနည်းငယ်ဆိုင်းနေပြီးမှ “စာတို့၊ ဘာတို့၊ တယ်လီဖုန်းတို့ မလာဘူးနော်” ဟု မေးသည်။

“ဘာမှ မလာပါဘူး ဆရာ”

မိုရေးလည်း စိတ်သက်သာရာရသွားသည်ကို ဟန်မလုပ်နိုင်ပဲ သက်ပြင်းချလိုက်မိသည်။ သူ့ စိတ်ထဲတွင် နောက်ဆုံးအချိန်တွင် ကပ်လျက် တယ်လီဖုန်းဆက်သည် ဆိုသည့် သတင်းမျိုး ကြားရလေမည်လောဟု စိုးရိမ်နေမိခဲ့သည်။ ယခု သူတို့အကျိုးအကြောင်း တစ်ခွန်းမှ မေးမနေကြတော့ပဲ၊ ဖရီဒါပြောသကဲ့သို့ သူတို့၏ သာသနာပြုစခန်းသို့ သွားကာ သူတို့၏ ဘဝတစ်သက်တာ အလုပ်ကို စောက်ချ လုပ်နေကြပေရော့မည်။ အလုပ်တွင် တွေ့ကြုံရသော အခက်အခဲအန္တရာယ်များတွင် အာရုံအပြည့် စိုက်လျက် သူ့ဘဝသူ ဤလုပ်ငန်းသို့ ပေးလှူပြီးဖြစ်သော ကေသီကလေးသည် မကြာမတင်ပင် အားလုံးကို မေ့သွားနိုင်ပါလိမ့်မည်။

နှစ်ဦးနှစ်ဝအကျိုးအတွက် သူ့အမှားကို အချိန်မနှောင်းမီ သူမြင်ကာ ပြုပြင်လိုက်ခြင်းမှာ အမြော်အမြင်ရှိလေစွ။

မိုရေးက ဖရီဒါ၏နောက်မှ ဧည့်ခန်းထဲသို့ ဝင်လိုက်သွားယင်း “အာထူရိုရေ၊ လက်ဖက်ရည် ယူခဲ့ပေ့” ဟု အမိန့်ပေးလိုက်သည်။ မှန်ပါသည်၊ အားလုံး ယခင်ကအတိုင်းပင် နေထားတကျ ဖြစ်နေပါပြီ။

သူ၏ ပန်းချီကားများသည် ရှေးကထက်ပို၍ နှစ်သက်ဖွယ်ရာ စိုပြည်နေကြသည်။ ကြည့်ပါဦး၊ သူ့မှာ ဒါတွေနဲ့ကင်းလို့ နေနိုင်မတဲ့လား။ သူ့ငွေထည်တွေကလည်း ဝင်းနေကြသည်။ ကြွေထည်များကလည်း လက်နေကြလေသည်။

မိုရေးက ရင်းနှီးသော အပြုံးဖြင့် ဖရီဒါအား “အားလုံး ပိပိရိရိစီမံပြီး အတူတူ အိပ်ပြန်ရောက်လာရတာ မချမ်းမြေ့ဘူးလား” ဟု မေးလိုက်သည်။

“ဒါပေါ့ရှင်၊ နောက်ကိုလဲ ဘာမဆို ကျွန်မ ကျကျနန စီမံသွားတာတွေ ရှင် တွေ့ရဦးမှာပေါ့”

မိုရေးက ချီးမွမ်းလိုက်တော့မည်အလုပ်တွင် ဘီးတပ်စားပွဲကလေးဖြင့် လက်ဖက်ရည်ဖျော်ရန် ပစ္စည်းအစုံအလင် တင်၍တွန်းကာ အာထူရိုဝင်လာသည်။ လင်ဗန်းကလေးပေါ်တွင် စာများ ပါလာကြ၏။

ဖရီဒါက “စာတွေကလဲ များလှချည့်လား၊ ရှင်ကတော့ အင်မတန် အရေးပါတဲ့ လူပဲ” ဟု ဆိုလိုက်သည်။

မိုရေးက စာများကို အပြေးအလွှား လျှောက်ကြည့်ယင်း ပခုံးချီကာ “အလုပ်ကိစ္စတွေပဲ များပါတယ်” ဟု ဆိုလိုက်သည်။ သို့သော် တစ်စောင်ကား အလုပ်ကိစ္စမဟုတ်။ ကေသီ၏ ဝိုင်းစက်သော လက်ရေးညီညီကလေးများကို မြင်လိုက်သည်တွင် သူ တွန့်သွားသည်။ တံဆိပ်ခေါင်းပေါ်တွင် ရိုက်ထားသည့် စာတိုက်တံဆိပ်ကရက်စွဲကို ကြည့်လိုက်ရမှ သူ စိတ်အေးသွားသည်။ စာကို ကေသီတို့ ခရီးမထွက်ခွာမီ လေးရက်က ထည့်လိုက်သည်။ ရွှမ်းဆီးစာတိုက်က ၂၀ ရက်နေ့တွင် လက်ခံရရှိသည်။ သူတို့ ဘေဆယ်သို့ ထွက်သွားကြသည့်နေ့ ဖြစ်သည်။ တော်သေးရဲ့၊ ဒီစာထဲမှာတော့ အပြစ်တင်စကား ဝမ်းနည်းစကား ဘာမှ ပါနိုင်ဦးမှာ မဟုတ်သေး။ လက်ဖက်ရည် ငှဲ့နေသော ဖရီဒါအား မရဲတရဲ တစ်ချက်လှမ်းကြည့်လိုက်၍ စာကို ဘေးကအိတ်ထဲသို့ အသာလျှောထည့်လိုက်၏။ သူ တစ်ယောက်တည်းရှိမှ ဖတ်တော့မည်။

ဖရီဒါက လက်ဖက်ရည်ပန်းကန်ကို မိုရေးအား လှမ်းပေးယင်း “အလုပ်အကြောင်းပြောလို့ ပြောရဦးမယ်၊ ရှင့်အလုပ်ကိစ္စတွေအကြောင်း ကျွန်မကို ပြောထားဦး၊ ကျွန်မလဲ ဒါတွေကို ကောင်းကောင်း လုပ်တတ်ပါတယ်၊ ဥပမာ အခုအခါ ဂျာမန်ဆေးတွေ အရောင်းသွက်နေတယ်” ဟု ပြောလိုက်သည်။

မိုရေးက ရှေ့သို့ကုန်း၍ ကိတ်မုန့်တစ်လုံးလှီးယင်းက အလိုက်သင့်ပင် “ဟုတ်တယ်၊ အဲဒါတွေ ကျုပ်တို့မှာလဲ အတော်များများ ရှိထားပါတယ်၊ ဖရီဒါကတော့ အတော့ကို အကူအညီရမှာပဲ၊ ကဲ… ဟောဒါကလေး မြည်းကြည့်စမ်းပါဦး၊ ဒါက အယ်လီနာရဲ့ စပယ်ရှယ် လက်ရာလေ” ဟု ပြောကာ ဖရီဒါက ချယ်ရီကိတ်မုန့် အနည်းငယ်လှီး၍ မြည်းသည်ကို စောင့်ကြည့်နေပြီးမှ “ကောင်းတယ် မဟုတ်လား” ဟု မေးလိုက်သည်။

“ကောင်းပါတယ်၊ ဒါပေမယ့် ဒီထက်ကောင်းအောင် လုပ်လို့ရပါတယ်၊ အမွှေးနံ့တွေ များလွန်းပြီး သစ်သီးနည်းနေတယ်၊ နောက်တော့မှ သူ့ကို ကောင်းကောင်း သင်ပေးရမယ်” ဟု ဖရီဒါက ပြန်ပြောသည်။

"အယ်လီနာကို သင်ယင်တော့ အကင်းပါးမှနော်"

"ဩော်ရှင်၊ ကျွန်မ ရယ်ရယ်လိုက်ချင်သေးတော့၊ ကျွန်မမှာ အတွေ့အကြုံ မရှိတာကျနေတာပဲ၊ ရှင်ကတော့ ဘာတစ်ခုမှ ကောင်းကောင်းလဲ မစားရပဲနဲ့ အခိုးချည့်ခံနေရတာ သေချာပါတယ်၊ ရှင့်

အယ်လီနာက ထောပတ်တို့၊ ကြက်ဥတို့ ခိုးခိုးထုတ်တဲ့အပြင် သူ့မှာတခြား အဆက်အသွယ်တွေ ရှိဦးမှာပါ၊ ရှင့် အာထူရိုကလဲ အဲဒီ အီတာလျံတွေကို ကျွန်မ မသိယင်ခက်မယ်၊ ရှေ့တွင်တော့ ပြုံးပြုံး ပြုံးပြုံးနဲ့ နောက်ကွယ်တော့ ခိုးချင်တိုင်း ခိုးနေတာပဲ"

မိုရေး၏ စိတ်ထဲတွင် တစ်ခဏမျှ ထင့်ကနဲ ဖြစ်သွားသော်လည်း ဖရီဒါက သူ၏ လက်ကို ပွတ်သပ်၍ စိတ်အေးအောင် ပြုံးပြလိုက်သောအခါ ထိုသံသယကလေးများ လွင့်သွားကြ၏။

လက်ဖက်ရည်ဖျော်သည့် ပစ္စည်းများကို ဖရီဒါကိုင်တွယ် သုံးစွဲပုံကို ကြည့်ရသည်မှာ ကျက်သရေရှိလှသည်။ ဖရီဒါနှင့်အတူ ဆီးဗတ်ရဲတိုက်ကြီးကို ပြန်လည် ပြုပြင်မွမ်းမံရမည်ကိုလည်း တွေးတော ဝမ်းသာနေမိသည်။ သူ့အိမ်ကြီးမှာ သက်တောင့်သက်သာ နေစရာကောင်းသည် မှန်သော်လည်း သူ၏ပစ္စည်းများနှင့်ဆိုလျှင် မဆံ့ချင်တော့။ ဤသည်တို့ကို တွေးနေသည့် တိုင်အောင် သူ့မှာ ယခု လက်ဖက်ရည် တစ်ကျိုက်ချင်းသောက်ဆဲ ခဏခဏပင်လျှင် လူအန်ဒါဆီသို့ ယခုပင်လျှင် ပျံသန်းဆဲဖြစ်ချင်ဖြစ်မည့် လေယာဉ်ပျံကို သတိမရဘဲ မနေနိုင်၍ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်ရလျက်ရှိသည်။ မည်သည့်နည်းဖြင့်မဆို ယခုလောက်ဆိုလျှင် ကေသီတစ်ယောက် ရင်အနာရဆုံးအချိန်ကို လွန်မြောက်လောက်ပါပြီ။ ကေသီ အရွယ်ငယ်ပေသေးသည်။ နောင်သော် စိတ်ပြေသွားပါလိမ့်မည်။

လက်ဖက်ရည်သောက်ပြီးကြ၍ ဖရီဒါ အပေါ်ထပ်သို့ တက်သွားသောအခါ မိုရေးလည်း ကေသီ၏စာကို သတိရသည်။ ဤစာကိုသူ ဖတ်ရန် တာဝန်ရှိသည်။ ကေသီနောက်ဆုံး ရေးသည့် စာကလေးအဖြစ်လည်း တသသ သတိရစရာ သိမ်းဆည်းထားရမည်။ ကေသီ၏ မေတ္တာကို ထောက်ထားသောအားဖြင့် ဤမျှကား သူ့တွင် တာဝန်ရှိသည်။ သူ စိတ်ကိုတင်း၍ စာကို ဖွင့်လိုက်၏။ ထိုခဏ၌ပင် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်း မြည်သံကို သတိထားလိုက်မိ၏။

သူ အိမ်မှာ မရှိဘူးဟု ပြောလိုက်ရန် အာထူရိုအား မှာထားဖို့ သင့်သည်။ ယခုမူနောက်ကျသွားပြီ။ အာထူရိုက တံခါးကို ဖွင့်၍ပင် နေလေပြီ။ သူ ထိုင်ရာမှထ၍ ပြတင်းမှ ချောင်းကြည့်လိုက်သည်။ အိမ်ရှေ့၌ကား ကားမရှိ၍ ဈေးသည် တစ်ယောက်ယောက်ဖြစ်မည် အောက်မေ့မိ၏။ သူ နားစွင့်၍ ထောင်လိုက်သည်တွင်

အာထူရိုက တောင်းတောင်းပန်ပန်ဖြင့် "ဒီမှာ ခဏစောင့်ပါ ခင်ဗျာ၊ ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်" ဟု ပြောနေသံကြားရသည်။

"မလိုပါဘူး၊ ကျွန်မလာမှာ သိနေသားပဲ" ဟု ပြောသံကြားလိုက်ရ၏။ မိုရေး၏ ရင်ထဲတွင် ဆုပ်ဆွဲလိုက်သကဲ့သို့ နာကျင်သွားသည်။ 'မဖြစ်နိုင်ပါဘူး' ဟုလည်း သူ့ကိုယ်သူ မေးမိသည်။

ထို့နောက် အိမ်ဦးခန်းဘက်ဆီမှ ရေးကြီးသုတ်ပျာ လျှောက်လာသော ခြေသံများကို ကြားလိုက်ရပြီးနောက် သူ့ရှေ့သို့ ကေသီ ရောက်လာသည်။ ကေသီက သူ့ နာမည်ကိုခေါ်ကာ ပြေးဖက်လိုက်၍ သူ့ရင်ခွင်ထဲတွင် ခေါင်းမှီထားလိုက်လေ၏။

မိုရေး၏ မျက်နှာမှာ သွေးတစ်စက်မှ မရှိတော့။ အိပ်မက်ဆိုး မက်နေရသကဲ့သို့ ရှိသည်။ ဒါဘယ်နည်းနဲ့မှ တကယ်မဟုတ်နိုင်။ နောက်ဆုံးတွင် မိုရေးလည်း "ကေသီ... ဘာ...ဘယ်လိုကြောင့် ဒီ... ဒီကို ရောက်လာရလဲ" ဟု အမောတကော မေးလိုက်ရသည်။

"ဦးလေးဆီကို လာတာပေါ့၊ အခုမှ ဦးလေးကို ပိုပြီး အားကိုးဖို့..." ဟု ပြောကာ မိုရေး၏ ရင်အုံကိုမှီလျက်ပင် မော့ကြည့်လိုက်ကာ "ကေသီထည့်လိုက်တဲ့စာ မရဘူးလားဟင်" ဟုမေးသည်။

"ဟင့်အင်း... သြော်... အင်း... ဒါ ဒါပေမယ့် ဦးလေးက ခရီးသွားနေလို့"

"ဒါဖြင့် ဦးလေး မသိသေးဘူးပေါ့၊ အမလေး... ဦးလေးရယ်၊ သိပ်ကို အဖြစ်ဆိုးပါတယ်၊ ကျွန်မတို့ရဲ့လူ အားလုံးလိုလိုပဲ သေကြရတယ်၊ အန်ကယ်ဝီလီ နှစ်ပေါင်းနှစ်ဆယ်လောက် အပင်ပန်း အဆင်းရဲခံပြီး လုပ်လာခဲ့ရတဲ့ အလုပ်၊ အားလုံးပျက်စီးတာပဲ" ဟု ပြောယင်း သူ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာကြသည်။

"ကြည့်ခွင့်ပေးကြယင် ကြည့်ရအောင်ဆိုပြီး အန်ကယ်ဝီလီတော့ သွားလေရဲ့၊ ဒါပေမယ့် သူက ကေသီ့ကိုတော့ လိုက်ခွင့်မပေးတော့ဘူး၊ သူလဲ ရင်ကျိုးတာပဲ၊ သူတော့ လက်လျှော့တော့မယ်လို့ ထင်တာပဲ၊ ကေသီ့အတွက်တော့ ဟိုမှာဘာမှ လုပ်စရာ မရှိတော့ဘူး၊ ကေသီ့အဖို့က ဦးလေးပဲ ရှိတော့တယ်၊ ဦးလေးရှိနေသေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရတယ်၊ ဦးလေးသာ မရှိယင် ကေသီတော့ ရူးမလား မသိဘူး" ဟု ဆက်ပြောသည်။

မိုရေး၏ နဖူးတွင် တုန်လှုပ်ချောက်ချားစိတ်ကြောင့် ချွေးအေးများ သီး၍ ထွက်လာကြကာ သူ့ရင်ထဲတွင်လည်း ပရမ်းပတာခုန်လျက် သူ့ကိုယ်ကို အနည်းငယ်လွှန့်၍ ခွာလိုက်ပြီးလျှင် စကားပြောရန် အားထုတ်သည်။

"ကြောက်စရာပါလား ကေသီရယ်၊ အဖြစ်ဆိုးလှချည့်လား၊ ဦးလေးသာ သိခဲ့ယင်..."

"ကေသီကတော့ ဦးလေးကို လန်ဒန်လေဆိပ်မှာ မတွေ့ရတော့ ကေသီ့စာကို ရလို့ပဲလို့ သေချာပေါက် ထင်တာ"

"ဟုတ်ပါရဲ့၊ ဖြစ်ပုံက... ခက်တယ်ကွယ်၊ ဦးလေးကလဲ ခရီးလွန်နေတာကိုး"

ကေသီသည် မိုရေး၏ မျက်နှာကို ခပ်တွေတွေ ကြည့်နေသည်။ သူ၏ ကြုံလှီနွမ်းလျသော မျက်နှာကလေးပေါ်တွင် စိုးရိမ်သည့်အသွင် ပေါ်လာလျက် "ဦးလေး၊ ဘာများဖြစ်လို့လဲ ဦးလေးရယ်" ဟု အထိတ်တလန့် မေးလိုက်သည်။

"ဘာ... ဘာမှ မဖြစ်ပါဘူး... ကံဆိုးလိုက်လေကွယ်၊ မသိပဲကိုး"

ကေသီ၏ မျက်နှာပေါ်မှ ပျော်ရွှင်နေသည့် အရိပ်အယောင်မှန်သမျှ ကွယ်ပျောက်သွားသည်။ တကယ်ပင် ထိတ်လန့်သော အမူအရာဖြင့် ကိုယ်ကိုယို့လိုက်ကာ "ဦးလေး... ဦးလေးရယ်၊ ကေသီ့ကို ရှင်းရှင်းပဲ ပြောပါတော့" ဟု ဆိုလိုက်သည်။

မိုရေးလည်း 'ဘုရား ဘုရား၊ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ငါ ပြောပြလိုက်မှ ဖြစ်မယ်' ဟု တွေးမိ၍ သူ့ကိုယ်သူ အားပေးယင်း စိတ်ကိုတင်းကာ "ကေသီလေးရယ်..." ဟု အစပျိုးလိုက်သည်။

သို့သော် မပြောလျှင် သတ်မည်ဆိုသော်မှ သူ့နှုတ်က ပြောမထွက်။ တစ်ခဏမျှ ထိတ်လန့်ဖွယ် တိတ်ဆိတ်သွားသည်။ သူ့အာခံတွင်းမှာလည်း စေးလျက် 'ဩော်... ငါ စောင့်သာနေလိုက်မိယင် သူနဲ့ ငါ့စိတ်ကြိုက်အတိုင်း ဒီမှာပဲ အတူပေါင်းကြရမှာပဲ' ဟူသော အတွေးမျိုးကိုလည်း မတွေးပဲ မနေနိုင်။ ရင်ထဲတွင် နာကျင်ပင်ပန်းလှသည်။ ကေသီ၏ ထိတ်လန့်နေသော မျက်လုံးများကို မကြည့်ဝံ့ဘဲ မျက်စိလွှဲလျက် တောင့်တောင့်ကြီး ရပ်လျက်ရှိစဉ်မှာပင် တံခါးပွင့်လာပြီးလျှင် ဖရီဒါဝင်လာသည်။ မြင်လိုက်သည်နှင့် အခြေအနေကို ချက်ချင်းနားလည်သွားသည်။ သို့ဖြင့် သူ ရှေ့သို့တိုးလာ၍ "အို... ကေသီရောက်နေပါလား" ဟု ဆိုကာ ပါးကိုနမ်း၍ နှုတ်ဆက်လိုက်သည်။

ထို့နောက် မိုရေးအား လက်ယမ်းပြကာ အခန်းထဲမှ နှင်လိုက်သည်။ မိုရေးလည်း ခလုတ်အတိုက်တိုက်ဖြင့် အခန်းထဲမှ အနိုင်နိုင်ထွက်သွားသည်။

မိုရေးလည်း ခလုတ်အတိုက်တိုက်ဖြင့် အခန်းထဲမှ အနိုင်နိုင်ထွက်သွားသည်။ ကေသီ၏ မျက်နှာမှာ ဖြူဖွေးလျက်ရှိသည်။ သို့ရာတွင် ထိတ်လန့်ခြင်း ... အံ့သြခြင်းတို့ကြောင့် မျက်ရည်များကား ခန်းလျက်ရှိသည်။

“ဦးလေး ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား”

“နည်းနည်းနေမကောင်းလို့၊ စိတ်လဲ ထိခိုက်သွားတာကိုး၊ ဒါထားပါဦးလေ၊ ကဲ... ဒို့ စကားနည်းနည်း ပြောကြသေးတာပေါ့ကွယ်” ဟု ဆိုကာ ကေသီအား နှစ်ယောက်ထိုင် ဆိုဖာတစ်ခုဆီသို့ ဖရီဒါက ခေါ်ဆောင်သွားသည်။

"ကဲ... ကေသီ ဒီကို ဘယ်လိုရောက်လာလဲဆိုတာ အရင်ပြောပါဦး”

“လေယာဉ်ပျံနဲ့ ဖူးရစ်ကိုလာတယ်၊ ဖူးရစ်က မဲလစဗတ်ကို ရထားနဲ့၊ ရွှမ်းဆီးကုတို့သင်္ဘောနဲ့"

“ခဏနားဦးမလားအမောပြေတစ်ခုခု သောက်ပါဦးလား"

“တော်ပြီ၊ မစားတော့ပါဘူး၊ တော်ပြီ၊ ကျွန်မ၊ ဦးလေးအကြောင်းကိုပဲ သိချင်တယ်”

"အေးလေ၊ ပြောမှာပေါ့၊ ဒီကိစ္စမှာ သူက အခရာကိုး၊ ဒါပေမယ့် သူ့အကြောင်းပြောယင် ရှင်းရှင်းပဲ ပြောရလိမ့်မယ်၊ ပြောရမှာ ရင်နာစရာပေမယ့် ဟုတ်တိုင်းမှန်ရာကိုတော့ ပြောပြရမှာပဲ” ဟု ဆိုကာကေသီ၏လက်ကို ဆွဲကိုင်လိုက်ပြီးလျှင် “ကေသီလေးရယ်၊ မင်းချစ်တဲ့ဦးလေးဟာ အင်မတန် ကောင်းတဲ့ လူတစ်ယောက်ပါ၊ စိတ်ကောင်း၊ စေတနာကောင်း အမြဲရှိတဲ့သူပါ၊ ဒါပေမယ့်ကွယ် ခက်တာက၊ သူ့မှာ ဒီစေတနာကောင်းတွေအတိုင်း ဆောင်ရွက်နိုင်လောက်အောင် စိတ်ဓာတ်က မခိုင်မာရှာဘူးကွယ့်၊ ကဲ...သူ.မင်းတို့ မိသားစုကို ပြန်လာပြီးရှာတာဟာ တကယ်တမ်း ဘာကြောင့်ပါလိမ့်လို့ မင်း တစ်ခါမှ တွေးမကြည့်မိဘူးလား ကေသီလေးရယ်၊ မင်းကတော့ မင်းတို့မိသားစုက သူ့အပေါ်မှာ ကောင်းခဲ့တဲ့ကျေးဇူးတွေကို ပြန်ဆပ်ဖို့လို့ပဲ ထင်နေခဲ့တာပဲ၊ အမှန်က ဒီလိုမဟုတ်ဘူး၊ ဒီအကြောင်းကို ပြောပြရတာ ရင်နာရသလိုပဲ၊ နားထောင်ရသူအဖို့လဲ ရင်နာရမှာပါပဲ၊ တကယ်က မင့်ဦးလေးဟာ လူပျိုဘဝတုန်းက မင့်အမေနဲ့ ချစ်ကြိုက်ခဲ့ကြတယ်၊ လက်ထပ်ဖို့လဲ ကတိပေးပြီးတော့ သူဟာ သူဌေးသမီးတစ်ယောက်နဲ့ တွေ့တာနဲ့ မင်းတို့အမေကို ရက်ရက်စက်စက် ပစ်ထားခဲ့တယ်” ဟု ပြောပြသည်။

ကေသီမှာ မျက်လုံးများဝိုင်းနေအောင် စိတ်ချောက်ချားလျက် ရင်ထဲက နာနာဖြင့် ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီးလျှင် “မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါ ရှင်လုပ်ကြံပြောတာ” ဟု ဆိုလိုက်သည်။

ဖရီဒါက “ဒို့က ဘယ်လိုလုပ်ပြီး လုပ်ကြံပြောရမှာလဲကွယ့်၊ ဒါကိုဒေးဗစ်ကိုယ်တိုင်က ပြောပြလို့ ကြားရတာ၊ ဟုတ်ပါတယ်ကွယ့်၊ ဒေးဗစ်ဟာ

သူ့မှာအပြစ်ရှိယင် ငိုကြီးချက်မနဲ့ ဖွင့်ဟဝန်ခံပြီး ဒီအပြစ်ကို ဆေးလျှော်ပစ်တတ်တဲ့လူမျိုး၊ ဒီနည်းနဲ့ပဲ သူ့စိတ်ပြေအောင် လုပ်လို့လဲ ရတယ်" ဟု ပြောပြန်သည်။

"ရှင်ပြောတာတွေကို ကျွန်မ နားမထောင်ချင်ဘူး၊ နားမထောင်ဘူး" ထောင်ဖြစ်မယ် ကေသီလေးရယ်အခုပြောနေရတာဟာ "နားမထောင်ချင်ပေမယ့် ထောင်မှဖြစ်မယ် ကေသီလေး၊ မင့်ဖို့ပြောနေရတာကွယ့်၊ ဒီလိုနဲ့ပဲ ဒေးဗစ်ဟာ သူ့အမှားကို ပြုပြင်ရအောင်ဆိုတဲ့ စိတ်ကောင်း စေတနာကောင်းတွေအပြည့်နဲ့ ရွာကို ပြန်လာခဲ့တယ်။ ကံဆိုးချင်တော့ မင့်အမေကလဲ မရှိတော့ဘူးဆိုတော့ တစ်ခါ မင့်ဘက်ကိုလှည့်ပြီး အာရုံပြုလာတော့တာပေါ့၊ အစမှာတော့ စိတ်ကောင်း စေတနာကောင်းတွေနဲ့ ကောင်းကောင်းမွန်မွန်ပါပဲဒါပေမယ့် နောက်ပိုင်းမှာ သူက စေတနာတွေပိုပြီး တကယ် မြင့်မြတ်တဲ့စိတ်ထားနဲ့ မင့်အတွက် ပိုကောင်းတာဖြစ်ရအောင် မင့်ကို လက်ထပ်မယ်ဆိုတဲ့ ကတိလဲပေးတယ်။ မင်းနဲ့အတူလိုက်ပြီးတော့ သာသနာပြုလုပ်ငန်းတွေကို လုပ်မယ်လို့ဆိုပြီး အခြေအနေက တစ်မျိုးဖြစ်လာတော့ မင့်အမေနဲ့တုန်းက ဖြစ်ကြသလို မင်းနဲ့လဲ လွန်လွန်ကျူးကျူး ဖြစ်ကြပြန်ရော ဆိုပါတော့ကွယ်"

ကေသီက ဆောက်တည်ရာမရ၊ သူ့နားနှစ်ဘက်ကို လက်ဖြင့်ပိတ်ထားလိုက်ကာ "တော်တော့၊ စက်ဆုတ်စရာကောင်းလိုက်တာ" ဟု ဆိုလိုက်သည်။

"ဒါပေါ့ကွယ် ဘယ်ကြားဝံ့စရာရှိမလဲ၊ ပထမ အမေနဲ့ဖြစ်၊ နောက် သမီးကို တစ်ခါဆက်ကြံ၊ ဖြစ်သမျှအားလုံး စေတနာကောင်း စေတနာမှန်နဲ့ချည်းပေါ့၊ ဒါပေမယ့် သူဟာ လူဆိုး သက်သက်ရယ်တော့ မဟုတ်ရှာပါဘူး၊ ကိုယ့်ဖို့သာကိုယ် ကြည့်တတ်ပြီး စိတ်ပျော့ညံ့လူ.." ဟု ပြောယင်း ထိုင်ရာမှထရန် ဟန်ပြင်လိုက်သော ကေသီ၏လက်မောင်းကို ဖမ်းဆွဲထားကာ "နေပါဦးကွယ့်၊ ထွက်မပြေးပါနဲ့ဦး" ဟု ဆိုလျက် "ဒို့က မင့်အတွက်ကောင်းဖို့ ပြောပြနေတာပါ၊ မင်းဒေးဗစ်နဲ့ လက်ထပ်ဖြစ်ယင် ခြောက်လအတွင်း သူမင့်ကို ငြီးငွေ့သွားမှာပါ၊ နောက်ဆုံး မင့်မှာသာ ရင်ကွဲရစ်ရမှာပါ။ သူ့ကိုတော့ ဘာသာရေးဘက်ပဲ ဖြစ်ဖြစ်၊ ဆရာဝန်အဖြစ် အလုပ်ပြန်လုပ်ဖို့ပဲ ဖြစ်ဖြစ် မင်း ဘယ်လိုဆွယ်လို့မှ ရမှာမဟုတ်ပါဘူး။ မင့်ရဲ့ အိမ်ထောင်ဟာ ပျက်စီးရမယ့်ဟာပါ" ဟု ဆက်ပြောလေသည်

ကေသီလည်း မလှုပ်မယှက်ထိုင်လျက်၊ သူ့မျက်နှာမှာလည်း .. အရည်ပျော်ကျသွားသည့်အလား အမူအရာ မထင်မရှား ဝေဝါးဝါးဖြစ်၍ နေလေသည်။ သူ၏စိတ်ထဲတွင် နာကျင်လျက် သူ၏ မသန့်ရှင်းတော့သော အဖြစ်ကိုတွေးကာ ယူကျုံးမရ ဖြစ်နေတော့၏။ သူ ထွက်ပြေးချင်သည်၊ သို့သော်

သူ့မှာ ခွန်အားမရှိတော့၊ သူ့ကိုယ်သူ ရွံရှာသည့် စိတ်တို့ဖြင့် အားအင်ကုန်ခန်းလျက်သာ ရှိတော့သည်"ဒီတော့ရှင်းမနေဘူးလား၊ ဒီဒေးဗစ်လိုလူမျိုးအဖို့ မယားအဖြစ်နဲ့ ကေသီလို နူးညံ့သိမ်မွေ့တဲ့ ချစ်စရာ မိန်းမလှလေးမျိုးနဲ့ မဖြစ်ဘူး၊ သူ့ကို ကွပ်ကဲထိန်းသိမ်းနိုင်လောက်အောင် စိတ်ဓာတ်ခိုင်မာတဲ့ မိန်းမမျိုးနဲ့မှပဲ ဖြစ်မယ်"ရုတ်တရက် ပြုံးကျယ်သွားသော ... ကသို့မျက်လုံးများမှာ သူ၏မျက်နှာဖြူဖြူကလေးဝယ် တွင်းနက်ကြီးများပမာ ဟောက်ပက်နေကြကာ "ရှင်ပဲပေါ့" ဟု လွှတ်ကနဲ ဆိုလိုက်သည်။

"အေး ... ဒီကနေ့ပဲ ဘေဆယ်မှာ လက်ထပ်ခဲ့ကြတယ်"

ရင်ထဲကနာသဖြင့် ရှုံ့သွားသော နဖူးကြောများကြောင့် ကေသီ၏မျက်နှာမှာ ရွံ့နေသကဲ့သို့ ရှိလေသည်။ သူ့စိတ်ထဲတွင် ပေါ်လာသော အတွေးများနှင့် သူ့မှာ မထွေးနိုင် မမျိုနိုင်ဖြစ်ရသည်။ အမေ့မြေပုံအနားမှာ စ,တွေ့ခဲ့ရတုန်းက ချစ်စရာ လေးနက်တဲ့အပြုံး...၊ အီဒင်ဗာရာမှာ ရွှင်ရွှင်ပျပျနဲ့ လည်ကြတဲ့နေ့က ရက်ရက်ရောရော ကြင်ကြင်နာနာ သူ့ပြုစုပုံတွေ..၊ နောက်တော့ ဗီယင်နာမြို့...၊ သူ့မျက်လုံးထဲမှာ ဝဲလည်လှည့်နေကြတဲ့ မီးရောင်စုံတွေ... နောက်တော့ အသံဇလံတွေ၊ ဂီတသံတွေ၊ အမေရိကန် စစ်ဗိုလ်ပင်ကာတန်၊ နောက်တော့ ဦးလေး၊ ဦးလေးနဲ့ ဘယ်လောက် ကွာခြားတယ်ဆိုတာ... နောက်တော့ ဆွစ်ဇာလန်၊ ဦးလေးလဲ လိုက်ခဲ့မယ်၊ သာသနာပြုအဖွဲ့ စခန်းက ဘုရားဝတ်ကျောင်းကလေး၊ ကောင်းကင်ဘုံမှာ နှစ်ကိုယ့်တစ်စိတ်....၊ ပြီးတော့... သူ့အမေ...။ ကေသီ မဆောက်တည်နိုင်တော့။ သူ့မှာ ဤနေရာမှ ထွက်ပြေးဖို့ အာရုံတစ်ခုသာ ရှိတော့သဖြင့် ရုတ်တရက် ခုန်၍ထလိုက်၏။

သို့သော် ဖရီဒါက သူ့ရှေ့က ပိတ်၍ ဆီးထားသည်။

"နေဦး ကေသီ၊ စဉ်းစားလုပ်ပါ၊ ယုံစမ်းပါ ကေသီလေးရယ်၊ ဒို့က ကေသီကို ကောင်းစေချင်လို့ပါ၊ ကေသို့အတွက် ဒို့လုပ်ပေးနိုင်တာတွေ အများကြီးရှိပါတယ်" ဟု ပြောသည်။

"ကျွန်မ သွားပါရစေ၊ ကျွန်မ ဒီက ထွက်သွားချင်တာပဲရှိတယ်" "ကေသီရယ်၊ ဟိုတယ်ထိအောင် ကားနဲ့ လိုက်ပို့ပေးမှာပေါ့"

"တော်ပြီ တော်ပြီကုတို့နဲ့ပဲသွားမယ်၊ ကျွန်မ အိမ်ပြန်ချင်တာ တစ်ခုပဲ ရှိတော့တယ်" ဟု ပြောကာ ဂနာမငြိမ်နိုင်ပဲ လှည့်ပတ်၍ ကြည့်လိုက်ပြီးနောက်.. တံခါးဆီသို့ ပြေး၍ ဖြန်းကနဲတွန်းဖွင့်ကာ အပြင်ဘက်သို့ ထွက်ပြေးလေတော့၏။

"ကေသီ၊ နေဦးလေ" ဟု ဖရီဒါက အော်သည်။ သို့သော် ကေသီမှာ မြက်ခင်းကိုဖြတ်၍ ရွာဆီသို့သွားသည့် မတ်စောက်သော လူသွားလမ်းအတိုင်း

အမှောင်ထဲသို့ ဆင်းပြေးယင်း လှေကားထစ် လုပ်ကန်သင်းတွင်းကျင်းမြင် မှောင်ထဲတွင် ဒူးထောက်လဲ၍ လဲကျလည်း လဲရာက ပြန်ထပြေးယင်းဖြင့် အမှောင်ထုထဲတွင် ပျောက်ကွယ်၍ သွားလေတော့သည်။ အမှောင်ထဲမှ ချုံနွယ် သစ်ကိုင်းတို့ကလည်း တိုးဝှေ့ပြေးလာသော ကေသီကို လှူ့တစ်လောကလုံးနည်းတူပင် မညှာမတာ နာကျင်အောင် ရိုက်ခတ်လိုက်ကြသည်။ ကေသီမှာ သူ့စိတ်ကိုလည်း အစိုးမရ။ ဘာဖြစ်နေ၍ ဖြစ်နေမှန်း မသိ၊ စိတ်နှလုံးကြေကွဲဖွယ်ရာ အိပ်မက်ဆိုးတွင် ဗလုံးဗထွေး လှုပ်ရှားသွားလာနေရသကဲ့သို့ ရှိသည်။ သူဖြစ်ပြေးလာခဲ့သော မှုန်ဝါးဝါး ကမ္ဘာလောကကြီးထဲတွင် မျောကျပျောက်ဆုံး၍ ကျန်ရစ်ပြီ။ ကေသီဘဝ ဆုံးပြီ။

ဖရီဒါလည်း သူ့နောက်သို့ မလိုက်နိုင်။ တံခါးပေါက်မှရပ်ကာ စိတ်သောကဖြစ်လျက် နှုတ်ဆိတ်စွာပင် အလဲလဲ အကွဲကွဲဖြင့် ဒယိမ်းဒယိုင် ထွက်ပြေးသွားသော သဏ္ဍာန်ကလေး ကြမ်းကြုတ်သော ညဉ့်၏အမှောင်ထဲတွင် ... ပျောက်ကွယ်သွားသည်အထိ မျက်ခြည်မပြတ် ကြည့်နေလိုက်လေသည်။ ထို့နောက် ခေါင်းကို ယမ်းလိုက်ပြီးလျှင် တံခါးကိုပိတ်ကာ အိမ်ထဲသို့ ပြန်ဝင်ယင်းအပေါ်ထပ်သို့ လှမ်းခေါ်လိုက်၏။ မိုရေးလည်း သူ၏ဖြူဖပ်ဖြူယော်မျက်နှာတွင် မျက်လုံးများ၌ မျက်ရည်များ ဝဲလျက် တုန်တုန်ခိုက်ခိုက်ဖြင့်ပင် ဖြည်းဖြည်းချင်းချင်း ... ဆင်း၍ လာလေသည်။“အားလုံး ပြေလည်သွားပါပြီ၊ သူလဲ ထွက်သွားပြီ” ဟု ဖရီဒါက ပြောသည်။

“ဒါထက်ဘယ်ကိုတဲ့လဲ၊ ဘယ်ကိုသွားမှာတဲ့လဲ” ဟုမေးလိုက်သည်။ မိုရေး၏ ့ သံမှာ တုန်နေလေသည်။

"ကျွန်မက ကားနဲ့လိုက်ပို့မယ် ပြောပါတယ်၊ ဒါပေမယ့် သူက သူလာခဲ့တဲ့အတိုင်းပဲ ကုတို့နဲ့ပြန်မယ်တဲ့၊အိမ်ပြန်ချင်တာကလွဲလို့ ဘာမှမရှိတော့ဘူး"

မိုရေးက အထစ်ထစ်အငေါ့ငေါ့ဖြင့် “ဒါ၊ ဒါပေမယ့် ဖရီဒါ၊ သူ့မှာ အလုပ်ကလဲ ထွက်ပြီးပြီ၊ ဝီလိုဆီကိုလဲ လိုက်လို့မရဘူး၊ သူ့အိမ်က ဘယ်မှာတဲ့လဲ” ဟု မေးသည်။

“ရှင်မေးတဲ့မေးခွန်း ရှင်ပဲဖြေတော့"

ခဏမျှ ငြိမ်သက်သွားသည်။

"ကေသီ အတော်စိတ်ထိခိုက်သွားသလား"

"ဒါပေါ့"

“ဖရီဒါက ဘာပြောလိုက်လဲ”

"ဟုတ်တိုင်းမှန်ရာ အကုန်လုံးပေါ့ သူ့အဖို့လဲ ကောင်း၊ ကျွန်မတို့အဖို့လဲ ကောင်းမို့ ပြောရတာပဲရှင်၊ ရင်ဘတ်ဆီးကန်မှ ဖြစ်မယ့်ဟာဆိုတော့ ကျွန်မလဲ အဲဒီအတိုင်းပဲ လုပ်လိုက်ရတာပေါ့"

မိုရေးက လက်နှစ်ဘက်ကိုပစ်၍ မြှောက်လိုက်ကာ "ဖရီဒါရယ်၊ ကျုပ်အကြီးအကျယ် စိတ်ဆင်းရဲရပြီပေါ့ ကုတို့မမီလိုက်ယင် .. ဘယ့်နှယ်လုပ်မလဲ၊ ဒီညအဖို့ ဒါနောက်ဆုံးကုတို့၊ ကျုပ်လိုက်သွားမှပဲ" ဟု ပြောလိုက်သည်။

ဖရီဒါက "ဒီလိုဆိုလဲ လိုက်ပေါ့ရှင်" ဟု စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။ သူငယ်အိမ်ကျဉ်းကျဉ်းနှင့် ဖရီဒါ၏မျက်လုံးဝါများကို မြင်လိုက်သည်တွင် မိုရေးလည်း မျက်နှာနီရဲလာပြီးနောက် ညှိုးကျသွားသည်။

"မဖြစ်သေးပါဘူးလေ၊ မင်းပြောတာမှန်ပါတယ်၊ လိုက်သွားလို့ဘယ်သင့်မလဲ" ဟု ပြောလိုက်သည်။

ဖရီဒါက မိုရေးပခုံးပေါ်သို့ မြဲမြံစွာ လက်တင်လိုက်ကာ "စိတ်တင်းထားစမ်းပါ၊ ယောကျ်ားပဲ၊ ကေသီဟာ ငယ်ပါသေးတယ်၊ သူ့အမေလိုပဲ သူလဲနောက်တော့ စိတ်ပြေသွားမှာပါ၊ ပြီးတဲ့အခါ ရှင်လဲငွေတတ်နိုင်သားပဲဟာ၊ ရှင့်အပြစ်ကျေအောင် သူ့ကို ပုံပေးလိုက်လို့ရတာပဲ" ဟု ဆိုသည်။

မိုရေးမျက်နှာ အနည်းငယ် ရွှင်လာကာ "အေး... ဟုတ်သားပဲ၊ တော်ပါသေးရဲ့၊ အဲဒါကိုတော့ ကျုပ်ပေးနိုင်ပါတယ်၊ ပေးမယ်၊ သူ့ဘဝတစ်သက်တာ ချမ်းချမ်းသာသာနေရအောင် လုပ်ပေးမယ်" ဟု ပြောကာ ခဏမျှ ဆုတ်ဆိုင်းနေပြီးမှ တောင်းတောင်းပန်ပန်လေသံဖြင့် "ဒါပေမယ့် ဖရီဒါရယ်၊ ဒီညတော့ ကျုပ်တစ်ယောက်တည်း မနေချင်ဘူး" ဟု ပြောလိုက်သည်။

ဖရီဒါက ငြင်းလိုက်တော့မည်ကဲ့သို့ရှိပြီးမှ လျှော့လိုက်ကာ "ကောင်းပြီလေ။ ဒါဖြင့် ကဲ အပေါ်တက်အိပ်နှင့်၊ ရှင်လဲ ပင်ပန်းပြီ၊ လက်ဖက်ရည်ဗန်း အပို့ခိုင်းလိုက်မယ်၊ ပြီးမှ ကျွန်မလာခဲ့မယ်ဟု ဆိုလိုက်၏။

မိုရေးလည်း စိတ်ပျက်အားငယ်စွာ ဖရီဒါအားကြည့်လျက် "မင့်ကို ဘုရားသခင် ကောင်းချီးပေးပါစေ ဖရီဒါ" ဟု ဆိုလိုက်သည်။

မိုရေးတက်သွားသောအခါ ဖရီဒါလည်း.. ဝရန်တာကျယ်ဘက်သို့ထွက်ကာ ရေအိုင်ဘက်သို့ ငေးမျှော်ကြည့်လိုက်သည်။

ဟုတ်ပါသည်။ ကုတို့သင်္ဘော တစ်စင်း မဲလဘတ်မြို့ ဆီသို့ ဦးတည်၍ ခုတ်မောင်းလျက်ရှိ၏။ ကေသီ သင်္ဘောမီးရုံကလေးရှိမည်။ မီးရောင်ကလေး ဝါဝါထွန်းထားသော ဆိပ်ခံတံတားကလေးဆီသို့ ကြည့်လိုက်ပြန်သည်။

ဘယ်သူမှမရှိတော့။

(၁၅)

တလူးလူး တလိုမ့်လိုမ့်ဖြင့် အိပ်ရာမှ တစ်ကိုယ်လုံးနာကျင်လျက် နိုးလာသောအခါ မိုရေးသည် တွေ့နေကျ မဟုတ်သော အမှောင်ထုထဲတွင် သူဘယ်ရောက်နေပါလိမ့်၊ ဘာဖြစ်လို့ တစ်ယောက်တည်း ဖြစ်နေပါလိမ့်' ဟု မသဲမကွဲ တွေးတောနေမိသည်။

ထို့နောက် ရုတ်တရက်ပင် သူ၏ရှက်စဖွယ် အောက်ကျို နှိမ့်ချရသောအဖြစ်ကို သတိရလာသည်။

သူ့တွင် ယောကျ်ားပီသသော စွမ်းပကားများ ကင်းကွာနေခဲ့ခြင်း၊ ဖရီဒါ၏ သန်မာသော လက်မောင်းများဖြင့် ထွေးပွေ့ယုယနှစ်သိမ့်မှုကို မခံရခြင်းတို့မှာ အဖြစ်ဆိုးလှသည်။

"ကျွန်မတို့နှစ်ယောက်စလုံး နားဖို့လိုနေတာပဲ၊ ရှင် ဟိုဘက်ခန်း သွားအိပ်ယင် မကောင်းဘူးလား" ဟု ဖရီဒါက ဆိုခဲ့သည်။ ထို့ကြောင့် သူ ဤသည့်သည်အိပ်သည့် အခန်းပိုကလေးထဲတွင် သူ့အိမ်မှာ သူ ညှော့သည်ပြန်ဖြစ်ရတော့သည့်နှယ် ရောက်နေရခြင်း ဖြစ်လေသည်။

သူ ဤကဲ့သို့ဖြစ်ရသည်မှာ တစ်ခါက သူပိုင်ဆိုင်ခဲ့၍ ယခုတဖန်ပြန်၍ မရနိုင်တော့အောင် ... ဆုံးရှုံးသွားပြီဖြစ်သော သေးသေးသွယ်သွယ် ကိုယ်ကာယနှင့် ငယ်ရွယ်သေးသူ ကေသီအား ရုတ်တရက် ပြန်တွေ့ရရာတွင် စိတ်ကို အကြီးအကျယ် ထိခိုက်သွားသောကြောင့်ပေလော။

"ကေသီလေးရယ်" ဟု သူ .. ညည်းတွားလိုက်မိသည်။ သူမှားပြီ။ စိတ်အားငယ်ခိုက် ယုယကြင်နာမှုကို တောင့်တယင်း ဖရီဒါနှင့် လက်ထပ်မိသည်မှာ သူမှားသည်။ ဖရီဒါက သူ့ကိုမျှား၍ အမိဖမ်းခြင်း ဖြစ်သည်။ သူကလည်း မျှားချိတ်ကို မျိုလိုက်မိသည်။

ယခု ဖရီဒါက မျှားတံကို သုတ်လိုက်ပြီဖြစ်ရာ သူ့မှာ ရေထဲကငါး ကုန်းပေါ်သို့ရောက်သကဲ့သို့ ဟောဟဲခတ်ကာ အမောဆို့နေရပြီ။ ဖရီဒါကလည်း ကျင်လည်လှပေသည်။ အကူအညီပေးမလို စကားချိုချိုဖြင့် စလာသည်။ နောက်တွင် တဖြည်းဖြည်း သူ့စိတ်တွင် ချီတုံချတုံဖြစ်လာအောင် လုပ်ပြန်သည်။

ထို့နောက် သူက ကြောက်ပါသည်ဆိုသည့် စစ်မျက်နှာကနေ၍ ရင်ဆိုင် ထိုးစစ်ဆင်ပြန်သည်။ နောက်ဆုံးတွင် _ သူကအမိန့်ပေးခိုင်းစေသည့် နေရာကို

စိတ်မသက်မသာဖြင့်ပင် ဖရီဒါ၏အစွမ်းကို ဝန်ခံရလေတော့သည်။

ကေသီ့အပေါ်တွင် သူသစ္စာပျက်ယွင်းခဲ့သည်ကို ... ပြန်တွေးမိသောအခါ သူ့မျက်လုံးများတွင် မျက်ရည်ပူများ ပြည့်လာကြသည်။ သို့ရာတွင် သူက တမင်သစ္စာပျက်ချင်၍ ဖျက်ရသည်ကား မဟုတ်၊ တစ်ချက်ကလေး အယူတိမ်းပါး လမ်းမှားသို့ . လိုက်ခဲ့မိခြင်းဖြစ်သည်။

ဤကဲ့သို့ လိုက်ခဲ့မိခြင်းအတွက် သူ့မှာ ဒဏ်ခတ်ခြင်းလည်း ခံခဲ့ရပြီ။ ယခုသူ ဤအပြစ် ကျေအောင် ပေးလျော်ရမည်။ မှန်ပါသည်။ ပေးလျော်ဆိုသည့် စကားမှာ အချက်အချာစကား။ သူနှင့်ကေသီ အဆက်အသွယ် မပြတ်ရအောင် ... အစွမ်းကုန် ကြိုးစားရမည်။

ကေသီ့အတွက် သူ့မှာ တာဝန်ရှိလျက်ပင်။ ကေသီမှာ သူ့အစောင့်အရှောက်နှင့် မကင်းသေး။ သူ့မှာ ကေသီမရှိလျှင် မဖြစ်သကဲ့သို့ ကေသီ့မှာလည်း သူမရှိလျှင် မဖြစ်။ အလုံးစုံကိုရှင်းလင်း၍ နောင်တကြီးစွာရကြောင်း စာတစ်စောင်ကို အဆောတလျင် ရေးလိုက်ဖို့လိုအပ်သည်။

ကေသီကို သူမည်သို့ ထောက်ပံ့ထားမည် ဆိုသော အကြမ်းဖျင်း အစီအစဉ်သာမက ဝမ်းနည်းကြေကွဲစရာ အဖြစ်တွေကို ကရုဏာစိတ်ကလေးများဖြင့် ဖြေဖျောက်၍ ရလောက်သောအချိန်တွင် သူ ကေသီနှင့် ပြန်လည်ဆုံတွေ့ရန် ... မျှော်လင့်ကြောင်းကိုပါ ထည့်ရေးရမည်။

ထိုစာထဲတွင် ... သူ့ရင်ကို ဖွင့်ပြလိုက်မည်။ ဤတွင်သူ့အဖို့ မျှော်လင့်ချက် ရောင်ခြည်ကလေး ရေးရေး ပေါ်လာသည်။စိတ်လျှော့ပစ်လိုက်ဖို့ လုံးဝမလို၊ သူ့မှာရှိတဲ့ငွေကြေးနဲ့ တတ်နိုင်တဲ့နည်းတွေ အများကြီးရှိတာပဲ၊ သူ့ကိုယ်သူ . အနောင်အဖွဲ့ကလွတ်အောင် ဖရီဒါနဲ့လဲ အပြေအလည် ကွာရှင်းပစ်လိုက်မယ်၊ ချစ်တဲ့ကေသီကလေးက သူ့အပေါ် ခွင့်လွှတ်တန်ကောင်းပါရဲ့..။

သူ အိပ်ရာထဲမှထ၍ ခလုတ်မီးကို ဖွင့်လိုက်သည်။ ညဝတ်အင်္ကျီကို ကတုန်ကယင်ဝတ်ယင်း သူ၏လက်မှနာရီကို ကြည့်လိုက်သည်။ ၁၂ နာရီထိုးရန် မိနစ် ၂၀ သာ လိုတော့သည်။ သူ တစ်နာရီထက်ပို၍ အိပ်ရသေးမည် မဟုတ်။ လှေကားထိပ်အထိ စမ်း၍သွားယင်း အစကက သူ့အိပ်ခန်း ယခု ဖရီဒါအခန်းထဲမှ မသာယာလှစွာသော ဟောက်သံများကို မှန်မှန်ကြီး ကြားနေရ၍ သူတစ်ချက်မျှ တွန့်သွားသေးသည်။

အောက်ထပ် ကကြည့်ခန်းထဲသို့ရောက်လျှင် ပြတင်းပေါက်နားရှိ စာရေးစားပွဲတွင် ထိုင်ကာ မီးတိုင်ကို ဖွင့်လိုက်ပြီးနောက် အံဆွဲထဲမှ စာရေးစက္ကူကို ထုတ်ယူလိုက်သည်။ ထို့နောက် လက်ထဲ၌ ကလောင်တံကို ကိုင်လျက်

အပြင်ဘက်အမှောင်ထုထဲသို့ ငေးစိုက်ကြည့်နေမိသည်။ "ကိုယ့်အချစ်ဆုံး ကေသီ" လို့ပဲ ရေးရမလား၊ "ချစ်တဲ့ ကေသီ" လို့ပဲ ရေးလိုက်ရမလား၊ ဒါမှမဟုတ် ရိုးရိုးကလေးနဲ့ အဓိပ္ပာယ်ပါပါ "ကေသီရေ" လို့ပဲ ရေးလိုက်ရမလား..

ဤသို့ စိတ်ကူးအာရုံဖြင့်ရှိစဉ်တွင် ညဥ့်အမှောင်ထုကို ထွင်းဖောက်၍လာသော ခပ်ဝေးဝေးမှ အရောင်လက်လက်ကလေးတစ်ခုကို သတိပြုမိသည်။ ထွန်းလင်းတောက်ပသော ရောင်ခြည်ကား မဟုတ်၊ ကန်ရေပြင်တွင် တောမီးပမာ ရောင်ပြန်ဟပ်လျက် တအိအိလှုပ်ကာ တဖျက်ဖျက်လက်နေသော အလင်းရောင်သာ ဖြစ်သည်။ ဘာများပါလိမ့်။ သူ့စိတ်မှာ အလွန်တရာ လှုပ်ရှား ပင်ပန်းလွန်းလျက် ရှိသည်ဖြစ်၍ ဤအရောင် လက်လက်ကလေးကိုပင် စိတ်က မသင်္ကာဖြစ်ကာ ရင်တုန်မိသည်။

သူသည် ဝရန်တာကျယ်ဘက်သို့ ထွက်ကာ အရောင်များလာရာဆီသို့ စူးစမ်းမျှော်ကြည့်မိသည်။ မီးရောင်များမှာ ထူးထူးဆန်းဆန်းပင် နီးလှသဖြင့် သူ့မှာ စိတ်မငြိမ်မသက် ဖြစ်လာသည်။ သို့သော် သူ့တွင် ရုတ်တရက် အသိဉာဏ်တစ်ခုဝင်လာ၍ စိတ်သက်သာရာ ရသွားကာ တစ်ကိုယ်တည်း ... ပြုံးမိသေး၏။ ဤမီးရောင်များသည် တံငါလှေလေးငါးခြောက်စင်း ခုတ်ပြန်ဆီ မီးတုတ်များ ထွန်းညှိ၍ ငါးဖမ်းထွက်ကြရာမှ အရောင်များပင်။ ငါးပတ်များ တက်နေကြဟန် တူပေသည်။

သူ ပြန်လှည့်ဝင်တော့မည်အပြုတွင် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်ပြန်၏။ နေစမ်းပါဦး၊ ဆောင်းရာသီမှာ ငါးပတ် မတက်ပါဘူး...။ ထို့နောက် ဆိပ်ခံတံတားပေါ်တွင် လူတွေစုရုံး ရုံး လုပ်နေကြသည်ကို တအံ့တသြ မြင်ရသည်ဒီအချိန်ကြီးမှာများ ၊ သူခဏမျှ တွေးနေပြီးမှ တစ်စုံတစ်ခုက တိုက်တွန်းနှိုးဆော်လိုက်သကဲ့သို့ အိမ်ထဲသို့ပြေးဝင်ကာ သူ့မှန်ပြောင်းကို ယူလာခဲ့သည်။ ဝန်ရန်တာကျယ်သို့ ပြန်ရောက်လျှင် ရေအိုင်ဆီသို့လှည့်၍ ချိန်ကြည့်လိုက်၏။ မီးရောင်ကလေးများသည် ဆိပ်ခံတံတားပေါ်တွင် စုဝေးနေကြသည်။နောက်တွင် တစ်ခုချင်း ငြိမ်းသွားကြသည်။

သူသည် မှန်ပြောင်းကို ချလိုက်သည်။. သူ့ခေါင်းထဲတွင် ကွဲမတတ် ကိုက်ခဲနေလျက် . ရင်ထဲ၌လည်း.. တုန်နေသည်။ သူ.အိမ်ထဲသို့ဝင်မှဖြစ်မည်။ စာရေးစရာလည်း ရှိသေးသည်။ သို့ရာတွင် သူ့အိမ်ဆီသို့ လာနေကြသော ခြေသံများကို ကြားလိုက်ရ၍ စောင့်ကြည့်နေလိုက်၏။ သူ့အိမ်ကုန်းတက် လူသွားလမ်းကလေးအတိုင်းလူနှစ်ယောက် တက်လာကြသည်။ ဆိပ်ကမ်းအုပ်ကြီးနှင့် ကျေးရွာပုလိပ်ဌာနမှ ဟာဆတ် စိတ်မချမ်းသာစရာ တစ်ခုခုများလေလားဟု သူ့စိတ်ထဲတွင် ထင့်ကနဲ ဖြစ်သွားသည်။

ဆိပ်ကမ်းအုပ်ကြီးက ရှေ့ဆောင်၍ မိုရေးအား နှုတ်ဆက်လိုက်ပြီးနောက် "ကျွန်တော်တို့ အောက်မှာ ဒုက္ခနဲ့ကြုံရလို့ဗျာ၊ မိန်းကလေးတစ်ယောက်... ဟု စပြောလိုက်လျှင် မိုရေးမှာ အသက်ပင် မရှူမိဘဲ "မဟုတ်ဘူး... မဟုတ်ဘူး.." ဟု ဆိုလိုက်မိသည်။

“ဟုတ်တယ်ဆရာကြီးရယ်၊ ကျွန်တော်တို့ အခုပဲ သူ့အလောင်း တွေ့ပါတယ်၊ ညဉ့်ကုတို့ ထွက်သွားပြီးတော့ ရေထဲက ငါးပွက်လိုက်သလို ဗွမ်းကနဲ့ သံကြားလိုက်မိတယ်၊ ကျွန်တော်လဲ ဘယ်လိုမှ မတွေးမိပါဘူး၊ ဒါပေမယ့် ကျွန်တော် ဆိပ်ခံဘက် နောက်ဆုံးတစ်ပတ် လှည့်ကြည့်တော့ လက်ကိုင်အိတ်ကလေးတစ်လုံး. ...ကျနေတာတွေတယ်..ပြီးတော့ ရေထဲမှာလဲ မိန်းမဆောင်း ဦးထုပ်ကလေးတစ်လုံး မျောနေတာ တွေ့ရပြန်တယ်၊ ဒါနဲ့ ကျွန်တော်လဲ ပုလိပ်ကို သွားအကြောင်းကြားတာ ကောင်းတယ်ဆိုပြီး သွားပြောလိုက်တယ်၊ ပြီးတော့ လှေတွေကို ထုတ်ပြီး ပိုက်နဲ့ဆွဲတာ နှစ်နာရီလောက်ကြာတော့ မိန်းကလေးကို တွေ့ရတယ်၊ သေနေရှာပြီပေါ့" ဟု ပြောကာ..အားနာပါးနာ စိတ်မကောင်းစွာဖြင့် ခေတ္တမျှ ဆိုင်းနေလိုက်ပြီးမှ "ဒီကလေးမဟာ ဆရာကြီးရဲ့ မိတ်ဆွေများ ဖြစ်နေမလားလို့ စိုးရိမ်မိလို့၊ ဒီနေ့ညနေ ငါးနာရီ ကုတို့နဲ့ပါလာတဲ့ အင်္ဂလိပ်မကလေးလေ" ဟု ဆက်ပြောလိုက်သည်။

“ဘုရား ဘုရား၊ အို.... မဖြစ်နိုင်တာ" ဟု သူက ငိုတော့မတတ် အော်လိုက်မိ၏။ ပြီးမှ “ဒါပေမယ့် ညနေက မိန်းကလေးတစ်ယောက် လာတာတော့ ဟုတ်တယ်၊ ကေသီအော့ခတ်တဲ့၊ မိတ်ဆွေ တစ်ယောက်ပဲ၊ ကျုပ်နဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေ တစ်ယောက်ရဲ့ သမီး၊ ဒီကနေ ကုတို့အမီ အပြေးပြန်သွားတာ" ဟု ပြောလိုက်၏

"အိုး... ဟုတ်လား” ဟု ဆတ်က ဆိုလိုက်သည်။

“သူ မှောင်ထဲမှာ ပြေးသွားတာကိုး၊ ဒီလိုဆို ဒါဟာ မတော်တဆ ဖြစ်တာပဲ"

မိုရေးလည်း သူတို့နှစ်ယောက်ကို တလှည့်စီကြည့်ယင်း သူ့မှာ အပြစ်လွတ်နေသည်ကို သတိထားလိုက်မိကာ ဤဆိုးရွားသော အဖြစ်မှ အလွန်ရှုန်းရေးအတွက် တစ်ခေါင်းလုံး ရီဝေစွာဖြင့် နည်းလမ်းရှာနေမိသည်။ ထို့နောက် သူက "ဒီလိုပဲ ဖြစ်မှာပါပဲ။ သူက အိမ်ပြန်ယင်း ကြုံလို့ဝင်နှုတ်ဆက်တာ၊ ကျုပ်က ကားနဲ့ပြန်ပို့မယ်လို့ပါပဲ။ ဒါပေမယ့် သူက ကုတို့သင်္ဘောနဲ့ပဲ သွားမယ်ဆိုလို့၊ ခြေချော်ပြီး လဲကျသွားတာ နေမှာပေါ့ အခုတော့.." ဟု ပြောလိုက်ပြီးလျှင် သူ့မျက်နှာကို လက်ဖြင့် အုပ်ထားလိုက်သည်။

ဆိပ်ကမ်းအုပ်ကြီးက "ဆရာကြီးအဖို့ ... စိတ်မကောင်းစရာကြီးပဲဗျာ၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးကို ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမယ့် ဟာဆတ်က

သူ့အစီရင်ခံစာအတွက် အလောင်းကို လိုက်ကြည့်ပြီး ဘယ်သူဘယ်ဝါဆိုတာ ပြောပေးစေချင်ပါသတဲ့" ဟု ပြောသည်။

"ဟုတ်တာပေါ့လေ၊ ဟုတ်ပါတယ်၊ ကဲ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

သူ အိမ်ထဲသို့ပြန်ဝင်၍ ကုတ်အင်္ကျီကိုဝတ် နှင်းတောစီးဖိနပ်တစ်ရံကို စီးခဲ့သည်။ ထို့နောက် လာခေါ်သူများနှင့်အတူ တိတ်ဆိတ်စိုးရွံ့စွာ လိုက်ပါ၍ လာခဲ့လေ၏။

ဆိပ်ခံတံတားပေါ်တွင် လူတစ်စုသည် ခရီးသည်များ. ကုတို့သဘော်ာစောင့်ရာ သစ်သားတဲ၏ အပြင်ဘက်၌ တိတ်ဆိတ်စွာ ရပ်နေကြသည်။ မိုရေးတို့ သုံးယောက်သား မီးတစ်လုံး အပေါ်ကထွန်းလျက် ထင်းရှူးသား. စားပွဲရှည်တစ်ခုပေါ်တွင် တင်ထားသော အလောင်းရှိရာ တဲအတွင်းသို့ ဝင်လာခဲ့ကြသည်။ မိန်းကလေးအား တံငါသည်တစ်ယောက်၏ အပေါ်အင်္ကျီဖြင့် အုပ်ထားသည်ကို ပုလိပ်အရာရှိက ဆွဲခွာလိုက်၏။ ပထမတွင် မိုရေးသည် တည့်တည့် မကြည့်ဝံ့သဖြင့် သူ့ဘက်က စားပွဲစွန်းကိုသာ စိုက်ကြည့်နေမိရာ ခွာပွန်းနေသော ဖိနပ်ညိုကလေး တစ်ဘက်ကိုသာ မြင်ရ၍ စားပွဲစွန်းမှ ရေတစက်စက် လေးလေးမှန်မှန် စီးကျနေသံကိုသာ ကြားရ၏။ တဲတစ်ခုလုံး ရေနံဆီမီးခိုးသောက်ပြီးသား စီးကရက်နံ့တို့ဖြင့် လှိုင်နေ၏။ မိုရေးမျက်နှာလွှဲ၍ ကြည့်လိုက်သည်တွင် ကြမ်းပေါ်၌ ထူထူထဲထဲ ဆေးလိပ်ပြာခွက် ဖြူဖြူကို မြင်ရသည်။ ပြာခွက်သည် စီးကရက်တိုများဖြင့် ပြည့်နေ၏။

ဆိပ်ကမ်းအုပ်ကြီးက သူ့အား အလောင်းကိုကြည့်ရန် ... ပြောနေသည်။ သို့မဟုတ်လျှင် လူတွေက တစ်မျိုးတမည် ထင်ကြလိမ့်မည်ဟုလည်း သတိပေးသည်။ မိုရေးလည်းစိတ်ကို ဖွတ်တင်း၍ ခေါင်းကိုမော့ကာ မျက်နှာကို တည့်တည့်မကြည့်ဝံ့သေးဘဲ ကွက်၍သာ ကြည့်လိုက်သည်။

ပကတိ ငြိမ်သက်လျက်ရှိသော နုနုငယ်ငယ် မိန်းကလေး၏ သဏ္ဌာန်မှာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှသည်။ သူ့ကိုဤမျှ.ငယ်ရွယ်လိမ့်မည်ဟု.အလင်းပင် မထင်ခဲ့မိ။ ငယ်ရွယ် လှပါသေးကလား။ သူ၏ သေးသေးသွယ်သွယ် ခန္ဓာကိုယ်ကလေးပေါ်တွင် အဝတ်စိုများက ကပ်နေသည်။ ခြေအိတ်တစ်ဘက်မှာ လျှောကျလျက် ခြေကျင်းဝတ်ဆီတွင် တွန့်လိပ်၍နေသည်။ အပေါ်က အင်္ကျီတွင် ကြယ်သီးတစ်လုံး ပြုတ်နေသည်။ လက်တစ်ဘက်က လက်ဝါးပြင်ကို ပက်လက်ပြန့်လျက် စားပွဲစွန်းဘက်သို့ ဆန့်တန်းလျက်ရှိသည်။

မကြည့်ပဲ နေ၍လည်း ပြီးမည် မဟုတ်သဖြင့် သူ့စိတ်ကိုသူ ဇွတ်တင်း၍ မျက်နှာကို ကြည့်လိုက်ရသည်။ ကြည့်လိုက်မိပြန်ရာလည်း သူ့မှာ မျက်နှာလွှဲ၍မရ၊

မီးရောင်ဘက်သို့ မေ့နေသော သူ့မျက်နှာကလေးမှာ သွေးမရှိတော့၍ အစိမ်းရောင် သမ်းနေသည်။ ရော်နေသော ဆံပင်များက နဖူးစပ်မှ လန်လျက် လည်ပင်းဖြူဖြူကလေး အပေါ်တွင် အစုလိုက် အထွေးလိုက် ကျလျက်ရှိကြသည်။ အကျည်းတန်လှသော သေလ်တွင် မမှတ်မိနိုင်လောက်အောင်ပင် အသွင်ပြောင်းသွားသည့် သူ့မျက်နှာမှာ ထူးထူးခြားခြားပင် ဘဝင်မချမ်းမြေ့စရာ ပဟေဠိ ဆန်နေသည်။

သိရန်အခက်ဆုံး၊ သူသည်းမခံနိုင်ဆုံးမှာ ဘာအမူအရာမှ မပြဘဲ သူ့အား တည့်တည့်စိုက်၍ ကြည့်နေဟန်ဖြင့် ပွင့်လျက်ရှိသော မျက်လုံးများပင်တည်း။ အတိုင်းမသိ နက်ရှိုင်းသော ဤမျက်လုံးများတွင် သစ္စာတရားက လှစ်ကနဲ ဖွင့်ပြလိုက်သည့်အလား မိုရေးသည် သူ့ဖာတိကို သူ့ကိုယ်သူ မထိန်သာမဝှက်သာ ပကတိအတိုင်း ရုတ်တရက် သိမြင်လိုက်ရလေ၏။

"ဟုတ်တယ် မဟုတ်လား၊ အင်္ဂလိပ်မကလေးပဲ မဟုတ်လား" ဟု ဆိပ်ကမ်းအုပ်ကြီးက ကရုဏာ မကင်းသည့် လေသံဖြင့် ခပ်တိုးတိုးမေးသည်။

မိုရေးက လှည့်ကြည့်လိုက်၏။ နှစ်ပေါင်းများစွာ အလေ့အကျင့် ဖြစ်လာခဲ့သဖြင့် ဣန္ဒြေမပျက်ပင် “အေးဗျာ သိပ်ကို စိတ်မချမ်းသာစရာဘဲ၊ ဖြုန်းစားကြီး ဖြစ်သွားရတာကိုး၊ အင်း... မတော်တဆ ဖြစ်ရတာပဲ. နေမှာပါပဲ၊ ဖိနပ်ကို တွေ့ဘယ်မဟုတ်လား၊ ခွာပွန်းပြီး ရောနေတာကိုး၊ ဆိပ်ခံပေါ်မှာဆိုတော့ စောင်းတွေကလဲ ချောနေတာ၊ သူ ဝေဒနာ သိပ်မခံရပဲ သေသွားတာသာ ဖြစ်ပါစေတော့လို့ အောက်မေ့ရတာပဲ” ဟု ပြောလိုက်သည်။

ဆတ်က ကရုဏာသံဖြင့် "ဟာ မရပါဘူး၊ ရေက ဒါလောက်အေးနေတာ မြန်မြန်သေမှာပါပဲ” ဟု ဝင်ပြောလိုက်၏။ ထို့နောက် သူ၏ မှတ်စုစာအုပ်ကို ထုတ်ယူလိုက်လေသည်။

မိုရေးက “သူ့ကိုယ်ရေး ရာဇဝင်ကို သိချင်မှာပေါ့" ဟု ဆိုကာ တည်ငြိမ်စွာပင် အမည်၊ အသက်၊ လူမျိုး စသည်တို့ကို ပြောပြနေသည်ကို ဆက်က သူ၏ ဆာတိုကလေးဖြင့် လိုက်၍ ရေးမှတ်လေသည်။

အားလုံး ပြီးစီးသောအခါ ဆိပ်ကမ်းအုပ်ကြီးက ကရုဏာသက်သော စိတ်ဖြင့် မိုရေး၏ လက်မောင်းကို ရင်းနှီးစွာ ဆုပ်ကိုင်လျက် "ဆရာကြီး နေကောင်းပုံမရဘူး ကျွန်တော့်အိမ်လိုက်ပြီ ကော်ဖီကလေး တစ်ခွက်လောက် သောက်လိုက်ပါလား” ဟု ပြောသည်။

မိုရေးက ယဉ်ကျေးစွာပင် “ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် မသောက်တော့ပါဘူး" ဟုပြောလိုက်ပြီးမှ ဆတ်တက်သို့လှည့်ကာ "ကျွန်တော့်ကို

မလိုတော့ဘူး..ထင်ပါတယ်”မေးလိုက်သည်။

"အခုတော့ မလိုတော့ပါဘူး၊ ဒါပေမယ့် သေမှုသေခင်း စစ်ရာမှာတော့ လိုပါလိမ့်ဦးမယ်၊ ဒါကလုပ်ရိုးလုပ်စပ် ကိစ္စပါ၊ မြို့တော် မှတ်တမ်းရုံးအတွက် တရားဝင်ဖြစ်ရောင် လိုအပ်လို့ပါ” မိုရေးက တိမ်ဝင်သွားသော အသံဖြင့် “ဩော်ာ ဩော်” ဟု ဆိုလိုက်ပြီးမှ “ဒါထက် သင်္ဂြိုဟ်စရိတ်အားလုံး ကုန်ကျခံဖို့ ကျွန်တော့်ကို ခွင့်ပြုကြရလိမ့်မယ်လို့ ခင်ဗျားတို့နားလည်ကြပါရဲ့ နော်" ဟု ပြောကာ နှစ်ယောက်စလုံးအား လက်ဆွဲ နှုတ်ဆက်၍ ထွက်ခဲ့လေ၏။

သူ ဖြည်းဖြည်း လျှောက်ခဲ့သော်လည်း ကုန်းတက်လမ်းတွင် အသက်ရှူ၍ မရအောင် မွန်းကျပ် မောဟိုက်နေသည်။ လှည့်စားရန်အားထုတ်မှုမှာ အချည်းနှီးဖြစ်သဖြင့် ချွေးပြန်လျက်ရှိသည်။ သူ လုပ်နေကျ တိုင်း လူမြင်သူမြင် အထင်ကြီးအောင် ဟန်လုပ်ပြခဲ့ခြင်းသာဖြစ်မှန်း သူ သိသည်။ ယခု သူ အမှန်ကို သိပြီ။ သူ့ကိုယ်သူ အကြောင်း အမှန်အတိုင်း သိခဲ့ရပြီ။ မကြာမီပင် သူတို့အားလုံး သိကြတော့မည်။ ကြည့်စမ်း အမှန်တရားဟာ အားလုံးပေါ်လာတော့မယ်၊ အားလုံး အားလုံး၊ ဝီလီလာတုန်းက လုပ်ခဲ့တဲ့ညှော်ခံပွဲ၊ ကေသီကို သူ ယူတော့မယ်လို့ ရဲရဲတောက် ကြေငြာခဲ့ပုံ၊ အခုတော့ သူက ဒီမှာပဲ ရှိနေတုန်း၊ ဖရိဒါနဲ့ လက်ထပ်ထားလို့၊ ကေသီကတော့ သေရှာပြီ၊

ဘုရား ဘုရား၊ သူ့ကို လူတွေက ဘယ်လိုထင်ကြမလဲ၊ အတင်းအဖျင်း ပြောကြတော့မယ်၊ အမနာပစကား ဆိုကြမယ်၊ မုန်းတီးကြတော့မယ်၊ သူ ဘယ်ပြေးလို့မှ မလွတ်၊ ဒီတစ်ခါတော့ မလွတ် အသာ လျှိုထွက်သွားပြီးတော့ လွယ်လွယ်ပစ်လို့လဲ မရ၊ သေမှုသေခင်းစစ်တဲ့အထိ နေရဦးမယ်၊အားလုံးပေါ်အောင် နေရဦးမယ်၊ အဲဒီနောက် သူ့ကို ဘယ်တော့မှ အလွတ်ပေးမှာ မဟုတ်ဘဲ သူ့ကို တတိတိနဲ့ ပြားပြားဝပ်သွားအောင် လုပ်မယ့်ဖရီဒါနဲ့ မုန်းတီးရွံရှာရက်ကနဲ့ အတူတူတွဲနေရဦးမယ်၊ ဒါတွေကို သူ ခံမယ့်သာခံရမယ်၊ တကယ်က ကေသီကို သူရဖို့၊ အခုတောင် ကေသီကလေး အသက်ရှင်ပြီး သူ့ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေး အချစ်အခပ်တွေနဲ့ ရှိနေနိုင်ရက်သားနဲ့ သူ့ကိုက မဟုတ်ခဲ့လို့…။

ယူကျုံးမရ တမ်းတပူဆွေးသည့် … သောကလှိုင်း တစ်ချက်အတက်တွင် အံကြိတ်လျက် ဝင်းကားလက်ရန်းကို ဆုပ်ကိုင်ထားလိုက်ရသည်။ ဖြစ်ကြောင်းရယ် ကုန်စင်ကို မမျိုနိုင်မထွေးနိုင်ပဲ အိပ်မက်ဆိုး မြင်မက်နေရသကဲ့သို့ ရှိသည်။ သူ့စေတနာကတော့ ကောင်းခဲ့တာချည်းပင်၊ လုပ်သင့်တာကို လုပ်မဟဲ့လို့ အားထုတ်ခဲ့တာချည်းပင်၊ သူ အစွမ်းကုန် ကြိုးစားခဲ့ပါရဲ့၊ သူ့မှာ ယင်ကောင်တစ်ကောင်ကိုပင် နာကျင်အောင် လုပ်ရက်တဲ့ သဘာဝပါ။ မောင်ခါချဉ်မာန်ကြီးလို့ တောင်ကြီးကိုဖြိုမယ်ကြံ ခါးကမသန်ဆိုသလို ဖြစ်ရတာ၊ သူ့ကို အပြစ်မဆိုသင့်ပြီ၊ သူ တမင် သစ္စာပျက်တာမဟုတ်၊ တစ်ချက်ကလေး

စိတ်ယိမ်းပြီး....အို....တော်ပြီး ဒါကို သူ့ကိုယ်သူ ပြောခဲ့ပြီးပြီ၊ အလကားပဲ... သေသူ့မျက်လုံးတွေကို သူ စိုက်ကြည့်လိုက်မိတုန်း တစ်ခဏက လက်ကနဲပေါ်လာတဲ့ အသိဉာဏ်မှာ သူ့ကိုယ်သူ တပ်ပုံသွင်းထားတဲ့ သူ့ရုပ်လုံးဟာ အစိတ်စိတ် အမြွာမြွာ ကွဲပျက်ခဲ့ပြီ။

ဘာမှ မကျန်တော့၊ ဘာဆို ဘာမှ မရှိတော့၊ ကေသိဳကို သူ ဖျက်ဆီးလိုက်တာဟာ သူ့ကိုယ်သူပါ ဖျက်ဆီးလိုက်တာနဲ့ အတူတူပဲ။

သူ၏ ငြီးငွေ့ဖွယ် အတုအယောင်ဘဝကို .. သူကိုယ်တိုင် ထိုးထွင်း... သိမြင်လိုက်ရသည့် အလင်းရောင်မှာ အံ့ဩစရာ ကောင်းလောက်အောင် ကြည်လင်လှသော မြင်ကွင်းကျယ် ဖြစ်လေသည်...။ ... ဖြစ်ပျက်ခဲ့ရသမျှ အားလုံးဟာ ဘယ်သူမပြု မိမိမှုချည်း၊ သူ့အတွက် သူအကျိုးရှိမယ် ထင်တဲ့လမ်းကို လိုက်ခဲ့တတ်တဲ့ သူ့ဉာဉ်ကြောင့်ချည်း၊ သူ တာဝန်ကိုရော ဒုက္ခကိုရော၊ စိတ်မချမ်းသာစရာကိုပါ တိမ်းရှောင်တတ်တဲ့ နေရာမှာ ပင်ညာဏ်ထက်မြက်တဲ့လူတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် သူဟာ လူကောင်းတစ်ယောက်၊ ချပ်ပရာ့အပြုံးရှင်း ယဉ်ကျေးသိမ်မွေ့ပြီး အနုပညာ မြတ်နိုးတတ်တဲ့ သူတစ်ယောက်လို့ လူတွေက သူ့ကို အဲဒီလို ချီးကျူးစကား ပြောကြတာကို မကြာခဏ ကြားခဲ့ရတယ်.. မဟုတ်လား၊ အခု ဒါတွေ မရှိတော့၊ နာမည်သတင်းကောင်းတို့၊ အခြေအနေကောင်းတို့၊ လွတ်လပ်တာတို့၊ ပျော်ရွှင်စရာတို့၊ မျှော်လင့်ချက်နဲ့ သူ့ကိုယ်သူ ယုံကြည်အားကိုးတာတို့၊ ဒါတွေအားလုံး ဘာမှ မကျန်တော့ဘူး..။

တဖြည်းဖြည်းချင်း သူ၏ ဦးနှောက်ထဲသို့ ထူးထူးဆန်းဆန်းပင် သူ၏ စိတ်နှလုံးကို သက်သာရာ ရစေတော့မတတ် ထောက်ပံ့သော ဆပ်ခြင်တုံတရားတစ်ခု ဝင်ရောက်၍ လာခဲ့သည်။ သူသည် ဦးခေါင်းကို နှစ်ကြိမ်မျှ ညိတ်လိုက်၏။ အင်း... လေးဘက်လေးတန် နံရံနဲ့ အပိတ်ခံလိုက်ရပြီ၊ သူ့အတွက် ထွက်ပေါက်ဆိုသမျှကို အသေပိတ်ခံလိုက်ရပြီကော။

ကုန်းထိပ်သို့ အရောက်တွင် သူသည် မောပန်းနွမ်းလျစွာ ရပ်နားလိုက်သည်။ သို့သော် သူ့မှာ ထူးထူးခြားခြားပင် ခါတိုင်းထက်ပို၍ ဆင်ခြင်တုံတရား ပြည့်ဝနေသည်..။ လှလိုက်တဲ့ ရှုခင်း၊ ချပ်စရာကောင်းလိုက်တဲ့ ညဥ့်..။ လကလေးသည် တိမ်တိုက်များအကြားမှ တရွေ့ရွေ့ ချင်း လွတ်ထွက်၍လာခဲ့ပြီ။ ရေအိုင်ကြီးဆီတွင် မြူလွှာပါးပါး ကွဲလာသည်။ ညဥ့်တွင် ခုတ်မောင်းသည့် စက်လှေတစ်စင်း၏ စက်သံသဲ့သဲ့ကို အဝေးတွင် ကြားနေရသည်။

မိုရေး၏ အတွေးတို့သည်ပျံ့လွင့်လျက် ရှိလေသည်..။ ပြောချင်တာ ပြောကြပါစေ၊ စိတ်ဝင်စားစရာ အပြည့်ရှိတဲ့ ဘဝကို သူနေခဲ့ရပြီး...။

သစ်သီးခြံဆီမှ..ဇီးကွက်တစ်ကောင် မြည်သံကို ကြားလိုက်ရ၏။ မြက်ခင်းကို ဖြတ်ကာ မှောင်ရိပ်ရှိရာသို့ ပြေးဝင်သွားသော ကလေးတစ်ကောင်ကို လှမ်းမြင်လိုက်ရသည်။ သူ့အပင်ကလေးများကို တိုးလှန်တတ်သောကြောင့် ဝီလဟမ်ကြီးက သည်ဖြူကို မြင်လျှင် ဆဲရေးပေလိမ့်မည် ဟု တွေးမိကာ သူတစ်ကိုယ်တည်း ပြုံးမယောင် ဖြစ်သွားမိသည်။ နောက် သူရောက်နေသည့် နေရာကို ရုတ်တရက် သတိပြုလိုက်မိသည်။

"ဆာဆီ ထီလီကွာစကြမ်" ဟု သူ တိုးတိုးဆိုလိုက်၏။

“အင်း ယုဒသစ်ပင်ပဲအရှေ့တိုင်းမှာတော့ အရွက်ကို သုပ်စားကြတယ်"

မှန်ပါသည်။ နွေဦးရာသီ ရောက်ပြီဆိုလျှင် ခရမ်းနုရောင် ခေါင်းလောင်းပုံ ပန်းပွင့်ကလေးတွေ တွဲရရွဲပွင့်သည့် ချစ်စရာ သစ်ပင်၊ သူသည် ရုတ်တရက် သစ်ပင်ကို မော့ကြည့်လိုက်သည်။ ကြိုးရှည်ကြီးများဖြင့် ဆင်ထားသော ဒန်းကလေးသည် လေပြည်ထဲတွင် တအိအိညင်သာစွာ လွဲလျက်ရှိသည်။ ယိမ်းနွဲ့လှုပ်ရှားနေပုံကလေးသည် ... ညို့ဓာတ်ပါနေ၏။

သူသည် ဤဒန်းကလေးကိုပင် မက်မက်မောမော ကြည့်နေမိသည်။ သူ၏ မျက်လုံးများကို လဝန်း၏ မျက်နှာပြင်နှင့်တိုက်လျက် တအိအိယိမ်းနေသော ဒန်းကြိုးများဆီမှ ခွာ၍မရ၊ ဒန်းကြိုးချည်သည့် သံကွင်းများက ချက်မှန်မှန် မြည်နေသည့် အသံက သူ၏ အတွေးရှင်တစ်ခုကို စည်းလိုက်၍ ပေးနေသကဲ့သို့ ရှိသည်။ ဒိဋ္ဌဓမ္မလောကသည် ပျောက်ကွယ်သွားပြီးလျှင် အရိပ်အယောင် လောကသည် သူ၏ မျက်လုံးများတွင် ထင်ထင်လင်းလင်း ပေါ်လာသည်။ သူသည် ထူးထူးခြားခြား စိတ်ဝင်စားစရာ ကောင်းလောက်အောင်ပင် .. အရာရာတိုင်းကို နားလည်ပ ပြုလာသည်။ ဤထူးခြားသော စိတ်တည်ငြိမ်မှုသည် သူ့တစ်သက်တာတွင် တစ်ခါမှ မကြုံဖူးသည့် ထူးကဲဆန်းကြယ်.. အံ့ဖွယ်သရဲ .. အတွေ့အကြုံပေတည်း။

ယခုမူ .. သူသည် သူ့ကိုယ်သူ လျှို့ဝှက်ချက်တစ်ခုခုကို ပြောပြနေသကဲ့သို့ သူ့စိတ်ထဲမှ တည်တည်ငြိမ်ငြိမ် စကားပြောလျက် ရှိလေသည်။ သူ ပြောနေသည်တို့မှာကား...အသစ်ပြုပြင်ရာ ကပ်ကာလ၊ အပြစ်မှကင်းလွတ်၊ နောက်ဆုံး အယူခံရုံးမှ အပြင်အားလုံး ဖြေလွှာ၊ သူ၏ စံပြဘဝ ပြန်လည်ရရှိ...။

သူသည် တစ်ကိုယ်တည်းပြုံးကာ ထိုနေရာတွင် အကြာကြီးရပ်လျက် သူက သက်သေထွက်ရန် အချိန်မကျမီမှာပင် သူ၏လွတ်မြောက်မှု အောင်ပွဲသဘင်အရသာကို ကြိုတင်ခံစားလျက် ရှိလေသည်။

နောက်နေ့ နံနက် ၇ နာရီ ထိုးပြီးစတွင် သခင်မအသစ်က

ညွှန်ကြားသည့်အတိုင်း အာထူရှိသည် ဧည့်သည်သိပ်သည့် အိပ်ခန်းပိုဘက်သို့ သွားကာ တံခါးကို ခေါက်လိုက်ပြီးနောက် မိုရေး၏ နံနက်စာဗန်းကို ကိုင်ကာ ဝင်ခဲ့လေသည်။

သူ အလုပ်ပြုတ်တော့မည်မှာ သေချာသလောက် ဖြစ်နေသဖြင့် အာထူရိမှာ စိတ်မချမ်းသာပေ။ သို့သော် သူ့ဆရာအား မင်္ဂလာနံနက် ဖြစ်ကြောင်း နှုတ်ခွန်းဆက် အသံပေးခဲ့ပြီးမှ နံနက်စာ ဗန်းကို ပြတင်းပေါက် အနီးရှိ ဘဲဥပုံစားပွဲငယ်ပေါ်၌ တင်လိုက်သည်။

ထို့နောက် ပိုးခန်းဆီးများကိုဘေးသို့ဆွဲကာ ပြတင်းတံခါးရွက်များကိုဖွင့်လိုက်သည်။

နံနက်ခင်းသည် ... အေးစက်စိုထိုင်းကာ မြူများ ပိတ်ဆိုင်းလျက် ရှိသဖြင့် ပြတင်းကို ပြန်ပိတ်လိုက်တော့မည် အပြုတွင် ရုတ်တရက် ကိုယ်ကိုဆန့်၍ ရပ်လိုက်မိသည်။ ထို့နောက် မြူများအကြားတွင် မသဲမကွဲ တွေ့မြင်နေရသော အရာကို အားစိုက်၍ ကြည့်နေလိုက်မိသည်။

တဖြည်းဖြည်း လည်ပြန်လှည့်၍ ... ကြည့်လိုက်သည်။ အိပ်ရာထဲတွင် မည်သူမှ..မရှိ။ ပင့်သက်တစ်ချက်ရှိုက်ကာ ချာကနဲ ပြန်လှည့်ကြည့်လိုက်ပြီးလျှင် စိတ်ချောက်များစွာ နောက်သို့ ခြေတစ်လှမ်း အဆုတ်တွင် ဝင်တိုက်မိရာမှ လက်ဖက်ရည်ဗန်းလည်း ကျကွဲလေ၏။

ရေအိုင်ဘက်ဆီမှ လေပြည်တစ်ချက် အရွေ့လိုက်တွင် ပိတ်ဆိုင်းသော မြူများ လွင့်ပါသွားကြကာ ပါး၍ကျဲ၍ သွားကြသည်။ ဤတွင်မှ သူသည် သစ်ပင်မှ တွဲလဲဆွဲလျက် ကျနေသည့်အရာကို သဲကွဲစွာ မြင်လိုက်ရလေသည်.....။

ပြီးပါပြီ။

ထင်လင်း။

https://t.me/TheBookR